www.burmeseclassic.com

the bookhouse



BURMESE CLASSIC .com

# ဝီလျံနဲ့ဟယ်ရီ

ရွှေကူမေနှင်း

BEHIND THE PALACE WALLS
BY KATIE NICHOLL


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

[illegible]
[illegible]
[illegible]
Club 18
မျက်နှာဖုံးဒီဇိုင်း
Club 18
အတွင်းစာမျက်နှာစုဖွဲ့မှုဒီဇိုင်း
Club 18


စာမူခွင့်ပြုအမှတ်
၁၁၁ ၂၁၉၀ ၉၁၁
မျက်နှာဖုံးခွင့်ပြုချက်
၁၁၁ ၁၉၂၁ ၀၁၁
ထုတ်ဝေသူ
ဒေါ် သင်းသင်းမွန်
သင်းစာပေ
အမှတ် ၁၁၊ ရတနာမြိုင်လမ်း
[illegible]၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့၊
ပုံနှိပ်သူ
ဦးအောင်အောင်ကျော်
(မြဲ ၀၇၀၅၃)
ရွယ်တော်ပုံနှိပ်တိုက်၊
အမှတ် ၁၄၇၊ ၅၁-လမ်း။
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၁၊ နိုဝင်ဘာလ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၄၀၀၀ ကျပ်
ဖြန့်ချိရေး
The bookhouse
၀၉ ၅၀၀ ၈၇၂၇
၀၉ ၅၀၁ ၀၈၅၁



ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)
၈၂၃-၁
ရွှေကူမေနှင်း
ဒီလျှံနဲ့ဟယ်ရီ / ရွှေကူမေနှင်း၊ ၊ ရန်ကုန်။
သင်းစာပေ၊ ၂၀၁၁
၁၁၀စာ ၁၇·၇၈ စင်တီ × ၁၇·၇၈ စင်တီ
(၁) ဒီလျှံနဲ့ဟယ်ရီ

www.burmeseclassic.com

www.burmeseclassic.com




the bookhouse
we bring your future

စုစည်းမှု


| | | |
|---|---|---|
| | မှုရင်းစာရေးသူ၏အမှာ | ၁ |
| **အခန်း ၁** | အမွေခံနှင့်အရံ | ၄ |
| **အခန်း ၂** | ငယ်စဉ်ဘဝ | ၁၅ |
| **အခန်း ၃** | ကျောင်းသွားရပြီ | ၂၆ |
| **အခန်း ၄** | အီတင်ကောလိပ် | ၃၇ |
| **အခန်း ၅** | နှုတ်ဆက်ခဲ့ပါတယ်..မာမီ | ၄၈ |
| **အခန်း ၆** | ခြံစည်းရိုးမှထွက်၊ အိတ်ချိကလပ်မှာပျော် | ၆၁ |
| **အခန်း ၇** | တစ်နှစ်နားရစဉ်နှင့် ဘုရင်မလုပ်ချင်သူ | ၇၄ |
| **အခန်း ၈** | ဟယ်ရီ..ကျောင်းထွက်ပြီ | ၈၅ |
| **အခန်း ၉** | စိန့်အင်ဒရူးတက္ကသိုလ်မှာ | ၉၈ |
| **အခန်း ၁၀** | ကိတ်မစ်ဒဲလ်တန်..စောင့်နေတဲ့မင်းသမီး | ၁၁၀ |
| **အခန်း ၁၁** | ဆင်းဟတ်စ်သို့ ဝင်ရောက်ခြင်း | ၁၂၆ |
| **အခန်း ၁၂** | ဝီလျံ၏ယိမ်းယိုင်မှု | ၁၃၇ |
| **အခန်း ၁၃** | ဆောင်ကျဉ်သူများ | ၁၄၈ |
| **အခန်း ၁၄** | မာမီကိုတမ်းတခြင်း | ၁၅၇ |
| **အခန်း ၁၅** | စစ်ထွက်ပြီ | ၁၆၈ |
| **အခန်း ၁၆** | ညီအစ်ကိုချင်း..တွဲဖက်မိပြီ | ၁၈၆ |
| **အခန်း ၁၇** | အနာဂတ်၏မင်းသားများ | ၂၀၁ |
| **အခန်း ၁၈** | နောက်ကွယ်မှ..ဘုရင် | ၂၁၅ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတော်ဝင်နန်းလျာ (ဒုတိယလိုင်း) ဖြစ်တဲ့ မင်းသားဝီလျံရဲ့ ၂၁ နှစ်မြောက်မွေးနေ့မှာ ဝီလျံက အခုလို မှတ်ချက် ချခဲ့ဖူးပါတယ်။

"ခေတ်သစ်ဖြစ်အောင် လုပ်တယ်ဆိုတာ၊ ဧကရာဇ်စနစ် မှာတော့ အတော်လေးခက်ခဲတဲ့ စကားရပ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီဧကရာဇ်စနစ်က နှစ်ပေါင်း ရာပေါင်းများစွာ ကြာခဲ့ပြီဖြစ်လို့ပါပဲ။ ဒါပေမဲ့ ပြည်သူလူထုအနေနဲ့ ဧကရာဇ်စနစ်ကို ဆက်လက်သယ် ဆောင်ချင်စိတ်၊ ဖြစ်အောင်လုပ်ဖို့ အရေးကြီးတယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်တို့ အားလုံးဟာ လူသားတွေပါ။ ဒီတော့ မလွဲသာမရှောင်သာ အမှားများ လုပ်မိတတ်ကြပါတယ်။ နောက်ဆုံး မှာတော့ မိသားစုအပေါ် ကြီးမားတဲ့ ချစ်ခြင်းမေတ္တာနဲ့ သစ္စာရှိမှုတွေ ရှိကြတာပါပဲ။

ဒါကို ကျွန်တော် ငယ်ငယ်ကတည်းက ယုံကြည်ကိုးစား ခဲ့ပါတယ်။ ဒါဟာ ကောင်းမွန်တဲ့ နည်းလမ်းတစ်ခုလို့လည်း ယူဆ ပါတယ်"

## မူရင်းစာရေးသူ၏ အမှာစာ

အခုဆိုရင် ၁၀ နှစ်ကျော်ခဲ့ပါပြီ။

ဝီလျံနဲ့ ဟယ်ရီလေး ၁၅နှစ်နဲ့ ၁၂နှစ်အရွယ်က ဝမ်းနည်း ကြေကွဲစွာ သူတို့မိခင်ရဲ့ ရုပ်အလောင်းအနားမှာ လျှောက်လှမ်း

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ပို့ဆောင်ခဲ့ကြရပါတယ်။ ဟယ်ရီကိုယ်တိုင်ရေးထားတဲ့ "မာမီ" ဆိုတဲ့ စာလုံးလေးပါတဲ့ အဖြူရောင် စာအိတ်ကလေးဟာ အခုထိ အမှတ်ရဖွယ် အကောင်းဆုံးပုံရိပ်ပါ။

အဲဒီနေ့ဟာ ဝီလျံနဲ့ဟယ်ရီဆိုတဲ့ ကလေးနှစ်ယောက်ရဲ့ ပထမဦးဆုံး တရားဝင် တာဝန်ထမ်းဆောင်ရခြင်းလည်း ဖြစ်ပါတယ်။ မိခင်ဒိုင်ယာနာရဲ့ ဈာပနကို လူမမည်သားလေးတွေ ကြေကွဲစွာ ပို့ဆောင်ခဲ့ကြရတာပါ။ အဲဒီနေ့က ခံစားခဲ့ကြရတဲ့ ကြေကွဲမှုတွေ ဘယ်လောက်ပဲ ကြီးမားပေမယ့် ခုအချိန်မှာတော့ သူတို့ဟာ ကလေးလေးတွေ မဟုတ်ကြတော့ပါဘူး။ ဒီနေ့... သူတို့လူငယ်တွေ ဖြစ်လာကြပါပြီ။ သူတို့ဟာ စစ်သားတွေ ဖြစ်လာကြပါပြီ။ ကိုယ့်ဘဝကို ကိုယ်ပိုင်ထူထောင်ဖို့ အားသွန်နေကြပါပြီ။

သူတို့ဟာ ဒီကနေ့ ကြီးမြတ်တဲ့ဘဝကို ရောက်ရှိနေကြပါပြီ။ ဒီလို ထူးခြား ကြီးမြတ်ရခြင်းကို သူတို့နှစ်သက်လှတယ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ အကြီးပေးပုဂ္ဂိုလ်တွေ အနေနဲ့ကတော့၊ ပြည်သူလူထုရဲ့ သူတို့အပေါ် အမြင်ဟာ အရေးကြီးတယ်ဆိုတာ သိကြပါတယ်။ လွန်ခဲ့တဲ့နှစ်ကစပြီး သူတို့အပေါ် ပြည်သူလူထုရဲ့ သဘောထားပုံရိပ်ကို ပြန်လည်ဖန်တီးဖို့အတွက် ဗြိတိသျှနန်းတော်ရဲ့ နံရံများနောက်မှာ ရင့်ကျက်နားလည်စွာ ကြိုးပမ်းခဲ့ကြပြီး ဖြစ်ပါတယ်။ ညကလပ်တွေမှာ လက်လွတ်စပယ် ပျော်ပါးနေတာမျိုးကို လုံးဝ သည်းခံတော့မှာ မဟုတ်ပါဘူး။ ဟယ်ရီလေးဆိုရင် 'ဆင်းဟာတ်စ်' ကျောင်းက ထွက်လာကတည်းက စစ်ထဲဝင်ပြီး ဘုရင်မကြီးနဲ့ နိုင်ငံတော်အတွက် ရှေ့တန်း စစ်မျက်နှာမှာ တိုက်ပွဲဝင်နေခဲ့ပါတယ်။ ဝီလျံကတော့ လေယာဉ်မောင်းသမား ဖြစ်ချင်တဲ့ အာသာဆန္ဒ ပြင်းပြသူပါ။ ရှာဖွေကယ်ဆယ်ရေး လေယာဉ်မောင်းရတဲ့အလုပ် လုပ်မယ်လို့ ဆုံးဖြတ်ထားပါတယ်။

ဒီနေ့ဆိုရင် သူတို့ကို ပြည်သူလူထုကလည်း 'တော်ဝင်ညီနောင်'အဖြစ် အရင်ကထက် ပိုပြီး အာရုံစိုက်လာကြပါတယ်။ သူတို့ဓာတ်ပုံတွေကို ကြွေရောင်စက္ကူနဲ့ ကြွရွလှပတဲ့ မဂ္ဂဇင်းအဖုံးတွေမှာ မြင်နေကြရတယ်။ တွေ့ဆုံခန်း (အင်တာဗျူး) တွေ ဖြေကြတယ်။ ရုပ်ရှင်ထဲမှာ၊ ရုပ်မြင်သံကြားမှာ၊ ဂီတလောကမှာ စသဖြင့် နေရာအတော်များများမှာ သူတို့ပြောဆိုကြပုံကို မြင်နေရပါတယ်။ သူတို့ဟာ သူတို့ရဲ့ ကိုယ်ပိုင်တံဆိပ်ကိုသုံးပြီး ကရုဏာလုပ်ငန်းတွေကို တိုးတက်အောင် လုပ်နေကြတယ်။ သူတို့မှာ ကိုယ်ပိုင်ရုံးခန်း ရှိတယ်။ ကူညီတဲ့အဖွဲ့တွေ ရှိတယ်။ ကိုယ်ပိုင်အစီအစဉ်တွေ ရှိတယ်။ သူတို့ဟာ ကမ္ဘာတစ်ဝန်းမှာ ဟောလီးဝုဒ်က ပထမတန်းစား ရုပ်ရှင်တွေနဲ့တန်းတူ စိတ်ဝင်စားခံနေကြရပါပြီ။

အခုအချိန်မှာ ဝီလျံနဲ့ ဟယ်ရီတို့အနေနဲ့ သူတို့ရဲ့ တာဝန်တွေကို ထမ်းဆောင်ကြရတော့မှာ ဖြစ်ပါတယ်။ သူတို့ဟာ သူတို့ရဲ့ တရားဝင် တာဝန်တစ်ရပ်အနေနဲ့ ပင်လယ်ရပ်ခြား ခရီးအဖြစ် အာဖရိကမှာရှိတဲ့ သူတို့ရဲ့ ကရုဏာလုပ်ငန်းများ အောင်မြင်မှုကို ပထမဆုံး မျက်ဝါးထင်ထင် သွားရောက် ကြည့်ရှုကြရပါတော့မယ်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



အဲဒါအပြင် **သူတို့ရဲ့ ကိုယ်ပိုင်လမ်းကို ကိုယ်တိုင်တီထွင်ဖို့ ကြိုးပမ်းရာမှာ တော်ဝင်စည်းမျဉ်းတွေရဲ့ နယ်နိမိတ်ကို တွန်းဖယ်နေကြပါတယ်။ ဒါဟာ သူတို့မိခင် အထင်ကရ လုပ်ခဲ့တဲ့အလုပ်ပါပဲ။** သူတို့ဟာ ဗြိတိသျှဂေဟာစနစ်ကို အနာဂတ်မှာ ပြန်လည်ပုံဖော်ဖို့အတွက် ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်း ကြိုးစားနေကြတာပါ။

တစ်ချိန်မှာ House of Windsor ဆိုတဲ့ ဗြိတိသျှတော်ဝင် နန်းပလ္လင်ဟာ သူတို့အတွက် ဆိုတာကတော့ သေချာပါတယ်။ **လက်ရှိဘုရင်မကြီး အဲလစ်ဇဘက် လွန်တဲ့အခါ ဘုရင်နဲ့ဘုရင်မအဖြစ် ချားလ်စ်နဲ့ကမီလာကို နန်းတင်ကြရမှာ ဖြစ်ပေမယ့် ၂၁ ရာစုမှာ တကယ့်ကို တော်ဝင်မိသားစုရဲ့ စံချိန်မီဆက်ခံသူကတော့ ပဉ္စမမြောက် ဝီလျံဘုရင်ပဲ ဖြစ်မယ်လို့ အများက ယူဆနေကြပါတယ်။ (King William V)**

ဒါပေမဲ့... လောလောဆယ်တော့ ရှေးရိုးအစဉ်အလာနဲ့ ဂေဟာစနစ်ရဲ့ အကန့်အသတ်တွေက ဆက်လက်ဆုပ်ကိုင်နေကြဆဲပါ။ ချားလ်လိုပဲ ဝီလျံနဲ့ဟယ်ရီတို့ဟာ သူတို့ဘဝကို အစစ ပုံသွင်းပြီးသား အနေအထားကနေ ရုန်းထွက်ဖို့ ကြိုးစားနေကြပါတယ်။ သူတို့ရဲ့ တော်ဝင်ခေါင်းစဉ်က သူတို့အတွက် အင်မတန်ကောင်းမွန်တဲ့ ပြိုင်ဘက်ကင်း အခွင့်ထူးတွေကို ရယူပေးပေမဲ့၊ သူတို့ဟာ သာမန်လူဖြစ်ဖို့ကို အာသာဆန္ဒ ပြင်းပြကြတယ်။ ဒါကြောင့်ပါပဲ။ ဝီလျံဟာ သူရဲ့ မော်တော်ဆိုင်ကယ်နဲ့ လန်ဒန်မြို့ လမ်းမကြီးတွေမှာ တဘုံးဘုံး စီးခဲ့တယ်။ ဟယ်ရီဆိုရင်လည်း သူဟာ 'မင်းသား' မဟုတ်ရင် ကောင်းမှာပဲလို့ ဝန်ခံပြောကြားခဲ့ဖူးပါတယ်။

ဟုတ်ပါပြီ။ အခုနေ သူတို့နှစ်ယောက်စလုံးဟာ ထင်ရှားနေကြပါပြီ။

ဒီလိုဆိုရင် နောက်ဆုံးမှာ တော်ဝင်ဘုရင် ဘယ်သူဖြစ်လာမှာလဲဆိုတဲ့ ကိစ္စကိုတော့ ဘယ်သူမှ အမှန်သိနိုင်သေးပါဘူး။ သူတို့နဲ့ တွဲဖက်ရမယ့် သူကတော့... ဘယ်သူလဲ၊ သူတို့ကို ဘယ်ခွန်အားက ပံ့ပိုးပေးမှာလဲ၊ သူတို့ရဲ့ အရည်အသွေးကို ဘယ်မျှော်လင့်ချက်တွေ၊ ဘယ်မကျေနပ်ချက်တွေက ဖော်ကျူးပေးမှာလဲ ဆိုတာကိုလည်း သိနိုင်သေးပါဘူး။ ဝီလျံက နန်းမွေခံသူ၊ ဟယ်ရီက အရန်... ဆိုတာနဲ့ မပြီးသေးပါဘူး။ သူတို့နှစ်ဦးက ဒီထက် သေးနက်ပါတယ်။ သူတို့ကိုယ်သူတို့ 'ဝေလနွယ်ဖွားများ' လို့ ခံယူထားကြပါတယ်။

အခု ဒီစာအုပ်ရေးသူဟာ ရှစ်နှစ်လုံးလုံး ဒီကလေးတွေရဲ့ စရိုက်သဘာဝ၊ သူတို့ တဖြည်းဖြည်း ပြောင်းလဲလာမှုတွေကို ဂရုစိုက်ပြီး လေ့လာခဲ့တာပါ။ ဆယ်ကျော်သက်အရွယ်ကစပြီး တာဝန်ရှိ လူငယ်များဘဝ ရောက်လာတဲ့အထိ အကဲခတ်ခဲ့တာပါ။ သူတို့ဟာ ကြင်နာတတ်သူများ ဖြစ်တယ်၊ ကရုဏာလုပ်ငန်းတွေကို လုပ်ချင်ကြတယ် ဆိုတာ တွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ လူများစုကတော့ သူတို့ရဲ့ လျှပ်တပြက်ဓာတ်ပုံတွေ၊ ဟန်လုပ်ထားတဲ့ သွင်ပြင်တွေကိုပဲ မြင်ကြရသေးတာပါ၊ အဲဒီအပြင်ကို အခု ဒီစာအုပ်နဲ့ ပြောင်းလဲပစ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



စိန့်မေရီ ဆေးရုံပေါ်မှာ... ။

ဒိုင်ယာနာမင်းသမီးဟာ သူ့ဆေးရုံအခန်းထဲကနေ၊ ပန်းဇာပွင့်လေးတွေ အပွင့်ဖော်ထားတဲ့ ခန်းဆီး လိုက်ကာကြားက အပြင်ကို ချောင်းကြည့်နေတယ်။ အပြင်မှာ မိုးဖွဲလေးတွေက တဖွဲဖွဲရွာနေလေရဲ့။ မိုးပွင့်လေးတွေက ပြတင်းပေါက်မှန်ကို တို့ဆိတ်ကလူကျီစယ်နေကြတယ်။

ဆေးရုံအဆောက်အအုံကြီးရဲ့ အောက်လမ်းမပေါ်မှာတော့ လူတွေ လမ်းတစ်လျှောက်အပြည့် တရွေ့ရွေ့ တိုးဝှေ့လာနေကြတယ်။ မိုးရေထဲမှာမို့ ထီးတွေဖွင့်တဲ့လူ ဖွင့်လို့။ စက္ကူပါးနဲ့ထုပ်ထားတဲ့ ပန်းစည်းတွေကလည်း ပန်းပင်လယ်ကြီးလို ဖြစ်လို့။ ဗြိတိသျှအလံတော် ယူနီယံဂျက်အလံတွေကလည်း တလူလူလွင့်လို့။ ကွန်ဂရက်ကျူလေးရှင်းဆိုတဲ့ စာတန်းရေးထိုးထားတဲ့ ပိတ်စအလံတွေကလည်း မနည်းမနော။ အဲဒီ လူပင်လယ်၊ ပန်းပင်လယ်၊ အလံပင်လယ်ကြီးထဲမှာ သတင်းသမားတွေကိုလည်း မြင်နေရတယ်။ တချို့က လှေကားထောင်ပြီး တက်ရောက် နေရာယူထားတာပါ။ သူတို့ရဲ့ ကင်မရာကြီးတွေက ဆေးရုံအဝင်ပေါက်ဘက် အသင့်ချိန်ထားကြတယ်။ ဆေးရုံဝရန်တာမှာ ဖျတ်ခနဲပေါ်လာတော့

*ဒီကနေ့မှာ မင်းသားလေးဟာ တစ်ရက်သားအရွယ်ပဲ ရှိသေးတယ်။ နံနက်ပိုင်းကဆိုရင် ခရမ်းရောင်ကုတ်အင်္ကျီနဲ့ ပျော်ရွှင်ကြည်နူးနေတဲ့ ဘုရင်မကြီး အဲလစ်ဇဘက် ကြွရောက်ကြည့်ရှုခဲ့ပြီးပြီ။ ဒီချွေးမနဲ့ယောက္ခမက တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းမဆုံကြတာ ကြာမှပဲ..*

## အခန်း-၁
## အမွေခံနှင့်အရန်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



မယ့် မင်းသားကလေးကို စောင့်နေကြတာပါ။ အေးချမ်းစွာ အိပ်ပျော်နေမယ့် အနီးထုပ်ထဲက တော်ဝင်မင်းသားလေးကို စောင့်စားနေကြတာပါ။

အခုအချိန်မှာ ဂရိတ်ဗြိတိန်နဲ့ မြောက်အိုင်ယာလန်ရဲ့ အနာဂတ်ဘုရင်ဟာ အနီးစောင်လေးနဲ့ ထုပ်နှောင်ပတ်ထွေး ထားဆဲပဲ ဖြစ်ပေမယ့်၊ သူ့အတွက် အချိန်ပြည့် သက်တော်စောင့်တွေကိုတော့ ခန့်ထားခဲ့ပြီးပါပြီ။ စကော့တလန်ယဒ်က တော်ဝင်သံတမန် ကာကွယ်ရေးတပ်ဖွဲ့ဝင်များဟာ ပရိက်ဗိတ်ဆေးရုံရဲ့ အခန်းရှေ့မှာ မတ်တတ်ရပ် နေရာယူထားကြပါပြီ။

ဒိုင်ယာနာက သူ့သားလေးကို 'သာမန်' ဖြစ်စေချင်ပေမယ့် ကလေးကတော့ နန်းတွင်းမှာပဲ ကြီးပြင်းရမှာပါ။ ဒီတနေ့မှာ မင်းသားလေးဟာ တစ်ရက်သားအရွယ်ပဲ ရှိသေးတယ်။ သူ့အနာဂတ်ကိုတော့ နှစ်ပေါင်းထောင်နဲ့ချီပြီး ကြာရှည်ခဲ့တဲ့ တော်ဝင်သမိုင်းက ကြိုတင် ပုံစံချမှတ်ထားပြီး ဖြစ်ပါတယ်။

အပြင်မှာ မျှော်လင့်စောင့်စားမှုတွေ တိုးလာပြီ။ ပရိသတ်က တစ်အားကို စိတ်လှုပ်ရှားနေကြပြီ။ နံနက်ပိုင်းကဆိုရင် ရွှေမီးရောင်ကုတ်အင်္ကျီနဲ့ ပျော်ရွှင်ကြည်နူးနေတဲ့ ဘုရင်မကြီး အဲလစ်ဇဘက် ကြွရောက်ကြည့်ရှုခဲ့ပြီးပြီ။ ဒီချွေးမနဲ့ ယောက္ခမက တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းမဆုံကြတာ ကြာမှပဲ။ ဒီနေ့တော့ ဒိုင်ယာနာက တော်ဝင်မိသားစု အတွက် ကျန်းမာတဲ့နန်းလျာလေးကို မွေးဖွားပေးခဲ့တဲ့အတွက် ဘုရင်မကြီးလည်း လာကြည့်ရတော့တာပါ။ ထုံးတမ်း စဉ်လာအရ ဘက်ကင်ဟမ် နန်းတော်အဝင်ဝမှာ နို့တစ်စာတောင် ကပ်ထားခဲ့ပြီးပါပြီ။ ပျော်ရွှင်ဖွယ်သတင်း၊ သားရတနာ လေးများဖြစ်ကြောင်း။

ဒီနေရာမှာ ဝေလမင်းသားနဲ့ မင်းသမီးတို့ ဒီသားလေးကို နာမည်ပေးရမယ့် အလုပ်ရှိနေတယ်။ ချားလ်စ်က သူ့သားလေးကို 'အာသာ' လို့ မှည့်ချင်တယ်။ ဒိုင်ယာနာကတော့ 'ဝီလျံ' ဆိုတာကို ပိုပြီးသဘောကျတယ်။ ဒီသားလေး ကိုမွေးမြင်ဖို့ ဝေဒနာကို ဒိုင်ယာနာ အကြာကြီး ခံစားခဲ့ရတာပါ။ မွေးဖွားပြီးခါစမှာ အိမ်ပြန်ဖို့ စိတ်မပါဖြစ်နေတယ်။ ပြန်ရောက်ပြီးတဲ့အခါ စံအိမ်ဖြစ်တဲ့ 'ကင်စင်တန် နန်းတော်' ကို ပြန်ရမှာကိုး။ ဟိုစံအိမ်ကလည်း မင်းသားနဲ့မင်းသမီးကို စောင့်မျှော်နေတဲ့လူထုက အပြည့်ပဲ။ ဝမ်းသာကြောင်း ဂုဏ်ပြုချင်လို့ စောင့်နေတဲ့ပရိသတ်က အပြည့်။ ဒိုင်ယာနာက ၁၉၈၂ ခုနှစ်၊ နွေရာသီ၊ ဇွန်လ ၂၁ ရက်၊ တနင်္လာနေ့မှာ မင်းသားလေး **'ဝီလျံအာသာဖိလစ်လူးဝစ္စ ဝေလမင်းသား'** ကို စိန့်မေရီဆေးရုံမှာ မွေးဖွားပေးနိုင်ခဲ့လို့ သမိုင်းတင်ခဲ့ပါပြီ။ အမှန်က ရှေးရိုးအစဉ်အလာအရဆိုရင် သူ့အဖေ ချားလ်စ်ကို ဘက်ကင်ဟမ် နန်းတော်ထဲမှာပဲ ဖွားသန့်စင်ခဲ့တာပါ။ ဒိုင်ယာနာကတော့ မတူတာတွေ လုပ်ချင်တယ်။ ဒါကို နန်းတော် ကလည်း မကြာခင်မှာ နားလည်ခဲ့တယ်။ ဒီကလေး ကိုယ်ဝန်ဆောင်ခါစမှာ မအီမသာ ဖြစ်ရတာဟာ အတော်ခံစားခဲ့ရတယ်။ ဒါကို သတင်းဆောင်းပါးတွေကလည်း အထူးတလည် ဖော်ပြခဲ့ကြတယ်။ မွေးဖွားခါနီးကျတော့ နန်းတော်ထဲမှာ မမွေးလို ဘူး ခေတ်မီဆေးရုံမှာ မွေးမယ်လို့ ဒိုင်ယာနာက ဆုံးဖြတ်ခဲ့တာပါ။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



တနင်္လာ နံနက်စောစော ဒိုင်ယာနာ ပထမအကြိမ် ဝေဒနာ စတင်လာတာနဲ့ ချားလ်စ်နဲ့အတူ ဆေးရုံကိုရောက်ခဲ့ကြတယ်၊ ဝေဒနာ ခံစားရတဲ့အချိန် ၁၆ နာရီကြာတယ်။ တောက်လျှောက် အနားမှာ ချားလ်စ် ရှိနေခဲ့ပါတယ်။ သူ့ဇနီးကို အားပေးစကားတွေ ပြောတယ်၊ ပါးစပ်ထဲကို ရေတိုက်ပေးတယ်၊ ပက်လက်ကုလားထိုင်ပေါ်မှာ ခဏလေးမှေးခနဲ ပျော်သွားချိန်ကလွဲပြီး မျက်ခြည်မပြတ်ခဲ့ပါဘူး။ ကလေး မွေးဖွားလာတဲ့အခါမှာလည်း ဒိုင်ယာနာ့ဘေးမှာ ချားလ်စ် ရှိနေခဲ့ပါတယ်။

ကလေးကို ည ၉-နာရီ၊ ၃-မိနစ်မှာ ဖွားတာပါ။ မျက်လုံးပြာပြာ ဆံပင်က အရောင်ဖျော့ဖျော့ အခွေအကောက်လေးတွေနဲ့။ အလေးချိန် ၇-ပေါင်၊ ၁-အောင်စခွဲရှိတဲ့ ကလေး ထွားထွားလေးပါပဲ။ မွေးပြီးလို့ ဒိုင်ယာနာ အိပ်ပျော်သွားတဲ့အခိုက်မှာ အပြင်က ပရိသတ်ကို ချားလ်စ်က ထွက်ပြီးနှုတ်ဆက်ပါတယ်။

"ကလေးလေးက လှပါတယ်။ အမေရော၊ ကလေးပါ နေကောင်းပါတယ်"

ချားလ်စ်က အဲဒီလိုအော်ပြီး ပြောတဲ့အခါ ပရိသတ်က-

"ကျွန်တော်တို့ ဂုဏ်ယူပါတယ်" လို့ ပြန်အော်ကြတယ်။

"အရှင့်သားနဲ့ တူပါသလား"လို့ တော်ဝင်သတင်းထောက်တစ်ဦးက စပ်စုတဲ့အခါ ချားလ်စ်က နွေးနွေးထွေးထွေးကြီး ပြုံးနေရာက "ဟင့်အင်း...သူကံကောင်းတယ်၊ ကျွန်တော်နဲ့မတူဘူး"လို့ နောက်ပြောင်သေးတယ်။ ချားလ်စ်ဟာ အပြုံးကို မရပ်သိမ်းနိုင်ဘူး။ တစ်ချိန်လုံး တပြုံးပြုံးနဲ့ ကျေနပ်နေခဲ့ပါတယ်။

အဲဒီလို ပရိသတ်နဲ့ နှုတ်ဆက်စကားပြောစဉ် ရဲအစောင့်အရှောက်တွေ ကာရံထားတဲ့ကြားက မိန်းမတစ်ယောက်ဟာ အတင်းတိုးဝင်လာပြီး ချားလ်စ်ဟာ ရှက်လွန်းလို့ မျက်နှာကြီး နီရဲသွားတယ်။ စိတ်လည်း တိုသွားတယ်။ ဒါပေမဲ့ ယဉ်ကျေးသူပီသစွာ "You're very kind" လို့ ဗလုံးဗထွေးပြောပြီး အိမ်ပြန် ညအိပ်နားဖို့ နှုတ်ဆက်ထွက်ခွာသွားပါတော့တယ်။

နောက်နေ့မှာ နံနက်အစောကြီး ပထမဆုံး ဆေးရုံရောက်လာတဲ့လူက ချားလ်စ်ပါပဲ။ ခဏကြာတော့ ဒိုင်ယာနာရဲ့ အစ်မဖြစ်သူ လေဒီဂျိန်းဖဲလိုးစ်နဲ့ မိခင်ဖြစ်သူ ဖရန့်စစ်ရှန်ကီတို့ ရောက်လာကြတယ်။ သူတို့က စကော့တလန်ကနေ မြေးအသစ်ကလေးကို ကြည့်ဖို့ လာကြတာပါ။ ဒီအချိန်မှာ ကမ္ဘာ့ခေါင်းဆောင်ကြီးတွေဆီက ဂုဏ်ပြုကြေးနန်းတွေ ပို့ကြတယ်။ မြေရှင်ကြီးတွေက ယမကာဆိုင်မှာ ဂုဏ်ပြုယမကာ တိုက်ကြတယ်။ ဘောလုံးဝါသနာအိုးတွေတောင်မှ ကမ္ဘာ့ဖလားပွဲကို ခဏဘေးချိတ်ပြီး ကလေးသတင်းကို ဂုဏ်ပြုကြတယ်။ အဲဒီကာလ ဇွန် ၁၄ ရက်မှာ အင်္ဂလန်ပိုင် ဖောက်ကလင်ကျွန်းကို ကျူးကျော်ခဲ့တဲ့ အာဂျင်တီးနားက လက်နက်ချခဲ့တဲ့အတွက် ဗြိတိသျှတို့ ဂုဏ်ပြုပွဲလုပ်ခဲ့ကာ အခုတစ်ခါ နောက်ထပ်ကြီးကျယ်တဲ့ ဂုဏ်ပြုပွဲကြီးလုပ်ကြဖို့ ပြည်သူအများက စီစဉ်နေကြပါတော့တယ်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



စိန့်မေရီဆေးရုံရဲ့ 'လင်ဒိုဘက်ခြမ်း' လှေကားထစ်များကနေ ဒိုင်ယာနာနဲ့ ချားလ်စ်တို့ မွေးခါစသားလေး ပိုက်ပြီး ဆင်းလာကြတဲ့အခါ နွေဦးရဲ့ နေခြည်တွေက မိုးတိမ်တွေကို ဖယ်ရှားလိုက်ကြတယ်။ ဒိုင်ယာနာက အစိမ်းရောင်မှာ အဖြူစက်လေးတွေပါတဲ့ မီခင်လောင်းအင်္ကျီကိုဝတ်လို့၊ အဖြူရောင် ကော်လာရှည်ကြီးက ထင်းလို့။ ကင်မရာမီးရောင်တွေက ပြိုးပြိုးပြက်ပြက် ထိုးကြတော့ ဒိုင်ယာနာက မျက်စိလွှဲတဲ့အခါ "ဒိုင်ယာနာ ဒီဘက်လှည့်ပါ"လို့ အော်ကြတယ်။ "ကလေးလေးမျက်နှာကို ပြပါဦး"လို့လည်း တောင်းဆိုကြတယ်။ ရဲတွေ အထပ်ထပ် ကာထားတဲ့ကြားက တိုးဝှေ့ပြီး နှင်းဂရက်ကျူလေးရှင်းလို့ ပြောကြတယ်။

လွန်ခဲ့တဲ့ တစ်နှစ်လောက်ကလည်း ဒီနေရာမှာ ဒီလိုပဲ လူစုလူဝေးနဲ့ ပျော်ရွှင်ခဲ့ကြဖူးပါတယ်။ အဲဒါက ချားလ်စ်နဲ့ ဒိုင်ယာနာ လက်ထပ်ပွဲတုန်းကပါ။ ဘက်ကင်ဟမ်နန်းတော်ရဲ့ လသာဆောင်မှာ လက်ထပ်အနမ်းကိုကြည့်ဖို့ လာကြတာ ဖြစ်ပါတယ်။ အခုဆိုရင် သူတို့ရဲ့ တော်ဝင်နန်းလျာကို ရရှိခဲ့ပြီမို့ လုံခြုံသွားပြီ၊ အောင်မြင်သွားပြီလို့ ပျော်ကြတာပါ။

ဒိုင်ယာနာအဖို့ကတော့ ဒါဟာ မောစရာကြီးလို့ ခံစားရပါတယ်။

နန်းတော်ကြီးကနေ ဝေလမင်းသားကို မြို့စားရဲ့သမီး လေဒီဒိုင်ယာနာ စပင်ဆာနဲ့ လက်ထပ်ပေးတော့မယ်လို့ ကြေညာလိုက်တဲ့အချိန်ကစပြီး ဒိုင်ယာနာရဲ့ဘဝဟာ လေပွေလို ဝှေ့ကာဝိုက်ကာနဲ့ အမြင့်ဆီ တက်သွားခဲ့တာပါ။ ဘဝတစ်ဆစ်ချိုးဟာ မက်စောက်လွန်းခဲ့တယ်။ လန်ဒန်အနောက်ပိုင်း တိုက်ခန်းလေးကနေ ခမ်းနားတဲ့ နန်းတော်ကြီးဆီ ရွှေ့ခဲ့ရတယ်။ အဲဒီအချိန်ကစပြီး ဒိုင်ယာနာဟာ အနာဂတ်ဘဝအတွက် မိမိကိုယ်မိမိ ယုံကြည်မှုတွေ၊ ပညာသားပါတဲ့ ဟန်ပန်မူရာ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စတွေကို ကျွမ်းကျင်အောင် သင်ယူရတော့မှာပါ။ ချားလ်စ်နဲ့ လက်ထပ်ပြီးတဲ့အထိ ဒိုင်ယာနာက ရှက်တတ်နေဆဲ။ ဓာတ်ရှေ့ရောက်ရင် မနေတတ်မထိုင်တတ်၊ မျက်နှာမထားတတ်ဖြစ်ပြီး သူ့ချစ်လင်ကိုသာ အားကိုးတကြီး မော့ကြည့်နေတာပါ။ ချားလ်စ်ကတော့ လူတွေကြားမှာ ကိုယ့်ရုပ်ပုံလွှာကို ဘယ်လိုပြုမူရမယ်ဆိုတာ အလေ့အကျင့်ကောင်းကောင်း ရှိပြီးသားမို့ ပေါ့ပါးနေစမြဲ ဖြစ်ပါတယ်။

အဲဒီလို ရှက်တတ်တဲ့၊ လူတောမတိုးရဲတဲ့ မိန်းကလေးဟာ နောက်ကွယ်မှာပဲ နေချင်ခဲ့ပေမယ့် ဗြိတိသျှလူထုကတော့ သူ့ကို စင်မြင့်ပေါ်မှာ နေရာပေးခဲ့ကြပါတယ်။ ဒီအခါ ဒိုင်ယာနာရဲ့ နေ့စဉ်ဘဝဟာ လူထုရဲ့ သုံးဆောင်ဖွယ်ပစ္စည်း ဖြစ်မှန်းမသိ ဖြစ်လာခဲ့တော့တယ်။ သူ ဘာဝတ်တယ်၊ သူ ဘာလုပ်တယ် ဆိုတာတွေကို ပရိသတ်က အမှတ်တမဲ့ မနေကြတော့ဘူး။ စက္ကူချောချော၊ အရောင်စုံစုံ မဂ္ဂဇင်းတွေမှာ၊ ဒိုင်ယာနာရဲ့ဓာတ်ပုံတွေကို အလုအယက် ဖော်ပြလာခဲ့ကြတယ်။ နောက်ဆုံး တစ်ကမ္ဘာလုံးက အရေးတယူ စင်တင်နေရတဲ့ မင်းသမီး ဝင်ဆာနန်းတော်ရဲ့ ရွှေမင်းသမီးဖြစ်နေပြီဆိုတာကို ချားလ်စ်ရော၊ ဘုရင်မကြီးနဲ့ ကြင်ရာတော်ပါ သတိမထားဘဲ နေလို့မရခဲ့တော့ပါဘူး။

the bookhouse
we bring you the future
www.burmeseclassic.com

www.burmeseclassic.com



ဝေလမင်းသားနဲ့ ဝေလမင်းသမီးတို့ လက်ထပ်ပွဲပြီးတဲ့အခါ ဩစတြေးလျှနဲ့နယူးဇီလန်ကို တရားဝင် ခရီးထွက်ကြတော့ ဒိုင်ယာနာဟာ ကမ္ဘာ့ဟိုဘက်ခြမ်းအထိ ကျော်ကြားခဲ့ပြန်ပါတယ်။ မိန်းမတွေဆိုရင် 'ဒိုင်ယာနာပုံဆံပင်' ဆိုပြီး ညှပ်လာကြတယ်။ ဒိုင်ယာနာဝတ်တဲ့ ဗစ်တိုးရီးယားစတိုင် ကော်လာနဲ့ ဂါဝန်ရှည်တွေကို ပုံတူကူးပြီး ဝတ်လာကြတယ်။ အစက်ကလေးတွေပါတဲ့ ပိတ်စနဲ့ချုပ်ထားတဲ့ ဂါဝန်ဆိုရင် ဒိုင်ယာနာဝတ်တဲ့ စတိုင်ဆိုပြီး လိုက်ဝတ်ကြတယ်။

ဒိုင်ယာနာဟာ တစ်ခါတစ်ခါမှာ အများအားဖြင့် ပေါ့ပေါ့ပါးပါးနဲ့ ရယ်ရယ်မောမော နေပြခဲ့ပေမယ့် အခုလို အသစ်ရရှိလာတဲ့ ဂုဏ်ပုဒ်တွေကို မနှစ်သက်လှပါဘူး။ အိမ်ထောင်သည်ဘဝဟာလည်း သူ မျှော်လင့်ထားတဲ့ပုံစံ မဟုတ်ပေဘူး။ 'ဘယ်သူမှ မသိတဲ့ဘဝ ရှင်းရှင်းလေးထဲက လေဒီဒိုင်ယာနာ စပင်ဆာ ဘဝကနေ ဝေလမင်းသမီးဘွဲ့ရပြီး လူတကာ ဂရုစိုက်ခံရတဲ့ဘဝကို သူ ညည်းခဲ့ဖူးပါတယ်။ ဒါပေမဲ့ သူ မလွှဲမသွေ လုပ်ရတော့မှာက တော်ဝင်ဘဝအတွက် ပြင်ဆင်ဖို့ပဲ ဖြစ်တယ်။

အမှန်တော့လည်း ဟားလ်စပင်ဆာနဲ့ ဖရန့်စစ်ရှန့်ကီတို့ရဲ့ အထွေးဆုံးမင်းသမီးလေး ဒိုင်ယာနာစပင်ဆာ မိသားစုတို့ဟာ တော်ဝင်မိသားစုနဲ့ သူစိမ်းပြင်ပြင် မဟုတ်ကြပါဘူး။ နှစ်ပေါင်း ၃၀ လောက်ကတည်းက ဆက်သွယ်ဝင်ထွက် ရင်းနှီးမှု ရှိခဲ့ကြတာပါ။ သူ့ဖခင်ဖြစ်တဲ့ ဟားလ်စပင်ဆာက ဆဋ္ဌမမြောက် ဂျော့ဘုရင်ထံမှာ ကိုယ်ရံတော်တပ်သားအဖြစ် အမှုထမ်းခဲ့တယ်။ ဂျော့ဘုရင် ကွယ်လွန်တော့ အဲလစ်ဇဘက်ဘုရင်မထံ ဆက်လက် အမှုထမ်းတယ်။ သူ့ အဘိုးအဘွားများ လက်ထပ်တုန်းကလည်း၊ နန်းတွင်းမှာ အမှုထမ်းခဲ့ကြတာ ဖြစ်ပါတယ်။ ဖခင်ဘက်က တော်စပ်တဲ့အဘွားက (သူ့ရာထူးက စပင်ဆာမြို့စားကတော်) အခုလက်ရှိ ဘုရင်မကြီးရဲ့ မိခင်ဖြစ်တဲ့ ဘုရင်မကြီး (Queen Mother) ဆီမှာ အိပ်ဖန်တော်စောင့်အဖြစ် အမှုထမ်းခဲ့တယ်။ နောက်တစ်ခါ မိခင်ဘက်က တော်စပ်တဲ့ အဘွားလေဒီရုသ်ဖာမိုကလည်း တော်ဝင်မိသားစုထံမှာ နှစ်ပေါင်း ၃၀ ကျော် အမှုထမ်းခဲ့တာပါ။ ဒီတော့ ဒိုင်ယာနာဟာ ကလေးဘဝကတည်းက သူ့မောင်နှမ အဖေတူ၊ အမေကွဲတွေနဲ့အတူ အင်ဒရူးမင်းသားနဲ့ ကစားခဲ့ကြတယ်။ အင်ဒရူးလေးကလည်း စပင်ဆာ မိသားစုနေထိုင်ရာ ပတ်ခ်ဟောက်စ် နေအိမ်ဆီ လာရောက်တတ်ခဲ့တယ်။ ဒိုင်ယာနာတို့ မိဘများရဲ့နေအိမ်က အဝေါ်နေချင် စဖွယ်လည်း ဖြစ်တယ်။ ဝက်သစ်ချပင်တွေ အုပ်ဆိုင်းနေတဲ့အလယ်မှာ သားနားတဲ့အိမ်ကြီးပါ။ ဘုရင်မကြီးရဲ့ 'စန်ဒရင်ဟန်စံအိမ်'နဲ့ဆိုရင် ခဏလေး ကားမောင်းရုံပါပဲ။

ဆယ်ကျော်သက်အနေနဲ့တုန်းက ဒိုင်ယာနာဟာ တော်ဝင်နေအိမ်ကို ထူးဆန်းတဲ့နေရာတစ်ခုအဖြစ် မြင်ပြီး ထိတ်လန့်နေခဲ့သူပါ။ အင်ဒရူးနဲ့တော့ အသက်ချင်း မတိမ်းမယိမ်းမို့ တွဲမိခဲ့တယ်။ စန်ဒရင်ဟန်အိမ်မှာ ရုပ်ရှင်ကားတွေ အတူတူ ကြည့်ကြတယ်။ အဲဒီအချိန်တုန်းက ချားလ်စ်ကတော့ ဒိုင်ယာနာ့အစ်မ 'ဆာရာ' နဲ့ တွဲတယ်။ ရေခဲလျှော အတူတူ စီးကြတယ်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၀… မိုးနှောင်းရာသီတစ်ရက်မှာ သူငယ်ချင်းတစ်ယောက်ရဲ့ အသားကင်ပျော်ပွဲစားလုပ်တော့ ဒိုင်ယာနာတို့ညီအစ်မ၊ ချားလ်စ်တို့ညီအစ်ကိုတွေ ဆုံကြရင်း ဒီပွဲမှာ ချားလ်စ်ရဲ့ မျက်လုံးများကို ဖမ်းစားသွားခဲ့သူက ဒိုင်ယာနာ ဖြစ်သွားပါတယ်။ ဒိုင်ယာနာက အပျိုဖျန်းလေး၊ ပီဘိအရိုင်းလေး၊ ပြေးလိုက်လွှားလိုက်၊ ရယ်လိုက်မောလိုက်၊ တကယ်ဖြူဖြူစင်စင်၊ တက်တက်ကြွကြွ၊ ချစ်စရာအတိ ဖြစ်နေခဲ့တာကိုး။ အသက်ကတော့ ၁၉ နှစ် ရှိပါပြီ။ မူကြိုကျောင်းလေး တစ်ကျောင်းမှာ ဆရာမလေးတောင် လုပ်နေပြီ။ သူငယ်ချင်း သုံးယောက်နဲ့အတူ အဆောင်နေပါတယ်။

အဲဒီအချိန်မှာ ချားလ်စ်က ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပေါ့။ သူ့အနားမှာ မင်းစိုးရာဇာလောကထဲက မိန်းမပျိုလေးတွေ ဝိုင်းဝိုင်းလည်နေတာပါ။ အဲဒီမိန်းမပျိုလေးတွေကို ဗြိတိသျှမီဒီယာတွေ နာမည်ပေးထားပုံက "Charlie's Angels" တဲ့။ လိုက်ဖက်ပါပေတယ်။

ဒိုင်ယာနာဘက်ကတော့ ခုအချိန်ထိ ရည်းစားသနံ့ရယ်လို့ တိတိကျကျ တစ်ယောက်မှ မထားခဲ့သေးပါဘူး။ ဒိုင်ယာနာဟာ အခု ချားလ်စ်ကို အလောတကြီးပဲ ချစ်သွားမိခဲ့ရှာတယ်။ ရည်းစားမထားဖူးတဲ့ အပျိုစင် သတို့သမီး ဒိုင်ယာနာနဲ့ အတွေ့အကြုံများသူ ချားလ်စ်တို့ ငြိသွားခဲ့ကြတယ်။ ဒါပေမဲ့ ပေါ်ပေါ်ထင်ထင် မနေကြပါဘူး။ လအတော်ကြာအောင် သိုသိုသိပ်သိပ် နေခဲ့ကြတာပါ။ ဒါပေမဲ့ သတင်းသမားတွေက လျင်တယ်။ ဒီကိစ္စကို ကိုင်ကြတယ်။ ဒိုင်ယာနာ့အခန်းကို အပြေးလာကြတော့တယ်။ မင်းသားချားလ်စ်ကို ဒိုင်ယာနာက ဘယ်လိုများ အရယူသွားခဲ့ပါလိမ့် ဆိုတဲ့ သတင်းနဲ့ အတော်ချောက်ချားသွားခဲ့တယ်။ တစ်ညနေမှာ ဒိုင်ယာနာက သူ့ရဲ့ မီနီမက်ထရိုကားလေးကို တစ်အားမောင်းသွားတဲ့အခိုက် ဓာတ်ပုံဆရာတွေက သူ့ကားကို အတင်းဆွဲပြီး ဒိုင်ယာနာ့မျက်နှာလှလှလေးကို အမိအရ ဓာတ်ပုံရိုက်ကြတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဖခင်ဖြစ်သူ ဟားလ်စပင်ဆာက "ဒါ… အတော် စိတ်ညစ်ဖို့ ကောင်းတယ်" လို့ ညည်းညူခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူတို့နှစ်ဦးဟာ သူတို့ အချစ်ရေးကိစ္စကို လျှို့ဝှက်ထားနိုင်ခဲ့ကြပါတယ်။ ဒိုင်ယာနာ ဩစတြေးလျကို အားလပ်ရက်ခရီးထွက်ပြီး ပြန်လာတဲ့အခါမှာတော့ ဒီကိစ္စကို 'တရားဝင်' လုပ်ရတော့မယ်လို့ သိလိုက်ရပါတယ်။ တခြား ရွေးစရာလမ်း မရှိပါဘူး။ ၁၉၈၁၊ ဖေဖော်ဝါရီ ၂၄-ရက်၊ နံနက် ၁၁ နာရီမှာ ဘက်ကင်ဟမ်နန်းတော်က တရားဝင် ကြေညာပါတယ်။ ချားလ်စ်ကို ဒိုင်ယာနာနဲ့ လက်ထပ်ပေးတော့မယ် ဆိုတဲ့အကြောင်း။ ဒိုင်ယာနာရဲ့ [illegible] ငြိမ်သက်ခြင်းက နန်းတော်ရဲ့အကြိုက် ဖြစ်သွားခဲ့ပါတယ်။ အခုလို တရားဝင် ကြေညာပြီးတယ်ဆိုရင်ပဲ ဒိုင်ယာနာက တိုက်ခန်းလေးမှာ နေခွင့်မရတော့ပါဘူး။ ဘက်ကင်ဟမ်နန်းတော်ရဲ့ ဒုတိယအထပ်မှာရှိတဲ့ 'အထိန်းတော်အဆောင်' ကို ပြောင်းရွှေ့ခဲ့ရပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်ကစပြီး ဒိုင်ယာနာ စိတ်ညစ်ခဲ့ရတာပါပဲ။ ဒီနန်းဆောင်မှာနေရတာ အားလုံးနဲ့ ပြတ်တောက်ပြီး သီးခြားဖြစ်နေခဲ့တယ်။ ဘေးမှာရှိတဲ့လူတွေက ဒါဟာ လက်ထပ်ခါနီး ဖြစ်လေ့ရှိတဲ့ စိတ်လှုပ်ရှားမှုတစ်မျိုးလို့ ထင်ကြပေမဲ့ ချားလ်စ်နဲ့ဒိုင်ယာနာတို့ဟာ အိမ်ထောင်ရေးဘဝထဲကို ကွဲပြားတဲ့ မျှော်လင့်ချက်တွေနဲ့ ဝင်ရောက်ခဲ့ကြတာ ဖြစ်တယ်။ ဒိုင်ယာနာက လက်ထပ်ပြီးရင် တူနှစ်ကိုယ် လွတ်လွတ်လပ်လပ်နဲ့ ပျားရည်ဆမ်းခရီး ထွက်ရမယ်လို့ ထင်ခဲ့ တယ်။ တကယ်တမ်းကျတော့ ပျားရည်ဆမ်းခရီးအစား 'ဘောလ်မိုရဲလ်' ရဲတိုက်ကြီးမှာ ဘုရင်မကြီးရယ်၊ အီဒင်ဘတ်မြို့စားကြီးရယ်၊ မာဂရက်မင်းသမီး၊ အန်းမင်းသမီးနဲ့ သူ့သားသမီးတွေ၊ ပီတာနဲ့ဇာရာ… စသဖြင့် ဆွေတော်မျိုးတော်တွေ တစ်ပြုံကြီးနဲ့ နေရတာပါ။

အဲဒီမှာ ဒိုင်ယာနာ အတော် မအီမသာ ခံစားခဲ့ရပါတယ်။ နန်းတွင်းသူ၊ နန်းတွင်းသားတွေအကြား ဘယ်လိုနေရထိုင်ရမယ်ဆိုတာကလည်း တမှောင့်ပါ။ တော်ဝင်မိသားစုမှာက တင်းကျပ်တဲ့အချိန်ဇယားတွေ ရှိတယ်။ အားလပ်ရက်မှာတောင် စည်းကမ်းတွေနဲ့မို့ ဒိုင်ယာနာခမျာ အမြဲ ဆင်ခြင်နေရတယ်။ စိုးတထိတ်ထိတ်နဲ့ နေခဲ့ရပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဘုရင်မကြီးရဲ့ ဝမ်းကွဲညီမ လေဒီအဲလစ်ဇဘက်အန်ဆင်းက ပြောဖူးပါတယ်။ တကယ်တော့ ဒိုင်ယာနာဟာ တော်ဝင်နွယ်များရဲ့ဘဝ၊ တော်ဝင်စည်းမျဉ်း၊ ထုံးတမ်းစဉ်လာတွေကို နားလည်လိုက်နာဖို့ ခက်ခဲခဲ့တာပါပဲတဲ့။ မှန်ပါတယ်။ အခုဆိုရင် ဒိုင်ယာနာခမျာ အစားစားတဲ့အခါ နေ့လယ်စာနဲ့ညစာကို သုံးစုံသုံးမျိုး အစဉ်လိုက် ကျွေးတော့ သူ သည်းမခံနိုင်ဘူး။ ပိုဆိုးတာက ဘယ်အခမ်းအနား၊ ဘယ်အစာစားချိန်မှာ ဘာဝတ်စုံ ဝတ်ရမယ်ဆိုတဲ့ စည်းမျဉ်းအရ အဝတ်အစားလဲရတဲ့ ကိစ္စပါပဲ။ တချို့နေ့တွေမှာဆိုရင် တစ်နေ့တည်းမှာ အဝတ် ငါးခါတောင် လဲရပါတယ်။

နောက်တစ်ချက်က ဘယ်အချိန်မှာ ဘာကိုဝတ်ပါလို့ ဘယ်သူမှလဲ ပြောမပြပါဘူး။ မနက်စာ၊ နေ့လယ်စာ၊ ဟိုင်းတီးလို့ခေါ်တဲ့ လက်ဖက်ရည်ချိန်၊ ဆပ်ပါးလို့ခေါ်တဲ့ ညလယ်စာ စသဖြင့် သူ သင်ယူရဦးမှာပါ။ ဒါပေမဲ့ သူ့အဘွားက ဘုရင်မကြီးဆီမှာ အပါးတော်မြဲ လုပ်လာတော့ ဒါတွေ အလေ့အကျင့်ရှိထားပြီး ဖြစ်မယ်လို့ ယူဆကြတယ်။

အခု ချားလ်စ်အကြောင်း ပြောရရင် ချားလ်စ်ကတော့ သူ့မိန်းမဟာ ဘယ့်နှယ်ကြောင့် ကြောင်တောင်တောင်၊ ကြောင်အမ်းအမ်း၊ ရှိုးတိုးရှန့်တန့်၊ မနေတတ်မထိုင်တတ် ဖြစ်သွားပါလိမ့်၊ ဘာကြောင့်ပါလိမ့်လို့ စဉ်းစားမရခဲ့ဘူး။ တစ်ခုခု မပြေမလည်ဖြစ်ရင် စိတ်ရှုပ်သွားတယ်။ ဒိုင်ယာနာ စိတ်ညစ်ပြီး အခန်းတံခါး ပိတ်နေတဲ့အခါ ချားလ်စ် နားမလည်နိုင်ခဲ့ဘူး။ ဒိုင်ယာနာကလည်း နာရီပေါင်းများစွာ အဲဒီလို အခန်းတံခါးပိတ်ပြီး နေတော့တာပါ။ ဒါကို မိခင်ကြီးဖြစ်တဲ့ ဘုရင်မကြီးကတော့ သူ့အိမ်မှာ ဘာကိုမှ မထိန်းမသိမ်း နေခဲ့ရတဲ့ မိန်းမငယ်လေးတစ်ယောက်၊ တော်ဝင်နန်းတော်ဖန်ပေါင်းချောင်ထဲ ထည့်ခံရတဲ့ ရွှေငါးလေးဘဝ ပြောင်းလဲလာတဲ့အခါ ဒီအပြောင်းအလဲအတွက် တန့်ကုတန်ဖိုး ပေးဆပ်နေရတာပဲလို့သာ နားလည် သဘောပေါက်ခဲ့ပါတယ်။

www.burmeseclassic.com

the bookhouse
we bring your future

www.burmeseclassic.com



ဒီလို စိတ်ကျရောဂါ ခံစားရပြီး နေမကောင်းဖြစ်လာတဲ့အတွက် ဘုရင်မကြီးက သမားတော်တစ်ဦး ခေါ်ယူပြီး ကုသပါသေးတယ်။ သိပ်တော့ မထူးခြားခဲ့ပါဘူး။ ဒိုင်ယာနာက ဝန်ခံဖူးပါတယ်။ သူ့ခင်ပွန်းက ကြင်ကြင်နာနာနဲ့ သူ့လက်ကို နမ်းခဲ့စဉ်က အိမ်ထောင်ရေးဘဝဖြင့် သာယာမှာပဲလို့တွေးပြီး မြင့်မြင့်မားမား ထောက်ခံခဲ့ဖူးပါတယ်တဲ့။ ဒါပေမဲ့ သတင်းသမားတွေဝိုင်းပြီး လာကြတာမျိုးကိုတော့ သူ မသက်မသာ ခံစားရတယ်တဲ့။ နောင်နှစ်အတော်ကြာတဲ့အခါ ပြန်ပြောခဲ့တာက လက်ထပ်တဲ့နေ့ ခံစားမှုက 'ထိတ်လန့်ဖွယ်' ကြီးပဲတဲ့။ အခုဆိုရင် မင်းသားနဲ့ အတူတွဲပြီး ဆက်ရတဲ့ အခမ်းအနားတွေမှာ အဆင်ပြေဖို့၊ စည်းမျဉ်းနဲ့ညီဖို့ အတော်ကြိုးစားရဦးမှာပါ။

ဒီကြားထဲ သတင်းစာကော်လံတွေမှာ သူ့အကြောင်း အတင်းအဖျင်းတွေ ပါလာတယ်။ သူတို့အိမ်ထောင်ရေး အလှည့်အပြောင်းတွေကို အနီးကပ် စောင့်ကြည့်လာကြတယ်။ ဒီတော့ နဂိုကမှ သဘာဝချင်း၊ အခြေခံချင်း မတူတဲ့ ဒီနှစ်ယောက်ဟာ စည်းလုံးဖို့ ခက်လာခဲ့ပါတော့တယ်။ တင်းမာမှုတွေဖြစ်လာပြီး အိမ်ထောင်စည်းလုံးမှုကို ခွဲခွာဖို့ အစပျိုးလာပါတော့တယ်။

■

သို့သော်လည်းပဲ...

အိမ်ထောင်ကျပြီး တစ်နှစ်မကြာခင်မှာ သူ ကိုယ်ဝန်ရှိပြီလို့ သိရတဲ့အခါ ဒိုင်ယာနာ တစ်အားပျော်သွားခဲ့ပါတယ်။ ဝင်စင်တန် နန်းတော်၊ အပေါ်ဆုံးထပ်မှာ ကလေးခန်းထားဖို့ စတင်ပြင်ဆင်ပါတော့တယ်။ မူကြိုကလေးတွေရဲ့ ဆရာမအဖြစ် သူဟာ ကလေးတွေကို ချစ်တတ်ပါတယ်။ မိသားစုတစ်ခု စတင်ဖို့လည်း မျှော်မှန်းခဲ့ပါတယ်။ သူ့မိဘများရဲ့ အိမ်ထောင်ရေးက သူ ခြောက်နှစ်သမီးမှာ ပြိုကွဲခဲ့တာပါ။ သူ့မိဘများဟာ သမီးချည်း သုံးယောက် ဆက်တိုက်မွေးခဲ့လို့ မင်ဆာနယ်မြေကို ဆက်ခံမယ့် သားရတနာမရှိခဲ့ဘူး။ ဒိုင်ယာနာရဲ့ နောက်မောင်ငယ်လေး 'ချားလ်စ်'ကို မွေးလာပေမယ့် အိမ်ထောင်မပြုတော့ပါဘူး။ ဒိုင်ယာနာ့မိခင် ဖရန့်စစ်ဟာ သူ့ချစ်သူ ပီတာရှန်ကစ်နောက် လိုက်သွားခဲ့ပါတယ်။

ဒိုင်ယာနာ ဘယ်တော့မှ မမေ့နိုင်ပါဘူး။ ညတွေမှာ သူ့မောင်လေးက တအီအီ ငိုနေတယ်၊ သူ့အဖေက သူ့မောင်လေးကို ချော့ရင်း တစ်ညလုံး မအိပ်ရှာဘူး၊ ဒီလို အနေအထားမျိုးကို သူ့သားသမီးတွေရဲ့ ကံကြမ္မာမှာ မဖြစ်စေချင်ပါဘူး။ "ကျွန်မ ကလေးတွေကို အဖြစ်နိုင်ဆုံး သာမန်ဘဝတွေပဲ ဖြစ်စေချင်တယ်" လို့ ဒိုင်ယာနာက ပြောဖူးတယ်။ ဒီတော့ သူ့ကလေးတွေအတွက် အနာဂတ် ကေရာဇ်စနစ်မှာ ပုံဖော်ဖို့ သူ့မှာတာဝန်ရှိတယ်၊ သူ့မှာ ပါဝါရှိတယ် ဆိုတာလည်း ယူဆခဲ့ပါတယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ချားလ်စ်ကလည်း သဘောတူပါတယ်။ ဒီအတိုင်းဆိုရင် ဝီလျံ ပျက်စီးသွားနိုင်တယ်၊ သူ့နဲ့ရွယ်တူ ပြိုင်ဘက်တွေနဲ့ ရောထားတာက ပိုပြီးအကျိုးရှိမယ်လို့ ယူဆခဲ့တယ်။

ကျောင်းသွားမယ့်နေ့မှာ ဒိုင်ယာနာက ဝီလျံကို သူလိုအပ်တဲ့ ပစ္စည်းလေးတွေ သူ့ဘာသာ ရွေးချယ်ခွင့်ပေးခဲ့တယ်။ ကျောင်းကို အချိန်ကိုက် ရောက်သွားတယ်။ ကျောင်းပေါက်ဝမှာတော့ ရာပေါင်းများစွာသော ဓာတ်ပုံသမားတွေက စောင့်နေကြပြီ။ အခုလို ဒိုင်ယာနာက သူ့သားတွေကို ခေတ်သစ်လူ့အဖွဲ့အစည်းနဲ့ ထိတွေ့ခွင့်ပြုတာဟာ အားသာချက်ရှိသလို အားနည်းချက်တွေလည်း ရှိခဲ့ပါတယ်။ မိဖုရားကြီးကလည်း သူ့မြေးလေးဟာဖြင့် မီဒီယာတွေထဲမှာ သမိုင်းတင်ခံနေရပြီ ဆိုတာ မှတ်ချက်ချခဲ့တယ်။ ဝီလျံလေး ဆံပင်ပုံစံအသစ် ညှပ်လိုက်တာကအစ၊ ဟယ်ရီလေး သွားတစ်ချောင်း စိုက်တာက အစ သတင်းထဲ ပါနေတော့တာပါ။ အခုဆိုရင် ဝီလျံဟာ ကင်မရာတွေနဲ့ အသားကျနေပါပြီ။ ဟယ်ရီကတော့ ရှက်ပြီး မျက်နှာလွှဲတယ်။ ဝီလျံက မျက်နှာမလွှဲတဲ့အပြင် လက်ဝှေ့ယမ်းပြတတ်ပါတယ်။ သူက ဓာတ်ပုံဆရာတွေကို 'ဖိုတိုဂရပ်ဖာ' ဆိုတဲ့ အသံထွက်အတိုင်း မခေါ်တတ်လို့ 'တိုဂရပ်ဖား'လို့ ခေါ်ရှာတယ်။ အဲဒီလို တိုဂရပ်ဖားတွေနဲ့တွေ့ရင် အာရုံစိုက်ပြီး ရှင်ပျသွားလေ့ရှိတယ်။ အရှေ့တံခါးပေါက်က ရဲရဲဝံ့ဝံ့ မထွက်လာခင်ကတည်းက ပြည့်ပြည့်ဝဝကြီး ပြုံးနေပြီးသားပါ။

ဒိုင်ယာနာက နံနက်တိုင်း ကျောင်းကို ကားမောင်းပို့ပြီး ညနေတိုင်း လာကြိုလေ့ရှိပါတယ်။ မပျက်ရအောင် သူ့အချိန်ဇယားကို ဆွဲထားပါတယ်။ "သားက ကျောင်းမှာ သိပ်စိတ်လှုပ်ရှားနေတယ်။ တခြားကလေးတွေ အားလုံးကို ချစ်ခင်တယ်၊ သူက စည်းရုံးရေးသမားတစ်ယောက်လည်း ဖြစ်တယ်။ ဒါက နောင်အသုံးတည့်နိုင်တယ်" လို့ ဒိုင်ယာနာက မှတ်ချက်ချခဲ့တာပါ။ ဝီလျံဟာ သူငယ်ချင်းအသစ်တွေကြားမှာ ပေါ်ပြူလာ ဖြစ်လာခဲ့တယ်။ သူ့ကို တစ်နေ့မှာ ဘုရင်ဖြစ်မယ့်လူလို့တော့ သူ့သူငယ်ချင်းတွေက မသိကြပါဘူး။ ပြီးတော့ စာသင်ခန်းရဲ့ နောက်တန်းမှာငြိမ်ပြီး သူ့ကို စောင့်ကြည့်နေတဲ့ လူကိုလည်း ဝီလျံရဲ့ သက်တော်စောင့်လို့ မသိကြပါဘူး။

ကစားတဲ့အချိန်ကျရင်တော့ သူတို့ကိုသူ 'မင်းသား' ဆိုတဲ့ အနေအထားကို သိနေပြီး သူနဲ့ကစားတဲ့ ပြိုင်ဘက် သူငယ်ချင်းကို ကစားစရာ ဓားဆွဲထုတ်ရင်း "ဟေ့... ငါ့အဖေက မင်းသားအစစ်ကွ။ မင်းအဖေကို ငါ့အဖေက ရိုက်နိုင်တယ်" လို့ အော်ဟစ်ခဲ့ပါသေးတယ်။

ချားလ်စ်နဲ့ဒိုင်ယာနာတို့ကလည်း ဝီလျံလေးကို စည်းကမ်းပေးဖို့ လိုနေပြီဆိုတာ တဖြည်းဖြည်းနဲ့ သဘောပေါက်လာကြတယ်။ အိမ်မှာဆိုရင် ဝီလျံဟာ အပြုအမူတွေ အတော်ကြမ်းနေတယ်။ ညလယ်စာစားတဲ့စားပွဲမှာ စားစရာတွေကို လွှင့်ပစ်တာမျိုး လုပ်လာတယ်။ အိပ်ချိန်ကျတော့ အဖေဖြစ်သူက ပုံပြင်ဖတ်ပြပြီး အိပ်ဖို့ပြောတဲ့အခါ နောက်တစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြဖို့ တောင်းဆိုနေတတ်တယ်။ မိဖုရားကြီးလည်း သူ့မြေးလေးဟာ အခုဆိုရင် လေးနှစ်သားဖြစ်လာပြီ၊ အပြုအမူတွေက ပုံစံမကျဘူးဆိုပြီး အထိန်းတော်ဘာဘာရာကို စည်းကမ်းတင်းကျပ်ဖို့ သတိပေးရပါတော့တယ်။

၁၉၈၆၊ ဇူလိုင်လမှာ သူ့ဦးလေးတော် အင်ဒရူးနဲ့ဆာရာတို့ လက်ထပ်ပွဲကျင်းပတယ်။ ဒီအခမ်းအနားမှာ ဝီလျံက သတို့သားရှေ့က လိုက်ရတဲ့အရန် (Paqe boy) လုပ်ရတယ်။ ချားလ်စ်နဲ့ဒိုင်ယာနာလည်း အဆော့ကြမ်းတဲ့ သူတို့သားအတွက် ငြိမ်ငြိမ်မနေမှာကို စိတ်ပူခဲ့ကြပါတယ်။ ပူတဲ့အတိုင်းပါပဲ။ ဝီလျံဟာ သူနဲ့အတူ သတို့သမီးအရန်လုပ်တဲ့ သူ့ဝမ်းကွဲညီမ ဆော်ရာလေးကို စနေ၊ နောက်နေခဲ့သေးတယ်။

ဒီကာလမှာ ဟယ်ရီကလည်း ကြီးထွားလာပါပြီ။ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ၊ သူ သုံးနှစ်မြောက်မွေးနေ့အပြီးမှာ ကျောင်းအပ်ရပါတယ်။ ဝီလျံကတော့ သူငယ်တန်းကျောင်းမှာ မှတ်ချက်ကောင်းကောင်း ရခဲ့ပြီးပါပြီ။ ဝီလျံဟာ ကလေးတွေကြားမှာ ပေါ်ပြူလာဖြစ်ကြောင်း၊ သူ့ကို ကြင်နာတတ်သူ၊ ဟာသရှိသူ၊ အတွေးအခေါ်ပြည့်သူအဖြစ် သိရှိကြကြောင်း မှတ်ချက်ရေးထားပါတယ်။

ဟယ်ရီကတော့ သူ့အစ်ကိုနဲ့ မတူဘူး။ ပိုပြီးငြိမ်သက်တယ်။ ငယ်ငယ်ကတည်းက သူ့အစ်ကိုရဲ့ နောက်လိုက်အဖြစ် အသားကျနေခဲ့တာပါ။ ကျောင်းစပို့တဲ့နေ့မှာ ကားထဲကဆင်းဖို့ တွန့်ဆုတ်နေခဲ့ရှာတယ်။

"ဟယ်ရီက ဝီလျံထက် ထိခိုက်ခံစားတတ်တယ်"လို့ ဒိုင်ယာနာနဲ့သူငယ်ချင်း ဆိုင်မွန်က မှတ်ချက်ပေးခဲ့ဖူးတယ်။ ဝီလျံက အာရုံစိုက်ခံချင်တယ်၊ ဟယ်ရီက ငြိမ်ငြိမ်လေးနေချင်တယ်။ မကြာခဏ နေမကောင်းတတ်လို့ ကျောင်းက ခွင့်ခဏ ခဏ ယူရတယ်။ အများအားဖြင့် အိမ်မှာပဲ အမေနားကပ်ပြီး နေချင်တဲ့ကလေး ဖြစ်တယ်လို့လည်း ဆိုင်မွန်က ဆိုပါတယ်။

ပြီးတော့ ဝီလျံသည်သာ 'အထူးပြုခံရတဲ့လူ' ဆိုတာကိုလည်း ဟယ်ရီက ငယ်ငယ်ကတည်းက နားလည်လက်ခံပြီးသားပါ။ အကျင့်ပါနေပြီလို့တောင် ဆိုနိုင်ပါတယ်။ သူတို့ ငယ်ငယ်ကတည်းက အဘေးဖြစ်သူ Queen Mother ဘုရင်မကြီးရဲ့ အလည်အပတ်လာဖို့ ဖိတ်ကြားခံရသူဟာ ဝီလျံပဲဖြစ်ခဲ့တယ်။

Queen Mother မိခင်ကြီးက ကလဲရင့်စ်ဟောက်စ် စံအိမ်မှာ သီးခြားနေတာပါ။ အဲဒီလို ဖိတ်ကြားခံရတဲ့အခါ ဝီလျံက "ငါတော့ ဘွားဘွားကြီးဆီသွားပြီ"လို့ ကြေညာသွားမြဲဖြစ်ပြီး ဟယ်ရီလေးကတော့ ကလေးဆောင်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရရှာပါတယ်။

ဟယ်ရီရဲ့ ဆံပင်နီနီနဲ့၊ မျက်လုံးနှစ်လုံး နီးကပ်နေပုံက ဒိုင်ယာနာရဲ့အစ်မ ဆာရာငယ်ငယ်ကပုံနဲ့ ဆင်တူတာမို့ ဒိုင်ယာနာက ဟယ်ရီ့ကို "ငါ့ရဲ့ စပင်ဆာငယ်လေး"လို့ ခေါ်တတ်ပါသေးတယ်။ (နောက်ပိုင်းမှာ ဒိုင်ယာနာက ဂျိမ်းစ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဟီးဝတ်နဲ့ ပတ်သက်ခဲ့တဲ့အတွက် ဟယ်ရီ့အဖေဟာ ဂျိမ်းဖြစ်ရမယ်လို့ ကောလာဟလ သတင်းတွေ ပေါ်ခဲ့ပေမယ့်) တကယ်တော့ ဟယ်ရီဟာ စပင်ဆာစစ်စစ်ပါ။

ဟယ်ရီက ဇဝနညာဏ်လည်း ရှိတယ်။ ဒါက သူ့အမေဆီကရတဲ့ အမွေပါ။ ကျွန်တော်ကြီးလာရင် 'ရဲသား' လုပ်မယ်၊ မာမီကို စောင့်ရှောက်မယ်လို့တောင် ပြောပါတယ်။

သူတို့ကလေးဘဝ သက်တမ်းတစ်လျှောက်မှာ ဝီလျံက လေ့ကားထစ်တစ်ခု၊ ဟယ်ရီရဲ့ ရှေ့ကသွားနှင့်ပြီးသား တွေချည်းပါပဲ။ ၁၉၈၇၊ ဇန်နဝါရီ ၁၅ မှာ ဝီလျံဟာ "Wetherly" ဆိုတဲ့ မူလတန်းကျောင်းကို ပြောင်းတက်ရတယ်။ အဲဒီနေ့က အရမ်းလည်း အေးနေတယ်။ လေးနှစ်ခွဲကလေးလေးဟာ သူ့အမေရဲ့လက်ကို တင်းတင်းကြီးဆုပ်ရင်း ကားပေါ်က ဆင်းတယ်။ ကင်မရာသမားတွေကို လက်မပြဖို့ သူ့အမေသင်ထားလို့ ဒီတစ်ခါ လက်ဝှေ့ မပြပါဘူး။ ဝီလျံက အခုဆိုရင် အသစ်ကျပ်ချွတ် ကျောင်းဝတ်စုံနဲ့ပါ။ မီးခိုးရောင် ဘလေဇာကုတ်အင်္ကျီမှာ အနီနားပတ်လေးတွေ ကွပ်လို့။ ဘောင်းဘီတို အနက်၊ မီးခိုးရောင် သိုးမွေးဦးထုပ်၊ အားလုံး 'ဟားရော့ခ်' တံဆိပ်တွေချည်း။ အဲဒီလို ဝတ်စုံအသစ်ဝတ် ထားတဲ့ ဝီလျံလေးဟာ ဒီနေ့တော့ သူ့ကိုယ်သူ ယုံကြည်မှုနည်းနေတယ်။ ဒါကတော့ သူ စိတ်ညစ်နေလို့ပါ။ အကြောင်းက သူ့ရဲ့ အထိန်းတော် ဘာဘာရာဘန်းစ်ကို ပြောင်းပစ်တော့မယ့်အကြောင်း သိရလို့ပါပဲ။ ဝီလျံ မျက်ရည်ကျခဲ့တယ်။ သူက သူ့ရဲ့ 'ဘာဘာ'ကို သိပ်တွယ်တာတာ။ မိခင်နဲ့ဖခင်ဖြစ်သူက ကမ္ဘာပတ်နေတဲ့အခါ ဘာဘာရာပဲ အမေဖြစ်ခဲ့တာကိုး။ ဘာဘာရာက သူတို့ကို နွေကျောင်းပိတ်ရက်မှာ စန္ဒရင်ဂမ်ကျွန်းခေါ်သွားပြီး ဟမ်ဘာဂါတွေ၊ အကြော်တွေ ညစာအဖြစ် ကျွေးခဲ့တယ်။ အချိုပွဲအဖြစ် ချောကလက် အိုက်စ်ခရင်တွေ ကျွေးခဲ့တယ်။ ဒါတွေဟာ ကလေးတွေကို ဖျက်ဆီးတာလို့ ဒိုင်ယာနာက မြင်တယ်။ ဝီလျံနဲ့ဟယ်ရီကတော့ သူတို့ရဲ့ အထိန်းတော်ကို သိပ်ချစ်ခင်တွယ်တာကြတာမို့ ဝီလျံဆိုရင် ညဘက် အိပ်မက်ယောင်ပြီး နိုးလာရင် သူ့ 'ဘာဘာ' ဆီပဲ တန်းပြီး သွားတာပါ။ ဟယ်ရီလေးဆိုရင်လည်း နိုးလာတဲ့အခါ အောက်ထပ်ပြေးဆင်းပြီး သူ့မာမီရဲ့အိပ်ရာထဲ ဒိုင်ဗင်မထိုးခင် ဘာဘာရဲ့ အိပ်ရာဆီ တိုးဝင်နေဆဲပါ။

အခု ဘာဘာရာကို ပြောင်းပစ်တော့မယ် ဆိုတဲ့အခါ ဝီလျံ စိတ်မချမ်းမသာ ဖြစ်သွားတယ်။ ဘာဘာရာအစား သူ့လက်ထောက် အော်လ်ဂါ ကြည့်ပေးမယ်လို့ ရှင်းပြရပါတယ်။ နာနီအသစ် ရှာဦးမယ်လို့လည်း ချော့ရတယ်။ ဒိုင်ယာနာ ထင်ထားတာက ဝီလျံကို ကျောင်းပြောင်းထားတဲ့နေ့မှာ ဘာဘာရာပြောင်းသွားရင် အမှတ်တမဲ့ဖြစ်သွားမယ်လို့ ထင်တာပါ။ ဒါပေမဲ့ အဲဒီနေ့က သတင်းလောကမှာ ဘာဘာရာကို ရုတ်တရက်ပြောင်းပစ်တဲ့ သတင်းက ဝီလျံကျောင်းစတက်တဲ့သတင်း ထက်တောင် ပိုပြီး ကြီးထွားသွားခဲ့ပါတော့တယ်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဟိုင်းဂရိုဖ်နဲ့ ကင်စင်တန်မှာတော့ ဒီသတင်းကို မအံ့ဩကြပါဘူး။ နှစ် အတော်ကြာကတည်းက ဟိုင်းဂရိုဖ် [illegible]လေးဆောင်မှာ ကိုယ်ပိုင်မီးဖိုခန်းနဲ့၊ ရေချိုးခန်းနဲ့ ဘာဘရာက ကြီးစိုးခဲ့တာ ဖြစ်တယ်။ ဒိုင်ယာနာ ဆိုတာကို အပြင်လူလို [illegible]သဘောထားတာပါ။ ဒိုင်ယာနာ အိမ်ပြန်လာရင်တောင် ကလေးတွေက အမေရဲ့စကားထက် အထိန်းရဲ့စကားကို ပိုပြီး [illegible]ဆောင်ကြတော့တယ်။ ဘာဘရာဟာ သူ့အလုပ်ရှင်ကို ဝေဖန်လေ့ မရှိပါဘူး။ ဒါပေမဲ့ တစ်ခါမှာတော့ ဒိုင်ယာနာကို [illegible]တယ်လို့ စောဒကတက်ပြီး ဝီလျံကို လုံးလုံးလျားလျား လူသာမန်ဖြစ်ဖို့ဆိုတာ ဒိုင်ယာနာ ဟန်ဆောင် နေတာပဲ၊ [illegible]ဟာ လူသာမန် မဖြစ်နိုင်ပါဘူးလို့ မှတ်ချက်ချခဲ့ပါတယ်။ ဒီသတိပေးချက်ထဲမှာ ပညာသားတွေ အကြီးအကျယ် [illegible]နေတာ မြင်ရပါတယ်။

စနေနေ့ ညနေခင်းတစ်ခု။

ဝီလျံနဲ့ဟယ်ရီဟာ ဟိုင်းဂရိုဖ်ကို သွားရမယ့်အစား သူတို့မိခင်နဲ့အတူ ကင်စင်တန်လမ်းမကြီးမှာ ဈေးဝယ်နေခဲ့ [illegible]တယ်။ သူတို့ သုံးယောက်လုံး ဦးထုပ်တွေ ခေါင်းစည်းပဝါတွေနဲ့ ရုပ်ဖျက်ထားတဲ့အတွက်၊ ဘယ်သူမှ သတိမထား [illegible]ဘူး။ ဒိုင်ယာနာက မျက်မှန်အနက် အကြီးကြီးတပ်လို့။ သုံးယောက်သား လက်တွဲပြီး ကင်စင်တန်နန်းတော်ကနေ [illegible]လမ်းလျှောက်ရတဲ့ လမ်းမကြီးဆီ သွားခဲ့ကြတာပါ။

ဒိုင်ယာနာက သူတို့ကို စာရေးကိရိယာဆိုင်တွေ၊ စာအုပ်ဆိုင်တွေဆီ ခေါ်သွားတယ်။ ဟယ်ရီက ရုပ်ပြရောင်စုံ [illegible]တွေထဲမှာ သူ့အကြိုက် သူရဲကောင်းတွေ မျက်နှာဖုံးနဲ့ စာအုပ်တွေဆီ တန်းသွားပါတယ်။ ဝီလျံကတော့ စာရေး [illegible]အသစ်အဆန်းတွေကို ရွေးပါတယ်။ သူက မကြာခင် ဘော်ဒါနေရတော့မှာမို့ ဂျီသြမေတြီကိရိယာတွေ၊ ခဲတံဘူး [illegible] လိုတာဝယ်ရမှာပါ။ သူတို့အတွက် အိတ်ဆောင်ငွေလေးတွေ ပေးထားပြီးသားဖြစ်ပြီး၊ စာရေးကိရိယာဖိုးတွေ [illegible]တာမှာ ချေပြီးတဲ့အခါကျမှ ရှေ့မှာ ချောကလက်တောင့်တွေ၊ ချွင်းဂမ်းတွေမြင်တော့ ပိုက်ဆံက မလောက်တော့ဘူး။ [illegible]ကလည်း ဟယ်ရီပီသစွာ သူ့အမေကို ပူဆာတဲ့အခါ သူ့အမေက သူ့ပိုက်ဆံဟာ ချောကလက်တစ်တောင့်ပဲ ရတော့ [illegible] သတိပေးလိုက်တယ်။ အလိုမလိုက်ပါဘူး။

အမှန်က ဘယ်တော်ဝင်မိသားစုဝင်မှ ငွေကြေးမကိုင်ကြပါဘူး။ ဒိုင်ယာနာကတော့ ကလေးတွေကို လူတွေဟာ [illegible]စားပြီး လစာငွေရမှ အသက်ရှင် ရပ်တည်နိုင်ကြောင်း နားလည်စေချင်တယ်။ ငယ်ငယ်ကတည်းက ပိုက်ဆံရဲ့ [illegible] နားလည်စေချင်တာ ဖြစ်ပါတယ်။ ဒိုင်ယာနာရဲ့မိတ်ဆွေ ဆိုင်မွန်ကလည်း ပြန်ပြောင်းပြောပြရာမှာ–

"ဒိုင်ယာနာက သားတွေကို အိတ်ဆောင်ငွေ ပေးလေ့ရှိတယ်။ ချားလ်စ်က ဘယ်တော့မှ မပေးဘူး။ ဒါဟာ [illegible] မပေးချင်လို့ မဟုတ်ပါဘူး။ ကလေးတွေ ဘာဖြစ်လို့ ပိုက်ဆံလိုရမှာလဲ ဆိုတာ နားမလည်လို့ပါလို့ ထည့်သွင်း

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပြောပြခဲ့ဖူးပါတယ်။ ကလေးတွေက အမြဲတမ်း အစောင့်အရှောက်တွေနဲ့ သွားတာပါ။ အဲဒီအရာရှိတွေက သူတို့လိုချင်တာကို ဝယ်ပေးကြတာပဲ။ ဒါပေမဲ့ အပြင်မှာ သူငယ်ချင်းတွေနဲ့ သွားတဲ့အခါမှာတော့ သူတို့ဘာသာ ပေးချင်ကြတယ်" လို့လည်း ဆိုပါတယ်။

ချားလ်စ်နဲ့ဒိုင်ယာနာတို့ရဲ့ သတင်းဆက်သွယ်ရေးကို ကိုင်တွယ်တဲ့ ဒစ်ကီကလည်း ဒိုင်ယာနာအဖို့ သူ့ကလေးတွေကို ဈေးဝယ်ထွက်ဖို့ ခေါ်သွားတာဟာ အလွန်အရေးကြီးပါတယ်။ သူများတွေလိုပဲ သာမန်လို လုပ်စေချင်လို့ပါ။ သူတို့အကြိုက်ဆုံးက စမစ်လမ်းမကြီးမှာ ဈေးဝယ်ဖို့ရယ်၊ အိုဒီယွန်ရုပ်ရှင်ရုံကို သွားဖို့ရယ်ပါပဲ။ အတော်ကံကောင်းရင်တော့ မက်ဒေါနယ်လ်ဆိုင်ကိုလည်း ခေါ်သွားတတ်ပါတယ်တဲ့။

အဲဒီလို မက်ဒေါနယ်လ်ဆိုင် ဝင်ရရင်တော့ ကလေးတွေဟာ ယူနီဖောင်းဝတ် အရောင်းစာရေးတွေကို ချီးစ်ဘာဂါနဲ့ အကြော်ဆိုပြီး သူတို့ကိုယ်တိုင် အော်ဒါပေးရတာကို အလွန် သဘောကျတတ်တယ်။ အရောင်းစာရေးတွေကလည်း ဒီလို ရည်ရည်မွန်မွန် ပြောတတ်တဲ့ ဈေးဝယ်သူတွေဟာ ဝေလမင်းသမီးနဲ့ သားနှစ်ယောက်လို့ တစ်စွန်းတစ်စတောင် မသိကြပါဘူး။ ဆိုင်နောက်ဘက်နားက စားပွဲဝိုင်းကြီးမှာ ကလေးတွေ ပျော်ပျော်ပါးပါး စားကြရင်း အစားအသောက်နဲ့ အတူပါလာတဲ့ ဈေးပေါပေါ ပလတ်စတစ်ရုပ်လေးတွေနဲ့ ကစားကြပါသေးတယ်။ နောက် စားပွဲတစ်ဝိုင်းမှာတော့ သူတို့ အစောင့်အရှောက် အရာရှိတွေကလည်း သူတို့ဘာသာ ဟမ်ဘာဂါ စားကြတာပါပဲ။ တခြားလူတွေအဖို့ ဒါဟာ သာမန် နေ့လယ်စာစားတာ ဖြစ်ပေမယ့် ဒိုင်ယာနာနဲ့ သားများကတော့ နေ့လယ်စာဟာ အထူးအခွင့်အလမ်းပါ။ ဒီလို ပျော်စရာတွေဟာ နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ရှားပါးလာခဲ့ပါတယ်။

အိမ်မှာတော့ ချားလ်စ်နဲ့ဒိုင်ယာနာတို့ အခြေအနေဟာ သည်းမခံနိုင်စရာ ဖြစ်လာခဲ့ပါပြီ။ ကလေးတွေရဲ့ ပျော်ရွှင်ရယ်မောသံတွေဟာ တင်းမာမှုတွေကြားမှာ ပျောက်ဆုံးနေခဲ့တယ်။ ချားလ်စ်နဲ့ဒိုင်ယာနာက သူတို့ရန်ပွဲတွေကို ဝီလျံနဲ့ဟယ်ရီ မတွေ့အောင် ခက်ခက်ခဲခဲ ကြိုးစားခဲ့ကြပါရဲ့။ ဒါပေမယ့် ဒိုင်ယာနာက နေ့စဉ် ပေါက်ကွဲငိုရှိုက်နေတော့ မသိချင်လို့ မရတော့ဘူး။ ဒိုင်ယာနာက ဟိုင်းဂရို့ဗ်ကို ရောက်ချလာပြီဆိုရင် ချားလ်စ်က ကားကို အမြန်မောင်းထွက်ပြီး ပိုလိုကလပ်ဆီ သွားတော့တာပါပဲ။ ချားလစ်ဟာ သူ့ဖခင်ရဲ့ဝါသနာ ပိုလိုရိုက်ကစားခြင်းကို အမွေရထားခဲ့တာ ဖြစ်ပါတယ်။ သူ့လိုပဲ သူ့သားတွေကိုလည်း ပိုလိုဝါသနာ ပါစေချင်တယ်။ ပိုလိုမှာ ထူးချွန်စေချင်တယ်။

ဒိုင်ယာနာကတော့ အားကစားဝါသနာ မပါဘူး။ တယ်လီဗေးရှင်း အင်တာဗျူးတစ်ခုမှာ အားကစားကို နှစ်သက်ပါတယ်လို့ ပြောခဲ့ပေမယ့် အမှန်တော့ စိတ်မဝင်စားပါဘူး။ ပိုလိုပွဲကိုလည်း စိတ်မဝင်စားပါဘူး။ တစ်ခုရှိတာက ပိုလိုကွင်းမှာ တွေ့ခဲ့ရတဲ့ ဂျိမ်းစ်ဟီးဝပ်ဆိုတဲ့ မြင်းတပ်က အရာရှိလေးကိုတော့ တစ်စုံတစ်ရာ ငြိတွယ်သွားခဲ့တယ်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ရွယ်ချောမောတဲ့ မြင်းသည်တော်က ဒိုင်ယာနာရဲ့ စိတ်ဝင်စားမှုကို ရယူသွားခဲ့တယ်။ နောက်တော့ ဒိုင်ယာနာက မြင်းစီးသင်ချင်တယ်လို့ ဆုံးဖြတ်ပြီး မြင်းတပ်က အရာရှိလေးနဲ့ ဆက်စပ်မိတော့တာပါပဲ။ သူ မြင်းစီးကျွမ်းသူတော့ ဖြစ်မလာပါဘူး။ ဒီကိစ္စမှာ သူ့သားလေးတွေက တစ်အား စိတ်ဝင်စားပျော်ရွှင်တာမို့ သင်မယ်လို့ ဆုံးဖြတ်ပြီးတဲ့နောက် ချောလေး ဟီးဝပ်ဟာ မြင်းစီးသင်ပေးတဲ့ဆရာ ဖြစ်လာခဲ့ရုံမက ဟိုင်းကရိုဗ်ကို ပုံမှန်လာတဲ့ ဧည့်သည် ဖြစ်လာခဲ့ပါလေ ရော။ ဝီလျံနဲ့ဟယ်ရီကို မြင်းစီးသင်ပေးတယ်၊ ကူညီတယ်ဆိုပေမယ့် ချားလ်စ် အဝေးသွားလိုက်တာနဲ့ မြင်းစီးသင်တဲ့ ဆရာလေးက ဒိုင်းဆီ ရောက်လာတာကို အိမ်တော်ဝန်ထမ်းတွေ သတိပြုလာမိကြပြီ။ ဒါ့အပြင် သူ ရောက်လာခြင်းကလည်း ဒိုင်ယာနာရဲ့စိတ်ကို ပျော်ရွှင်ဖို့ အမြဲအာမခံနေတယ် ဆိုတာလည်း သိနေကြပြီ။ သူတို့နှစ်ဦးရဲ့ လျှို့ဝှက်ဇာတ်လမ်းကို ဗြိတိသျှသတင်းစာတွေက ဖွင့်ထုတ်တာကတော့ နောက် တစ်နှစ်လောက်မှာပါ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ပါပါ… ပါပါကို ကျွန်တော်မုန်းတယ်။ အရမ်းမုန်းတယ်။ ဘာဖြစ်လို့ မာမီကို အမြဲတမ်းငိုနေအောင် လုပ်နေတာလဲ"

ဝီလျံက ဉယျာဉ်ထဲမှာရှိနေတဲ့ သူ့ဖခင်ကို ဒေါသတကြီး အော်ခဲ့တာ ဖြစ်ပါတယ်။ သူ့ မိဘတွေ ပျော်ပျော်ရွှင်ရွှင် မရှိကြဘူးလို့ ဝီလျံ သိထားတာ ကြာပါပြီ။ သူ့မိခင်ဟာ မျက်ရည်စတွေနဲ့ သူ့သား အကြီးကိုပဲ တိုင်တည်လေ့ ရှိပါတယ်။ ဒီအခါ ဝီလျံက တစ်သျှူးစယူပြီး သူ့မိခင် မျက်ရည်သုတ်ဖို့ ပေးတတ်ပါတယ်။ ကလေးတစ်ယောက်အဖို့ ဒီကိစ္စဟာ အလွန်ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုးကြီးပါပဲ။

အခုတော့ သူ ကျောင်းသွားရတော့မယ်။ ကျောင်းမှာပဲ ဘော်ဒါနေရတော့မယ်။ ချားလ်စ်နဲ့ဒိုင်ယာနာက ယောကျ်ားလေးတွေချည်းထားတဲ့ "လုဂရို့ဗ်"ကျောင်းဟာ သူတို့သားအတွက် အကောင်းဆုံးလို့ သဘောတူခဲ့ကြပါတယ်။ ဧက ၁၃၀ ကျယ်တဲ့ ကျေးလက်ဝန်းကျင်မှာ ဒီကျောင်းရဲ့ ဂုဏ်သတင်းက အားကစားထူးချွန်သလို၊ စာသင်လည်း ကောင်းတယ်ဆိုတာပါပဲ။ နှစ်ဝက်စာအတွက် စတာလင်ပေါင် ၂၃၅၀ ကျောင်းလခ ယူတယ်။

၁၉၉၀၊ စက်တင်ဘာ ၁၀ ရက်။

ပထမဆုံး အိမ်ကိုခွဲရမှာမို့ ဝီလျံ စိတ်လှုပ်ရှားနေခဲ့တယ်။

## အခန်း – ၃
## ကျောင်းသွားရပြီ

*လေယာဉ်ဆိုက်လို့ တံခါးဖွင့်တော့ သူတို့ပေါ်လာတယ်။ ဘုရားရေ… သွားပါပြီ။ ခန္ဓာကိုယ်အနေအထားတွေက အားလုံးကို ပြောပြနေပါပြီ။ သူတို့နှစ်ယောက်ကြားမှာ တင့်ကားတပ်တစ်တပ်လောက် မောင်းလို့ရနိုင်တယ်။ လုံးဝ အဆက်အစပ် မရှိတော့ပါ။ ဒိုင်ယာနာက ချားလ်စ်နဲ့ အဝေးကြီး··*

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ယာနာက မျက်ရည်တွေကို မျက်တောင်ခတ်ရင်း ထိန်းနေတယ်။ ဝီလျံက အခု ရှစ်နှစ်ပါ။ ယူနီဖောင်းအသစ်နဲ့။ ဒိုင်ယာနာဟာ သူ့သားကြီးလက်ကို တင်းတင်းဆုပ်ထားရင်း ဩော်... ငါ့သားကြီး အသိုက်ထဲကထွက်ပြီး ပျံသန်းရတော့မယ်... ဘယ်အရာမှ အရင်လို ပြန်မဖြစ်တော့ဘူးလို့ တွေးမိနေရှာတယ်။

ကားရှေ့ခန်းမှာတော့ ချားလ်စ်က ထိုင်နေတာပါ။ ချားလ်စ်စိတ်ထဲမှာလည်း ဒိုင်ယာနာလိုပဲ ခံစားနေရပါတယ်။ သူဆိုရင် ကျောင်းနေခဲ့ရတဲ့ ကာလတစ်လျှောက်လုံး မပျော်ဆုံးရက်တွေ ဖြစ်ခဲ့တာမို့ သူ့သားကြီးကိုလည်း အဲဒီလို မဖြစ်စေချင်ဘူး။ ဝီလျံ မူကြိုတက်တုန်းက ပထမနေ့မှာ ချားလ်စ် လိုက်မပို့တာနဲ့ ပတ်သက်ပြီး သတင်းစာတွေက ဆဲဖန်ခဲ့လို့ အခု မူလတန်းကျောင်းကို ပို့တဲ့ရက်ကိုတော့ မဖြစ်မနေပို့ဖို့ သူ့မူလအချိန်ဇယားတွေကို ရှင်းပစ်ခဲ့ရပါသေးတယ်။

အခုအချိန်မှာ ချားလ်စ်နဲ့ဒိုင်ယာနာတို့ရဲ့ သီးခြားဘဝတွေဟာ သတင်းစာတွေမှာ စာလုံးကြီးတွေနဲ့ ပါနေပြီ။ ဒီလိုသတင်းတွေ ပါနေရတဲ့ အကြောင်းရင်းက ဒီကိစ္စတွေကို ဖွင့်ပြောတဲ့လူဟာ သူ့မိန်းမပဲဖြစ်ရမယ်လို့ ချားလ်စ်က သံသယရှိနေတယ်။ ချားလ်စ်က ၁၉၈၈၊ မေလတုန်းက ဩစတြေးလျသွားနေတုန်း ဟယ်ရီလေးဟာ "ဟားနီးယား" အူကျရောဂါနဲ့ အရေးပေါ်ခွဲစိတ်ဖို့ ဆေးရုံတက်ခဲ့ရတယ်။ ဒီအခါမှာလည်း ကလေးနားမှာ သူ့အဖေမရှိခြင်းကို သတင်းစာတွေက ပြောကြရေးကြပါတယ်။ နာရီဝက်လောက် ဖုန်းနဲ့ သတင်းမေး အားပေးခဲ့ပေမယ့် ရောက်မလာတာကို အပြစ်တင်ခဲ့ကြတယ်။

ဘော်ဒါ ပို့ရတော့မယ်ဆိုတော့ ဝီလျံရဲ့ အဝတ်သေတ္တာကို ဒိုင်ယာနာက နှစ်ခါပြန်စစ်ဆေးခဲ့ပါတယ်။ ယူစရာပစ္စည်းတွေကို အထိန်းတော်အသစ် ရှသ်က ထည့်ထားတာပါ။ သေတ္တာထဲမှာ ညစဉ်ခေါင်းအုံးအောက်မှာ ထားပေးနေကျ ဝက်ဝံရုပ်ကိုလည်း ဒိုင်ယာနာက ထည့်ပေးလိုက်တယ်။ ပထမနှစ်ဝက်မှာ လိုအပ်မယ့်အရာတွေ အားလုံး ပြည့်စုံအောင်ထည့်ပေးခဲ့တယ်။ ကျောင်းကို ကားနဲ့အတူ ပို့ကြပြီးတဲ့နောက် ဝီလျံ အခြေကျပြီးပြီးချင်းမှာတော့ ဒိုင်ယာနာက ကင်စင်တန်နန်းတော်ကို ပြန်ခဲ့ပြီး ချားလ်စ်က ဟိုင်းဂရိုဗ်ကို ပြန်သွားပါတော့တယ်။ အခုဆိုရင် သူတို့ တစ်ခြားစီ ခွဲနေနေကြပါပြီ။

ဝီလျံအဖို့တော့ ကျောင်းရောက်သွားတာဟာ အိမ်မှာ ရှုပ်ရှုပ်ထွေးထွေးတွေ မြင်နေရတာထက် အေးချမ်းသွားပါတယ်။ ဝီလျံနဲ့ဟယ်ရီတို့လည်း ရန်ပွဲတွေကို ရှိုးတောင်နေခဲ့ပါပြီ။ အဖေနဲ့အမေ ရန်ဖြစ်ကြပြီဆိုရင် နာနီရှသ်က သူတို့ကို အပေါ်ထပ်ခေါ်သွားလေ့ ရှိခဲ့တယ်။ ခုအချိန်မှာ ရှသ်က အလုပ်ထွက်သွားပြီး ဂျက်စီကို အစားခန့်လိုက်တယ်။

"လုဂရိုဗ်"ကျောင်းရဲ့ ပုံမှန်ဇယားတွေက ဝီလျံကို သက်သာစေပါတယ်။ မနက်ဆိုရင် ၇ နာရီထိုးပြီးမှ အိပ်ရာထတယ်။ ရေချိုး ဝတ်စားပြီး နံနက်စာ စားတယ်။ ကျောင်းသင်ခန်းစာတွေကို ၉ နာရီကျမှ စပြီးသင်တာပါ။ ဒီတော့ ကျောင်းမတက်ခင် ဘောလုံး ကစားလိုက်တယ်။ ညနေ ၅ နာရီခွဲအထိ စာသင်တယ်။ ကျောင်းဆင်းရင်တော့ ညစာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မစားမချင်း ကြိုက်သလောက် ဆော့နိုင်ပါတယ်။ ညဘက် ၀တ်ပြုပြီး ၈ နာရီမှာ မီးတွေ ပိတ်လိုက်ပါတော့တယ်။

ဒိုင်ယာနာက ကျောင်းအုပ်ကြီးကို သူတို့အိမ်က မပြေလည်တဲ့ကိစ္စတွေ ပြောပြခဲ့ပြီး ဝီလျံကို ဂရုစိုက်ပေးဖို့ မှာခဲ့တာပါ။ ကျောင်းအုပ်ကြီးနဲ့ သူ့ဇနီးတို့ကလည်း အထူးဂရုစိုက်ကြတဲ့အတွက် မိဘတွေ အိမ်ထောင်ပြိုကွဲသွားတဲ့တိုင်အောင် ကျောင်းအုပ်ကြီးနဲ့ဇနီးကို ဝီလျံရော၊ ဟယ်ရီဘ၀မှာပါ အဓိကမဏ္ဍိုင်တွေအဖြစ် အားထားခဲ့ကြပါတယ်။

ကျောင်းမှာ ဝီလျံကို စောင့်ရှောက်ရတဲ့လူက တပ်ကြပ်ရက်ဒ်စပင်နီနဲ့ ခရက်ကာပါ။ အရင်က ရေတပ်သားဖြစ်ပြီး ကျောင်းဝင်းထဲမှာ သီးခြားနေရပါတယ်။ တင်းနစ်ကွင်းနဲ့ ပန်းချီကျောင်းနားမှာပါ။ နှစ်ယောက်စလုံးကို ခပ်လှမ်းလှမ်းကပဲကြည့်ဖို့ ပြောထားတယ်။ ကလေးတွေကို တင်းကျပ်မနေစေဘဲ သူ့အပေါင်းအဖော်တွေနဲ့ နေထိုင်ချိန်ပေးဖို့ပါ။ ခုလို အစောင့်အရှောက်တွေနဲ့ဆိုတော့ ဝီလျံဟာ ကျောင်းမှာ အလျှင်အမြန် လူသိများလာခဲ့တယ်။

ဝီလျံရဲ့မိဘများ အခြေအနေကို သိထားတဲ့အတွက် ကျောင်းက ဆရာတွေဟာ ကျောင်းစာကြည့်ခန်းထဲကို သတင်းစာတွေ သွင်းမလာဖို့ တားမြစ်ထားခဲ့ပြီး တယ်လီဗေးရှင်းကြည့်တာကိုလည်း ကြီးကြပ်ခဲ့ကြတယ်။ ဒိုင်ယာနာရဲ့ အသက် ၃၀ ပြည့် မွေးနေ့မှာ ဒေးလီးမေးလ်သတင်းစာရဲ့ သတင်းထောက် နီဂျယ်ဒင့်စတာက အတင်းအဖျင်းရေးပြီး ဖော်ပြထားတယ်။ ဒိုင်ယာနာ့မွေးနေ့ပွဲကို ကျင်းပဖို့ ချားလ်စ်က လိုလားကြောင်း၊ ဒါပေမဲ့ ဒါဟာ ဖုံးကွယ်ချင်လို့ ဟန်ဆောင်တာပဲဆိုပြီး ဒိုင်ယာနာက လက်မခံကြောင်း စသဖြင့် ရေးထားပါတယ်။

ဒီလိုဖြစ်လာတဲ့အခါ ကင်စင်တန်နဲ့ ဟိုင်းဂရို့ဗ်ဝန်ထမ်းတွေပါ ကွဲလာကြတော့တယ်။ နှစ်ဖက်စလုံးကပဲ သတင်းစာတွေကို သတင်းပေးနေခဲ့ကြတယ်။ ဝန်ထမ်းတွေထဲမှာ မင်းသားဘက်က ပါတဲ့လူလည်း ရှိနိုင်တယ်။ မင်းသမီးဘက် ပါတဲ့လူလည်း ရှိနိုင်တယ်။ ဒီအခါ ဘယ်သူ့ဘယ်သူမှ မယုံကြတော့ဘူး။ ဒိုင်ယာနာကလည်း ဟိုင်းဂရို့ဗ်သွားရင် ဆင်ခြင်ရတယ်လို့ ဆိုပါတယ်။ သူ့ကိုဆန့်ကျင်တဲ့ လက်တွေက သတင်းပေးလိုက်မှာ စိုးလို့ပါ။ နှစ်ယောက်စလုံးရဲ့ ပြောခွင့်ရပုဂ္ဂိုလ်ဖြစ်တဲ့ "ဒစ်ကီအာဘစ်တာကလည်း အိမ်ကဒုက္ခတွေကြားက လွတ်မြောက်ပြီး နားခိုရာကို 'လုဂရို့ဗ်' က ပေးခဲ့တယ်"လို့ ပြောပါတယ်။

"ကင်စင်တန်မှာက သတင်းစာတွေ ဖတ်ရတယ်။ သူတို့အမေက ဖတ်တာကိုး။ သတင်းစာမျက်နှာဖုံးကို မြင်ရဖို့ လွယ်တယ်။ အခု လုဂရို့ဗ်ကို ရောက်သွားတာဟာ အကောင်းဆုံးပဲ။ ကျောင်းကိုတော့ မီဒီယာတွေ ရောက်မလာနိုင်တော့ဘူး။ ကစားကွင်းထဲကိုလည်း ဓာတ်ပုံဆရာတွေ လိုက်လာလို့မရတော့ အလွန်လုံခြုံပါတယ်" တဲ့။

ဝီလျံရဲ့ ကျောင်းနေဖော်တစ်ဦးကလည်း ပြောဖူးပါတယ်။

"ကျောင်းက ဆရာကြီး၊ ဆရာမကြီးတွေက မင်းသားဝီလျံနဲ့ဟယ်ရီကို ဘယ်လိုဆက်ဆံရမယ်ဆိုတာ ပြင်ဆင်မှု ရှိကြတယ်။ ဒီကျောင်းကို လာတက်တာ ဝီလျံနဲ့ဟယ်ရီလို မင်းစိုးရာဇာ တခြားလူတွေလည်း ရှိတာကိုး။ ဆရာကြီး

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



တို့က ဝီလျံနဲ့ဟယ်ရီကို အိမ်ကအပူတွေနဲ့ ဝေးအောင် ကာကွယ်ဖို့ အဓိက တာဝန်ယူခဲ့ကြတာပါ''

စနေ၊ တနင်္ဂနွေ အားရက်တွေမှာတော့ အိမ်ပြန်ရပါတယ်။ ဒီအခါ မိဘတွေရဲ့ စိတ်ညစ်ဖွယ် ဘဝတွေကို တွေ့ချင်လို့မရ၊ တွေ့ရပြန်တာပါပဲ။ ဒိုင်ယာနာကလည်း သူ့သားလေးကို အတတ်နိုင်ဆုံး စိတ်သက်သာအောင် ကြိုးစားပါတယ်။ အထူးသဖြင့် ကျောင်းက သူငယ်ချင်းအသစ်တွေကို အိမ်လာလည်ဖို့ ခေါ်နိုင်းတယ်။ အနီးအနားမှာရှိတဲ့ အင်မြို့စားရဲ့ သားသမီးတွေကိုလည်း လာလည်ဖို့ပြောပြီး နန်းတော်တွင်း မြေပြင်တစ်လျှောက် B M X စက်ဘီးတွေ လျှောက်စီးနေခဲ့ကြပါတယ်။

လုဂရို့ဖ်မှာ ဝီလျံ နေသားကျသွားခဲ့တာကို ချားလ်စ်ရော၊ ဒိုင်ယာနာပါ သဘောကျခဲ့ကြတယ်။ သူက အားသာရပ်တိုင်းမှာ ထိပ်ဆုံးရှိခဲ့ရုံမက အကောင်းဆုံး ရေကူးသမားလည်း ဖြစ်နေတယ်။ ဟော်ကီအသင်းမှာ ကပ္ပတိန် ဖြစ်ခဲ့တယ်။ ချားလ်စ်တို့၊ ဒိုင်ယာနာတို့လည်း ကိုယ့်အပူနဲ့ကိုယ် ဖြစ်ပေမယ့် သူတို့သားလေးကိုတော့ ကြိုးစားပြီး လာတွေ့တတ်ကြပါတယ်။ ဒိုင်ယာနာဆိုရင် မကြာခဏ လုဂရို့ဖ်ကို ကားမောင်းလာပြီး ဘောလုံးပွဲ ထိုင်ကြည့်တတ်တယ်။ ဘောလုံးကွင်းဘေးက ခုံတန်းရှည်မှာထိုင်ပြီး ဝီလျံ ဘောလုံးကန်တာကို ကြည့်တာပါ။ ''တစ်ခါက ကျွန်တော် ဒဏ်ရာရလို့ ကစားကွင်းက ထွက်ပြီး ထိုင်နေရတာကို ဒိုင်ယာနာက ဂရုတစိုက် မေးခဲ့ပါသေးတယ်။ အခုလို ဒိုင်ယာနာ ကျောင်းရောက်လာတာကို ကျောင်းကလူတွေက သိပ်ကြီးကြီးကျယ်ကျယ် မယူဆခဲ့ကြပါဘူး။ ဒါကို ဒိုင်ယာနာကလည်း ကြိုက်ပါတယ်။ ကျွန်တော်တို့ ကျောင်းသားတွေအဖို့ကတော့ ဒိုင်ယာနာဆိုတာ ဝီလျံတို့၊ ဟယ်ရီတို့ရဲ့ အမေလှလှလေးပါပဲ။ မင်းသမီးလို့ မယူမှတ်ပါဘူး''

ဒါကတော့ ဝီလျံရဲ့ ကျောင်းနေဖက်တစ်ဦး ပြောပြတာပါ။

အားကစားရာသီ ရောက်တဲ့အခါ ဝီလျံနဲ့သူ့ဖခင်ဟာ ရွှံ့နဲ့လုပ်တဲ့ ပင်ဂွင်းငှက်ကလေးတွေကို သေနတ်နဲ့ ပစ်ရတဲ့ အားနည်းမှာ ဝင်ပြိုင်ခဲ့ကြတယ်။ ၁၉၉၅ ခုနှစ်မှာ သူတို့နိုင်သွားပါတယ်။ သူ့အဖေ ငှက်ပစ်ထွက်တဲ့အခါ အသက် လေးနှစ်အရွယ်ကလေးတည်းက ဝီလျံကလိုက်ပါခဲ့တာပါ။ ချားလ်စ်ကလည်း ငယ်ငယ်ကတည်းက ငှက်ပစ်ဝါသနာ ပါသူပါ။

ခရစ္စမတ်အချိန်ဆိုရင်တော့ ချားလ်စ်ရော၊ ဒိုင်ယာနာပါ နှစ်ပတ်လည်ဝတ်ပြုပွဲကို တက်ရောက်ကြပြီး ဝီလျံ အစ်ယောက် ကျောင်းပြဇာတ်မှာပါတာကို ကြည့်ခဲ့ကြပါတယ်။ ဝီလျံဟာဝတ်စားပြီး စင်ပေါ်တက်ရတာကို ကြိုက်တယ်။ ဒီတော့ သူဟာ လုဂရို့ဖ်ပြဇာတ်အဖွဲ့မှာ ခေါင်းဆောင် ဖြစ်လာခဲ့တော့တယ်။ မိဘတွေကလည်း သိပ်ကို အားရကျေနပ်ခဲ့ကြတယ်။ ချားလ်စ်က ကျောင်းပိတ်ရက်တွေကျရင် ဖျော်ဖြေပွဲခရီးစဉ်တွေ စီစဉ်မယ်လို့ ပြောကြောင်း ချားလ်စ်ရဲ့ တရားဝင်ဓာတ်ပုံဆရာ ဂျော်နသန်က ပြောပြပါတယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ယာနာဟာ သူကြမ္မာ သူ ဖန်တီးဖို့ စိတ်ကူးထားခဲ့တယ်။ အားလုံးနဲ့ ဆန့်ကျင်ရစေကာမူ ဒါကို မလွဲမရှောင် သာ လုပ်မယ်လို့လည်း ခံယူထားခဲ့တယ်။

"ကျွန်မ သူတို့ကို လုံခြုံစွာ မွေးမြူချင်တယ်။ ဘာကိုမှ မချုပ်ချယ်ချင်ဘူး။ ကြိုတင် မတားမြစ်ချင်ဘူး။ ဘာလို့လဲဆိုတော့ သူတို့ သဘောမကျမှာစိုးလို့ပါ။ ကျွန်မ သေသည်အထိ ကျွန်မကလေးတွေကို တင်းတင်း ပွေ့ဖက်ထားမယ်။ ညကျရင် ကျွန်မ သူတို့နဲ့အတူ အိပ်မယ်။ ကျွန်မ သူတို့ကို ချစ်ခြင်းနဲ့ မေတ္တာတရား တိုက်ကျွေးတယ်။ ဒါ သိပ် အရေးကြီးတယ်" လို့လည်း ဆိုခဲ့ပါတယ်။

ဒိုင်ယာနာဟာ ချားလ်စ်လိုပဲ အထိန်းတော်နဲ့ ကြီးပြင်းခဲ့ရတာပါ။ ဒါပေမဲ့ သူ့အဖို့ 'လုံခြုံမှု' ဆိုတာ စောင့်ရှောက်ခြင်းလို့ပဲ အဓိပ္ပာယ်ရပါတယ်။ ဒီတော့ သူ့ရဲ့သားဦးလေးကို သူဟာသူပဲ ထိန်းမယ်၊ နို့တိုက်မယ်လို့ စိတ်ကူးထားခဲ့တယ်။ သို့သော်လည်း တော်ဝင်မိသားစုရဲ့ အချိန်ဇယားအရ တော်ဝင်တာဝန်တွေ၊ မဖြစ်မနေ လုပ်ရမယ့်အလုပ်တွေ ရှိနေတဲ့အတွက် သားလေးအတွက် ကလေးထိန်းမရှိလို့ မဖြစ်တော့မှန်း ထင်ရှားလာခဲ့ပါတယ်။

ဒီအခါ ဒိုင်ယာနာက အရင် ချားလ်စ်ကိုထိန်းခဲ့တဲ့ အထိန်းတော်ကြီး မေဘယ်လ်ဟင်ဒါဆင်ကို ဝီလျံအတွက် ဆက်ခန့်ဖို့ ချားလ်စ်ရဲ့ အကြံပြုချက်ကို ချက်ချင်း ပယ်ချလိုက်တယ်။ သူ့သားလေးကို ခေတ်ဟောင်း အယူအဆတွေနဲ့ ရှေးဟောင်း အထိန်းတော်ကြီးရဲ့ စောင့်ရှောက်မှုမှာ မထားနိုင်ဘူး။ ဒီမှာတင် ချားလ်စ်နဲ့ အတော်အခြေအတင် ဖြစ်ကြရတယ်။ နောက်ဆုံးမှ အသက် ၄၂ နှစ်အရွယ် ဘာဘာရာဘန်းစ်ကို တော်ဝင်အထိန်းတော်အဖြစ် ဆုံးဖြတ်ဖြစ်ခဲ့ပါတယ်။ ဘန်းစ်က ကလေးတွေဟာ သူ့အတိုင်းအတာနဲ့သူ ဖွံ့ဖြိုးစေသင့်တယ်လို့ ယုံကြည်သူဖြစ်တဲ့အတွက် ဒိုင်ယာနာက လက်ခံခဲ့တာပါ။ ဘန်းစ်က ဘုရင်မကြီးရဲ့ ညီမတော် မာဂရက်မင်းသမီးရဲ့ ရင်းနှီးတဲ့ မိတ်ဆွေဆီမှာ အမှုထမ်းခဲ့ပြီး အဲဒီမိတ်ဆွေက ဝီလျံအတွက် သင့်တော်ကြောင်း ထောက်ခံခဲ့တာလည်း ပါပါတယ်။ ဘန်းစ်ကို အထိန်းတော်အဖြစ် ခန့်တဲ့အခါ အထိန်းတော် အနေနဲ့ ကလေးကို 'ကူညီထောက်ပံ့ဖို့'သာ ဖြစ်တယ်၊ 'ချုပ်ကိုင်ဖို့' မဟုတ်ဘူးလို့လည်း ရှင်းရှင်းသိစေခဲ့တယ်။

ချားလ်စ်နဲ့ ဒိုင်ယာနာတို့နှစ်ယောက်ဟာ ကလေးနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေ ချခဲ့ကြပါ တယ်။ အထိန်းတော်ကို အမှုထမ်းဝတ်စုံ မဝတ်ဖို့နဲ့၊ သူ့ကို 'ဘာဘရာ'လို့ပဲ ခေါ်ဝေါ်ဖို့ကိုပါ ဒိုင်ယာနာက သတ်မှတ်ခဲ့တယ်။

သားလေးဝီလျံ ဖွားမြင်လာခြင်းဟာ ချားလ်စ်ရော၊ ဒိုင်ယာနာအတွက်ပါ ဝမ်းသာပျော်ရွှင်ဖွယ် ဖြစ်ခဲ့ပါတယ်။ ချားလ်စ်ဆိုရင် သူ့ရဲ့ ခေါင်းကိုင်မိခင် လေဒီမောင့်ဘက်တန်ဆီ စာရေးတဲ့အထဲမှာ သူဟာ ဖခင်တစ်ဦး ဖြစ်လာတဲ့အတွက် အလွန်အဓိပ္ပာယ်ရှိလာကြောင်း၊ သားလေး ရောက်လာခြင်းဟာ အလွန်ထူးခြားတဲ့ အတွေ့အကြုံဖြစ်ကြောင်း၊ သူ့ထွေးတော်ခဲ့ ဖူးတာထက် ပိုမိုကြောင်း ထည့်ရေးခဲ့ပါတယ်။ ကလေးအဆောင်မှာ ဒိုင်ယာနာသာ မဟုတ်၊ ချားလ်စ်လည်း အချိန်အများ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ချားလ်စ်က ကျွန်တော်တို့ကို "နွေညလယ် အိပ်မက်" ထုတ်လုပ်ရေးဆီကို ဖိတ်ဖူးတယ်။ ဝီလျံနဲ့ဟယ်ရီကလည်း ကြိုက်ကြတယ်။ အဲဒီနေ့က သူတို့သားအဖတွေ တစ်အားပျော်ခဲ့ကြတာပါ။ ကျွန်တော်တို့အားလုံး ဟိုင်းဂရို့ဗ်မှာ ဆုံကြတယ်။ ကားထဲမှာ ဝီလျံနဲ့ဟယ်ရီပါလာတော့ ဟယ်ရီက ပြတင်းပေါက်ကနေ ဘယ်ရီသီးတွေနဲ့ သူ့အဖေ... ပစ်ပေါက်ခဲ့တာ သတိရမိတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးလည်း ပျော်ရွှင်နေကြပြီး မိသားစု ပုံမှန်ပျော်ပွဲလေးပါပဲ။ ချား... ဟာ သူ့သားတွေနဲ့ အတူနေရတာကို သိပ်ပျော်နေပုံရပါတယ်။ အဲဒီအချိန်မှာ အိမ်တွင်းရေးနဲ့ပတ်သက်ပြီး ဝီလျံ စိတ်ရှု... နေရတဲ့အချိန်ပါ။ သတင်းစာတွေထဲမှာ သူတို့အကြောင်း အမြဲပါနေပြီး ဒိုင်ယာနာ စိတ်ဆင်းရဲနေရကြောင်း ဖော်ပြနေတဲ့အချိန်ပါ။ ဝီလျံက "ပါပါက ကျွန်တော့်ကို ဘယ်တော့မှ စိတ်ညစ်အောင် မလုပ်ပါဘူး၊ ဒါပေမဲ့ မာမီကတော့ တစ်ခါတလေ လုပ်တတ်တယ်" လို့ ပြောပြခဲ့ပါတယ်။

လူထုရှေ့မှာတော့ ချားလ်စ်နဲ့ဒိုင်ယာနာတို့ဟာ သူတို့ဒုက္ခတွေကို နောက်ကွယ်မှာ ထားနိုင်ခဲ့ကြပါတယ်။ ၁၉၉၁၊ ဇွန်လိုင်မှာ ဝီလျံလေး ကစားကွင်းမှာ ထိခိုက်ဒဏ်ရာရကြောင်း သိရတော့ နှစ်ယောက်စလုံး ပြေးသွားခဲ့ကြတာပါ။ ဒဏ်ရာက ဂေါက်ရိုက်တံနဲ့ ခေါင်းကိုရိုက်မိတာဖြစ်လို့ အရေးကြီးပါတယ်။ ဒီသတင်းကို ဒိုင်ယာနာရဲ့ သက်တော်စောင့် "ကင်"က လာပြောတော့ ဒိုင်ယာနာက သူအကြိုက်ဆုံး "နိုက်ဘရစ်" စားသောက်ဆိုင်မှာ နေ့လယ်စာစား... ဖြစ်တယ်။ သတင်းကြားကြားချင်း လန်ဒန်ကနေ "ရီဒင်း" မှာရှိတဲ့ ရှိုင်းယားဘတ်စ် ရှိုင်းယားဆေးရုံဆီ စိတ်ပင်ပန်းကြီးစွာ သွားခဲ့တယ်။ ချားလ်စ်ကလည်း သတင်းကြားကြားချင်း ဟိုင်းဂရို့ဗ်ကနေ အပြေးအလွှား လာပါတယ်။ ဒိုင်ယာနာက ဆေးရုံကို အရင်ရောက်ပြီး ဝီလျံကို ဒီဆေးရုံကနေ ဂရိတ်ဟော်မင်လမ်းက ဆေးရုံဆီပြောင်းဖို့ ဟိုဆေးရုံမှာသာ ဦးနှောက်အထူးကုနဲ့ စစ်နိုင်မှာမို့ ပြောင်းမယ် ဆုံးဖြတ်တယ်။ လူနာတင်ကားထဲမှာ သူ့သားလေး လက်ကိုကိုင်ပြီး လိုက်ခဲ့တယ်။ ကလေးကို မိနစ် ၇၀ ကြာအောင် ခွဲစိတ်ကုသရပြီး ၂၄ ချက် ချုပ်ခဲ့ရပါတယ်။ ချားလ်စ်ရော ဒိုင်ယာနာပါ ကလေးကိုစိတ်ပူပြီး ဆေးရုံမှာ စောင့်ကြတယ်။ ဒါပေမဲ့ ခွဲစိတ်မှု အောင်မြင်သွားပြီး ဝီလျံ နေကောင်းသွားပြီလို့ သတင်းပို့တဲ့အခါ ချားလ်စ်က "တော်ဝင်ကပွဲရုံ"ကို တာဝန်တစ်ရပ် ဆောင်ရွက်ဖို့ ချိန်းဆိုထားတဲ့အတိုင်း ထွက်သွား ခဲ့တယ်။ ဒိုင်ယာနာကတော့ မိသားစုအပေါ် ချားလ်စ် ပြုမူနေတာတွေနဲ့ ပတ်သက်ပြီး ရိုးနေပါပြီ။ ဘယ်လိုမှ မခံစားတော့ပါဘူး။ ဒါပေမဲ့ **SUN** သတင်းစာကြီးကတော့ "ခင်ဗျား ဘယ်လိုဖခင်လဲ" လို့ မျက်နှာဖုံးမှာ စာလုံးကြီးကြီး... မေးခဲ့ပါတော့တယ်။ ဝီလျံက အမြန် ပြန်ကောင်းလာပါတယ်။ မကြာခင် ကျောင်းပြန်ရပါတယ်။ ဒီနေ့အထိ အဲ့ဒီအမာရွတ်ကို "ဟယ်ရီပေါ်တာ အမာရွတ်" လို့ သူ့ဟာသူ ခေါ်နေပါတယ်။

ဟယ်ရီက ခေါင်းအုံးတစ်လုံးကို သူ့ခွန်အားရှိသမျှ သုံးပြီး ပစ်ပေါက်လိုက်တယ်။ ခေါင်းအုံးဟာ သူ့ပစ်မှတ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ ကလေးတစ်ယောက်ရဲ့ ဦးခေါင်းကို ထိသွားတယ်။ ကလေးက အိပ်ရာပေါ်က ကျွမ်းပြန်ကျသွားတဲ့အခါ ဟယ်ရီက ပျော်ရွှင်အားရတဲ့ အသံနဲ့ အကျယ်ကြီး အော်ဟစ်လိုက်ပါတယ်။

အချိန်က မီးပိတ်ပြီးချိန်ပါ။ ခုထိ မအိပ်ကြသေးဘူးဆိုတာ ကျောင်းဆရာကြီး သိသွားရင် ကျောင်းသားတွေ ရောက်မယ်ဆိုတာ အားလုံး သိကြတယ်။ ဟယ်ရီကတော့ လုဂရို့ဖ်ကိုရောက်တာ ရက်သတ္တပတ် အနည်းငယ်ပဲ ရှိပါသေးတယ်။ သူက လုဂရို့ဖ်ကို သဘောကျနေတာပါ။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလမှာ ဒီကျောင်းကို သူ စရောက်တော့ ထုံးစံအတိုင်း အိမ်လွမ်းနာ ဖြစ်ခဲ့သေးတယ်။ သူ့အစ်ကို ဝီလျံကရှိနှင့်နေပြီး သူ့ကို အစစ ဖေးမခဲ့ရတယ်။ ဒါ့အပြင် ကျောင်းဆောင်ကြီးကြပ်သူ "ဆရာမကြီး" က ဆံပင်နီနီနဲ့ ဟယ်ရီလေးကို မြင်မြင်ချင်း သံယောဇဉ်ဖြစ်ပြီး သူ့အခန်းထဲမှာ ကိုကာတစ်ခွက်နဲ့ ရုပ်ရှင်ကြည့်ခွင့် ပြုခဲ့တယ်။ သိပ်မကြာခင် အိပ်ဆောင်က အပေါင်းအသင်းတွေကိုပါ သူနဲ့အတူ ကြည့်ခွင့်ပြုဖို့ ဟယ်ရီက ဆွဲဆောင်နိုင်ခဲ့ပါသေးတယ်။

ချားလ်စ်က သူ့သားငယ်ဟာ ပိုပြီး နူးညံ့သိမ်မွေ့တယ်လို့ မှတ်ချက်ချခဲ့ပေမယ့် ကျောင်းရောက်ပြီး မကြာခင် ဝီလျံ ကျောင်း ပြောင်းသွားတဲ့အခါမှာတော့ ဟယ်ရီဟာ သူ့ဥခွံထဲက ထွက်ခဲ့တော့တယ်။ သူက ကျောင်းမှာ ပိုပြီး ပျော်များတယ်။ ယုံကြည်မှုများတယ်။

အခုဆိုရင် ညီအစ်ကိုနှစ်ယောက်ရဲ့ စရိုက်ဟာ ကွဲလာတာကို မြင်နိုင်ပါတယ်။ ဝီလျံဟာ သူ့မိဘတွေရဲ့ အိမ်ထောင်ရေး ပဋိပက္ခကို မြင်နေရတာမှာ သူကလည်း ခံစားလွယ်တဲ့သူမို့ ဒါတွေကို နားလည်ခံစားနေရတဲ့အတွက် အရင်ကထက် ငြိမ်သွားတယ်။ ဆိုဖာပေါ်မှာ ခွေခေါက်လှဲရင်း သူ့အမေနဲ့အတူ ရုပ်ရှင်ကြည့်တယ်။ ဟယ်ရီကတော့ ကစားကွင်းမှာ ပြေးလွှားကစားရင်း မြင်းပုလေးကိုစီးပြီး ပျော်နေတတ်တယ်။ အခုဆိုရင် သူက ကျွမ်းကျင်တဲ့မြင်းစီးသမား ဖြစ်နေပါပြီ။ သူတို့ ညီအစ်ကိုနှစ်ယောက်ကို နှစ်နှစ်သား အရွယ်ကတည်းက မြင်းစီးသင်ပေးခဲ့တဲ့သူက သူတို့ကို အကြာကြီး သင်ပြထိန်းခဲ့တာပါ။ အခုဆိုရင် ဟယ်ရီက မြင်းစီးတဲ့အရာမှာ ချောချောမွေ့မွေ့၊ သာသာညင်းညင်းလည်း စီးတတ်တယ်။ စည်းရိုးတွေကို ခုန်ကျော်တာမျိုးလည်း လုပ်တတ်နေပြီ။ မြင်းပေါ်မှာတင်မက အပြင်မှာပါ "သူရဲကောင်း" ဖြစ်လာခဲ့တယ်။ သူ့ကို မိခင်က နှစ်ဝက်ကျောင်းပိတ်ရက်မှာ စကိတ်စီးဖို့ ခေါ်သွားတုန်းကဆိုရင် ဟယ်ရီက ခြောက်နှစ်ပဲ ရှိသေးပေမယ့် စကိတ်ဆရာနဲ့ လျှောစီးတဲ့အခါ ပြိုင်ပွဲမှာ ပထမဆုံး အောက်ကို ရောက်သွားသူ ဖြစ်လာခဲ့ပါတယ်။

လုဂရို့ဖ် ရောက်သွားတဲ့အခါမှာတော့ နောင်အခါ အတော် ဒုက္ခပေးတဲ့လူအဖြစ် အမြင်ခံရမယ့်လူကို မိသားစုရဲ့ အမ်တာန်သူ ပေါ်လာပြီလို့ မြင်ကြရပါတယ်။ ဝီလျံက ကလေးဆန်ဆန် နောက်တတ်ပြောင်တတ်ပြီး သင်ခန်းစာတွေမှာ စိတ်နှစ်ဝင်စားတယ်။ ဟယ်ရီကတော့ အတန်းထဲမှာ လူပြက်အဖြစ် ကျော်ကြားလာခဲ့ပါတယ်။ သူက သူငယ်ချင်းတွေရဲ့

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ခဲတံဘူးတွေထဲက ပန်းသည်းတွေကို ပေတံနဲ့ ကုတ်ယူ ဖွက်ထားလေ့ ရှိတယ်။ ပန်းသည်းရှင်က ပန်းသည်းပျောက်လို့ ရှာရင် သူက အကြီးအကျယ် ပျော်နေရော။ အတန်းချိန်ပြီးမှ ပြန်ပေးလေ့ရှိတယ်။

အားကစားနေ့မှာ ချားလ်စ်ရော၊ ဒိုင်ယာနာပါ ကျောင်းကို လာကြတော့ သူတို့မိဘနှစ်ပါး ရောက်လာမယ့် လမ်းမှာ ခါတ်ပုံဆရာတွေ ဝိုင်းကြတဲ့အခါ ဟယ်ရီက ကျောပေးထားဖို့ ဝိုင်းဖြတ်ထားတယ်။ ပြီးတော့ သူ အားပေး အားမြှောက်လုပ်လို့ ကျောင်းသားလေးယောက်ဟာ သတင်းသမားတွေကို "ဖင်လှန်"ပြကြတယ်။ ဟယ်ရီကတော့ ဘယ်သူ့ကိုမှ လှန်မပြပါဘူး။ သူက သူများတွေကို တိုက်တွန်းတာပါ။ သူများတွေကလည်း သူ မြှောက်ပေးတိုင်း လုပ်ကြရောလို့ ကျောင်းနေဖက်တစ်ဦးက ပြန်ပြောပြပါတယ်။ သူက အမိမခံချင်ဘူး။ ပြီးတော့ ခါတ်ပုံသမားတွေနား မှာလည်း လတ်လျားလတ်လျား လုပ်မပြပါဘူး။ တကယ်မှာ သူက ခါတ်ပုံသမားတွေကို သဘောမကျဘူး။ သူတို့ ဒီကိုလာတာကို မကြိုက်ဘူးလို့ သူ့သူငယ်ချင်းက ဆက်ပြောပါတယ်။

တနင်္ဂနွေညနေတွေဆိုရင် အိမ်ကနေ ကျောင်းပြန်ကြရမှာပါ။ ဒီအခါ ဟယ်ရီက မြူးနေတယ်။ ဝီလျံကတော့ သူ့အမေကို တစ်ယောက်တည်း ထားခဲ့ရမှာဆိုပြီး တွဲနေးနေတတ်တယ်။ ဟယ်ရီကတော့ သူ့ပန်းသည်းလေးတွေ ထုပ်ပိုးပြီး ကျောင်းက သူငယ်ချင်းတွေနဲ့ ပြန်တွေ့ဖို့ စိတ်စောနေတယ်။ ပြန်ရောက်ရင် ခရင်မိုလာဆိုတဲ့ ရေခဲမုန့်ကို ဝေလေ့ရှိတာမို့ စားချင်နေပြီ။ တနင်္ဂနွေညဆိုရင် ဟယ်ရီနဲ့ သူ့သူငယ်ချင်းတွေဟာ ပြေးလွှားဆော့ကြတာပါ။ တစ်ခါမှာ ဟယ်ရီက ခုတင်တစ်လုံးကနေ တစ်လုံးခုန်ပြီး ဆော့တာမှာ ကလေးတစ်ယောက် ကြမ်းပြင်ပေါ်လိမ့်ကျပြီး လဲကွဲရော။ ကလေး အော်ငိုသံကြားလို့ အဆောင်မှူးက အိပ်ဆောင်ဆီ ပြေးလာပြီး ကလေးကို ကျောင်းသူနာပြုဆီ စစ်ဆေးဖို့ ခေါ်သွားရတယ်။ ဟယ်ရီလည်း အဆူခံရတယ်။ နောက်နေ့မှာ လဲကျတဲ့ ကလေးရဲ့အမေ ရောက်လာလို့ ဟယ်ရီကို တောင်းပန်ခိုင်းခဲ့ ရတယ်။

ဝီလျံရော၊ ဟယ်ရီပါ အခွင့်ထူးတချို့တော့ ရရှိလေ့ရှိပါတယ်။ ၁၉၉၅ မှာ အက်ဖ်အေဖလား ဗိုလ်လုပွဲ လက်မှတ်ရလို့ သူတို့ဖခင်က အထူးခွင့်ရက်တောင်းပြီး လာခေါ်သွားတယ်။ ပွဲပြီးလို့ ပြန်လာတော့ ကလေးတွေက နိုင်တဲ့အသင်း ဝတ်စုံတွေဝတ်လို့ သူငယ်ချင်းတွေကို ဘောလုံးပွဲအကြောင်း ပြန်ပြောပြတာ မီးပိတ်တဲ့အထိပဲတဲ့။

သူတို့မှာ အဲဒီလို အခွင့်ထူးတွေ ရှိတဲ့အတွက် ရန်သူထက် မိတ်ဆွေ ပိုများပါတယ်။ အနီးမှာရှိတဲ့ ဆေးရုံက "ထိတ်လန့်မှု နှိုးဆော်သံ" တီးတဲ့အခါ ဟယ်ရီက "မပူကြနဲ့ ငါတို့ရဲ့သားတွေက အကာအကွယ် ပေးလိမ့်မယ်" လို့ အားပေးလေ့ ရှိတယ်။ တစ်ခါမှာ သူ့ရဲ့ GPS လုံခြုံရေးကတ်ပြားလေး ပျောက်သွားတယ်။ သူတို့နှစ်ယောက်စလုံးကို အဲဒီကတ်ပြား တပ်ထားဖို့ မှာထားတာပါ။ အစောင့်တွေက လိုက်ရှာနိုင်ဖို့ ဖြစ်တယ်။ အခု ဟယ်ရီရဲ့တံဆိပ် ပျောက်သွား

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာဖြစ်ကုန်ပြီလဲဆိုပြီး အားလုံး ရှုပ်ထွေးသွားတယ်။ အကြာကြီး ရှာကြပြီးမှ ဟယ်ရီရဲ့ အဝတ်လျှော်ပုံးထဲက အဝတ်ညစ်တွေရဲ့ အောက်ဆုံးမှာ တွေ့ခဲ့ကြရတယ်။

လုဂရိုဖ်ရဲ့ ပုံမှန်အချိန်ဇယားတွေက ဝီလျံနဲ့ဟယ်ရီတို့ရဲ့ အိမ်က သောကတွေကို လျော့ပါးစေခဲ့ပါတယ်။ ကျောင်းပိတ်ရင်တော့ စိတ်ညစ်ရဆဲပဲ။ ချားလ်စ်နဲ့ဒိုင်ယာနာက သူတို့သားတွေကို သီးခြားစီ အားလပ်ရက် ခေါ်သွားခဲ့ကြတယ်။ ချားလ်စ်ရဲ့ မိတ်ဆွေတစ်ယောက်ရဲ့ ကလေးများနဲ့အတူ "အလက်ဇန္ဒား" ဇိမ်ခံရွက်သင်္ဘောနဲ့ ခရီးထွက်ခဲ့တဲ့ အကြောင်း မိတ်ဆွေရဲ့ကလေးက ဒီလို ပြောပြပါတယ်။ "ကျွန်မတို့က အိမ်က ပြဿနာတွေအကြောင်း ဘယ်တော့မှ ဆွေးနွေးကြပါဘူး။ ဝီလျံနဲ့ဟယ်ရီက အိမ်မှာကျန်ခဲ့တဲ့ သူတို့အမေဆီ ဖုန်းခေါ်ကြပါတယ်။ ဒါပေမဲ့ အိမ်ထောင်ရေး သောမယာ ဖြစ်နေတဲ့ကိစ္စ မပြောကြပါဘူး။ ကလေးတွေက အရမ်းစိတ်ညစ်နေရတဲ့ကာလမို့ အတတ်နိုင်ဆုံး ပျော်စရာ ဖြစ်အောင် လုပ်ခဲ့ကြပါတယ်။ မဟုတ်ကဟုတ်က ကစားနည်းတွေလည်း အများကြီး ကစားခဲ့ကြတယ်။ တစ်ယောက်ကို တစ်ယောက် လန့်အောင်လုပ်တာ၊ ညစ်တာတွေ အများကြီးပဲ။ ဒါပေမယ့် အားလုံးဟာ ပျော်စရာ ဖန်တီးကြတာပါ။ အဖြစ်ကင်းတဲ့ ကစားနည်း၊ နောက်ကြစကြတဲ့ နည်းတွေချည်းပါ။ သူတို့က တကယ့် ကလေးကြီးတွေပဲ။ အားလုံး ရေစည်းစည်းနဲ့ မိသားစုကြီးလို ဖြစ်ခဲ့တယ်။

၁၉၉၁၊ အောက်တိုဘာမှာ ကနေဒါကို အစိုးရတာဝန်နှင့် မိသားစုတစ်စုလုံး ခရီးထွက်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီခရီးဟာ အမှတ်ပေးတဲ့ လေ့ကျင့်ခန်း တစ်ခုမျှသာ ဖြစ်ပါတယ်။ တော်ဝင်သင်္ဘောကြီး "ဘရစ်တီးနီးယား"ရဲ့ ကုန်းပတ်မှာ ဝီလျံနဲ့ဟယ်ရီကို ဒိုင်ယာနာက ဆီးဖက်တော့ ဓာတ်ပုံဆရာက အရအမိရိုက်ပြီး နောက်နေ့ သတင်းစာတွေမှာ ပါလာတယ်။ သူတို့နှစ်ဦးစလုံးရဲ့ သက်တော်စောင့် ဒစ်ကီလည်း သင်္ဘောပေါ်ပါခဲ့တာမို့၊ ဒစ်ကီက "ချားလ်စ်က ကလေးတွေကို ဖက်တဲ့ပုံကျတော့ မပြကြဘူး။ နှစ်ယောက်စလုံးဟာ သူတို့သားတွေကို ချစ်ကြတာချည်းပါ။ ဒါပေမဲ့ သတင်းထဲမှာ မျှမျှတတ မဖော်ပြကြဘူး" လို့ ဆိုခဲ့ပါတယ်။

သင်္ဘော ကမ်းကပ်ခွာတော့ ဒိုင်ယာနာက ဝီလျံကို ဓာတ်ပုံရိုက်ခံဖို့ ပြောပါတယ်။ ဝီလျံလည်း အရိုက်ခံခဲ့ပါတယ်။ ချားလ်စ်ကလည်း သင်္ဘောခန်းထဲက ဝီလျံကို ထွက်လာပြီး ကမ်းနားက လူထုကို နှုတ်ဆက်ဖို့ သွေးဆောင်ခဲ့ပါသေးတယ်။ ဒါပေမဲ့ တစ်နေ့လုံးပဲ စိတ်မပါ ဖြစ်နေခဲ့တယ်။ အဲဒီအချိန်မှာ ဟယ်ရီကတော့ စိတ်တွေ တက်ကြွနေတယ်။ သင်္ဘောဦးခန်းမှာ သင်္ဘောသားတွေနဲ့အတူ ဟောကီကစားတယ်။ သူ့အမေကလည်း ပါဝင်ကစားတယ်။ ဟယ်ရီက သင်္ဘောဦးခန်းမှာ အကြမ်းပရမ်း ပွဲယမ်းကစားခဲ့တယ်။ ဝီလျံကတော့ မပျော်မရွှင် ဖြစ်နေတာမို့ ဘေးလိုင်းကပဲ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကြည့်နေခဲ့တော့တယ်။

နောက်နှစ်နွေမှာ ပိုပြီး လှုပ်ရှားစရာ ဖြစ်လာခဲ့တယ်။

ချားလ်စ်ရဲ့မိတ်ဆွေ လော့ဒ်ရွှမ်ဆေးတို့နဲ့အတူ "အလက်ဇန္ဒြား" သင်္ဘောနဲ့ မြေထဲပင်လယ်ထဲ ခရီးထွက်ခဲ့စဉ်က ပါ။ မိသားစု စုံစုံလင်လင်နဲ့ ဖြစ်ပေမယ့် ချားလ်စ်က သင်္ဘောပေါ်ကနေ ကမီလာဆီ ဖုန်းဆက်တာကို ဒိုင်ယာနာက သိသွားတယ်။ ဒီအခါ သူ အိမ်ပြန်မယ်လို့ ခြိမ်းခြောက်တယ်။ နောက် အိမ်ပြန်ဖို့ ပြန်လှည့်လာကြတော့လည်း အခြေအနေက ပိုပြီး ဆိုးလာခဲ့တော့တယ်။ ၁၉၉၂၊ ဩဂုတ်လ ၂၄ ရက်မှာ ဒိုင်ယာနာနဲ့ သူ့မိတ်ဆွေ ဂျိမ်းစ်ဂီလ်ဆိုင်တို့ ရင်းရင်းနှီးနှီး စကားပြောကြတဲ့ တိတ်ခွေက သတင်းပေါက်ကြားသွားတယ်။ သတင်းစာထဲမှာ "စကွစ်ဂျီဂိတ်" ဆိုပြီး ဟိုးလေး တကျော် ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ ...

အဲလစ်ဇဘက်ဘုရင်မကြီး အနေနဲ့တော့ ချားလ်စ်ရဲ့အိမ်ထောင်ရေးကို လက်မလျှော့ချင်သေးပါဘူး။ အဲဒီနှစ် ဇန်နဝါရီကမှ အင်ဒရူးနှင့်ဆာရာတို့ ကွာရှင်းခဲ့ကြတာမို့ နောက်ထပ် ကွာရှင်းမှုတစ်ခု ထပ်မပေါ်စေချင်ဘူး။ ဒါနဲ့ နိုဝင် ဘာမှာ ကိုရီးယားခရီးစဉ်အတွက် ပါဝင်လိုက်ပါဖို့ ဒိုင်ယာနာက သဘောတူလိုက်တယ်။ ဒါဟာ လင်မယားအဖြစ် ခရီး ထွက်ကြတဲ့ "နောက်ဆုံးခရီး" ပါပဲ။

သူတို့က တစ်ယောက်နဲ့တစ်ယောက် လုံးဝ မနီးကပ်နိုင်ကြတော့ပါဘူး။ သတင်းစာတွေကလည်း သူတို့ အိမ်ထောင်ရေးကိစ္စကိုပဲ ရေးကြီးခွင့်ကျယ်လုပ်ပြီး ရေးနေကြတယ်။ ဒါဟာ ဗြိတိသျှဧကရာဇ်စနစ်အတွက် အပျက်တွေပဲ။ ဇွန်လကလည်း အင်ဒရူးမော်တင်က "ဒိုင်ယာနာဇာတ်လမ်း အစစ်အမှန်" ဆိုတဲ့ စာအုပ် ထွက်ခဲ့သေးတယ်။ ဒီစာအုပ် နဲ့ ပတ်သက်ပြီးလည်း နန်းတော်မှာ ထိခိုက်ခဲ့ရတာ ဖြစ်တယ်။ ဒီစာအုပ်ဟာ ဝင်ဆာနန်းပလ္လင်ကို အခြေကကိုင်ပြီး လှုပ်ပစ်လိုက်တာပါ။ ဝေလမင်းသမီးကို တော်ဝင်မိသားစုထဲက အပြီးအပိုင် ဖယ်ထုတ်ပစ်ဖို့ ဤစာအုပ်က သေချာစေခဲ့ပါ တယ်။ စာမျက်နှာ ၁၇၄ ပါဝင်တဲ့ ဒီစာအုပ်မှာ ချားလ်စ်နဲ့ဒိုင်ယာနာတို့ရဲ့ နတ်သမီးပုံပြင်က ဧကရာဇ်စနစ်ရဲ့ ရက်စက်မှု တွေ၊ ခေတ်မမီတော့တဲ့ ပြုလုပ်ပုံတွေကို အထင်းသား ပေါ်လွင်စေခဲ့ပါတယ်။

သူငယ်ချင်းများရဲ့ ဖော်ပြမှုအဖြစ် ဒိုင်ယာနာဟာ ချားလ်စ်နဲ့ စေ့စပ်ပြီးကတည်းက မပြည့်ဝတဲ့ ဒဏ်ကို ခံစားခဲ့ရပြီး အိမ်ထောင်သက်အတွင်း သူ့ကိုယ်သူ သေကြောင်းကြံစည်မှု ငါးကြိမ်ရှိခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီစာအုပ် မှာပဲ "ကမီလာပါကာဘောင်း" ဆိုတဲ့ နာမည် စတင်ပါလာခဲ့တယ်။ ဒီ ကမီလာဆိုသူဟာ ဝေလမင်းသမီးတို့ရဲ့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးဘဝ ပျက်စီးအောင် ပြုသူအဖြစ် ဖော်ပြခဲ့တယ်။

ဤစာအုပ်ကို စာအုပ်အပြင် ဆန်းဒေးတိုင်းမ်စ် သတင်းစဉ်မှာလည်း အပတ်စဉ် ဖော်ပြခဲ့တယ်။ ချားလ်စ်ဟာ ဒီအပတ်စဉ် ဖော်ပြချက်ကို ဒေါသတွေနဲ့ ဖတ်ခဲ့ရတယ်။ ဒိုင်ယာနာက စာအုပ်ရေးသူကို သူပြောခဲ့ခြင်း မဟုတ်ဘူးလို့ ငြင်းပါတယ်။ ဒါပေမဲ့ အမှန်က ဒိုင်ယာနာဟာ သူ့သူငယ်ချင်း ဒေါက်တာကိုးလ်ဟတ်စ်က တစ်ဆင့် ဒီ ပေါက်ကွဲ အစွန့်ပွတ်ကို လျှို့ဝှက် လုပ်ဆောင်ခဲ့တာပါ။ ဒီလို လုပ်ခဲ့တဲ့အတွက် သူ့ကို ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာ မဟုတ်ပါဘူး။

အဲလစ်ဇဘက်မိဖုရားကြီးလည်း အရမ်း စိတ်ဆိုးသွားပါပြီ။ ဒီလို ပျက်စီးအောင်လုပ်တာ ဒီစာအုပ်ပဲလို့ ခွင့်မလွှတ်တော့ပါဘူး။ ဒီကြားထဲ ဒီနှစ် နိုဝင်ဘာလမှာ ဝင်ဆာရဲတိုက် မီးလောင်ခဲ့တယ်။ မိဖုရားကြီး ပိုပြီးစိတ်မကောင်း ဖြစ်ရတယ်။ ဒီဇင်ဘာ ခရစ္စမတ်ကာလ ရောက်တဲ့အခါမှာတော့ ချားလ်စ်နဲ့ဒိုင်ယာနာတို့ ကွာရှင်းဖို့ ခွင့်ပြုလိုက်ပါတော့တယ်။

မိဖုရားကြီးဟာ ဒီကွာရှင်းမှုကို အများကြီး တင်းခံခဲ့တာပါ။ ၁၉၃၆ ခုနှစ်ကဖြစ်ခဲ့တဲ့ ဝေါလစ်စ်ဆင်မဆင်နှင့် အတ်ဒ်ဝပ်ဘုရင်ကြီးတို့ရဲ့အဖြစ်က အတိတ်တစ္ဆေ ခြောက်ဆဲပါ။ ဝင်ဆာနန်းတော်အပေါ် တိမ်သလာဖုံးနေဆဲပါ။ ဒါပေမဲ့ အခြား ရွေးစရာလမ်း မရှိတော့ပါ။

အိမ်ထောင်ရေးဘဝကြီး ပြီးဆုံးသွားပါပြီ။

အခြေအနေဟာ ထိန်းမရအောင် အန္တရာယ်ကြီးနေပါပြီ။

ဒီလိုနဲ့ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်နေ့မှာတော့ ဝန်ကြီးချုပ်ဂျွန်မေဂျာက ဟောက်စ်အော့ဖ်ကွန်မင်း အဆောင်မှာ ကြေညာချက် ထုတ်ပြန်ခဲ့ပါတယ်။

ဝီလျံနဲ့ဟယ်ရီတို့က ကြိုသိပြီးသားပါ။

ရက်သတ္တပတ် အတော်ကြာကြာကတည်းက ကျောင်းကို ဒိုင်ယာနာရောက်လာပြီး ဒီလို လုပ်ရတော့မယ်ဆိုတာ ပြောပြခဲ့တာ ဖြစ်ပါတယ်။ ကျောင်းအုပ်ကြီးရဲ့ရုံးခန်းမှာ ကျောင်းအုပ်ကြီးက နှစ်သိမ့်စကားပြောနေရင်း ဒိုင်ယာနာက သားလေးတွေနဲ့အတူ ထိုင်လို့ သူဟာ သားတို့ပါပါကို ချစ်ပါတယ်။ ဒါပေမဲ့ အမိုးတစ်ခုတည်းအောက်မှာ အတူမနေနိုင်တော့ဘူးလို့ ပြောခဲ့ပါတယ်။

ဟယ်ရီက ငိုရှာတယ်။

ဝီလျံကတော့ မျက်နှာကို အရဲဝံ့ဆုံး မော့လိုက်ပြီး ပြောခဲ့တယ်။

"မာမီတို့ နှစ်ယောက်စလုံး အခု ပိုပြီးပျော်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်" ဘက်ကင်ဟမ် နန်းတော်ရဲ့

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



စကြီးလမ်းတစ်လျှောက်မှာလည်း ဒီသတင်းကြားတဲ့အခါ ပိုပြီး စိတ်သက်သာသွားခဲ့ကြတယ်။ ဘယ်လိုမှ မတုန့်လှုပ်ကြဘူး။ ချားလ်စ်နဲ့ဒိုင်ယာနာ ကိုရီးယားက ပြန်လာကတည်းက ကွဲတော့မယ်ဆိုတာ ထင်ရှားနေခဲ့ပြီးသားပါ။

ဒစ်ကီရဲ့ ပြောကြားချက်အရ-

"ကိုရီးယားကို သူတို့ ရောက်မလာခင် ကျွန်တော်က သုံးရက်ကြိုပြီး ရောက်နေတာပါ။ လေယာဉ်ဆိုက်လို့ တံခါးဖွင့်တော့ သူတို့ပေါ်လာတယ်။ ဘုရားရေ ... သွားပါပြီ။ ခန္ဓာကိုယ်အနေအထားတွေက အားလုံးကို ပြောပြနေပါပြီ။ သူတို့နှစ်ယောက်ကြားမှာ တင့်ကားတပ်တစ်တပ်လောက် မောင်းလို့ရနိုင်တယ်။ လုံးဝ အဆက်အစပ် မရှိတာပါ။ ဒိုင်ယာနာက ချားလ်စ်နဲ့ အဝေးကြီး။ မီဒီယာတွေကလည်း ဒါကို အရအမိယူတယ်။ ချားလ်စ်၏ မျက်နှာပေါ်မှာလည်း အဓိပ္ပာယ် အထင်းသားပေါ်နေပြီး ကျွန်တော်တို့ ကိုရီးယားက ပြန်လာတော့ အတွင်းရေးမှူးတွေ နှစ်အိမ်စလုံးမှာလည်း တိုင်ပင်နေကြပြီ။ သတင်းကြေညာချက် ဘယ်လိုလုပ်ကြမလဲပေါ့။ မှန်ပါတယ်။ ဒါဟာ ဝမ်းနည်းစရာပါ။ ကျွန်တော်တို့ အားလုံးဟာ အနာဂတ် ဧကရာဇ်စနစ်ကို ကြီးကျယ်အောင် လုပ်နိုင်မယ့် ရွှေဇနီးမောင်နှံအဖြစ် မြင်ချင်ခဲ့ကြတာပါ"

ကလေးနှစ်ယောက် အနေနဲ့လည်း မိဘနှစ်ပါး ခွဲခွာကြတော့မယ်လို့ စပြီးသိတဲ့အချိန်မှာ ထိတ်လန့်ခဲ့ကြပေမယ့် သူတို့ဘဝကတော့ နည်းနည်းလေးပဲ ပြောင်းသွားတာပါ။ နှစ်ပေါင်းများစွာ သူတို့ဘဝကို "ဟိုင်းဂရိုဗ်" နဲ့ "လန်ဒန်" တခြားစီ ခွဲခြားနေထိုင်ခဲ့ကြပါတယ်။ အခု သူတို့မိဘတွေ တခြားစီ ဖြစ်သွားတော့ ပိုတောင် ကောင်းသွားပါသေးတယ်။ အတူမရှိတော့ စကား မများကြရတော့ဘူးပေါ့။ ချားလ်စ်ရော၊ ဒိုင်ယာနာပါ ကျောင်းပိတ်ရက်တွေကို အကောင်းဆုံးဖြစ်အောင် အပြိုင်လုပ်ပေးကြပါတယ်။ ဒိုင်ယာနာက ပိတ်ရက်တွေမှာ ဖလော်ရီဒါက ဝေါ့လ်ဒစ်ဇနေးကမ္ဘာဆီလည်း ခေါ်သွားခဲ့တယ်။ ခရစ်ဘီယံထဲက ကျွန်းဆီလည်း ပို့ပေးခဲ့တယ်။

သူ့အဖေကလည်း နစ်ကာဆိုတဲ့ ပုဂ္ဂလိက ကျွန်းကလေးဆီကို ပို့ပေးခဲ့သေးတယ်။ အဘိုးအဘွားတွေနဲ့ ဘောလ်မိုရယ်လ်မှာ နွေကာလတွေ နေခဲ့တယ်။ တော်ဝင်ရှေးထုံးစဉ်လာအရ ခရစ္စမတ်ချိန်မှာတော့ ရှန်အရင်ဟမ် နန်းတော်မှာ ဆုံကြရတယ်။ (ဒိုင်ယာနာကတော့ သွားဖို့ငြင်းတယ်။)

ကလေးတွေအတွက် နာနီအသစ်ကိုလည်း ချားလ်စ်က ငှားပေးတယ်။ အသက် ၃၀ အရွယ် "တစ်ဂျီလက်ဂီးဘော်ကီး" ပါ။ သူက အသက် ငယ်တယ်။ အားအင် ပြည့်တယ်။ ဆွဲဆောင်မှု ရှိတယ်။ ချားလ်စ်ရဲ့ ရင်းနှီးတဲ့မိတ်ဆွေလည်း ဖြစ်တယ်။ သေနတ်ပစ်၊ အမဲလိုက်၊ ငါးမျှား ဝါသနာပါတယ်။ ဒီတော့ လုံခြုံမှုဆိုတာအပြင် မင်းသားငယ်လေးတွေအတွက် ချစ်ခြင်း၊ ယုံကြည်ခြင်းတို့ကိုပါ ပေးအပ်နိုင်ခဲ့ပါတယ်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် ဝီလျံဟာ အီတင်ကောလိပ်သို့ ရောက်ရှိခဲ့ပါပြီ။ သူရတဲ့ အခန်းက အခန်းကျဉ်း၊ တိုက်ခန်းလေးလို မဟုတ်ဘဲ နေအိမ်နှင့် ပိုပြီးတူပါတယ်။ ဒီမှာ သူ နောင်ငါးနှစ်တိတိ နေရတော့မှာပါ။

သူ့စာကြည့်စားပွဲရဲ့ အပေါ်နံရံမှာ "စင်ဒီကရောဖို့ဒ်" ပုံကို ချိတ်လိုက်တယ်။ မင်းသားက ၁၃ နှစ်သားပဲ ရှိသေးပေမယ့် သူက စင်ဒီကရောဖို့ဒ်ကို သဘောကျတတ်နေပါပြီ။ သူ့မိခင် ဒိုင်ယာနာက နန်းတော်မှာတုန်းက အမေရိကန်စူပါမော်ဒယ်ကို ဖိတ်ခဲ့လို့ ဝီလျံနဲ့ တွေ့ခဲ့ဖူးတာ သိပ်မကြာသေးပါဘူး။ သူက စင်ဒီကရောဖို့ဒ်ကို သဘောကျတယ်ဆိုပေမယ့် ကလော်ဒီယာရှစ်ဖာကိုလည်း လှတယ်လို့ ထင်တယ်။ ဘယ်သူက ပိုလှတယ်ဆိုတာကိုတော့ အခုထိ မဆုံးဖြတ်တတ်သေးဘူး။ ဒါနဲ့ပဲ သူ့စာကြည့်စားပွဲ ထိပ်နံရံမှာ နှစ်ယောက်စလုံးရဲ့ပုံတွေကို ချိတ်ထားဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီပုံတွေကြောင့် သူ့အခန်း ပိုပြီးတောက်ပလာမယ်လို့ သူထင်တာပါ။

သူအိပ်ရမယ့် ခုတင်က ခေါက်ခုတင်ဖြစ်ပြီး သစ္စာနဲ့ လုပ်ထားတာပါ။ ကုတင်ပေါ် ထိုင်ချပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်တဲ့အခါ ပြောင်းလဲလာတဲ့ မြင်ကွင်းကို သူသဘောကျသွားပါတယ်။ သူ့ကို မိခင်ရော၊ ဖခင်ကပါ ပို့ဆောင်ခဲ့ကြတာ ဖြစ်ပါ

**အခန်း – ၄**

**အီတင်ကောလိပ်**

*သူ့စာကြည့်စားပွဲရဲ့ အပေါ်နံရံမှာ "စင်ဒီကရောဖို့ဒ်" ပုံကို ချိတ်လိုက်တယ်။ မင်းသားက ၁၃ နှစ်သားပဲ ရှိသေးပေမယ့် သူက စင်ဒီကရောဖို့ဒ်ကို သဘောကျတတ်နေပါပြီ*

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တယ်။ ချားလ်စ်က အဆောင်မှူးနဲ့ စကားစမြည်ပြောနေစဉ် ဒိုင်ယာနာက အခန်းရဲ့ ခန်းဆီးတွေကို အသစ်လဲပေးနေခဲ့ပါတယ်။ သူ့ဦးလေး အားလ်စပင်ဆာ သတိပေးခဲ့တဲ့အတိုင်း အစမှာတော့ ထုံးတမ်း၊ စည်းမျဉ်းတွေကို ကျော်ဖြတ်ရဦးမှာပါ။ ဒါပေမဲ့ "ဝီလျံ"ဆိုတဲ့နာမည်က ကျရှုံးမှုတွေကို မဖြစ်စေဘဲ အောင်မြင်မှုရဖို့ မတားဆီးနိုင်ခဲ့ပါဘူး။

၁၉၉၅ ခုနှစ်၊ စက်တင်ဘာ ၆ ရက်မှာ၊ ကျောင်းမှာ သူ ကျန်ရစ်ခဲ့တယ်။ မိဘနှစ်ဦးက ပြန်သွားကြတဲ့အခါ ဝီလျံအနေနဲ့ သိပ်တော့ မသက်သာပါဘူး။ လုဂရို့ဖ်မှာတုန်းက ကျောင်းဆောင်ကို လမ်းမကြီးနဲ့ ကျေးလက်မြေပြင် ဧကပေါင်းများစွာက ကာကွယ်ထားခဲ့တယ်။ အခု ကျောင်းဆောင်ကတော့ အိမ်တွေကြားမှာ ဖြစ်နေတယ်။ အိပ်ခန်းပြတင်းပေါက်ကကြည့်ရင် လမ်းမကြီးမှာ ရှုခင်းကြည့်လာကြတဲ့ ဘတ်စ်ကားတွေကို မြင်နိုင်တယ်။ လမ်းဘေးမှာ အမေရိကန်တိုးရစ်တွေ အုပ်စုလိုက်ရပ်ပြီး ကျောင်းဆောင်ကို လက်ညှိုးထိုးပြကြတာ မြင်နိုင်တယ်။ အဲဒီအဆောင်မှာ နောင် ရှင်ဘုရင်ဖြစ်မယ့်လူ ရှိတယ်ဆိုတာ သူတို့ မှန်းဆသိနေကြတယ်။ ဘောလုံးကစားတဲ့အခါမှာလည်း လူတွေ ဝိုင်းအုံကြည့်တာကို ခံရတယ်။ လိုအပ်တဲ့ အစောင့်အရှောက်တွေကိုတော့ နေရာချထားပြီးခဲ့ပါပြီ။ ဝီလျံရဲ့ အိပ်ခန်းပြတင်းပေါက်တွေကိုလည်း ကျည်ကာမှန်တွေနဲ့ အစားထိုး တပ်ထားခဲ့ပြီးပါပြီ။ သူ မရောက်ခင်ကတည်းက ပြင်ပေးခဲ့တာပါ။ သူ့စာကြည့်ခန်းရဲ့ စိမ်းပြာရောင် ယွန်းတံခါးကိုလည်း အားကောင်းအောင် ပြန်လုပ်ထားပါတယ်။ ဒီကြားထဲ ပြဿနာ တစ်ခုခု ဖြစ်လာရင်လည်း ကော်ရစ်ဒါအောက်နားတင် အရာရှိနှစ်ယောက် အသင့်ရှိနေကြတာပါ။

ကျောင်းဝင်ခွင့် ဖြေတဲ့အခါ ဝီလျံက အောင်မြင်ခဲ့တဲ့အတွက် ချားလ်စ်ရော၊ ဒိုင်ယာနာပါ ဝမ်းသာခဲ့ကြရပါတယ်။ တော်ဝင်နန်းတော်ကမို့ ဆိုပြီး လျှော့ပေါ့စဉ်းစားပေးခဲ့ရတာမျိုး မရှိခဲ့ပါဘူး။ ထိပ်တန်းကျောင်းမှာ ဝင်ခွင့်တွေကို တစ်ခုပြီးတစ်ခု ဖြေဆိုအောင်မြင်ခဲ့တာပါ။ ချားလ်စ်ဟာ အသက် ၁၃ နှစ်အရွယ်မှာ ဘော်ဒါသွားရတော့ အတော်စိတ်ညစ်ခဲ့ရဖူးတယ်။ အဘိုးဖြစ်သူ အီဒင်ဘာရာမြို့စားကြီးက သူ့မြေးဝီလျံကို ချားလ်စ်နေခဲ့တဲ့ကျောင်းမှာ အဖေ့ခြေရာ နင်းစေချင်သေးပေမယ့် ချားလ်စ်ရော၊ ဒိုင်ယာနာပါ ဝီလျံနဲ့ဟယ်ရီကို အီတင်မှာပဲထားဖို့ သဘောထား တူညီခဲ့ကြတယ်။

အဲဒီနံနက်ကဆိုရင် ချားလ်စ်နဲ့ဒိုင်ယာနာဟာ သူတို့ရဲ့ အိမ်ထောင်ရေး နောက်ဆုံး အခြေအနေတွေကိုတောင် မေ့သွားခဲ့ကြပြီး **Manor House** ကျောင်းဆောင်နောက်ခံနဲ့ သစ်သားတံခါးကြီးရှေ့မှာ မိသားစုအဖြစ် ဓာတ်ပုံအရိုက်ခံခဲ့ကြပါတယ်။ ဓာတ်ပုံထဲမှာ ချားလ်စ်က အင်္ကျီအိတ်ထဲ လက်နှိုက်လို့။ ဝီလျံနဲ့ဟယ်ရီဘေးမှာ ရပ်နေတယ်။ ဒိုင်ယာနာကလည်း အပြာရင့်ရောင် အပေါ်ဝတ်အင်္ကျီနဲ့ သားသားနားနား။ တစ်ဖက်မှာရပ်နေတဲ့ ဝီလျံကဆိုရင် စမတ်ကျတဲ့ ဘလေဇာကုတ်အင်္ကျီနဲ့။ မီးခိုးရောင်ဘောင်းဘီရှည်နဲ့။ အနက်ရောင်တောက်ပနေတဲ့ ရှူးဖိနပ်ကိုစီးလို့။ သတင်းသမား သုံးရာရှေ့မှာ ပြုံးပြုံးလေး နေခဲ့တာပါ။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သတင်းသမားတွေက လမ်းမကြီးရဲ့ ပလက်ဖောင်းမှာ ရဲအစောင့်တွေ တားနေတဲ့ကြားက တိုးဝှေ့ဆူညံနေကြတယ်။ အီတင်ကောလိပ်က ပြုလုပ်တဲ့ အားကစားပွဲကို လာကြည့်အားပေးနေကြတဲ့ အတိုင်းပါပဲ။ ဒီနေ့မှာ ဝီလျံ နည်းနည်းတော့ စိတ်လှုပ်ရှားခဲ့တယ်။ ဝင်ခွင့်စာအုပ်မှာ ရေးပြီးဖြည့်တဲ့အခါ နေရာမှားပြီးကြည့်မိလို့ သူ့အဖေက သတိပေးရပါသေးတယ်။

အခုလို ဝီလျံရောက်လာတာနဲ့ ပတ်သက်ပြီး ကောလာဟလသတင်းတွေကလည်း မလွဲသာမရှောင်သာ ထွက်လာခဲ့ပါတယ်။ သူ ရောက်မလာခင် ကျောင်းဝင်းထဲမှာ ဈေးကလီးယားဘန်ကာကြီးတစ်ခု ဆောက်တယ်ဆိုတာမျိုးပါ။ ဒါက ထင်ရာမြင်ရာ ပြောကြတာပါပဲ။ ဒါပေမဲ့ ကျောင်းထဲမှာ လုံခြုံရေးတွေ ပိုပြီးချထားခဲ့တာလည်း အမှန်ပါ။ ကျောင်းရဲ့ ဆောင့်တွေတိုင်းမှာ အနီးကပ်ရိုက်နိုင်တဲ့ **C C** ကင်မရာတွေ တပ်ဆင်ခဲ့တာလည်း အမှန်ပါ။ အီတင်ကောလိပ်မှာ ဈေးကလီးယားကာကွယ်ရေး လုပ်ခဲ့ဖူးတာတော့လည်း တကယ် ရှိခဲ့ဖူးပါတယ်။ အဲဒါက ၁၉၅၉ ခုနှစ်တုန်းကပါ။ ကောလိပ်ကျောင်းရဲ့ အောက်ထပ်ထဲမှာပါ။ အခုတော့ အဲဒီအခန်းကို စတိုခန်းအဖြစ် အသုံးပြုနေပါတယ်။

ဝီလျံက မေတ္တာရပ်ခံလို့ တော်ဝင်များ ကျောင်းလာတဲ့ အမှတ်အသားအဖြစ် ထရမ်းပက်မှုတ်ပြီး ကြိုဆိုတဲ့ အသံတော့ အနည်းငယ်ပြုလုပ်ခဲ့ပါတယ်။ ဝီလျံက အထွေအထူး ဘာမှုမလိုချင်ခဲ့ပါဘူး။ နောက်ထဲပဲ ဝင်နားချင်နေခဲ့တာပါ။ ဒါပေမဲ့ "သတင်းစာ စောဒကကော်မရှင်" ရဲ့ သတိပေးနေတဲ့ကြားက ဝီလျံကို ကျောင်းမှာ နားအေးပါးအေး နေပါစေဆိုပေမယ့် သတင်းစာတွေထဲက လွတ်ထွက်မရပါဘူး။ အီတင်ကောလိပ် ရောက်တယ်ဆိုတဲ့ သတင်း**"Sky" Tv** က ထုတ်လွှင့်တယ်။ ဝီလျံလည်း သူ့မိတ်ဆွေအသစ်တွေကို မကြည့်ကြဖို့ ပြောပါတယ်။ သူ ... သူ့မိဘတွေနဲ့ ပတ်သက်ပြီး ရှက်နေခဲ့တယ်။ သူ့ဘဝတစ်လျှောက်လုံး လူထုရဲ့ စိတ်ဝင်စားမှု ခံစားခဲ့ရပြီး ကင်မရာတွေရဲ့ သွားလေရာ အလိုက်ခံခဲ့ရတယ်။ သူ့မိဘတွေရဲ့ သိက္ခာမဲ့မှုတွေကို သတင်းတွေမှာ ဖော်ပြခံရတဲ့အတွက် စိတ်ညစ်ညူးခဲ့ရတယ်။ အခုလည်း သူ အီတင်ကောလိပ်ဝင်တဲ့ ရက်ပိုင်းအတွင်းမှာပဲ သူ့အမေဟာ အင်္ဂလန်က "ရပ်ဆိုင်"ဘောလုံးသမား၊ အိမ်ထောင်ရှိသူ ဝီလ်ကားရင်းနဲ့ ဘာလိုလိုလို့ သတင်းတွေ ထွက်လာတယ်။ မကြာခင်ကလည်း လန်ဒန်အခြေစိုက် ဓန်းချီအရောင်းအဝယ်လုပ်သူ အော်လစ်ဗာဟိုရေးနဲ့ အဆက်ဖြစ်ခဲ့တယ်လို့ သတင်းထွက်ပြန်တယ်။

လုဂရို့ဖ်မှာတော့ ကျောင်းအုပ်ကြီးက သတင်းစာတွေကို မလာရအောင် တားမြစ်ခဲ့ပေမယ့် အီတင်မှာကျတော့ စာကြည့်တိုက်မှာ စာစောင်တွေက ပြည့်လျှံနေတယ်။ ဝီလျံရဲ့ပုံကလည်း မျက်နှာဖုံးသတင်းအဖြစ် ပါနေတယ်။ ဒီအခါ ထမင်းစားကွင်းမှာ ထေ့တာ၊ ငေါ့တာတွေက မလွဲမရှောင်သာ ဖြစ်လာပါတော့တယ်။

ကံကောင်းတာက သူ့မှာ ကာကွယ်ပေးမယ့် လူတွေရှိခဲ့ခြင်းပဲ။ သူ့ဖခင်ရဲ့ ခေါင်းကိုင်သား နီကိုးလပ်စ်က ဝီလျံကို စောင့်ရှောက်ပါ့မယ်လို့ ကတိပေးတယ်။ သူ့ဝမ်းကွဲညီ ဖရက်ဒီကလည်း တစ်လမ်းကျော်မှာရှိလို့ မကြာမကြာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးပေးပြီး နေခဲ့တာပါ။ သူ့သားလေးနဲ့ နေရတာကို သူ ကြိုက်နှစ်သက်တယ်။ ရေချိုးချိန်မှာဆိုရင် ရေချိုးကန်ထဲ သူပါဝင်ပြီး ကလေး ကစားစရာအရုပ်၊ ပလတ်စတစ် ဝေလငါးလေးနဲ့ ဝီလျံဘေးမှာ ရေပက်ကစားလေ့ ရှိပါတယ်။ အိပ်ချိန်ရောက်တော့လည်း သားလေးကို နို့ဘူးတိုက်ပေးပြီးမှ သူ့အလုပ်ခန်းထဲမှာ အလုပ်သွားလုပ်ခဲ့တာပါ။

၁၉၈၂ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှာ မိခင်ဘုရင်မကြီး Queen Mother အသက် ၈၂ နှစ်မြောက် မွေးနေ့ ဖြစ်ပြီး အဲဒီနေ့မှာပဲ ဘက်ကင်ဟမ် နန်းတော် ဂီတခန်းထဲမှာ သင်းအုပ်ဆရာတော် ကင်တာဘူရီက သားလေးကို နှစ်ခြင်းဘာသာ သွတ်သွင်းပေးပါတယ်။ သားလေးကိုဝတ်ဆင်ပေးတဲ့ ဘာသာဝင်ခြင်း အထိမ်းအမှတ်ဝတ်ရုံဟာ ချားလ်စ် ငယ်ငယ်က ခုလို ဘာသာသွတ်သွင်းတဲ့ အခမ်းအနားမှာ ဝတ်ပေးခဲ့တဲ့ ဝတ်ရုံပါပဲ။ ဒိုင်ယာနာကတော့ ကလေးငိုတာကို ချော့ရင်း ချားလ်စ်ကို ဒီလောက် ရင့်ရော်တဲ့ ခေါင်းကိုင်မိခင်ဖခင်တွေကို ရွေးချယ်ရကောင်းလားလို့ စိတ်ပျက်နေခဲ့တာပါ။ သူက ခေါင်းကိုင်မိဘနေရာမှာ ခပ်ငယ်ငယ်တွေပဲ ဖြစ်စေချင်တယ်။ ဒါပေမဲ့ ချားလ်စ်က ပယ်ချခဲ့တယ်။ ဒီနေရာမှာလည်း ခံယူချက်ကွဲခဲ့တယ်။ ဒါ့အပြင် ဝီလျံလေး ကိုးလသားအရွယ်မှာ ချားလ်စ်ရော၊ ဒိုင်ယာနာပါ နိုင်ငံတော်တာဝန်နဲ့ ဩစတြေးလျ နဲ့နယူးဇီလန်ကို သွားရမယ်ဆိုတဲ့အခါ သားကို အင်္ဂလန်မှာ ချန်ထားခဲ့ဖို့ စီစဉ်ကြတယ်။ ခြောက်ပတ်ကြာ ခွဲထားခဲ့ရမယ်။ ဒါကို ဒိုင်ယာနာက မထားခဲ့ချင်ဘူး။ နောက်ဆုံးမှ ကလေးကိုပါခေါ်သွားဖို့ သဘောတူခဲ့ကြတာဖြစ်ပါတယ်။

နိုင်ငံတော်တာဝန်နဲ့ သွားရတဲ့ခရီးမှာ အခုအကြိမ်ဟာ ကလေးတစ်ယောက်ပါတဲ့ ပထမဆုံးခရီးပါပဲ။ ချားလ်စ် ငယ်ငယ်က ဒီလိုပဲ သူ့မိခင်ဖခင်တို့ တာဝန်နဲ့ ဓနသဟာယနိုင်ငံတွေဆီ ခရီးထွက်ရင် ချားလ်စ်လေးက ကျန်ရစ်ခဲ့ရတာချည်း ပါ။ ဖခင်ဖြစ်တဲ့ ဖိလစ်မင်းသားကြီးက တော်ဝင်ရေတပ်မတော်မှာ အမှုထမ်းတာမို့ သားမွေးနေ့ နှစ်ကြိမ်လောက်ကို အတက်ရောက်ဖို့ ပျက်ကွက်ခဲ့ဖူးပါတယ်။ ဒါမျိုးကို ချားလ်စ်ရော၊ ဒိုင်ယာနာပါ မလိုလားကြပါဘူး။ ခေတ်က ပြောင်းနေ ပြီ။ လေကြောင်းခရီးကလည်း မြန်ပြီး သက်သက်သာသာ ရှိတာမို့ ကလေးကို ထားခဲ့စရာအကြောင်း မရှိဘူးလို့ မြင်ပါတယ်။ မိဖုရားကြီးရဲ့ အထူးလေယာဉ်ပေါ်က ဘာဘာရာဘန်းစ် ကလေးပိုက်ပြီး ဆင်းလာပုံဟာ ပြိုင်စံရှားတဲ့ မြင်ကွင်းကြီး ဖြစ်ခဲ့တယ်။ နယူးဇီလန်က အစိုးရအိမ်တော်ရှေ့ မြက်ခင်းပြင်မှာ ပျော်မြူးပြီး လေးဖက်တွား သွားနေတဲ့ ဝီလျံဟာလည်း ဓာတ်ပုံရိုက်ချင်စရာ ဖြစ်ခဲ့တယ်။

နောက်ထပ် နှစ်နှစ်ကြာတဲ့အခါ...

ဒိုင်ယာနာဟာ သူ့မှာ ကိုယ်ဝန်ရှိနေပြီလို့ သိလာရတယ်။ သူ အံ့လည်းအံ့သြတယ်၊ တအားလည်း ပျော်သွား ခဲ့တယ်။ ပြည်သူလူထုအမြင်မှာ ချားလ်စ်နဲ့ဒိုင်ယာနာတို့ဟာ စည်းလုံးနေပေမယ့် နောက်ကွယ်မှာတော့ ဒိုင်ယာနာ ဗျာက်ရည်ကျနေခဲ့ရတာပါ။ တာဝန်ခရီးတွေကို ၁၈ လတိုင် ထွက်နေခဲ့ပြီး အခုလို ဒုတိယအကြိမ် ကိုယ်ဝန်ရလာတာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လာကြည့်ပေးနိုင်ပါတယ်။ အိုင်းရစ်လူမျိုး သမိုင်းပါရဂူ ဒေါက်တာဂေလီကလည်း ယုံကြည်ရသူ ဖြစ်ပါတယ်။ သူနေရတဲ့ ရပ်ကွက်မှာ သူ့အတွက် တံခါးတွေဖွင့်ထားကြောင်း သိလာရတယ်။ အဆောင်နေ ကျောင်းသားအားလုံး ထမင်းစားခန်းကြီးထဲမှာ စားကြရပေမယ့် ဝီလျံကိုတော့ ဒေါက်တာဂေလီရဲ့ စားပွဲထိပ်မှာ ဖိတ်ကြားခံရပြီး မြက်ခင်းပြင်နဲ့ ပန်းခင်းတွေကို မြင်နိုင်ပါတယ်။

အိမ်မှာနေစဉ်က သူ့အင်္ကျီအဝတ်အစားတွေကို သူများက လျှော်ပေး၊ မီးပူတိုက်ပေးခဲ့တာ ဖြစ်ပေမယ့် အခု ကျောင်းဆောင်မှာတော့ သူ့ဟာသူ လုပ်ရပါတော့မယ်။ နံနက်ခင်းဝတ်တဲ့ ကုတ်အင်္ကျီရှည်၊ ဖဲ့စ်ကုတ်၊ ရှပ်အင်္ကျီအဖြူ ဒါတွေကို မီးပူတိုက်ရမှာပါ။ ကံကောင်းချင်တော့ အိမ်ရဲ့ ကြီးကြပ်သူဆရာမကြီးက သူ့ရှပ်အင်္ကျီတွေကို ဘယ်လို မီးပူ တိုက်ရမယ်ဆိုတာ သင်ပေးခဲ့ပါတယ်။ ဒါ့အပြင် ဝီလျံက သူ့အတွက် ကိုယ်ပိုင်နည်းပြဆရာလည်း ရခဲ့တယ်။ တစ်ပတ်မှာ ၂ နာရီ သူ့သင်တန်းစာတွေ လိုက်နိုင်ခြင်းရှိမရှိ စစ်ပေးခဲ့တယ်။ ကျောင်းမှာ အမီလိုက်ဖို့က ဝီလျံအနေနဲ့ လအတော်ကြာ ကြိုးစားခဲ့ရတာပါ။ နောက်ပိုင်း ပညာရေးမှာ လိုက်နိုင်ခဲ့ပါတယ်။ ပြိုင်ဘက်တွေကြားမှာလည်း ပေါ်ပြူလာဖြစ်လာတယ်။ ပထမတော့ သူက သူ့အစောင့်အရှောက်လူကြီးတွေနဲ့ပဲ အချိန်ယူပြီး နောက်ပိုင်းမှာ သူ့ဥခွံထဲက ထွက်လာတယ်။ အဲဒီတင်မှာ ပီပီပြင်ပြင် ရှိလာခဲ့တယ်။ သူဟာ သာမန်လူ၊ လူကောင်း ဖြစ်ပါတယ်။ သူက လုံးဝ မောက်မာဝင့်ကြွားခြင်း မရှိဘူး။ ကျော်ကြားထင်ရှားတဲ့ အားကစားသမားတစ်ဦးလည်း ဖြစ်တယ်။ ဝီလျံဝေးလ်ကို မိမိအသင်းထဲ ပါစေချင်ကြသူ ချည်းပဲလို့ သူ့ကျောင်းနေဖက်တစ်ဦးက ပြောပါတယ်။

နိုဝင်ဘာလရဲ့ အေးမြတဲ့ ညချမ်းတစ်ခု။

ဝီလျံဟာ ဒေါက်တာဂေလီရဲ့ စာကြည့်ခန်းမှာ စိတ်လှုပ်ရှားနေတယ်။ ကျောင်းသားတွေက အပေါ်ထပ်က သူတို့အိပ်ခန်းမှာပဲ စာကျက်နေကြရပေမယ့် ဝီလျံကိုတော့ အထူးခွင့်ပေးခဲ့တာပါ။ ဒီနေ့ည…**TV** မှာ သူ့အမေ ဒိုင်ယာနာရဲ့ အင်တာဗျူးလာမယ်။ ဒါကို သူစောင့်နေတာ ဖြစ်ပါတယ်။

ရက်သတ္တပတ်များစွာကတည်းက ဒိုင်ယာနာတို့ရဲ့ ကွဲကွာမှုသတင်းကို စာစောင်တွေမှာ မသဲမကွဲ ဖော်ပြခဲ့ပြီးပါပြီ။ ဒီညတော့ သတင်းစာဆရာ မာတင်ဘာရှာက ဘက်မလိုက်ဘဲ ဒိုင်ယာနာနဲ့အတူ တွေ့ဆုံခန်းကို ပထမအကြိမ် လွှင့်ထုတ်တော့မှာ ဖြစ်တယ်။

ဒီအစီအစဉ်မလွှင့်ခင် ဒိုင်ယာနာက ဝီလျံကို ပြောပြခဲ့ပြီးသားပါ။ ဘာမှုစိတ်မပူဖို့လည်း ပြောခဲ့ပါတယ်။ ဒါပေမဲ့ **TV** ကြည့်ရင်း ဝီလျံရဲ့မျက်လုံးတွေမှာ ဝမ်းနည်းစိတ်ဆိုး ဒေါသမီးတွေနဲ့ ပြည့်လျှံလာတော့တယ်။ သူ့အမေဟာ ဘာ့ကြောင့်များ ဒီ **TV** ကင်မရာတွေကို ဖိတ်ခေါ်ခဲ့သလဲဆိုတာ သူနားမလည်နိုင်ခဲ့ဘူး။ သူ့အိမ်ကိုဖိတ်တယ်ပါ။ သူနေ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့အိမ်၊ သူ ကြီးပြင်းခဲ့တဲ့အိမ် ဒီအိမ်ကိုမှဖိတ်ပြီး သူ့ဖခင်နဲ့မိသားစုကို လူထုနည်းနဲ့ လှည့်ဖြား အရှက်ခွဲရက်လေခြင်း ဆို့ သူဒေါသဖြစ်တယ်။ **TV** ထဲမှာ ဒိုင်ယာနာက သူတို့ စိတ်ညစ်ခဲ့ရတာတွေ၊ အိမ်ထောင်ပြိုကွဲခဲ့တာတွေ၊ သူ့ယောက်ျားရဲ့ သစ္စာမဲ့မှုတွေကို ပြောပြတဲ့အပြင် သူကိုယ်တိုင် အိမ်ထောင်ရေးဖောက်ပြန်ခဲ့တာကိုပါ ဖွင့်ဟနေခဲ့တယ်။

ဝီလျံ တစ်အား ထိတ်လန့်သွားတယ်။

သူ့အမေဟာ ဂျိမ်းစ်ဟီးဝပ်အကြောင်း ဘယ်တုန်းကမှ မပြောခဲ့ပါဘူး။ ဟိုင်းဂရို့ဖ်ကိုလာပြီး ဒိုင်ယာနာကို မြင်းစီးသင်ပေးတဲ့ သက်တော်စောင့်အရာရှိ ဂျိမ်းစ်လေ။ အဲဒီတုန်းက ဝီလျံက လေးနှစ်ပဲ ရှိသေးတာ။ ဟယ်ရီက နှစ်နှစ်။ ၁၉၈၆ ခုနှစ်ကပေါ့။ အဲဒီအချိန်မှာ ဒိုင်ယာနာက ချားလ်စ်ကို ကမီလာနဲ့ မသင်္ကာဖြစ်နေပြီ။ ဒီမှာတင် စိတ်သက်သာ ချို့အတွက် ဂျိမ်းစ်ကို ငြိသွားခဲ့တာ။

ဒီအခြေအနေကို သတင်းသမားတွေက တွက်ချက်ခဲ့ကြရာမှာ ဂျိမ်းစ်နဲ့ နီးစပ်တဲ့အချိန်နဲ့ ဟယ်ရီလေးမွေးတဲ့ အချိန်ဟာ နီးကပ်နေတာမို့ ဟယ်ရီကို ဂျိမ်းစ်ရဲ့သား ဖြစ်ရမယ်လို့ မှန်းဆပြောဆိုခဲ့ကြပါသေးတယ်။ ဒိုင်ယာနာလည်း ဂယာခတ်သွားရတယ်။ နောက်ဆုံး ဂျိမ်းစ်ဟီးဝပ်ကိုပဲ ဖိအားပေးလို့။ ဂျိမ်းစ်ဟီးဝပ်ကထုတ်ပြီး ကြေညာရတော့တယ်။

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ဟယ်ရီရဲ့အဖေဆိုတာ တကယ်ကို မဖြစ်နိုင်ပါဘူး။ သူ့အမေနဲ့ အဆက်အသွယ် ဖြစ်တော့ ဟယ်ရီက ၁ နှစ်နဲ့ ၈ လ ရှိနေပြီ။ ကျွန်တော်တို့ချင်း ငြိတွယ်တဲ့အချိန်မှာ ဟယ်ရီ နှစ်နှစ်မြောက်မွေးနေ့ ကျော်ပြီးနေပါပြီ"

အဲဒီလို ထုတ်ဖော်ကြေညာရတဲ့ အထိပါပဲ။

သူတို့ကိစ္စမှာ ဒိုင်ယာနာကပဲစပြီး အဆက်ဖြတ်ခဲ့တာပါ။ ၁၉၉၁ မှာ ပင်လယ်ကွေ့စစ်ပွဲဖြစ်တော့ ဂျိမ်းစ်ဟီးဝပ် နှဘစ်ရင်းက အီရတ်ကို စစ်တိုက်ထွက်ခဲ့ရတယ်။ ဒီအခါ အဆက်အသွယ် ပြတ်သွားခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ဟီးဝပ်က ဒိုင်ယာနာရဲ့ ယုံကြည်မှုကို ဖြိုခွဲပစ်ခဲ့တယ်။ သူ့အပေါ် ယုံကြည်စွာ အပ်နှံခဲ့မှုတွေကို ဖျက်ဆီးပစ်ခဲ့တယ်။ ဒိုင်ယာနာနဲ့ သူ့ရဲ့အချစ်ဇာတ်လမ်းကို စာအုပ်တစ်အုပ်ရေးပြီး ဒိုင်ယာနာပေးခဲ့တဲ့ ရည်းစားစာတွေကိုလည်း ရောင်းစား ခဲ့တယ်။

အခု ဒီကိစ္စကို **TV** မှာ ဒိုင်ယာနာက ဖွင့်ချလိုက်ပါပြီ။ "ဟုတ်ကဲ့ပါ၊ သူ့ကို ကျွန်မချစ်ခဲ့ပါတယ်။ တကယ်ကို ချစ်ခဲ့တာပါ။ ဒါပေမဲ့ ခုတော့ လျှော့ချလိုက်ပါပြီ" ဒိုင်ယာနာရဲ့ ဖွင့်ထုတ်ပြောဆိုချက်တွေဟာ တုန်လှုပ်စရာလည်း ကောင်းပြီး အာရုံကိုလည်း ထိခိုက်စေလှပါတယ်။ ဒါဟာ ဒိုင်ယာနာအနေနဲ့ ဝင်ဆာမိသားစုကို လူသိရှင်ကြား စိန်ခေါ် ထိုက်ခဲ့ ဆင်နွှဲလိုက်တာပါပဲ။ တစ်ပြိုင်နက်တည်းမှာပဲ သူကိုယ်သူလည်း ဖျက်ဆီးလိုက်တာပါ။ ဒိုင်ယာနာက ဒီလိုဖွင့်ဟ ခဲ့တယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ထောင်ရေးမှာ ကျွန်မတို့က သုံးယောက်ဖြစ်နေတယ်။ ဒီတော့ လူများနေတာပေါ့"

ဒီစကားနဲ့ ကမီလာပါကာဘောင်းကို အားလုံးသိအောင် စွပ်စွဲလိုက်တာပါပဲ။

အလွန်ကျော်ကြားတဲ့ ဒိုင်ယာနာရဲ့ စကားလုံး ဖြစ်ခဲ့ပါတော့တယ်။

ဝီလျံလေးဟာ ကျောင်းပိတ်တဲ့ စနေ၊ တနင်္ဂနွေမှာ ကင်စင်တန်နန်းတော်ကို ပြန်ရတဲ့အခါ သူ့အမေကို စကားမပြော တော့ပါဘူး။ သူဟာ သူ့အမေကို အမြဲကာကွယ်ခဲ့တာပါ။ ဒီတစ်ကြိမ်တော့ အမေ သိပ်လွန်သွားပြီ။ ဝီလျံက အခုအရွယ် လေးရလာခဲ့ပြီမို့ သူ့မှာ ကိုယ်ပိုင်ထင်မြင်ချက်တွေ ပြုလုပ်နိုင်ခဲ့ပြီ။ သူ့အမေကို လုံးဝ ခွင့်မလွှတ်နိုင်တော့ပါဘူး။

သူ့အမေရဲ့ မိတ်ဆွေဆိုင်မွန်က အင်တာဗျူးမှာ ဒီလိုပြောခဲ့ပါတယ်။

"ဝီလျံက ပျော့ပျော့လေးပါ။ နူးညံ့ပါတယ်။ ဒါပေမဲ့ ဒီအင်တာဗျူး လုပ်ပြီးတဲ့အခါမှာတော့ မရတော့ဘူး ကြိုပြောတယ်ဆိုပေမယ့် နောက်ကျသွားခဲ့ပါပြီ။ အားလုံး သတင်းစာတွေထဲပါလာတယ်။ ဝီလျံကို ကျောင်းမှာ နောက် ကြပြောင်ကြတာ ခံရတယ်။ ဒီကိစ္စကြောင့် သူ အစခံရတာ။ အရင်က သူ့အမေအတွက် သူ ခံစားရဖူးပါတယ်။ နားလည် ခဲ့ပါတယ်။ ဒါပေမဲ့ ခုကိစ္စမှာတော့ သူ့အမေကို သူ သိပ်စိတ်ဆိုးတယ်။ ကျောင်းကလူတွေက သူ့အမေကို အမျိုးမျိုး ခေါ်နေကြပြီ။ သူ့အမေကို သူ ကာကွယ်ချင်ပေမယ့် သိပ်ကိုခက်သွားပြီ။ အဲဒီ အင်တာဗျူးလာပြီးတဲ့ နောက်အပတ်တော့ ကင်စင်တန်မှာ အကြီးအကျယ် ဆူနေခဲ့ပါတယ်။ ဝီလျံက သူ့အမေကို စကားမပြောဘူး။ ဒိုင်ယာနာလည်း ကြောက်စရာ အန္တရာယ်နဲ့ ကြုံရတော့မယ်။ ဝီလျံဟာ သူ့အမေကို နောင် ဒီလို ဘယ်တော့မှမလုပ်တော့ပါဘူးလို့ ကတိပေးတဲ့အခါ မှ ခွင့်လွှတ်ခဲ့တာပါလို့ ပြောပါတယ်။ ဒီအကြိမ်ဟာ သူ့မိခင်အပေါ်မှာ အကြီးမားဆုံး ဒေါသဖြစ်တာကို မြင်ရတာပါ"တဲ့

ဟယ်ရီလေးက လုဂရိုဗ်မှာ ကျောင်းအုပ်ကြီးများရဲ့ အကာအကွယ်အောက် စောင့်ရှောက်ခံနေရဆဲပါ။ လုံခြုံ အပြည့်အဝ ရနေဆဲပါ။ ဝီလျံကတော့ အီတင်ကောလိပ်မှာ ပြင်ပလောကနဲ့ ဆက်သွယ်ခွင့် ရနေတဲ့အတွက် အားလုံး မြင်တွေ့နေရပြီး မိဘများအတွက် စိတ်ရှုပ်ထွေးနေရပါတယ်။ ကောလိပ်ရဲ့ "ထုထောင်သူရဲ့နေ့" အခမ်းအနား တက်ရော ဖို့ သူ့မိဘတွေကို ခွင့်မပြုခဲ့ပါဘူး။ ဒီကောလိပ်ကို တတိယမြောက် ဂျော့ဘုရင်က သူ့မွေးနေ့ဖြစ်တဲ့ ဇူလိုင်လမှာ စတ ထူထောင်ခဲ့တာပါ။ သူ့ခေတ်မှာ ဤကျောင်းကို အထူးစိတ်ဝင်စား အရေးတယူ လုပ်ခဲ့သူလည်း ဖြစ်လို့ အီတင် လူမှုရေးပြက္ခဒိန်မှာ ဒီ"ကျောင်းထူထောင်သူနေ့" ဟာ အမြင့်ဆုံး ဖြစ်ပါတယ်။ ဒီလို အရေးပါတဲ့ ကျောင်းအခမ်းအ ကို သူ့မိဘတွေ လာတက်တာ သူ မမြင်ချင်ခဲ့ပါဘူး။ လာခဲ့ရင် သတင်းတွေက ပြောကြဆိုကြ၊ မီးမောင်းထိုးကြဦး ဆိုတာ သူ သိနေခဲ့တယ်။ ဒါကြောင့် သူ့မိခင် တောင်းပန်နေတဲ့ကြားက သူ ခေါင်းမာမာနဲ့ ငြင်းဆန်ခဲ့ပြီး သူ့သူငယ် ဝီလျံမန်ကျူဆန်နဲ့ တစ်ဂျီကို သူနဲ့အတူ အခမ်းအနားတက်ဖို့ ဖိတ်ခဲ့တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒိုင်ယာန စိတ်ထိခိုက်သွားတယ်။ သူ့ကိုကျော်ပြီး တစ်ဂျီကို ဖိတ်ရသလားလို့ အတော် စိတ်မသက်မသာ ဖြစ်သွားနေရပါတ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် ချားလ်စ်ဟာလည်း သူ့ကိုယ်ပိုင် အတ္ထုပ္ပတ္တိရေးဖို့ ပြင်ဆင်နေပါပြီ။ ဒီလိုရေးဖို့အတွက် ဂျော်နသန် ဒင်ဘာယ်လ်ဘီနဲ့အတူ စာအုပ်ပြုစုပါတယ်။ စာအုပ်အမည်ကို "ပရိုက်ဗိတ်မန်း" လို့ ပေးလိုက်ပါတယ်။ အဲဒီစာအုပ်ထဲမှာ သူဟာ ကမီလာနဲ့ ပတ်သက်ခဲ့ပါတယ်ဆိုတာကို ဝန်ခံခဲ့တယ်။ သူတို့လျှို့ဝှက်ချက်ကို ဖွင့်ထုတ်ခဲ့တယ်။ ဒါ့အပြင် နာမည်ကျော် "ကမီလာဂိတ်" တိတ်ခွေကိုလည်း ဗြိတိသျှမီဒီယာလောကမှာ ပုံနှိပ်ဖော်ပြပြီး ဖြစ်တယ်။ ဒီတိတ်ခွေထဲမှာ ချစ်သူအချင်းချင်း ပြောကြတဲ့ ချစ်စကားတွေဆိုတာ ဖုံးကွယ်ခြင်းမရှိ မြင်နိုင်သိနိုင်ပါတယ်။ ဒီအခွေ ထွက်လာခြင်းဟာလည်း တော်ဝင်မိသားစုအတွက် ဆိုးရွားတဲ့ အရှက်ရစရာကိစ္စကြီး ဖြစ်လာပြန်ပါတယ်။ ဗြိတိသျှ ဂေရာဇ်နှယ်ဖွားများရဲ့ ဂုဏ်သတင်းဟာ ဒီဆယ်စုနှစ်များအတွင်း အနိမ့်ကျဆုံးဖြစ်ခဲ့ရပါပြီ။ နိုင်ငံအထဲမှာရှိတဲ့ သတင်းစာများက ပြည်သူ့ဆန္ဒကောက်ယူကြရာမှာ တိုင်းပြည်အတွက် အခွန်တော်မဆောင်တဲ့ ဒီလိုဂေရာဇ်စနစ်မျိုးဟာ လိုအပ်သေးသလားဆိုတဲ့ မေးခွန်းပေါ်လာခဲ့တယ်။ ရီပတ်ဗလီကန်ဝါဒရဲ့ ဒီရေကလည်း တစ်ပြည်လုံးကို လွှမ်းခြုံသွားခဲ့ပါတော့တယ်။

ဒီအခါကျမှ အဲလစ်ဇဘက် ဘုရင်မကြီးဟာ သားနဲ့ချွေးမကို ကွာရှင်းခွင့်ပေးဖို့ လမ်းကလွဲပြီး တခြား အခြေမရှိတော့ဘူးလို့ ယူဆလာခဲ့တယ်။ နန်းတွင်းက အရာရှိတွေကလည်း ဒါကို သဘောတူခဲ့ကြတယ်။ ဒီအခြေအနေ ရောက်လာတဲ့အခါ အသက်ရှူပေါက် ရသွားသူကတော့ ချားလ်စ်ပါပဲ။ ဘုရင်မကြီးကတော့ အခုလို ဖြစ်ရတာတွေဟာ "မိန်းမတစ်ယောက်" ကြောင့်လို့ ကောက်ချက်ချပါတယ်။

၁၉၉၅၊ ဒီဇင်ဘာကုန်ခါနီးမှာ ဘုရင်မကြီးက သူ့သားနဲ့ချွေးမဆီ စာရေးပြီး သူတို့ ကွာရှင်းဖို့ကိစ္စ ပြောလိုက်ပါတယ်။ စာတွေကို လူလွှတ်ပြီး ကင်စင်တန် နန်းတော်မှာရှိတဲ့ ဒိုင်ယာနာနှင့် စိန့်ဂျိမ်းခ်နန်းတော်မှာရှိတဲ့ ချားလ်စ်ရုံးခန်းဆီ သီးခြား ပေးပို့ခဲ့တာပါ။ စာကို အစိုးရ တရားဝင်စာအဖြစ် ရာဘာတံဆိပ်ခတ်နှိပ်ပြီး နေ့စွဲ ဩဂုတ်လ ၂၈ ရက် ၁၉၉၆ နဲ့ ပို့တာပါ။

ဒီလို ကွာရှင်းလိုက်တဲ့အတွက် ဒိုင်ယာနာ သူ့ရဲ့ဘွဲ့ထူးဖြစ်တဲ့ **H.R.H (Her Royal Highness)** ကို စွန့်လွှတ်ရမယ်လို့လည်း ဘုရင်မကြီးက ဆုံးဖြတ်တယ်။ (ဒီကိစ္စနဲ့ ပတ်သက်ပြီး သားဖြစ်သူဝီလျံက စိတ်မကောင်းဖြစ်သွားပြီး နောက်တစ်ချိန် သူ ရှင်ဘုရင်ဖြစ်ရင် သူ့အမေကို ဒီ **H.R.H** ပြန်ချီးမြှင့်မယ်လို့ ကတိပြုလိုက်ပါသေးတယ်။) သူ့အမေ စိတ်ဒုက္ခ ခံစားနေရတာတွေကို သူ မကြည့်ရက်တာ အမှန်ပါ။

ဒိုင်ယာနာလည်း ပြည်သူ့တာဝန်တွေကနေ အနားယူလိုက်ရပါတယ်။ သူ့သဘောနဲ့သူ နားတာပါ။ ဒါပေမယ့် ဒီလို ပြည်သူ့တာဝန်တွေ မလုပ်တော့ဘူးဆိုပေမယ့် သူ့ရဲ့အဆင့် ထိန်းထားချင်သေးတဲ့အတွက် "ပရဟိတလုပ်ငန်း" တွေကိုတော့ ဆက်ပြီးလုပ်ခဲ့တယ်။ ဒီလုပ်ငန်းတွေကို ကရုဏာစိတ်နဲ့ သူ ယုံကြည်စွာ လုပ်ခဲ့ခြင်းလည်း ဖြစ်တယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူဟာ **AIDS** ရောဂါသည်တွေဆီ သွားရတာကိုလည်း မကြောက်ရွံ့ခဲ့ပါဘူး။ ဝီလျံနဲ့ဟယ်ရီကိုလည်း ဆင်းရဲနွမ်းပါးတဲ့ ဂေဟာတွေဆီခေါ်သွားပြီး ပြခဲ့တယ်။ ဆင်းရဲခြင်းရဲ့ အစစ်အမှန်ကို ကလေးတွေ နားလည်အောင်လို့ပါ။ အဲဒီအချိန်မှာ ဝီလျံ ၁၂၊ ဟယ်ရီက ၉ နှစ်ပဲ ရှိပါသေးတယ်။ ကလေးတွေလည်း လုပ်အားပေးလူတွေနဲ့ စကားပြောဖြစ်ကြတယ်။ တစ်နာရီခွဲလောက်ကြာအောင် ပြောတာပါ။ နောက်ပြီး အိမ်ရာမဲ့ လူတွေနဲ့အတူ ဖဲကစားခဲ့ကြပါသေးတယ်။ နောက်ထပ်လည်း အဲဒီ ဆင်းရဲသားဂေဟာတွေဆီ ထပ်ပြီး သွားဖြစ်ခဲ့ကြပါတယ်။

တနင်္ဂနွေနေ့ တစ်နေ့ ...

ဝီလျံဟာ ဝတ်ပြုပြီးတဲ့နောက် လမ်းကြီးဆီ ထွက်လာခဲ့တယ်။ တနင်္ဂနွေနေ့ဆိုရင် ဝတ်ပြုပြီး တစ်နေ့လုံး လွတ်လွတ်လပ်လပ် နေခွင့်ရှိပါတယ်။ သူက လမ်းမကြီးထဲက သူတို့ ကျောင်းသားတွေ ဝယ်နေကျ စတိုးဆိုင်မှာ သူအကြိုက်ဆုံး သကြားလုံးတွေဝယ်ပြီး အိတ်ထဲ ထည့်လာခဲ့တယ်။

သိမ်းမြစ်တံတားပေါ် သူ ရောက်လာခဲ့ပြီ။ လှပတဲ့ တံတားပေါ်မှာ အေးအေးဆေးဆေး လမ်းလျှောက်ရင်း မြစ်ပြင်ကိုငေးကြည့်တော့ မြစ်ပြင်ပေါ်မှာ ငန်းမကြီးတစ်ကောင်ဟာ သူ့ငန်းသားငယ်လေးတွေနဲ့ ရေလှိုင်းစီးနေတာကို မြင်ရတယ်။ နေရောင်ကလည်း တောက်ပနေလျက်။ သူ့ရှေ့ ဟိုဘက်မှာတော့ ဝင်ဆာရဲတိုက်ကြီးဟာ အစွမ်းကုန် တောက်ပနေပါတယ်။ မကြာခင်က မီးလောင်ခံခဲ့ရတဲ့ နေရာတွေကို ပြန်ပြီးပြုပြင်နေတာလည်း မြင်နိုင်ပါတယ်။ ဝီလျံ သူ့အစောင့်အရာရှိနဲ့ အလှမ်းကွာနေပေမယ့် သူ့ကို လုံခြုံရေးဂိတ်က ရဲအရာရှိတစ်ဦးက "အလေးပြု"တာ ခံရပါတယ်။

အခု သူဟာ ...

ကျောက်သား စကြိုကနေ ဝက်သစ်ချသားနဲ့လုပ်ထားတဲ့ ဧည့်ခန်းကို သွားနေတာပါ။ အဲဒီအခန်းမှာ သူ့ဘွားတော်ဘုရင်မကြီးက သူ့ကို စောင့်နေတယ်။ ဘိုးတော်ဖြစ်တဲ့ အီဒင်ဘာ့ဂ်မြို့စားကြီးလည်း မကြာခဏဆိုသလို နေ့လယ်စာစားဖို့ ပါဝင်လေ့ ရှိပါတယ်။ သူ့မြေးဦးကြီးကို ကျောင်းမှာ ဒီအပတ် ဘာတွေသင်ရသလဲ ဆိုတာ မေးတတ်တယ်။ လက်ဖက်ရည် သောက်ချိန်မှာတော့ ဘိုးတော်က စာကြည့်ခန်းမှာ သွားနားတယ်။ ဝီလျံနဲ့အဘွား နှစ်ယောက်တည်း ကျန်ရစ်တယ်။

ဝီလျံက အခုလို အဘွားနဲ့တွေ့ဖို့ကို တစ်ပတ်လုံး မျှော်မှန်းခဲ့တာပါ။ သူက အဘွားနဲ့ နီးနီးကပ်ကပ် နေချင်တယ်။ အဘွားကလည်း ဆယ်ကျော်သက် မြေးလေးကို သံယောဇဉ်ကြီးပါတယ်။ ဝီလျံက ရုပ်ရည်သွင်ပြင်မှာ သူ့အမေနဲ့ တူတယ်။ သမင်မျက်လုံးနဲ့၊ အရောင်ဖျော့ဖျော့ဆံပင်နဲ့၊ ကိုယ်လုံး သွယ်သွယ်လျလျနဲ့။ အဲဒီလို ရုပ်ရည်တူရုံသာမက သူ့အမေရဲ့ စိတ်ဓာတ်ဖြစ်တဲ့ "စာနာတတ်မှု" လည်း အပြည့်အဝ အမွေရထားသူပါ။ ဘုရင်မကြီးက ဒီမြေးအချော

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ နောင်အခါမှာ သူပြည်သူလူထုရဲ့ မေတ္တာကို ရရှိလိမ့်မယ်လို့ အသိအမှတ် ပြုထားပါတယ်။ သူ့မြေးကို စိတ်ထဲရှိရာ နှုတ်ပိတ်မထားဘဲ ဖွင့်ပြောဖို့ အားပေးခဲ့တယ်။ ဒီလို မိဘတွေ ပြိုကွဲတဲ့အချိန်မျိုးမှာ အားမငယ်ဖို့ အားပေးရင်း၊ ငိုချင်ရင်ငိုဖို့၊ ရဲတိုက်ရဲ့ သီးသန့်အခန်းထဲမှာ ခွင့်ပြုခဲ့တယ်။ အဲလစ်ဇဗတ် ဘုရင်မကြီးဟာ ဝီလျံကိုဖေးမဖို့ အလွန်ထက်သန်ခဲ့ပါတယ်။

ချားလ်စ်ဆိုရင် သူ့မိခင်နဲ့ နီးနီးကပ်ကပ် မနေခဲ့ရဘူးလို့ ညည်းလေ့ရှိခဲ့တယ်။ တစ်ယောက်နဲ့တစ်ယောက် တွေ့ရခဲပါတယ်။ ဒီတော့ အကူအညီလိုလာရင် အဘွားဆီပဲ ပြေးခဲ့ရတယ်။ ဒီအတိတ်က သင်ခန်းစာကို အမှားပြင်ဖို့ ဘုရင်မကြီးက ဆုံးဖြတ်ထားတာပါ။ ဒါကြောင့် သူ့မြေးကြီးက ကျောင်းကဇာတ်လမ်းတွေ ပြောပြရင် သူကပြန်ပြီး ဒီအပတ်အတွင်း အစိုးရတာဝန်နဲ့ ဘာတွေလုပ်ခဲ့ကြောင်း ပြန်ပြောလေ့ ရှိခဲ့တယ်။ ဝီလျံကို အနာဂတ်ဘုရင်အဖြစ် ပြင်ဆင်ပေးမယ်လို့ အဲလစ်ဇဘက်က ယူဆထားတာပါ။ သူ့ဖခင် ဆဋ္ဌမမြောက် ဂျော့ဘုရင်ဆိုရင် သူ့ကို ဒီလိုပဲ ပြင်ဆင်ပေးခဲ့လို့ ဘုရင် ကွယ်လွန်တဲ့အခါ အဲလစ်ဇဘက်က အသက် ၂၅ နှစ်အရွယ်သာ ရှိသေးပေမယ့် ဗြိတိသျှနန်းပလ္လင်ပေါ်ကနေ ဗြိတိန်နိုင်ငံကို ဦးဆောင်နိုင်ခဲ့တာပါ။ သူ့ဖခင်ဟာ သူ့ကို ငယ်ငယ်ကတည်းက လမ်းညွှန်ခဲ့သလို၊ ဝီလျံကိုလည်း လေ့ကျင့်ပေးရမယ်လို့ ယူဆထားတာ ဖြစ်ပါတယ်။

အဲလစ်ဇဘက်ဟာ အသက် ၂၁ နှစ်မြောက် မွေးနေ့မှာ တောင်အာဖရိကမှာနေပြီး ဗြိတိသျှ စေသဟာယ နိုင်ငံများကို မိန့်ခွန်းပြောခဲ့ရတာပါ။ အဲဒီ သမိုင်းဝင်မိန့်ခွန်းကို အခုထိ မှတ်မိနေဆဲပဲ။ "သင်တို့ အားလုံးရှေ့မှာ ကျွန်ုပ် ကြေညာပါတယ်။ ကျွန်ုပ်ဘဝ တစ်လျှောက်လုံး ရှည်သည်ဖြစ်စေ၊ တိုသည်ဖြစ်စေ သင်တို့၏ အလုပ်အကျွေးနှင့် ကျွန်ုပ်တို့၏ အင်ပါယာ မိသားစုကြီးရဲ့ ကြီးမားသော အလုပ်အကျွေးကို ချစ်မြတ်နိုးနေမှာပါ"

ချားလ်စ်ရော၊ ဒိုင်ယာနာကပါ ဝီလျံကို တရားဝင် အလုပ်ကိစ္စတွေကို မလုပ်စေချင်ကြသေးပါဘူး။ ဝီလျံ ရှစ်နှစ်သားတုန်းက "စိန့်ဒေးဗစ်နေ့" ကျင်းပတဲ့ဆီ ဒိုင်ယာနာက ခေါ်သွားဖူးတယ်။ လူတွေက မင်းသားလေးကို ချစ်ကြတယ်။ ဝိုင်းအုံပြီး ဓာတ်ပုံရိုက်ကြတယ်။ ဒါကို ဝီလျံက သဘောကျပြီး လက်ပြနှုတ်ဆက်တယ်။ ပျော်မွေ့တယ်။

အခုအခါမှာတော့ ဝီလျံက ဆယ်ကျော်သက် ကြီးကောင်ဝင်လာပြီ။ ဒီအခါမှာမှ သူ့မိဘတွေရဲ့ ကိစ္စက သတင်းတွေမှာ ပြောစရာဆိုစရာ၊ အပြစ်တင်စရာတွေ ဖြစ်လာတော့ သူ သတင်းသမားတွေကို မတွေ့ချင်တော့ဘူး။ သတင်းသမားတွေနဲ့ဆုံရင် မနေတတ်၊ မထိုင်တတ် ဖြစ်လာတယ်။ ဒါကြောင့် နောက်ကွယ်မှာပဲ ပုန်းရှောင်နေခဲ့တော့တယ်။

ဒီအခြေအနေကို ဘွားတော် အဲလစ်ဇဘက်က တခြားလူတွေထက် နားလည်ပါတယ်။ ဝီလျံဟာ အနာဂတ်ကို ရင်ဆိုင်ရဲဘဲ ကြောက်ရွံ့နေပြီဆိုတာကို သိတယ်။ ဒါကြောင့် ဝီလျံကို လမ်းညွှန်ရမယ့် အနေအထားမှာ လုံးလုံးကြီး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျရောက်နေခဲ့တယ်။ တနင်္ဂနွေနေ့ခင်း မွေးအဘွားနှစ်ယောက် လက်ဖက်ရည် သောက်ကြတယ်ဆိုတာ လက်ဖက်ရည် သောက်ဖို့ချည်း မဟုတ်ခဲ့ပါဘူး။ အခု ဝီလျံ ရင်ဆိုင်ကျော်လွှားနေရတဲ့ အရှုပ်အထွေး အကျပ်အတည်းတွေကို ရင်ဖွင့်ဖို့ အဘွားဖြစ်သူက အားပေးပါတယ်။ သတ္တိ မွေးပေးပါတယ်။ ဒီလို နှစ်သိမ့် အားပေးစကားတွေဟာ ဝီလျံအတွက် အင်မတန် အဖိုးတန်ခဲ့ပါတယ်။ လေဒီအဲလစ်ဇဘက်အန်ဆင်းရဲ့ ပြောကြားချက်အရ ဒီတွေ့ဆုံမှုတွေဟာ ဝီလျံအတွက် ကြီးမားတဲ့ခွန်အားတွေ ဖြစ်ပေါ်စေခဲ့ပြီး အီတင်ကျောင်းကို ပြန်တဲ့အခါ ခေါင်းမော့ပြီး ပြန်နိုင်စေခဲ့ပါတယ်တဲ့။

"ဘုရင်မကြီးက ဝီလျံနဲ့ အချိန်အများကြီး သုံးခဲ့တယ်။ အီတင်ကနေ အပြင်ကို သူနဲ့အတူ ထွက်ဖို့လည်း လုပ်ခဲ့တယ်။ သူတို့နှစ်ယောက်ဟာ ဘယ်သူနဲ့မှမတူအောင် နီးစပ်ခဲ့ကြတာပါ။ ဘုရင်မကြီးဟာ ဝီလျံအပေါ် အဲဒီနှစ်တွေ တစ်လျှောက်လုံး အံ့ဩစရာ ကောင်းလောက်အောင် ငြိတွယ်ခဲ့ပါတယ်"လို့ အဲလစ်ဇဘက်ဟင်ဆန်က ဆိုပါတယ်။ ဝီလျံအနေနဲ့ ရခဲ့တဲ့အခွင့်ထူးတွေဟာ သူ ပြန်မဆပ်နိုင်လောက်အောင်ကိုဘဲ ကြီးမားခဲ့တာပါ။ သူ စကားပြောတတ်ခါ ကတည်းက သူဟာ အမေကိုလည်း ချစ်တယ်။ တော်ဝင်မိသားစုထဲမှရှိတဲ့ သူ့အဆင့်ကိုလည်း သူ သတိထား၊ နားလည် ထားတယ်။ သူ့မှာ တာဝန်ရှိစိတ်နဲ့ သမိုင်းထဲက သူ့နေရာကို သူသိတယ်။ ဒါတွေဟာ သူ့သွေးထဲမှာ ရှိနေတာပါ။ ဒီတော့ သူဟာ သူ့အမေလုပ်ခဲ့သလို ဆန့်ကျင်တဲ့စနစ်တွေကို လုပ်ဖို့ ဘယ်တော့မှ စိတ်မကူးပါဘူး။ ဒါဟာ သေချာ ပါတယ်။

ဒိုင်ယာနာကတော့ ကွာရှင်းမှုအတွက် စတာလင်ပေါင် ၁၇ သန်း ရရှိခဲ့ပြီး သူ့သားတွေကို အလုံးစုံ ပိုင်ဆိုင် ထိန်းသိမ်းခွင့် မရနိုင်တော့ဘူးဆိုတာ သိပါတယ်။ တစ်ယောက်ယောက်က ထီးမွေနန်းမွေခံ ဖြစ်တယ်။ နောက်တစ်ယောက် က နန်းရန်ဖြစ်တယ်။ ဒီတော့ သူတို့ဘဝဟာ သူတို့အဆင့်က ခိုင်းစေတဲ့အတိုင်း ဖြစ်သွားရတော့မှာပါပဲ။

သူတို့ရဲ့ မိခင်အနေနဲ့တော့ သူ့သားတွေကို အတတ်နိုင်ဆုံး "သာမန်" လူဖြစ်အောင် မွေးမြူခဲ့တာပါ။ ခုအချိန် မှာတော့ သူတို့လည်း လူလားမြောက်ဖို့ ကြိုးကောင်ဝင်စ ပြုခဲ့ပြီ။ သူတို့ အနာဂတ်ဘဝနဲ့ သူတို့ပုံပန်း ဝင်ဆာနန်းတော်ရဲ့ ပုံသွင်းမှုကို လွှန်ဆန်လို့ မရနိုင်တော့ပါဘူး။

ဝီလျံဟာ သူ့မိခင်အပေါ် လေးလေးနက်နက် သစ္စာရှိပြီး ပြင်းပြင်းထန်ထန် ကာကွယ်ခဲ့ပေမယ့် ဒိုင်ယာနာ ဘယ်လောက် ဒုက္ခပေးသလဲ ဆိုတာကိုလည်း တဖြည်းဖြည်း မြင်လာခဲ့တယ်။ အခု သူ အရုပ်ခြောက်ပေကျော်လာခဲ့ သူ့အမေအရပ်ကိုတောင် ကျော်သွားခဲ့ပြီမို့ သူဟာ ကိုယ်ပိုင် ဆုံးဖြတ်ချက်တွေကိုလည်း ချနိုင်နေပါပြီ။

၁၉၉၇ ခုနှစ်၊ မတ်လမှာ ပြုလုပ်တဲ့ အခမ်းအနားတစ်ခုကို "တစ်ဂျီလတ်ဂီးဘော်ကီး" မတက်ရဘူး ဒိုင်ယာနာက ပြောတဲ့အခါ ဝီလျံဟာ ဒိုင်ယာနာကို အတော်စိတ်ပျက်သွားခဲ့တယ်။ တစ်ဂျီကို ချားလ်စ်နဲ့ငြိနေတယ်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ယာနာက နားလည်ထားလို့ပါ။ ဒိုင်ယာနာက သူ့မိခင်ရင်းနဲ့လည်း စကားများထားတာမို့ သူ့မိခင်ကိုလည်း အခမ်းအနား တက်ခွင့် ပိတ်ပင်တားမြစ်ခဲ့တယ်။ ဒီကိစ္စအတွက်လည်း ဒိုင်ယာနာကို ဝီလျံက အတော် စိတ်ပျက်သွားခဲ့ပါတယ်။

ဝီလျံရော၊ ဟယ်ရီပါ သူတို့ရဲ့အထိန်း “ဂရန်နီဖရန့်စစ်”ကို ချစ်ကြတာပါ။ ကျောင်းပိတ်ရက် နွေရာသီပေါင်း များစွာကို ဖရန့်စစ်အိမ်မှာ နေခဲ့ကြဖူးပါတယ်။ ဖရန့်စစ်အိမ်က စကော့တလန် အနောက်ဘက်ကမ်းခြေ “အိုဗန်” မြို့နားမှာ ဖြစ်ပါတယ်။ လန်ဒန်ကနေဆိုရင် အဝေးကြီးပါ။ ကလေးတွေက အဲဒီမှာ အထိန်းနဲ့ သွားနေရတာကို ပျော်ကြ တယ်။ ဒီတော့ ဝီလျံက ဖရန့်စစ်ကို ဖိတ်ချင်တယ်။ ဒါပေမဲ့ ဖိတ်ရင် သူတို့ မိခင်ရဲ့ပုံကို ထိပါးသလိုဖြစ်ပြီး အဲဒီနေ့ ကိုပဲ ဖျက်ဆီးရာ ကျလိမ့်မယ်ဆိုပြီး ဖိတ်ကြားမည့်သူ စာရင်းက ပယ်ဖျက်လိုက်ရပါတယ်။ ဝမ်းနည်းစရာကောင်းတာက ဒိုင်ယာနာနဲ့ သူ့မိခင်တို့ဟာ နှစ်ယောက်ကြားက ပဋိပက္ခတွေကို သူတို့ မသေခင်မှာ လုံးဝ ရင်ကြားမစေ့နိုင်ခဲ့ခြင်းပါဘဲ။

■

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဟာ သူ့မိခင်ရဲ့ပေါင်ပေါ်မှာ ခေါင်းချပြီး အိပ်ပျော်နေခဲ့တယ်။ အချိန်ကတော့ ၁၉၉၆ ခုနှစ်၊ အလွန် အေးမြတဲ့ ညနေခင်းတစ်ခုပါ။ ဒိုင်ယာနာက သူ့သူငယ်ချင်း ဆိုင်မွန်ဆင်မင်နဲ့အတူ၊ ကင်စင်တန် နန်းတော် ဒုတိယထပ်မှာရှိတဲ့ ဧည့်ခန်းမှာ စကားပြောနေကြတာ ဖြစ်ပါတယ်။ ဒိုင်ယာနာက ဂျင်းဘောင်းဘီနဲ့ အပြာဖျော့ဖျော့ ဆွယ်တာကို လွှတ်လပ်ပေါ့ပါးစွာ ဝတ်ထားတယ်။ သူ့ခြေတံရှည်ရှည်တွေက ကျဉ်နေပြီ။ ဒါပေမဲ့ သူ့သားလေးနိုးသွားမှာစိုးလို့ အသာလှည့်ပြီး ငြိမ်နေရတယ်။

"ဘာဖြစ်တယ်၊ ကားတိုက်မှုဖြစ်တယ် ဟုတ်လား။ ပြော စမ်းပါဦး"

ဒိုင်ယာနာဟာ သားလေးနိုးမှာစိုးပြီး ဆိုင်မွန်ကို စကား ပြောတာမှာ တိုးတိုးလေးပဲ ပြောနေတယ်။ ကလေးက အိပ်ပျော် နေရင်းကပဲ လှုးလွန့်လာတယ်။

"မသိဘူး ဒိုင်ယာနာ၊ ကားထဲမှာ လူလေးယောက်တော့ ကိုယ်မြင်လိုက်တယ်။ ကားတိုက်တာက ကြောက်စရာကြီးပဲ၊ ကားထဲက လူတွေ ဘယ်သူတွေလဲဆိုတာတော့ ကိုယ်မသိဘူး"

ဆိုင်မွန်ကလည်း တိုးတိုးပဲ ပြန်ပြောနေပါတယ်။

## အခန်း - ၅
## နှုတ်ဆက်ခဲ့ပါတယ်··မာမီ

*ဒိုင်ယာနာဟာ ဗိညာဉ်တွေ၊ နက္ခတ်ဆရာတွေ နိမိတ် ဖတ်တဲ့လူတွေနဲ့ အပေါင်းအသင်း ရှိတယ်။ သူတို့ရဲ့ အကြံညာ လမ်းညွှန်ချက်တွေကို ယုံတယ်။ အဲဒီလူတွေထဲမှာ "ရီတာ ဂျားစ်" ဆိုတဲ့ အမျိုးသမီးလည်း ပါတယ်။ ဗီလျံတောင်မှပဲ ငယ် က အဲဒီအနာဂတ်ဟောနိုင်တဲ့ လူတွေကို စိတ်ဝင်စားခဲ့သေး*

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ဟာ စနေနေ့မို့ ဟယ်ရီက လုဂရိုဖ်ကျောင်းကနေ အိမ်မှာ ပြန်ရောက်နေတာပါ။ ဝီလျံကတော့ အီတင်ကောလိပ်မှာ နေရဆဲပဲ။ ဆိုင်မွန်က ခါတိုင်းလုပ်နေကျအတိုင်း လက်ဖက်ရည်သောက်ရင်း အလည်အပတ် ရောက်နေခြင်း ဖြစ်ပါတယ်။ အဲဒီနေ့က သူတို့သုံးဦးဟာ တစ်ညနေလုံး နားနားနေနေနဲ့ ဂိမ်းစ်ဘွန်းရုပ်ရှင် ကြည့်နေခဲ့ကြ တယ်။ တစ်နေ့လုံး ဈေးဝယ်ထွက်ခဲ့လို့ အားကုန်မောပန်းနေခဲ့ပြီ။ အခုချိန်မှာ နားနေရင်း သူငယ်ချင်းနဲ့ စပ်မိစပ်ရာ ပြောနေတာ ဖြစ်တယ်။ ဒီလို သူငယ်ချင်းနှစ်ယောက် တွေ့ရာလေးပါး ပြောနေချိန်မှာ အသက် ၁၂ နှစ်သား ဟယ်ရီလေး ကတော့ မေးလိုက်ပျော်လိုက်နဲ့ပါ။

အပြင်မှာ မှောင်လာပြီ။

ဆိုင်မွန်နဲ့ဒိုင်ယာနာတို့လည်း လက်ဖက်ရည်နှစ်အိုး ကုန်ပြီ။ အခုလို ဒိုင်ယာနာရဲ့ အရင်းနှီးဆုံး သူငယ်ချင်း ဖြစ်လာတာ လေးနှစ်ရှိခဲ့ပါပြီ။ နောင်နှစ်တွေမှာလည်း သေသည်အထိ စွဲမြဲခဲ့တာပါ။ သူတို့နှစ်ဦးဟာ လန်ဒန်မြို့ ရိုးဂျင့်ပတ်ခ်မှာရှိတဲ့ 'ဟေးလ်' ဆေးခန်းမှာ စတင် ဆုံခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီမှာ ဆိုင်မွန်က လူနာပြုစုသူအဖြစ် အလုပ်လုပ်ခဲ့ပြီး၊ ဒိုင်ယာနာနဲ့ မိတ်ဆွေဖြစ်ရာက၊ နေ့စဉ် ဖုန်းပြောဖြစ်ကြတယ်။ ကင်စင်တန်ကို အမြဲဝင်ထွက်နေခဲ့တယ်။ ဆိုင်မွန်နဲ့ပတ်သက်ပြီး ဒိုင်ယာနာရဲ့စားဖိုမှူး မက်ဂရေးက ပြောပြရာမှာ...

"ဆိုင်မွန်က စနေ၊ တနင်္ဂနွေတွေမှာ အများဆုံး လာလေ့ရှိတယ်။ ကျွန်တော်က မီးဖိုထဲ ချက်ပြုတ်ပြင်ဆင်နေတဲ့ အချိန်၊ သူတို့နှစ်ယောက်က အပေါ်ထပ်ဧည့်ခန်းမှာ ထိုင်ကြတယ်။ ကလေးတွေ ကျောင်းကပြန်လာတဲ့အခါ သူတို့နဲ့ အတူ စကားစမြည် ပြောတတ်ကြတယ်"

လို့ ဆိုပါတယ်။ တချို့အမှုထမ်းတွေက ဆိုင်မွန်ကို သံသယရှိတတ်ကြပေမယ့် ဒိုင်ယာနာကတော့ ဆိုင်မွန်ကို ခင်မင်တယ်။ သူ့သားလေးတွေ နေမကောင်းဖြစ်တဲ့အခါ ပြုစုနိုင်ဖို့၊ ပြုစုနည်းကိုလည်း သင်ပေးဖို့ ပြောခဲ့သေးတာပါ။

ဒိုင်ယာနာဟာ ဝိညာဉ်တွေ၊ နက္ခတ်ဆရာတွေ နိမိတ်ဖတ်တဲ့လူတွေနဲ့ အပေါင်းအသင်း ရှိတယ်။ သူတို့ရဲ့ အကြံဉာဏ်၊ လမ်းညွှန်ချက်တွေကို ယုံတယ်။ အဲဒီလူတွေထဲမှာ "ရီတာရောဂျားစ်" ဆိုတဲ့ အမျိုးသမီးလည်း ပါတယ်။ ဝီလျံတောင်မှပဲ ငယ်စဉ်က အဲဒီအနာဂတ်ဟောနိုင်တဲ့ လူတွေကို စိတ်ဝင်စားခဲ့သေးတယ်။ တစ်ခါတစ်ရံ သူ့မိခင်ရဲ့ စိတ်ပညာဆရာမ ရီတာကို၊ တိတ်တဆိတ်ခေါ်ပြီး သူ့အနာဂတ်ကို ဟောပေးဖို့ တောင်းပန်ဖူးတယ်။ ရီတာက ဝီလျံကို ငယ်လွန်းသေးတယ်လို့ ငြင်းတယ်။ ဒါပေမဲ့ ကလေးရဲ့ သိလိုစိတ်ကိုတော့ ဖျောက်မပေးနိုင်ခဲ့ဘူး။

ဟယ်ရီကလည်း တချို့လူတွေမှာ ပါရမီရှိတယ်ဆိုတဲ့ စကားရဲ့ အလွှမ်းမိုးခံရတယ်။ စောစောကပြောခဲ့တဲ့ နေ့ခင်းချိန်ကတော့ ထူးထူးခြားခြားပါပဲ။ ဒီအမျိုးသမီးက ဆိုးဆိုးရွားရွား အဖြစ်အပျက်တစ်ခု ဖြစ်လိမ့်မယ်လို့ အာရုံမှာအမြင် ရခဲ့တယ်။ အဲဒီအဖြစ်အပျက်ဟာ ဟယ်ရီရဲ့ဘဝကို တစ်သက်လုံး ပြောင်းလဲသွားစေလိမ့်မယ်လို့လည်း မြင်တယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သိရတော့ သူတို့အိမ်ထောင်ရေးအတွက် နိုင်မာဖို့ဖြစ်လာမယ်ဆိုတဲ့ မျှော်လင့်ချက်လေး မှိန်ပျပျ ရလိုက်ပါသေးတယ်။ ဒါပေမဲ့ ချားလ်စ်ဟာ သူ့ရည်းစားဟောင်း ကမီလာပါကာဘောင်းနဲ့ ပြန်ဆက်နေတယ်ဆိုတာ သိရတဲ့အတွက် ကိုယ်ဝန်ရှိစ မအီမသာကြားမှာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရတယ်။

ချားလ်စ်က ကမီလာကို ၁၉၇၀ ပြည့်နှစ်ကတည်းက သိခဲ့ရတာပါ။ ဝင်ဆာမှာပြုလုပ်တဲ့ ပိုလိုပြိုင်ပွဲမှာပေါ့။ ဆွဲဆောင်မှုရှိပြီး ဖော်ရွေသွက်လက်တဲ့ ကမီလာကို သဘောကျခဲ့တယ်။ ဒါပေမဲ့ နောက်နှစ်မှာ ချားလ်စ်က ရေတပ်ထဲဝင်ပြီး ခရစ်ဘီယံ ပင်လယ်ကျွေ့ဘက်မှာ ရှစ်လလုံးလုံး တာဝန်ကျခဲ့တယ်။ သူ အင်္ဂလန်ကို ပြန်လာတဲ့အခါမှာတော့ ကမီလာက အင်ဒရူးပါကာဘောလ်နဲ့ စေ့စပ်ပြီးသွားပြီ။ အင်ဒရူးပါကာဘောလ်က အိမ်တော်ရဲ့မြင်းတပ်က မြင်းသည်တော် ဖြစ်ပါတယ်။ ချားလ်စ်လည်း ကမီလာကို သူငယ်ချင်းအဖြစ်နဲ့ပဲ ဆက်လက် ခင်မင်ခဲ့ပါတယ်။

အခုနောက်ပိုင်း ချားလ်စ်နဲ့ကမီလာတို့ အဆက်အသွယ်ကို ဒိုင်ယာနာ သိလာတဲ့အခါ ချားလ်စ်ပျောက်သွားရင် ဘယ်ရောက်နေသလဲ ဆိုတာ အမှုထမ်းတွေကို စိတ်ပူစွာ မေးရစမြဲ။ ပြည်သူလူထုကတော့ ဒိုင်ယာနာရဲ့အပြုံးကို တွေ့နေရပေမယ့် နောက်ကွယ်မှာ ကြေကွဲခဲ့စရာက အခု ဒုတိယကိုယ်ဝန်ရလာတဲ့အခါ အပူရုပ်ကိုဖုံးပြီး ကလေးမွေးဖို့ ဟန်လုပ်ခဲ့ရတယ်။

၁၉၈၄ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ ညနေ ၄း၂၀ မှာ ဒုတိယသားရတနာကို ကျန်းမာစွာ ဖွားမြင်နိုင်ခဲ့တယ်။ ဝီလျံဖွားတဲ့ ဆေးရုံမှာပါပဲ။ ကလေးကို 'ဟယ်ရီချားလ်စ်အဲလ်ဘတ်ဒေးဗစ်' လို့ အမည်မှည့်ပြီး ဟယ်ရီလို့ပဲ ခေါ်ခဲ့ကြတာပါ။ ၆ ပေါင်နဲ့ ၁၄ အောင်စရှိတဲ့ ကလေးကိုဖွားမြင်ဖို့ ၉ နာရီကြာ ဝေဒနာခံစားခဲ့ရတယ်။ ချားလ်စ်က အနားမှာနေရင်း သူ့ဇနီးကို ရေခဲတုံးလေးတွေ ခွံ့ပေးခဲ့ပါတယ်။ အပြင်မှာစောင့်နေတဲ့ လူထုကိုလည်း သတင်းပေး နှုတ်ဆက်ပါတယ်။

ဒါပေမဲ့ ဒိုင်ယာနာမီးဖွားပြီး အိမ်ပြန်လာတဲ့အချိန်မှာတော့ ချားလ်စ်ဟာ ဝင်ဆာကရိုက်ပတ်မှာရှိတဲ့ ကွင်းမှာ ပိုလိုကစားဖို့ ကားကို အရှိန်မြှင့် မောင်းသွားလေတော့ "ငါ့ရင်ထဲက အရာတစ်ခုခု သေဆုံးသွားပြီ" လို့ ဒိုင်ယာနာ သိခဲ့ပါတော့တယ်။

သူတို့နှစ်ဦးရဲ့ နတ်သမီးပုံပြင် အိမ်ထောင်ရေးဟာဖြင့် တစ်စတစ်စနဲ့ ကွဲစပြုလာပါပြီ။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်။

အဲဒီနောက် တစ်နှစ်မကြာခင်မှာပဲ ဒီအဖြစ်အပျက် ဖြစ်ပေါ်လာခဲ့ပါတယ်။ ဟယ်ရီဟာ သူ့အစ်ကိုနဲ့ဘေးချင်းယှဉ်ပြီး ခေါင်းငုံ့လို့ ကြေကွဲခြင်းကြီးစွာနဲ့ သူ့မိခင် အသုဘခေါင်းနောက်က လျှောက်လှမ်းခဲ့ရပါတယ်။ အဲဒီနေ့ဟာဖြင့် သူတို့ဘဝမှာ အမှောင်ဆုံးနေ့ပါပဲ။

အိပ်ခန်းတံခါးက ပိတ်ထားတယ်။

"ဒါ... ငါ့အခန်း၊ မင်း နေလို့မရဘူး"

သော့ခတ်ထားတဲ့ အခန်းထဲက "အိုမာ အယ်လ်ဖေးယဒ်" က အော်နေတာပါ။

ဟယ်ရီက တံခါးကို လက်သီးနဲ့ထုတယ်။ ပြီးတော့ ပြန်အော်တယ်။

"အဲဒီလို မပြောနဲ့။ မင်းအမေက ပြောတယ်။ ငါတို့ နေချင်တဲ့နေရာမှာ နေနိုင်တယ်တဲ့။ ငါ... ဒီအခန်း လိုချင်တယ်"

နေရာကတော့ ကြယ်ငါးပွင့် ရွက်သင်္ဘောပေါ်မှာ ဖြစ်ပါတယ်။ သင်္ဘောပေါ်မှာလူ ၁၆ ဦးပါလာပြီး အိမ်ခန်းအကြီးက အိပ်ရာအကြီးနဲ့ တစ်ခန်းပါတယ်။ အားလုံးတော်ဝင် မိသားစုအတွက် ပြင်ဆင်ထားတာပါ။ ဒါပေမဲ့ အဲဒီညမှာတော့ မိုဟာမက် အယ်လ်ဖေးယဒ်ရဲ့ သားအငယ်ဆုံး "အိုမာ" က သူ့ကိုယ်ပိုင်အခန်း လိုချင်တယ်။ ဟယ်ရီကို ဒီအခန်းမပေးနိုင်ဘူးဆိုပြီး အငြင်းပွားကြတာပါ။

အပေါ်ထပ်မှာတော့ ဒိုင်ယာနာက မျက်နှာသုတ်စောင်ကြီးခင်းပြီး ခြေပစ်လက်ပစ်ဆန့်ရင်း သူ့ 'ဝပ်ခ်မန်း' စက်နဲ့ သီချင်းဖွင့် နားထောင်နေတယ်။ ယောက်ျားလေးနှစ်ယောက်က အခန်းလုရင်း ရန်ဖြစ်နေကြတာ တစ်နာရီကြာတော့မယ်။ ဟယ်ရီ ဘယ်မှာအိပ်ရမယ်ဆိုတဲ့ အဖြေ မရသေးဘူး။

ဒီအချိန်မှာ ဝီလျံကတော့ အပေါ်ထပ်က ကုန်းပတ်ပေါ်မှာ မိုဟာမက်ရဲ့သမီး ကမီလာ၊ ဂျက်စမင်းတို့နဲ့အတူ အေးအေးလူလူ စာဖတ်နေပါတယ်။ အတော်ကြီးကြာတော့မှ အခန်းကို ဟယ်ရီ ရသွားပါတယ်။ အိုမာက ဟယ်ရီကို တစ်နေကုန် စကားမပြောတော့ပါဘူး။

အမှန်တော့ အခုအချိန်အထိ အားလပ်ရက် အပန်းဖြေခရီးက အတော် ပျော်ရွှင်ဖွယ်ဖြစ်တာပါ။ ဒိုင်ယာနာ၊ ဝီလျံနဲ့ဟယ်ရီတို့ဟာ မိုဟာမက် အယ်လ်ဖေးယဒ်ရဲ့ ဧည့်သည်တွေအဖြစ် ဘာမှ မလိုပါဘူး။ မိုဟာမက် အယ်လ်ဖေးယဒ်ဆိုတာ လန်ဒန်က၊ ဟားရော့ခ်စတိုးဆိုင်ပိုင်ရှင်... ဘီလျံနာသူဌေး၊ အီဂျစ်ပြည်ဖွား ဖြစ်တယ်။

ဒိုင်ယာနာတို့ တော်ဝင်မိသားစုနဲ့ ဖေးယဒ်မိသားစုတို့ရဲ့ ဆက်ဆံရေးဟာ အမြဲတမ်း နွေးထွေးနေခဲ့တာမို့ ဒိုင်ယာနာကလည်း ဒီလူကို ပတ်သက်ရတာ ပျော်ပါတယ်။ ငွေနဲ့ပတ်သက်ရင် ဘာမှမပူရဘူး။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



မိုဟာမက်အယ်လ်ဖေးယဒ်က စိန့်ထရိုပက်ဇ်မှာရှိတဲ့ သူ့မိသားစုဆီ အလယ်လာဖို့ ဖိတ်တာကို ဒိုင်ယာနာ လက်ခံလိုက်တယ်ဆိုရင်ပဲ ချက်ချင်း စတာလင်ပေါင် ၁၅ သန်းတန်တဲ့ ဇိမ်ခံသင်္ဘော "ဂျိုနီကားလ်"ကို ဝယ်လိုက်တာ ဖြစ်တယ်။ ဒါဟာ... ဒိုင်ယာနာတို့ တော်ဝင်ဧည့်သည်တော်များကို လုံခြုံစိတ်အချရဆုံး ဖြစ်အောင်လုပ်တဲ့ မိုဟာမက်ရဲ့ နည်းလမ်းပါ။

ဒီသင်္ဘောနဲ့ဆိုရင် အမြင့်မားဆုံး သီးသန့်လွတ်လပ်မှုကိုရမယ်။ မိုဟာမက်က ဒိုင်ယာနာကို သူ့သားအကြီးဆုံး 'ဒိုးဒီ'နဲ့ ဖူးစာရေးနတ်လုပ်ဖို့ ကစားတာဖြစ်တယ်၊ ဒိုးဒီက အိမ်ထောင်ကွာရှင်းထားသူ၊ အသက် ၄၁ နှစ်အရွယ်၊ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးပါ။ ဒိုင်ယာနာကလည်း လွတ်လပ်သူဖြစ်နေပြီ။ ၁၉၉၆ နွေတုန်းက ချစ်ကျွမ်းဝင်ခဲ့တဲ့ နှလုံးခွဲစိတ်ဆရာဝန် "ဟတ်ခဲနတ်စန်" နဲ့ မကြာခင်ကပဲ ခွာပြဲသွားခဲ့ပြီးပြီ။ ဒီအခါ သူတို့အားလုံးက "မို" လို့ ခေါ်ကြတဲ့ မိုဟာမက်က သူ့သားကြီး ဒိုးဒီဟာဖြင့်၊ ဒိုင်ယာနာကို ပျော်ရွှင်မှုပေးနိုင်မယ့် လူလို့ နားလည်ထားလေရဲ့။

ဒိုင်ယာနာကလည်း ဒုက္ခတွေကို မေ့ထားချင်နေတယ်။

မြေထဲပင်လယ်ရဲ့ နေအပူကိုလည်း စိတ်ပျက်နေတယ်။

ဒါနဲ့ပဲ သူ့သားများနဲ့အတူ ပြင်သစ်တောင်ပိုင်းကို၊ ဖေးယဒ်ရဲ့ ကိုယ်ပိုင်ဂျက်လေယဉ်နဲ့ ၁၉၉၇၊ ဇူလိုင် ၁၁ ရက်မှာ သွားခဲ့တယ်။ ဝီလျံနဲ့ဟယ်ရီတို့လည်း သူတို့အမေနဲ့အတူ အားလပ်ရက်ခရီးသွားဖို့ကို အမြဲတမ်း မျှော်လင့်နေကြတာမို့ လိုက်ဖို့ သဘောကျခဲ့ကြတယ်။ ဒိုင်ယာနာက သူ့ရဲ့ "HRH" ဘွဲ့ကို စွန့်လွှတ်ခဲ့ရပြီမို့ တစ်သက်လုံး စောင့်ရှောက်လာခဲ့တဲ့ သက်တော်စောင့် 'ကင်အဗီး'ကိုမခေါ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ သားတွေရဲ့ အစောင့်အရှောက်တွေကတော့ အတူလိုက်ပါခဲ့ကြပါတယ်။

ဖေးယဒ်မှာလည်း ကိုယ်ပိုင် လုံခြုံရေးအဖွဲ့ရှိတာပါပဲ။ သူတို့က စိန့်ထရိုပက်ဇ်တောင်ထိပ်မှာ ဆောက်ထားတဲ့ ပန်းရောင် ဂေဟာမှာပါ။ အဲဒီပန်းရောင်ဂေဟာက ဖေးယဒ်မိသားစုအိမ် ဖြစ်ပါတယ်။ အဲဒီဂေဟာမှာ ဒိုင်ယာနာတို့အဖွဲ့ အားလပ်ရက်တွေမှာ နားနေကြဖို့ စီစဉ်ထားပါတယ်။

ဖေးယဒ်ရဲ့ သမီးတွေနဲ့ သားငယ်ဖြစ်တဲ့ ကမီလာ၊ ဂျက်စမင်း၊ အိုမာတို့ကို ဝီလျံနဲ့ဟယ်ရီက အသိဖြစ်ခဲ့တာ ကြာအတော်ကြာပါပြီ။ လန်ဒန်မှာ နွေရာသီတုန်းက အတူတူနေခဲ့ကြဖူးတယ်။ ကမီလာ ပြောကြားချက်အရ သူနဲ့ ညီငယ်ချင်းတွေကို ကင်စင်တန်မှာဖိတ်ပြီး မင်းသားလေးတွေနဲ့အတူ ကွန်ပျူတာဂိမ်းစ် ကစားဖူးတယ်လို့ ဆိုတယ်။

ဒိုင်ယာနာကလည်း သူတို့ ကွန်ပျူတာဆော့တာကို မတားနိုင်ခဲ့ပါဘူး။ ကွာရှင်းမှုမပြုမီမှာ ဒိုင်ယာနာဟာ နန်းတော်ကို ပြန်လည်တန်ဆာဆင်ဖို့ ငွေအတော်လေး သုံးခဲ့ပါတယ်။ ရှေးဆန်တဲ့ နံရံစက္ကူတွေခွာပြီး တောက်ပတဲ့ အဝါရောင်ဆေး သုတ်တယ်။ ဝီလျံအခန်းက အပြာ၊ ဟယ်ရီအခန်းက သံပရာနဲ့အဖြူရောင်၊ ကော်ဇောက စစ်စိမ်းရောင်ပါ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖေးယဒ်ရဲ့ သားသမီး လေးယောက်ထဲက သမီးအငယ်ဆုံးဖြစ်တဲ့ ကမီလာက သူတို့ပျော်ရွှင်စွာ ဂိမ်းစ်ဆော့ခဲ့ပုံကို ပြောပါတယ်။ (ဂိမ်းစ်တွေကို သူ့အဖေပိုင်တဲ့ ဟားရော့ခ်စတိုးဆိုင်ကြီးရဲ့ ကလေးကစားစရာဌာနက သူ့ဖေကိုယ်တိုင် ပို့ပေးခဲ့တာပါ။)

"အဲဒီနွေတုန်းက ကျွန်မတို့ အပွဲ့ဖြစ်ခဲ့တယ်။ ကျွန်မက အသက် ၁၁ နှစ်ပါ။ အစ်မက ၁၅ နှစ်။ ဝီလျံတို့ ဟယ်ရီတို့နဲ့ အမြဲတွဲခဲ့ကြတာပါ။ ကျွန်မတို့အချင်းချင်း ချစ်ကြတယ်။ ဘာကိုပဲဖြစ်ဖြစ် အတူတူလည်ခဲ့ကြတာ ဖြစ်ပါတယ်" တဲ့။

ဝီလျံနဲ့ဟယ်ရီက "ဒိုးဒီ"ကို မသိကြပါဘူး။

ခုတော့ ဒိုးဒီက ဟောလီးဝုဒ်အကြောင်းတွေ ပြောပြပြီး၊ ကလေးတွေကို ပျော်စေခဲ့တယ်။ သူတို့အမေကိုလည်း အဖိုးတန်လက်ဆောင်တွေပေးပြီး အနိုင်ရသွားခဲ့တယ်။

မိုဟာမက်ရဲ့သမီး ကမီလာရဲ့ ပြောကြားချက်ကတော့

"တချို့သတင်းတွေထဲမှာ ကျွန်မတို့ကတော့ အချင်းချင်း မတည့်ကြဘူးလို့ ပြောကြတယ်။ အဲဒါ မမှန်ပါဘူး။ အဲဒီနွေရာသီမှာ ကျွန်မတို့ အပျော်ကလွဲပြီ တခြား ဘာမှမရှိခဲ့ဘူး။ ပြင်သစ်မှာ အတူတူနေခဲ့ကြတာကိုလည်း ဘယ်တော့မှ မမေ့နိုင်ပါဘူး။ ဒိုင်ယာနာနဲ့ အတူနေရတာ အရမ်း အပျော်စရာကောင်းပါတယ်။ သူက တစ်အားလည်းလှတယ်။ တစ်အား လည်း ကြင်နာတတ်ပါတယ်။ ကျွန်မတို့အားလုံးကို သူချစ်တယ်။ ကျွန်မတို့ အိပ်ရာထဲလာပြီး ဖက်လိုက်ပြောလိုက်နဲ့ ကျွန်မတို့ကို သူ့ကလေးအရင်းတွေလိုပဲ ဆက်ဆံတာပါ။ ကျွန်မတို့အားလုံး ရင်းနှီးကြတယ်။ ကျွန်မတို့ မိတ်ဆွေဖွဲ့ ချစ်ခင်ပုံကို တခြားလူတွေ ကောင်းကောင်း မသိနိုင်ဘူး။ တစ်ခုသိသင့်တာက ကျွန်မတို့ပတ်ဝန်းကျင်မှာ ဒိုင်ယာနာနဲ့ သူ့မင်းသားလေးတွေပဲရှိဖူးတာ မဟုတ်ဘူး ဆိုတာပါပဲ။ ကျွန်မတို့က မိုက်ကယ်ဂျက်ဆင်ကိုလည်း လက်ဖက်ရည်သောက် ဖိတ်ဖူးတယ်။ ဒီတော့ ကျွန်မတို့အနားမှာ နာမည်ကျော်လူတွေ ရောက်လာတာဟာ ကျွန်မတို့အဖို့ အဆန်းမဟုတ်ပါဘူး။ ပုံမှန်ကိစ္စ၊ သာမန်ကိစ္စပါ။ ကျွန်မ မှတ်မိပါသေးတယ်။ ဟယ်ရီကတော့ "အမေချစ်"သားလေးပဲ။ သူက ဒိုင်ယာနာရဲ့ ဂရုစိုက်မှုကို အမြဲလိုချင်တယ်။ သူနဲ့အိုမာနဲ့ အငြင်းပွားကြဖူးတာ မှန်ပါတယ်။ ဒါပေမဲ့ သတင်းစာထဲမှာပါသလို ခိုက်ရန်ဖြစ်ကြတာ မဟုတ်ပါဘူး။ အိပ်ရာလုကြတာပါ။ ကျွန်မတို့အမေက အိုမာကို အလျှော့ပေးဖို့ ပြောလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ကျွန်မတို့ရဲ့ ဧည့်သည်ဖြစ်နေလို့ပါ။ အိုမာကလည်း မပေးချင်ဘူး။ ဒီကိစ္စကို ကျွန်မတို့ ဘယ်လိုမှ ရေးကြီးခွင့်ကျယ် သဘောမထားပါဘူး။ ရယ်နေခဲ့ကြတာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး အားလုံး ရယ်နေခဲ့ကြတယ် အထူးသဖြင့် ဒိုင်ယာနာပေါ့။ သူက ဒါဟာ အရမ်းရယ်ဖို့ ကောင်းတယ်လို့ ထင်တယ်လေ။ အိုမာနဲ့ဟယ်ရီကတော့

the bookhouse
we bring your taste

www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကြောင့် တစ်ရက်လုံးလုံး စကားမပြောကြဘူး။ အဲဒါတွေကို ကျွန်မတို့က ရယ်နေကြတာ၊ မျက်ရည်တောင်ထွက်တဲ့အထိပဲ။ ဝီလျံကတော့ ပိုပြီး ငြိမ်သက်တယ်။ လူကြီးလူကောင်း ဆန်တယ်။ သူ့မှာ ငြိမ်းချမ်းတဲ့အမူအရာ ရှိတယ်ဆိုတာ ကျွန်မ သတိရတယ်။ သူ့မိခင်ကိုလည်း အမြဲဂရုစိုက်ပြီး မိခင်နေကောင်းလား၊ ပျော်ပျော်ရွှင်ရွှင်ရှိရဲ့လား ဆိုတာတွေကို သတိထားပါတယ်။ ဝီလျံဟာ တကယ်ကို ငြိမ်းပြည်စုံတဲ့ မင်းသားလေးပါ"

အဲဒါကတော့ မိုဟာမက်သမီးလေးရဲ့ ပြောဆိုချက်ပါ။

အခု အပျော်စီးသင်္ဘောနဲ့ ခရီးထွက်ခဲ့ကြတဲ့ အားလပ်ရက်မှာ အနှားယူရတာတော့ သိပ်မလွယ်ပါဘူး။ ဒီခရီးမှာ ဓာတ်ပုံတွေ အများအပြား ရိုက်ယူတာ ခံရတယ်။ ဓာတ်ပုံတွေကို သတင်းစာတွေကို ရောင်းစားကြတယ်။ ဓာတ်ပုံဖိုးက ဒေါ်လာင်ပေါင်ထောင်နဲ့ချီပြီး ရကြတာပါ။ ဒီဓာတ်ပုံတွေကို ဘယ်သူရိုက်တာလဲလို့ မေးရင်တော့၊ နီးစပ်ရာ သတင်းဌာနများက သူ့တို့ရဲ့ မှန်ပြောင်းရှည်တွေနဲ့ သင်္ဘောကို တစ်ချိန်လုံး 'ချိန်' ပြီး ရိုက်ခဲ့ကြတာပါပဲ။

ဒိုင်ယာနာက ရေကူးဝတ်စုံနဲ့ဆိုတော့ မျက်စိကျစရာ ဖြစ်နေတယ်။ ပါပါရာဇီလို့ခေါ်တဲ့ သတင်းသမားတွေဆီက ကာကွယ်ပေးမယ့် အရာရှိလည်း တစ်ဦးမှမပါတော့ ဒိုင်ယာနာက သတင်းသမားတွေကို တောင်းပန်ခဲ့တယ်။ ကျွန်မတို့မိသားစု အေးအေးဆေးဆေး နေပါရစေလို့။ ဝီလျံလည်း အတော်စိတ်ရှုပ်နေပြီလို့ ဓာတ်ပုံသမားတွေကို အော်ပြောရတယ်။ "ကျွန်မသားတွေက လူထုမျက်စိနဲ့ဝေးတဲ့ နိုင်ငံခြားမှာသွားနေဖို့ အမြဲပူဆာကြတယ်။ ဒီတော့ ကျွန်မ ပြည်ပကိုသွားဖို့ ဒီလုပ်ပေးရကောင်း လုပ်ပေးရပါလိမ့်မယ်"

အဲသလို ပြောလိုက်တဲ့စကားတွေဟာ နောက်နေ့ကျတော့ သတင်းစာရှေ့မျက်နှာမှာ ပါလာကြပြန်တယ်။ ဒိုင်ယာနာဟာ အမေရိကန်ကိုပြောင်းဖို့ စီစဉ်ထားပြီလား၊ ဝီလျံနဲ့ဟယ်ရီကို ခေါ်သွားမှာလား စသဖြင့် သံသယတွေ ရှိလာကြတယ်။ ဒီလိုသာစိတ်ကူးရင် တော်ဝင်မိသားစုမှာ နောက်ထပ် အရေးကိစ္စတစ်ခု ပေါ်လာတော့မှာပဲ။ ဝီလျံကလည်း သူ့မိခင်နားမှာ စုဝေးလာကြတဲ့ မီဒီယာသမားတွေကို တစ်အား စိတ်ပျက်လို့ အချိန်အတော်များများ သင်္ဘောအောက်ခန်းမှာပဲ နေခဲ့ပါတော့တယ်။ အောက်ထပ်ကို ကင်မရာမှန်ပြောင်းတွေ မမီနိုင်ပါ။

ဇူလိုင် ၂၀၊ စနေနေ့ သူတို့အိမ်ပြန်ဖို့ လေယာဉ်ပေါ်တက်မှပဲ အတော်လေး အသက်ရှူချောင်သွားခဲ့ရပါတယ်။ Queen mother လို့ခေါ်တဲ့ ဘုရင်မကြီးရဲ့မိခင် ၉၇-နှစ်မြောက် မွေးနေ့အခမ်းအနားကို ကလေးနှစ်ယောက် တက်ခဲ့ကြတယ်။ အဲဒီအခမ်းအနားက ကလဲရင့်စ်ဟောက်စ်မှာ နေ့လယ်စာကျွေးပြီး ဧည့်ခံတာပါ။ အဲဒီနောက် တော်ဝင်မိသားစုဟာ "ဘရစ်တားနီးယား" တော်ဝင်သင်္ဘောနဲ့ အနောက်ဘက်ကျွန်းတွေဘက် ခရီးထွက်ခဲ့ကြတယ်။ ဝီလျံတို့လည်း အဲဒီခရီးမှာလိုက်ပါခဲ့ကြပြီး ခရီးစဉ်မပြီးခင် သူတို့အဖေနဲ့ "ဘောလ်မိုရယ်လ်" မှာ ကျန်တဲ့နွေရက်တွေအတွင်း နေထိုင်ဖို့ ပြန်သွားခဲ့ကြပါတယ်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ချားလ်စ်နဲ့ဒိုင်ယာနာ ကွဲပြီးတဲ့နောက်ပိုင်းမှာ ကလေးတွေကို တော်ဝင်နယ်မြေအတွင်းမှာ အချိန်ပိုနေဖို့ ဘုရင်မကြီးက ပြောခဲ့ပါတယ်။ ဒါကို ချားလ်စ်ကလည်း သဘောတူခဲ့တယ်။ သူတို့အမေနဲ့သွားတိုင်း သတင်းဖြစ်သွားခဲ့တယ်။ ဒစ်စ်နေကမ္ဘာ သွားတာပဲ ဖြစ်ဖြစ်၊ ဒါတွေက သတင်းထဲပါကြတယ်။ ဘုရင်မကြီးအနေနဲ့က သူ့မိသားစုကို သီးသီးသန့်သန့်နဲ့ သိုသိုသိပ်သိပ် ဖြစ်စေချင်တယ်။ ဒီတော့... ခုလို သတင်းတွေပါလာရင် အထိတ်တလန့် ဖြစ်ရတယ်။ စကော့တလန်က တော်ဝင်နယ်မြေမှာတော့ ကလေးတွေဟာ ကင်မရာမှန်ပြောင်းတွေရဲ့ဘေးက လွတ်ကင်းလုံခြုံပါတယ်။

ဒိုင်ယာနာကတော့ ချားလ်စ်နဲ့ ကွာရှင်းလိုက်ပြီ ဖြစ်တဲ့အတွက် သူ့ရဲ့နွေရာသီကို လွတ်လွတ်လပ်လပ်၊ ပျော်ပျော်ပါးပါး အသုံးပြုလိုက်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒိုးဒီကလည်း မကြာသေးခင်ကမှ အသည်းကွဲသွားခဲ့တဲ့ ဒိုင်ယာနာကို နွေးထွေးစွာ ကြိုဆိုခဲ့တယ်။ "ဂျူနီကားလ်"သင်္ဘောနဲ့ ခရီးထွက်ပြီး မကြာခင်မှာပဲ ပါရီကို "တိတ်တဆိတ်" ဒိုးဒီနဲ့အတူသွားဖို့ ဒိုင်ယာနာက ဆုံးဖြတ်တယ်။

ဒိုင်ယာနာက သူ့မိတ်ဆွေ ဒီဇိုင်နာတစ်ဦးရဲ့ အသုဘအတွက် မီလန်ကိုလည်း သွားလိုက်ပါသေးတယ်။ ကျန်တဲ့ရက်တွေကိုတော့ မြေထဲပင်လယ် နေခြည်ထဲမှာပဲနေမယ်လို့ စဉ်းစားထားတယ်။ ဂရိကျွန်းတွေကြား သူ့သူငယ်ချင်း 'ရိုဇာ'နဲ့ လှေျာက်လည်ပြီး ဩဂုတ်လ ၂၀ ရက်မှာတော့၊ လန်ဒန်ကို ခဏပြန်တယ်။ လန်ဒန်မှာ အဝတ်သေတ္တာယူဖို့ပါ။ အဲဒီကနေ Nice ကို လေယာဉ်နဲ့သွားမှာဖြစ်ပြီး၊ ဒိုးဒီက Nice မှာကြိုနေဖို့ စီစဉ်ထားတယ်။ နှစ်ယောက်ဆုံပြီးတဲ့အခါ နောက်တစ်ခါ "ဂျူနီကားလ်"သင်္ဘောနဲ့ အပျော်ခရီး ထွက်ဖို့ဖြစ်ပါတယ်။

ဒီသတင်းကို ကမ္ဘာ့သတင်းသမားများက အလစ်မပေးပါ။ ဆာဒီးနီးယားကနေ ဆွဲရိုက်တာ သင်္ဘောကုန်းပတ်ပေါ်မှာ သူတို့နှစ်ဦးနမ်းနေကြတဲ့ပုံကို ရရှိသွားခဲ့ပါရော။ တစ်နေ့တောင်မဆိုင်းဘဲ သတင်းထဲပါလာတယ်။ ဒိုင်ယာနာရဲ့ ချစ်သူအသစ်ပုံပေါ့။

အခုလို သတင်းစာ မျက်နှာဖုံးသတင်းအဖြစ် ဓာတ်ပုံတွေပါလာရာမှာ ဒိုင်ယာနာက ကျားသစ်ဆင် ရေကူးဝတ်စုံဝတ်ထားပြီး ဝမ်းဗိုက်က နည်းနည်းဝဖြိုးနေတာ မြင်ကြတဲ့အခါ ဒိုင်ယာနာ "ကိုယ်ဝန်ရှိနေပြီ"လို့ ကောလာဟလတွေထွက်လာပါတော့တယ်။

ဩဂုတ်လ ၃၀ ရက်မှာ၊ သူတို့နှစ်ယောက် ပါရီကို လေယာဉ်နဲ့ထွက်ခွာကြတော့ သံသယတွေက ပိုပြီးကြီးကျယ်လာခဲ့တယ်။ အမှန်က အဲဒီအချိန်ဟာ ဒိုင်ယာနာ လန်ဒန်ပြန်ဖို့ပါ။ ဒါပေမဲ့ ဒိုးဒီက ဒီတစ်ညတော့ ပါရီမှာ ညအိပ် ရပ်နားလိုက်ချင်သေးတယ်။ ဒါမှသာ သူတို့ရဲ့ အားလပ်ရက်ခရီးစဉ် အဆုံးသတ်ဟာ သိပ်ကို စိတ်ကူးယဉ်စရာ ဖြစ်သွားမယ်လို့ တွေးပြီး ပါရီမှာ တစ်ညအိပ်ဖို့ ဒိုးဒီက ဆုံးဖြတ်တာပါ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ယာနာဟာ အဲဒီနံနက်မှာပဲ ပါရီဟိုတယ်ကနေ သူ့သားကြီး ဝီလျံကို ဖုန်းဆက်ပါသေးတယ်။ သူ့သားလေးတွေ 'ဘောလ်မိုရဲလ်' မှာ ပျော်ခဲ့ကြကြောင်း ကြားရလို့ သူဝမ်းသာခဲ့ပါသေးတယ်။ ဝီလျံကလည်း သူရော၊ ဟယ်ရီပါ သူတို့အမေကို တွေ့ချင်လှပြီဆိုတာ ပြောလိုက်ပါတယ်။ ဖုန်းပြောပြီးပြီးချင်းမှာလည်း ဟယ်ရီကို တို့မာမီ နက်ဖန် အိမ်ပြန်လာတော့မှာလို့ ဝမ်းသာအားရ ပြောလိုက်ပါသေးတယ်။

အဲဒါဟာ... သူ့မိခင်ကို သူ နောက်ဆုံးစကား ပြောခဲ့ရတဲ့ အကြိမ်ပါပဲ။

■

ကင်စင်တန်ရဲ့ ညတစ်ည။ သို့မဟုတ် ဩဂုတ် ၃၀-ည။ စနေည။

ချားလ်စ်ရဲ့ အတွင်းရေးမှူး ဒစ်ကီအာဘစ်တာဟာ အိပ်ရာထဲ ဝင်မလို့လုပ်တုန်း တယ်လီဖုန်း မြည်ပါတယ်။

အချိန်က ည ၁၁ နာရီ ခွဲပြီးခါစပါ။

ရုပ်မြင်သံကြား CNN က နောက်ဆုံးသတင်းတွေ လွှင့်နေတယ်။

အာဘစ်တာ ရုပ်မြင်သံကြားစက် ဖွင့်ကြည့်လိုက်တဲ့အခါ...

ချာလပတ်လည်ပြီးကျေနေတဲ့ မာစီးဒီးစ်ကားနက်ကြီး၊ ဒိုင်ယာနာ၊ ဒိုးဒီ၊ သက်တော်စောင့် ထရီဗာရီးစ်ဂျုံးနဲ့ ရိုင်ဘာ ဟင်နရီပေါလ်တို့ရဲ့ပုံတွေကို မြင်ရတယ်။ ဘောလ်မိုရယ်လ်မှာလည်း ဘုရင်မကြီးရယ်၊ ဖိုးလစ်မင်းသားကြီးရယ်၊ ချားလ်စ်ရယ် သုံးယောက်တို့ဟာ ရုပ်မြင်သံကြားကို ကြည့်နေကြတယ်။ ဘုရင်မကြီးရဲ့ သီးသန့်အတွင်းရေးမှူး 'ရော်ဘင်ဂျာရင်' ကတော့ ပြင်သစ်အာဏာပိုင်များနဲ့ ဆက်သွယ်ပြီး သတင်းရယူနေတယ်။

ပဲရစ်က Pont ale l'Alma မြေအောက်လိုဏ်ခေါင်းကားလမ်းမှာ ကားမှောက်တော့ သူ့ရဲ့ဇနီးဟောင်း ပါနေတယ်ဆိုတဲ့ သတင်းကို ကိစ္စဖြစ်ပြီး မိနစ်ပိုင်းအတွင်းမှာပဲ ချားလ်စ်က သိခဲ့ရတာပါ။ ချားလ်စ်ဟာ ဝရန်တာမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီးမှ သူ့မိဘများကို နှိုးခဲ့တယ်။ ဒီအချိန်မှာ ဒိုးဒီဆုံးပြီလို့ သူ သိရတယ်။ ဒိုင်ယာနာကတော့ အရေးကြီး အခြေအနေမှာရှိနေကြောင်း သိရတယ်။

ချားလ်စ်ဟာ တုန်လှုပ်ချောက်ချားသွားပြီး ဝီလျံနဲ့ဟယ်ရီတို့ အခန်းအပြင်ဘက်မှာ အတော်ကြာကြာ ဆိုင်းငံ့နေခဲ့တယ်။ ကလေးတွေကို နှိုးရကောင်းမလား၊ မနှိုးဘဲ ထားရကောင်းမလား မဝေခွဲနိုင်ခဲ့ဘူး။

ဘုရင်မကြီး နိုးလာတဲ့အခါ ကလေးတွေ အိပ်ပါစေလို့ သူ့သားကြီးကို ညွှန်ကြားပါတယ်။ ခုအချိန်မှာ ဒိုင်ယာနာရဲ့ အခြေအနေ ဘယ်လိုဆိုတာ ပါရီက အတည်မပြုနိုင်သေးပါဘူး။ တချို့က ဒိုင်ယာနာထပြီး လမ်းလျှောက်တယ်လို့ ပြောပြီး တချို့ကတော့ မျောနေတယ်လို့ ဆိုကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



**နောက်နေ့ နံနက် ၃း၀၀ နာရီ။**

**တနင်္ဂနွေ နံနက် အရုဏ်ဦး။**

ပါရီမှာရှိတဲ့ ဗြိတိသျှသံရုံးက ""ဒိုင်ယာနာဆုံးပြီ""ဆိုတဲ့ အကြောင်းကို မိသားစုထံ တရားဝင် အကြောင်းကြားခဲ့ပါတယ်။ ဒီတော့ ဒီသတင်းကို ချားလ်စ်ကိုပြောဖို့ ရော်ဘင်ဂျာရင်မှာ တာဝန်ရှိပါတယ်။ ကံကောင်းတာက ဝီလျံနဲ့ ဟယ်ရီဟာ သူတို့အိပ်ရာထဲမှာ အေးချမ်းစွာ ဆက်ပြီး အိပ်ပျော်နေကြခြင်းပါ။

ချားလ်စ်က မအိပ်နိုင်ပါဘူး။ ခေါက်တုံ့ခေါက်ပြန် တစ်ယောက်တည်း လမ်းလျှောက်နေခဲ့တယ်။ ဒီလိုနဲ့ အရုဏ်သစ်လာခဲ့ပါပြီ။

ဘက်ကင်ဟမ်နန်းတော်မှာတော့ ဒစ်ကီအာဘစ်တာဟာ အလုပ်စားပွဲမှာ ရှိနေပါတယ်။ လိုအပ်တဲ့ပုဂ္ဂိုလ်တွေဆီ တယ်လီဖုန်းတွေ ဆက်နေရပါတယ်။ အဲဒီလို ဆက်ရတဲ့လူတွေထဲမှာ ချားလ်စ်ရဲ့ ကိုယ်ပိုင်အတွင်းရေးမှူး ဆာမိုက်ကယ် ပီလည်း ပါပါတယ်။

""ဒီမနက် ၃း၁၀ နာရီမှာ တယ်လီဖုန်းရပါတယ်။ မင်းသမီး ဆုံးသွားပါပြီ""

ဒီကိစ္စနဲ့ ပတ်သက်ပြီး ဒစ်ကီအာဘစ်တာက အခုလိုပြောပြခဲ့ပါတယ်။

""ဖုန်းရတဲ့အခါ ကျွန်တော် ရေချိုးလိုက်တယ်။ အဝတ်အစားဝတ်ပြီး ၃း၅၀ မှာ နန်းတော်ထဲရောက်သွားပါပြီ။ ကျွန်တော် ""ပီ""ကို ဖုန်းဆက်တယ်။ သူ ချက်ချင်းပဲ နိုးပါတယ်။ သူလည်း တုန်လှုပ်သွားပြီး ဘာလုပ်ရမလဲလို့ အမြန်စဉ်းစားတယ်။ ဘက်ကင်ဟမ်နန်းတော်က လူထုကို တံခါးဖွင့်ထားတာပါ။ ဒီတော့ ""ပီ""ဟာ ဒီကိစ္စကို ဖွင့်ပြောရမလား၊ ဖုံးထားရမလားဆိုတာ ဆုံးဖြတ်ရပါတော့မယ်။ အဲဒီနောက် ဝင်ဆာရဲတိုက်နဲ့ ""ဟိုးလီးရုဒ်ဟောက်စ်""ကို ဖုန်းဆက်ပြီး အလံတော်တစ်ဝက်ချထားဖို့ ပြောလိုက်ပါတယ်။ အဲဒီနေ့ နေ့ခင်းပိုင်းမှာ ကျွန်တော်ဟာ လန်ဒန်မှာရှိတဲ့ ""လော့ဒ်ချိန်း ဘားလိန်း""နဲ့ တောက်လျှောက် ပူးတွဲအလုပ်လုပ်နေရပါတယ်။ မနက် ၈း၃၀ တုန်းကတော့ ဘုရင်မကြီးရဲ့ အထူးလေယာဉ်ဟာ မင်းသမီးကို သွားသယ်နေပြီလို့ သိရပါတယ်။ ကျွန်တော် ရုတ်တရက် ဘာလုပ်ရမှန်းမသိဘူး။ ခံစားနေဖို့ အချိန်တော့ မရဘူး။ သေချာတာကတော့ ""ဈာပန"" တစ်ခုကို လုပ်ရတော့မယ်ဆိုတာပါပဲ။ ဒီလို ဈာပနအခမ်းအနားလုပ်ရတော့ ဘယ်လိုပုံမျိုးနဲ့ လုပ်မလဲဆိုတာ ကျွန်တော်တို့ အသေအချာ မပြောနိုင်ဘူး။ ဒီကိစ္စကို စပင်ဆာမိသားစုကပဲ ဆုံးဖြတ်ရမှာပါ။ ချားလ်စ်စပင်ဆာက တောင်အာဖရိက ရောက်နေတယ်။ သူမရှိဘဲ ကျွန်တော်တို့ ဆုံးဖြတ်လို့မဖြစ်ဘူး။ ဒါနဲ့ပဲ အိမ်ပြန်ရောက်လာမယ့် သူရဲ့ကိစ္စကိုပဲ စီစဉ်ဖို့ ဦးတည်ကြရတယ်""

ဝီလျံ အိပ်ရာကနိုးလာတော့၊ သူ့ခုတင်ခြေရင်းမှာ ထိုင်နေတဲ့သူ့ဖခင်ကို မြင်လိုက်ရတဲ့အခါ တစ်ခုခုတော့ ဖြစ်နေပြီလို့ သိလိုက်ပါတယ်။ အချိန်က ၇း၁၅ ပါ။ တနင်္ဂနွေ နံနက်ပေါ့။ ဝီလျံ အိပ်ရာကထလိုက်ပြီး ပြတင်းလိုက်ကာ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ခန်းဆီးတွေကို ဆွဲဖယ်လိုက်တဲ့အခါ သူ့ဖခင်ရဲ့မျက်လုံးတွေ နီရဲနေတာ မြင်ရတယ်။ ငိုထားလို့ နီရဲနေတယ်ဆိုတာ သိရတယ်။

ဗီလျှံလည်း ဒိန်းခနဲ နှလုံးခုန်သွားတယ်။ အဲဒီနောက် ချားလ်စ်က သတင်းကိုပြောပြတယ်။ ဒီသတင်းဟာ သူ့သတင်းဟာ သူ့ဘဝကို ပြောင်းလဲပစ်မယ့် သတင်းပါပဲ။ ဒိုင်ယာနာ ပါရီမှာ ကားမှောက်လို့ဆိုတဲ့စကားကို ပြောရင်း သူ့ပါးပေါ်ကို မျက်ရည်တွေစီးကျလာတယ်။ ပြီးတော့ သူ့သားကြီးကို ရင်ခွင်ထဲ တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်တယ်။ ဒိုင်ယာနာဟာ ပါပါရာဇီဆိုတဲ့ သတင်းသမားတွေ အတင်းလိုက်တာကို ခံခဲ့ရတယ်။ ကြောက်ရွံ့ဖွယ် အဖြစ်ဆိုးကြီး ဖြစ်ပြီး သေဆုံးသွားခဲ့ရပြီ။ ပြင်သစ်ဆေးရုံက သူ့ကို မကယ်နိုင်ခဲ့ဘူး။

ဗီလျံဟာ ပထမမှာ ငိုဖို့တောင် မတတ်နိုင်အောင် တုန်သွားတယ်။ အဲဒီနောက် ဒီအကြောင်း ဟယ်ရီကို ပြောတဲ့အခါ သူလည်း ပါပါနဲ့အတူ ရှိချင်တယ်လို့ ဆိုတယ်။ နေရောင် ထွက်လာတဲ့အချိန်မှာတော့ ကလေးနှစ်ယောက်ရဲ့ ငိုသံတွေဟာ နံရံကော်ရစ်ဒါမှာ ပဲ့တင်လာပါတော့တယ်။

အောက်ထပ်မှာက ဘုရင်မကြီးနဲ့ဖိလစ်တို့ဟာ ဘုရားကျောင်းသွားဖို့ ဝတ်စားပြင်ဆင်နေကြတယ်။ ကမ္ဘာတစ်ဝန်းလုံးက လူထုကတော့ ကြားရတဲ့သတင်းကြောင့်၊ ဗြိတိန်မှာ မကြုံစဖူး ကြေကွဲမှုတွေ လျှံကျနေပါတော့တယ်။

ကလေးတွေကို ဖြေသိမ့်ဖို့အတွက် အနီးမှာရှိတဲ့ "ခရာသီ" ဘုရားကျောင်းကို မိသားစုတစ်ခုလုံး သွားကြရပါတယ်။ လူထုကလည်း စုဝေးပြီး သူတို့ရဲ့ ဝမ်းနည်းကြောင်းကို ပြနေကြတယ်။ လူထုရှေ့ကျရင်တော့ သူတို့ငိုလို့မဖြစ်ဘူး။ ကြံ့ခိုင်ပြရမယ်လို့ သင်ပေးတယ်။ ဒါဟာ တော်ဝင်တို့ရဲ့နည်းလမ်း (လုပ်ပုံလုပ်နည်း)ပါပဲ။ ဒီတော့ ဒါကို သူတို့ ထိုက်နာကျင့်သုံးရပေလိမ့်မယ်။

ဒီသတင်းကြားတော့ သူတို့ရဲ့ အရင်က အထိန်းတော်ပောင်း "တစ်ဂျီ"လည်း ဘောလ်မိုရဲလ်ကို လေယာဉ်နဲ့ ချက်ချင်းရောက်လာပါတယ်။ ဟယ်ရီလေးဟာ နာရီပေါင်းများစွာ ကြောင်ပြီး ငြိမ်နေခဲ့တယ်။ အထိန်းတော်ဟောင်း တစ်ဂျီနားက မခွာနိုင်ဖြစ်ခဲ့တယ်။ အန်းမင်းသမီးရဲ့သား ပီတာလည်း စကော့တလန်ကို လေယာဉ်နဲ့ အမြန်ရောက်လာပြီး သူ့ဝမ်းကွဲညီလေးတွေနားမှာ နေခဲ့ပါတယ်။

အဲဒီအချိန်မှာ ချားလ်စ်ဟာ ကလေးတွေအခန်းက တယ်လီဗေးရှင်းကို ဖယ်ရှားခိုင်းခဲ့တယ်။ ဒီလိုအချိန်မှာ တယ်လီဗေးရှင်းက ပြနေမယ့်သတင်းကို ကလေးတွေ မမြင်မကြားရအောင်ပါ။ သတင်းတွေက အဆက်မပြတ် လွှင့်နေတာမို့ မကြားစေချင်ဘူး။ သူတို့မိခင် ပါသွားခဲ့တဲ့ မာစီးဒီးကားနက်ကြီး လိမ်ပိန်ပျက်စီးနေတဲ့ပုံကိုလည်း တယ်လီဗေးရှင်းမှာ သူတို့ကို မမြင်စေချင်ဘူး။ အတတ်နိုင်ဆုံး ဝေးဝေးမှာရှိစေချင်လို့ပဲ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ချားလ်စ်ဟာ သူ့စာကြည့်ခန်းထဲမှာ တစ်ယောက်တည်း သော့ခတ်ပြီးနေခဲ့တယ်။ ကြေကွဲဝမ်းနည်း ယူကျုံးမရမှုတွေက သူ့ကို အပြင်းအထန် ဒုက္ခခံစားစေခဲ့တယ်။ စီစဉ်စရာရှိတာတွေကိုတော့ တယ်လီဖုန်းနဲ့ပြောရပါတယ်။ ဒိုင်ယာနာရဲ့ အစ်မတွေဖြစ်တဲ့ ဆာရာနဲ့ဂျိန်းတို့နဲ့ ဖုန်းထဲမှာ အစီအစဉ်လုပ်ရတယ်။ သူတို့က ဒီည ပါရီကို ချားလ်စ်သွားရင်၊ ချားလ်စ်နဲ့အတူ လိုက်ကြမှာဖြစ်တယ်။ ဒီညပဲ ဒိုင်ယာနာ့အလောင်းကို ပြန်သယ်ကြဖို့ပါ။ ချားလ်စ်ကို ဘောလ်မိုရဲလ်ကနေ အာဘာဒင်ကို မော်တော်ကားနဲ့ခေါ်သွားကြမယ်။ အဲဒီကမှ ပါရီကို လေယာဉ်စီးရမှာပါ။

စာကြည့်ခန်း ပြတင်းကနေကြည့်ရင် ကောင်လေးတွေ စက်ဘီးစီးပြိုင်နေကြတာကို မြင်ရတယ်။ ဒီညနေနှောင်းပိုင်းနဲ့ ဒီရက်တွေမှာတော့ မင်းသားကြီး ဖီးလစ်က သူတို့ကို ငါးမျှားဖို့ ခေါ်သွားပါလိမ့်မယ်။ ဒီလို စိတ်ပြေလက်ပျောက် အာရုံပြောင်းအောင် လုပ်တာကို၊ ကလေးတွေကလည်း သဘောကျပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ခါမှာတော့ သူတို့ ငြိမ်ပြီး တွေနေကြရှာတယ်။ ဘယ်တော့မှ အဖြေထွက်မလာတဲ့ကိစ္စကို စဉ်းစား တွေးတောနေတတ်ကြပါတယ်။

လန်ဒန်မှာတော့ လူထုကြီးဟာ ကင်စင်တန် နန်းတော်အပြင်ဘက်မှာ စုရုံးနေကြပါပြီ။ သံပန်းတံတိုင်းမှာ ပန်းပင်လယ်ကြီး ဖြစ်နေပါပြီ။ ဒီနေရာမှာ လွန်ခဲ့တဲ့ ၁၆ နှစ်က လက်ထပ်ပွဲကို ကောင်းချီးသြဘာ ပေးခဲ့ကြတာပါ။ အခုတော့ သူတို့နှလုံးသားကို ဖမ်းယူခဲ့တဲ့ အဲဒီမိန်းမအတွက် သူတို့ ပူဆွေးနေကြရပါပြီ။

ဘက်ကင်ဟမ် နန်းတော်မှာလည်း တယ်လီဖုန်းက မနားရပါဘူး။ ဒိုင်ယာနာကို ပြန်သယ်ဖို့ကိစ္စမှာ တာဝန်ယူထားရတဲ့ ဒစ်ကီအာဘစ်တာက ဗြိတိန်ရဲ့ဝန်ကြီးချုပ်သစ် တိုနီဘလဲနဲ့အတူ သတင်းအဖွဲ့များ အပါအဝင် ဘုရင်မကြီး လေယာဉ်ပြန်ဆိုက်လာမယ့် တော်ဝင်လေတပ်မတော်နေရာမှာ စောင့်နေခဲ့ကြတယ်။

အဲဒီည ၁၉၉၇၊ ဩဂုတ်လ ၃၁ ရက်၊ ည ၇ နာရီမှာတော့ ဒိုင်ယာနာရဲ့အခေါင်း ရောက်လာခဲ့ပါပြီ။ တော်ဝင်အဆင့်အတိုင်း အဝါရောင်နဲ့ အညိုရောင်ရောစပ်ထားတဲ့ ပိတ်စနဲ့ အခေါင်းကိုပတ်ထားပါတယ်။ ဒီအခေါင်းကို ဘုရင်မကြီးရဲ့ လေတပ်မတော် (RAE) က အရာရှိ ရှစ်ဦးက မချီသယ်ယူကြပါတယ်။ အလင်းရောင်မှိန်မှိန်လေးထဲမှာ ရဲအစောင့်အရှောက်များနဲ့ ဒိုင်ယာနာရဲ့ အသုဘယာဉ်ဟာ တစ်လမ်းလုံး မကြာခဏ ရပ်ပေးကြရတယ်။ လူတွေက တံတားပေါ်မှာ ပလက်ဖောင်းတွေပေါ်မှာ၊ လမ်းမကြီးတွေပေါ်မှာ ပြည့်ကျပ်လို့၊ နှုတ်ဆက်တဲ့အနေနဲ့ ဦးညွှတ်လို့။ ကင်စင်တန်အပြင်ဘက်မှာလည်း ဖယောင်းတိုင်မီးတွေ လင်းလို့။ အားလုံးဟာ သူတို့ရဲ့ ရွှေမင်းသမီးကို သတိရ လွမ်းဆွတ် ကြေကွဲခဲ့ကြရတာပါ။

ချားလ်စ်ကတော့ ဘောလ်မိုရဲလ်ကို အမြန်ပြန်ပြီး သားတွေဆီ အရောက်သွားခဲ့ပါတယ်။

ဒီလိုနဲ့ ရက်အနည်းငယ်ကြာသွားခဲ့တယ်။ လူထုဟာ ကြေကွဲဝမ်းနည်းရာက ဒေါသဖြစ်လာကြတယ်။ ဘုရင်မကြီးက ဘယ်မှာလဲ၊ ဘာလုပ်နေလဲ၊ မင်းသားလေးတွေကရော ဘယ်မှာလဲ စသဖြင့် မေးနေကြတယ်။ ဘုရင်မကြီးဟာ ဝန်ကြီးချုပ်တိုနီဘလဲနဲ့ ပုံမှန်ဆက်သွယ်ပြီး နိုင်ငံတော်ဈာပနအဖြစ် လန်ဒန်မှာပြုလုပ်ဖို့ တိုင်ပင်နေတာပါ။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တော်ဝင်မိသားစုအနေနဲ့ကတော့ ကလေးတွေငြိမ်သက်ပြီး လုံခြုံမှုရနေတဲ့ ဘောလ်မိုရယ်လ်မှာပဲနေဖို့ ဆုံးဖြတ်တယ်။ ဒါဟာ ဘုရင်မကြီးရဲ့ အုပ်ချုပ်မှုသက်တမ်းမှာ "တာဝန်"ထက် "မိသားစု"ကို ပထမဆုံးအကြိမ် နေရာပေးလိုက်တာပါပဲ။ သူ့အတွက် အလွန် ရင်းရတဲ့ကိစ္စလို့လည်း ဆိုနိုင်ပါတယ်။

ဒီအတောအတွင်း လူထုက ပေါက်ကွဲလာပါတယ်။ ဘာလုပ်နေတာလဲဆိုတာ ရှင်းပြဖို့ တောင်းဆိုကြတယ်။ ပြီးတော့ ဘက်ကင်ဟမ် နန်းတော်မှာ အလံတစ်ဝက် မချတဲ့အတွက်လည်း အကြမ်းဖက်လုမတတ် ဆူပူခဲ့ကြတယ်။ "ဒေးလီးမေရား" သတင်းစဉ်ရဲ့ ပထမမျက်နှာမှာ "ခင်ဗျားရဲ့ပြည်သူတွေ ခံစားနေရပြီ"လို့ ရေးပါတယ်။ "ဒေးလီးမေးလ်"မှာလည်း "တော်ဝင်မိသားစုက ဘာဖြစ်လို့ ဝမ်းနည်းကြောင်း မပြတာလဲ"လို့ ဖော်ပြလာပါတယ်။ "ဆန်း" သတင်းစာကြီးကတော့...

"လူထုက သူ့ကို လိုအပ်နေတဲ့အချိန်၊ ဘုရင်မကြီး ဘယ်ရောက်နေလဲ"လို့ မေးခွန်းထုတ်လာပါတော့တယ်။

ဘုရင်မကြီးနဲ့ နီးစပ်သူများကတော့ "ဘုရင်မကြီးဟာ သူ့လူထုနဲ့ ရှိနေခဲ့ပါတယ်။ သူ့လူထုဆိုတာ ကလေးလေး နှစ်ယောက်ပါ။ သူတို့က သူ့ကို တခြားလူတွေထက် လိုအပ်နေလို့ပါ"လို့ ပြောကြတယ်။ ဒါဟာ တွေးကြည့်ရင် သိနိုင်တာပဲ။

ဒါပေမဲ့ ဒါဟာ ဗြိတိန်လူထု လိုချင်တဲ့အဖြေ မဟုတ်ပါဘူး။ လူထုဆန္ဒကောက်ယူရာမှာ ၇၀ ရာခိုင်နှုန်းက ဘုရင်မကြီး လန်ဒန်ကို ပြန်မလာတာဟာ ဧကရာဇ်စနစ်ကို ပျက်စီးစေကြောင်း ဖြေကြတယ်။

ဗြိတိန်လူထုရဲ့ ကြိုဆိုခံလိုက်ရသူကတော့၊ ရွေးကောက်ခံပြီးခါစ ဝန်ကြီးချုပ်သစ် တိုနီဘလဲပါပဲ။ တိုနီဘလဲက လူထုထံ မိန့်ခွန်းပြောပါတယ်။ ဒိုင်ယာနာကွယ်လွန်ပြီး မကြာခင်မှာပဲ ပြောတာပါ။ အဲဒီလို ပြောရာမှာ ဒိုင်ယာနာကို "ပြည်သူလူထုရဲ့ မင်းသမီး"လို့ ဘွဲ့တပ်လိုက်တဲ့အတွက် လူထုက တိုနီဘလဲကို သဘောကျသွားခဲ့ပါတယ်။ ဒီတော့ လူထုနဲ့ နိုင်ငံရေးခေါင်းဆောင်တို့ ပိုပြီးထိတွေ့မှုရသွားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ရုပ်ရှင်အဖြစ် အသက်သွင်းခဲ့ပါသေးတယ်။ The Queen ဆိုတဲ့ ဇာတ်ကားပါ။ ဟယ်လင်မီရင်းက ဘုရင်မကြီးအဖြစ် သရုပ်ဆောင်ပါတယ်။ စိတ်လှုပ်ရှားဖွယ် အဖြစ်အပျက်တွေကို ရိုက်ပြတာပါ။ ဒီကားက ဗြိတိန်လူထုကို ဖမ်းစားနိုင်ခဲ့ပါတယ်။ ဧကရာဇ်စနစ်ရဲ့ အရေးကြီး အဖြစ်အပျက်တစ်ခုအဖြစ် လူထုကို ဖမ်းစားခဲ့ခြင်းကလည်း ဖြစ်ပါတယ်။

ဒီလိုနဲ့ ရက်သတ္တပတ် တစ်ပတ် ကုန်လွန်ခဲ့ပါပြီ။

စက်တင်ဘာ ၅-ရက်၊ သောကြာနေ့။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ဝီလျံကို ချစ်စနိုးခေါ်တဲ့နာမည်က 'ဘာရှာဝီးလ်စ်'ပါ။

ဒါက အကြောင်းပြချက် နိုင်လုံတယ်။ သူ့ကစားစရာ ပလတ်စတစ် ထရပ်ကားကို ကော်ရစ်ဒါ နံရံဆီ အရှိန်နဲ့ဝင်ဆောင့်အောင်၊ ဒေါနဲ့မောနဲ့ ပိတ်ကန်တတ်တယ်။ (ဘာရှာဆိုတာ ကန်တဲ့လူလို့ ဆိုတာပါ။)

ဟယ်ရီကျတော့ သူ့အစ်ကိုလုပ်သမျှကို ပုံတူကူးလုပ်ရှာပါတယ်။ သူ့အစ်ကိုက ကားကို ပိတ်ကန်လိုက်တဲ့အခါ ဟယ်ရီက အားရပါးရ လက်ခုပ်တီးပြီး သူ့ထရပ်တာကားကို ဟွန်းတီးတော့တာပါပဲ။ ပြီးတော့ သူ့ကားလေးကို ဝရန်တာ ကျဉ်းကျဉ်းထဲမှာ လမ်းလျှောက်တတ်ခါစ သူ့ခြေထောက်ကလေးနဲ့ လိုက်ကန်နေခဲ့တယ်။

အထိန်းတော် ဘာဘာရာရဲ့ မျက်စိအောက်မှာ တစ်နာရီလောက် ဆော့ပြီးတဲ့အခါမှာတော့ နံရံတွေရော၊ ကြမ်းပြင်တွေရော ပေပွသွားတော့တယ်။ နိုင်ယာနာ အပေါ်တက်လာတဲ့အခါ သူ့သားတွေ ဆော့ထားတာတွေကြည့်ပြီး "မင်းတို့အဘွားက ပြောတော့မှာပဲ"လို့ပြောရင်း၊ ဟယ်ရီကိုဖက်လို့၊ ဝီလျံခေါင်းကိုနမ်းလို့ ပျော်ခဲ့ကြတာပါ။

**အခန်း-၂**
**ယော်စဉ်ဘာဝ**

*ဝီလျံဟာ သူငယ်ချင်းအသစ်တွေကြားမှာ ပေါ်ပြူလာဖြစ်လာခဲ့တယ်။ သူ့ကို တစ်နေ့မှာ ဘုရင်ဖြစ်မယ့်လူလို့တော့ သူငယ်ချင်းတွေက မသိကြပါဘူး။ ပြီးတော့ စာသင်ခန်းရဲ့နောက်တန်းမှာငြိမ်ပြီး သူ့ကို စောင့်ကြည့်နေတဲ့ လူကိုလည်း ဝီလျံရဲ့ သက်တော်စောင့်လို့ မသိကြပါဘူး။*

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ဘုရင်မကြီးဟာ လူထုရဲ့ဖိအားပေးမှုကို မလွန်ဆန်နိုင်တော့ပါဘူး။ ပြည်သူလူထုထံ ရုပ်မြင်သံကြားကတစ်ဆင့် အသံလွှင့်ရပါတော့တယ်။ အဲဒီနံနက်မှာပဲ လေယာဉ်တစ်စီးတည်း အတူစီးခွင့်မရှိဆိုတဲ့ တော်ဝင်စည်းမျဉ်းကိုဖျက်ပြီး ဝီလျံ၊ ဟယ်ရီနဲ့ချားလ်စ်တို့ဟာ ဘုရင်မကြီးနဲ့အတူ လန်ဒန်ကို ပြန်ခဲ့ကြပါတယ်။

အမှန်က သူတို့ဟာ စိန့်ဂျိမ်းစ် နန်းတော်မှာရှိတဲ့ သူတို့မိခင် ရုပ်ကလာပ်ကို နောက်ဆုံးဂါရဝပြုဖို့ ရှိတယ်။ ဒါပေမဲ့ သူတို့ဟာ ကင်စင်တန်နန်းတော်ကို သွားဖို့ ဆုံးဖြတ်တယ်။ နန်းဆောင်အဝင်ဝမှာ လမ်းလျှောက်ရတဲ့အခါ ဝီလျံဟာ ဖခင်ကို အားကိုးအားထား မော့ကြည့်တယ်။ ဝီလျံနဲ့ ခြေတစ်လှမ်းတောင်မဝေးတဲ့ ချားလ်စ်က ခေါင်းညိတ်ပြ လိုက်တယ်။ စကားတစ်လုံးတစ်ပါဒမျှ ပြောစရာမလိုတဲ့ အားပေးမှုပါ။ နောက်ပိုင်းမှာ ချားလ်စ်က အဲဒီတုန်းက သူ့သားလေး တွေရဲ့ အမူအရာအတွက် သူ အလွန်ဂုဏ်ယူကြောင်း ပြောပါတယ်။ ကလေးတွေက လူထုကြားထဲမှာ ကြေကွဲမှု ဗြိတိသျှ လူထုလည်း ချားလ်စ်ရဲ့လက်ကို တင်းတင်းဆုပ်ပြီး ဝမ်းနည်းစာလေးတွေဖတ်ဖို့ ရဲဝံ့စွာ ဒူးထောက်ထိုင်ချလိုက်ကြတဲ့ ဝီလျံနဲ့ဟယ်ရီကို မြင်တွေ့ကြရတဲ့အခါ ဒေါသဖြစ်ရာက မိခင်ပျောက်ကလေးများအတွက် သနားပိုကြရပြန်တယ်။

ဘုရင်မကြီးက အဲဒီညမှာ ညစာစားပွဲပြုလုပ်ပြီး ကလေးတွေ စိတ်ငြိမ်အောင် ကြိုးစားပါတယ်။ ကလေးတွေက ချာပနအခမ်းအနားမှာ မိခင်ရဲ့ရုပ်ကလာပ် ယာဉ်နောက်က လမ်းလျှောက်ဖို့ တွန့်ဆုတ်နေခဲ့ကြတယ်။ ဘုရင်မကြီးက ဒါကို ဖျောင်းဖျတယ်။ လမ်းလျှောက်ရမှာက ကင်စင်တန်ကနေ ဝက်စ်မင်စတာ ဘုရားကျောင်းအထိ ဖြစ်ပါတယ်။ ဒါကို အသက် ၁၅ နှစ်အရွယ် ဝီလျံလေးက ဝန်လေးနေတယ်။ သူ ခွန်အားမပြည့်ပါဘူး။ လူတွေက အများကြီး။ သူ မဟန်နိုင်မှာ ပူတယ်။ သူ့ဘွားတော် စိတ်မကောင်းဖြစ်အောင် လုပ်မိမှာစိုးတယ်။

နောက်ဆုံးတော့ ဝီလျံကို ဖြားယောင်းနိုင်ခဲ့သူက ဘိုးတော်ဖြစ်တဲ့ ဖိလစ်မင်းသားကြီးပါပဲ။ ဒီလို လျှောက်မ ဖြစ်ရင်၊ ဝီလျံဟာ တစ်သက်လုံး နောင်တရနေမှာကို ဖိလစ်က သိတယ်။ ဒါနဲ့ သူက မြေးလေးဝီလျံကို မေးပါတယ်။ "ငါလျှောက်ရင် မင်း လျှောက်မလား"လို့။

ဝီလျံကလည်း ဘိုးတော်ကို ကျေးဇူးတင်စွာ ဒီကိစ္စကို ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ဒီဘိုးတော်ဟာ သူ့ကို အ "ဒေါက်တိုင်"အဖြစ် ဖေးမခဲ့တာမို့ ဘိုးတော်အတွက် လုပ်ပေးရမယ်လို့ သူနားလည်သွားပုံရပါတယ်။

ဒါနဲ့ပဲ နောက်ဆုံးမိနစ်ကျမှ ချာပနအခမ်းအနား အစီအစဉ်ကို ပြောင်းလဲခဲ့ရပါတယ်။ သူတို့ တစ်ညလုံး အလုပ်လုပ်ကြရတယ်။ နောက်နေ့ သတင်းစာတွေမှာတော့ ဝီလျံနဲ့ဟယ်ရီတို့ နာမည်တွေပါလာပါပြီ။ သူတို့ဘဝ ပထမဆုံးနဲ့ အကြေကွဲရဆုံး "တော်ဝင်တာဝန်"ကို ထမ်းဆောင်ကြတော့မယ် ဆိုတဲ့အကြောင်း ဖော်ပြခဲ့ကြပါတယ်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၂၊ ဇွန် ၂၁ရက်၊ ဝီလျံ (၁)ရက်သား မိခင်ဖခင်လက်တွင်း၌ ပရိသတ်ကို နှုတ်ဆက်ခန်း

www.burmeseclassic.com

www.burmeseclassic.com



၃ နှစ်သား ဟယ်ရီ
ကလေးထိန်းကျောင်းသို့



ဒိုင်ယာနာက သား ၂ယောက်ကို
နံနက်တိုင်း ကျောင်းပို့စဉ်




၁၉၉၁၊ မကွာရှင်းခင်၊ ဒိုင်ယာနာ
ဝီလျံနှင့်သား၊ အပျော်စီးသင်္ဘောပေါ်မှာ



ဝီလျံနဲ့ဟယ်ရီ အပျော်စီး
ဟယ်လီကော့ပ်တာပေါ်မှာ

www.burmeseclassic.com


www.burmeseclassic.com



အာဖဂန်ရှေ့တန်းတွင် စစ်သား
ဟယ်ရီ



၂၀၀၉၊ ဝီလျံနှင့်ဟယ်ရီ RAF ၌
ပထမဆုံးပူးတွဲ အခင်တာဗျူး



၂၀၀၈၊ ဝီလျံ၏ပထမဆုံး
တစ်ကိုယ်တော် ရဟတ်ယာဉ်မောင်းခြင်း



၂၀၀၆၊ အာဖဂန်စစ်ပွဲရောက်
စစ်သားဟယ်ရီ

www.burmeseclassic.com


www.burmeseclassic.com



၁၉၈၉၊ ဝဲသားဘိုင်ကျောင်း၊ ဖခင်များပြိုင်ပွဲတွင် ချားလ်စ်အပြေးပြိုင်စဉ်



၁၉၉၇၊ ဒိုင်ယာနာနှင့်သားများ ပြင်သစ်တောင်ပိုင်းသို့ အလည်အပတ်



အီတင်အထက်တန်းကျောင်းသို့ ဝီလျံပထမဆုံးနေ့..



ဝီလျံ၊ အထက်တန်းအောင်ပြီး တက္ကသိုလ်မတက်ခင် နားသော နှစ်၌၊ ချီလီနိုင်ငံလေ့လာရေးခရီးတွင်

www.burmeseclassic.com


www.burmeseclassic.com



ဝီလျံနှင့်ကိတ် သဘောထားကွဲလွဲစဉ်



၂၀၀၉၊ ဟယ်ရီ ပြည်ပ၌ ပိုလိုပြိုင်ပွဲဝင်စဉ်



၂၀၀၂၊ စိန့်အင်ဒရူး၌ ဝီလျံနှင့်ကိတ်ဖက်ရှင်ရှိုးတွင်



ကိတ်..အားကစားခန်းမထဲတွင်




၂၀၀၇၊ နိုက်ကလပ်မှအထွက် ဓာတ်ပုံဆရာများကို
တွန်းလှန်နေစဉ်..ဟယ်ရီ



၂၀၀၇၊ ဝီလျံနှင့်ကိတ် စကိတ်ကွင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၅၊ ဝီလျံ စိန့်အင်ဒရူးမှ
ဘွဲ့ယူစဉ်..



ဟယ်ရီ။ အီတင်အထက်တန်း
ကျောင်း၌ အားကစားပွဲအနိုင်ရစဉ်





၂၀၀၆၊ ဟယ်ရီ..လီဆိုသိုမိဘမဲ့
ကလေးများကျောင်းတွင်..



ဝီလျံ၊ စိန့်အင်ဒရူးတက္ကသိုလ်
ရေကူးကန်တွင်

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၀၊ ဝီလှုံ--ဩစတေးလျသို့--
ချစ်ကြည်ရေးခရီး--

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၅၊ ဧပြီ-၉။ ချားလ်စ်နှင့်ကမီလာ လက်ထပ်ပွဲသို့ ဝီလျံ၊ ဟယ်ရီတက်ခဲ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



ဆန်းဟတ်စ် စစ်ကျောင်းမှ ဟယ်ရီဘွဲ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



မိုးရွာနေတဲ့ ရက်ဆိုရင် ဒိုင်ယာနာက သူ့ကလေးတွေကို အိမ်ထဲမှာပဲနေဖို့ အမိန့်ပေးထားတယ်။ သူက အောက်ထပ်က သူ့အိပ်ခန်းထဲမှာ လန်ဒန်ကဝယ်လာတဲ့ မဂ္ဂဇင်းတွေ လှန်နေတတ်ပြီး အများအားဖြင့် နံနက်ပိုင်းမှာ သူငယ်ချင်းတွေနဲ့ ဖုန်းပြောနေတတ်တယ်။ ချားလ်စ်ကတော့ နံနက်ပိုင်းမှာ ငါးမျှားထွက်တတ်တယ်။

အဲဒီညဘက်မှာ အသားကင်စားပွဲ ညစာစီစဉ်ထားတယ်။ မိုးရွာနေပေမယ့် အီဒင်ဘာရာမြို့စားကြီးဟာ စီစဉ်ထားတဲ့ ပျော်ပွဲစားကို ဖျက်လေ့မရှိဘူး။ ဒိုင်ယာနာ အံ့သြတာက စိုရွှဲနေတဲ့ ဆောင်းညမှာ ပျော်ပွဲစားကြပြီးတဲ့နောက် မိဖုရားကြီးက စားသောက်ထားတဲ့ ပန်းကန်တွေအားလုံးကို ဆေးကြော သိမ်းဆည်းခိုင်းပုံကိုပါပဲ။ ညစာစားပြီး အိမ်မကြီးဆီ မပြန်ခင် ဝန်ထမ်းတွေလည်း စားသောက်ကြ၊ သန့်ရှင်းရေးလုပ်ကြရတယ်။ ဒီစည်းကမ်းကို ဒိုင်ယာနာက အံ့သြနေခဲ့တာ ဖြစ်ပါတယ်။

ဒိုင်ယာနာက တချို့ညချမ်းတွေမှာ ကလေးတွေနဲ့အတူ အထိန်းဆောင်မှာ ညလယ်စာ စားဖြစ်တယ်။ ဒါကို မိဖုရားကြီးနဲ့ မြို့စားကြီးက မကြိုက်ဘူး။ ညစာကို သူတို့နဲ့အတူ စားစေချင်တယ်။ မြေးတွေနဲ့ အချိန်ဖြုန်းရတာကို ပျော်တတ်ကြတယ်။ ဒိုင်ယာနာက လွတ်လွတ်လပ်လပ် နေချင်သူဖြစ်လို့ အိမ်မကြီးနဲ့ တစ်မိုင်လောက်ဝေးတဲ့ အဆောင်ကို ပြောင်းချင်ကြောင်း အဆိုပြုတယ်။ အိမ်မကြီး ဘောလ်မိုရဲလ်မှာ နေရတာ အသက်ရှုကျပ်ကြောင်း ချားလ်စ်ကို ညည်းပြတယ်။ နောက်ဆုံး ဘုရင်မကြီးက 'ခရိုက်ဂိုဝင်'ဆောင်မှာ နေခွင့်ပြုလိုက်တယ်။ ဘန်းမင်းသမီးနဲ့ ကလေးတွေလာရင် အိမ်မကြီးမှာပဲ နေကြတာပါ။ အခု ဒိုင်ယာနာက မနေချင်ဘူးဆိုတော့ ဘုရင်မကြီးဟာ နားမလည်နိုင်အောင် ဖြစ်ရတယ်။ ဒီမှာက ကျယ်ပြန့်တယ်။ ဟိုမှာက ကျဉ်းကျပ်တယ်။ သူတို့ ဘာဖြစ်လို့များ ပြောင်းချင်ရပါလိမ့်။ သူတို့မရှိတော့ ဒီမှာ တိတ်ဆိတ်သွားတာပဲ... လို့ ပြောကြောင်း၊ ညီမဖြစ်သူက ပြန်ပြောဖူးပါတယ်။


မိဖုရားကြီးအနေနဲ့ ဝီလျံလေး နည်းနည်းကြီးလာတာကို သတိထားမိတဲ့အချိန်ကစပြီး ဘောလ်မိုရဲလ်မှာ လွတ်လွတ်လပ်လပ်ကစားဖို့ အားပေးခဲ့တာပါ။ ဗစ်တိုးရီးယား ဘုရင်မကြီးကိုယ်တိုင် ၁၈၅၄ ခုနှစ်က ဒီနယ်တွေကို ဝယ်ယူခဲ့ပြီး ချစ်မြတ်နိုးတဲ့အိမ်ပါ။ ဒီအဆောင်မှာ အချိုးအကွေ့တွေနဲ့မို့ အဖေနဲ့ တူတူပုန်းတမ်း ကစားရတာကို ကလေးတွေက အလွန်နှစ်သက်ခဲ့ပါတယ်။ နည်းနည်းကြီးလာတော့ အဘိုးဖြစ်သူက ဆော်လ်မွန်ငါးကို ဘယ်လို မျှားရတယ်ဆိုတာ သင်ပေးခဲ့တယ်။ စကော့တလန် ဆင်ခြေဖုံး တောလမ်းတစ်လျှောက် နာရီပေါင်းများစွာ လျှောက်သွားခဲ့ကြတယ်။ အဘိုးရဲ့ ခြေကို ဝီလျံက အမီလျှောက်တုန်း ဟယ်ရီက ချားလ်စ်ရဲ့ ပခုံးပေါ်မှာစီးလို့ ပျော်ခဲ့ကြတာပါ။

နောက်ပိုင်းမှာ စနေ တနင်္ဂနွေ ရက်အားရောက်တိုင်း လန်ဒန်ရဲ့ ရှုပ်ထွေးမွန်းကျပ်မှုတွေက လွတ်မြောက်ဖို့ ဟိုင်းဂရို့ဖ်ကိုလာပြီး ပျော်ရွှင်ခဲ့ကြရတာဖြစ်ပါတယ်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ယာနာ၏ဈာပနတွင် အသုဘရုပ်ကလာပ်
နောက်မှ လမ်းလျှောက်လာစဉ်..
ဝဲမှယာ -
အားလ်စပင်ဆာ (ဒိုင်ယာနာ၏မောင်)
ဝီလျံ၊ ဟယ်ရီ၊ ချားလ်စ်

www.burmeseclassic.com

www.burmeseclassic.com



ဝီလျံနဲ့ဟယ်ရီတို့အတွက် အကောင်းဆုံးကတော့ "ပုံမှန်သာမန်အနေအထား" ဖြစ်ဖို့ပဲလို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဒါကြောင့် သူတို့မိခင်ကို "အယ်လ်ထရော့ပ်"မှာ မြေမြှုပ်သင်္ဂြိုဟ်ပြီး လေးရက်ကြာတဲ့အခါ ကျောင်းကို ပြန်ရောက်ခဲ့ကြပါတယ်။ ကျောင်းမှာ ပုံမှန်အချိန်ဇယားနဲ့ အလုပ်လုပ်ရတာမို့ စိတ်ပူဆွေးသောကတွေ အတော်လေး သက်သာခဲ့ရပါတယ်။ ဒါ့အပြင် ကျောင်းဆောင်ဖြစ်တဲ့ "မင်နာဟောက်စ်"မှာလည်း ဒေါက်တာဂေလီက မိဘသဖွယ် စောင့်ရှောက်နေတာပါ။ ဟယ်ရီနေတဲ့ကျောင်းမှာလည်း ဂျယ်ရယ်လ်ဘာဘာက လိုအပ်တဲ့အကူအညီတွေ ပေးနေပါတယ်။

"ဟယ်ရီဟာ သူ့မိခင် ဈာပနက ပြန်ရောက်လာတဲ့အခါ လုံးလုံးလျားလျား ထူးခြားသွားတယ်။ အရင်လို မဆော့မနောက်တော့ဘူး။ ပိုပြီးငြိမ်လာတယ်။ မိခင်ဆုံးလို့ ပူနေရတဲ့အထဲမှာ ကျောင်းဝင်ခွင့် စာမေးပွဲကိုလည်း ဖြေရဦးမှာမို့ သူ စာတွေ ပုံမှန်ကျက်လာတယ်။ သူ့ခေါင်းထဲမှာ ကျောင်းစာအပြင် ဘာကိုမှမထားတော့ဘူး။ စာကြည့်တိုက်ထဲမှာ နေတာများတယ်။ နောက်တစ်ခု ကံကောင်းတာက သူ့မှာ သူငယ်ချင်းအစစ်တွေ ရလာတာပဲ။ သောမတ်စ်ဗင် စထော်ဗင်ဇီးတို့၊ ချာလီဟင်ဒါဆင်တို့၊ အက်ဘာရယ်လ်တို့ စသဖြင့်ပေါ့"လို့ ဟယ်ရီရဲ့ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်က ဆိုပါတယ်။

**အခန်း – ၆**

**မြို့စည်းရိုးမှထွက်**

**စိတ်ချကာလပ်မှာပျော်**

*"ဟယ်ရီဟာ သူ့မိခင် ဈာပနက ပြန်ရောက်လာတဲ့အခါ လုံးလုံးလျားလျား ထူးခြားသွားတယ်။ အရင်လို မဆော့မနောက်တော့ဘူး။ ပိုပြီးငြိမ်လာတယ်။ မိခင်ဆုံးလို့ ပူနေရတဲ့အထဲမှာ..*

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကာလရဲ့ ပထမအပတ်ထဲမှာ ဒိုင်ယာနာရဲ့အစ်မဖြစ်တဲ့ ဆာရာကလည်း သူ့တူလေးတွေကို လာကြည့်ပေးပါတယ်။ ဟယ်ရီရဲ့ ၁၃ နှစ်မြောက်မွေးနေ့မှာ ဆာရာက ဟယ်ရီ့ကို ပါရီ ခေါ်သွားပါတယ်။ ပါရီမှာ သူ့မိခင်က သူ့အတွက် ဝယ်ပေးခဲ့တဲ့ "ကစားကွင်း"လေး ရှိတယ်။ အဲဒီကစားကွင်းကို ဆာရာက ပို့ပေးတာပါ။ အခုလို အခေါ်ဖြစ်သူက ကလေးတွေကို မကြာခဏလာတွေ့ပေးတဲ့အတွက် ချားလ်စ်ကလည်း ကျေးဇူးတင်တယ်။ ကလေးတွေကလည်း ကျေးဇူးတင်ကြပါတယ်။

ချားလ်စ်ကလည်း စနေ၊ တနင်္ဂနွေ နားရက်တွေမှာ သားတွေကို အချိန်ပေးနိုင်ဖို့အတွက် သူ့ရဲ့ မူလအလုပ်ဇယားတွေကို ရှင်းထားလိုက်ပါတယ်။ ဟိုင်းဂရို့ဖ်ကို လာနေကျ ကမီလာနဲ့လည်း အဆက်အသွယ်ဖြတ်ပြီး အချိန်မပေးတော့ပါဘူး။ ဒါကို ကမီလာကလည်း နားလည်တယ်။ အခုလိုအချိန်မှာ ချားလ်စ်အနေနဲ့ သားလေးတွေကို နံပါတ် (၁) ဦးစားပေးရမယ်ဆိုတာ သဘောပေါက်ပါတယ်။

ဒီအတောအတွင်း ချားလ်စ်ရဲ့ ကိုယ်ရေးအတွင်းရေးမှူး ဆာစတီဗင်လမ်းပို့နဲ့ ဒိုင်ယာနာမဆုံးခင်က ခန့်လိုက်တဲ့ မတ်စ်ဘိုလန်တို့ တိုင်ပင်ပြီး လူထုအမြင်မှာ ချားလ်စ်ရဲ့ ဂုဏ်သိက္ခာကျဆင်းနေတာကို ပြန်ဆယ်ဖို့ ကြိုးစားကြတယ်။ ဒိုင်ယာနာဆုံးပြီးတဲ့နောက် ချားလ်စ်ရဲ့ ရုံးလုပ်ငန်းတွေကို နှစ်ဆမြှင့်တင်လိုက်ကြတယ်။ တိုင်းပြည်တွင်း ထုတ်ဝေနေတဲ့ သတင်းစာတွေမှာ ချားလ်စ်နဲ့ပတ်သက်ပြီး ဆန္ဒသဘောထား ကောက်ယူရာမှာ ချားလ်စ်ဟာ "ဘုရင်"ဖြစ်ဖို့ မသင့်တော်ဘူးလို့ ဆန္ဒပြုခဲ့ကြတယ်။ ဒိုင်ယာနာနဲ့ အိမ်ထောင်ပြိုကွဲရတဲ့ကိစ္စမှာလည်း ကမီလာလည်း သူ ၁၉၉၅ မှာ သူ့ခင်ပွန်းနဲ့ ကွာရှင်းပြီး သီးခြားဝယ်ထားခဲ့တဲ့ "ရေးလ်ဖီးလ်"က အိမ်ပြန်သွားခဲ့တယ်။ အဲဒီနေရာက ချားလ်စ်ရဲ့ ဟိုင်းဂရို့ဖ်နဲ့ ဆိုရင် ၃၀ မိနစ်ပဲ ကားမောင်းရလို့ သူတို့အတွက် အဆင်ပြေသွားတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကလေးတွေဟာ သူတို့ဖခင်ရဲ့"အဖော်"နဲ့တွေ့ဖို့ ရှိနေပါတယ်။ ဝီလျံက သူ့မိခင်ပြောစကားတချို့တစ်ဝက်နဲ့ ကမီလာကို သိနေတယ်။ ဟယ်ရီလေးကတော့ ဘာမှမသိရှာဘူး။ ဒိုင်ယာနာနဲ့ ရုပ်မြင်သံကြားတွေ့ဆုံခန်းကို ကင်စင်တန်မှာ ရိုက်ကူးစဉ် အခါတုန်းက ဒိုင်ယာနာ့စကားထဲမှာ "ကမီလာ"ဆိုတာ ပါလာတော့ ဟယ်ရီက "ကမီလာ ဆိုတာ ဘယ်သူလဲ"လို့ မေးခဲ့သေးတာပါ။ နောက်ထပ် မေးခွန်းတွေ ဆက်မမေးခင် အပေါ်ထပ်ကို ခေါ်သွားခိုင်းခဲ့ရတယ်။

ချားလ်စ်ဟာ နိုဝင်ဘာလထဲမှာ တောင်အာဖရိကကို သွားဖို့ရှိတော့ ဟယ်ရီကိုခေါ်သွားဖို့ ဆုံးဖြတ်တယ်။ ဟယ်ရီနဲ့အတူ တစ်ဂိုရုယ်၊ ကျောင်းက ဟယ်ရီ့သူငယ်ချင်း ချာလီဟင်ဒါဆင်ကိုပါ ခေါ်သွားတယ်။ ဒါဟာ ဟယ်ရီ့အတွက် တကယ့်လိုအပ်ချက်ပါပဲ။ အာဖရိကရောက်တော့ ကပွဲမှာ 'စပိုက်ဂဲလ်'တွေနဲ့ တွေ့ရတယ်။ နယ်လ်ဆင်မင်ဒဲလားနဲ့လည်း

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတယ်။ ဟယ်ရီ တစ်အား သဘောကျသွားခဲ့ရတယ်။ "ရှော့စီးဒရစ်"ကို သွားရောက်ရတဲ့အခါ တစ်ချိန်မှာ သူလည်း နိုင်ငံအတွက် စစ်ထဲဝင်မယ်လို့ သူ့ဖခင်ကို ကတိပေးလိုက်တယ်။ သူ့သားဟာ ငယ်ငယ်ကတည်းက စစ်သား လုပ်တမ်း ကစားလာတာမို့၊ ချားလ်စ်ကလည်း ဒါကိုယုံပါတယ်။

အဲဒီခရီးက ပြန်လာတဲ့အခါ ဟယ်ရီရဲ့စာမေးပွဲတွေ အောင်တယ်လို့ သိကြရပါတယ်။ အလယ်တန်းကျောင်းဝင်ခွင့် စာမေးပွဲ ဖြေဖို့ကျတော့ ဟယ်ရီက အသက်ငယ်နေသေးတယ်။ ဒါကြောင့် ပြင်ဆင်ဖို့ တစ်နှစ်နေရဦးမှာ ဖြစ်တယ်။ သူ့အမေဟာ သူ့ကို အီတင်ကောလိပ်ရှိ ဝီလျံဆီ သွားစေချင်တယ်ဆိုတာ ဟယ်ရီကသိလို့ သူ့ဝင်ခွင့်ရရင် သူ့အမေ ဂုဏ်ယူစေချင်တာပါ။ ဒီတော့ ဟယ်ရီဟာ သူ့စာမေးပွဲတွေအတွက် သူ့ကိုယ်သူ ကြိုးစားဖို့ ရှိနေပါတယ်။

ဒီအချိန်မှာ ဝီလျံကတော့ အီတင်ကောလိပ်မှာ အခြေကျနေပါပြီ။ သူ့မိခင်အတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာတွေ ရာပေါင်းများစွာ ရရှိခဲ့တယ်။

"ဝီလျံပြန်လာတော့ ကျွန်တော်တို့အားလုံး ဝမ်းနည်းကြောင်း ပြောချင်ကြတယ်။ ဒါပေမဲ့ ဝတ်ပြုပြီး ပြန်ထွက်လာတဲ့အခါ သူ့အနားသွားဖို့ မလွယ်ဘူး။ သူကလည်း ပြီးခဲ့တဲ့ကိစ္စတွေကို ပြန်ပြောချင်ပုံ မရဘူး။ ဒီတော့ ကျွန်တော်တို့ဟာ စာတွေပဲ ရေးရတော့တယ်။ ဝီလျံကလည်း အရမ်းကို စိတ်ထိခိုက်ခံစားရတာပါ။ နောက်ရက်သတ္တပတ် အနည်းငယ်ကြာတော့မှ လူတွေလည်း သတင်းစာထဲပါတဲ့အကြောင်းတွေ မပြောကြတော့ဘူး။ ဝီလျံကလည်း ဒီအကြောင်းတွေ ပြောချင်ပုံ မရဘူး။ ကျွန်တော်တို့လည်း ဒီကိစ္စအတွက် ဝီလျံကို လေးစားပါတယ်"လို့ ဝီလျံရဲ့ သူငယ်ချင်းတစ်ဦးက ပြောခဲ့ပါတယ်။

တကယ်တော့ ဆယ်ကျော်သက်မျှသာရှိသေးတဲ့ ကလေးတစ်ဦးဟာ ဒီကာလကို ကျော်ဖြတ်ရတာ အလွန်ခက်ခဲပါတယ်။ သူဟာ အလယ်တန်းအဆင့် စာမေးပွဲ (GCSE)ကိုလည်း အောင်မြင်ဖို့ ကြိုးစားနေရတာ ဖြစ်ပါတယ်။ သူက သမိုင်းဘာသာရပ်ကို စိတ်ဝင်စားတယ်။ အနုပညာကိုလည်း ပျော်မွေ့တယ်။-ဒါကို သူ့ဖခင်ကလည်း သိပ်ကျေနပ်ပါတယ်။ ဒီလိုနဲ့ ဝီလျံဟာ ကျောင်းစာထဲကိုပဲ သူ့ကိုယ်သူ ပစ်ချထားလိုက်တော့တယ်။ ကျောင်းစာအပြင် အားကစားလုပ်တယ်။ ကျောင်းအသင်းကိုယ်စား ရေကူးတယ်။ ဘောလုံးကစားတယ်။ ဒီလို ကြိုးကြိုးစားစား လုပ်တဲ့အတွက် (GCSE) ဘာသာရပ် ၁၂ ခုစလုံးမှာ အောင်မြင်ပြီး အင်္ဂလိပ်စာ၊ သမိုင်းနဲ့ ဘာသာစကားမှာ A အဆင့်တွေ ရခဲ့ပါတယ်။

ယခု ဝီလျံ ၁၆ နှစ် ရှိလာပါပြီ။

သူရဲ့ ၁၆ နှစ်မြောက်မွေးနေ့ကို သူ့မိခင်မပါဘဲ ကျင်းပခဲ့ရပါတယ်။ အခု သူ့ကို တွေ့ဆုံမေးမြန်းဖို့ ကမ်းလှမ်းတဲ့အခါ ပထမဆုံးအကြိမ်အဖြစ် သူ လက်ခံလိုက်ပါတယ်။ အရင်ကတည်းက မီဒီယာတွေနဲ့ ဆက်ဆံရမှာ တင်းမာခဲ့သူဟာ မိခင်ဆုံးသွားတဲ့အခါ ပိုပြီးဆိုးသွားခဲ့တယ်။ မျက်နှာချင်းဆိုင် တွေ့ဆုံခြင်း မပြုနိုင်ဘူး။ ပုံနှိပ်သူများအသင်းက တင်သွင်းတဲ့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းတွေကို သူ့ဖခင်ရုံးခန်းမှာ ဖြေမှာပါ။ ဒါတောင် နည်းနည်းပဲဖြေတယ်။ သူ့မိခင်ဆီက သူ သင်ယူခဲ့ပြီးပါပြီ။ စကားတွေ အများကြီးပြောခြင်းဟာ ဘယ်လောက် အန္တရာယ်များတယ်ဆိုတာ သူ သိပြီးပါပြီ။ ဒါကြောင့် ပြန်ဖြေတဲ့အခါ သူ ထိန်းတယ်။ အီတင်မှာနေရတာ ပျော်ကြောင်း၊ ဒါပေမဲ့ ထင်ထင်ရှားရှား မီးမောင်းထိုးခံရတာကို သိပ်မကြိုက်ကြောင်း ဖြေပါတယ်။ A အဆင့်မှာ ဘာတွေ ဆက်သင်မလဲလို့ မေးတဲ့အခါ၊ ဝိဇ္ဇာပညာရပ်ကို အထူးစိတ်ဝင်စားကြောင်း၊ ဇီဝဗေဒ၊ ပထဝီနဲ့ ဝိဇ္ဇာပညာရပ်ရဲ့သမိုင်းကို သင်ယူမယ်လို့ ဖြေပါတယ်။ နောက်နှစ်တွေမှာ အဲဒီဘာသာရပ်ကို သူ အကြိုက်ဆုံး ဖြစ်ခဲ့တယ်။ အဲဒီသူငယ်ချင်းတွေကို ဝီလျံက ခြွင်းချက်မရှိ ယုံတယ်။ ဒီအခါ ဒီသူငယ်ချင်းတွေဟာ သူ့အဖို့ "ဒုတိယမိသားစု"လေး ဖြစ်လာတယ်။ သူကျောင်းနေဖက်တစ်ဦးရဲ့ ပြောကြားချက်အရ ဝီလျံဟာ ကျောင်းထဲမှာ ဆံပင် ရှုပ်ရှုပ်ပွပွနဲ့ လမ်းလျှောက်နေတတ်တယ်လို့ ဆိုပါတယ်။ တစ်ခါက သူ့သူငယ်ချင်း ရော်ဘင်ဂျာရင်က ကျောင်းပိတ်ရက်မှာ သူ့အိမ်ကို အလည်ခေါ်သွားတယ်။ ဝီလျံက သူတစ်ပါးရဲ့ ခေါင်းစွပ်အင်္ကျီကို ဝတ်တာမြင်ရတော့ သူအံ့ဩသွားတယ်။ ဝီလျံအတွက်ကတော့ ဒါဟာ ဘာမှ အဆန်းတကြယ် မဟုတ်ပါဘူး။ "ဝီလျံက ခပ်ပေပေ နေတတ်သူပဲ"လို့ပြောပါတယ်။

ဟယ်ရီ ရောက်လာတဲ့အခါ ထုံးစံအတိုင်း အစ်ကိုဖြစ်သူကိုပဲ မှီခိုအားထားခဲ့ပါတယ်။ မိတ်ဆွေဖွဲ့တော့လည်း အစ်ကိုက ဦးဆောင်ပေးရတယ်။ မဲနဲ့ဟောက်စ်ရဲ့ အလေ့အကျင့်နဲ့၊ ဓလေ့ထုံးစံ။ ကျောင်းရဲ့ အမြဲပြောင်းနေတဲ့ အချိန်ဇယားတွေကိုလည်း အစ်ကိုကပဲ ပြပေးရတာပါ။

တနင်္ဂနွေဆိုရင် ဝတ်ပြုပြီးတဲ့အခါ အပြင်ထွက်ခွင့်ရပါတယ်။ ဒီအခါ ကလေးတွေဟာ တံတားကိုကူးပြီး "မက္ကဒေါ်နယ်လ်"ဆိုင်ကို သွားလေ့ရှိကြတယ်။ ဝင်ဆာလမ်းမကြီးပေါ်က ရုပ်ရှင်ရုံမှာ နောက်ဆုံးပေါ် အက်ရှင်ကားတွေကို ကြည့်ကြတယ်။ ပိုက်ဆံ သိပ်မရှိလို့ များများတော့ မလုပ်နိုင်ဘူးလို့ ကျောင်းနေဖက်တစ်ဦးက ပြောပါတယ်။ ဝင်ဆာက အပြေးပြိုင်ပွဲတွေ ကြည့်တယ်။ နည်းနည်းကြီးလာတော့ ယမကာဆိုင်၊ ဒါမှမဟုတ် စိန့်မေရီကျောင်းက မိန်းကလေးတွေနဲ့ တွေ့ဖို့ ကော်ဖီဆိုင်သွားကြတယ်လို့လည်း ပြောပါတယ်။ ကလပ်တက်တာတော့ လုံးဝ မရှိပါဘူး။ အဆောင်ကို ည ၈း၁၅ မှာ ပြန်ရောက်ရမှာမို့ပါ။ မရောက်ရင်တော့ ဒုက္ခအကြီးအကျယ်ပဲတဲ့။

ဟယ်ရီကလည်း မကြာခင် အီတင်ကျောင်းသား ပီသလာပါတယ်။ ကျောင်းခန်းထဲမှာ "လူရွှင်တော်" ဖြစ်လာတယ်။ လက်တင်စာသင်တဲ့အခါ ဆရာမက မှတ်ပုံတင်စာရင်းကြည့်ပြီး နာမည်ခေါ်နေဆဲ၊ သူက ပြတင်းပေါက် လိုက်ကာရှည်ကြီးရဲ့နောက်မှာ ပုန်းနေပြီး နောက်ဆုံး ဆရာမဆီ ဝုန်းဆို ခုန်ထွက်လာတာမျိုး လုပ်တတ်တယ်။ ဆရာ အင်ဒရူးမေနယ်က ဟယ်ရီ ကျောင်းမတက်ကြောင်း အစီရင်ခံဖို့ ပြင်တဲ့အခါ ဟယ်ရီက ဆင်ခြေတက်တယ်။ ဆရာ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားလို့ မဖြစ်နိုင်ဘူး။ သင်ခန်းစာတစ်ချိန်လုံး ကျွန်တော် ရှိနေခဲ့တာပဲ''လို့ ပြောတယ်။ နောက်တစ်ခု သူ ဆော့ပုံက ကျောင်းခန်းထဲဝင်တဲ့ တံခါးရွက်ထိပ်မှာ စာအုပ်တစ်အုပ်ကို အသာလေး တင်ထားတယ်။ အခန်းထဲဝင်လာတဲ့ သူ့ရဲ့ခေါင်းပေါ် ကျပါရော။ ဒါက ဘာမှတော့ ကြီးကြီးမားမား ဒဏ်ရာမရပါဘူး။ ဒါပေမဲ့ အရမ်း ထိတ်လန့်စေတယ်။ ပြီးတော့ ဟယ်ရီက အတန်းထဲမှာ ရယ်စရာအသံတွေ ဖန်တီးတတ်သေးတယ်။ ဘယ်တော့မှ တရားခံ မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးက သူ့ကိုချစ်ကြလို့ပါ။ အဲဒီလို သူ့ကို သဘောကျကြောင်း သိလေ၊ သူက ပိုဆော့လေပါပဲ။ ဒါတွေအတွက် သူရရှိလိုက်တဲ့ ဆုလာဘ်ကတော့ နှစ်ကုန်တဲ့အခါ ဘာသာစုံ အောက်ဆုံး ရောက်သွားခြင်းပါပဲ။

ဒိုင်ယာနာက ပြောဖူးသားပဲ။

''ဟယ်ရီက ဆိုးတယ်။ ကျွန်မလိုပဲ''တဲ့။

မှန်ပါတယ်။ သူ့ဖခင်ဖြစ်သူ ချားလ်စ်က အလုပ်နဲ့ မကြာခဏ ခရီးသွားနေရတာမို့ ဟယ်ရီဟာ သူ့သဘောနဲ့သူ ထင်တိုင်းကြဲနေတော့တာပါပဲ။

ဝီလျံက အီတင်က ထွက်သွားတဲ့အခါ တက္ကသိုလ်တက်ဖို့ တစ်နှစ်နားနေရဆဲ၊ ဟိုင်းဂရိုဗ်ကို ဟယ်ရီ စိတ်ကြိုက် လုပ်ခွင့်ရခဲ့တယ်။ သူတို့ညီအစ်ကိုနဲ့ တောင်းပန်ချက်အရ၊ ဟိုင်းဂရိုဗ်ရဲ့ အောက်ထပ်ကို သူတို့အတွက် ပုန်းအောင်းစရာ နေရာလုပ်ပေးရပါတယ်။ အခန်းနှစ်ခန်းကို ဆက်ပြီး မျက်နှာကြက်အခုံးတွေ တပ်ပြီးတော့ သီချင်းသံကို တစ်ခန်းလုံး ကြားရအောင် အသံစနစ် လုပ်ပေးရပါတယ်။ ကြီးမားတဲ့ ဆိုဖာကြီးနှစ်လုံး ချထားပေးရပါတယ်။ အဲဒီအခန်းကို သူတို့ဘာသာ နာမည်ပေးခဲ့ကြပုံကတော့ ''ကလပ်H''လို့ပါပဲ။ ဟိုင်းဂရိုဗ်က ကလပ်လို့ ဆိုလိုတာပါ။ သူတို့နှစ်ဦးရဲ့ ဟာသဉာဏ်ရွှင်ပုံ ကလည်း ကြဲကြဲဖန်ဖန် ရေချိုးခန်းထဲမှာ သူတို့ရဲ့ ဘိုးစဉ်ဘောင်ဆက်ဖြစ်တဲ့ ဝင်ဆာမြို့စားကြီး နန်းစွန့်ဘုရင် (၁၉၃၆) အဌမမြောက် အက်ဒ်ဝပ်ဘုရင်ရဲ့ ပုံတူကြီးကို ချိတ်ထားခြင်းပါ။

အခန်းနှစ်ခန်းအနက် တစ်ခန်းရဲ့နံရံတွေကို ''အနက်''ရောင် ဆေးသုတ်ခိုင်းပါတယ်။ အဲဒီအခန်းမှာ သူတို့က ''ဒစ္စကိုပါတီ''လုပ်တယ်။ သူတို့သူငယ်ချင်းတွေကို ဖိတ်ပြီး ပျော်ပြေတယ်။ သူငယ်ချင်းတွေထဲမှာ မြေပိုင်ရှင်ကြီးများ၊ မင်းစိုးရာဇာများရဲ့ သားသမီးတွေ ပါပါတယ်။ တစ်ဂျီရဲ့ ညီအငယ်ဆုံးပါတယ်။ လုခ်၊ မာ့စ် စသဖြင့် ပါပါတယ်။ ဒိုလ်ပစ် ရွှေတံဆိပ်ဆုရ မြင်းစီးသမား ရစ်ချတ်ရဲ့သား စသဖြင့် ပါပါတယ်။

ဝီလျံက ဟယ်ရီထက် မိန်းကလေးမိတ်ဆွေ ပိုများတယ်။ အဲဒီအထဲမှာ တပ်မတော်အရာရှိကြီးတစ်ဦးရဲ့ သမီး ''နာတာလီ''ကို ဝီလျံနဲ့ဆက်စပ်ကြောင်း သတင်းထဲမှာ ပါခဲ့ပေမယ့် တကယ်အမှန် ဝီလျံရဲ့နှလုံးသားကို ခိုးယူသွားသူ ကတော့ ''ရိုစ်ဖွာကူဟာ'' ဆိုတဲ့ ကောင်မလေးပါ။ အီတင်က ထွက်ခဲ့တဲ့နောက် နွေရာသီမှာ ဝီလျံ သဘောကျခဲ့တဲ့

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး ဖြစ်ပါတယ်။ ရိုစ်က အမဲလိုက်၊ ပိုလိုကစားတဲ့အုပ်စုက ကပ္ပတိန် အိုင်ယင်ဖွာကူဟာရဲ့ သမီးပါ။ လှပချောမောတဲ့ ကလေးမဖြစ်ပြီး ဝီလျံနဲ့ ငယ်ငယ်ကတည်းက သိကျွမ်းခဲ့ကြသူများ ဖြစ်ပါတယ်။ ရိုစ်က အနီးအနားမှာရှိတဲ့ ဝက်စတင်ဘတ် ကျောင်းမှာနေပြီး ဝီလျံရဲ့သူငယ်ချင်း တွမ်ရဲ့အစ်မနဲ့ ခင်မင်တာပါ။ အရွယ်ရောက်လာကြတဲ့အခါ စိတ်ကူးယဉ်ချစ်သူတွေ ဖြစ်လာကြတယ်။

ခရစ်နှစ် ၂၀၀၀ ရာစုသစ်ရဲ့ နွေရာသီမှာတော့ သူတို့စုံတွဲဟာ ဂလူစတာရှိုင်းယားရဲ့ ဆင်ခြေဖုံးကွင်းပြင်မှာ သာယာတဲ့ ညနေခင်းတွေကို ဖန်တီးရင်း လျှောက်သွားခဲ့ကြတယ်လို့ ကောလာဟလ သတင်းထွက်လာပါတယ်။ အဲဒီလို ကွင်းထဲမှာ ထိုင်နေကြတုန်း လယ်သမားတစ်ယောက်က ရိုင်းရိုင်းပျပျ တားဆီးတာ ခံခဲ့ရတယ်လို့လည်း ဆိုပါတယ်။

သူတို့အဖွဲ့ထဲက တစ်ဦးက ''ဝီလျံနဲ့ရိုစ်က နွေရာသီရဲ့ ချစ်သူတွေပါ။ ရိုစ်ကလည်း အခုထိ သူ့ပထမဆုံး အစစ်အမှန်ချစ်သူဟာ ဝီလျံပဲလို့ ပြောနေတယ်'' လို့ ဆိုပါတယ်။ အဲဒီတုန်းက နွေရာသီတစ်လျှောက်လုံး ဝီလျံက ဟိုင်းဂရိုဗ်မှာနေတော့ ရိုစ်လည်း အနားမှာရှိနေခဲ့တယ်။ ရိုစ်က ကျေးလက်သူစစ်စစ်ပဲ။ သူတို့နှစ်ယောက်က စိတ်ဝင်စားမှု ချင်း တူတယ်။ သူငယ်ချင်းတွေချင်းလည်း တစ်အုပ်စုတည်း ဖြစ်နေတယ်။ အဲဒီနွေတုန်းက သူတို့အချင်းချင်း တစ်ယောက် ကိုတစ်ယောက် သဘောကျတယ်လို့ နားလည်ထားကြတာပါပဲ။ ပြီးတော့ စပြီးလှုပ်ရှားမှုကလည်း ဝီလျံပါ။ အလွန် အပြစ်ကင်းပြီး ချိုမြတဲ့ကိစ္စလည်း ဖြစ်ပါတယ်။ ရိုစ်ဆိုရင် သူတို့လို လယ်သမားကြီးကို လာတွေ့တဲ့ကိစ္စ အခုထိ ရယ်ရယ်မောမောနဲ့ ပြောနေတုန်းပဲ။ အခုလည်း သူတို့ဟာ မိတ်ဆွေကောင်းတွေပါပဲ။ တစ်ချိန်လုံး စကားပြောနေကြ တုန်းပါ''လို့ ဆိုပါတယ်။

ချားလ်စ်ဟာ သူငယ်စဉ်က မိဘများနဲ့ အပြန်အလှန် ဆက်သွယ်မှု နည်းခဲ့ရတဲ့အတွက် သူ့သားတွေကိုတော့ သူနဲ့ နီးနီးကပ်ကပ်၊ ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။ သူတို့မှာ မိခင်မရှိတော့တဲ့အတွက် သူဟာ အမိလိုရော၊ အဖလိုပါ ဖြည့်ဆည်းရမယ်လို့ စဉ်းစားထားပြီး အကောင်းဆုံးလုပ်ပေးဖို့ ဆုံးဖြတ်ခဲ့တာပါ။

သူ့သားတွေကို ပျော်ရွှင်ဖို့ နေရာလုပ်ပေးရမယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ 'ကလပ်အိတ်ချ်''မှာ ဆေးလိပ် သောက်ခြင်းနဲ့ အရက်သောက်ခြင်းကို တားမြစ်ထားပါတယ်။ ဒါပေမယ့် ဟယ်ရီဟာ မြေအောက်ခန်းထဲမှာ မကောင်းတဲ့ ပျော်ရွှင်မှုတွေကို ပြုလုပ်နေကြောင်း ပေါ်သွားတယ်။ အီတင်မှာရှိစဉ် အားကစားကွင်းထဲမှာ ဟယ်ရီဟာ ပထမဆုံးအကြိမ် စီးကရက်သောက်ခဲ့ဖူးတယ်။ ဒီလိုကြုံကြိုက်လို့ သောက်မိတာဟာ စွဲသွားပြီး အလေ့အကျင့် ဖြစ်လာတယ်။ သူအသက် ၁၆ နှစ်မှာ ''မာလ်ဘိုရိုဘူးအနီ''ကို ပုံမှန်ဝယ်သောက်နေပြီ။ မြေအောက်ခန်းမှာ သောက်တာကို လက်ထောက်ဝန်ထမ်း တစ်ယောက်က မြင်သွားတာပါ။ ချားလ်စ်က တစ်ခါတစ်ရံမို့ဆိုပြီး လျှော့ပေးလိုက်ပေမယ့် တစ်ကြိမ်တစ်ခါ သောက်တာ ကိုလည်း တားမြစ်ပါတယ်။ ပိုပြီး စိုးရိမ်စရာကောင်းတာက ဟယ်ရီ အရက်သောက်လာခြင်းပါပဲ။ သူဟာ ဟိုင်းဂရိုဗ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ခြောက်မိုင်လောက်ဝေးတဲ့ "ရက်တယ်လ်ဘုံး တည်းခိုခန်း"မှာ ပုံမှန်ဖောက်သည် ဖြစ်နေပါပြီ။ အသက်မစေ့သေးလို့ အရက်ရောင်းခွင့်မရှိပေမယ့် သူ့ထက်ကြီးတဲ့ သူငယ်ချင်းတွေက ဝယ်ပေးကြတယ်။ ဆိုင်ပိတ်တဲ့အခါ ကလပ်အိတ်ချ်ကို ပြန်လာကြပြီး ရောက်နေတဲ့သူငယ်ချင်းတွေနဲ့ ဆက်ပျော်ကြတယ်။ ပိတ်ထားတဲ့တံခါးကနေ အောက်ထပ်က "ဆေးခြောက်အနံ့" အပေါ်တက်လာရင်တော့ ချားလ်စ်က ခွင့်မလွှတ်ပါဘူး။

ဟယ်ရီလည်း သူ့အဖေကို သူ နွေရာသီတစ်လျှောက်လုံး အရက်သောက်၊ ဆေးလိပ်သောက်ခဲ့တာကို ဝန်ခံရတော့တယ်။ ချားလ်စ် ၁၄ နှစ်သားတုန်းက "ချယ်ရီ" ဘရန်ဒီကို သူငယ်ချင်း လေးယောက်နဲ့အတူ ရှက်လွှင့်သွားစဉ် သောက်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ မူးယစ်ဆေးဝါးကိုတော့ ဘယ်တော့မှ မစခဲ့ပါဘူး။ ဒိုင်ယာနာရော၊ ချားလ်စ်ပါ ဒီကိစ္စကို ဆန့်ကျင်ခဲ့ကြပါတယ်။ အောက်ထပ်က ဆေးခြောက်နံ့ရတော့ ချားလ်စ်က ဒါဟာ ဟယ်ရီသောက်နေတာလို့ မထင်ပါဘူး။ ဒါနဲ့ ဘေးကသူငယ်ချင်းတွေကို မေးရတယ်။ "မင်းတို့ ၁၆ နှစ်အရွယ်နဲ့ ဒါဟာ လုပ်ရမယ့်အလုပ်လား"တဲ့။

အမှန်ကတော့ "ရက်တယ်လ်ဘုံးဆိုင်" ဆီ ဟယ်ရီကို ခေါ်သွားတဲ့လူဟာ ဗီလျံပါ။ ဗီလျံက ကျောင်းတစ်နှစ်နားရတဲ့ အချိန်မတိုင်ခင်ကတည်းက ဒီဆိုင်မှာ ဖောက်သည်ဖြစ်နေတာ။ သူက ဟယ်ရီနဲ့မတူပါဘူး။ အရက်သောက်ခွင့်ရှိတဲ့အရွယ် ရောက်နေပြီ။ ပြီးတော့ သောက်တာကလည်း ဆော်ဒါနဲ့ဘီယာ ရောထားတဲ့ဟာပါ။ သူငယ်ချင်းတွေနဲ့ အပြိုင်သောက်ပြီး ပျော်ကြတာဖြစ်တယ်။

နောက်တော့ ရက်တဲလ်ဘုံးနဲ့ ကလပ်အိတ်ချ်မှာ မဟုတ်တာတွေ လုပ်နေပြီဆိုတဲ့ သတင်းက ဖလိဒ်လမ်း (သတင်းစာလောက)ကို ရောက်သွားတယ်။ တကယ်တော့ နိုင်ငံတွင်းက သတင်းစာတွေအားလုံးက ဒိုင်ယာနာဆုံးပြီးနောက်မှာ ဗီလျံနဲ့ဟယ်ရီကို မလိုအပ်ဘဲ သတင်းမရေးကြဖို့ သဘောတူထားကြတာပါ။ ဒါပေမဲ့ အခုဇာတ်လမ်းကတော့ ပေါ်ပြူရတော့မှာမို့ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်ထုတ် "နယူးစ်အော့ဖ်သည်ဝေါလ်"မှာ သက်သေခံအလုံအလောက်နဲ့ "ဟယ်ရီရဲ့မူးယစ်ဆေး ရှက်ဖွယ်" ဆိုပြီး မျက်နှာစာမှာ ပါလာပါတော့တယ်။

သတင်းပေးပို့ချက်အရ ဟယ်ရီဟာ လွန်ခဲ့တဲ့နွေရာသီက အစောင့်အထိန်းအရာရှိတွေရဲ့ မျက်စိအောက်မှာတင် ဘားကောဆိုင်မှာ အရက်သောက်နေခဲ့ကြောင်း၊ ဆိုင်ပိတ်ချိန်မှာ မပိတ်ဘဲ ညလုံးပေါက် ရောင်းတဲ့ဆိုင်မှာ ရှိနေခဲ့ကြောင်း၊ ဆေးခြောက်ကို ဆိုင်အနောက်ဘက်ခန်းမှာ သောက်ကြောင်း၊ တစ်ကြိမ်မှာလည်း ဟယ်ရီက အရက်မူးပြီး ပြင်သစ်လူမျိုး စားဖိုမှူးကို မန်နေဂျာကို ဆဲရေးတဲ့အတွက် တားမြစ်ခံရကြောင်း၊ "မေးလ်အွန်ဆန်းဒေး" သတင်းစာမှာလည်း မန်နေဂျာကိုယ်တိုင် ထွက်ပြောရာမှာ "ဟယ်ရီကို ကျွန်တော့်ဖောက်သည်တွေက "အထိန်းအကျောင်းမဲ့ ကလေး"လို့ တီးတိုးခေါ်ကြကြောင်း၊ သူတို့က ဒီလိုဆိုင်မှာ သူ့လို မင်းသားလေးဟာ အသက်မစေ့သေးဘဲ သောက်စားအော်ဟစ်နေတာ မှားကြောင်း ပြောကြပါတယ်"လို့ ဖွင့်ဟခဲ့တယ်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကာလက ချားလ်စ်ရဲ့ အမှုထမ်းတွေကလည်း သတင်းစာထဲမပါခင်မှာ စိန့်ဂျိမ်းစ်နန်းတော်နဲ့ "နယူးစ်အော့ဖ်သည်ဝေါလ်" သတင်းစာက အမှုဆောင်အယ်ဒီတာတွေနဲ့ အကြိမ်ကြိမ် တွေ့ဆုံကြရပါတယ်။ ချားလ်စ်ရဲ့ ယခင်အရာရှိဟောင်း မတ်စ်ဒိုင်ယာ၊ ကိုယ်ရေးအတွင်းရေးမှူး ဆာစတီဗင်လမ်းပို့၊ သတင်းအကြံပေး ကောလင်းဟဲရစ်စ်နဲ့ မတ်စ်ဘိုလန်တို့ဟာ၊ သတင်းစာဆရာတွေကို "အတတ်နိုင်ဆုံး၊ အဖြစ်နိုင်ဆုံး၊ ပျက်စီးမှုအနည်းဆုံး ဖြစ်အောင် သက်ညှာစွာရေးကြဖို့" ညှိနှိုင်းခဲ့ကြရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဟယ်ရီက တောင်းပန်လွှာတစ်ခုထုတ်ပြီး လန်ဒန်တောင်ပိုင်းရှိ မူးယစ်ဆေးဖြတ်ဌာနမှာ တစ်ရက်သွားပြသရမယ်လို့ ဆုံးဖြတ်ခဲ့ကြတယ်။

နန်းတော်ကတော့ ဒီကိစ္စကို ဖုံးဖိဖို့ အပြင်းအထန် ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမဲ့ မလွှဲမရှောင်သာဘဲ ချားလ်စ်ရဲ့ မိဘအုပ်ထိန်းမှုကို မေးစရာ ဖြစ်လာခဲ့ပါတယ်။ ဒိုင်ယာနာသေဆုံးမှုကလည်း လူထုစိတ်ထဲမှာ လတ်လတ်ဆတ်ဆတ် ရှိနေဆဲ။ ဒီတော့ တစ်ယောက်ယောက်ကို အပြစ်တင်ရမယ်ဆိုရင် အဲဒီလူဟာ ချားလ်စ်ပဲ။ သူက နွေရာသီရဲ့ အများစုအချိန်မှာ ဟိုင်းဂရို့ဗ်မှာမရှိဘဲ အဝေးသွားနေခဲ့တာကိုး။ ဟယ်ရီက တခြား ဆယ်ကျော်သက်လေးတွေလိုပဲ ပြုမူခဲ့တာပါ။ ပြီးတော့ သူ့ရဲ့ကလေးဘဝမှာ ကြေကွဲမှုကြီးကို ခံစားခဲ့ရတယ်။ ဒီထက်စောစောက မပျက်စီးခဲ့တာတောင် တော်သေးတယ်လို့ နားလည်ကြပါတယ်။

ဒီကိစ္စဟာ သတင်းမီဒီယာလောကကိုသာ ဂယက်ရိုက်စေတာ မဟုတ်၊ ဘုရင်မကြီးနဲ့ မင်းသားကြီးဖီးလစ်တို့လည်း အတော်ကြီးကို စိတ်ပျက်ခဲ့ကြရတယ်လို့ အမှုထမ်းတစ်ယောက်က ပြောပြပါတယ်။

ကံကောင်းတာကတော့ ဟယ်ရီဟာ ရဲအဖွဲ့ရဲ့ သတိပေးချက်က လွတ်မြောက်ခဲ့တာပါပဲ။ တော်ဝင်မိသားစုကိုတော့ အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားစေခဲ့ပါတယ်။

ဒီနေရာမှာ ဝီလျံနဲ့ဟယ်ရီတို့ရဲ့ အရေးပါမှု ကွာခြားသွားတယ်လို့ ဆိုနိုင်ပါတယ်။ တကယ်ဆိုရင် ရက်တဲလ်ဘုံးကို စပြီးခေါ်သွားသူဟာ ဝီလျံပါ။ ထီးနန်းပလ္လင်အတွက် ဒုတိယနေရာမှာရှိတဲ့လူမို့ ဝီလျံလို မကောင်းသတင်းအဖြစ်ခံတာလားလို့ ထင်စရာဖြစ်နေတယ်။ သတင်းစာမျက်နှာဖုံးမှာ သိက္ခာမဲ့တဲ့အဖြစ်နဲ့ အရှက်ခံစေခဲ့တာက ဟယ်ရီပါ။ ဟယ်ရီနဲ့အတူ မြေပိုင်ရှင်သား "ဂိုင်းပယ်လီ" ပါတယ်။ ပယ်လီကို မတရားသဖြင့် စွပ်စွဲခံရတာ ဖြစ်တယ်။ အိမ်တော်ဝန်ထမ်းတစ်ဦးရဲ့အဆိုအရ "နန်းတော်ဟာ ချားလ်စ်နဲ့ ဝီလျံကို အကာအကွယ်ပေးချင်နေဟန် တူတယ်။ ဒါနဲ့ ဟယ်ရီအပေါ် ပုံချတယ်။ ပယ်လီက အပြစ်စတင်သူ၊ ဟယ်ရီ နာမည်လည်း ပါပေစေ" ဆိုတဲ့ သဘောဖြစ်နေပါတယ်" တဲ့။ တကယ့်အဖြစ်အမှန်က အဲဒီရက်တွေက ဟိုင်းဂရို့ဗ်အိမ်မှာ ပယ်လီ၊ ဟယ်ရီနဲ့ ဝီလျံတို့ အတူတူရှိနေခဲ့တာပါ။

ဘယ်လိုပင်ဖြစ်စေ၊ ဟယ်ရီ ခုလိုဖြစ်ပြီးတဲ့အခါ ဟယ်ရီကို ဂရုစိုက် စောင့်ရှောက်ရမယ့်တာဝန်က ဝီလျံအပေါ်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာပါပြီ။ ဒါကြောင့် ဝီလျံဟာ အီတင်မှာရှိတဲ့ ဟယ်ရီဆီကို သူ့အထိန်းအရာရှိ မတ်စ်ဘိုလန်နဲ့အတူ အကြိမ်များစွာ သွားရောက်ခဲ့ပါတယ်။ သူ့ညီလေး အခုလို အပြစ်တင်ခံရတာမှာ သူ့အပြစ်ပဲလို့လည်း ဝီလျံက ခံစားပါတယ်။ ဟယ်ရီက ဆိုရင်လည်း ဝီလျံဟာ သူ့ကိုထားပြီး ပေါ့ပေါ့ပါးပါး ထွက်သွားရက်တယ်လို့ ခံစားရပါတယ်။ နောက်ဆုံးမှ ဒါဟာ ဝီလျံရဲ့အပြစ် မဟုတ်ပါဘူးလို့ ခံယူပြီး ဝီလျံကို ခွင့်လွှတ်လိုက်တယ်။ ဒီလိုခံစားခဲ့ရတာ အတော်လေး အချိန်ကြာပါတယ်။

အခုတစ်ခါ ချားလ်စ်ကို အပြစ်တင်ခံရခြင်းမှ ကယ်တင်မယ့်လူက အမြဲတမ်းယုံကြည်ခဲ့ရတဲ့ တစ်ဂျီပါပဲ။ တစ်ဂျီရယ်၊ "ဗန်ကတ်ဆမ်"မိသားစုရယ်ပါ။ အခုချိန်ကစပြီး ချားလ်စ် အဝေးကိုသွားတဲ့အခိုက် ဟယ်ရီဟာ ဗန်ကတ်ဆမ်ရဲ့ အိပ်ခန်း ၁၀ ခန်းပါတဲ့ "အင်နာဟောလ်" အိမ်ကြီးမှာနေဖို့ စီစဉ်ကြတယ်။ တစ်ခါတစ်ရံတော့ သူ့ဖခင်ရဲ့မိတ်ဆွေ "ဟယ်လင်အက်စ်ပရေး" အိမ်ကို သွားနိုင်းတယ်။ ဟယ်လင်က စိန့်ဂျိမ်းစ်နန်းတော်မှာ ချားလ်စ်ရဲ့ ရုံးဝန်ထမ်းပါ။ အများဆုံးကတော့ ဟယ်ရီဟာ တစ်ဂျီနဲ့အတူ ဝေလနယ်တောင်ပိုင်းရှိ ၁၈ ရာစုက အိမ်ကြီးမှာနေရတာကို ပျော်ပါတယ်။ ချားလ်စ်ကလည်း တစ်ဂျီနဲ့ သူ့မိဘများကို ခင်မင်တယ်။ အဲဒီမှာမြစ်ရှိတော့ ငါးမျှားရတာလည်း ပျော်စရာကောင်းတယ်။ ဧက ၄၀၀၀ ကျယ်တဲ့မြေမှာ လျှောက်လည်ရတာလည်း လွတ်လပ်ပေါ့ပါးတယ်။ အဲဒီမိသားစုကို သိတဲ့မိတ်ဆွေတစ်ဦးက

"ဒီမိသားစုက ထင်ပေါ်ပါတယ်။ ဒီအိမ်မှာ ကလေးတွေ သိပ်ပျော်ကြတယ်။ ဝေလနယ်မှာ နေရတာလည်း သူတို့ပျော်ကြတယ်။ သူတို့ကိုလည်း အမြဲ ကြိုဆိုနေခဲ့ကြပါတယ်"လို့ ဆိုတယ်။

ဟယ်ရီနဲ့ တစ်ဂျီကလည်း တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတာပါ။ ဟယ်ရီကို စောင့်ရှောက်ခဲ့တဲ့လူဟာ တစ်ဂျီတစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ ကမီလာပါကဘောင်းကလည်း သူ့သား "တွမ်"တစ်ယောက် အောက်စ်ဖို့ဒ်မှာ ကျောင်းနေစဉ်က ကိုကင်းစွဲခဲ့ဖူးတာမို့ ဆယ်ကျော်သက်တွေကို ကိုင်တွယ်ရတာခက်ကြောင်း နားလည်တယ်။ ဒီတော့ ချားလ်စ်ကို ကောင်းကောင်း အကြံပေးနိုင်တယ်။ ဒိုင်ယာနာ ဆုံးပြီးတဲ့နောက် သားတွေကို အတတ်နိုင်ဆုံး အချိန်ပေးဖို့ အားပေးတယ်။

ခုအချိန်မှာ ဘယ်သူမှမကြိုက်ပေမယ့် ကမီလာဟာ ဟယ်ရီနဲ့ဝီလျံကို ဆုံတွေ့ခဲ့ပြီးပါပြီ။ တွေ့ဆုံပွဲက ချောမွေ့ပါတယ်။ ၁၉၉၈-ခုနှစ်၊ ဇွန်လ (၁၂) ရက်၊ သောကြာနေ့ပါ။ ဝီလျံရဲ့ ၁၆ နှစ်မြောက် မွေးနေ့မတိုင်မီ ၉-ရက် အလိုပါ။ ဝီလျံက (GCSE) စာမေးပွဲပြီးလို့ စိန့်ဂျိမ်းစ်ကိုဝင်ပြီး သူငယ်ချင်းတွေနဲ့ဆုံဖို့ ရုပ်ရှင်ရုံကိုသာ သွားဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကမီလာက ချားလ်စ်ရဲ့ လန်ဒန်နေအိမ်ကို စီမံခန့်ခွဲရတဲ့လူ ဖြစ်နေပြီ။ ချားလ်စ်ကလည်း သူတို့ တွေ့ဆုံဖို့အဖြစ်ဟာ ရှောင်လို့မရဘူး ဆိုတာ သဘောပေါက်ထားတယ်။ ဒီတော့ ဝီလျံကို ကမီလာနဲ့တွေ့ဖို့ ဆန္ဒရှိမရှိ အရင်မေးပါတယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဟိုင်းဂရိဖ်အိမ်ကို ချားလ်စ်က စတာလင်ပေါင် ၇၅၀,၀၀၀ ကျော်နဲ့ ဝယ်ခဲ့တာပါ။ ခြံဝင်း နယ်မြေကြီးက ၁၃ ဧက ကျယ်တယ်။ မူလပိုင်ရှင်က လွှတ်တော်အမတ် မောရစ်ခ်မက်စ်မီလျံပါ။ ဝန်ကြီးချုပ်ဟောင်း ဟာရိုးလ်မက်ခ်မီလျံနဲ့သား ဖြစ်ပါတယ်။ ဒီနေရာက လန်ဒန်မြို့လယ်ကဆိုရင် မိုင် ၁၂၀ ဝေးပါတယ်။ ယာခင်းလေးတောင် အဆစ်ပါထိုက်သေးတယ်။ ဂျော်ဂျီယံစတိုင် ဆောက်ထားတဲ့အိမ်ဖြစ်လို့ ချားလ်စ်က သိပ်မြတ်နိုးတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ဒီဟိုင်းဂရိဖ်ဟာ ဟယ်လင်တန်မြို့မှာရှိတဲ့ ပါကာဘောင်းတို့အိမ်နဲ့ ခဲတစ်ပစ်လောက်ပဲ ဝေးတယ်ဆိုတာ ဒိုင်ယာနာ သတိထားလာခဲ့မိပါတယ်။ ချားလ်စ်အတွက် အဆင်ပြေနေတာပေါ့။

သောကြာနေ့ ညနေဆိုရင် ချားလ်စ်တို့ မိသားစုဟာ ဟိုင်းဂရိဖ်ကို ကားတွေနဲ့ ရောက်လာလေ့ရှိတယ်။ ချားလ်စ်က တစ်စီးသပ်သပ်။ ဒိုင်ယာနာနဲ့ ကလေးတွေက တစ်စီးသပ်သပ်ပါ။ ဒီအိမ်က ပျော်စရာကောင်းခဲ့ပါတယ်။ ဒိုင်ယာနာက ကလေးတွေနဲ့ အိမ်ထဲမှာ လျှောက်သွားတယ်။ ချားလ်စ်က ပန်းစိုက်တယ်။ နှင်းဆီပန်းတွေ၊ ပဲပန်းခင်းတွေကြားမှာ နာရီပေါင်းများစွာ ပျော်မွေ့နေခဲ့တာပါ။ တချို့ ညနေများမှာတော့ စိုက်ခင်းပျိုးခင်းတွေဘက် လျှောက်ရင်း သွားဖို့မှူးများအတွက် အသီးအရွက်တွေ ယူလာတတ်ပါသေးတယ်။

ဟိုင်းဂရိဖ်ဟာ ကျေးလက်စံအိမ်ဆိုပေမယ့် တော်ဝင်မင်းသားအတွက် ခမ်းနားမှု လျော့နည်းပါတယ်။ စာကြည့်ခန်း နှစ်ခန်း၊ ဧည့်ခန်းတစ်ခန်း၊ ထမင်းစားခန်းနဲ့ မီးဖိုခန်းတို့ အောက်ထပ်မှာရှိပြီး နှစ်ထပ်အိမ် အပေါ်ထပ်မှာတော့ အိပ်ခန်းတွေ ရှိတယ်။ မြက်ခင်းပြင်မှာ လှပတဲ့ ဥယျာဉ်ပန်းမန်တွေရှိပြီး မြင့်မားတဲ့အပင်ကြီးတွေလည်း ရှိတယ်။ ဒါတွေက ချားလ်စ်ရဲ့ အကြိုက်တွေပါပဲ။ သူဟာ ဟိုင်းဂရိဖ်ကို အသည်းနှလုံးထဲက နှစ်နှစ်ကာကာ မြတ်နိုးပြီး အေးချမ်းမှုကို ရှာခဲ့တယ်လို့ ဆိုပါတယ်။

သားနှစ်ယောက်စလုံး သူ့လိုပဲ ဥယျာဉ်စိုက်တာကို အမွေခံကြလိမ့်မယ်လို့ မျှော်လင့်ခဲ့ပြီး ကလေးတွေအတွက် ...န့်အကွက်လေးတွေနဲ့ ကလေးကိုင် စိုက်ပျိုးကိရိယာလေးတွေတောင် လုပ်ထားခဲ့တာပါ။ ဟယ်ရီက ပထမတော့ ...ရတာကို ကြိုက်ပုံရပါရဲ့။ ကြီးလာတဲ့အခါမှာတော့ စစ်တိုက်တမ်း ကစားရတာကိုပဲ ပိုပြီး သဘောကျခဲ့ကြတယ်။ ချားလ်စ်က သစ်ပင်ပန်းပင် ပြုစုတုန်းမှာ ကလေးတွေက သစ်ပင်နဲ့ဆောက်ထားတဲ့ အိမ်လေးတွေကြားမှာ စစ်တိုက်တမ်း ကစားနေခဲ့ကြတယ်။ သူတို့ခြံဝင်းထဲမှာ ယုန်ကလေးတွေ၊ ပူးကလေးတွေလည်း မွေးထားတယ်။ ကလေးတွေက အဲဒီ ယုန်လေးတွေ၊ ပူးလေးတွေကို မုန်လာဥနီအတုံးလေးတွေ ကျွေးကြတယ်။ မုန်လာဥနီကို အတုံးလေးတွေ၊ အကွင်းလေးတွေ ...ဆောင် သူတို့မိခင် ဒိုင်ယာနာကိုယ်တိုင် လှီးဖြတ်ပေးတာပါ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ဒိုင်ယာနာဆုံးတာ တစ်နှစ် မရှိသေးဘူး။ ဝီလျံဟာ သူ့အမေကို သတိရလွမ်းဆွတ်တာတွေကို ခဏထားပြီး သိချင်စိတ်တွေ ရှိလာတယ်။ ဒီတော့ တွေ့မယ်လို့ဖြေတယ်။ ကမီလာကလည်း အတော်ကြီးကို စိတ်လှုပ်ရှား နေတာမို့ "ဖော်ကာ"တစ်ခွက်သောက်ရပြီး တွေ့ဆုံပွဲပြီးတော့လည်း အားဆေးသောက်ရတယ်လို့ တော်ဝင်သတင်းထောက် ရစ်ချတ်က ပြောတယ်။ တွေ့ဆုံပွဲက 'မိနစ် ၃၀'ပဲ ကြာတာပါ။ အများကြီး အောင်မြင်ပါတယ်။ ညနေ လက်ဖက်ရည် သောက်ချိန်မှာ ထပ်တွေ့ကြဖို့ ဝီလျံက အကြံပြုခဲ့သေးတယ်။ သူ့မိခင်က သူတို့အိမ်ထောင်ပြိုကွဲရတာဟာ ကမီလာကြောင့် လို့ အပြစ်ပုံချခဲ့ပေမယ့် ဝီလျံကတော့ သူ့ဖခင်ရဲ့ အမျိုးသမီးကို အဆင်ပြေအောင် ဆက်ဆံနိုင်ခဲ့ပါတယ်။ သူတို့ဟာ ထွေရာလေးပါးအကြောင်း စကားပြောကြတယ်။ ဝီလျံက ကမီလာနဲ့ ပတ်သက်ပြီး သဘောတူတာတွေ အများကြီး တွေ့ခဲ့ရပါတယ်။ ကမီလာက သူ့ကိုယ်သူ နှိမ့်ချတတ်တယ်။ ဟာသလည်း ရှိတယ်။ အဲဒါတွေက သူ့ဖခင်ရဲ့ ပျော်ရွှင်မှုကို ပေးတယ်လို့ သူ နားလည်ပါတယ်။ အခုဆိုရင် အရင်နှစ်များကနဲ့စာရင် ချားလ်စ်ဟာ ပိုပြီးပျော်ရွှင်နေပုံပဲ။

ဝီလျံရော၊ ကမီလာပါ ကျေးလက်ကို ကြိုက်တာချင်း တူကြတယ်။ မြင်းစီး ဝါသနာတူတယ်။ အမဲလိုက် ဝါသနာ တူတယ်။ အမဲလိုက်တာကို တားဖို့မလိုဘူးလို့ သဘောထားချင်း တူကြတယ်။ ဝီလျံက ကမီလာရဲ့ ကလေးတွေနဲ့ လည်း ခင်မင်ခဲ့သေးတာပါ။ ကမီလာရဲ့ ကလေးတွေက ဝီလျံထက်တော့ အသက်အများကြီး ကြီးပါတယ်။ ကမီလာရဲ့ သား တွမ်ဆိုရင်၊ အီတင် ကျောင်းထွက်ပဲ။ အောက်စ်ဖို့ဒ်က ဘွဲ့ရတယ်။ လော်ရာကလည်း အထက်တန်းအောင်ပြီး တစ်နှစ်နားနေတာပါ။ ကမီလာက တောင်အမေရိက ခရီးအကြောင်း ပြောပြတော့ ဝီလျံက သိပ်သဘောကျတယ်။

အဲဒီနှစ် အီစတာပွဲချိန်မှာတော့ မိသားစုနှစ်စု အားလုံးဆုံကြတယ်။ ဒီအခါ ဝီလျံနဲ့ လော်ရာ (ကမီလာ့သမီး) တို့ အငြင်းအခုံ ဖြစ်ကြတယ်။ သူတို့မိသားစု နှစ်စုစလုံး ပြိုကွဲရတဲ့ကိစ္စမှာ ဘယ်သူ့မှာ အပြစ်ရှိသလဲဆိုတာ ငြင်းကြတယ် မိတ်ဆွေတစ်ယောက်ရဲ့ ပြောကြားချက်အရ ကမီလာရဲ့အိမ်ကို ချားလ်စ်က ဖုန်းဆက်ရင် လော်ရာက လိုင်းခွဲဖုန်းကို ကောက်ကိုင်ပြီး "ရှင် ဘာဖြစ်လို့ မာမီကို မဖြတ်သေးတာလဲ။ ကျွန်မတို့မိသားစုကို ဒီအတိုင်းထားပါ"လို့ အော်တယ်တဲ့ လော်ရာက ချားလ်စ်ကို မင်းသားဆိုပြီး ဂရုမစိုက်ဘူး။ သူ့မိဘတွေရဲ့ အိမ်ထောင်ကိုဖျက်တဲ့လူလို့ အပြစ်တင်တယ် ဒီစကားကို ဝီလျံကိုလည်း မကြောက်မရွံ့ ပြောတာပါပဲ။ ဝီလျံကလည်း သူ့အမေကို ထိခိုက်စေခဲ့တာ ကမီလာပဲ ပြန်ပြောတယ်။ ဒီလိုပြောတဲ့အခါ လော်ရာကလည်း သူ့အမေဘက်ကနေ ဝီလျံကို ပြန်ပြီးရန်ထောင်တယ်။ "နင့်အမေ ငါ့အမေကို ဖျက်ဆီးခဲ့တာ"တဲ့။ လော်ရာ ရန်ထောင်မယ်ဆိုလည်း ထောင်စရာပါပဲ။ လော်ရာဟာ သူ့အစ်ကိုတွမ်နဲ့အတူ အရှက်ရခဲ့တာပါ။ သတင်းစာတွေထဲမှာ ချားလ်စ်နဲ့ကမီလာတို့ရဲ့ အတွင်းစကားတွေ ဖော်ပြခံရတဲ့အခါ လော် မောင်နှမတွေဟာ ကျောင်းမှာ အကြင်နာမဲ့စွာ အလှောင်ခံခဲ့ကြရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဝီလျံကလည်း အလှောင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာမို့ နောက်ဆုံးတော့ သူတို့မိဘတွေကို အပြစ်ပုံချတာကိုရပ်ပြီး လော်ရာနဲ့ ဝီလျံတို့ဟာ နာကျင်မှုတွေကို ဖျောက်လို့ အတူတကွ ခင်မင်စွာ ပေါင်းနိုင်ခဲ့ကြပါတယ်။

နောက်ရက်သတ္တပတ် အနည်းငယ်ကြာတဲ့အခါမှာတော့ ကမီလာနဲ့တွေ့ရမှာက ဟယ်ရီရဲ့အလှည့်ပါ။ ဒီတွေ့ဆုံပွဲကတော့ ဟိုင်းဂရိုဗ်မှာပါ။ အဲဒီနေ့ကအကြောင်း ကမီလာက ပြန်ပြောတဲ့အခါ ဟယ်ရီက သူ့ကို "သံသယမျက်လုံး"တွေနဲ့ ကြည့်တယ်တဲ့။ ဒါလည်း မှန်နိုင်ပါတယ်။ တစ်ဂျီဆိုရင် ကမီလာကို လုံးဝမနှစ်သက်ဘူး။ ချားလ်စ်နဲ့ဒိုင်ယာနာတို့ ရန်ပွဲပြီးသွားတဲ့အခါ ဒိုင်ယာနာကိုယ်စား တစ်ဂျီက ဝင်ပါခဲ့တာပါ။ ဒါကို ကမီလာကလည်း မကြည်ဘူး။ ချားလ်စ်၊ ဝီလျံ၊ ဟယ်ရီနဲ့ တစ်ဂျီတို့ အတူရှိနေတဲ့အချိန်တွေအတွက် တစ်ဂျီကို "အငှားခေါ်ထားတဲ့ အိမ်ဖော်"လို့ အမည်ပေးခဲ့တယ်။ တစ်ဂျီက ဝီလျံတို့ညီအစ်ကိုကို တောင်တက်ဖို့ ခေါ်သွားဖူးတယ်။ စကိတ်စီးတော့လည်း တစ်ဂျီ ပါသွားတယ်။ တစ်ခါမှာ စကိတ်စီးအပြီး တစ်ဂျီက ချားလ်စ်ကို အနမ်းပေးတဲ့ဓာတ်ပုံဟာ အတော်ကြီး ကျော်ကြားသွားခဲ့တယ်။ ချားလ်စ်ရဲ့ တော်ဝင်နန်းကျင်မှာ ဆေးလိပ်သောက်ခွင့်ရတဲ့လူဆိုလို့ တစ်ဂျီတစ်ယောက်ပဲ ရှိခဲ့တယ်။

ချားလ်စ်ရဲ့ အသက် ၅၀ ပြည့်တဲ့အခါ ဝီလျံနဲ့ဟယ်ရီက စည်းရုံးလိုက်တဲ့အတွက် မွေးနေ့ပါတီ လုပ်ဖြစ်ပါတယ်။ အဲဒီကာလမှာ ကလေးတွေရဲ့ ယခင်အထိန်းတော်ကို ဖယ်လိုက်ပြီး ဖြစ်တဲ့အတွက် ဒီပွဲမှာ ကမီလာက တစ်စတစ်စနဲ့ အောင်ပွဲခံလာခဲ့ပါတယ်။

အဲဒီနောက် နွေရာသီ အားလပ်ရက် ရောက်လာတဲ့အခါ ဝေလမိသားစု အလက်ဇန္ဒားသင်္ဘောနဲ့ ဂရိကို အားလပ်ရက် တစ်ပတ်ထွက်တဲ့ခရီးမှာ ကမီလာနဲ့ ကလေးများ ဖိတ်ကြားခံရပါတယ်။ ဒါဟာ ဝီလျံရဲ့စိတ်ကူးပါ။ အားလုံးအတွက် အကြီးမားဆုံး အခက်အခဲ ဖြေရှင်းမှုကြီးပါပဲ။ နောက်ဆုံးတော့ ချားလ်စ်အနေနဲ့ သူချစ်တဲ့မိန်းမနဲ့ ချောချောမွေ့မွေ့ လျှောက်လှမ်းဖို့ လမ်းကို ခင်းလိုက်နိုင်ပါပြီ။ ဒါပေမဲ့ သူ့ဇနီးအဖြစ် သိမ်းပိုက်ဖို့တော့ နှစ်တွေ အများကြီး ကြာဦးမှာပါ။

ဟယ်ရီက အခု အီတင်ကောလိပ်ကို ပြန်တက်ရပါပြီ။

သူ့အစ်ကိုရဲ့ ဂုဏ်သတင်းက ဒီကျောင်းမှာ ကြီးမားခဲ့တာမို့၊ သူလည်းပဲ မည့်အောင် ကြိုးစားရပါတယ်။ အခုထိတင်မက ဒီကျောင်းက ထွက်တဲ့အထိ ဝီလျံရဲ့ အရိပ်အမိုး ခံရတုန်းပါပဲ။ ဟယ်ရီက ဝီလျံနဲ့မတူတာ တစ်ခုရှိတယ်။ အဲဒါက ပေါ်ပြူလာဖြစ်အောင် မလုပ်ခြင်းပါ။ ဝီလျံက သူ့အဝန်းအဝိုင်းမှာ ထင်ပေါ်ကျော်ကြားတဲ့ လူတွေ အများကြီးရှိခဲ့ပြီး သူကိုယ်တိုင်လည်း ထင်ပေါ်ကျော်ကြား လူကြိုက်များတယ်။ ဝီလျံက ကျောင်းမှာ ကျောင်းသားတွေ အရက်ဆိုင်သွားတာကို စောင့်ကြပ်ခဲ့ရဖူးတယ်။ ဝင်ဆာတံတားပေါ်ကနေ ဘယ်သူ အရက်ဆိုင်က ထွက်လာလဲ ကြည့်ရတယ်။ အရက်သောက်ခွင့်ကို နောက်ဆုံးနှစ် ကျောင်းသားတွေအတွက်ပဲ ခွင့်ပြုထားပေမယ့် ခဏခဏ သောက်ရင်တော့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှိတယ်။ ဒီအခါ ဝီလျံက မမြင်ချင်ယောင်ဆောင်ပြီး ကျောင်းဆောင်အဆောင်မှူး မမြင်ခင် အိမ်မြန်မြန်ပြန်ဖို့ ပြောတတ်တယ်။ ဝီလျံက ဆေးလိပ်မသောက်ဘူး။ ကစားကွင်းမှာ ကျောင်းသားတွေ ဆေးလိပ်သောက်တာ မြင်ရင်လည်း ဒဏ်မခတ်ဘူး။ ဝီလျံက နွေးထွေးတယ်။ အပြစ်တွေ့ပေမယ့် သတင်းမပို့ဘူးလို့ ကျောင်းသားတစ်ယောက်က ပြန်ပြော ပါတယ်။

"ဝီလျံက သိပ်အေးတယ်။ သိမ်မွေ့တယ်။ ထင်ပေါ်ချင်တဲ့စိတ်နဲ့ လျှောက်သွားတာမျိုး မရှိဘူး။ မကြီးကျယ် ဘူး။ ဝီလျံဟာ ဝီလျံပဲ ဖြစ်ချင်တယ်။ တခြားလူတွေလိုပဲ ဖြစ်ချင်တယ်"လို့လည်း ပြောပြပါတယ်။ ဒီလို ထင်ပေါ်မှု မကြိုက်တာမှာတော့ ဟယ်ရီလည်း အတူတူပါပဲ။ သူရောက်ချင်၊ ဖြစ်ချင်တဲ့နေရာက တစ်ခုပဲရှိတယ်။ အဲဒါက စစ်တပ်ထဲ ဝင်ဖို့ပါ။ ဝီလျံရော၊ ဟယ်ရီပါ တပ်မတော်ထဲဝင်ဖို့ လက်မှတ်ထိုးခဲ့ကြတယ်။

ဝယ်လင်တန်မြို့စားကြီးကလည်း ပြောဖူးတယ်။

"ဝါတာလူးစစ်ပွဲဟာ အီတင် ကစားကွင်းမှာ နိုင်ခဲ့တာ"တဲ့။ ဆိုလိုတာက အီတင်ကျောင်းက ပထမတန်းစား စစ်သားမျိုးဆက်တွေ အများကြီး မွေးထုတ်ခဲ့လို့ပါ။

ဟယ်ရီအနေနဲ့ ဝီလျံနဲ့မတူတာက ကျောင်းမှာ ဝီလျံက ဂုဏ်ပြု "အကောင်းဆုံးဓားဆု" ရခဲ့ပေမယ့် ဟယ်ရီက မရခဲ့ဘူး။ ဒါပေမဲ့ ၂၀၀၂ ခုနှစ်မှာတော့ စစ်သားရဲဘော်လေးဖြစ်လာပြီ အီတင်ရဲ့ ၄၈ ဦး ဗိုလ်လောင်းထဲမှာ ပါဝင်အောင် အရွေးခံခဲ့ရပါတယ်။ ဟယ်ရီဟာ ကျောင်းပိတ်ရက်မှာ ကောင်းကျိုးမပေးတဲ့ "ကလပ်အိတ်ချ်"မှာ အချိန်ဖြုန်းမယ့်အစား စစ်သင်တန်းတွေကိုပဲ ဦးစားပေးခဲ့တယ်။ သင်တန်းမှာ သူ ကြီးကြပ်ရတော့ သူ့သင်တန်းရဲဘော်တစ်ဦးက ဟယ်ရီဟာ ထူးထူးခြားခြား တစ်အားကြိုးစားတယ်လို့ အမှတ်အသားပြုခဲ့ပါတယ်။

"ဟယ်ရီဟာ သူ့ကို ဘာတွေပြောနေကြတယ် ဆိုတာ သိတယ်။ ဒါနဲ့ မဟုတ်တာတွေ မလုပ်တော့ဘူး။ သူက ကျွန်တော်တို့ကို ရှေ့တွန်းပို့တဲ့နေရာမှာ သိပ်တော်တယ်။ သူ့လူတွေကို ဂရုစိုက်တယ်။ လေ့ကျင့်ရေးကွင်းမှာ ကျွန်တော်တို့တပ်ဖွဲ့ ကောင်းကောင်း လုပ်ပြတာ လိုချင်တယ်။ ကျွန်တော်တို့ သေနတ်တွေကို အိပ်ရာထဲမှာ အသင့်ထည့် ထားပြီး အိပ်ကြဖို့လည်း ပြောတယ်။ ဒါမှ အဆင်သင့်ဖြစ်နေမှာတဲ့။ ညဘက် ကင်းစောင့်တာဝန်ကျရင် သူက ချုံတော ထဲက ခုန်ထွက်လာတတ်တာကိုလည်း သတိရပါတယ်။ တစ်ညမှာ ချုံတစ်ချုံထဲက ချိုးချိုးချွတ်ချွတ် အသံကြားတော့ အဲဒါ ဟယ်ရီဖြစ်ရမယ်လို့ ထင်ကြတာပေါ့။ နောက်မှ အဲဒီချုံထဲက ရဲဘော် ၁၀ ဦး ခုန်ထွက်လာလိုက်တော့ ကျွန်တော် တို့အားလုံး မြေကြီးမှာ ဝပ်လိုက်ရတယ်။ ဒီတော့မှ တခြားချုံထဲကနေ လေချွန်သံ ကြားလိုက်ရတယ်။ အဲဒီလူကတော့ တဟားဟား ရယ်နေတဲ့ ဟယ်ရီပါ"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက ဘောလုံးကစားရာမှာလည်း အကြောက်အလန့် မရှိ။ ပြီးတော့ ရန်စတတ်တယ်။ သူ့ကိုသူ ထိန်းနိုင်တာကိုလည်း ပြနိုင်တယ်။ ဒါအတွက် အီတင်မှာ သူ လေးစားမှု အများအပြား ရခဲ့တယ်။ သူ အီတင်ကိုရောက်ခါစက အရပ် ငါးပေနဲ့ လူသေးသေးလေးပါ။ အခုဆိုရင် အရပ် ခြောက်ပေရှိပြီး ကြွက်သားတွေလည်း များလာတယ်။ ကစားကြမ်းတဲ့အတွက် နှာခေါင်းတစ်ခါကျိုးဖူးတယ်။ ခြေမျက်စိလည်း တစ်ကြိမ် ဒဏ်ရာရခဲ့ဖူးတယ်။

နောက်ပိုင်းမှာ သူ့ဆရာတွေက ဟယ်ရီကို သတိပေးရတယ်။ အီတင်ရဲ့ ကျောင်းထွက်လက်မှတ် GCSE အောင်မြင်မှာ ပူရတယ်။ သူက တော်ဝင် တပ်မတော်ကျောင်းထဲဝင်ဖို့ အသည်းနှလုံးထဲက လိုလားတာပါ။ ဒီကျောင်းက အမြင့်ဆုံး ဖြစ်တယ်။ ဒီကျောင်းဝင်ခွင့်ရဖို့ဆိုရင် A အဆင့်နဲ့ အောင်ဖို့ လိုအပ်တယ်။ ဟယ်ရီ ကြိုးစားဖို့လိုနေခဲ့တယ်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



## အခန်း – ၇
## တစ်နှစ်နားရစဉ်နှင့် ဘုရင် မလုပ်ချင်သူ

သူ့သားဟာ ဘယ်လောက်တောင် ခေါင်းမာတဲ့သားလဲ ဆိုပြီး ချားလ်စ်က သက်ပြင်းချလိုက်တယ်။ စိန့်ဂျိမ်းစ် ရုံးခန်းမှာ အဖေနဲ့သားတွေ့ပြီး တက္ကသိုလ်မတက်ရခင် တစ်နှစ်နားတဲ့အချိန်မှာ ဝီလျံအတွက် ဘာအစီအစဉ်တွေ လုပ်မလဲဆိုတဲ့ကိစ္စမှာ သဘော*ထား ကွဲလွဲနေကြတာ ဖြစ်ပါတယ်။*

အချိန်က ၂၀၀၀ ပြည့်နှစ်၊ ရာစုသစ်ရဲ့ နွေရာသီပါ။

ဝီလျံဟာ လာမယ့် ၁၂ လလုံးလုံး ကျောင်းမတက်ရဘဲ လွတ်လွတ်လပ်လပ် လှုပ်ရှားရမှာမို့ စိတ်လှုပ်ရှားတက်ကြွနေတယ်။ မကြာခင်ကပဲ သူနဲ့ဟယ်ရီတို့ဟာ လှပတဲ့ ပင်လယ်ကမ်းခြေမှာ အနားယူခဲ့ကြပြီးပါပြီ။ နှစ်ပတ်လုံးလုံး သူငယ်ချင်းတွေနဲ့ ရေကူးကြ ဘီယာဆိုင်ထိုင်ကြ၊ ကောင်မလေးတွေနဲ့တွေ့ကြ စသဖြင့် ပျော်ခဲ့ကြပြီးပြီ။ ခုအချိန်မှာတော့ ရှေ့နှစ်မှာ ဝီလျံ ဘာတွေလုပ်မလဲ ဆိုတာ စီမံချက်ချရပါတော့မယ်။

၁၈ နှစ်သား ဝီလျံက သူ့သူငယ်ချင်းတွေကို အာဂျင် တီးနားသွားပြီး 'ပိုလို' ကစားမယ်လို့ ပြောထားခဲ့တယ်။ သူ အခုဆိုရင် သူ့ဖခင်လိုပဲ ပိုလိုကစားတာမှာ ထူးချွန်သူဖြစ်နေပြီ ပိုပြီးတိုးတက်အောင် သူ လုပ်ချင်တယ်။ အဲဒီလို တောင်အမေရိက အာဂျင်တီးနားမှာ ပိုလိုကစားပြီးတဲ့နောက် တောင်အမေရိက

*ဝီလျံက ဘီယာထက် ဝိုင်အနီကို ပိုကြိုက်တယ်။ သူ လအတော်ကြာ မသောက်ခဲ့ဘူး။ ဒီညနေတော့ ရတဲ့ဝိုင်ကို သော မယ်ဆိုပြီး လာခဲ့တာပါ။ စပြီး သောက်တယ်ဆိုရင်ပဲ ဆိုင်ဖြ သောက်လို့ အရှိန်လေးရလာတဲ့အခါ ဝီလျံက စိတ်ကူးတစ်ခု တယ်။ ဘားပေါ်ကို ကြက်ဥတစ်ခြင်းမှာတယ်*

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းက သူငယ်ချင်းတွေနဲ့အတူ တောင်တက်ကြမယ်လို့ တွေးထားတာပါ။ ဒီမဟာစီမံချက်ကို သူ့အဖေကို ပြောပြတဲ့အခါ ချားလ်စ်က ဗီတိုသုံးပြီး ပယ်ချလိုက်ပါတယ်။

ဝီလျံ ဒေါသဖြစ်သွားတယ်။

"ဒါ... မတရားဘူး"လို့ သူ့အဖေကို ပြန်ပြောတယ်။ "သူများတွေကို တောင်တက်ခွင့်ပေးတယ်၊ ကျွန်တော်က ဘာဖြစ်လို့ လုပ်ခွင့်မရတာလဲ"

သူဟာ သူများနဲ့မတူဘူး ဆိုတာတော့ သူ နားလည်ပါတယ်။ ဒါပေမဲ့ မကျေနပ်မှုက သူ့အပေါ် ဖိစီးနေဆဲပဲ။ လန်ဒန်မှာနေလို့တော့ လုပ်ငန်းအတွေ့အကြုံ ဘာမှမရနိုင်ဘူးလို့ ဝီလျံက အဖေကို ပြောပါတယ်။ လန်ဒန်တစ်ဝိုက်မှာပဲ ထိုင်ပြီး အလုပ်မလုပ်ချင်ဘူး။ အပြင်ထွက်ချင်တယ်၊ ကမ္ဘာကြီးရဲ့ တစ်စိတ်တစ်ဒေသကို ကြည့်ချင်တယ်လို့ ဆိုတယ်။

ဒါကို ချားလ်စ်က သဘောတူပါတယ်။ ဒါပေမဲ့ သွားတဲ့ခရီးဟာ နားနေအပန်းဖြေတာ ဖြစ်ရမယ်။ ပညာရေးအတွက် ဖြစ်ရမယ်။ ပြီးတော့ လုံခြုံစိတ်ချရမယ်။ ဗြိတိသျှနန်းပလ္လင်ရဲ့ ဒုတိယဆက်ခံမယ့်လူဟာ တခြားတိုက်ကြီးတစ်ခုမှာ တောင်တက်နေမယ်ဆိုတာ စဉ်းစားလို့မရနိုင်ဘူး။ ဒီလိုအခြေအနေမှာ ချားလ်စ်က သားတွေနဲ့ ထိပ်တိုက်ရင်ဆိုင်တာလည်း မလုပ်ချင်လို့ လမ်းညွှန်ချက်တစ်ခု ရယူဖို့ ဆုံးဖြတ်တယ်။

ချားလ်စ်က သူ့သားကို ကိုယ်ချင်းစာပါတယ်။ သူငယ်ငယ် ဝီလျံအရွယ်ကဆိုရင် ခုလိုတောင် မပျော်ခဲ့ရပါဘူး။ ချားလ်စ်ဟာ အထက်တန်းအောင်ပြီးတဲ့အခါ ကိန်းဘရစ်ချ်ကို တန်းသွားခဲ့ရတာပါ။ နောက် တပ်ထဲဝင်ခဲ့တယ်၊ တစ်နှစ်နားရတယ်ဆိုတာ မရှိခဲ့ဘူး။ ဒီတော့ တာဝန်ဆိုတာနဲ့ အခြေခံပြီး ဘဝကို ကန့်သတ်ထားတာကိုလည်း ချားလ်စ်က မုန်းတယ်။ ကိုယ့်ဘဝတစ်ခုလုံးအတွက် အစီအစဉ်တွေ ဆွဲထားပြီးသား ဆိုတာ ဘယ်လို ခံစားရသလဲလို့ ခင်ဗျားတို့ နားမလည်နိုင်ပါဘူး။ အစီအစဉ်ဆွဲခံထားရတယ် ဆိုတာ သိပ် စိတ်ပျက်စရာကောင်းတာလို့ ချားလ်စ်က ပြောဖူးတယ်။ သူဆိုရင် သူ့မိဘတွေနဲ့ နေခဲ့ရတာထက် သူ့သားနဲ့ သူနေရတာကို ပိုပြီးလွတ်လပ်စေပါတယ်။ ဝီလျံ ၁၈ နှစ်မြောက် မွေးနေ့မှာ မွေးနေ့လက်ဆောင်အဖြစ် မော်တော်ဆိုင်ကယ်ဝယ်ပေးပြီး သားကို တအံ့တသြ ဖြစ်စေခဲ့ပါတယ်။ ပါပါက ကျွန်တော် မော်တော်ဆိုင်ကယ် ကြိုက်မှန်းသိလို့ ဝယ်ပေးတာ။ ဒါပေမဲ့ ဒဏ်ရာရမှာတော့ မလိုလားဘူးလို့ ဝီလျံက ဆိုတယ်။ အမှန်က ဝီလျံဟာ ဘယ်သူမှ သူ့ကိုမမှတ်မိဘဲ လန်ဒန်တစ်လွှားမှာ ဆိုင်ကယ်စီးရတာကို ကြိုက်တာပါ။ ဒီတော့ တချို့ကိစ္စတွေကို ချားလ်စ်က အလိုလိုက်ပေမယ့် တစ်နှစ်နားမယ့် အစီအစဉ်ကိုတော့ သေသေချာချာလုပ်ရမယ်လို့ သူဆတယ်။

ဒါနဲ့ သူ့သားအတွက် အစီအစဉ်ဆွဲဖို့ ဂုဏ်သရေရှိလူကြီးများကို စာရင်းပြုခဲ့တယ်။ အဲဒီစာရင်းထဲမှာ လန်ဒန်က

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဘုန်းတော်ကြီးပါတယ်။ အုပ်ချုပ်ရေးမှူးနဲ့ ဝန်ကြီးအဖွဲ့ဝင်ဟောင်း ခရစ္စပက်တင် ပါတယ်။ ပြီးတော့ အီတင်မှာတုန်းက ဝီလျံရဲ့ အဆောင်မှူး ဒေါက်တာအင်ဒရူးဂေလီနဲ့ ချားလ်စ်ရဲ့ဆရာ ဒေါက်တာ အဲရစ်အင်ဒါဆင် ပါပါတယ်။

အားလုံးစုပြီး ဆုံးဖြတ်ကြတာမှာ ဝီလျံ တောင်အမေရိကကို သွားနိုင်တယ်။ ဒါပေမယ့် လုပ်အားပေး အလုပ်တာဝန်နဲ့ ဖြစ်ရမယ်။ ပိုလိုမဟုတ်ရဘူး။ ပြီးတော့ ဝီလျံဟာ အိန္ဒိယသမုဒ္ဒရာထဲက ''ရိုဒရီဂူးစ်''ဆိုတဲ့ နိဗ္ဗာန်ကျွန်းကလေးဆီ သွားနိုင်တယ်။ ပြီးရင် ''ကင်နယာ''ကို ပြန်ဝင်နိုင်တယ်။ အဲဒါအပြင် ဗြိတိန်မှာပဲ ဟိုင်းဂရိုဖ်နားက ယာခင်းမှာ လုပ်ငန်းအတွေ့အကြုံ သင်ယူနိုင်ပါလိမ့်မယ်။ သို့သော် အဲဒီအစီအစဉ်အားလုံး မတိုင်ခင်မှာ ဝီလျံဟာ ''ဘယ်လီဇီး'' တောနက်ထဲက ဝဲလတ်ရှ်တပ်ကို အရင်သွားရမယ်။ နောင် စစ်တပ်ရဲ့ ခေါင်းဆောင်ဖြစ်မယ့်လူဟာ အလယ်အမေရိက တောနက်ထဲမှာ အတွေ့အကြုံယူဖို့ အကောင်းဆုံးပဲလို့ ဆုံးဖြတ်ကြတာဖြစ်တယ်။

ဒါနဲ့ပဲ ''နေးတစ်ဖ်ထရိုင်းလ်''လို့ နာမည်ဝှက်ပေးထားတဲ့ အခက်ခဲဆုံးနေရာကို ဝီလျံ သွားခဲ့ရတယ်။ ''ဘယ်လီဇီး''ဆိုတာ ဖရင်ဟိုက် ၈၆ ဒီဂရီ နီးပါးပူတယ်။ အမြဲတမ်းလိုလို စွတ်စိုနေတယ်။ ဒါပေမဲ့ သူ ငြင်းလို့မရပါဘူး။ ဝင်စတန်ဟဲရစ်ဆိုတဲ့ ဘယ်လီဇီးကလူနဲ့ အထူးလေတပ် (SAS) သင်တန်းကို တောနက်ထဲမှာ ဆင်းရတော့တယ်။ တောနက်ကြီးက စိုစွတ်ပြီး မြွေတွေပေါတယ်။ မိကျောင်းတွေလည်း ရှိတယ်။ ကူးစက်ရောဂါတွေလည်း ပေါတယ်။

သူ့ဦးလေးတော်သူ မင်းသားအက်ဒ်ဝပ်က အဲဒီတောနက်ထဲမှာ ၁၉၈၅ တုန်းက ကွန်မင်ဒိုတပ်သား ၄၀ နဲ့အတူ တစ်ပတ်နေခဲ့ဖူးတယ်။ ဝီလျံလည်း မမှုပါဘူး။ အပူဒဏ်ကိုလည်း ကြံ့ကြံ့ခံတယ်။ ငှက်ဖျားက အမြဲအန္တရာယ်ရှိတယ်။ ဝီလျံ အရင်ဆုံး သင်ရတာက မြွေကိုက်ခံရရင် ဘယ်လိုကုသမလဲ ဆိုတာနဲ့ ဟင်းချက်ဖို့ ကြက်သတ်နည်းပါပဲ။ ကြက်လည်ပင်းကို လိမ်ချိုးလိုက်လို့ ပြောတဲ့အခါ မဆိုင်းမတွ လုပ်လိုက်တယ်။ ဒါကို သူ့အဘွားကလည်း သင်ပေးခဲ့ပြီးသားပါ။ အဲ... ကြက်ခြေထောက်တွေကို ကြံခုတ်တဲ့ဓားကြီးနဲ့ ခုတ်ရတာကတော့ ဒါဟာ ပထမဆုံး အတွေ့အကြုံပါပဲ။ ဘယ်လီဇီး ကာကွယ်ရေးတပ်က ရဲဘော်တစ်ဦးဖြစ်တဲ့ ကလော့မာတင်ရဲ့ အပြောကတော့၊ ဝီလျံက စစ်သားကောင်းဖြစ်လာနိုင်ပါတယ်၊ သူ့မှာ ကာယဗလအားဖြင့်လည်း ကြံ့ခိုင်တယ်၊ စိတ်ဓာတ်အားဖြင့်လည်း အားကောင်းတယ်။ သူ့ဘေးမှာ စစ်သေနတ်ပစ်နေတဲ့လူတွေ ဝိုင်းနေပေမယ့် သူက သက်သက်သာသာလေးပဲ။ သူ့မျက်နှာမှာ အားနည်းတဲ့ အရိပ်အယောင်တစ်ခါမှ မတွေ့ရဘူးလို့ ဆိုပါတယ်။ ဒီသင်တန်းမှာ တပ်မတော်ဘဝကို သူ ဘယ်လောက်ခင်တွယ်တယ် ဆိုတာ သိရပါတယ်။ အိမ်ကို သတိရစရာရယ်လို့ တစ်ခါပဲ ကြုံပါတယ်။ အဲဒါကတော့ အိမ်ကနေ ချားလ်စ်က သူ့စာမေးပွဲအမှတ်တွေကို အီးမေးလ်နဲ့ ပို့လိုက်တဲ့ရက်ပါ။ သူက ပထဝီမှာ A အဆင့်၊ ဝိဇ္ဇာဘာသာရပ်သမိုင်းမှာ B အဆင့်နဲ့ ဇီဝဗေဒမှာ C အဆင့်ရခဲ့တယ်။ ဒီအတိုင်းဆိုတော့ စကော့တလန်မှာရှိတဲ့ စိန့်အင်ဒရူးတက္ကသိုလ်ကို ဝိဇ္ဇာဘာသာရပ်သမိုင်းသင်ဖို့ လိုအပ်တဲ့အဆင့် ပြည့်စုံသွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် သူနားနေခွင့် တစ်နှစ်ကို ပျော်ပျော်ပါးပါးသုံးနိုင်ပြီ။ ခြင်ပေါတဲ့ ဘယ်လီဇီး တောထဲမှာ မသက်မသာ နေခဲ့ပြီးတဲ့နောက် ရီဒရီဂူးစ်ကျွန်းကို သွားလို့ရပြီ။ အဲဒီကျွန်းဆီ သူ့အနားမှာ အဖော်အဖြစ်နေဖို့ခန့်ထားတဲ့ မတ်စ်ဒိုင်ယာနဲ့အတူ ယာဉ်စီးလုံးငှားပြီး သွားပါတယ်။

ဝီလျံက ကျောင်းမှာ ပထဝီဘာသာကို ကြိုက်ခဲ့တယ်။ အခု ခရီးစဉ်က တော်ဝင်ပထဝီမိသားစုရဲ့ အစီအစဉ် အချို့ပါတာမို့ ပထဝီဘာသာဆိုင်ရာတွေကို သင်ယူနိုင်ခဲ့တယ်။ အထူးသဖြင့် သန္တာကျောက်တန်းတွေကို ဘယ်လို အကွယ်ရမလဲဆိုတာမျိုး သင်ယူခွင့်ရခဲ့တယ်။ တကယ်တော့ အဲဒီရက်တွေဟာ အပန်းဖြေ အားလပ်ရက်တွေတင် မကပါဘူး။ ၉ မိုင်ရှည်တဲ့ ကျွန်းကလေးပေါ်မှာ သံချေးတက်နေတဲ့ ဟွန်ဒါ မော်တော်ဆိုင်ကယ်စီးလို့ ဒေသခံတွေကိုလည်း ရင်းနှီးနှီးနဲ့ ဘောလုံးကစားနည်း သင်ပေးခဲ့သေးတယ်။ ဘောင်းဘီတို၊ တီရှပ်နဲ့ သာမန်အရပ်သားလိုနေခဲ့ပြီး “ဘရိန်းဝုဒ်” ဆိုတဲ့ အပန်းဖြေစခန်းမှာ တစ်လနားခဲ့တယ်။ ဒီနေရာမှာ သူ့ကို ဘယ်သူမှမသိကြဘူး။ ဓာတ်ပုံသမားတွေ လာမှာလည်း ကြောက်ရဘူး။ တစ်ညမှာ ၂၆ ပေါင်ပေးရတဲ့ တစ်ယောက်အိပ်ခုတင် နှစ်လုံးပဲရှိတဲ့ တဲအိမ်လေးမှာ နေရတာ။ ဝီလျံ ငြိမ်းချမ်းမှု ရခဲ့တယ်။ ရိုးရိုးလေး နေခွင့်ရခဲ့တာကို သူ ပျော်မွေ့တာ ဖြစ်ပါတယ်။ နောင် နှစ်များစွာကြာတဲ့အခါ “ကိတ်မစ်ဒယ်လ်တန်” ဆိုတဲ့ ကောင်မလေးနဲ့ အဲဒီ နိမ္မာန်ကျွန်းလေးဆီ သွားနိုင်မယ် ထင်ပါတယ်။

အဲဒီကျွန်းက အပြန်မှာတော့ မူလဘဝကို ပြန်ရပါပြီ။

စက်တင်ဘာ အကုန်လောက် ဖြစ်ပါတယ်။ အဲဒီမှာ ပထမဆုံး သူ့ရဲ့ တစ်ကိုယ်တော် သတင်းစာရှင်းလင်းပွဲ လုပ်ရပါတယ်။ မီဒီယာဘက်က ဒီနားနေတဲ့တစ်နှစ်မှာ ဝီလျံကိုမဆက်သွယ်ဖို့ ကတိပေးခဲ့ကြပေမယ့် ခရီးကပြန်တဲ့အခါ မှာတော့ သတင်းတွေ့ဆုံပွဲလုပ်ဖို့ ဝီလျံက သဘောတူခဲ့ပါတယ်။ အဲဒီရက် ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၉၊ နွေးထွေးတဲ့ ညနေခင်း ဟိုင်းဂရိုဗ် ဥယျာဉ်ထဲမှာ ဒီသတင်းစာရှင်းလင်းပွဲကို လုပ်ခဲ့တာပါ။ ၁၈ နှစ်သားလေးအဖို့ ဒါကို မမျှော်လင့်ထားပါဘူး။ ဒါပေမဲ့ ချောချောမောမောပဲ ပြီးဆုံးသွားခဲ့တယ်။ ချားလ်စ်က ဝတ်စုံအပြည့်ဝတ်ထားပြီး ဝီလျံကတော့ ဂျင်းဘောင်းဘီနဲ့ သူ့အနှစ်သက်ဆုံး ဆွယ်တာနဲ့ပါ။ သူ စိတ်လှုပ်ရှားပြီး မသက်မသာတော့ ဖြစ်ခဲ့ရတယ်။

သူ့မိခင် ဆုံးပြီးကတည်းက ဝီလျံက သတင်းသမားတွေကို ရှောင်ခဲ့တာပါ။ အီတင် နောက်ဆုံးနှစ်ကျမှ တော်ဝင် ဓာတ်ပုံဆရာ အိုင်ရင်ဂျုံးစ်ကို ဓာတ်ပုံရိုက်ဖို့ သဘောတူခဲ့တာဖြစ်တယ်။ ဂျုံးစ်က “ဝီလျံဟာ သူ့ဘဝမှာ အမြဲတမ်းဓာတ်ပုံ ဆရာတွေနဲ့ တွေ့ခဲ့ရတာပဲ။ သူတို့ အလုပ် အတူတူလုပ်တဲ့အခါ သူက အများကြီး သင်ယူတယ်။ ပုန်းနေရာက ရောက်လာတတ်တဲ့ ပါပါရာဇီတွေကိုလည်း ရှာတတ်လာတယ်။ သူ့အဘိုး “ဖီးလစ်” ဆီက ပရိယာယ်တချို့ကိုလည်း သင်ယူခဲ့တယ်။ ဖီးလစ်ဟာ ခရစ္စမတ်လိုကာလ၊ ဆင်ဒရယ်ဟမ် မြေပြင်တစ်ဝိုက်မှာသွားရင်း ဓာတ်ပုံသမားတွေကို မြင်လိုက်တာနဲ့

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူရဲ့ ကားပြတင်းပေါ်မှာ သူ့ လမ်းလျှောက်တုတ်ကောက်ကို တင်လိုက်ပြီး ဓာတ်ပုံသမားတွေကို စကားလှမ်းပြောတတ်တယ်။ "ခိုးကြည့်လို့ ကောင်းကောင်းလေး ရပြီလား"တဲ့။

ဝီလျံဟာ သူ့ကို အာရုံစိုက်ရင် မနေတတ်ပါဘူး။ အဲဒီလို ဖြစ်လာရင် သက်သောင့်သက်သာမရှိဘူးလို့ ဆိုပါတယ်။ သူ့မိခင်ဟာ အေးချမ်းစွာ နေခွင့်ရမသွားခဲ့ဘူးလို့လည်း ညည်းတွားပါတယ်။ မိခင်ဆုံးပြီးတော့ စာအုပ်တွေ ထွက်လာတာ၊ သူ့မိခင်ရဲ့အမှုထမ်းတွေက ဖွင့်ပြောတာတွေဟာလည်း ဝီလျံကို စိတ်ပျက်စေပါတယ်။ အတွင်းရေးမှူး ပက်ထရစ်ဂျက်ဆင်ရဲ့ အတွေ့အကြုံများဆိုတဲ့ ဆောင်းပါးထွက်တဲ့အခါ အမေ့ယုံကြည်မှုတွေ အလိမ်ခံရပြီလို့ ဝီလျံက မှတ်ချက်ချခဲ့တယ်။ ဒီနေ့အထိလည်း ကျွန်တော့်အမေဟာ အဖျက်ဆီးခံနေရတုန်းပဲလို့ ဝီလျံက သတင်းစာရှင်းလင်းပွဲမှာ ထုတ်ပြောခဲ့တယ်။

အဲဒီနောက် ဝီလျံဟာ "ပက်တဂိုးနီးယား"ကို သွားရတယ်။ အဲဒီမှာက "ရလေးအင်တာနေရှင်နယ်"က စည်းရုံးထားတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ လူ့အသိုက်အဝန်း အကျိုးပြုစီမံကိန်းတွေ ရှိတယ်။ အဲဒီကိစ္စမှာ ကိုယ်တိုင်ပါဝင်ခဲ့ရတာ ဝီလျံက သိပ်ကိုကျေနပ်သွားပါတယ်။ သူက ပူအိုက်တဲ့နိုင်ငံတစ်ခုဆီ သွားချင်နေခဲ့တာမှာ၊ ချီလီပြည်ရောက်တော့ ပိုလိုကစားဖို့ မဟုတ်ပေမယ့်၊ အဲဒီမှာနေခဲ့ရတဲ့ ရက်သတ္တပတ် ၁၀ ပတ်ဟာဖြင့် ဝီလျံအတွက် မယုံနိုင်လောက်အောင် ထူးခြားတဲ့ အတွေ့အကြုံတွေ ရခဲ့ပါတယ်။ သူနဲ့အတူ လုပ်အားပေးကြတဲ့လူတွေက နယ်ပယ်အသီးသီးက လာကြသူတွေပါ။ ဝီလျံဘဝနဲ့ တခြားစီပဲ။ တချို့လူတွေက မူးယစ်ဆေးစွဲပြီး ကုသပျောက်ကင်းခဲ့သူတွေ၊ တချို့က ထောင်ထဲမှာ နေခဲ့ရသူတွေပါ။ ဘယ်လိုပဲ နောက်ခံသမိုင်း ရှိခဲ့ပေမယ့် လုပ်ရတဲ့တာဝန်တွေက အတူတူပါပဲ။ ဝီလျံအတွက်လည်း ဘာအခွင့်ထူး မခံရပါဘူး။ ဝီလျံက စတာလင်ပေါင် ၅,၅၀၀ကို စပွန်ဆာလုပ်ဖို့ စုဆောင်းနိုင်ခဲ့တယ်။ ဝါတာပိုလို ပြိုင်ပွဲတစ်ခု ကျင်းပပေးခဲ့ပြီး အဲဒီမှာရှိတဲ့ ချို့တဲ့သူများကို ကူညီဖို့လည်း ရန်ပုံငွေ ပေးအပ်နိုင်ခဲ့တယ်။

၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာ ၁ ရက်နေ့မှာ ဗြိတိသျှလေကြောင်းနဲ့ "စင်တီယာဂို"ဆီ သွားခဲ့တယ်။ မီဒီယာသမားတွေနဲ့ ကင်းဝေးအောင် တခြား လုပ်အားပေးသူတွေနဲ့ သီးခြားစီးခဲ့ရတယ်။ မီဒီယာတွေက "ဟိသ်ရို" လေဆိပ်မှာ ဝီလျံလာမယ်ထင်ပြီး စုနေခဲ့ကြတာပါ။ ဝီလျံလည်း စင်တီယာဂို လေဆိပ်ရောက်တော့မှ သူနဲ့အတူ ဆ ပတ်လုံးလုံး လုပ်အားပေးရမယ့်လူတွေနဲ့ ပေါင်းမိတယ်။ ဝီလျံက သူ့စိတ်ကြိုက် နေဗီအပြာ ရလေးအင်တာနေရှင်နယ်အ ဝတ်စုံနဲ့ပါ။ VIP အခန်းထဲမှာ သူ့ကိုတွေ့ဆုံဖို့ ရွေးချယ်ထားသူတွေနဲ့ စကားပြောရတော့ စိတ်မပါဘူး။ ဒါပေမဲ့ သူ ကြိုက်တဲ့ ရုပ်ပြဇာတ်ကောင် အလီဂျီနဲ့ တယ်လီဖေးရှင်းမှာ တွေ့တော့မှ စကားပြောဆိုဖြစ်တော့တယ်။

ဝီလျံကို ရလေးအင်တာနေရှင်နယ် ရုံးချုပ်သွားဖို့ ကုန်းလမ်းက ၂ ရက်ခရီးဖြစ်တဲ့အပြင် လုံခြုံစိတ်ချရေး အတွက် ချားလ်စ်က လေယာဉ်စီးလုံး ငှားပေးတယ်။ သူ့အစောင့်အရှောက်ရှိနဲ့ မတ်စ်ဒိုင်ယာတို့ကြားမှာ ထိုင်ပြီး သုံး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်စီးရပါတယ်။ အင်ဒီးစ်တောင်တန်းပေါ်ကျော်ပြီး လေယာဉ်ကပျံတာ ဖြစ်တယ်။ ရုံးချုပ်ရှိတဲ့ ''ဘော်မက်ခ်ဒါ'' လေဆိပ်ရောက်တော့ သူ့ပစ္စည်းထုပ်တွေ စောင့်ရဦးမှာမို့ သူက ဘေ့စ်ဘောကစားရင် ဆောင်းတဲ့ဦးထုပ်ကို ရှေ့ငိုက်ပြီး ဆောင်းလိုက်တယ်။ မီဒီယာသမားတွေ စောင့်နေမှာစိုးလို့ပါ။ ဒါပေမယ့် ထိုတံခါးကိုဖြတ်ပြီး အပြင်ဘက်ထွက်တဲ့အခါ ဓာတ်ပုံသမားတစ်ယောက်မှ မတွေ့ရတော့ ဝီလျံက ဦးထုပ်ချွတ်ပြီး မတ်စ်ဒိုင်ယာကို ပြုံးပြလိုက်ပါတော့တယ်။ ဒါဟာ တစ်နှစ်နားရတဲ့ကာလမှာ ပထမဆုံးရတဲ့ လွတ်လပ်မှုပါပဲ။

လုပ်အားပေးစခန်းရောက်တော့ သူတို့ မောပန်းနေကြပါပြီ။ ဒါပေမဲ့ နားဖို့အချိန်မရပါဘူး။ အခြေစိုက်စခန်းက မှိုကာတဲတွေထဲမှာ စခန်းချရတယ်။ တောင်တွေ ပတ်လည်ဝိုင်းနေတဲ့ စခန်းလေးပါပဲ။ ဒီလုပ်အားပေးတွေထဲမှာ VIP ပါတယ် ဆိုတာကို သိနိုင်တာက စခန်းရဲ့အဝင်ဝမှာ အမိုးဖွင့် စစ်သုံးဂျစ်ကားလေးစီး ရပ်ထားခြင်းပါ။ တောင်ပေါ်မှာက သစ်သားနဲ့ဆောက်ထားတဲ့ တဲကြီးရှိတယ်။ အဲဒီမှာ အစားအသောက် ချက်ပြုတ်မယ့်လူတွေ ပစ္စည်းကိရိယာတွေရှိပြီး၊ အနားက ခပ်ငယ်ငယ် အဆောက်အအုံကတော့ လုပ်အားပေးတွေ စားသောက်ရမယ့်နေရာပါ။

တစ်နေ့မှာ တစ်ကြိမ်ဖွင့်တဲ့ အဆောက်အအုံလေး တစ်ခုလည်း ရှိသေးတယ်။ အဲဒီမှာ ချောကလက်ညှပ်မုန့်ကြိုးတွေ ဝယ်လို့ရတယ်။ အားလုံးဟာ ကင်းဗတ်စ်တဲတွေထဲမှာ အိပ်ကြရမှာဖြစ်ပြီး ဝီလျံကိုတော့ မိန်းကလေးတစ်ယောက်နဲ့အတူ တဲတစ်တဲ ရပါတယ်။ အိမ်မကြီးထဲကို လုပ်အားပေးတွေ ဝင်ခွင့်မရှိပါဘူး။ ဝီလျံကိုတော့ အင်္ဂလန်အိမ်ကို အရေးတကြီး ဖုန်းခေါ်ချင်ရင် ခေါ်နိုင်အောင် ဝင်ခွင့်ပေးထားတယ်။ အများသုံးဖို့ဖုန်းကိုတော့ အိမ်မကြီးရဲ့ အပြင်မှာ ပေးထားပါတယ်။

အပြင်ဘက်မှာ အများသုံးရေချိုးခန်း လုပ်ပေးထားပြီး ဇိမ်ခံရေနွေးကိုတော့ တစ်လတစ်ကြိမ်ပဲ ပေးတယ်။ ဝီလျံက သူတစ်ယောက်တည်း ရေချိုးခွင့်တောင်းထားတယ်။ သူ့နောက်မှာ ရေချိုးမယ့်လူက စောင့်နေရပြီး ထွက်လာတဲ့အခါ ရေနွေးက ကုန်လုလုဖြစ်နေတတ်တယ်။ တစ်ခါမှာ ဝီလျံဟာ ရေချိုးခန်းထဲမှာ သူ့ရဲ့''ကာတီးယား''နာရီ ကျန်ခဲ့တယ်။ မတွေ့မချင်း အတော်လေး စိတ်ပူခဲ့ကြရတယ်။ နာရီက အဖိုးတန်လို့ မဟုတ်ပါဘူး။ ဒီနာရီက သူ့အမေပေးခဲ့တာမို့ပါ။ နာရီပေါ်မှာ ဝီလျံ နာမည်ထွင်းထားပေးတယ်။ ဝီလျံက ဒီနာရီကို အမြဲ ပတ်ထားနေကျပါ။

ခန္ဓာကိုယ်ကြံ့ခိုင်မှု စစ်ဆေးတဲ့ပွဲလေးလည်း လုပ်ရတယ်။ ဒီပွဲမှာ ဝီလျံကို ကြိုက်တဲ့လူတစ်ယောက် ရွေးပြီး ကျောင်းဟိုဘက်ထိပ်အထိ သယ်ယူသွားဖို့ ခိုင်းတယ်။ ဒီအခါ ဝီလျံက မိန်းကလေးတစ်ယောက်ကို ရွေးလိုက်ပြီး သူ့စတီးချိပ်ထားတဲ့ ဘွတ်ဖိနပ်ပေါ်တက်ရပ်ခိုင်းပြီး တင်းတင်းဖက်ထားပြီးမှ ကွင်းကို ဖြတ်လျှောက်ကြတယ်။ ဒီစိတ်ကူးကို အားလုံးသဘောကျသွားကြပြီး ဝီလျံကို အတုခိုးကြတယ်။ လုပ်တတ်ကြံတတ်မှုကို အထင်ကြီးသွားကြတယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒီခြံထဲမှာ ချားလ်စ်ကိုယ်တိုင် တီထွင်ထားတာတစ်ခု ရှိပါသေးတယ်။ အဲဒါကတော့ မြေကြီးတွင်းကြီးထဲမှာ ပလတ်စတစ်ဘောလုံးတွေ ပစ်ထည့်ထားတဲ့ ကစားကွင်းပါပဲ။ တူတူပုန်းတမ်းကစားလို့ သိပ်ကောင်းတဲ့အပြင် ဝံပုလွေလိုက်တမ်း ကစားဖို့လည်း အကြိုက်ဆုံးနေရာ ဖြစ်ပါတယ်။ အဲဒီလို ကျင်းကြီးထဲမှာ ကစားနေကြတုန်း မြန်းဆိုသူတို့အဖေက ဘောလုံးပင်လယ်ကြီးထဲကို ဒိုင်ဗင်ထိုးဆင်းလာတော့ ကလေးတွေ လန့်ဖျပ်ကုန်ကြရော။ အဖေက သားတွေကို လက်ဖက်ရည်ချိန်ရောက်လို့ လက်ဖက်ရည်သောက်ဖို့ လာခေါ်တာပါ။

အပေါ်ထပ်မှာ ကလေးတွေ အိပ်ကြပြီဆိုရင်တော့ ချားလ်စ်က ဖျော်ဖြေရေးကို ကြိုက်ပါတယ်။ ကျေးလက်မှာ ချားလ်စ်နဲ့ စကီတ်စီးဖော်များ တွေ့ဆုံလေ့ရှိကြပါတယ်။ ဒိုင်ယာနာက ချားလ်စ်မိတ်ဆွေတွေကို မရင်းနှီးပါဘူး။ အသက်ချင်းလည်း ကွာတာကိုး။ ဒိုင်ယာနာက ချားလ်စ်နဲ့အတူ တယ်လီဗေးရှင်းရှေ့မှာ အချိန်မဟုတ် ညလယ်စာ စားရတာကို ပိုပြီးသဘောကျလေ့ရှိပါတယ်။

ဟိုင်းဂရိုဗ်ကို လာလည်တတ်သူထဲမှာ ချားလ်စ်ရဲ့ ညီတော်မောင် အင်ဒရူးနဲ့ ကြင်ရာလောင်း ဆာရာတို့ပါပါတယ်။ သူတို့ လာလည်မှာကိုတော့ ဒိုင်ယာနာက မျှော်တတ်တယ်။ ဝီလျံနဲ့ဟယ်ရီကလည်း သူတို့ဦးလေးကို အတော်ချစ်ခင်ကြပါတယ်။ အင်ဒရူးက ရေတပ်မှာ ပိုင်းလော့ပါ။ ဖောက်ကလင်စစ်ပွဲမှာ တိုက်ခဲ့ဖူးပါတယ်။ အင်ဒရူးက သူ့တူလေးတွေကို သူ တိုက်ခဲ့ရတဲ့ တိုက်ပွဲတွေအကြောင်း စစ်ပုံပြင်တွေ ပြောပြတော့ ကလေးတွေက နားထောင်လို့မငြီးကြပါဘူး။ အထူးသဖြင့် ဟယ်ရီက ဒီပုံပြင်ဇာတ်လမ်းတွေရဲ့ လွှမ်းမိုးမှုကို ခံခဲ့ရပါတယ်။

နွေရာသီ ကျောင်းပိတ်ရက်များမှာဆိုရင် ကလေးတွေရဲ့ ဝမ်းကွဲမောင်နှမ ဇာရာနဲ့ပီတာလည်း လာလည်လေ့ရှိတယ်။ သူတို့ အမေဘက်က အဘွားဒိုင်ယာနာရဲ့မိခင် အဘွားဖရန့်စစ်နဲ့အတူ လာကြတာ ဖြစ်ပါတယ်။ ဒီအဘွားဖရန့်စစ်ကိုလည်း ဝီလျံနဲ့ဟယ်ရီက သိပ်ချစ်ကြပါတယ်။ ဒိုင်ယာနာရဲ့ အပျော်ဆုံး အချိန်တွေကို ပြောရရင် သူ့မိခင်နဲ့အတူ လက်ဖက်ရည်သောက်ရင်း ရေကူးကန်နားမှာ ဆော့နေကြတဲ့ ကလေးတွေကို ကြည့်နေခဲ့တဲ့ အချိန်တွေပါပဲ။ ကလေးတွေက ရေသေနတ်လေးတွေနဲ့ တော်ဝင်သက်တော်စောင့်တွေကို ရေပက်တော့ သက်တော်စောင့်တွေခမျာ ရွှဲ...ကလေးတွေက ရယ်မောကြနဲ့ ပျော်ခဲ့ရတဲ့ရက်များပါ။

■

ဒိုင်ယာနာက ကျေးလက်ဒေသကို နှစ်သက်တယ်လို့ပြောရမှာ တကယ်တော့ စလုံးလမ်းမကြီးမှာ ဈေးဝယ်...ကို ကြိုက်တာပါ။ ဟိုင်းဂရိုဗ်က အိမ်ထိန်းသိမ်းရတဲ့ ဝန်ထမ်းကို သူ ပြောဖူးတာကတော့ "လမ်းမကြီးထဲမှာက အ...

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရေကူးတဲ့ အစီအစဉ်လည်း ပါတယ်။ ဒါက ပြဿနာ မဟုတ်ပါဘူး။ ပြဿနာက ရေကန်ဆီသွားတုန်း ဖြုန်းခနဲ ခတ်ပုံသမားတွေ ပေါ်လာခြင်းပါ။ သူနဲ့ သူ့အဖွဲ့ဝင်တွေက ရက်နည်းနည်းကြာတဲ့အခါ အတော်လေး သိနေကြပြီမို့ ခတ်ပုံသမားတွေကို မြင်လိုက်တဲ့ခဏ၊ သူ့လူတွေက ဝီလျံကိုဝိုင်းပြီး ကာလိုက်ကြတယ်။ ဒီအချက်တစ်ချက်တည်းနဲ့ သူတို့ဟာ ဝီလျံရဲ့ ယုံကြည်မှုကို ရလိုက်ကြပါတယ်။ သူတို့ဟာ တူညီကြတာ မဟုတ်ပေမယ့် ပထမပတ် အကုန်ခင်မှာပဲ ဒီလိုသစ္စာရှိမှုကို နိုင်ကြမယ်ဆိုရင် ဝီလျံက အခွင့်အရေးတွေ လူတိုင်းကို ပေးနိုင်မှာပါ။ နောက် တဖြည်းဖြည်းနဲ့ ခတ်ပုံသမားတွေ လက်လျှော့သွားတယ်။ ဝီလျံလည်း လွတ်လွတ်လပ်လပ် ရေကန်ထဲ ဒိုင်ဗင်ထိုးပြီး မီတာ ၅၀၀ ရေကူးစစ်ဆေးမှုကို အခက်အခဲမရှိ အောင်မြင်အောင် လုပ်နိုင်ခဲ့ပါတယ်။

ဝီလျံက လှေလှော်ဖို့ မျှော်မှန်းထားတယ်။ ပင်လယ်ကမ်းခြေအတိုင်း သားရေနဲ့လုပ်တဲ့ လှေကလေးကို တက်နှစ်ချောင်းနဲ့ တစ်ယောက်ချင်း လှော်ရတဲ့ လှေလှော်ခြင်း ဖြစ်ပါတယ်။ အဲဒီအတွေ့အကြုံကို ဝီလျံက မျှော်နေခဲ့တာ ဖြစ်တယ်။

သူတို့လုပ်အားပေးအဖွဲ့ဟာ တောနက်ထဲမှာ လုံးလုံးလျားလျား အထီးတည်း နေကြရမှာပါ။ သူတို့ဟာ လိုအပ်တဲ့ အရာတွေအတွက် ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။ ပထမအပတ်ကတော့ အတော်ခံစားကြရပြီး အိမ်ပြန်ပြေးချင်ကြတာ ချည်းပါ။ မိုးက နေ့စဉ် ဆက်တိုက်ရွာနေတယ်။ သူတို့ အားတင်းပြီး နေပေမယ့် စိတ်ခတ်တွေက ယိမ်းယိုင်လာကြတယ်။ ဝီလျံဆိုရင် သူ့တဲထဲမှာ အောင်းနေတာများတယ်။ လေကပြင်းတော့ မိုးကာတဲတွေ လွင့်မတတ်ဘဲ။ လေပြင်းက မုန်တိုင်း ဖြစ်တော့မလား ထင်ရတယ်။ အကုန်လုံးလည်း စိုကုန်ပြီ။ ဒီလောက် မိုးများတာ တစ်ခါမှမမြင်ဖူးပါဘူး။ မိုးက အရမ်းကြီးပြီး မရပ်မနားသည်းတယ်။ ကျွန်တော် အခုလို တစ်ခါမှ စိတ်ခတ် မကျဖူးခဲ့ဘူး။ အားလုံးကလည်း ငါ ဘာဖြစ်လို့ ဒီကိုလာမိပါလိမ့်လို့ တွေးနေမိကြတယ်လို့ ဝီလျံက ပြန်ပြောပြပါတယ်။

အဲဒီ မိုးစွေတဲ့ရက်တွေမှာ ဝီလျံဟာ သူ့တဲထဲမှာပဲ စာဖတ်နေခဲ့တယ်။ ဘက်ဆဲလားဗရာဘိုတူးဇီးရိုးဆိုတဲ့ စာအုပ်၊ ပထမပင်လယ်ကွေ့စစ်ပွဲမှာ SAS (အထူးလေတပ်) အီရတ်မှာ တာဝန်ကျခဲ့ပုံအကြောင်းကို သူ ဖတ်နေခဲ့တယ်။ ပြီးတော့ အိတ်ဆောင် CD ဖွင့်စက်ကလေးနဲ့ သူ့ဝမ်းကွဲနှမ "ဇာရာ" ကူးပေးခဲ့တဲ့ သီချင်းတွေ နားထောင်တယ်။ အဲဒီ သီချင်းတွေက သူ့ကို အမြဲပြုံးစေခဲ့လို့ပါ။ ဒါ့အပြင် ဒီရက်တွေမှာ သူက တကယ့်စာရေးတဲ့လူကြီး ဖြစ်ခဲ့တယ်။ နာရီပေါင်း များစွာ သူ့မိသားစုဆီ စာတွေ ရေးတယ်။ အထူးသဖြင့် သူ့ဘွားတော်ဆီ ရေးတာပါ။ "အချစ်ဆုံး ဘွားဘွား" လို့ စထားတဲ့ ဘုရင်မ အဲလစ်ဇဘက်ထံ စာတွေ အများကြီးပဲ။ ပင်လယ်ကမ်းခြေမှာ တံငါသည်တချို့တွေ့ရင် ကျောင်းမှာ သင်ဖူးတဲ့ စပိန်ဘာသာထဲက အတတ်နိုင်ဆုံး အကောင်းဆုံးရွေးပြီး ပြောရတယ်။ သူ့စာလေးတွေ စာတိုက်ကနေပို့ဆေး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လေးလို့ပါ။ သူက စာပို့ခရယ်၊ ဝန်ဆောင်ခရယ် အလုံအလောက် ပေးလိုက်တယ်။ ဒေသခံတွေကို တစ်အားယုံကြည်စိတ်နဲ့ ပေးတာပါ။ စာတွေရောက်ပါစေလို့ မျှော်လင့်တဲ့အတိုင်း အားလုံး ရောက်သွားခဲ့ပါတယ်။

ဝီလျံက ညဘက်မှာ နွေးနွေးထွေးထွေး အိပ်ပျော်ဖို့ ခြေအိတ်နဲ့ခြေညှပ်ဖိနပ် စီးအိပ်တယ်။ ထူးဆန်းသလို ဖြစ်ပေမယ့် သူ့လိုပဲ အားလုံး လိုက်လုပ်ကြတယ်။ သူက ဆိုင်လေးက ဝယ်လာတဲ့ ချောကလက်ညှပ် ကွတ်ကီးတွေကို ဝေငှတတ်တဲ့အတွက် အားလုံး စိတ်ခါတ်တက်လာကြတယ်။

မိုးတိမ်တွေ လွင့်စဉ်ပြီး ကောင်းကင်ပြာပြာပေါ်လာမှပဲ သူတို့မှာ စိတ်သက်သာရာရခဲ့ကြတယ်။ ဝီလျံက နံနက်မိုးလင်း အိပ်ရာကထရင် ကျန်းမာရေးလေ့ကျင့်ခန်း ပုံမှန်လုပ်ပါတယ်။ ရာသီဥတု သာယာတဲ့အခါမှာ "ယောဂကျင့်စဉ်"တစ်ခု လုပ်လေ့ရှိတယ်။ ဒီလေ့ကျင့်ခန်းကို သူ့မိခင်ဆီက တတ်ခဲ့တာပါ။ သူ့မိခင်ဟာ ကင်စင်တန်နန်းတော်မှာ ဒီယောဂလေ့ကျင့်စဉ် လေ့ကျင့်ခန်းကို ပုံမှန်လုပ်ခဲ့တယ်။ သူ့ဖခင်ကလည်း ယောဂဆရာကြီး ဒေါက်တာမိုဆာရတ်အလီနဲ့ သင်ခဲ့တယ်။ ဒီလေ့ကျင့်ခန်းဟာ ခန္ဓာကိုယ်နဲ့ စိတ်ပိုင်းဆိုင်ရာအတွက် အကောင်းဆုံးလို့ ယုံကြည်တာမို့ ဒီကနေ့အထိ အချိန်ရရင် လေ့ကျင့်နေဆဲ ဖြစ်ပါတယ်။ ဒီစခန်းမှာလည်းပဲ နံနက်စာစားပြီးတဲ့အခါ သူ့အုပ်စုဝင်တချို့ကို ဒီအနေအထား အလေ့အကျင့်ကို သင်ပေးခဲ့ပါသေးတယ်။

အဲဒီအုပ်စုထဲက တစ်ဦးက ဒီလိုပြောပါတယ်။

"ရာသီဥတုကြောင့် ဘာမှမလုပ်ဘဲ ထိုင်နေရတော့ ကျွန်တော်တို့အားလုံး နည်းနည်းပျင်းလာကြတယ်။ ဝီလျံကတော့ မြေကြီးပေါ်က ဖျာပေါ်မှာ ယောဂလေ့ကျင့်ခန်း လုပ်နေတာ မြင်ရတယ်။ ကျွန်တော်တို့လည်း ပျင်းနေတာနဲ့ သူ့ဆီပေါင်းကြတယ်။ သူက အနေအထား အမျိုးမျိုး ဘယ်လိုပြောင်းရတယ် ဆိုတာ ပြပေးတယ်။ သူက ယောဂအကြောင်း အများကြီး သိတာပဲ။ သူ့အိမ်မှာ လေ့ကျင့်တယ်လို့လည်း ပြောပြတယ်။ ပြီးတော့ သူက အကောင်းဆုံး အနှိပ်ဆရာကြီးပဲ။ တစ်နေ့ကုန်သွားတဲ့အခါ တချို့မိန်းကလေးတွေကို ကျောကုန်းမှာ နှိပ်ပေးတတ်တယ်။ သူနဲ့သူ့အဖေတို့ဟာ ပုံမှန် အနှိပ်ခံကြတယ်။ အကျိုးရှိတယ်လို့ ပြောပါတယ်"

ဒီလို ကောင်မလေးတွေကို နှောင်အခါ ဘုရင်ဖြစ်မယ့်လူက အကြောဖြေပေးတယ်ဆိုတာ နည်းနည်းတော့ များလွန်းတယ်ဆိုပြီး အရယ်ခံကြရတယ်။

ပထမ တစ်လကုန်သွားတဲ့အခါ ဝီလျံတို့အုပ်စုကို ဒီကွင်းပြင်မှာ လျှောက်သွားလေ့ရှိတဲ့ ဒရယ်မျိုးစိတ်တွေကို ရှာဖွေစောင့်ကြည့်ဖို့ သုံးပတ် အချိန်ပေးပါတယ်။ သူတို့အလုပ်တစ်ခုက ဒရယ်တွေ့ရင် "မေ့ဆေး"သေနတ်နဲ့ ပစ်ဖမ်းရတယ်။ သူတို့နောက်ကကြည့်ပြီး ဦးရေ ဘယ်လောက်ရှိမလဲ ကြည့်ရတယ်။ ဝီလျံက ဘောလ်မိုရယ်လ်မှာ အကောင်းဆုံး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



**သေနတ်တွေနဲ့** လေ့ကျင့်ခဲ့ရတာ ဆိုတော့ အခု ဒရယ်ဖမ်းတဲ့ကိစ္စမှာ အကောင်းဆုံး သေနတ်သမား ဖြစ်နေခဲ့တယ်။ ဒရယ်အုပ်နောက်ကို လိုက်တဲ့အလုပ်မှာလည်း သူက အတော်ဆုံး ဖြစ်ခဲ့တယ်။

ဗီလျံက အလိပ်လိပ်ဖြစ်နေတဲ့ တောင်ကုန်းတွေ၊ အဖိုးထိုက်တန်တဲ့ရှုခင်းတွေကို ကြည့်ရင်း စကော့တလန်က ကုန်းမြင့်တွေနဲ့ ဆင်တူတာကို သိလာတယ်။ သူဟာ လှပတဲ့ ကျေးလက်ရှုခင်းထဲမှာ ငြိမ်းချမ်းနေခဲ့တယ်။ တကယ် အစစ်အမှန် ပျော်ရွှင်ပြီး အပန်းဖြေခဲ့ပါတယ်။ သူ့ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် လည်ပင်းမှာဆွဲထားတဲ့ လျှပ်စစ်ကြိုးစကို ဖြုတ်ပစ်ခဲ့တယ်။ နှင်းဖုံးနေတဲ့ တောင်တန်းတွေနဲ့ ရှုခင်းသာထဲမှာ ဒီလျှပ်စစ်အကူအညီ မလိုတော့ပါဘူး။ ဒီလျှပ်စစ် ကိရိယာကို ဖယ်လိုက်ရတဲ့အတွက် အကြီးအကျယ် ကျေနပ်မိခဲ့တယ်။

အဲဒီညက အထူးအေးလှတယ်။ တောင်ဘေးမှာ မီးဖိုကြီးဖိုပြီး မီးလှုံကြတာ၊ ပိုပြီး အချမ်းသက်သာဖို့ လက်မောင်းချင်း ဆက်လိုက်ကြတယ်။ အဲဒီမှာ စကားဝိုင်းပြောကြတော့ တခြားလူတွေက သူတို့ အိမ်ပြန်ရောက်ရင် ဘာတွေလုပ်မယ်ဆိုတဲ့ စီမံချက်တွေ ပြောကြားတယ်။ တချို့လည်း တက္ကသိုလ်တက်မယ်၊ တချို့လည်း နောက်ထပ် စွန့်စားခန်းတွေ လုပ်မယ်လို့ ပြောကြတယ်။ ဒီအခါ ငြိမ်ငြိမ်လေး နားထောင်နေတဲ့ ဗီလျံက မီးရောင်ဟပ်နေတဲ့ မျက်နှာနဲ့ ပြောတယ်။

"မင်းတို့အားလုံး ကံကောင်းကြတယ်။ ငါဆိုရင် ငါ့အနာဂတ်နဲ့ပတ်သက်ပြီး ရွေးချယ်စရာ များများမရခဲ့ဘူး။ တစ်နေ့မှာ ငါ ဘုရင်ဖြစ်လိမ့်မယ် ဒါပေမဲ့ သစ္စာစကားပြောရရင် ခုအချိန်မှာ ငါ အဲဒီကိစ္စကို လုံးဝစိတ်မဝင်စားဘူး"

အားလုံး ငြိမ်နေကြတယ်။ အေးစိမ့်တဲ့လေထဲမှာ မီးဖိုက ထင်းစတွေရဲ့ "ခရက်...ခရက်" ဆိုတဲ့အသံပဲ ကြားကြရတယ်။ ဘာပြောရမှန်း ဘယ်သူမှမသိကြဘူး။ သူ ဘယ်သူဆိုတာ အားလုံးသိကြပါတယ်။ ဒါပေမဲ့ သူတို့ အဖို့တော့ သူဟာ "ဗီလျံ"ပဲ ဖြစ်တယ်။ အသက်ရှူဖို့ မေ့နိုင်လောက်တဲ့ ချီလီပြည်က လှပတဲ့တောင်တန်းတွေကြားမှာ သူ့အနာဂတ်အတွက် စဉ်းစားချိန် အများကြီးရခဲ့တယ်။ ဒါပေမဲ့ သူဟာ သူ့ဘဝတစ်သက်လုံး 'သာမန်'ပဲ ဖြစ်ချင်ပါတယ်။ ဒီနေရာမှာ သူဟာ တခြားမှာ ရိုးရိုးသားသားမတွေ့နိုင်တဲ့ လူတစ်စုနဲ့တွေ့နေရတယ်။ ဘာကတိကဝတ်မှမရှိ ဘာတာဝန်မှမရှိဘဲ ဒီလိုတွေ့ဆုံကြဖို့ မလွယ်ပါဘူး။ သူ့အုပ်စုထဲက လူတစ်ယောက်က ပြောပါသေးတယ်။

"ဗီလျံ ဒီကိုရောက်လာတော့ ကျွန်တော်တို့အားလုံး လန့်သွားခဲ့တယ်။ သူက တကယ့် အထိန်းအကွပ်ကြီးနဲ့ လူငယ်လေးပဲ။ ဒါပေမဲ့ သူက တစ်အားလေးစားစရာကောင်းတယ်။ ကျွန်တော်တို့အားလုံး ရင်းရင်းနှီးနှီး ဖြစ်သွား တယ်။ ကျွန်တော်တို့အမြင်မှာ သူဟာ သူ့အနာဂတ်ကို ဝန်ထုပ်ဝန်ပိုးတစ်ခုလို ဖြစ်နေတယ်။ တစ်နေ့မှာ သူ ဘာဖြစ်မယ် ဆိုတာ သူသိတယ်။ ဒီတော့ သူ့လွတ်လပ်မှုဟာ သက်တမ်းတိုတိုလေးပဲ ဖြစ်နိုင်တယ်"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝတစ်လျှောက်လုံးမှာ ဝီလျံဟာ သူ့အင်အားရှိသလောက် သာမန်လူဖြစ်အောင် အရာရာကို လုပ်ဆောင်ခဲ့ပါတယ်။ အာရုံစိုက်ခံဖို့ အခုထိ အသင့်မဖြစ်သေးပါဘူး။ ဒီလို အာရုံစိုက်ခံရတဲ့အရသာ ခါးသီးမှုကို ဒိုင်ယာနာ ဆုံးပြီးတဲ့နောက်မှာ ကနေဒါမှာ သူ သိခဲ့ရပြီးပြီ။ ချားလ်စ်က သူနဲ့ဟယ်ရီကို တာဝန်နဲ့သွားရင်း အလည်အပတ် ခေါ်သွားတာပါ။ အဲဒီမှာ အော်ဟစ်လာတဲ့ ကောင်မလေးတွေနဲ့တွေ့တော့ ဝီလျံကထွက်ပြေးတာ။ ဟယ်ရီက သူ့အစ်ကိုရဲ့အဖြစ်ကို ကြည့်ပြီး ရယ်တာ။ ဝီလျံလည်း နောက် ဘယ်တော့မှ လမ်းလျှောက် မသွားရဲတော့ဘူး။

အခုဆိုရင် အသက် ၁၈ နှစ်ရှိလာပြီ။ သူက လူထုကြားမှာ ပါဝင်ပတ်သက်ရတာမျိုး စိတ်မဝင်စားဘူးလို့ ကြေညာလိုက်တယ်။ ကျွန်တော့်အဖေက ကျွန်တော့်ကို တော်ဝင်မိသားစုအဖြစ် တာဝန်တွေမယူခင် ပညာရေးကို အချိန်ပြည့်ပြီးဆုံးအောင် လုပ်စေချင်တယ်။ ကျွန်တော်လည်း ဒီအတိုင်းပဲ။ တော်ဝင်အလုပ်တွေလုပ်ဖို့ နှစ်အတော် လိုပါသေးတယ်။ တစ်ခါတလေတော့ အဖေ့အဖော်အဖြစ် လိုက်ဖြစ်ပါမယ်လို့ ပြောခဲ့တယ်။

ခုအချိန်မှာတော့ သူဟာ "ဝီလျံ"အဖြစ် ရိုးရိုးပဲနေချင်တယ်။ သူ့မိခင်လိုပဲ သူ့စိတ်ကူးလေးနဲ့သူ လုပ်ချင်တယ်။ သူ့အကြောင်း ကောင်းကောင်းသိတဲ့လူတွေက အနာဂတ်ကိုကြောက်လို့ ဝီလျံက အခုလိုနေတာလို့ ဆိုကြတယ်။ သူကိုယ်တိုင်လည်း ဝန်ခံတယ်။ လောလောဆယ် "တစ်နေ့ချင်း"ပဲ ပိုင်ဆိုင်ချင်တယ်။ အနာဂတ်အတွက် သောကမရောက်လိုဘူး။ ဒါကြောင့်လည်း သူက ပစ္စုပ္ပန်ကို တစ်အား ပျော်ပျော်နေတယ်။ နေ့စဉ် အပြည့်အဝပျော်အောင် ကြိုးပမ်းတယ်။ သူအသက် ၂၁ နှစ်ရောက်လာရင် မွေးရာပါ တာဝန်ကို လုပ်ရတော့မယ်ဆိုတာ သူ သိတယ်။ ဒီတော့ လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ မွေးလာကတည်းက တာဝန်ရှိလာတာမို့ အဲဒါ ကျွန်တော့်တာဝန်ပဲ။ တစ်ခါတလေတော့ အဲဒီအကြောင်းကို စိတ်ပူတယ်။ ဒါပေမဲ့ အကြီးအကျယ် သောကမဖြစ်ပါဘူး"လို့ ဝီလျံက ပြောခဲ့ပါတယ်။

ပက်တဂိုးနီးယားရဲ့ "တော်တယ်လ်"ဆိုတဲ့ မြို့လေးမှာ ဝီလျံတို့ သစ်သားလူသွားလမ်းကလေး တည်ဆောက်ပြီးတဲ့အခါ လေ့လာရေးခရီးက ပြီးဆုံးသွားခဲ့ပါပြီ။ ဒါကြောင့် ဝီလျံဟာ စူပါမားကက်တစ်ခုရဲ့ အပြင်ဘက်၊ လှေကားထစ်မှာထိုင်ပြီး ကြက်ကင်ကို အားရပါးရ ကိုက်စားနေတယ်။ အသားမစားရတာကြာပြီ။ ဘီစကွတ်တွေ၊ ငါးသေတ္တာတွေ၊ ပဲတွေနဲ့ပဲ အသက်ရှင်ခဲ့ရတာကိုး။ ခုတော့ ခရီးကြမ်း၊ အလုပ်ကြမ်းတွေ မရှိတော့ဘူး။ အိမ်ပြန်ရတော့မယ်။

လွန်ခဲ့တဲ့လက တော်တယ်လ်မြို့ရှိ အသုံးမပြုဘဲထားတဲ့ ကလေးထိန်းဌာန အဆောက်အအုံကြမ်းပြင်ပေါ်မှာ သူတို့အိပ်ခဲ့ကြရတယ်။ သူတို့က အဲဒီအဆောက်အအုံကို "ဟိုတယ်တော်တယ်လ်"လို့ အမည်မှည့်ခဲ့ကြတယ်။ အဲဒီမှာ အိပ်ရတာက စိုစွတ်တဲ့ စခန်းမြေကြီးပေါ်က ဖျာပေါ်မှာနဲ့စာရင် အများကြီး သက်သာပါတယ်။

အဲဒီနေ့ဟာ လေ့လာသင်ကြားရေးခရီးရဲ့ နောက်ဆုံးနေ့ပါ။ လူတိုင်းပျော်နေကြတယ်၊ အဲဒီည စခန်းမှာ ပါတီလုပ်မှာမို့ ဝီလျံက စတိုးဆိုင်သွားပြီး မုန့်တွေဝယ်ခဲ့တယ်။ ပါတီမလုပ်ခင် အဲဒီညနေမှာ ဒေသတွင်း ယမကာဆိုင်မှာ သူနဲ့အတူ

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



အဖွဲ့သား ခြောက်ဦး သောက်စားကြဖို့ သူ့အစောင့်အရာရှိကို စီစဉ်စေပါတယ်။ အရာရှိက သူတို့ကို ကားမောင်းပြီး ပို့ပေးတယ်။ အဲဒီမှာ ဈေးပေါတဲ့ ဝိုင်အနီ လီတာပေါင်းများစွာကို မှာကြတော့တာပါ။

ဝီလျံက ဘီယာထက် ဝိုင်အနီကို ပိုကြိုက်တယ်။ သူ လအတော်ကြာ မသောက်ခဲ့ဘူး။ ဒီညနေတော့ ရတဲ့ ဝိုင်ကို သောက်မယ်ဆိုပြီး လာခဲ့တာပါ။ စပြီး သောက်တယ်ဆိုရင်ပဲ ဆိုင်ပြင်မှာ ဒေသခံ ဓာတ်ပုံဆရာတွေ ရောက်လာတယ်။ ဝီလျံဓာတ်ပုံကို ရဖို့ပါ။ ချက်ချင်းဆိုသလို တံခါးပွင့်သွားပြီး အထဲကိုဝင်လာကြတယ်။ အစောင့်အရာရှိက တန်းပြီး နှင်ထုတ်ပစ်တယ်။ လိုက်ကာခန်းဆီးကို ဆွဲချလိုက်တယ်။ ဒီတော့မှ သူတို့အုပ်စု အေးအေးဆေးဆေး သောက်ခွင့်ရတော့တယ်။

သောက်လို့ အရှိန်လေးရလာတဲ့အခါ ဝီလျံက စိတ်ကူးတစ်ခုရသွားတယ်။ ဘားပေါ်ကို ကြက်ဥတစ်ခြင်းမှာတယ်။ ရတော့ သူ့ဘောင်းဘီအိတ်ကပ်တွေထဲကို ကြက်ဥတွေထည့်တယ်။ ပြီးတော့မှ တခြားလူတွေက သူ့ကို ဒုံးကျည်ပစ်သလို ကြက်ဥတွေနဲ့ ပေါက်တမ်း ကစားကြတယ်။ နာရီအတော်ကြာလို့ အများကြီး သောက်ပြီးတဲ့အခါ စခန်းကိုပြန်တော့ အဝတ်တွေအားလုံး ကြက်ဥအရည်တွေနဲ့ ညစ်ပေနေပြီ။ ဝီလျံရဲ့အပြင်ဝတ်တဲ့ ဝတ်စုံပေရေသွားပြီ။ ဒီအခါ ဝီလျံက ပါတီကို "ရူပါမင်း"လို သွားမယ်ဆိုပြီး ကောင်မလေးတွေဆီက ဘောင်းဘီကျပ်ကျပ် တစ်စုံငှားတယ်။ သူ့ကိုယ်ပေါ်မှာ သူ့အင်္ကျီရှည်ကြီးကို လွှားတင်လိုက်တယ်။ ပြီးမှ ပါတီကိုသွားတယ်။

အဲဒီည တစ်ညလုံး၊ မအိပ်မချင်း ဝီလျံ "က"နေခဲ့တယ်။

နောက်နေ့နံနက်မှာတော့ အလာတုန်းကလိုပဲ သူတစ်ယောက်တည်း ငြိမ်သက်စွာ သီးခြားထွက်ခဲ့ရပါတယ်။ မတ်စ်ဒိုင်ယာက စင်တီယာဂိုကို လေယာဉ်နဲ့လာပြီး ကြိုတာပါ။ ဝီလျံက ဈေးပေါတဲ့ ချီလီဝိုင်ကို ကျေးဇူးတင်နေဆဲ။ လေယာဉ်ပေါ် ရောက်တဲ့အခါမှာတော့ အထက်တန်းခုံမှာ လုံးဝအိပ်ပျော်ရင်း အိမ်ကို ပြန်ခဲ့ပါတော့တယ်။

■

BURMESE CLASSIC

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဇီလျှံက အနားရတဲ့ တစ်နှစ်ကို ပျော်ရွှင်စွာ ဖြတ်သန်းနေဆဲ၊ ဟယ်ရီကတော့ အထက်တန်းကျောင်း ပြီးဆုံးမယ့်ရက်ကို ရေတွက်နေခဲ့တယ်။ ဟယ်ရီက သူ့အစ်ကိုနဲ့ ပုံမှန် အဆက်အသွယ်ရှိနေခဲ့ပြီး သူ့အစ်ကိုရဲ့ ဖွင့်စားခန်းတွေမှာ ပါဝင်နေချင်ခဲ့တယ်။ ဒါပေမဲ့ သူဟာ A အဆင့်တွေကို အောင်မြင်ဖို့ လိုနေတယ်။ သူ့ရဲ့နောက်ဆုံးနှစ်စမှာ အပျော်ကျူးနေခဲ့မိတဲ့အတွက် AS အဆင့် နှစ်ခုမှာ စာမေးပွဲကျခဲ့တယ်။ သူက တက္ကသိုလ်ရောက်ရင် ပထဝီ ရယ်၊ ဝိဇ္ဇာရယ်၊ ဝိဇ္ဇာပညာသမိုင်းရယ်ယူဖို့ စဉ်းစားထားတာ၊ အခု ဝိဇ္ဇာပညာသမိုင်းမှာ ကျတယ်။ နောက်ပိုင်းမှာ သူ့နည်းပြဆရာတွေက ကြပ်မတ်ပြီး စာလိုက်နိုင်အောင် နိုင်းတယ်။ ဒါတောင်မှ ဟယ်ရီက စာ ကြိုးစားရေးကို လုံလုံလောက်လောက် မတွန်းနိုင်သေးဘူး။

၂၀၀၃၊ မေလရောက်လာပြီ။ A အဆင့် စာမေးပွဲတွေ စစ်ဖို့ ရက်သတ္တ အနည်းငယ်ပဲ ကျန်တော့တယ်။ ဟယ်ရီဟာ သူ့သူငယ်ချင်း 'ဂိုင်းပယ်လီ'နဲ့ အတူ ဝင်ဆာမှာရှိတဲ့ 'ပိုလိုကလပ်' ကို အဆောင်ကနေ ခိုးသွားခဲ့တယ်။ အဲဒီကလပ်ရဲ့ VIP ခန်းထဲကနေ ပေ ၄၀ မြင့်တဲ့ အမိုးပေါ်တက်သွားပြီး ကိုယ်လုံးတီး ချွတ်ပြခဲ့တယ်။ ဒီလို စတန့်ထွင်တာဟာ လုံခြုံရေးအတွက် ထိတ်လန့်စရာ

## အခန်း – ၈
## ဟယ်ရီ... ကျောင်းထွက်ပြီ

*ဟယ်ရီက ၁၈ နှစ်ပဲ ရှိသေးတာပါ။ ဒါပေမဲ့ သူ့ကိုယ်သူ ယုံကြည်မှုက ပြင်းထန်တယ်။ သူက ဆိုရှယ်လည်း ကျတယ်။ လူတိုင်းနဲ့အရောဝင် မိတ်ဖွဲ့တယ်။ ဖော်ဂါအရက်သောက်တယ်၊ ခရမ်ဘယ်ရီ သောက်တယ်၊ မိန်းကလေးတွေကြားမှာလည်း အေးအေးဆေးဆေး..*

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဖြစ်နေတယ်။ အဆောင်ပြန်ရောက်တဲ့အခါ ဒေါက်တာဂေလီက ဆူတယ်။ အမှန်က ဒီလို စာမေးပွဲနီးတဲ့ရက်တွေမှာ ဘယ်သူမှ အပြင်ထွက်ခွင့် မရှိပါဘူး။ ဟယ်ရီက စည်းကမ်းဖောက်ဖျက်တာပါ။ ဒီအခါ ချားလ်စ်လည်း သူ့သားကို ဖုန်းဆက်ပြီး ပြောဆိုဆုံးမရတော့တယ်။

နောက်နေ့ နံနက်မှာတော့ သတင်းစာမျက်နှာဖုံးမှာ ဟယ်ရီရဲ့ ဆိုးရွားတဲ့လုပ်ဆောင်ချက်က စာလုံးကြီးနဲ့ ပါလာတယ်။ "ဘယ်လိုလဲ ဟယ်ရီ၊ မင်းရဲ့ A အဆင့်စာမေးပွဲအတွက် ပြန်လှန်လေ့ကျင့်မှုတွေ ဘယ်ရောက်နေပြီလဲ" ဆိုတဲ့မေးခွန်းကို မေးတော့တာပါ။

အဖြေကတော့ ကောင်းကောင်း မရှိပါဘူး။ ဟယ်ရီဟာ အဓိက ဘာသာရပ်နှစ်ခုမှာ ကျဖို့သေချာနေတယ်။ သူ့ကို ဘယ်လို အကျပ်ကိုင်ကိုင်၊ ဟယ်ရီဟာ နောင်တမရဘူး ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

မေးလ်အွန်ဆန်းဒေးက သတင်းထောက်တစ်ယောက်က ဒီလိုရေးပါတယ်။

"ကျွန်တော်က ဟယ်ရီ ပါတီလုပ်နေတာကို ကိုယ်တွေ့မြင်ခဲ့ရတာပါ။ ကင်စင်တန်ခေါင်မိုးပေါ်က ဥယျာဉ်မှာပေါ့။ အဆင်ပြေပုံက အဲဒီနေရာဟာ လန်ဒန်အနောက်ပိုင်း ဒယ်ရီစထရိုး ကျွန်တော်တို့ သတင်းစာတိုက်နဲ့ မျက်နှာချင်းဆိုင် ဖြစ်နေတာပါ။ ကျွန်တော်က လေညင်းခံချင်တာနဲ့ သတင်းစာတိုက်ရဲ့ လသာဆောင်ပေါ် တက်ခဲ့တယ်။ အဲဒီအချိန်မှာပဲ ဟိုဘက် VIP အခန်း ဥယျာဉ်ဆောင်အမိုးပေါ်မှာ ဖြန့်းဆို ဟယ်ရီ ပေါ်လာတာပါ။

ဧပြီလမို့ နွေးတယ်ဆိုပေမယ့် ညလေအေးထဲမှာ တုန်နေတာပါ။ အဲဒါကို ဟယ်ရီက ကျွန်တော့်ဆီ လက်ဝှေ့ပြရင်း "ခင်ဗျားကြည့်ရတာ အေးခဲနေတာပဲ။ ကျွန်တော့်ပါတီကို လာဝင်ပါလား" လို့ လေတိုက်ထဲမှာ စီးကရက်မီးညှိဖို့ ကြိုးစားရာက လှမ်းပြောတယ်။ သူ့အစောင့်အရှောက်တွေက အခန်းနောက်ဆုံး ကော်ဖီစားပွဲမှာ ထိုင်နေကြတယ်။ ဟယ်ရီ ထိုင်နေတဲ့အချိန်မှာ ကောင်မလေးချောချော ရှစ်ယောက်ကဝိုင်းပြီး ဟယ်ရီပြောသမျှ သဘောကျနေကြတယ်။ သူ့သူငယ်ချင်းတစ်ယောက်က ကျွန်တော့်ကို ရှန်ပိန်တစ်ခွက် လှမ်းပေးတယ်။ စာမေးပွဲအကြောင်းက ပြောသာပြောတာ နွေကျောင်းပိတ်ရက်အတွက်ပဲ စိတ်လှုပ်ရှားစွာ ဆွေးနွေးနေကြတယ်။ ဟယ်ရီက စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် သောက်တယ်။ သူက နွေရာသီကို ပျော်စရာကောင်းမှာပဲလို့ ပြောနေတယ်။

ဟယ်ရီက ၁၈ နှစ်ပဲ ရှိသေးတာပါ။ ဒါပေမဲ့ သူ့ကိုယ်သူ ယုံကြည်မှုက ပြင်းထန်တယ်။ သူက ဆိုရှယ်လည်းကျတယ်။ လူတိုင်းနဲ့အရောဝင် မိတ်ဖွဲ့တယ်။ ဖော်ဂါအရက်သောက်တယ်၊ ခရမ်ဘယ်ရီ သောက်တယ်၊ မိန်းကလေးတွေကြားမှာလည်း အေးအေးဆေးဆေး စိတ်ချလက်ချ နေတတ်တယ်။

ဗြိတိန်မှာ လူမှုရေးမဂ္ဂဇင်း "ဟာပါဘဇား" က အကောင်းဆုံး လူပျိုစာရင်းကောက်ရာမှာ ဟယ်ရီက မဲအများဆုံး

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်။ သူက အထက်တန်းလွှာ အသိုက်အဝန်းမှာ ထင်ပေါ်ပြီးသားမို့ စာရင်းကောက်စရာတောင် မလိုပါဘူး။ ဟယ်ရီမှာ မိန်းကလေးမိတ်ဆွေပေါတယ်။ သူ့ကို လေးစားတဲ့ကောင်မလေးတွေ များတယ်။ အခုဆိုရင် လော်ရာဂျယ်ရယ်လေး — ဆိုတဲ့ မိန်းကလေးနဲ့ ဒိတ်လုပ်နေပါပြီ။ လော်ရာဆိုတာ ချောချောလှလှ၊ ၁၈ နှစ်အရွယ် လူချမ်းသာတစ်ဦးရဲ့ သမီးပါ။ ဝီလ်ရှိုင်းယားမှာ နေတယ်။

သူတို့ကို မိတ်ဖွဲ့ပေးသူက ဂိုင်းပယ်လီပါ။ ချက်ချင်းဆိုသလိုပဲ လော်ရာဟာ ဟယ်ရီတို့ကလပ်က မိန်းကလေးအုပ်စုထဲ ရောက်ခဲ့တယ်။ လော်ရာက ဟယ်ရီနဲ့လိုက်တယ်။ အပြင်ထွက်ရတာ ကြိုက်တယ်။ ပျော်ပျော်နေတတ်တယ်။ အစားကွင်းမှာထိုင်ပြီး စကားပြောနေတုန်း ဓာတ်ပုံရိုက်တာကို ခွင့်ပြုတယ်။ သူတို့ နေထိုင်ပုံမြင်ရတာ အတွဲပါပဲ။ ဒီသတင်း မေးလ်အွန်ဆန်းဒေးမှာ ပါလာတယ်။ လော်ရာက မင်းမျိုးမင်းနွယ် မဟုတ်ပေမယ့် ချမ်းသာတယ်။ အိတင်ကောလိပ်နဲ့ နှစ်နာရီကားမောင်းရင်ရောက်တဲ့ ရွာလေးမှာနေတယ်။ ဟယ်ရီက လော်ရာနဲ့ အပျော်တွဲပုံမရဘူး။ အလေးထားခဲ့ရတယ်လို့ နီးစပ်တဲ့ သူငယ်ချင်းတစ်ယောက်က ဆိုပါတယ်။

စနေ၊ တနင်္ဂနွေမှာ လော်ရာဟာ သူ့အိမ်ကနေ ကားမောင်းလာပြီး အိတင်မှာ ဟယ်ရီ ဝေါလ်ဂိမ်းကစားတာကို လာကြည့်တယ်လို့ ဆိုတယ်။ နောက်ပိုင်း ဝင်ဆာမှာလုပ်တဲ့ တနင်္ဂနွေ နေ့လယ်စာစားပွဲတွေကို လာကြတယ်။ ကျောင်းဆောင်ကိုတော့ မိန်းကလေးခေါ်ခွင့် မရှိဘူး။ ဒီတော့ တချို့ပိတ်ရက်တွေမှာ ဟယ်ရီဟာ အစောင့်အရာရှိ လိုက်ပါပြီး လော်ရာ့မိဘများရဲ့ လန်ဒန်အိမ်ကိုသွားကြတယ်။ လေးလလောက်ကြာတဲ့အခါ ကာတီးယား အပြည်ပြည်ဆိုင်ရာနေ့ကို ပိုလိုအလပ်မှာလုပ်တော့ သူတို့နှစ်ဦး နမ်းနေကြတာကို မြင်ကြရပါတော့တယ်။

ဟယ်ရီက သတင်းစာလောကမှာ သူ့ကို "ပွားရေးဟယ်ရီ"လို့ ခေါ်တာကို သိတယ်။ သူ့ကို "အပျော်ကြူးတဲ့သူ"လို့ အထင်ခံရတာကို ပယ်ဖျက်ချင်တယ်။ ဒါကြောင့် သူ့ရဲ့ ၁၈နှစ်ပြည့် မွေးနေ့မှာ သတင်းစာရှင်းလင်းပွဲလုပ်ပြီး သူ အပြောခံရတာတွေ မမှန်ကြောင်း ငြင်းဆိုခဲ့တယ်။

သူဟာ ပါတီသားကောင် မဟုတ်ဘူးလို့ ပြောလိုက်တယ်။ သူ့ဦးလေးဖြစ်တဲ့ အင်ဒရူးမင်းသားဟာ အပျော်သမားဖြစ်ပြီး အန်တီမာဂရက်ဟာလည်းပဲ သူ့ခေတ်မှာသူ နာမည်ကြီးခဲ့တာကို သူ သိတယ်။ ဒါကြောင့် အဲဒီ တော်ဝင်ဆန့်ကျင်သမားတွေရဲ့ ပုံတူကို သူ မလုပ်ဖို့ ဆုံးဖြတ်ထားတယ်။ သူ့မှာ ပါတီလုပ်တာထက် အရေးကြီးတာတွေ အများကြီးရှိနေတယ်။ ဒါဟာ သက်သေပြဖို့ သူ ၁၈ နှစ်မွေးနေ့မှာ လန်ဒန် ဂရိတ်အော်မင်လမ်း ဆေးရုံကြီးဆီသွားပြီး ဖျားနာနေတဲ့ ကလေးတွေကို သွားရောက် တွေ့ဆုံခဲ့တယ်။ သူက အဆိုးရွားဆုံး မကျန်းမမာဖြစ်နေတဲ့ ကလေးကိုတောင် ရယ်အောင် လုပ်နိုင်ခဲ့ပါတယ်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဝီလျံက ကင်မရာတွေကို ရောင်းနေတဲ့အချိန်မှာ ဟယ်ရီက ခတ်ပုံသမားတွေကို နောက်လိုက်ပြောင်လိုက် လုပ်နိုင်ခဲ့တယ်။ သူ သွားရောက်တွေ့ဆုံမှုဟာ အရေးကြီးတယ်ဆိုတာ သေချာအောင် လုပ်ခဲ့တယ်။ သူ့မိခင်ရဲ့ မေတ္တာ ကရုဏာလုပ်ငန်းတွေကိုလည်း ဆက်လုပ်ချင်တယ်။

"ကျွန်တော့်မိခင် ပြီးအောင် မလုပ်နိုင်ခဲ့တဲ့ ကိစ္စတွေကို ဆက်လုပ်ချင်တယ်။ ကျွန်တော် အမြဲဆန္ဒရှိခဲ့တာပါ။ အရင်က သိပ်ငယ်သေးလို့ပါ"

ဒီစကားတွေက အတော် ခွန်အားကောင်းတဲ့ စကားတွေပဲ။ နောက်ဆုံးတော့ လူထုဟာ ဟယ်ရီကို အထင်သေးခဲ့ ရာက အခု ၁၈ နှစ်အရွယ်မှာတော့ စကားကြွယ်တဲ့၊ ယုံကြည်မှုရှိတဲ့ လူချောလူငယ်တစ်ဦးအဖြစ် မြင်လာကြပါပြီ။ သူ့ဖခင်ရဲ့ အကြံပေးပုဂ္ဂိုလ်များ အကြံပြုချက်အတိုင်း ဆေးသုံးခြင်းနဲ့ အရွယ်မတိုင်မီ အရက်သောက်ခြင်းကိုလည်း တောင်းပန်ခဲ့ပြီးပါပြီ။

"အဲဒါ... မှားပါတယ်။ ကျွန်တော် သင်ခန်းစာ ရပါပြီ"

ဒါပေမဲ့... သိပ်မကြာခင် နောက်တစ်ခါ တောင်းပန်ရပြန်ပါတယ်။

■

အခု ဟယ်ရီ ကျောင်းထွက်မယ့်ရက် ရောက်လာပါပြီ။

ဟယ်ရီဟာ သူ့မိခင်ရဲ့ အဖြူအမည်း ပုံတူကားကို သေတ္တာထဲ အကျအန ထည့်လိုက်တယ်။ အဲဒီနေ့က ၂၀၀၃၊ ဇွန်လ ၁၂ ရက်ပါ။

အီတင်ကျောင်းမှာ သူ့ရဲ့ နောက်ဆုံးနေ့ ဖြစ်ပါတယ်။

ဒီကျောင်းမှာ သူ ငါးနှစ်လုံးလုံး နေခဲ့ရတယ်။ ဒီနေ့တော့ ပြီးသွားပါပြီ။

နေရောင်က ပြတင်းပေါက်က စီးဝင်နေတယ်။ ဟယ်ရီက နံရံပေါ်က ပိုစတာကြီးကိုဖြုတ်ပြီး လိပ်လိုက်တယ်။ ပိုစတာကတော့ "သင်နှင့်အတူ ကြီးမားသော စကိတ်စီးခြင်း"ဆိုတဲ့ စာသားနဲ့အတူ သူ့အကြိုက်ဆုံး ကနေဒါက "ဗီလာစကိတ်ကွင်း အပန်းဖြေစခန်း" ပုံပါ။ ဒီပိုစတာကိုလည်း သူ့သေတ္တာထဲမှာ ဂရုတစိုက် ထည့်ပါတယ်။ စိန့်ဂျော့ချ် အလံကိုလည်း ထည့်တယ်။ ပိုလိုတုတ်ကို လက်ကကိုင်တယ်။ အဲဒါတွေ ကိုင်စွဲပြီး အခန်းထဲကထွက်၊ အားလုံးကို ချစ်ခင်စွာ နှုတ်ဆက်၊ အောက်ထပ်ဆင်းပြီး အားလုံးကို 'ဂွတ်ဘိုင်'လို့ ပြောခဲ့ပါတယ်။

ဟိုး ငါးနှစ်က သူ့ဖခင်လက်ကို ကိုင်ပြီး နာမည်ကျော် အီတင်ကျောင်းဝကို ရောက်လာခဲ့တဲ့ လူကလေးဟာ ခုတော့ လူရွယ်တစ်ဦး ဖြစ်လာပါပြီ။ ထုံးစံအတိုင်း ဘလေဇာကုတ်နဲ့၊ ရှပ်အင်္ကျီနဲ့၊ ခါးပတ်မှာ စိန့်ဂျော့ချ်ကြယ်ခြေခတ်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်နဲ့၊ ဟယ်ရီက မင်နာပေါက်စ်အဆောင်ကနေ ထွက်လာခဲ့တယ်။ သူ့အဝတ်အစား သေတ္တာကို လက်ကဆွဲရင်း ဝင်ဆာတံတားကြီးကို နောက်ဆုံးအကြိမ်အဖြစ် လျှောက်ခဲ့တယ်။ လေထဲမှာ လက်မြှောက်လိုက်ရင်း "ယက်စ်"လို့ အော်လိုက်တယ်။ အခု နောက်ဆုံး သူ လွတ်လပ်သွားပြီလေ။

နန်းတော်ကလည်း အချိန်မဖြုန်းဘဲ ဟယ်ရီဟာ ဆင်းဟတ်စ်မှာရှိတဲ့ တော်ဝင်တပ်မတော် အကယ်ဒမီကို တက်ရမယ်လို့ ကြေညာပါတယ်။ ဒါဟာ အနှစ် ၄၀ အတွင်း ဗြိတိသျှတပ်မတော်ကို တော်ဝင်မိသားစုရဲ့ အကြီးတန်းထဲက ပထမဆုံးဝင်ရောက်ခြင်း ဖြစ်တယ်။ ဟယ်ရီက တစ်သက်လုံး တပ်ထဲဝင်ချင်ခဲ့တာ။ မတ်စ်ဒိုင်ယာနဲ့ ဆင်းဟတ်စ်အကြောင်း နာရီများစွာ ဆွေးနွေးခဲ့တာပါ။ မတ်စ်က ဆင်းဟတ်စ် ကျောင်းဆင်းကိုး။

ဝီလျံလိုပဲ ဟယ်ရီလည်း အထက်တန်းပြီးလို့ တစ်နှစ်မနားရခင် နွေရာသီကို ပျော်စရာကောင်းတဲ့နွေ ဖြစ်ရမယ်လို့ ဖခင်က ကတိ ပေးထားခဲ့တာပါ။ ဒီတော့ ဟယ်ရီဟာ သူ့ဖခင်လိုပဲ အာဂျင်တီးနားမှာ ပိုလိုကစားရင်း ပျော်မယ်လို့ စိတ်ကူးယဉ်ခဲ့တယ်။ ရယ်စရာလိုလိုနဲ့ သူ့ဖခင်ကိုပြောတော့ ချားလ်စ်မှာ ရုတ်တရက် လန့်ဖျပ်သွားရတယ်။

ဟယ်ရီက "ကလော့စတာ"မှာ စကိတ်စီးရင်း ပျော်ဖို့လည်း စိတ်ကူးထားတယ်။ စကိတ်ရာသီမှာ ဆွစ်ဇာလန်က ကလော့စတာဆိုတဲ့ စကိတ်ကွင်းရှိတဲ့ အပန်းဖြေစခန်းမှာ ချားလ်စ် နှစ်ပေါင်းများစွာ ပျော်ခဲ့ဖူးတယ်။

ဒါအပြင် ဟယ်ရီက တော်ဝင်မိသားစု မကြာခဏ သွားနေဖူးတဲ့ ကြယ်ငါးပွင့်အဆင့် "ဝေါ်ဆာဟိုး ဟိုတယ်" ပိုင်ရှင်နဲ့လည်း ခင်မင်လာတဲ့အခါ အဲဒီဟိုတယ်ရဲ့ မီးဖိုနဲ့စတိုတွေမှာ အလုပ်သမားတစ်နေရာရဖို့လည်း လုပ်ထားတယ်လို့ သတင်းရတယ်။ အဲဒီမှာ သူက အချက်အပြုတ်နဲ့ ဝိုင်လုပ်နည်း သင်ဖို့ပါ။

အခုလို သူ့သားငယ်က အရက်ကို ဗဟုသုတ ရှာမှီးချင်လာတယ် ဆိုတဲ့အခါ အဲဒီကိစ္စကိုတော့ ချားလ်စ်က ချက်ချင်း ပယ်ချလိုက်တယ်။ သူယုံကြည်ရတဲ့ အကြံပေးပုဂ္ဂိုလ်တွေကို အကြံတောင်းရပြန်တယ်။ အဲဒီအကြံပြုချက်အရ ဟယ်ရီကို ဩစတြေးလျရှိ နွားမွေးမြူရေးခြံမှာ ကောင်းဘွိုင် (နွားကျောင်းသား)အဖြစ် အတွေ့အကြုံယူခိုင်းဖို့ ဆုံးဖြတ်ကြတယ်။ ချားလ်စ် ကျောင်းသားဘဝက အဲဒီမှာ ကျောင်းသားအဖြစ် အတော်ကြာနေခဲ့ဖူးတယ်။ သူ ဩစတြေးလျကို သဘောကျတယ်။ ဒီတော့ ဟယ်ရီရဲ့ခရီးဟာ ပညာလည်း ရရမယ်၊ ပျော်စရာလည်း ကောင်းရမယ်ဆိုပြီး ဩစတြေးလျကို ရွေးခြင်း ဖြစ်ပါတယ်။ ဆစ်ဒနီမှာလည်း ကမ္ဘာ့ဖလား ရပ်ဘီ ဘောလုံးပွဲရှိနေတော့ ဘာမှ အငြင်းပွားစရာ မရှိတော့ဘူး။ ဟယ်ရီအနေနဲ့လည်း ဩစတြေးလျဆိုတာ တောက်ပတဲ့ အကြံပြုချက် ဖြစ်နေတယ်။

နွေရောက်တဲ့အခါ အောင်စာရင်းတွေထွက်တော့ ဟယ်ရီက ပန်းချီပညာမှာ B ရပြီး ပထဝီမှာ D အဆင့်ရတယ်။ ချားလ်စ်က သူ ကျေနပ်ကြောင်း၊ ဟယ်ရီက ဒီစာမေးပွဲတွေအတွက် အများကြီး ကြိုးစားခဲ့ကြောင်း၊ ဒီနေ့ ရလဒ်တွေအတွက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရှာနေတာ၊ ဝန်ထမ်းတွေအနေနဲ့ ဈေးဝယ်ရတာ ခက်လိမ့်မယ်။ ကလေးတွေကတော့ အဲဒီမိုးရွာထဲ လျှောက်သွားရတာကို ပျော်တာ။ ကျွန်မက သူတို့ကြောင့် သွားနေရတာပါ။ စနေ၊ တနင်္ဂနွေ ရက်အားမှာ အဲဒီလို နေရာမျိုးဆီ သူတို့သွားနိုင်ဖို့ အရေးကြီးတယ်""တဲ့။

ချားလ်စ်က ဥယျာဉ်ထဲမှာ စိုက်ပျိုးတူးဆွနေတဲ့ အခါမျိုးမှာတော့ ဒိုင်ယာနာက သူ့ခင်ပွန်းနဲ့အတူ လုပ်မယ့်အစား အိမ်ထဲမှာပဲနေပြီး တယ်လီဖေးရှင်းကို သူကြိုက်တဲ့ကဏ္ဍတွေ ထိုင်ကြည့်လေ့ရှိတယ်။ ဒါမှမဟုတ်ရင် လန်ဒန်မှာကျန်ခဲ့တဲ့ သူ့မိန်းကလေးသူငယ်ချင်းတွေနဲ့ မရပ်မနား ဖုန်းပြောချင်ပြောနေတတ်တယ်။ အပြင်လူတွေအနေနဲ့ ချားလ်စ်နဲ့ဒိုင်ယာနာကို လိုက်ဖက်ညီတဲ့ ပျော်စရာဘဝလို့ မြင်နိုင်ပေမယ့် အသက် ၁၂ နှစ်ကွာတဲ့ သူတို့နှစ်ဦးဟာ ပြဿနာစတင်နေပြီဆိုတာ ရင်းနှီးသူတွေက မြင်နေကြပါပြီ။

သူတို့နှစ်ဦးရဲ့ စရိုက်က အစစအရာရာမှာ ကွဲပြားကြတယ်။ ဘာမဟုတ်တဲ့ ကိစ္စလေးမှာလည်း သဘောထားကွဲတတ်ကြပါတယ်။ ဥပမာ- ဒိုင်ယာနာက ပေါ့ပ်ဂီတ နားထောင်ချင်တယ်။ ချားလ်စ်က ဂန္ထဝင်သီချင်းတွေကို ပိုပြီးနှစ်သက်တယ်။ ဒိုင်ယာနာက သားတွေနဲ့အတူ ရုပ်ရှင်ကြည့်ချင်တယ်။ ချားလ်စ်က အပြင်ထွက်ရတာ ကြိုက်တယ်။ ဒိုင်ယာနာက ခေတ်ပေါ်မဂ္ဂဇင်းတွေလှန်ပြီး သူ့ အဝတ်ဗီရိုအတွက် စိတ်ကူးသစ်တွေ ရှာတယ်။ ဘာစာမှမဖတ်ဘူး။ ချားလ်စ်ကတော့ သူ့စာကြည့်ခန်းထဲမှာ ဒဿနကျမ်းတွေကြားထဲ ပျော်မွေ့သူပါ။

၁၉၈၆ ခုနှစ်များမှာတော့ သူတို့ အခန်းခွဲအိပ်ကြပါပြီ။ ဒိုင်ယာနာက ချားလ်စ်ဟာ တစ်ညလုံး ဟောက်နေလို့ သူ ကောင်းကောင်းမအိပ်ရဘူး။ အခန်းခွဲပြီး ကိုယ်ပိုင်ခန်းမှာ အိပ်မှ ကောင်းကောင်းအိပ်ပျော်မယ်လို့ ဆိုတယ်။ အများက သူတို့အိမ်ထောင်ရေးကို နတ်သမီးပုံပြင်ထဲကလို ပျော်ရွှင်မှာပဲလို့ ယုံကြည်ချင်ကြပေမယ့် ကန့်လန့်ကာနောက်ကွယ်မှာတော့ အတော်ယိမ်းယိုင်နေပါပြီ။

၁၉၈၅၊ စက်တင်ဘာ ၂၄ ရက်မှာ ဒိုင်ယာနာက သူ့သားလေး ဝီလျံကိုလက်ဆွဲပြီး ကလေးပြုစုရေးကျောင်း (Nursery School) မှာ အပ်ပါတယ်။ ဝီလျံလေးက ခုနစ်နှစ်သားပါ။ အဲဒီ ကလေးပြုစုရေးကျောင်းက လန်ဒန်အနောက်ပိုင်းမှာရှိပြီး သစ်ပင်တွေတန်းနေတဲ့ လမ်းသွယ်လေးနဲ့ သာယာလှပါတယ်။ ကင်စင်တန် နန်းတော်နဲ့လည်း ခဲတစ်ပစ်စာလောက်ပဲ ဝေးတာပါ။ ဘုရင်မကြီးကတော့ သူ့မြေးကို ရှေးရိုးစဉ်လာအတိုင်း အိမ်မှာပဲ စာသင်ပေးချင်တာဖြစ်ပေမယ့် ဒိုင်ယာနာက သူ့သားတွေကို တခြားရွယ်တူတွေနဲ့ ရောနှောနေစေချင်တယ်။ သားတွေကို သာမန်ကလေးတွေလိုပဲ ကြီးပြင်းစေဖို့ ဒိုင်ယာနာက စီမံချက်ချထားခဲ့ပြီး ဝင်ဆာအိမ်တော်ကိုလည်း အောင်မြင်စွာလုပ်နိုင်ကြောင်း ပြချင်ခဲ့တယ်။ ဒီကိစ္စ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူ သဘောကျကြောင်း ပြောခဲ့ပါတယ်။ အဆင့် B ဆိုတာ ဟယ်ရီရဲ့ အကောင်းဆုံးအဆင့်ပါပဲ။ ပန်းချီမှာ B ရတာပါ။ နောက်ပိုင်း ပန်းချီသင်တဲ့ဆရာမ ဆာရာဖောဆက်က ဒီစာမေးပွဲမှာ ဟယ်ရီက လိမ်ညာပြီးဖြေတယ်လို့ သက်သေမဲ့စွာ ကြေညာပါသေးတယ်။ ဟယ်ရီ ကျောင်းထွက်ခဲ့တဲ့နှစ်မှာပဲ ဒီဆရာမကို အီတင်ကျောင်းက ထုတ်ပစ်ခဲ့တယ်။ ဒီအခါ အသက် ၃၀ အရွယ် ပန်းချီဆရာမက သူဟာ မတရားသဖြင့် အလုပ်ထုတ်ခံရကြောင်း စာတင်တယ်။ ဟယ်ရီက ဝါကျတစ်ကြောင်းကိုတောင် နည်းနည်းလေးပဲရေးခဲ့လို့ အခုလို သူ အဆင့်ရတာလို့ ပြောပါတယ်။ အီတင်က ဆရာမရဲ့ တင်ပြချက်မမှန်ဘူးတဲ့ ပယ်ချတယ်။ ဟယ်ရီ ကိုယ်တိုင်ကလည်း ကြေညာချက်တစ်စောင်ထုတ်ပြီး သူစာမေးပွဲမှာ လိမ်ညာခဲ့တယ်ဆိုတာကို ငြင်းဆိုလိုက်တယ်။ ဒါဟာ သူ့ကို ဂုဏ်သတင်းပျက်စီးအောင် စွပ်စွဲချက်ဖြစ်တယ်လို့လည်း ပြောထားတယ်။ သူဟာ မိသားစုထဲမှာ အတော်ကပဆုံးလူ မဟုတ်ပါဘူးတဲ့။ ဒါပေမဲ့ ပန်းချီမှာတော့ ပါရမီရှိသူပါ။

အခုလို ကျဆုံးတဲ့ကြားက ဟယ်ရီ ရှေ့ဆက်ခဲ့ပါတယ်။ သူ့အနေနဲ့ ဆင်းဟတ်စ် အကယ်ဒမီတက်ဖို့ အဆင့်မီတယ်။ ပျော်ရမယ့်နေ့လိုလည်း ရရှိမယ်။ အခု သူ စိန့်ဂျိမ်းစ်နန်းတော်နဲ့ သိပ်ဝေးဝေးကို လျှောက်မသွားဘူး။ ကင်းခ်ရုတ်မှာ ရှိတဲ့ 'ခရေဇီလာရီ'မှာပဲ ပုံမှန်နေခဲ့လို့ အဲဒီနေရာကို "ခရေဇီလာရီ"လို့ နာမည်တွင်ခဲ့တယ်။ အရက်သောက်ခြင်းကိုတော့ "ကလိုက်ရှင်း"လို့ခေါ်တဲ့ ဘားမှာ သောက်တယ်။ မဟုတ်ရင်... နမ်လောင်လီရှိတ်ကား ဘားမှာထိုင်တယ်။ သူတို့အထဲမှာ ဟယ်ရီက သုံးမျိုးစပ်အရက်ကို အသောက်နိုင်ဆုံး စံချိန်တင်လိုက်တယ်။ သုံးမျိုးစပ်အရက်ဆိုတာ အတော်ပြင်းတဲ့ ရမ်ရယ်၊ ဗော်ကာရယ်၊ အုန်းသီးအရည်ရယ် ရောထားတာပါ။ အဲဒီသုံးမျိုးကိုစပ်ပြီး ဖန်ခွက်ကြီးနဲ့ ပေးတယ်။ ပုံမှန်ဆိုရင် နှစ်ယောက် သောက်လို့ရတယ်။ ဒါအပြင် VIP လို သောက်ချင်လာရင် မတ်စ်ဒိုင်ယာကို "ဆိုးဘား" ဆီ ပို့နိုင်းတယ်။ အဲဒီ မှာက ဆိုင်ပိတ်ချိန်နောက်ပိုင်းလည်း သောက်လို့ရတယ်။ ဒီကိစ္စကြောင့် သူ့အထိန်းအရာရှိတွေ အတော်ကြီး စိတ်ညစ်ခဲ့ကြရပါ တယ်။ သူတို့ခမျာ အပြင်ဘက်က ကားထဲမှာ ထိုင်စောင့်နေရတာ ဟယ်ရီက မိုးလင်းခါနီးကျမှ ထွက်လာတာပါ။ ဟယ်ရီကတော့ ညဘက်အပြင်ထွက်တာ ရိုးနေပြီ။ မကြာခဏလည်း သတင်းစာထဲပါလာတယ်။ "ဟယ်ရီဟာ လွှတ်နေပြီ" ဆိုတာမျိုး။

ကလဲရင့်စ်ဟောက်က သတင်းစာဆရာတွေက ဟယ်ရီနဲ့ နွေရာသီအားလပ်ရက်ဟာ အရက်မူးပြီး ထွေနေမှာပဲလို့ ယူဆထားကြပြီ။ ဟယ်ရီရဲ့ ဖဲယားဝဲလ်ပါတီ နှုတ်ဆက်ပွဲကို ချယ်လ်ဆီး နိုက်ကလပ်မှာလုပ်ခဲ့တယ်။ ဧည့်ခံသူက နိုက်ကလပ်ဖွံ့ဖြိုးရေးလုပ်တဲ့ နစ်ဟောက်ခ်ပါ။ သူက ဝီလျံရဲ့မိတ်ဆွေလည်း ဖြစ်တယ်။

ဟယ်ရီက အင်္ဂလန်မှာ မီဒီယာကိုကျောပေးခဲ့ပြီး၊ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြေပေါ် ခြေချလိုက်တဲ့အခါမှာ နောက်မီဒီယာတွေနဲ့ တွေ့ရပြန်တယ်။ ဩစတြေးလျမှာ ရီပတ်ပလီကင်ပါတီရဲ့ လှုပ်ရှားမှုက မြင့်မားနေချိန်ဖြစ်တယ်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဝီလျံရဲ့ခရီးအပေါ်မှာ ပိုပြီးအာရုံစိုက်နေကြတယ်။ TV နဲ့ ရေဒီယိုစခန်းတွေမှာ တယ်လီဖုန်းတွေ လာနေတယ်။ စိတ်ဆိုးဒေါသဖြစ်နေတဲ့ လူထုက ဘာဖြစ်လို့ ဒီမင်းသားလေးရဲ့ လုံခြုံရေးအတွက် ငွေ ၂၅၀,၀၀၀ ပေါင် သုံးရတာလဲလို့ မေးနေကြတယ်။ လုံခြုံရေးကို ၂၄ နာရီပေးရမှာပါ။ ဒါကတော့ ဝင်ဆာနန်းတော်မှာ ဝီလျံရဲ့ ၂၁ နှစ်မြောက် မွေးနေ့ပွဲ ကျင်းပခဲ့ရာမှာ အာရှန်ဘားဆက်ဆိုတဲ့ အကြမ်းဖက်သမားက ဖိတ်စာမရ၊ အခွင့်မရှိဘဲ အတင်းဝင်ခဲ့တာ မကြာသေးလို့ဘဲ။ ဒါ့အပြင် ဩစတြေးလျမှာလည်း လွန်ခဲ့တဲ့ ကိုးနှစ်က ချားလ်စ်မင်းသား အလုပ်တာဝန်နဲ့ရောက်စဉ် စိတ်မနှံ့တဲ့ ကျောင်းသား တစ်ယောက်က ချားလ်စ်ကို ခြောက်လုံးပြူးနဲ့ နှစ်ချက်ပစ်ခဲ့ဖူးတယ်။ ဒီတော့ နန်းတော်ကလူတွေဟာ စွန့်စားပေါ့ဆလို့ မဖြစ်တော့ဘူး။

အခုခရီးမှာ ဟယ်ရီအဖို့ အတော်ကို စိတ်မချမ်းမသာ စတင်ရတာပါ။ အရာရာဟာ ထင်တာထက် ဆိုးခဲ့တယ်။ ဝီလျံက ငြိမ်းငြိမ်းချမ်းချမ်း၊ ပျော်ပျော်ရွှင်ရွှင်နဲ့ နားရတဲ့နှစ်ကို ဖြတ်သန်းခဲ့ရပေမယ့် ဩစတြေးလျသတင်းဌာနတွေကတော့ ဟယ်ရီကို တစ်ယောက်တည်း မထားရဲဘူး။

ဟယ်ရီဟာ ဘရစ္စဘိန်ရဲ့ အနောက်ဘက်မိုင် ၃၇၀ ရှိ "တူလွန်ဗီလာ" ဆိုတဲ့ အရပ်ကို သိုးသန့်ဂျက်လေယာဉ်နဲ့ သွားခဲ့တယ်။ အဲဒီမှာ သူ တစ်လနေရမှာပါ။ ပိုလိုကစားတဲ့ သူဌေးကြီး စင်ကလဲယားဟီးလ်ရဲ့သားနဲ့ ချွေးမပိုင်ဆိုင်တဲ့ ယာခင်းပေါ်က တစ်ထပ်တိုက်ကလေးမှာနေဖို့ စီစဉ်ထားတယ်။ အဲဒီလူကြီးက ချားလ်စ် ဩစတြေးလျလာစဉ်က ပိုလိုရိုက်ဖို့ သင်ပေးခဲ့ဖူးတယ်။ ဟယ်ရီဟာ မြင်းပြိုင်စီးလေ့ရှိသူမို့ မြင်းပေါ် ခဏချင်းနဲ့ တက်စီးတယ်။ ဒါပေမဲ့ ပထမပတ်ရဲ့ ရက်တွေမှာတော့ ဓာတ်ပုံသမားတွေကို ပုန်းနေခဲ့ရပါသေးတယ်။ ဟယ်ရီလည်း ဒေါသဖြစ်လာတယ်။ ဆစ်ဒနီမှာတုန်းက ဓာတ်ပုံရိုက်ခံဖို့ ဟန်ပြပြီး ယာခင်းကျရင်တော့ တစ်ယောက်တည်းနေဖို့ အပေးအယူလုပ်ခဲ့တာပဲ၊ ယာခင်းမှာ သူက တစ်ပတ်ကို ပေါင် ၁၀၀ နဲ့ အလုပ်လုပ်ဖို့ဖြစ်တယ်။ အခု ဓာတ်ပုံသမားတွေ နှောင့်ယှက်ပြန်တော့ မနေဘူးပြန်တော့မယ်လို့ ခြိမ်းခြောက်ရတယ်။ အခြေအနေက အရေးကြီးလာပြီမို့ စိန့်ဂျိမ်းစ် နန်းတော်က ကြေညာချက်ထုတ်ခဲ့ရတယ်။ ဟယ်ရီကို တစ်ယောက်တည်း ထားဖို့ပါ။ နန်းတော်အရာရှိတွေက "ဟယ်ရီဟာ ပြင်ပက အလုပ်တွေကို သင်ယူချင်လို့ သွားတာ ကင်မရာတွေကို ရှောင်ဖို့မဟုတ်ဘူး" လို့ ဆိုကြတယ်။

ချားလ်စ်က ဟယ်ရီကို ကတိပေးထားတယ်။ ခရစ္စမတ်မတိုင်ခင် ဆစ်ဒနီကိုပြန်ရမယ်၊ ဆစ်ဒနီမှာ ကမ္ဘာ့ဖလားဘောပွဲကြည့်ရမယ်လို့။ ဟယ်ရီရဲ့ နှမဝမ်းကွဲ ဇာရာကလည်း သူ့ချစ်သူ မိုက်ခ်တင်ဒယ်လ်နဲ့အတူ ဆစ်ဒနီမှာ ရှိနေတာမို့ ပိုပြီးအဆင်ပြေတယ်။ ဟယ်ရီကလည်း အင်္ဂလန်က ဘောလုံးသမားနဲ့ နည်းပြကလပ်ခ်ဖ်ဝုဒ်ဝပ်တို့နဲ့ ညှိခံရင်း အလုပ်များနေတာမှာ ဩစတြေးလျ သတင်းသမားတွေက ဟယ်ရီရဲ့ ဒီခရီးဟာ ငွေဖြုန်းခြင်း သက်သက်ပဲလို့ ရေးကြပြန်တယ်။ ဒီစကားဟာ ဒေးလီးတယ်လီဂရပ်ကို ဩစတြေးလျ ရီပတ်ဗလီကင် လှုပ်ရှားမှုဥက္ကဋ္ဌက ပြောတာပါ။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ အင်္ဂလန် ပြန်ရောက်လာတဲ့အခါမှာတော့ သူ့အတွက်နားနေချိန် တစ်နှစ်ကို နောက်ထပ် တစ်နှစ် တိုးပေးကြောင်း ကြေညာပြီးဖြစ်နေတယ်။ သူ့ဖခင်ရဲ့ အတည်ပြုချက်နဲ့ ဆင်းဟတ်စ် တပ်မတော်ကျောင်းတက်ဖို့ကိစ္စ တစ်နှစ်ရွှေ့ဆိုင်းလိုက်တယ်။ ဒါကြောင့် သူ့အစ်ကို အာဖရိကသွားမယ့်ခရီးမှာ အတူလိုက်ပါနိုင်တော့မှာ ဖြစ်ပါတယ်။

ဟယ်ရီလည်း လန်ဒန်က သူ့အချစ်တော် နိုက်ကလပ်တွေဆီ ခြေဦးပြန်လှည့်ခဲ့တယ်။ အဲဒီမှာ "လော်ရင်းပုပ်" ဆိုတဲ့ အသက် ၂၀ အရွယ် မော်ဒယ်မိန်းကလေးနဲ့ သူတွဲခဲ့တာကို သတင်းစာထဲ မပါခင် သူ "လီဆိုသို" ဆိုတဲ့မြို့ကို လေယာဉ်နဲ့ သွားခဲ့တယ်။ လီဆိုသိုက တောင်အာဖရိက တောင်တန်းတွေကြားက မြို့သေးသေးလေးပါ။ ကမ္ဘာပေါ်မှာ AIDS ဖြစ်နှုန်း အများဆုံးနေရာ ဖြစ်တယ်။ လီဆိုသိုဆိုတဲ့စကားက "မေ့ထားသော နယ်မြေ"လို့ အဓိပ္ပာယ်ရပါတယ်။ စုစုပေါင်းလူဦးရေ နှစ်သန်းတောင် မရှိဘူး။ တစ်ဝက်ကျော်က ဆင်းရဲမှုလိုင်းရဲ့အောက်မှာ ရှိတယ်။ မြို့လေးက ငယ် လွန်းတော့ အများအားဖြင့် မြေပုံထဲမှာမပါဘူး။ ဒီအချက်ကြောင့်ပဲ နောင် နှစ်နှစ်အကြာ ဟယ်ရီက သူ့ရဲ့ ကရုဏာ လုပ်ငန်းစတင်တဲ့အခါ ဒီနေရာကို ရွေးချယ်ခဲ့တာ ဖြစ်တယ်။ ဩစတြေးလျခရီးက ပျော်စရာ ဖြစ်သလောက် အာဖရိက နှစ်လတာ ခရီးကဖြင့် သူ့မိခင်ရဲ့ လူသားချင်းစာနာတဲ့ အလုပ်တွေ စတင်ဖို့ ဖန်တီးခဲ့ပါတော့တယ်။

ဟယ်ရီ တကယ်လုပ်မလုပ် သေချာအောင် သူ့ဖခင်ရဲ့ သတင်းခေါင်းဆောင် ပယ်ဒီဟာဗာဆင်လည်း အာဖရိက ကို လိုက်ပါသွားခဲ့တယ်။

"ဟယ်ရီဟာ လီဆိုသိုမှာ အမှန်တကယ် စိတ်ပါလက်ပါ ဝင်စားပြီး လူငယ်တွေရဲ့ ကောင်းစားရေးကို လုပ်ဖို့စိတ်ဝင်စားခဲ့တယ်"လို့ ဟာဗာဆင်က ဆိုတယ်။ ဒီကိုလာခဲ့ခြင်းဖြင့် သူဟာ ပြဿနာတွေကို သိလာတယ်။ လီဆိုသိုဘုရင်ရဲ့ညီ စီစီယိုမင်းသားနဲ့အတူ "မေ့ထားသောနယ်မြေ"ဆိုတဲ့ ရုပ်ရှင်သတင်းကားနှစ်ခု ရိုက်ကူးခဲ့တယ်။ အဲဒီမှာ မိဘမဲ့ကလေးတွေနဲ့ ပတ်သက်ပြီး သူတို့လုပ်ခဲ့တဲ့ အလုပ်အကြောင်း ပါပါတယ်။

သူ အာဖရိက ရောက်ရောက်ချင်းမှာပဲ အာဖရိကအပူကို ခံစားရတယ်။ ခေါင်းတုံးရိပ်ပြီး အေးအောင်လုပ်တယ်။ မိဘမဲ့ကလေးများဂေဟာမှာ ခြံစည်းရိုးကာခြင်းကို တခြား လုပ်အားပေးရှစ်ဦးနဲ့အတူ လုပ်ရတယ်။ ကလေးတွေအရိပ်ရဖို့ သစ်ပင်စိုက်ရတယ်။ ဒီကလေးအများစုဟာ သူတို့မိဘတွေက AIDS နဲ့ သေဆုံးခဲ့ကြတာ ဖြစ်တယ်။ အဲဒီမှာ အလုပ်ကြမ်း လုပ်ရတာ ပင်ပန်းပေမယ့် သူပျော်ပါတယ်။ အချိန်အားလေး ရတာနဲ့တစ်ပြိုင်နက် ကလေးတွေကိုစုပြီး ရပ်ဘီဘောလုံးကစား နည်း၊ ရပ်ဘီ ဘောလုံးကစားနည်းက တစ်ဖက် ၁၅ ယောက်ပါ။ ဘောလုံးက ဘဲဥပုံဖြစ်တယ်။ ဟယ်ရီက အိမ်က လာကတည်းက ရပ်ဘီဘောလုံးရော၊ ဆော်ကာဆိုတဲ့ ၁၁ ယောက် ကစားတဲ့ ဘောလုံးအလုံးကိုပါ သယ်သွားခဲ့တယ်။

ကလေးတွေစုပြီးတဲ့အခါ ဘောလုံးစည်းကမ်းတွေကို စိတ်ရှည်လက်ရှည် ရှင်းပြတယ်။ ပြီးမှ အသင်းခွဲသင်း ခွဲပြီး ကစားခိုင်းတယ်။ ကလေးတွေက အော်ဟစ်ပြေးလွှား၊ မြေနီမှုန့်တွေ ကန်ထုတ်ကြတယ်။ ဟယ်ရီလည်း သူ့အလုပ်ကို

www.burmeseclassic.com

the bookhouse we bring your future

www.burmeseclassic.com



သူ ကျေနပ်နေခဲ့တယ်။ သူ့အမေလိုပဲ သူလည်း ကလေးတွေကို ချစ်တယ်။ သူ့အမေလိုပဲ သူလည်း HIV ပိုးရှိသူတွေနဲ့ ထိတွေ့ရတာကို မကြောက်ဘူး။

"ဒီနိုင်ငံဟာ အကူအညီလိုနေတဲ့ နိုင်ငံပဲ" လို့ သူ မှတ်ချက်ချတယ်။ ပြီးတော့ ၁၀ လအရွယ် ကလေးလေးကို သူပတွေးက မုဒိမ်းကျင့်တာခံခဲ့ရလို့ ကလေးကို သူပွေ့ချီရတဲ့အခါ သူ မျက်ရည်ကျလုနီးပါး ခံစားရပါတယ်။ ဒီကလေးလေးကို သူ တစ်အားသနားခဲ့ရလို့၊ ကလေးထိန်းတဲ့လူတွေဆီ စာရေးတယ်။ နောက် စက်တင်ဘာမှာ ကလေးလေးကို တွေ့ချင်လို့ လီဆိုသိုကို တိတ်တဆိတ် သွားခဲ့ပါသေးတယ်။

အခုအခါ ဟယ်ရီဟာ ကဏ္ဍာသစ်နဲ့ အိမ်မှာနေနေပါတယ်။ မီဒီယာတွေကလည်း ဒီခရီးကို အောင်မြင်တယ်လို့ ဆုံးဖြတ်ကြပါတယ်။ လီဆိုသိုမှာ သူလုပ်ခဲ့တာတွေဟာ ငယ်ငယ်က အရိုင်းကလေးအဖြစ် သတင်းကြီးခဲ့တာကို မေ့မှိန်စေခဲ့ပါတယ်။

ဒါပေမဲ့ ဟယ်ရီဟာ ၂၀၀၄ မှာ ကိပ်တောင်းကို ခရီးထွက်ပြန်တယ်။ အဲဒီမှာ မမျှော်လင့်ဘဲ ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်။ သူက ဇင်ဘာဘွေဖွား ချယ်လ်ဆီးဒေဗီဖြစ်ပြီး၊ စတိုဝီကျောင်းမှာ နောက်ဆုံးနှစ်ဖြစ်တယ်။ သူ ၃ နှစ်အရွယ်ကစပြီး အင်္ဂလန်မှာနေခဲ့တယ်။ သူ့မိဘတွေက ဇင်ဘာဘွေကနေ တောင်အာဖရိကကို ပြောင်းသွားတော့ သူက ချယ်လ်တင်ဟန်ကောလိပ်မှာ တက်ရပြီး စံပြကျောင်းသူ ဖြစ်လာတယ်။ သူက ဟယ်ရီရဲ့ ကလပ်အိတ်ချ်ထဲ ရောက်လာခဲ့ပြီး ဖြစ်ပေမယ့် ချယ်လ်ဆီးက နောက်ဆုံးနှစ် စာကြိုးစားလို့ ဘာမှမဖြစ်ခဲ့ကြဘူး။ ချယ်လ်ဆီးက A အဆင့်တွေ ပြီးတဲ့အခါ ကိပ်တောင်းတက္ကသိုလ်မှာ နိုင်ငံရေး၊ ဒဿနိက၊ စီးပွားရေးဘာသာတက်နေတာ ဖြစ်တယ်။

အခု ကိပ်တောင်းမှာ ပြန်တွေ့တော့ ဟယ်ရီလည်း ပျော်သွားတယ်။ ချယ်လ်ဆီးက မြင်းစီးရတာတွေ၊ မြွေဖမ်းရတာတွေ ပြောပြခဲ့ဖူးတယ်။ ကိပ်တောင်းသွားတော့ ချယ်လ်ဆီး လိပ်စာတောင်းသွားခဲ့တယ်။

အဲဒီအချိန်မှာ ဟယ်ရီဟာ ချယ်လ်ဆီးကို အရူးအမူးတွေ့ချင်နေတယ်။ ဗြိတိန်မှာ ကျန်ရစ်ခဲ့တဲ့ ချယ်လ်ဆီးနဲ့ သူ့ကို မိတ်ဆက်ပေးခဲ့တဲ့သူငယ်ချင်းဆီ ဖုန်းဆက်ပြီး ချယ်လ်ဆီးလိပ်စာ၊ ဖုန်းနံပါတ်၊ တခြား အသေးစိတ်တွေ မေးတယ်။ ချယ်လ်ဆီးနဲ့ တယ်လီဖုန်းတန်းပြီး အဆက်အသွယ်ရခဲ့တယ်။ ချယ်လ်ဆီးက သူ့ကို မင်းသားဆိုတဲ့ အနေအထားနဲ့ သဘောမထားပါဘူး။ စိတ်ဝင်စားစရာ ဆွဲဆောင်မှုရှိတဲ့ လူတစ်ယောက်အဖြစ်နဲ့ပဲ သဘောထားတာပါ။ ဒီလိုနဲ့ သူတို့ချင်း တွေ့ခဲ့ကြတယ်။ ချက်ချင်းပဲ ရင်းနှီးရောတွေးခဲ့ကြတယ်။ တခြားသူငယ်ချင်းတွေနဲ့ ဖက်ရှင်ကျတဲ့ နိုက်ကလပ်ကို သွားတယ်။ နောက်ဆုံးနာရီမှာတော့ ကပွဲကြမ်းပြင်မှာ ဖက်လို့မပြီးနိုင် ဖြစ်သွားကြရော။

ဟယ်ရီက ချယ်လ်ဆီးကိုတွေ့ဖို့ အကြိမ်များစွာ သွားခဲ့တယ်။ တစ်ခါတလေ သူ့အစောင့်အရှောင်နဲ့အတူ ချယ်လ်ဆီး မိသားစုအိမ်ရှိတဲ့ "ဒါဗင်" ကို လေယာဉ်နဲ့သွားတယ်။ တချို့ရက်တွေမှာ ချယ်လ်ဆီးနဲ့ သူ့အစ်ကို "ရှန်" လိုက်ပါပြီး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ချယ်လ်ဆီးတို့ပိုင် ပင်လယ်ကွေ့က နေအိမ်မှာနေကြတယ်။ စနေ၊ တနင်္ဂနွေ နားရက်တွေမှာ ပျော်စရာကောင်းတဲ့ ပင်လယ်နားအချိန် ကုန်ခဲ့ကြတယ်။ ချယ်လ်ဆီးကလည်း ကိပ်တောင်းကို နေရာအနှံ့ပြချင်တယ်။ ဒီတော့ ချယ်လ်ဆီးရဲ့ မာစီးဒီးစ်ကို မောင်းပြီး ပင်လယ်ကမ်းခြေတစ်ခွင် လျှောက်သွားခဲ့ကြတယ်။ အဲဒီနွေကုန်လို့ ဟယ်ရီက ချယ်လ်ဆီးကို အနမ်းနဲ့ နှုတ်ဆက်တဲ့အခါ မကြာခင် ပြန်တွေ့ကြဖို့ ကတိပေးလိုက်တယ်။

လန်ဒန်ပြန်ရောက်တဲ့အခါ ချယ်လ်ဆီးဆီ ပြန်သွားဖို့ရက်တွေကို ရေတွက်နေခဲ့တယ်။ အဲဒီကာလမှာပဲ လန်ဒန် အပြင်ဘက်က ''ပန်ဂါ''ဆိုတဲ့ နိုက်ကလပ်မှာ သတင်းသမားတွေနဲ့ ရန်ပွဲဖြစ်ခဲ့ရတယ်။ သူက သူငယ်ချင်းတစ်စုနဲ့ ပျော်ချင်လို့ထွက်လာတာ၊ ဓာတ်ပုံသမားတွေက ဖွတ်ဝင်လာတော့ အရက်ကလည်း မူးနေ၊ ကင်မရာမီးလုံးတွေကလည်း ထိုးဆိုတော့ ဟယ်ရီ သည်းမခံနိုင်ဘဲ ဓာတ်ပုံသမား ခရစ်စ်အန်ကယ်ကို ထိုးကြိတ်ပစ်လိုက်တယ်။ သူ့အရာရှိက ဟယ်ရီကို ဆွဲခေါ်သွားတဲ့အခါ ဓာတ်ပုံဆရာတော့ နှုတ်ခမ်းကွဲပြီး ကျန်ရစ်တယ်။ ဒါဟာ ဟယ်ရီနဲ့ ပါပါရာဇီတွေအကြား နောက်ဆုံးဓာတ်လမ်းတွဲတော့ မဟုတ်ဘူး။ အဲဒါပြီးတော့ ဟယ်ရီလည်း အင်္ဂလန်က လူသိမခံဘဲ ထွက်ခဲ့တယ်။

ဟယ်ရီနဲ့ ချယ်လ်ဆီးတို့ဟာ ညလေပြည်ကို ခံစားရင်း၊ ကြယ်တွေဆီ ဖန်ခွက်တွေ မြှောက်ပြလိုက်ကြတယ်။ သူတို့ အခု အာဂျင်တီးနား အရှေ့မြောက်ဘက်က ''ရိုင်းစ်''ဆိုတဲ့နယ်ကို သီးသန့်လေယာဉ်နဲ့ ရောက်လာကြတာပါ။ ဒီရက်အား သူတို့တွေ့ဆုံမှုက အစစ ပြီးပြည့်စုံခဲ့တယ်။ တစ်နေ့လုံး လျှောက်သွားခဲ့ကြပြီး လတ်ဆတ်တဲ့ ငါးကင်ကို ဖယောင်းတိုင်မီးရောင်အောက်မှာ စားခဲ့ကြတယ်။ ပြီးတော့ သီးသန့်အငှားဆောင်တစ်ဆောင်မှာ ကြီးမားတဲ့ ခုတင်ကြီးပေါ် အတူအိပ်ခဲ့ကြတယ်။

လရောင်အောက်က ချယ်လ်ဆီးကိုကြည့်ရင်း မိန်းကလေးတစ်ယောက်ဆီမှာ သူလိုချင်တဲ့အရာအားလုံး ချယ်လ်ဆီး မှာ ရှိနေတယ်လို့ သူ သိလာတယ်။ သူ့ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် သူဟာ ချယ်လ်ဆီးကို တကယ်ချစ်နေမိပြီဆိုတာကို တအံ့တသြ ဝမ်းသာအားရနဲ့ သိလိုက်ရတယ်။ ပိုပြီး အံ့ဩစရာကောင်းတာက သူဟာ ချယ်လ်ဆီးကို လျှို့ဝှက်ထားဖို့ စဉ်းစားမိခြင်းပါ။ ကိပ်တောင်းမှာရှိတဲ့ တခြားသူငယ်ချင်းတွေက သူတို့ ချစ်သူဖြစ်နေပြီဆိုတာ သိကြပေမယ့် သူက ဖွင့်ဟဝန်မခံဘူး။ သူ ယုံကြည်ရင်ဖွင့်တာက သူ့အစ်ကိုတစ်ယောက်တည်းကိုပါ။ ဝီလျံကလွဲရင် သူနဲ့အတူ ပိုလိုကွင်းမှာ ရှိခဲ့တဲ့ အားလ်ရီမင်ဆိုပဲ သိတယ်။ တခြား ဘယ်သူ့ကိုမှ အသိမပေးပါဘူး။

ဒါပေမဲ့ နိုဝင်ဘာ ရောက်တဲ့အခါမှာတော့ ဒီဇာတ်လမ်းက ပေါ်သွားပါတယ်။ တည်းခိုအိမ်က ဝန်ထမ်း တစ်ယောက်က သူတို့အကြောင်း သိသွားတဲ့အခါ မေးလ်အွန်ဆန်းဒေးကို ဖွင့်ချခဲ့တာဖြစ်တယ်။ ဟယ်ရီနဲ့ချယ်လ်ဆီးတို့ဟာ တခြား စုံတွဲတွေလိုပါပဲ၊ လက်ချင်းတွဲကြ၊ နမ်းကြနဲ့ အရမ်းချစ်ကြပုံရတယ်။ ဟယ်ရီကလည်း တစ်ခါမှာ ချယ်လ်ဆီးဟာ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ပထမဆုံးအချစ်စစ်လို့ ဝန်ခံခဲ့ကြောင်း ပြောပြခဲ့တယ်။ အရင်က သူ ကောင်မလေးတွေနဲ့ တွဲဖူးပေမယ့် မူးနေတုန်းမို့ပါ။ ဘာမှ ထူးထူးခြားခြား မရှိဘူး၊ ချယ်လ်ဆီးကျမှ တကယ်ချစ်သွားတာ။ ချယ်လ်ဆီးဟာ အားလုံးထဲမှာ ထိပ်ဆုံးပဲလို့ ဆိုတယ်။

ကမ်းခြေကနေ သူ နို့အဲရစ်စ်ကို ပြန်ရောက်တဲ့အခါ သူတို့အခြေအနေက ပိုပြီးခိုင်လာပါတယ်။ တောင်အာဖရိကမှာ ချယ်လ်ဆီးရဲ့မိဘတွေနဲ့တောင် အားလပ်ရက် အချိန်ပေးနိုင်ခဲ့တယ်။ အမှန်က ဟယ်ရီဟာ ဇင်ဘာဘွေက မြေပိုင်ရှင်သူဌေးကြီးဖြစ်တဲ့ ချယ်လ်ဆီးအဖေနဲ့ အတူပါ။ ဒီနေရာမှာ ဒီသူဌေးရဲ့ ကုမ္ပဏီက အဲဒီနိုင်ငံသမ္မတနဲ့ အဆက်အသွယ်ရှိလို့ နယ်မြေအတွင်း ဆင်တွေ၊ ခြင်္သေ့တွေ ပစ်ခွင့်ရတယ်လို့ သတင်းထွက်တယ်။ သူဌေးကတော့ သမ္မတနဲ့ လက်ခွဲနှုတ်ဆက်တာ တစ်ခါမှမလုပ်ခဲ့ကြောင်း ငြင်းဆိုပြီး ချယ်လ်ဆီးကလည်း သူ့ဖခင်ကုမ္ပဏီဟာ အစိုးရနဲ့မပတ်သက်ကြောင်း ကြေညာတယ်။

ဟယ်ရီလည်း ချယ်လ်ဆီး မိသားစုနဲ့ မိုဇမ်ဘစ်ကမ်းခြေ ဟိုဘက်၊ "ဘာဇာရိုတို" ဆိုတဲ့ကျွန်းမှာ ခရစ္စမတ်အကြိုကာလတွေထဲ နေဖြစ်ခဲ့တယ်။ တောက်ပတဲ့ အိန္ဒိယသမုဒ္ဒရာထဲမှာ လင်းပိုင်တွေ၊ ငါးမန်းဖမ်းတဲ့ အုပ်စုတွေကိုမြင်ခဲ့ရတယ်။ နောက်ဆုံးရက်မှာဆိုရင် ချယ်လ်ဆီးအစ်ကိုနဲ့ "မီးတောင်"လို့ခေါ်တဲ့ ကစားနည်းကစားခဲ့ရတယ်။ ဒီကစားနည်းက ကမ်းခြေမှာ ဖော်ကာနဲ့ ငရုတ်ရည်ရောပြီး သောက်တဲ့ပွဲပါ။ ဒါမျိုး တစ်ခါမှမကြုံဖူးတဲ့ ဟယ်ရီဟာ အရင်တုန်းက မပျော်ဖူးတဲ့ ပျော်ရွှင်မှုကို ခံစားခဲ့ရပါတယ်။ ဒါပေမဲ့ အဲဒီအပျော်ခရီးပြီးလို့ အိမ်ပြန်ရောက်တဲ့အခါမှာတော့ သူ့ဘဝမှာ အကြီးမားဆုံး နိုင်ငံရေးမုန်တိုင်းကြီးနဲ့ ကြုံခဲ့ရပါတော့တယ်။ စစ်ထဲဝင်ပြီး အမှုထမ်းဖို့ကိစ္စဟာ မစခင်မှာ အမြိမ်းခြောက်ခံလိုက်ရပါပြီ။

အချိန်က ၂၀၀၅ ခု၊ ဇန်နဝါရီပါ။

ဝီလျံရော၊ ဟယ်ရီပါ သူတို့သူငယ်ချင်း "ဟယ်ရီမယ်ဒယ်"ရဲ့ ၂၂ နှစ်မြောက် မွေးနေ့အတွက် ပြင်ဆင်နေတယ်။ ဒီတ်စာ ဟိုင်းဂရို့ဗ်မှာ ရောက်ပြီးကတည်းကပါ။ ဟယ်ရီမယ်ဒယ်ရဲ့အဖေက အိုလံပစ်အခုန်သမားပါ။ သူက သူ့ခြံထဲမှာ ဧည့်သည်တွေဖိတ်ပြီး ညစာကျွေးမယ်၊ ရှန်ပိန်တိုက်မယ်၊ ပြီးတော့ ပျော်ပွဲရွှင်ပွဲလုပ်မယ်။ ဧည့်သည်တွေက "တိုင်းရင်းသားနဲ့ ကိုလိုနီခေတ်ပုံစံ" ဝတ်လာဖို့ ဖြစ်ပါတယ်။ ဒီအခါ ဝီလျံက အပျော်သဘောဆောင်အောင် ခြင်္သေ့လိုဝတ်ဖို့ ရွေးချယ်ခဲ့တယ်။ ခြေအိတ်ကျပ်ကျပ် အမွေးဖွားဖွား လက်ဝါးတွေနဲ့ပေါ့။ သူငယ်ချင်းဂိုင်းပယ်လီက "ဘုရင်မကြီး"ပုံ ဝတ်တယ်။ ဟယ်ရီကတော့ စိတ်ကူးတစ်မျိုးရတယ်။ ဟိုင်းဂရို့ဗ်အနီးမှာရှိတဲ့ ဝတ်စုံဆိုင်ကိုသွားကြည့်ပြီး ဒုတိယကမ္ဘာစစ်အတွင်းက "နာဇီ"ဝတ်စုံကို သဘောကျသွားတယ်။ သူက အရောင်ကိုကြိုက်တာပါ။ ဘာမှ ပြဿနာဖြစ်စေချင်တဲ့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒမရှိပါဘူး။ အံ့ဩစရာကောင်းတာက စတိုးဆိုင်ကို အတူလိုက်သွားကြတဲ့ ဝန်ထမ်းတွေရော၊ အစောင့်အရှောက်ရှိတွေကပါ ဒီဝတ်စုံဟာ မသင့်တော်ဘူးလို့ မပြောခဲ့ကြတာပါ။

ဧည့်သည်အားလုံးဟာ ဆာဖရီဝတ်စုံ၊ ကောင်းဘွိုင်ဝတ်စုံ၊ တချို့လည်း အမေရိကန် တိုင်းရင်းသားဝတ်စုံ စသဖြင့် ဝတ်လာကြတယ်။ နာဇီဝတ်စုံနဲ့ ဟယ်ရီရောက်လာတဲ့အခါမှာတော့ ပြဿနာတော့ ဖြစ်တော့မှာပဲလို့ မှတ်ချက်ချမိကြတယ်။

ဧည့်သည်ထဲက တစ်ယောက်က 'ဆန်း' သတင်းစာကို ဟယ်ရီရဲ့ဝတ်စုံနဲ့ ဓာတ်ပုံကို ရောင်းခဲ့တယ်။ ဒီအချိန်မှာ ဟယ်ရီတစ်ယောက် မုန်တိုင်းကြားထဲ ရောက်သွားပြီဆိုတာ နားလည်သွားခဲ့တယ်။ သတင်းစာမျက်နှာဖုံးမှာ ဟယ်ရီက ဆေးလိပ်သောက်ရင်း၊ အရက်သောက်ရင်း အင်္ကျီလက်မောင်းမှာ ဂျာမနီအလံကြီးက လွင့်လို့၊ ဘယ်ဘက် လက်မောင်းမှာက အနီရောင်နာဇီ၊ စကြာအမှတ်တံဆိပ်ကြီးနဲ့။ ပိုဆိုးတာက အဲဒီရက်ပိုင်းမှာ ပိုလန် "အောက်စ်ဝစ်ချ်" မြို့မှာ ၆၀ နှစ်မြောက် လွတ်လပ်ရေးရတဲ့ အထိမ်းအမှတ်ပွဲ ကျင်းပနေတယ်။ အောက်စ်ဝစ်ချ်ဆိုတာ နာဇီတို့က ဂျူးတွေကို သန်းနဲ့ချီပြီး အစုလိုက်အပြုံလိုက် သတ်ခဲ့တဲ့နေရာပါ။ နာမည်ဆိုး၊ နာမည်ကြီးနေရာ။ အဲဒီနေရာ အဲဒီပွဲကျင်းပနေတာမှာ ဘုရင်မကြီး ကိုယ်စား အက်ဒွပ်မင်းသားက လေးစားမှုပြတဲ့အနေနဲ့ တက်ရောက်နေတဲ့အချိန်ပါ။ ဒီအချိန်မှာမှ မသိသား ဆိုးရွားစွာ ဟယ်ရီက နာဇီဝတ်စုံနဲ့ သတင်းစာထဲ ပါလာပြီ။

တုံ့ပြန်မှုက အတော် ကြောက်စရာကောင်းပါတယ်။

ဟယ်ရီက ချက်ချင်းပဲ သူ့ဝတ်စုံရွေးတာ မှားသွားကြောင်း တောင်းပန်တယ်။ ဒါပေမဲ့ မလုံလောက်တော့ဘူး။ ဒေါသကြီးတဲ့ဖုန်းတွေ လာနေတယ်။ တပ်မတော်ဝန်ကြီးဟောင်း၊ လေဘာပါတီလွှတ်တော်အမတ် ဟင်ဒါဆင်ကတော့ ဟယ်ရီကို ဆင်းဟတ်စ် တော်ဝင်တပ်မတော် အကယ်ဒမီမှာ လျှောက်ထားတဲ့ကိစ္စ ဝင်ခွင့်မပြုရဘူးလို့ ပြောလာပါတော့တယ်။ တခြားလူသာဆိုရင် လျှောက်လွှာကို စဉ်းစားစရာတောင် မလိုဘူး အမြန်ဆုံး ပယ်ချရမှာပဲလို့ ဟင်ဒါဆင်က ဆိုပါတယ်။ ဗြိတိသျှ ဂျူးလူမျိုးများအဖွဲ့ကလည်း ဟယ်ရီရဲ့ဝတ်စုံဟာ ဆိုးရွားတာ ထင်ရှားနေတယ်လို့ ပြောတယ်။

ဗြိတိသျှ သတင်းလောကအနေနဲ့ကတော့ ချားလ်စ်ကိုပဲ လက်ညှိုးထိုးကြပြန်တယ်။ ဘာဖြစ်လို့ ဒီလိုဆန့်ကျင်တဲ့ ဝတ်စုံနဲ့ ထွက်စေခဲ့တာလဲ။ ချားလ်စ်ဟာ သူ့သားကို လမ်းညွှန်နိုင်ရမှာပေါ့။ ဘာဖြစ်လို့ အနီးကပ် စောင့်မကြည့်ခဲ့တာလဲ။ စသဖြင့် မေးခွန်းတွေ မေးလာတယ်။ အဖြေကတော့ အဲဒီအချိန်မှာ ချားလ်စ်က ကမီလာနဲ့အတူ စကော့တလန်သွားပြီး နှစ်သစ်ကူးပွဲအတွက် ပျော်မြူးနေခဲ့လို့ပဲ။ ဒါ့အပြင် ဝီလျံကိုလည်း ပထမဆုံးအကြိမ် အပြစ်တင်ကြတယ်။ ဝီလျံကော ဒီနာဇီဝတ်စုံကြီးကို ဝတ်တာ မသင့်တော်ဘူးလို့ ကိုယ့်ညီလေးကို သတိမပေးဘူးလား။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကင်ဟမ်နန်းတော်က အမှုထမ်းတွေ ပြောကြားချက်အရ ဘုရင်မကြီးလည်း အကြီးအကျယ် စိတ်ဆိုးသွားခဲ့တယ်။ ဗြိတိန်နဲ့ ဓနသဟာယနိုင်ငံတွေရဲ့ အနာဂတ် သံတမန်ဖြစ်မယ့်လူဟာ ဒီထက်ကောင်းကောင်း သိသင့်တယ်။ သူ့အနားမှာ ထိန်းသိမ်းရတဲ့ လူတွေကလည်း သူ့ကို လိမ္မာအောင်ထားရမယ့် တာဝန်ရှိတယ်။ သူ့ကြင်ရာတော်ကို မကြာခဏ လူထုက မကောင်းစွပ်စွဲခံနေရတဲ့အချိန်မှာ ဒီဟယ်ရီ့ကိစ္စက ပိုပြီး ပျက်စီးစေပါတယ်။ ဟယ်ရီဟာ မစဉ်းစား မချင့်ချိန် တတ်တဲ့အပြင် သာမန်လူတိုင်း နားလည်သလိုတောင် နားမလည်ဘူးလို့ ဘုရင်မကြီး မှတ်ယူသွားတယ်။ ဒါအပြင် ဖခင်ရဲ့ သွန်သင်ဆုံးမမှုကို လိုနေတယ်လို့လည်း ယူဆတယ်။

နိုင်ငံတွင်း သတင်းစာတွေမှာ လူထုဆန္ဒကောက်ယူခဲ့တဲ့အခါ ၅၃ ရာခိုင်နှုန်းက ချားလ်စ်နေရာမှာ ဝီလျံက ဘုရင်မကြီးကို ဆက်ခံသင့်ကြောင်း ဖြေဆိုခဲ့ကြတယ်။ ဘုရင်မကြီးလည်း လူထုအသံရိုက်ခတ်မှု ခံရပါတယ်။ အခုလို ဆဖန်မှုတွေက ပြင်သစ်နဲ့ဂျာမနီထိအောင် ပျံ့နှံ့သွားခဲ့တယ်။ ဒီအခါမှာ ချားလ်စ်ဟာ ဟယ်ရီကို လွှတ်ထားလို့ မဖြစ်တော့မှန်း သိလာ တယ်။ ဟယ်ရီက အနူးအညွှတ် တောင်းပန်ခဲ့ပြီးပါပြီ။ ချားလ်စ်အနေနဲ့ကတော့ ဒါဟာ လုံလောက်ပါတယ်။ ဆင်းဟတ်ခ်ကိုတော့ ရက်သတ္တအနည်းငယ် ရှောင်နေပြီး ဟယ်ရီက သိုသိုသိပ်သိပ်နဲ့ လူမြင်သူမြင်မခံဘဲ နေဖို့လိုတယ်လို့ ချားလ်စ်က ယူဆတယ်။

ဒီတော့ ဟယ်ရီဟာ ခုအချိန်မှာ နိုက်ကလပ် မသွားရ။ သူငယ်ချင်းတွေနဲ့ ပါတီမလုပ်ရ။ အဲဒီအစား ကျန်တဲ့ အစ်လမှာ သူတို့ပိုင် ယာခင်းဆီသွားပြီး ဝက်တွေကို သန့်ရှင်းရေးလုပ်ရမယ်လို့ ဟယ်ရီကို ပို့လိုက်ပါတော့တယ်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တော်ဝင်မိသားစုဝင်များဟာ ရှေးရိုး အစဉ်အလာအရ အောက်စ်ဖို့ဒ်နဲ့ ကိန်းဘရစ်ချ်ကိုပဲ သွားတက်ခဲ့ကြတာပါ။ ဝီလျံကတော့ နှစ်ပေါင်း ၁၅၀ လုံးလုံး ကျင့်သုံးခဲ့တဲ့ အစဉ်အလာကို ချိုးဖျက်ပြီး စိန့်အင်ဒရူးတက္ကသိုလ်ကို တက်ခဲ့တယ်။ စိန့်အင်ဒရူးက စကော့တလန်မှာရှိတဲ့ ရှေးအကျဆုံး တက္ကသိုလ်ပဲ။ သူ့ဖခင် ချားလ်စ်၊ သူ့ဦးလေး အက်ဒ်ဝပ်၊ သူ့ဘေးတော် ဆဋ္ဌမမြောက် ဂျော့ဘုရင်တို့ဟာ ကိန်းဘရစ်ချ်မှာပဲ တက်ခဲ့ကြတာ ဖြစ်တယ်။ ဒါပေမဲ့... အနုပညာသမိုင်း (ပန်းချီပညာသမိုင်း)ကို စိန့်အင်ဒရူးမှာ လေးနှစ်တက်ရမယ် ဆိုတာ အကောင်းဆုံးပါ။ ဝီလျံအဖို့လည်း တော်ဝင်အလုပ်တွေကို တတ်နိုင်သမျှ ဝေးဝေးရှောင်ထားချင်တာ ဆိုတော့ ဒီ လေးနှစ်သင်ရိုးကို နှစ်ခြိုက်ပါတယ်။

ဘုရင်မကြီးကလည်း သူ့မြေးတော်က လူကုံထံကျောင်းမှာ ဝင်ခွင့်လျှောက်တာကို သဘောကျပါတယ်။ ဒီကျောင်းမှာ စကော့တလန်ဘုရင် ပဥ္စမမြောက် ဂျိမ်းစ်က ၁၆ ရာစုကတည်းက တက်ခဲ့တာပါ။ မိခင်ဘုရင်မကြီးကလည်း ဒီတက္ကသိုလ်နဲ့ အဆက်အစပ် ရှိပါတယ်။ ၁၉၂၉ တုန်းက ဒီတက္ကသိုလ်က ဘုရင်မကြီးကို ဂုဏ်ထူးဆောင် ဒီဂရီ ချီးမြှင့်ခဲ့တာပါ။

အခန်း - ၉
စိန့်အင်ဒရူးတက္ကသိုလ်မှာ ...

*"ကျွန်တော် လက်ချာပေးနေတုန်း ဝီလျံ အိပ်ငိုက်နေတာ မှတ်မိတယ်။ ကျွန်တော်က "ဘုရင်ဖြစ်တည်မှု" အကြောင်း ကျွန်တော်သင်ရင် စိတ်ဝင်စားမှု တစ်အားကောင်းတယ်လို့ ထင်ထားတာပါ။ အတန်းထဲမှာက ကျောင်းသား ၂၅၀ လောက်ရှိတာမို့ သူ အိပ်ငိုက်နေတာကို ကျွန်တော် မသိဘူးလို့ ဝီလျံက ထင်ကောင်း ထင်လိမ့်မယ်။*

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဝီလျံလည်း ၂၀၀၁ ခု၊ စက်တင်ဘာ ၂၃ မှာ စိန့်ဆယ်လ်ဗာတာ အဆောင်ကို ရောက်သွားတယ်။ ဂျင်းဘောင်းဘီ၊ ရှပ်အင်္ကျီ၊ သိုးမွေးအနွေးထည်ဝတ်လို့။ ကျောင်းသားနဲ့ ဒေသခံ ၃,၀၀၀ ကျော်က ဝီလျံကို ကြိုဆိုခဲ့ကြတယ်။ ဒီအဆောင်က အေးမြတဲ့ မီးခိုးရောင် ပင်လယ်ကြီးကို မျက်နှာပြုထားတယ်။ ဝီလျံက ချစ်စဖွယ် ပြုံးပြရင်း ကျောင်းသားဘဝ ရောက်လာရတာကို စိတ်လှုပ်ရှားနေကြောင်း ပရိသတ်ကို ပြောလိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ အခြေချနိုင်ခဲ့ပြီး မြို့လေးရဲ့ လူထု ၁၈၀,၀၀၀ ဟာ အစက သိချင်စိတ်၊ စူးစမ်းလိုစိတ် များကြပေမယ့် မကြာခင်မှာတော့ ငြိမ်းငြိမ်းချမ်းချမ်း နေခွင့်ရခဲ့ပါတယ်။

ဝီလျံက သာမန်လူကို ဆက်ဆံတာမျိုးပဲ လိုချင်တာ အခု စိန့်အင်ဒရူးမှာ အဲဒီဆက်ဆံရေးကို ရခဲ့တယ်။ သူက လမ်းထဲမှာ လွတ်လွတ်လပ်လပ် လျှောက်သွားတယ်။ ဘယ်သူမှ သူ့ကိုအရေးမလုပ်ကြဘူး။ ကလေးတွေကတော့ သူ့ဆီလာပြီး အော်တိုရေးနိုင်းတယ်။ အဘွားကြီးတစ်ယောက်ကတော့ သူ့ကိုရပ်နိုင်းပြီး အတွင်းခံဘောင်းဘီ ဘယ်မှာ ဝယ်ရမလဲလို့ မေးကြောင်း ရယ်စရာအဖြစ် ပြောခဲ့ပါတယ်။

ဒီမြို့က အီဒင်ဘတ်မြို့နဲ့ မိုင် ၈၀ ဝေးတယ်။ မြို့လယ်မှာ လမ်းမကြီး သုံးသွယ်ပဲ ရှိတယ်။ မြောက်ဘက်လမ်း၊ တောင်ဘက်လမ်းနဲ့ ဈေးလမ်းတဲ့။ ကော်ဖီဆိုင်လေးတွေ၊ အရက်ဆိုင်လေးတွေ၊ စာအုပ်ဆိုင်လေးတွေ၊ လှပတဲ့ ခန်းမလေးတွေမှာ တက္ကသိုလ် ကျောင်းသူကျောင်းသားတွေနဲ့ စည်ကားနေတယ်။ ၂၀၀၁ခုနှစ် ဆောင်းဦးမှာ ဝီလျံ ဒီကျောင်းမှာ တက်မယ်လို့ နန်းတော်က အတည်ပြုလိုက်ရင်ပဲ ဒီကျောင်းကိုတက်ဖို့ လျှောက်ထားတဲ့ လျှောက်လွှာတွေ ၄၄ ရာခိုင်နှုန်း မြင့်တက်သွားခဲ့တယ်။ အများစုကတော့ အမေရိကန်က လူချမ်းသာများရဲ့သမီးတွေ ဖြစ်နေတယ်။ သူတို့က ဝီလျံနဲ့ ဆုံချင်လို့ ဒီကျောင်းကိုလျှောက်ကြတာပါ။

ဒါပေမဲ့ ဝီလျံက "လူသစ်များ ရက်သတ္တပတ်"မှာ ရောက်မသွားခဲ့ဘူး။ ပါပါရာဇီတွေ နိုက်ကလပ်မှာ စောင့်နေကြပေမယ့် ဝီလျံက သူတို့မျက်စိအောက် မရောက်ချင်လို့ ရှောင်နေခဲ့တယ်။ မည်သို့ပင်ဖြစ်စေ၊ သူရောက်လာတဲ့အခါမှာတော့ စိန့်အင်ဒရူးက သတင်းဌာနရုံးခန်းကို အထိတ်တလန့် ဖြစ်စေခဲ့တာပါပဲ။ ဝီလျံဟာ တက္ကသိုလ် ငယ်ငယ်လေးမှာ လာတက်မယ်ဆိုတော့ သူ့ကို အကာအကွယ် သေသေချာချာပေးဖို့ လိုတယ်ဆိုတာ သူတို့သဘောပေါက် ပါတယ်။

ဝီလျံ အခန်းဖြစ်တဲ့ ဒုတိယထပ်၊ B 31, က ၁၃ရာစုက ရဲတိုက်ကြီးနဲ့ ဂေါက်ကွင်းကို အပေါ်စီး မြင်ခွင့် ရတယ်။ ဘယ်ဘက်မှာတော့ မြောက်ဘက်လမ်းရှိပြီး သူ သင်ယူရမယ့် "ပန်းချီသမိုင်း" ဌာန ရှိတယ်။ ဒီအဆောင်က မီးခိုးရောင်အိမ်ကြီးဖြစ်ပြီး မူရင်းမီးဖိုကြီးတွေနဲ့ မျက်နှာကြက်မှာ မီးဆိုင်းတွေနဲ့ တကယ့်ရှေးအိမ်ကြီးပဲ။ ဒီအဆောင်မှာ သူ တစ်ပတ်ကို ၈ နာရီ ကျူတိုရီယယ်လ် တက်ရမှာ ဖြစ်တယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ညာဘက်မှာက ရဲတိုက်ရဲ့ ပြတိုက်ရှိပါတယ်။ စိမ်းလန်းတဲ့ မြက်ခင်းရှိပြီး ပင်လယ်ကိုမြင်နိုင်တယ်။ တခြားကျောင်းသားများနည်းတူ ဝီလျံရဲ့အခန်းကို နို့နှစ်ရောင် ဆေးသုတ်ထားပြီး ကော်ဇောခင်းထားတယ်။ တစ်ယောက်အိပ်ခုတင်တစ်လုံး၊ မဟော်ဂနီရောင် နှစ်ဆင့်အဝတ်ဗီရိုနဲ့ ဗီရိုအမြင့်အတိုင်း ကြည့်မှန်တပ်ထားတယ်။ ပက်လက်ကုလားထိုင်တစ်လုံးနဲ့ ပြတင်းပေါက်နားမှာ စာကြည့်စားပွဲနဲ့ ကုလားထိုင်ရှိတယ်။

သူများအခန်းနဲ့ မတူတာကတော့ သူ့အခန်းက ပြတင်းပေါက်ကို မကွဲနိုင်တဲ့မှန် တပ်ထားတယ်။ ဒါ့အပြင် တံခါးပေါက်ကိုလည်း ဖုံးမခွဲနိုင်တဲ့တံခါး လုပ်ထားတယ်။ ဒါတွေကို သူ မရောက်ခင်က ကြိုတင်လုပ်ခဲ့တာ ဖြစ်တယ်။ အခန်းနဲ့တွဲလျက် ရေချိုးခန်း၊ ဘေစင် ပါတယ်။ လိုအပ်လာရင် လှမ်းခေါ်နိုင်ဖို့ ကိုက် ၂၀ အကွာရှိ အောက်ထပ်ကော်ရစ်ဒါမှာ သူ့အစောင့်အရှောက်တွေရဲ့ အခန်းရှိပါတယ်။ သူတို့မှာလည်း သီးသန့်ရေချိုးခန်း ရှိတယ်။ ဒီအစောင့်အရှောက်တွေကို ကူညီဖို့ စကော့တလန် ရဲအရာရှိအဖွဲ့လေးကိုလည်း ဖွဲ့ထားဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဒါ့အပြင် တက္ကသိုလ်ရဲ့ အဓိပတိ ဒေါက်တာဘရိုင်ယင်လန်းက ကျောင်းသားတိုင်းကို ဝီလျံအကြောင်း ဘာတစ်ခုမှ သတင်းသမားတွေကို ပြောမပြဖို့ လျှို့ဝှက်စွာ သဘောတူကြောင်း လက်မှတ်ထိုးခိုင်း ထားခဲ့ပါသေးတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဝီလျံကို ပထမနှစ်မှာ စာသင်ပေးခဲ့ရတဲ့ ဒေါက်တာဒီကလင်က အခုလို ပြောပြပါတယ်။

"ဒီက လူတွေက ဂျာနယ်သမားတွေ၊ ဓာတ်ပုံသမားတွေနဲ့ မလွဲမရှောင်သာ တွေ့ရမှာကို စိတ်ပူကြတယ်။ ဒီတော့ တက္ကသိုလ်အာဏာပိုင်များဟာ သတင်းစာများနဲ့ သဘောတူညီမှုတစ်ခု ယူခဲ့ရတယ်။ အကန့်အသတ်တစ်ခုနဲ့ ကိစ္စပေါ်မှသာ သတင်းလာယူဖို့၊ ကျန်တဲ့အချိန်မှာ ဝီလျံကို သူ့ဟာသူနေဖို့ ဖြစ်တယ်။ သတင်းစာတွေကလည်း ဒါကို အများအားဖြင့် လက်ခံကြပါတယ်။

ပညာရေးအရလည်း ဝီလျံကို အကာအကွယ် ပြုထားပါသေးတယ်။ ဝီလျံနဲ့ဆက်သွယ်ဖို့ ဒေါက်တာမာ့စ်ဟဲရစ်စ်တစ်ယောက်ကိုပဲ သတ်မှတ်ခဲ့တယ်။ ဒီစည်းမျဉ်းတွေကို ဒုတိယအဓိပတိက ချမှတ်တာပါ။ ဒါမှသာ ဝီလျံရဲ့သတင်းတွေ ဒေးလီးမေးလ်မှာ အဆုံးသတ်သွားမှာ ဖြစ်ပါတယ်။

အခုလို စည်းမျဉ်းသတ်မှတ်ခဲ့ပေမယ့် ပြောစရာတစ်ခု ဖြစ်လာပြန်တယ်။ အဲဒါကတော့ သတင်းသမားတွေ ဘယ်သူမှ အနီးအနားမှာမရှိရလို့ သဘောတူထားလို့ အားလုံး ထွက်သွားကြပြီးတဲ့နောက် တစ်ယောက်တော့ ကျန်နေတယ်ဆိုတာ ဝီလျံက သတိထားမိခဲ့တယ်။ ဒါနဲ့ တက္ကသိုလ်သတင်းဌာနကို ဝီလျံက သတင်းသွားပို့လိုက်တယ်။ တက္ကသိုလ်က ထပ်မံရှာဖွေတဲ့အခါ ဓာတ်ပုံသမားတစ်ယောက်ကို တွေ့ပါတော့တယ်။ အံ့သြစရာကောင်းနေတာက အဲဒီ ဓာတ်ပုံသတင်းထောက်က TV မှာ A-Z of Royalty ဆိုတဲ့ကဏ္ဍကို အမေရိကန် TV Network အဖြစ် တင်ဆက်နေတဲ့ ကုမ္ပဏီက

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်။ ဒီကုမ္ပဏီပိုင်ရှင်ကတော့ မင်းသားအက်ဒ်ဝပ် ပါပဲ။ ဝီလျံကို သတင်းမီဒီယာရဲ့ အနှောင့်အယှက်ကလွတ်အောင် ကာကွယ်ခဲ့တာမှာ ဝီလျံရဲ့ ဦးလေး၊ တော်ဝင် မိသားစုဝင်ကိုယ်တိုင်က စည်းဖောက်တယ်ဆိုပြီး ပြောစရာ ဖြစ်သွားတော့တယ်။

ဗြိတိသျှ သတင်းလောကသားတွေကတော့ ပျော်သွားပြီ။ နန်းတော်ကလည်း "မကြိုက်နှစ်သက်ဘူး"ဆိုတဲ့ စကားပဲ ပြောတတ်တော့တယ်။ ဒီကိစ္စက ချားလ်စ် ခေါင်းပေါ်ပဲ ပုံကျလာတယ်။ ချားလ်စ် ဒေါသတကြီးနဲ့ သူ့ညီ အငယ်ဆုံး အက်ဒ်ဝပ်ကို ဖုန်းဆက်တာ၊ စိန့်ဂျိမ်းစ်နန်းတော် သူ့ရုံးခန်းနဲ့ ဆက်နေတဲ့နေရာတွေကတောင် ကြားနိုင်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ချားလ်စ် အတော်ကြီး စိတ်မချမ်းမသာ ဖြစ်ရတယ်လို့ မတ်စ်ဘိုလန်က ပြောပါတယ်။ မှာ့ခ်က ဝီလျံရဲ့သတင်းတွေကို ကိုင်တွယ်ဖို့ ကြီးကြပ်ရသူပါ။

စိန့်အင်ဒရူးက (လော့ရိုက်တာ) ကျောင်းအုပ်ကြီး အင်ဒရူးနီးလ်က ပြောပြရာမှာ-

"တက္ကသိုလ် အာဏာပိုင်များရော၊ ကျောင်းသားများကိုယ်စား၊ နန်းတော်ကိုယ်စား ကျွန်တော်ပါ ဝီလျံကို လွတ်လွတ်လပ်လပ်ထားဖို့ မီဒီယာက သဘောတူလာအောင် အများကြီးကြိုးစားခဲ့ရတာပါ။ သူ ရောက်တဲ့အချိန် တစ်ခါရိုက်၊ အဲဒါပြီးရင် ပြန်ကြဆိုတဲ့အတိုင်း အံ့ဩစရာကောင်းလောက်အောင် အားလုံး ပြန်သွားကြတာပဲ။ ရက်နည်းနည်း ကြာတော့ ရုန်းဝင်လာတယ်။ ဓာတ်ပုံသမားတစ်ဦး စိန့်အင်ဒရူးမှာ ဓာတ်ပုံရိုက်နေသေးတယ်တဲ့။ အဲဒီလူဟာ မင်းသား အက်ဒ်ဝပ်ရဲ့ ကုမ္ပဏီကလို့လည်း သိရရော၊ အားလုံး ဒုက္ခရောက်တော့တာပဲ။ ယုံနိုင်စရာတောင် မရှိဘူး။ ကျွန်တော်တို့ အားလုံး ဒေါသဖြစ်ကြတယ်။ စည်းကမ်းချိုးဖောက်တဲ့လူက လူနံ့လူဖျင်း ဦးလေးတစ်ဦး ဖြစ်နေတယ်။ ဒီဓာတ်ပုံသမားက ကျောင်းသားတွေကို အပြင်ခေါ်ထုတ် ကျွေးမွေးပြီး သတင်းယူနေတာ။ ချားလ်စ်ကြားတော့ ဒေါသူပုန်ထတော့တာပဲ။ ကျွန်တော်သိရတာက ချားလ်စ်ဟာ ဖုန်းကိုကောက်ကိုင်ပြီး သူ့ညီကို "... မသား၊ ငတုံး" လို့ ဆဲတယ်တဲ့။ မြို့က ထွက်သွားလို့လည်း ပြောသတဲ့"

ဒီကိစ္စဟာ ချားလ်စ်နဲ့ ပတ်သက်နေတဲ့အတွက် တော်ဝင်မိသားစုဝင်များဟာ တခြား လွတ်လပ်တဲ့ အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းကို မရှာဖွေနိုင်ကြောင်း၊ တော်ဝင်တာဝန်များကို ဆောင်ရွက်ရမှာဖြစ်ကြောင်း ငြင်းချက်ထုတ်ခဲ့တယ်။ အက်ဒ်ဝပ်က လူသိရှင်ကြား တောင်းပန်ခဲ့ရတယ်။

ဝီလျံလည်း မိသားစု နိုင်ငံရေးကိစ္စတွေထဲ ဝင်မပါချင်တော့တာမို့ ကျောင်းမှာ သူငယ်ချင်းများများ ဖွဲ့ဖို့ပဲ စဉ်းစားခဲ့တော့တယ်။ ကျောင်းမှာ မိန်းကလေး၊ ယောကျ်ားလေး အဆောင်တွေ ခွဲထားတာပါ။ ဒါပေမဲ့ မေဂျာတူတဲ့လူချင်းတော့ အဆင်းအတက် ဆုံကြတာပဲ။ ဒီအခါ သစ်လွင်ရက်သတ္တပတ်မှာ " အလှဆုံးမိန်းကလေး" အဖြစ် သရုပ်ရခဲ့တဲ့ မိန်းကလေးကို သတိမထားဘဲ မနေမိပါဘူး။ သူရောက်ပြီး မကြာခင်မှာပဲ သတိထားခဲ့မိတယ်။ မိန်းကလေးနာမည်က

www.burmeseclassic.com

www.burmeseclassic.com



“ကိတ်မစ်ဒယ်လ်တန်”ပါ။ ကိတ်က တခြား မိန်းကလေးတွေထက် တည်ငြိမ်တယ်။ ရက်တတ်တယ်။ ဒီအချက်ကို ဝီလျံကကြိုက်တယ်။ ဒါနဲ့ပဲဆုံဖို့ အခွင့်အလမ်းကို ရှာခဲ့တယ်။ ကိတ်က ကော်ဖီဆိုင်ကို နံနက်စာ မတိုင်ခင်နဲ့ နံနက်စာ စားပြီးခါစမှာ ရောက်လေ့ရှိတယ်။ ဝီလျံနဲ့သူငယ်ချင်းများက ထိပ်ဆုံးနားက စားပွဲမှာထိုင်ကြတယ်။ ထိပ်ဆုံးစားပွဲက အဆောင်မှူးတွေ၊ ကျောင်းသားရေးမှူးတွေ အတွက်ပါ။ ဒီစားသောက်ဆိုင်လေးက စကော့တလန် ကောင်းစားစဉ်က ဒဿနဆရာကြီးတွေနဲ့ ဆီဆေးပန်းချီတွေနဲ့ တန်ဆာဆင်ထားတယ်။ ဆိုင်မှာချက်တဲ့ နံနက်စာရတယ်။ အဖေ့အမွေအဖြစ် ကျန်းမာရေးအသိနဲ့ ကွေကာအုတ်လို အစားအစာနဲ့ အသီးအနှံတွေကို ရွေးချယ်လေ့ရှိတယ်။ ကိတ်ကလည်း ဒီအတိုင်းပဲ။ သူတို့ချင်း အသိဖြစ်သွားတဲ့အခါ အကြိုက်ချင်းတူတာတွေ အတော်များကြောင်း သိလာရတယ်။ ကိတ်က သာမန် ကျေးလက်သူဖြစ်ပြီး အားကစားနဲ့ ရေကူးဝါသနာပါတယ်။ ဒါတွေက ဝီလျံနဲ့တူတယ်။ ပြီးတော့ ကိတ်က “စကိတ်” စီးတာလည်း ဝါသနာပါတယ်။ နားရတဲ့တစ်နှစ်မှာ ကမ္ဘာအနှံ့ လျှောက်သွားပြီးမှ အခု စိန့်အင်ဒရူးကို လာခဲ့တာပါ။ ဖလောရင့်စ်မှာ လပေါင်းများစွာ နေခဲ့ပြီး နာမည်ကျော် ပန်းချီပြခန်းတွေနဲ့ ပန်းချီယဉ်ကျေးမှုမှာ မွေ့လျော်နေခဲ့တယ်။ ရီနေးဆန်းခေတ်က ပန်းချီဆရာတွေအကြောင်း ဝီလျံနဲ့ စကားလက်ဆုံကျသွားတယ်။ ဒီဘာသာရပ်ကို မကြာခင်သင်ဖို့ စီစဉ်ထားကြတာမို့ အဆင်ပြေခဲ့တယ်။

ဒီလိုနဲ့ သူတို့ရင်းနှီးလာပြီး တခြားသူငယ်ချင်းတွေဖြစ်တဲ့ အိုလီ၊ ဖားဂတ်စ်၊ အလီ၊ ဂရေဟမ်၊ ချာလီ စသဖြင့် တွဲခဲ့ကြတယ်။ ဝီလျံရဲ့ အချိန်ဇယားမမီရင် ကိတ်က ဝီလျံအတွက် မှတ်စုကူးပေးတယ်။ ညနေပိုင်းကျရင် နားနေခန်းမှာထိုင်ရင်း ယမကာ သောက်ဖြစ်ကြတယ်။

အဲဒီလို အပေါင်းအသင်း များလာတဲ့အခါ ဝီလျံက မထင်မရှားဖြစ်အောင် သတိထားခဲ့တယ်။ စိန့်အင်ဒရူးမှာ ယမကာဆိုင်တွေက စကော့တလန် တခြားမြို့တွေနဲ့စာရင် ပိုများတယ်။ ဒါပေမဲ့ ဝီလျံကတော့ ညဘက် အပြင်မထွက်ဘဲ သူ့အပေါင်းအသင်းလေးတွေနဲ့ပဲ နေခဲ့တယ်။ သူ့အကြောင်း စပ်စုနေသူလားဆိုပြီး သံသယထားတယ်။ အဲဒီလိုတွေ့ရင်တော့ သူက အမြန်ဆုံးခွာလိုက်တယ်။ ကျွန်တော် အအမဟုတ်ဘူးလို့ ဝီလျံကိုယ်တိုင် ထုတ်ပြောတယ်။

ကျောင်းမှာရှိတဲ့ အသင်းအဖွဲ့တွေက သူ့ကို ပါစေချင်ကြတယ်။ ယောက်ျားလေးတွေချည်းပါတဲ့ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးအဖွဲ့ကလည်း သူ့ကို ပါစေချင်တယ်။ သူက ခပ်ဝေးဝေးပဲ နေတယ်။ သူဝင်လိုက်တဲ့အသင်းကတော့ “ဝါတာပိုလို” အသင်းပါ။ နံနက်ခင်းအများစုမှာတော့ “အိုးလ်ကိုစ်ဟိုတယ်”ထဲမှာ ကိတ်နဲ့အတူ ရေကူးနေခဲ့တယ်။ ညနေတွေမှာတော့ ကျောင်းဝတ်စုံချွတ်ပြီး လမ်းမကြီးတစ်လျှောက် စက်ဘီးစီးတယ်။ တစ်ခါတစ်ရံမှာ ဈေးလမ်းက လက်မှတ်တစ်စောင် သုံးပေါင်ပေးရတဲ့ဆိုင်မှာ သောက်တယ်။ ဈေးအပေါဆုံးဆိုင် ဖြစ်တယ်။ အမှန်က သူ ငြီးငွေ့နေတာပါ။ ဖက်ရှင်ကျတဲ့ အရက်ဆိုင်တွေမှာ ကျောင်းသားတွေ စည်ကားနေပေမယ့် အဲဒီအထဲမှာ သူမပါခဲ့ဘူး။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ရက် ပထမနှစ်ဝက်မှာပဲ ဝီလျံက ပြဇာတ်အဖွဲ့ထဲဝင်ဖို့ စိတ်ဝင်စားခဲ့တယ်။ J.D စလင်ဂျာရဲ့ "ဇရင်နီနဲ့ဇိုဟီ" ပြဇာတ်ကို A & E ဆိုတဲ့ ကုမ္ပဏီအသေးစားလေးက အသံသွင်းဇာတ် ပြုလုပ်တဲ့အခါ ဝီလျံက ပြဇာတ်ရုံကိုသွားပြီး "အသံစစ်"တယ်။ ခေါင်းဆောင်မင်းသား ဇိုဟီနေရာမှာ ဝင်ပြောတာပါ။ ဇာတ်ညွှန်းကိုကြည့်ပြီး ဘန်းပြောတဲ့အခါ အတော်ကောင်းတာကို ထုတ်လုပ်ရေးအဖွဲ့က ချီးကျူးတာ ခံရပါတယ်။ ဒါပေမယ့် ဝီလျံကို ဇာတ်ဆောင် လုပ်ဖို့ မရွေးခဲ့ဘူး။ တခြားတစ်ယောက်ကိုပဲ ရွေးကြတယ်။ ပြဇာတ်က လေးညကရမှာမို့ ဝီလျံသာပါနေရင် သတင်းသမား တွေနဲ့ ပြည့်နေမှာမို့ပါ... လို့ အဖွဲ့ကရှင်းပြပါတယ်။

ဝီလျံက ဇာတ်ဆောင် အရွေးမခံရပေမယ့် ပြဇာတ်ကို သွားကြည့်ခဲ့တယ်။ သူ့သူငယ်ချင်း "ဖားဂတ်စ်"က ခဲတိုက်ကြီးရှေ့က လဟာပြင်ဇာတ်ရုံမှာ ဝင်ပါလေ့ရှိလို့ သူငယ်ချင်းကို အားပေးဖို့လည်း သွားလေ့ရှိတယ်။ ဝီလျံဟာ ဘယ်လောက်ချမ်းချမ်း သူ့သူငယ်ချင်းကို ခဏခဏ သွားကြည့်ကြောင်း ပြောကြပါတယ်။

အဲဒီလို ပြဇာတ်ထဲကလူတွေနဲ့ ရောထွေးနေခဲ့တဲ့ ကာလမှာပဲ အင်္ဂလိပ်ဘာသာနဲ့ စာရေးဆရာသင်တန်းက ခပ်ချောချော ကောင်မလေးတစ်ယောက်နဲ့ တွဲနေခဲ့သေးတယ်။ နာမည်က "ကာလီ"။ သူ့အိမ်က တောင်ဘက်လမ်းနားမှာပါ။ အဲဒီကို ဝီလျံက စက်ဘီးစီးသွားပြီး ကော်ဖီဆိုင်မှာ အတူစာဖတ်ကြတယ်။ ကာလီ့အိမ်မှာ ညနက်စာ စားဖို့ မကြာခဏ ဖိတ်ကြားခံရတယ်။ ကာလီကလည်း ကျေးလက်သူပါပဲ။ သူတို့နှစ်ယောက်မှာ တူတာတွေရှိကြတယ်။ ညစာစားရင်း ပြဇာတ်တွေအကြောင်း၊ အနုစာပေအကြောင်း ဆွေးနွေးကြတယ်။ ကာလီက သူ့ဇာတိမြို့အကြောင်း ပြောပြတယ်။ တချို့ ညနေတွေမှာ မြောက်ဘက်လမ်းရှိ ရဲတိုက်ယမကာဆိုင်မှာ စားသောက်ဖြစ်တယ်။ ကာလီကို ဝီလျံ သဘောကျတာကတော့ ကာလီဟာ နှိမ့်ချတတ်တယ်၊ သာမန်ဖြစ်တယ်။ စိန့်အင်ဒရူးမှာ ကိတ်က အလှဆုံးဆိုပြီး မဲပေးခဲ့ကြပေမယ့် ကာလီရဲ့ "တင်"က အကောင်းဆုံးလို့ မဲပေးခဲ့ကြတာပါ။ ကာလီ့ သူငယ်ချင်းမတစ်ယောက်ကဆိုရင် ကာလီရဲ့အောက်ပိုင်းကို ဘုရားတွေက ထုဆစ်ပေးခဲ့တာလို့တောင် ရယ်စရာပြောကြတယ်။

"ဝီလျံက ကာလီရဲ့ ဆွဲဆောင်မှုမှာ ပါသွားတယ်။ ဒါက သဘာဝကျပါတယ်။ ကာလီ့မှာ လှပတဲ့ ဆံပင်ရှည်ကြီး ရှိတယ်။ ဆွဲဆောင်မှုရှိတဲ့ ခန္ဓာကိုယ်အချိုးအစား ရှိတယ်။ သူ့ခန္ဓာကိုယ်အလှကို ထင်းနေအောင် ဂျင်းဘောင်းဘီကြပ်ကြပ်နဲ့ ပြလေ့ရှိတယ်။ ဖမ်းစားနိုင်သူပါပဲ။ စိန့်အင်ဒရူးက မိန်းကလေးတိုင်း သူ့ကို အားကျကြတယ်။ အကြောင်းကတော့ ဝီလျံနဲ့ တွဲနေလို့ပဲ"လို့လည်း ဆိုကြတယ်။ သူများတွေက မိတ်ကပ်လုပ်ပြီး အလှအပနဲ့ ဝီလျံကို ဆွဲဆောင်ဖို့ ကြိုးစားကြစဉ်၊ ကာလီက အိမ်ထဲမှာပဲနေပြီး ဝီလျံအတွက် ချက်ပြုတ်ပေးတတ်တယ်။ ဒီတော့ သူတို့ ချစ်ဇာတ်လမ်းက မြင်ကွင်းမှာ မရှိဘူး။ နောင် သူတို့ကျောင်းက ထွက်သွားပြီးမှ သိကြရတာပါ။ သူတို့ဆက်ဆံမှုက ကြာကြာတော့ မခံခဲ့ဘူး။ ကာလီက

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဝီလျံကို ဆုံးဖြတ်ခိုင်းခဲ့တယ်။ မိုင်ပေါင်းများစွာ အဝေးမှာကျန်ခဲ့တဲ့ မိန်းကလေးနဲ့၊ သူနဲ့ တစ်ယောက်ကို ရွေးဖို့။ ဒီကိစ္စက အတော်လေး အကျပ်ရိုက်သွားခဲ့လို့၊ သူတို့ဇာတ်လမ်း တစ်ခန်းရပ်သွားတော့တယ်။

ဖြစ်ပုံက ၂၀၀၁ ခု၊ နွေရာသီ။ စိန့်အင်ဒရူးကို မလာခင်ကပါ။

ဝီလျံက "အရာဘဲလား" ဆိုတဲ့ ကောင်မလေးကို မျက်စိကျခဲ့တယ်။ ဒီကောင်မလေးက "စီရင်စက်တာ ပတ်စ်ပိုလိုကလပ်"ကို အုပ်ချုပ်တဲ့ မေဂျာနိုကိုလပ်စ်ရဲ့ သမီးဖြစ်ပြီး ဝီလျံနဲ့ ကလေးဘဝကတည်းက သိခဲ့ကြတာပါ။ အရာဘဲလားက မင်းစိုးရာဇာနွယ် မဟုတ်ပေမယ့် ဂိုင်းပယ်လီနဲ့ရင်းနှီးပြီး ဝီလျံတို့ရဲ့ ကလပ်အိတ်ချ်အဖွဲ့ဝင် ဖြစ်ခဲ့တယ်။ တဖြည်းဖြည်းနဲ့ အရာဘဲလားက ပန်းပွင့်လေးတစ်ပွင့်လို လှပလာပြီး သူ့ရှေ့က ဖြတ်လျှောက်တဲ့အခါ သူ့ကိုယ်က ရေမွှေးနံ့ကလွင့်လာတော့ အခုထိ ဒီကလေးမကို သူ ဘာဖြစ်လို့ သတိမထားခဲ့မိပါလိမ့်လို့ သူ့ဟာသူ အံ့ဩသွားခဲ့တယ်။ အဲဒီညက 'ဗင်'မိသားစုရဲ့ ပါတီမှာ မြင်တာပါ။ သူတို့ အရက်သောက်ကြတယ်။ မိုးလင်းခါနီးအထိ တွဲကကြတယ်။ လင်းခါနီး အရာဘဲလားက နှုတ်ဆက်ထွက်ခွာတဲ့အခါ ဝီလျံ အခန်းထဲက အသာလေးထွက်ပြီး ကောင်မလေးသွားတဲ့ အပေါ်ထပ်ကို တက်လိုက်သွားတယ်။ အဲဒီညကစပြီး ချစ်သူဖြစ်သွားကြတာ နွေရာသီတစ်လျှောက်လုံး အတူတူ အချိန်ဖြုန်းခဲ့ကြတာပါ။

သူတို့ဟာ ဟိုင်းဂရိုဗ်နားက "တန်နယ်လ်ဟောက်စ်"မှာ ညစာစားတယ်။ ဒီလို ဆက်ဆံနေကြတာကို ချားလ်စ်က သိတဲ့အခါ ကျေနပ်ဝမ်းသာခဲ့ပါတယ်။ ဒီကလေးမက ခုမှသိရတာ မဟုတ်တဲ့အတွက် ချားလ်စ်ဟာ ဝီလျံရဲ့ အစောင့်အရှေ့ ရှိတွေကို ကလေးတွေ လွတ်လွတ်လပ်လပ် နေပါစေလို့ ညွှန်ကြားခဲ့တယ်။ ဒါပေမဲ့ မေဂျာနိုကိုလပ်စ်ကတော့ ပိုပြီး တင်းသွားတယ်။ ပိုလိုကလပ်မှာ သူ့သမီး အရာဘဲလားက ဝီလျံပေါင်ပေါ်မှာထိုင်နေပြီး ဝီလျံက အရာဘဲလား လည်တိုင်ကို နမ်းနေတာမြင်တော့ ဒိုင်သွားခဲ့တယ်။ သူ ဝီလျံကိုခင်ပေမယ့် ဒါမျိုးကို လူထုမြင်ကွင်းမှာ မမြင်စေရဘူးလို့ သူ ယူဆတယ်။

စိန့်အင်ဒရူးကို ဝီလျံသွားရတော့မယ် ဆိုတဲ့အခါ သူတို့နှစ်ယောက်ဟာ အဆက်အသွယ်ဖြတ်ကြဖို့ ရင့်ကျက်တဲ့ ဆုံးဖြတ်ချက်ကို ချခဲ့ကြတယ်။ ဝီလျံကလည်း တက္ကသိုလ်မှာ အသစ်တွေတွေ့နိုင်တယ်။ အရာဘဲလားကလည်း ဝီလျံက သူ့ကိုစောင့်နေမှာပဲလို့ မမျှော်လင့်ဘူး။

ပြဿနာက ဝီလျံဟာ စကော့တလန်မှာ ငြီးငွေ့လာတယ်။ လန်ဒန်က နိုက်ကလပ်တွေကို လွမ်းလာတယ်။ အရာဘဲလားကိုလည်း လွမ်းတယ်။ သောကြာညတွေမှာ အိမ်ပြန်ရမယ်ဆိုရင် အရာဘဲလား သူ့ကို စောင့်နေမှာပဲဆိုပြီး ကြည်နူးတတ်တယ်။

အဲဒီနှစ် ခရစ္စမတ် အိမ်ပြန်တဲ့အခါမှာတော့ ဝီလျံက သူ ဒုတိယနှစ်ဝက်အတွက် တက္ကသိုလ်ကို မသွားတော့ဘူး လို့ ကြေညာပါတော့တယ်။ ဒီအခါ အရေးအတော်ပုံ ခေါင်းပေါ် ရောက်လာရတာက ချားလ်စ်ပါပဲ။ ဝီလျံက စိန့်အင်ဒရူးဟာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆေးလွန်းတယ်၊ သင်ရတဲ့ ဘာသာရပ်တွေကိုလည်း မပျော်ဘူးလို့ ညည်းတယ်။ ချားလ်စ်က စိတ်ရှည်လက်ရှည် နားထောင်ပါတယ်။ အခြေအနေက အလွန် နူးညံ့သိမ်မွေ့တယ်ဆိုတာ သူ သဘောပေါက်တယ်။ ဟုတ်ပါပြီ။ ဝီလျံ တစ်အားစိတ်ညစ်ရင် ထွက်နိုင်တယ်။ ဒါပေမဲ့ နောက်နှစ်ဝက်တော့ နေသင့်တယ်လို့ အကြံပြုလိုက်တယ်။

ချားလ်စ်ဟာ သူ မကြာခဏ လုပ်နေကျအတိုင်းပဲ။ သူ့ရဲ့ အကြံပေးပုဂ္ဂိုလ်တွေကိုပဲ ချဉ်းကပ်ရတော့တယ်။ သူ့အကြံပေးတွေက အတွင်းရေးမှူး ဆာစတီဖင်လန်းပို့၊ သတင်းအကြံပေးအရာရှိ မတ်စ်ဘိုလန်တို့ ဖြစ်ပါတယ်။ မတ်စ်ဘိုလန်က ဝီလျံ အီတင်ကျောင်းမှာရှိစဉ်က အဆောင်မှူးလည်း ဖြစ်တယ်။ ဒေါက်တာ အင်ဒရူးဂေလီကလည်း ဘယ်နည်းနဲ့ဖြစ်ဖြစ် ဝီလျံကို ကျောင်းမှာဆက်နေဖို့ ဆွဲဆောင်ရမှာပဲလို့ သဘောတူပါတယ်။

အဓိက ပြဿနာက ဝီလျံဟာ အိမ်လွမ်းတာအပြင် အခုယူနေရတဲ့ဘာသာရပ်ကို မကြိုက်တာပါ။ မကြိုက်တဲ့ ဘာသာရပ်ကို သင်နေရတော့ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး စိန်ခေါ်မှု ဖြစ်နေပါတော့တယ်။ ပထမနှစ်ဝက်မှာသင်ရတဲ့ ပန်းချီသမိုင်းကိစ္စတွေကို သူသင်ရတာ မပျော်ဘူး။

မတ်စ်ဘိုလန်ကတော့ "ဒါဟာ ပထမနှစ်ကျောင်းသားတိုင်း ကြုံတွေ့ရတတ်တဲ့ အဖြစ်ပါ။ ဘာမှမထူးခြားပါဘူး" လို့ ပြောပါတယ်။ အားလုံးဟာ ဖြစ်နေကျမို့ ဒီလိုပဲ ဖြေရှင်းရမှာပေါ့လို့လည်း ပြောပါတယ်။

ဒီအကြောင်းကို ဘုရင်မကြီးနဲ့ အီဒင်ဘာစ်မြို့စားကြီးတို့ သိသွားတဲ့အခါ အလွန် စိတ်မချမ်းမသာ ဖြစ်ကြရပါတယ်။ မြို့စားကြီးက "ဝီလျံကို အသေအချာနိုင်အောင် လုပ်ဖို့လိုတယ်။ လူညံ့လူဖျင်း ဖြစ်မလာစေနဲ့" လို့ ထုံးစံအတိုင်း တုံ့ပြန်တယ်။ ဒီလို ဝီလျံက တစ်ဝက်တစ်ပျက်နဲ့ ကျောင်းထွက်လိုက်ရင် ဧကရာဇ်သမိုင်းမှာ အမည်းစက်ထင်သွားမှာ သေချာနေတယ်။ တော်ဝင်မိသားစုက စကော့တလန်နယ်နဲ့ ရင်းရင်းနှီးနှီး၊ ချစ်ချစ်ခင်ခင်နေလိုတာပါ။ သူစိမ်းမဆန်ချင်ပါဘူး။ ဒါ့အပြင် ၁၉၈၇ ခုနှစ်တုန်းက အက်ဒ်ဝပ်မင်းသားဟာ၊ တော်ဝင်ရေတပ်မတော်ကနေ ထွက်ခဲ့တဲ့အတွက် ဝေဖန်ခံခဲ့ရတာကိုလည်း ပြန်ပြီးသတိရစေပါလိမ့်မယ်။ ဒါ့ကြောင့် ဝီလျံရဲ့ ကျောင်းသားရေးမှူးကို ပွင့်ပွင့်လင်းလင်းပဲ ပြောပြရပါတယ်။ ကျောင်းသားရေးမှူး အင်ဒရူးနီးလ်က "ဝီလျံ ပထမနှစ်ဝက်နဲ့ ကျောင်းကထွက်သွားရင် စိန့်အင်ဒရူးအတွက် အရှုံးကြီးရှုံးလိမ့်မယ် သူ့ကိုတားထားဖို့ အပြင်းအထန် ကြိုးစားခဲ့ရတယ်" လို့ ပြန်ပြောပြပါတယ်။

"ကျွန်တော်တို့ သူ့ကို အတော်ကြိုးစားပြီး ဂရုစိုက်စောင့်ရှောက်ခဲ့ရတာပါ။ နောက်တော့ သူက ပထဝီအဓိကထားပြီး ပြောင်းယူချင်ကြောင်း ပြောပါတယ်။ ဒီအခါ ဒီအတွက် ဘာမှအခက်အခဲမရှိကြောင်း အာမခံကြရတယ်။ စိန့်အင်ဒရူးက သင်ရိုးတွေက ပထမနှစ်မှာ ကိုယ်ယူချင်တဲ့ဘွဲ့အတွက် ပြောင်းခွင့်ရှိပါတယ်။ ဒါ့ကြောင့် ဒုတိယနှစ်ဝက်၊ ဝီလျံပြန်လာတဲ့အခါ သူ အခြေကျသွားပါတော့တယ်။ သူပြောင်းချင်တဲ့ အဓိကဘာသာကို ယူခွင့်ပြုလိုက်တဲ့အခါ သူ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပါးသွားပြီး မိတ်ဆွေတွေလည်း ကျယ်ပြန့်လာတယ်။ အချိန်တိုတိုအတွင်းမှာ သူငယ်ချင်း အများကြီးတိုးလာတယ်။ မြို့မှာနေရတာ ပျော်လာပုံရတယ်။ အခုဆိုရင် ဝီလျံကို ကျောင်းသားတွေက ဝိုင်းပြီးကာကွယ်ထားပါတယ်။ ဒီမြို့မှာ အထက်တန်းကျောင်းက ကျောင်းသားကျောင်းသူတွေလည်း အများကြီးရှိတယ်။ အဲဒီလူတွေက နိုဝင်ဘာရောက်လို့ အရမ်းအေးလာတဲ့အခါ အိမ်ပြန်ချင်ကြတယ်။ ဝီလျံဟာလည်း အိမ်နဲ့ ဝေးလံလှတဲ့နေရာ ရောက်နေတာမို့ မပျော်တာပါ" လို့ အင်ဒရူးက ထင်မြင်ချက်ပေးတယ်။

ဝီလျံကတော့...

"ကျွန်တော် အိမ်လွမ်းတဲ့ဝေဒနာလို့ လုံးဝမထင်ပါဘူး။ ကျွန်တော့်ဖခင်က ဒီကိစ္စကို အများကြီး နားလည်တယ်။ သူလည်း ငယ်ငယ်က ကြုံဖူးတဲ့ပြဿနာလို့ သူ သိသွားတယ်။ ကျွန်တော်တို့ စကားတွေအများကြီး ပြောတယ်။ နောက်ဆုံးမှာ နှစ်ယောက်စလုံး အထူးသဖြင့် ကျွန်တော့်အနေနဲ့ သဘောပေါက်သွားတယ်။ ကျွန်တော် ပြန်ကိုပြန်ရမယ်လို့ သိလာတယ်"လို့ ပြောပြပါတယ်။ တကယ်လည်း သူ စိန့်အင်ဒရူးပြန်တဲ့အခါ ပထဝီပြောင်းယူလိုက်တော့ ပိုပျော်သွားခဲ့ပါတယ်။

ဒါပေမဲ့။

အဲဒီနှစ် အီစတာပွဲတော်ချိန် ရောက်တဲ့အခါမှာတော့ ပျော်စရာမဖြစ်ခဲ့ပါဘူး။ သူတို့ရဲ့ဘွားတော်ကြီး၊ ဘုရင်မကြီးရဲ့မိခင် (အသက် ၁၀၁-နှစ်)ဟာ ဘဝတစ်ပါး ပြောင်းသွားခဲ့ပါတယ်။ သတင်းရတဲ့အချိန်မှာ ဝီလျံ၊ ဟယ်ရီနဲ့ ချားလ်စ်တို့က "ကလော့စတာ"မှာ အားလပ်ရက် နှစ်ရက် နားနေတဲ့အချိန် ဖြစ်တယ်။ သတင်းရရချင်းပဲ အနောက်ပိုင်း လန်ဒန်နေအိမ်ကို တော်ဝင်လေယာဉ်နဲ့ စီးနင်းခဲ့ကြတယ်။ အခုအချိန်မှာ ပိုပြီဝမ်းနည်းကြေကွဲသူက ချားလ်စ်ဖြစ်နေလို့ ဝီလျံနဲ့ဟယ်ရီက ပိုပြီးခံနိုင်ရည်ရှိအောင် နေပြကြရတယ်။

ဒီလို ဘွားတော်ကြီး ကွယ်လွန်တဲ့အချိန်မတိုင်ခင် ခုနစ်ပတ်တုန်းကလည်း ဘုရင်မကြီး အဲလစ်ဇဘက်ရဲ့ညီမတော် "မာဂရက်မင်းသမီး" ကွယ်လွန်ခဲ့ပါသေးတယ်။ အမှန်က အဲဒီကာလမှာ မာဂရက်မင်းသမီး အသက် ၅၀ ပြည့် မွေးနေ့ပွဲ ကျင်းပရမှာပါ။ အခုလို ကွယ်လွန်ရတော့ ပိုပြီး ဝမ်းနည်းကြေကွဲကြရတော့တယ်။ ဝီလျံနဲ့ဟယ်ရီ ညီအစ်ကိုနှစ်ယောက် ဘွားတော်ကြီးရဲ့ ရုပ်ကလာပ်နောက်ကနေ လမ်းလျှောက်ပြီး ဝက်စ်မင်စတာ ဘုရားကျောင်းကို သွားရတဲ့ မြင်ကွင်းဟာ အရင်က သူတို့မိခင် ကွယ်လွန်စဉ်က မြင်ကွင်းကို သတိရစေပါတော့တယ်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဝီလျံဆိုတာ အမြဲတမ်း စံပြကျောင်းသားတစ်ဦး မဟုတ်ပါဘူး။ မနုဿဗေဒသင်တဲ့ ကထိကဒေါက်တာ ဒီကလင်ကွစ်လီက အောက်ပါအတိုင်း ပြောခဲ့ပါတယ်။

"ကျွန်တော် လက်ချာပေးနေတုန်း ဝီလျံ အိပ်ငိုက်နေတာ မှတ်မိတယ်။ ကျွန်တော်က "ဘုရင်ဖြစ်တည်မှု" အကြောင်း ကျွန်တော်သင်ရင် စိတ်ဝင်စားမှု တစ်အားကောင်းတယ်လို့ ထင်ထားတာပါ။ အတန်းထဲမှာက ကျောင်းသား ၂၅၀ လောက်ရှိတာမို့ သူ အိပ်ငိုက်နေတာကို ကျွန်တော် မသိဘူးလို့ ဝီလျံက ထင်ကောင်းထင်လိမ့်မယ်။ သူက ဦးခေါင်းကို လက်ထဲထည့်ထားတော့ တစ်ခုခု စဉ်းစားနေတာလို့ ထင်ချင်ထင်နိုင်တယ်။ ဒါမှမဟုတ် ဒီဘုရင်စနစ်ဆိုတာကြီးအကြောင်း မကြားချင်တာလည်း ဖြစ်နိုင်တာပဲ။ တကယ်က လက်ချာဟာ အတော်စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဘုရင်စနစ်ရဲ့ အခြေခံစည်းမျဉ်းတွေကို အနာဂတ်ဘုရင်ဖြစ်မယ့် လူတစ်ယောက်ရှေ့မှာ သင်နေတာဟာ နည်းနည်းတော့ ရယ်စရာဖြစ်မှာပဲ။ ကျောင်းသားတစ်ယောက်က ပြန်ပြောဖူးတယ်။ ဝီလျံ အတန်းထဲမှာရှိနေတာ ဆရာသိပါတယ်။ မှန်ပါတယ်။ ကျွန်တော် သိပါတယ်။ အတန်းထဲမှာ ဝီလျံရှိနေလို့ဆိုပြီး စာသင်တာကို တစ်စုံတစ်ရာ ပြောင်းလဲမပစ်ခဲ့ပါဘူး။ ဝီလျံကိုယ်တိုင် မေးခွန်း ထမေးတာမျိုးတောင် ဖြစ်စေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကာလမှာ ဝီလျံအပေါ် ကျွန်တော် အတော် ချစ်ခင်နေခဲ့တာမို့ပါ"

ဒေါက်တာကွစ်လီရဲ့ "ဘုရင်ဖြစ်တည်ခြင်း" အယူအဆဟာ ဝီလျံရဲ့အမြင်မှာတော့ မကိုက်ညီခဲ့ဘူး။ ဒေါက်တာက "ဘုရင်"ဆိုရင် "သာမန်" မဖြစ်ရဘူး။ "ထူးခြား"ရမယ်လို့ ယူဆတာပါ။ ဒေါက်တာကွစ်လီကိုယ်တိုင် "ဘုရင်ဖြစ်ခြင်း၏ စရိုက်လက္ခဏာများ"ဆိုတဲ့ စာအုပ်ကို ရေးထားတာ ဖြစ်ပါတယ်။ အဲဒီစာအုပ်ထဲမှာ "ဘုရင်၊ ဘုရင်မဆိုတာ ထူးခြားတဲ့အရာ ဖြစ်တယ်။ ဘုရင်ဘုရင်မတွေဟာ သာမန်အဆင့်ကနေ အတော်လေး ထူးခြားတဲ့အဖြစ် ပြောင်းလဲအောင် လုပ်ကြရမယ်"လို့ ဆိုထားပါတယ်။ ဒါ့အပြင်..."တော်ဝင်မိသားစုထဲက ခေတ်မီအောင်ဆိုပြီး လုပ်ချင်တဲ့လူတွေဟာ မှားတယ်။ လုံးဝမှားတယ်။ ဘုရင်ဟာ... ကျွန်ုပ်တို့ လူသာမန်နဲ့ ပိုပြီးတူလာလေလေ၊ ဘုရင်နဲ့ မတူလေလေပဲ။ ဘုရင်ဆိုတာ..စံပြတစ်ခုဖြစ်တယ်။ လူပုဂ္ဂိုလ် မဟုတ်ဘူး" လို့လည်း ဆိုပါတယ်။

ဒီစကားတွေကို ဝီလျံ မကြားချင်တာ ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် သူ ငြီးငွေ့သွားတာလည်း ဖြစ်နိုင်တယ်။ ဒါနဲ့ပဲ သူ... ဘာသာရပ်ပြောင်းခဲ့တာ ဖြစ်ပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ်... သူ စိန့်အင်ဒရူးမှာ ပျော်ချင်ပါတယ်။ စိန့်အင်ဒရူးမှာ "ထူးခြားသူ" မဟုတ်ဘဲ "သာမန်လူ" အဖြစ် လေးနှစ်လုံးလုံး နေချင်ခဲ့သူ ဖြစ်ပါတယ်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အချိန်က ၂၀၀၂ ခုနှစ်၊ မတ်လ ၂၇ ရက်ပါ။

စိန့်အင်ဒရူးမှာ ဝီလျံရဲ့ ဒုတိယနှစ်ဝက် ဖြစ်ပါတယ်။

အဲဒီညမှာ Don't Walk ဆိုတဲ့ ဖက်ရှင်ရှိုးပွဲ လုပ်ခဲ့တယ်။ နှစ်ပတ်လည် အပျော်တမ်းပွဲပါ။ အဲဒီရှိုးပွဲမှာ 'ကိတ်'ဆိုတဲ့ ကောင်မလေးက Catwalk ဆိုတဲ့ လမ်းလျှောက်ပွဲထဲ လျှောက်ခဲ့တယ်။ နေရာက "စိန့်အင်ဒရူးပင်လယ်ကွေ့ဟိုတယ်" ကြယ်ငါးပွင့်အဆင့် ဟိုတယ်ကြီးမှာပါ။ အဲဒီမှာ ကိတ်လျှောက်တာကိုမြင်တော့ ဝီလျံက သူ့အနားက သူငယ်ချင်း ဖားဂတ်စ်ဘက်လှည့်ပြီး တိုးတိုးပြောတယ်။ "ဂူး... ဖားဂတ်စ်... ကိတ်က ဟော့ထ်တယ်နော်"တဲ့။

ဝီလျံဟာ ပထမဆုံး ရှေ့တန်းကခုံနေရာကို ပေါင် ၂၀၀ နဲ့ လက်မှတ်ဝယ်ခဲ့ရတာပါ။ အခု ကိတ်က အနက်ရောင် အတွင်းခံဘောင်းဘီနဲ့ ပါးပါးလေးမို့ အတွင်းထိမြင်နေရတဲ့ ဝတ်စုံနဲ့ဆိုတော့ ဘယ်ကို ကြည့်ရမယ် ဆိုတာ ဝီလျံ သိပါတယ်။

အဲဒီညက အကြောင်း မော်ဒယ်တစ်ယောက်ကလည်း ပြောဖူးတယ်။

"ကိတ်က အရမ်းလှတယ်။ သူ့ဆံပင်တွေက လွင့်လို့။ ဝတ်စုံထဲကနေ ပေါ်လာတဲ့ ခါးနဲ့ဝမ်းဗိုက်က ရှိုးပွဲ ပရိသတ်ကို ဖမ်းစားသွားခဲ့တယ်။ သူ့ခြေတံတွေနဲ့ ပတ်သက်ပြီး တိုတယ်လို့ သူ့ဟာသူ ညည်းလေ့ရှိတယ်။ ဒါပေမဲ့ Catwalk လျှောက်တော့ တစ်အားတော်တာပဲ။ ဒါကို ဝီလျံအပါအဝင် အားလုံး သိသွားကြတယ်"

အဲဒီဖက်ရှင်ရှိုး ပြီးသွားပြီးတဲ့နောက်၊ ဝီလျံလည်း ကိတ်ကိုလိုက်ဖို့ ဆုံးဖြတ်လိုက်တော့တယ်။ "ဟုပ်လမ်း"မှာ လုပ်တဲ့ ပါတီတစ်ခုမှာ လူငယ်တစ်စု အိမ်ဖြစ် ကော့တေးလ်အရက်တွေ သောက်ရင်း၊ တေးဂီတကလည်း လွင့်ပျံ့နေချိန် ဝီလျံနဲ့ကိတ်က တိတ်ဆိတ်တဲ့ အခန်းထောင့်လေးတစ်ခုမှာ စကားလက်ဆုံ ကျနေခဲ့တယ်။ ကိတ်ရဲ့ အောင်မြင်မှုအတွက် ဆိုပြီး အရက်ခွက်ကို မြှောက်တဲ့အခိုက်၊ ဝီလျံက ကိတ်ကိုနမ်းဖို့ ကိုင်းညွတ်လိုက်တယ်။ ဒီအခါ ကိတ်က ရှောင်လိုက်တယ်။ လူစိမ်းတွေကြား ဒါမျိုး မလုပ်သင့်ဘူးလို့ ယူဆတာပါ။

အဲဒီအချိန်မှာ ကိတ်က စတုတ္ထနှစ် ကျောင်းသားတစ်ဦးဖြစ်တဲ့ "ရုပတ်ဖင့်ချ်"နဲ့ ဒိတ်လုပ်နေကျ ဖြစ်နေပြီး ဒါကို ဝီလျံက အရေးမစိုက်ပါဘူး။ အဲဒီညက မျက်မြင်တစ်ဦးရဲ့ အဆိုအရ...

"ဝီလျံကတော့ ကိတ်ကို ကျနေပြီဆိုတာ ကျွန်တော်တို့အားလုံး အမြင်ပဲ။ သူက ကိတ်ဟာ အဲဒီညက အားလုံးကို ကန့်ထုတ်လိုက်တယ် ဆိုတဲ့စကားကိုလည်း ပြောခဲ့တာအမှန်ပဲ။ ဒီစကားကို ကိတ်ကလည်း ဘဝင်ခိုက်သွားတယ်။ ဒါပေမဲ့ ကိတ်က ဒီကိစ္စကို အသာလေး ကစားသွားခဲ့တယ်။ ဝီလျံက သူ့ကိုနမ်းမလို့ ကိုင်းညွတ်လိုက်တဲ့အခါ ကိတ်က ရှောင်လိုက်တယ်လေ။ ကိတ်က သူဟာ ဝီလျံအတွက် "လွယ်လွန်းတယ်"လို့ အထင်မခံချင်ဘူး။ အအောင်လွယ်တာ မခံချင်ဘူး"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိတ်လည်း လှုပ်ရှားသွားခဲ့ပါပြီ။

ဝီလျံ ဒုတိယနှစ်ဝက် ပြန်လာတော့ ကိတ် အတော်ကြီး သက်သာရာရခဲ့တယ်။

ခရစ္စမတ်ပိတ်ရက်မှာ အတူတွဲနေခဲ့ကြတယ်။

စိန့်အင်ဒရူးကို ဒုတိယ အခွင့်အရေးပေးဖို့ ဝီလျံကို အားပေးခဲ့တယ်။

ကိတ်လည်းပဲ အိမ်လွမ်းဖူးတာပါပဲ။ ခုတော့ ဝီလျံကို မှီခိုအားကိုးလာခဲ့တယ်။ ဒါဟာ ဝီလျံဆိုတာ ဝီလျံ မို့သာပါ။

ဝီလျံကလည်း ကိတ်နဲ့ဆိုရင် အမြဲ သက်သာကြည်နူးနေခဲ့ပြီလေ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကိတ်ရဲ့ရှိုးပွဲ Catwalk ပြီးတဲ့နောက်ပိုင်းမှာ ကိတ်နဲ့ ဝီလျံတို့အကြား ထူးခြားမှုတွေ ဖြစ်လာခဲ့တယ်။ ဝီလျံရဲ့ ၂၁ နှစ်မြောက် မွေးနေ့မှာ ဝီလျံက သူဟာ "လူပျိုလူလွတ်" ရည်းစားသနံမရှိသေးကြောင်း အင်တာဗျူးဖြေခဲ့တယ်။ အမှန်ကတော့ သူဟာ သူ့ရဲ့ လှပတဲ့မိတ်ဆွေအပေါ် ကျနေခဲ့ပြီးပါပြီ။ ပြဿနာ တစ်ခုရှိတာက ကိတ်နဲ့ ရုပတ်ဖင့်ချ် တွဲနေမှုပဲ။ ဒါဟာ သိပ်တော့ အရေးမကြီးလှပါဘူး။ ဒါပေမဲ့ ကိတ်အနေနဲ့ သစ္စာမရှိဘူးဆိုရင် အလကားလူ ဖြစ်သွားလိမ့်မယ်။ မင်းသားဆိုတဲ့ ဂုဏ်ကြောင့် ရုပတ်နဲ့ ဆက်သွယ်နေမှုကို ပြောင်းမပစ်နိုင်ပါဘူး။

ဝီလျံကလည်း အမျိုးမျိုး အချက်ပြ ကစားခဲ့တယ်။ ကာလီဆိုတဲ့ ကောင်မလေးနဲ့ တွဲပြတာ အပါအဝင်ပေါ့။ ကာလီကို ကိတ်က မနိုင်နိုင်ပါဘူး။ နောက်ပိုင်းနှစ်တွေမှာ ကိတ်ဟာ ဝီလျံရဲ့ ချစ်ရေးဆိုမှုကို အတော်ကြီး စောင့်ခဲ့ရတဲ့အတွက် "ဝိတ်တီကေတီ" စောင့်နေတဲ့ ကိတ်လို့တောင် ချစ်စနိုး အမည်ရခဲ့တယ်။ နောက်တော့လည်း ဝီလျံကပဲ ကိတ်ရဲ့ တုံ့ပြန်မှုကို ပြန်စောင့်ခဲ့ရတာပါ။

ဒုတိယနှစ် ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလရောက်တော့ ဝီလျံက ဟုပ်လမ်း၊ ၁၃ (A) မှာရှိတဲ့ အခန်းလေးမှာ နေတယ်။

## အခန်း - ၁၀
## ကိတ်မစ်ဒယ်လ်တန်... စောင့်နေတဲ့ မင်းသမီးလေး

*တော်ဝင်နန်းတော်ကလည်း ကိတ်နဲ့ဝီလျံရဲ့ ဆက်သွယ်မှုကို သိရှိလာတဲ့အခါ ကိတ်ဆိုတာ မင်းသားနဲ့ထိုက်တန်တဲ့ မဟာဆီ မဟာသွေးတော့ မဟုတ်ဘူး။ ဒါပေမဲ့ ဝီလျံအတွက် ပိုပြီးအရေးကြီးတဲ့ တခြား အရည်အသွေးတွေ ရှိနေကြောင်း သိကြပါတယ်*

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဒီမြို့မှာတော့ စမတ်ကျတဲ့ အိမ်လေးပါပဲ။ ဒီလို အပြင်မှာနေရတဲ့အတွက် အပြင်ထွက်လို့ လွယ်တယ်။ တခြားသူငယ်ချင်းတွေနဲ့ စပ်တူနေလို့ရတယ်။ ဒီလိုအိမ်မျိုးမှာ အရင်က ဘယ်မင်းသားမှ မနေခဲ့ဖူးပါဘူး။ သူ့ကျမှ သာမန်ဘဝကို အစစ်အမှန်ထုဆစ်လိုက်တာပါပဲ။ လိုအပ်တဲ့ လုံခြုံရေးတွေတော့ စီစဉ်ထားရပါတယ်။ ပြတင်းပေါက်တွေကို ကျည်ဆန်မဖောက်ထွင်းနိုင်အောင် လုပ်ရတယ်။ အိမ်ရှေ့တံခါးကို ဖုံးမခွဲနိုင်အောင် လုပ်ထားရတယ်။ အဲဒါအပြင် လေဆာ လုံခြုံရေးကိရိယာကိုလည်း ပြုလုပ်ထားရပါတယ်။ ကြမ်းပြင်ကနေ ခေါင်မိုးအထိမြင့်တဲ့ ပြတင်းပေါက်ရှည်ကြီးတွေကိုလည်း ပိုပြီးခိုင်ခံ့အောင်ပြင်ရတယ်။ ဝီလျံရဲ့အခန်းက မီးဖိုဆောင်နဲ့ ဧည့်ခန်း၊ ထမင်းစားခန်းကြားမှာရှိပြီး သီးသန့်ပန်းခြံလေးဘက်ကို မြင်ရတယ်။ အဲဒါအပြင် ဈေးလမ်းမှာရှိတဲ့ ကျောင်းသားသမဂ္ဂ အဆောက်အအုံကြီးကိုလည်း မြင်နိုင်တယ်။

ဒီအိမ်ကို ဝီလျံပြောင်းဖို့ ဆုံးဖြတ်ရာမှာ သူနဲ့အတူ ကိတ်၊ ဖားဂတ်စ်၊ အိုလီဗာ၊ နာတာရှာတို့လည်း ပါပါတယ်။ တစ်ယောက်ကို တစ်ပတ်ပေါင် ၁၀၀ အိမ်ငှားခ ပေးရတယ်။ နှစ်ထပ်အိမ်ရဲ့ အပေါ်ထပ်ကို ငှားခဲ့တာဖြစ်ပြီး သန့်ရှင်းရေးအတွက် အားလုံးတာဝန်ယူရတယ်။

မျက်နှာကြက်မြင့်မြင့်နဲ့ ဧည့်ခန်းကျယ်ကျယ်ကြီး ရှိတဲ့အတွက် ဖျော်ဖြေရေးလုပ်ဖို့ အကောင်းဆုံးဖြစ်ခဲ့တယ်။ သူတို့က ဒင်နာညစာစားပွဲတွေ လုပ်ကြပြီး စားသောက်စရာ၊ ချက်ပြုတ်စရာ ဝယ်ဖို့ကို အလှည့်ကျ တာဝန်ယူခဲ့ကြတယ်။ အဲဒီနေရာမှာပဲ စည်းဝေးကြတယ်။ ဆုံတွေ့ကြတယ်။ ကောင်းတာတွေ ဘာလုပ်ကြမယ်ဆိုတာ စည်းဝေးစဉ်းစားခဲ့ကြတယ်။ ဝီလျံက ဖားဂတ်စ်နဲ့ အမြဲ မခွဲမခွာနေတတ်တယ်။ နောက်တစ်ဦးကတော့ ပထဝီကျောင်းသားတစ်ဦးဖြစ်တဲ့ ဘရိုနီ ဒယ်နီယယ်လ်ပါ။ ခုအချိန်မှာ ဝီလျံလိုချင်တဲ့ စိန့်အင်ဒရူးကျောင်းသူကတော့ ကိတ်ပဲ ဖြစ်ပါတယ်။

ဝီလျံနဲ့ကိတ်တို့ဟာ သူတို့ အချစ်ဇာတ်လမ်းကို သိုသိုသိပ်သိပ် ထားကြဖို့ စဉ်းစားဆုံးဖြတ်ခဲ့ကြတယ်။ ဟုပ်လမ်းက အိမ်ကြီးထဲမှာပဲ တံခါးပိတ်ပြီး လူမြင်မခံဖို့ စိတ်ကူးခဲ့ကြတယ်။ သူတို့အိပ်ခန်းတွေရဲ့ အပြင်ထွက်ပေါက်တွေက သီးခြားစီဖြစ်တယ်။ ဝီလျံက သူ့အရင် တော်ဝင်မိသားစုများ တစ်ခါမှမရဖူးတဲ့ လွတ်လပ်မှုကို ရယူခဲ့တယ်။ သူတို့ ဘယ်လောက်ခေတ်မီတယ်ဆိုတာ ပြခဲ့တယ်။ ဝီလျံနဲ့ကိတ်တို့ သမီးရည်းစား ဖြစ်သွားကြပြီးပေမယ့် အများမသိသာအောင် နေခဲ့ကြတာပါ။ အိမ်က အချိန်ခွာပြီး ထွက်တယ်။ ဒင်နာပါတီကို အချိန်သီးခြားစီ ရောက်တယ်။ ပြီးတော့ လူထုကြားမှာ ဘယ်တော့မှ ထက်ချင်းမတွဲကြဘူး။

သူတို့အိမ်ထဲမှာတော့ တခြား ချစ်သူစုံတွဲတွေလိုပဲ နေကြတယ်။ အေးမြတဲ့ ဆောင်းလတွေမှာ ညချမ်းဘက်ဆိုရင် DVD ကြည့်ရင်း အချိန်ဖြုန်းကြတယ်။ ဘင်္ဂလားဒေ့ရှ် စားသောက်ဆိုင်က စားစရာတွေ မှာစားကြတယ်။ တစ်ခါတစ်ရံတော့ ဆောင်လမ်းပေါ်မှာရှိတဲ့ "အနောက်ဆိပ်ကမ်းဘား"ကို သွားသောက်ကြတယ်။ အဲဒီဆိုင်က ခေတ်မီမီးဖိုတွေနဲ့ နံရံအဖြူတွေကို ကိတ်က သဘောကျတာပါ။ ဒီဆိုင်က ဒေသကစားပွဲလေးတွေ စပွန်ဆာလုပ်ပေးတယ်။ တစ်ခါတစ်ရံ ဝီလျံ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဝင်ကစားတတ်တယ်။ သူတို့စုံတွဲဟာ ဓေါ့ဖ်ဟိုတယ်အောက်မှာ မာဘယ်လီဆိုတဲ့ ကျောင်းသားနဲ့လည်း အပေါင်းအသင်း ဖြစ်ခဲ့တယ်။ အဲဒီမှာက ဈေးပေါတဲ့စားစရာတွေ ရတယ်။ ဆော်လမွန်ငါးအပါအဝင် အစားတွေကို ကိတ်က ကြိုက်တယ်။ ညဘက်ဆိုရင် လီမွှော်ရောင် ဆေးသုတ်ထားတဲ့ စားသောက်ဆိုင်ဟာ ဖက်ရှင်ကျတဲ့အရက်ဆိုင် ဖြစ်သွားပြီး ကော့တေးလ်ကို ငါးပေါင်ပဲ ပေးရတယ်။ ကချင်ရင်တော့ သူတို့စုံတွဲဟာ "လစ်ဇတ်" ဆိုတဲ့ ညနက်အထိ ဖွင့်တဲ့ဆိုင်ကို သွားကြတယ်။

ကိတ်ဟာ တက္ကသိုလ် ပထမနှစ်တစ်နှစ်လုံး အင်ဒရူးက ကျောင်းသားတွေနဲ့ပဲ အချိန်ကုန်ခဲ့ပေမယ့် ဒုတိယနှစ်ရောက်တဲ့အခါမှာတော့ သူ့ရဲ့ ကိုယ်ပိုင်အပေါင်းအသင်း၊ အသိုက်အဝန်းကို ဖန်တီးခဲ့တယ်။ ယောကျ်ားတွေချည်းပါတဲ့ ကိတ်ကနေဒီကလပ်ကို ပြိုင်တဲ့အနေနဲ့ မိန်းမတွေချည်းပါတဲ့ 'လန်မ်ဒင်ကလပ်'သင်းကို တည်ထောင်ခဲ့တယ်။ သူ့သူငယ်ချင်း ကက်သရင်းမန်စီနဲ့အတူ နွေရာသီသောက်ပွဲ ပါတီတွေလုပ်ပြီး ရန်ပုံငွေရှာတယ်။ ကရုဏာလုပ်ငန်း အမျိုးမျိုးကို ထောက်ပံ့ခဲ့တယ်။ တခြားအရာရှိ အရာခံသမီးတွေနဲ့လည်း ခင်မင်ရင်းနှီးခဲ့ပြီး စန္ဒရင်းဂျုနက်ဆိုတဲ့ ကောင်မလေးနဲ့လည်း အပေါင်းအသင်း ဖြစ်ခဲ့တယ်။ ဒီ ဂျုနက်က ဝီလျံရဲ့သူငယ်ချင်း ဖားဂတ်စ်နဲ့ ဒိတ်လုပ်နေပြီ။

သူတို့အိမ်မှာ ယောကျ်ားလေးတွေက ဈေးဝယ်ဖို့တာဝန်ယူကြပြီး မိန်းကလေးတွေက အပတ်စဉ်ဒင်နာပါတီ လုပ်ဖို့ ပြင်ဆင်ကြတယ်။ သူတို့အထဲမှာ "ကက်သရင်းမန်စီ"က အပင်ပန်းအခံဆုံးပဲ။ သူက သိပ်ကိုစတိုင်ကျပြီး သူစီစဉ်တဲ့ ဒင်နာတွေဟာလည်း စတိုင်ကျမြဲဖြစ်တယ်လို့ သူ့သူငယ်ချင်းတွေက ပြောပါတယ်။ သူ့ဒင်နာမှာ အစားအစာကို တစ်မျိုးပြီးတစ်မျိုး တည်ခင်းတတ်တယ်။ သူတို့တစ်တွေက သူတို့အိမ်တွေမှာလည်း ဒင်နာပါတီကို အလှည့်ကျတာဝန်ယူ ကျွေးလေ့ရှိသေးတယ်။ အဲဒီဒင်နာတွေမှာ သောက်ချင်သလောက်သောက်ပြီး ပျော်စရာအမျိုးမျိုးကိုလည်း ဖန်တီးကြတယ်။ ညစာစားပြီးကြတဲ့အခါ ဝီလျံ အမြဲယူလာလေ့ရှိတဲ့ ဝိုင်ပုလင်းကိုဖွင့်ပြီး ဂိမ်းစ်ကစားကြပြန်တယ်။ အဲဒီဂိမ်းစ်က တစ်ယောက်နဲ့ တစ်ယောက် မိမိ လုပ်ဖူးတဲ့ကိစ္စတစ်ခုကို ဝန်ခံပြီး တခြားလူကိုမေးလို့ အမေးခံရတဲ့လူကလည်း သူ လုပ်ဖူးတယ်ဆိုရင် အဲဒီအချက်မှာ ဝိုင်ကို တစ်ကြိမ်သောက်ရတယ်။ ဒီလိုနဲ့ ရယ်ကြပျော်ကြတာပါ။

ဝီလျံရော၊ ကိတ်ပါ ဒီဂိမ်းစ်ကို နှစ်သက်ကြတယ်။ ဒါပေမဲ့ "ကာလီ"တစ်ယောက် ဒင်နာလာတက်တဲ့ညမှာတော့ အဆင်မပြေ ဖြစ်သွားရတယ်။ ကာလီနဲ့ဝီလျံက မိတ်ဆွေအဖြစ်နဲ့ နေကြဆဲဖြစ်ပြီး ကာလီ တတိယနှစ်မှာ သူနေတဲ့အခန်းရှေ့က ဝီလျံတို့ဖြတ်သွားရင် ကာလီက ပြတင်းပေါက်ကနေ လက်ပြမြဲပါ။ အဲဒီညမှာတော့ အခန်းထဲမှာ ဝီလျံရော၊ ကိတ်ရော၊ ကာလီရော အတူရှိနေကြတာကို ကာလီ ဝန်ခံစကားပြောတဲ့ အလှည့်ရောက်တော့ ကာလီက "ကျွန်မ ဒီအခန်းထဲမှာ လူနှစ်ယောက်နဲ့ ဘယ်တုန်းကမှ ဒိတ်မလုပ်ဖူးဘူး"လို့ ပြောချလိုက်တယ်။ ဒါဟာ ဝီလျံကို ထိတာပဲ။ ဝီလျံက ကာလီနဲ့ကိတ်ကို ဒိတ်လုပ်ခဲ့တာမို့ ဒီကိစ္စ ဝီလျံကိုဝန်ခံမခံ မေးလိုက်ခြင်းပါပဲ။ ကိတ်ကလည်း ဝီလျံနားမှာကပ်ပြီး ထိုင်နေတာပါ။ အားလုံးကလည်း သိနေကြတယ်။ ဒီအခါ ဝီလျံဟာ ကာလီကို မိုးကြိုးမုန်တိုင်းလို

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်တဲ့အကြည့်နဲ့ တစ်ချက်ကြည့်လိုက်တယ်။ ပြီးမှ အသက်အောင့်ပြီး ပြောတယ်။ ''မင်း... ဒီလိုပြောလိုက်တာ ငါမယုံနိုင်ဘူး''တဲ့။

အဲဒီအချိန်ကစပြီး ကိတ်ကလည်း ကာလီကို စကားကောင်းကောင်း မပြောတော့ဘူး။ အားလုံးလည်း အံ့အားသင့်သွားကြတယ်။ ဒီနေ့မှာ ဝီလျံဟာ သူနဲ့ကိတ်တို့ ကိစ္စကို လူသိရှင်ကြား အတည်ပြုလိုက်တာပါပဲ။

ဒုတိယနှစ်အကုန်မှာတော့ သူတို့ အချစ်ရေးဟာ ပြီးဆုံးသွားပြီလို့ သိသာထင်ရှားလာခဲ့တယ်။ ၂၀၀၃ခုနှစ်၊ ဇွန်လမှာကျင်းပတဲ့ ကိတ်ရဲ့ ရက်လွန် ၂၁ နှစ် မွေးနေ့ပွဲကို ဘာ့ဂ်လီဘယ်ရီကအိမ်မှာ ကျင်းပတော့ ဝီလျံတက်ခဲ့ပါတယ်။ ဝီလျံရောက်လာတဲ့အခါ ကိတ်ရဲ့လှမ်းကြည့်ပုံဟာ ချစ်ခင်တဲ့ဆက်ဆံမှုမျိုး မဟုတ်ဘူး။ ဖက်လဲတကင်း ဝမ်းမြောက်ဝမ်းသာ မရှိခဲ့ဘူး။ ဒါကြောင့်လည်း သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးကို အများက သံသယဝင်ခဲ့ကြတာ ဖြစ်တယ်။

ဒီပွဲကို သတင်းထောက်တွေလည်း ရောက်နေကြတာဆိုတော့ သူတို့နှစ်ယောက် ဘယ်လိုအခြေအနေလဲလို့ သိချင်နေကြတာမို့ အရိပ်အကဲ ကြည့်နေကြတာလည်း အမှန်ပါပဲ။

အဲဒီအချိန်က ကိတ်ရဲ့ဖခင် မိုက်ကယ်ကို သတင်းထောက်တစ်ယောက်က လှေကားထစ်မှာတင် ချဉ်းကပ်ရင်း မေးခွန်းမေးခဲ့တယ်။ ကိတ်နဲ့ဝီလျံတို့ကိစ္စ ဘယ်လိုလဲဆိုတဲ့ သဘောပေါ့။ ဒီအခါ ကိတ်ရဲ့ဖခင်က ''ဝီလျံနဲ့ ဆွေမျိုးတော်စပ်ရမယ်ဆိုရင် ကျွန်တော်တို့ သိပ်ဝမ်းသာတာပေါ့။ ဒါပေမဲ့ ဖြစ်လာမယ်လို့ ကျွန်တော်မထင်ဘူး''လို့ ဖြေခဲ့တယ်။

နောက်လ ဝင်ဆာရဲတိုက်မှာ ဝီလျံရဲ့ ၂၁ နှစ်မြောက် မွေးနေ့လုပ်တဲ့အခါမှာတော့ ကိတ်ကို စာရင်းထဲထည့်ထားခဲ့ပေမယ့် ဝီလျံဟာ အလွန်လှပတဲ့ ဂျက်စီကာခရစ် ဆိုတဲ့ ကောင်မလေးကိုလည်း ငြိနေတယ်လို့ ထင်ကြရတယ်။

ဝီလျံက ဂျက်စီကာကို ပထမတွေ့ခဲ့တာပါ။ ဂျက်စီကာဆိုတာ ဗြိတိသျှရှေးရိုးသမား အိုင်ယင်ခရစ်ဆိုသူရဲ့ သမီးဖြစ်ပြီး ၁၉၉၈ ခုနှစ်က ဝီလျံရဲ့ ကျောင်းအားရက်တွေမှာ ဆုံခဲ့တာဖြစ်တယ်။ ဝီလျံက အာဖရိကတိုက်ကို သဘောကျသွားခဲ့ပြီ။ ကင်နာယာတောင်ခြေမှာရှိတဲ့ လှပတဲ့မြို့လေး လီဝါဒေါင်းမှာ ရက်အတော်ကြာ နေထိုင်ခဲ့တယ်။ နောက်ပိုင်း လီဝါမြို့ရဲ့ လှုပ်ရှားမှုတွေအတွက် ရန်ပုံငွေထည့်ဝင်ခဲ့တာ အခုထိပါ။ မစ္စတာခရစ်က ဝီလျံကို အာဖရိကကို ချစ်တဲ့လူလို့ ဖွင့်ပြောဖူးတယ်။ ဝီလျံဟာ အာဖရိကရဲ့လေ့တွေကို လေ့လာခဲ့ပြီး ချစ်ခင်ခဲ့ကြောင်း ပြောပါတယ်။ နောက်တော့ ဝီလျံဟာ ခရစ်ရဲ့သမီး ဂျက်စီကာနဲ့ အာဖရိကအကြောင်း စကားလက်ဆုံကျခဲ့ကြတယ်။ နောက်မကြာခင် ဝီလျံနဲ့ဂျက်စီကာတို့ တစ်ခုခုဖြစ်နေပြီဆိုတဲ့ ကောလာဟလ ထွက်လာတယ်။ ဝီလျံဟာ ဂျက်စီကာကို စတွေ့ကတည်းက လျှို့ဝှက်စွာ နှစ်သက်မှုတော့ ရှိခဲ့ပုံရပါတယ်။ ဂျက်စီကာက လှတယ်။ ဆံပင် အရှည်ကြီးနဲ့။ မျက်လုံးပြာပြာကြီးတွေနဲ့။ ခြေတံတွေကလည်း လှတယ်။ ဒါပေမဲ့ ဝီလျံ အင်္ဂလန် ပြန်သွားတဲ့အခါမှာတော့ သူဝန်ထမ်းတွေကို ဒီကိစ္စ မဖြစ်ခဲ့ဘူးလို့ ငြင်းဆိုဖို့ ညွှန်ကြားခဲ့တယ်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



"ကျွန်တော် အပျိုလေးတစ်ယောက်နဲ့ အတူရှိတိုင်း သံသယတွေက တစ်အားများတယ်။ ဒါဟာ မိန်းကလေးတွေအတွက် ထိခိုက်ပါတယ်"လို့ ဝီလျံက ရှင်းပြပါတယ်။ ဒီကိစ္စဟာ ဂျက်စီကာကိုလည်း စိတ်ညစ်စေခဲ့တယ်။ ဂျက်စီကာက အီဒင်ဘာ့ဂ် တက္ကသိုလ်မှာ "ဟင်နရီရှော့နာ"နဲ့ တွဲနေပြီ။ အဲဒီ ဟင်နရီဆိုတာလည်း တခြားမဟုတ်၊ အီတင်ကျောင်းမှာတုန်းက ဝီလျံရဲ့ သူငယ်ချင်းပါ။ ဒါပေမဲ့... ဝင်ဆာရဲတိုက်မှာ "အာဖရိက အပြင်ဘက်မှာ"ဆိုတဲ့ အကြောင်းအရာကို ပွဲကျင်းပတဲ့အခါ ထိပ်ဆုံးစားပွဲရှိ ဝီလျံရဲ့ဘေးမှာ ဂုဏ်ပြုနေရာပေးခံရသူက ဂျက်စီကာဖြစ်ခဲ့တယ်။ ကိတ်က ရှန်ပိန်ခွက်မြှောက်ပြီး ဂုဏ်ပြုတာပဲ လုပ်နိုင်ခဲ့တယ်။

နွေရာသီကုန်သွားတဲ့အခါ သူတို့ချင်း ပြန်လည်နီးစပ်လာခဲ့ပုံရတယ်။ စိန့်အင်ဒရူးမှာလည်း ဒီကိစ္စဟာ လျှို့ဝှက်မှု မဟုတ်တော့ဘဲ လူတိုင်းသိနေတဲ့ လျှို့ဝှက်ကိစ္စ ဖြစ်သွားတယ်။ ဝီလျံနဲ့ကိတ်တို့လည်း သီးသန့်နေရာရဖို့ ဘယ်ကို ပြောင်းရမလဲ ဆိုပြီး စိတ်ရှုပ်ခဲ့ကြတယ်။ ဝီလျံရဲ့တွဲဖက်ဖြစ်တဲ့ ဖားဂတ်စ်က ဟုပ်လမ်း ၁၃ (A) မှာပဲ ဆက်နေမယ်လို့ ဆုံးဖြတ်တယ်။ သူတို့နှစ်ယောက်ကတော့ မြို့ပြင် တစ်မိုင်လောက်မှာရှိတဲ့ အိမ်ကိုပြောင်းဖို့ ဆုံးဖြတ်လိုက်တယ်။ မြေပိုင်ရှင်သူဌေးကြီး ဟင်နရီချိုင်တဲ့အိမ်ဖြစ်ပြီး ဝီလျံနဲ့လည်း ဆွေမျိုး ခပ်ဝေးဝေးတော်သူပါ။ တော်ဝင်မိသားစုနဲ့ ရင်းနှီးတဲ့မိတ်ဆွေ ဖြစ်တယ်။ အိပ်ခန်း လေးခန်းပါတဲ့ တစ်ထပ်တိုက်ကလေးဖြစ်ပြီး အရင်အိမ်နဲ့စာရင် ပိုပြီးသီးသန့်ဆန်ပါတယ်။ လမ်းမကြီးနဲ့ အတော်ကားမောင်းဝင်ရတာမို့ တော်ရုံတန်ရုံနဲ့ လူ မမြင်နိုင်ပါဘူး။ အိမ်ခန်းမအလယ်လမ်းရဲ့ ညာဘက်မှာ မီးလင်းဖိုရှိတယ်။ အဲဒီခန်းမကျယ်ကြီးထဲမှာ ဝီလျံနဲ့ကိတ်တို့ဟာ အဆောင်နေ သူငယ်ချင်းအသစ်များဖြစ်တဲ့ ဟိုလီဘာကာနဲ့ အချိန်အများဆုံး သုံးခဲ့ကြတယ်။ မကြာခဏဆိုသလို ဖျော်ဖြေရေးပွဲတွေ တက်ခဲ့ကြတယ်။ အိမ်ရောက်ရောက်ချင်းပဲ ဝီလျံက ရေခဲသေတ္တာထဲမှာ ရှန်ပိန်တွေ ထည့်ခဲ့တယ်။ ကိတ်က အနီနဲ့အဖြူပါတဲ့ ခန်းဆီးတွေ အလှဆင်တယ်။ မြေပြင်မှာလည်း နှစ်ဧကလောက်ကျယ်တဲ့ မြက်ခင်းပြင်က ခြောက်ပေမြင့်တဲ့ အုတ်တံတိုင်းကြီးကွယ်ထားတာမို့ သူတို့စုံတွဲအဖို့ စိတ်ကူးယဉ်လမ်းလျှောက်မှုကို အကြာကြီး လျှောက်နိုင်ခဲ့ကြတယ်။ ဝီလျံက ဒီနေရာလေးဟာ လန်ဒန်က "ဟိုင်းဂရိုဗ်" အငယ်စားပဲလို့ တင်စားခဲ့တယ်။ သစ်ပင်ပန်းပင်တွေဟာ ဟိုင်းဂရိုဗ်ပန်းခြံနဲ့ အတော်ဆင်တာမို့ အစားထိုးဖို့ အဆင်ပြေခဲ့တယ်။ အဲဒီနေရာက အတော်လေး ပူနွေးတဲ့အတွက် ပျော်ပွဲစားထွက်သလို နေလို့ရတယ်။ ညနေခင်းရဲ့အရသာကို စောင်တစ်ထည်ဖြန့်ခင်းပြီး ကျောဆန့်ခံစားလို့ရတယ်။ ဝိုင်ဖြူတစ်ပုလင်းကို အတူသောက်ရင်း နှစ်ကိုယ်တူ လူမမြင် သူမမြင်အောင် နေနိုင်ကြတယ်။ ဒီလို လူသူကင်းစေတဲ့ အရပ်မှာ သီးသီးခြားခြား နေခွင့်ရခဲ့တဲ့အတွက် အဲဒီရက်တွေဟာ သူတို့အဖို့ ကြည်နူးမှုအပြည့် ရခဲ့တဲ့နေ့တွေပါပဲ။

ဒါပေမဲ့ လျှို့ဝှက်ချက်ဟာ မကြာမီ ပေါ်တော့မှာပါ။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



နှင်းတောင်တန်းတွေကို နောက်ခံထားပြီး ဝီလျံက ကိတ်ကိုဖက်လို့။ နှစ်ယောက်စလုံးဟာ အေးမြတဲ့တောင်တန်း ဆေးကြားမှာ ဘောင်းဘီရှည်နဲ့၊ စကိတ်စီးတဲ့ဂျာကင်တွေနဲ့။ သူတို့ဟာ စကိတ်စီးဖို့ တောင်ထိပ်ကို "စကိတ်ဓာတ်လှေကား" စီးဖို့ စောင့်နေကြတာ ဖြစ်တယ်။ ဓာတ်ကြိုးလိုင်းအတိုင်း ဘားတန်းလည်း ရောက်လာရော၊ ဝီလျံကကိတ်ကို ဘားပေါ် အရင်တင်ပေးတယ်။ ပြီးတော့မှ နှစ်ယောက်အတူ မတ်စောက်တဲ့ တောင်ကမ်းပါးယံတစ်လျှောက်၊ စကိတ်တံတွေ တိုင်ရင်း လိုက်ပါသွားကြတယ်။ အဲဒီပုံဟာ (ဝီလျံကကိတ်ကို အမြတ်တနိုး ကြည့်နေပုံ)ဟာ ၂၀၀၄ ခု၊ ဧပြီလ ၁ ရက်နေ့ထုတ် "ဆန်း" သတင်းစာကြီးထဲ ပါသွားခဲ့တယ်။ ဒါဟာ "ဧပရယ်လ်ဖူးလ်"ဆိုတဲ့ ဧပြီလ ၁ ရက်နေ့ နောက်ပြောင်မှု မဟုတ်ပါဘူး။ လအတော်ကြာအောင် ကောလာဟလဖြစ်နေခဲ့ခြင်းဟာ အခုတော့အတည်ဖြစ်သွားပြီ။ ဝီလျံနဲ့ကိတ်တို့ဟာ မိတ်ဆွေအဆင့်ထက် ကျော်သွားပြီ။

ဝီလျံက သူရဲ့ ၂၁ နှစ်မြောက် မွေးနေ့မှာ ပြောခဲ့ဖူးတယ်။

"တကယ်လို့ ကျွန်တော်က မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားပြီ၊ သူကလည်း ကျွန်တော့်ကို ပြန်ပြီး စိတ်ဝင်စားတယ်ဆိုရင် ကျွန်တော်က သူ့ကို အပြင်ထွက်ဖို့ခေါ်တယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ သူတို့ကို ဆိုးဆိုးရွားရွား မြင်မကောင်းတဲ့ အနေအထားမျိုး မရောက်စေချင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဘာဖြစ်လာမလဲဆိုတာ လူအတော်များများက နားမလည်ကြဘူး။ ကျွန်တော့်ကိုသိပြီး ကျွန်တော်တို့ကို နားမလည်နိုင်ဘူး။ ဒါကတစ်ချက်။ နောက်တစ်ချက်ကတော့ သူတို့ ကျွန်တော့်ရည်းစားဆိုရင်လည်း စိတ်လှုပ်ရှားမှုက ပြဿနာဖြစ်လာနိုင်တယ်"

စိတ်လှုပ်ရှားမှုဆိုတာ ဝီလျံပြောတာ မှန်ပါတယ်။

သူက တော်ဝင်မိသားစု နှစ်စဉ် ဓာတ်ပုံရိုက်လေ့ရှိတဲ့ "ကလော်စတာ"ကိုသွားဖို့ ရွေးချယ်ခဲ့တယ်။ အဲဒီမှာ ကိတ်ကို ချစ်ခင်မှုမပြဘဲ ဖုံးကွယ်ထားဖို့ သူ မကြိုးစားဘူး။ တခြား သူငယ်ချင်းတွေလည်း အများကြီးပါပါတယ်။ တစ်ဂျီရဲ့မောင်လေး ဟယ်ရီ၊ ဂိုင်းပယ်လီနဲ့ သူ့ကောင်မလေး ကေတီဂျိမ်းစ်တို့ ပါကြတယ်။ သူတို့အုပ်စုလိုက် တောင်စောင်းမှာ ဓာတ်ပုံရိုက်ကြတာပါ။ ဓာတ်ပုံဆရာတွေထဲမှာ ဟိုးအရင် ခုနစ်နှစ်က သူ့အမေကို ဒိုးဒီရဲ့ ရင်ခွင်ထဲမှာရှိနေတဲ့ပုံ ရိုက်ခဲ့တဲ့ "ဂျေဆင်ဖရာဆာ"လည်း ပါတယ်။ အဲဒီဓာတ်ပုံက "ဆန်း"သတင်းစာကြီးထဲ ပါလာတယ်။

ဒီအခါ နန်းတော်က စိတ်ဆိုးတယ်။ မင်းသားလေး တက္ကသိုလ်တက်နေတာကို အကာအကွယ်ပေးထားဖို့ ပြောထားရက်နဲ့ အခုလိုလုပ်ခြင်းအတွက် သတင်းစာကို စည်းကမ်းချိုးဖောက်တယ်လို့ စွပ်စွဲတယ်။ ဒါပေမဲ့ သတင်းစာကလည်း ဒီသတင်း၊ ဒီဓာတ်ပုံကိုတော့ ဖယ်ထားဖို့ မဖြစ်နိုင်ဘူးလို့ ဆုံးဖြတ်တယ်။ ဒါနဲ့ပဲ "နောက်ဆုံးတော့ ဝီလျံ ရည်းစားရပြီ"လို့ စာလုံးကြီးနဲ့ ရေးလိုက်ပါတော့တယ်။ အမှန်တော့လည်း သူက ဒီမိန်းကလေးကို လပေါင်း အတော်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကြာ ရခဲ့ပြီးပြီပဲ။ ခုတော့ လျှို့ဝှက်တံခါးကြီး ဖြုန်းဆို ပွင့်သွားပါပြီ။ ကမ္ဘာကလည်း ဒီရက်စနိုးနဲ့ လှပတဲ့ကောင်မလေး အကြောင်း သိချင်နေကြပါပြီ။

■

ကက်သရင်းအဲလစ်ဇဘက်မစ်ဒယ်လ်တန်ကို ၁၉၈၂ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်မှာ မွေးဖွားခဲ့ပါတယ်။ ရီဒင်းမြို့နယ် တော်ဝင်ဘာ့ခ်ရှိုင်းယား ဆေးရုံမှာပါ။ မိုက်ကယ်မစ်ဒယ်လ်တန်နဲ့ ကားရိုးလ်တို့ရဲ့ သမီးဦးလေး ဖြစ်ပါတယ်။ သူ့နောက် ညီမဖြစ်သူ ဖိလစ်ပါ (ပီပါ)ကို မွေးပြီး မောင်ငယ်ဂျိမ်းဇ်ကို မွေးပါတယ်။ မောင်နှမသုံးယောက်ဟာ ဘရက်ဒ်ဖီးလ် တောင်ပိုင်းမှာရှိတဲ့ မိသားစုအိမ်ကလေးမှာ ကြီးပြင်းခဲ့ကြတယ်။

ယခုအထိ ကိတ်ရဲ့ ပထမဆုံး အင်တာဗျူးမှာ သူဟာ ငယ်ငယ်က ချည်ကြမ်းထည်ကြီးနဲ့ လယ်သူမလို ဝတ်ပြီး သူ့အဖော်တွေနဲ့ ကခုန်ခဲ့ကြတာကို ပြန်ပြောပါတယ်။ သူက အကကို အမြဲတမ်း စိတ်ဝင်စားခဲ့သူပါပဲ။ မစ်ဒယ်လ်တန် မိသားစုမှာ မွေးနေ့လုပ်တာဟာ အရေးကြီးတဲ့ကိစ္စ ဖြစ်ပါတယ်။ ကိတ်အသက် ခုနစ်နှစ်မှာ သူ့မာမီက အဖြူရောင် ယုန်ရုပ်မွေးနေ့ကိတ်ကြီး လုပ်ပေးခဲ့တာကို သတိရပါတယ်တဲ့။ ကိတ်ရဲ့အမေ "ကာရိုးလ်ဂိုးလ်စမစ်"က အလုပ်သမား လူတန်းစားအလွှာက ပေါက်ဖွားလာသူဖြစ်ပြီး ကောင်တီဒါဟမ်ရှိ ကျောက်မီးသွေးတွင်း ကျေးရွာများက အဆက်အနွယ် ဖြစ်တယ်။ ဒါပေမဲ့ သူက တိုးတက်ဖို့ စိတ်ဆုံးဖြတ်ထားတယ်။ ၁၉၇၀ မှာ ဗြိတိသျှလေကြောင်းကုမ္ပဏီရဲ့ "ပန်းကန် ဆေးကြောထိန်းသိမ်းသူ"အလုပ်ကို လုပ်ကိုင်ခဲ့တယ်။ အဲဒီလို လေကြောင်းကုမ္ပဏီမှာ လုပ်နေတဲ့အချိန်မှာပဲ မိုက်ကယ် မစ်ဒယ်လ်တန်နဲ့ တွေ့ခဲ့တာပါ။ မိုက်ကယ်က လေယာဉ်ကုမ္ပဏီရဲ့ စာပေးစာယူဌာနက ဖြစ်ပါတယ်။ သူက လူလတ်တန်းစား အလွှာက ဖြစ်ပြီး သူတို့နှစ်ဦးဟာ ၁၉၈၀ မှာ လက်ထပ်ခဲ့ကြတယ်။ ချားလ်စ်နဲ့ဒိုင်ယာနာ လက်မထပ်ခင် တစ်နှစ်ပါ။

မိုက်ကယ်ရော၊ ကာရိုးလ်ပါ အစိုးရကျောင်းတွေမှာ ပညာသင်ခဲ့ကြရတာဖြစ်ပြီး သူတို့သားသမီး သုံးယောက်ကို ပရိုက်ဗိတ်ကျောင်းလို့ခေါ်တဲ့ အစိုးရမကိုင်တဲ့ အလွတ်ပညာသင်ကျောင်းတွေမှာ ထားနိုင်ခဲ့ကြတယ်။ အဲဒီအချိန် မှာ ဗြိတိသျှလေကြောင်းကုမ္ပဏီက အလွန် အောင်မြင်လာခဲ့တဲ့အတွက် ဝန်ထမ်းတွေဖြစ်တဲ့ မိုက်ကယ်လ်တို့လည်း ပေါင် တစ်သန်းတန်အိမ် ဝယ်နိုင်ခဲ့တယ်။ အဲဒီအိမ်က ဘာ့ခ်ရှိုင်းယား၊ ချေပယ်လ်ရိုးဆိုတဲ့ ရွာကလေးမှာ ရှိတာပါ။ မိသားစု ချောင်ချောင်လည်လည်နဲ့ ပိုပိုလျှံလျှံ သုံးစွဲနိုင်ခဲ့ကြတယ်။

ကိတ်က အိမ်ကနေ လေးမိုင်ဝေးတဲ့အရပ်က စိန့်အင်ဒရူးမူကြိုမှာ စပြီးကျောင်းတက်တယ်။ ဒီမူကြိုမှာ နေစဉ်ကတည်းက အားကစားမှာထူးချွန်ခဲ့ပြီး သရုပ်ဆောင်တဲ့ကိစ္စမှာလည်း အသင့်အတင့် လုပ်နိုင်ခဲ့တယ်။ ဖလုံလို

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကပွဲတွေ၊ ပြဇာတ်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့တယ်။ My fair lady ဆိုတဲ့ ပြဇာတ်မှာဆိုရင် ခေါင်းဆောင် မင်းသမီး အီလစ်ဇာဒူးလစ်တဲလ် နေရာမှာ သရုပ်ဆောင်တာပါ။ အဲဒီတုန်းက ကိတ်ဟာ ၁၀ နှစ်သမီးပဲ ရှိသေးတယ်။

အဲဒီနောက် ကိတ်ဟာ ဒွန်ဟောက်စ်မှာ ဘော်ဒါနေခဲ့တယ်။ ဒီဘော်ဒါက ဘာ့က်ရှိုင်းယားမှာ ကက်သလစ်ဘာသာ ဝင် မိန်းကလေးချည်းနေရတဲ့ အဆောင် ဖြစ်ပါတယ်။ အဲဒီမှာ ကိတ်က တစ်အား စာကြိုးစားတဲ့အတွက် အလှောင် အပြောင်တောင် ခံခဲ့ရပါသေးတယ်။ သူနဲ့ တန်းတူပြိုင်ဖက်တွေက ဖက်ရှင်နဲ့ ကောင်လေးတွေကို စိတ်ဝင်စားနေကြချိန်မှာ ကိတ်ကတော့ အားကစားနဲ့စာကိုပဲ စိတ်ဝင်စားခဲ့တယ်။ သူ့မိဘတွေဟာလည်း သူတို့ရဲ့ ၁၄ နှစ်ရွယ် သမီးလေးက ပါရမီထူးချွန်တာမို့ မာလ်ဆိုရပ်ကောလိပ်ကိုပို့ရင် ပိုကောင်းမယ်လို့ ဆုံးဖြတ်ကြတယ်။

တစ်နှစ်မှာ ပေါင် ၂၈,၀၀၀ ပေးရတဲ့ ဒီပရိုက်ဗိတ်ကျောင်းရောက်တော့ ကိတ်ဟာ အားကစားမှာ ထူးချွန်တဲ့ စံချိန်တွေ တင်နိုင်ခဲ့တယ်။ သူ့ပတ်ဝန်းကျင်အသစ်မှာ "ကက်သရင်း" ဆိုတဲ့နာမည် ကြီးလာခဲ့တယ်။ ဘော်ဒါဆောင်မှာ ကိတ်က ပေါ်ပြူလာဖြစ်လာတယ်။ နောက် သူ့ညီမနဲ့မောင်လေးပါ ကျောင်းကို ရောက်လာကြတဲ့အခါ ပိုပြီးယုံကြည်မှု ရှိလာခဲ့တယ်။ အလှဆုံးမိန်းကလေးဖြစ်ဖို့တော့ လှဖို့လိုပါသေးတယ်။ ဒါပေမဲ့ သူ့ရဲ့ လိုက်လျောညီထွေ နေတတ်မှု ကြောင့် သူငယ်ချင်းတွေ ပေါလာတယ်။ သူ့မှာ ပြိုင်ဘက်ကင်းတဲ့အဖြစ်နဲ့ ပေါ်ပြူလာဖြစ်ခဲ့ပါတယ်။

အဲဒီအချိန်မှာ သူ့အပေါင်းအသင်းတွေက ဖော်ဂါသောက်၊ စီးကရက်သောက်နေကြပြီး သူကတော့ လေးနက် တယ်။ ရက်တတ်တယ်။ စာကြိုးစားတယ်။ ကိတ်ရဲ့အခန်းဖော်ဖြစ်တဲ့ "ဂျက်စီကာဟေး"က ကိတ်နဲ့ပတ်သက်ပြီး ပြောဖူးတာ ရှိပါတယ်။

"သူက အရက်သောက်တဲ့အထဲ မပါဘူး။ ဆေးလိပ်သောက်တဲ့ ကိစ္စထဲလည်း မပါဘူး။ အားကစားပဲ စိတ်ဝင်စားတယ်။ ပြီးတော့ မိသားစုကို ရှေ့တန်း တင်တတ်တယ်။ ကျွန်မတို့ကထိုင်ပြီး ကျောင်းမှာ ကျွန်မတို့ စိတ်ဝင်စားတဲ့ ကောင်လေးတွေအကြောင်း ပြောနေရင်း ကက်သရင်းက ဘယ်ကောင်လေးကိုမှ မကြိုက်ဘူး။ သူတို့က နည်းနည်း ကြမ်းတမ်းတယ်လို့ ပြောတယ်"

ကိတ်ဟာ GCSE ၁၁ ဘာသာစလုံးကို အောင်မြင်ခဲ့တယ်၊ A အဆင့် ၃ ဆင့်ပါတယ်။ သင်္ချာနဲ့ပန်းချီမှာ A ရပြီး အင်္ဂလိပ်ဘာသာမှာ B ရတယ်။ သူက ကျောင်းတင်းနှစ်အသင်းမှာ အသင်းခေါင်းဆောင်ဖြစ်ပြီး ပိုက်ဘောနဲ့ ဟော်ကီမှာလည်း ပါဝင်ကစားခဲ့တယ်။

ဝီလျံရဲ့ သူငယ်ချင်း နီကိုလပ်စ်နဲ့ ဒိတ်လုပ်နေတဲ့ ဂျက်စီကာကို ကိတ်က "ဝီလျံနဲ့တူတဲ့ လူတစ်ယောက်မှ မရှိဘူး။ သူက ကြင်နာတတ်သူအစစ်ပဲ။ ငါ လောင်းရဲတယ်၊ သူ့ကိုကြည့်ရုံနဲ့ သိနိုင်တယ်"လို့ ပြောခဲ့ဖူးတယ်။ ကိတ်ဟာ သူ့အခန်းနံရံမှာ ဝီလျံရဲ့ဓာတ်ပုံကို ချိတ်ထားခဲ့ပြီ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



A အဆင့်တွေပြီးလို့ အားလပ်ရက် တစ်နှစ်ရတဲ့အခါ ဖလောရင့်စ်ကို သွားခဲ့တယ်။ အဲဒီမြို့လယ်က အပေါ်ဆုံးထပ်မှာ မိန်းကလေး (၄) ယောက်နဲ့အတူ သုံးလနေခဲ့တယ်။ ပန်းချီ လေ့လာတယ်။ အီတာလျံဘာသာကို လေ့လာတယ်။ ဗြိတိသျှသိပ္ပံကျောင်းရဲ့ အလှအပတွေကို ခတ်ပုံရိုက်တယ်။ ခတ်ပုံရိုက်ခြင်းဟာ သူ့ဝါသနာပါ။ နောင် ဒါကို အသက်မွေးမှုအဖြစ် သူကစားနိုင်လိမ့်မယ်လို့ ထင်ရတယ်။ အဲဒီ နေရောင်နွေးနွေးရှိတဲ့ ဖလောရင့်စ်ရက်တွေမှာ ကိတ်ဟာ မြို့ရဲ့ရတနာတွေနဲ့ ထုံမွှန်းနေခဲ့တယ်။

အဲဒီနွေမှာ သူ ပန်းပွင့်လေးတစ်ပွင့်လို လှလာတယ်လို့ ဆိုနိုင်ပါတယ်။ သူ့ကိုယ်သူ လှတယ်လို့ မယူဆပေမယ့် သူ့ပတ်ဝန်းကျင်ကတော့ သူ့ရဲ့ သဘာဝအလှကို သတိထားမိကြတယ်။ သူ့မိခင်ကဆိုရင် ကိတ်ဟာ ဒီနွေရာသီမှာ အလှတစ်ခုကို ရလာတယ်။ အဲဒါကို ကျွန်မတို့အားလုံး မြင်ရတယ်လို့ ပြောပါတယ်။

ကိတ်ရဲ့ သူငယ်ချင်းတစ်ဦးကလည်း ပြောပြပါတယ်။

"ဖလောရင့်စ်ကို သူ့မိဘတွေ လာလည်ကြသေးတယ်။ သူ့အဖေ မိုက်ကယ်က အေးပါတယ်။ အမေဖြစ်တဲ့ကာရိုးလ်ကတော့ သိပ်ပြောတာပဲ။ သူ့သမီး ဘယ်လောက်လှလာကြောင်း တတွတ်တွတ် ပြောလို့မဆုံးဘူး။ ကိတ်မှာနှင်းဆီဖူး နှုတ်ခမ်းလေးနဲ့ ဆံပင်ကလည်း ရှိုးကျူးဖွယ်ကောင်းအောင် လှတယ်။ ဒင်နာစားပွဲတွေမှာဆိုရင် ကာရိုးလ်ဟာ စားပွဲထိုးတွေကို ဒီမှာဟေ့... ငါ့ရဲ့ အင်္ဂလိပ်နှင်းဆီလေးကို ကြည့်စမ်း။ မလှဘူးလား"လို့ ပြောတတ်တယ်။ ဒီအခါကိတ်က အခန်းထောင့်ထဲ ဝင်နေတတ်တာပါ။ သူ့အမေပြောတာ မှန်တယ်ဆိုတာလည်း သူ သိပါတယ်"

ဒါဟာ အမေနဲ့သမီး ကွာခြားချက်ပါပဲ။ ကိတ်က တစ်အားရှက်တတ်တယ်။ သူ့အမေက ယုံကြည်မှုကြီးမားပြီးဝင့်ကြွားတတ်တယ်။ ပြီးတော့ သူ့သမီးဟာ ကြီးမားတဲ့အရာတွေဆီ ရောက်သွားမှာပဲလို့လည်း ယုံကြည်တယ်။ သူ့သားသမီးသုံးယောက်စလုံးအတွက် မျှော်လင့်ချက် မြင့်မြင့်မားမားထားတယ်။ ကိတ်ရဲ့ မောင်လေးက အီဒင်ဘာ့ဂ် တက္ကသိုလ်မှာတစ်နှစ်တက်ပြီး ထွက်တော့ မိသားစု စီးပွားရေးလုပ်ငန်းမှာ ဝင်တယ်။ ညီမလေး ပီပါကတော့ အဲဒီ တက္ကသိုလ်မှာပဲအင်္ဂလိပ်စာနဲ့ ဘွဲ့ရဖို့ ဆက်တက်တယ်။ ပီပါက ဟောင်ကောင်ဘဏ်သူဌေးရဲ့သား။ ရှောဘတ်မြို့စားရဲ့သား။ နော်ဟမ်ဘာလင် မြို့စားရဲ့သားတွေနဲ့ ရင်းနှီးခဲ့တယ်။ နောင် ကိတ်က ဝီလျံနဲ့ ရင်းနှီးလာတဲ့အခါ ကာရိုးလ်က အရမ်းသဘောကျခဲ့တယ်။ သူ့သမီးနှစ်ယောက်စလုံးဟာ ပထမတန်းစားအလွှာတွေနဲ့ ဆိုရှယ်ဖွဲ့နေတာကို သူ ဂုဏ်ယူတယ်။ သတင်းသမားတွေကလည်း ဒီကိစ္စကို အလွတ်မပေးဘူး။ သူတို့ညီအစ်မကို "ဝိစတာရီယာ ညီအစ်မ"လို့ ခေါ်ကြတယ်။ လူမှုရေးလှေကားကို တက်နိုင်တဲ့ အရည်အချင်းကြောင့်ပါပဲ။ ကာရိုးလ်ကတော့ သူ့သမီးတွေကို အကောင်းဆုံးဖြစ်စေချင်တာ အမြဲတမ်းပဲလို့လည်း မိသားစုနဲ့ ရင်းနှီးသူတစ်ဦးက ပြောပြပါတယ်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကားရီးလ်က ကိတ်နဲ့ အထူးနီးကပ်အောင် နေတယ်။ ဒီအခါ အဓိပ္ပာယ်လွဲတာတွေ ဖြစ်လာတယ်။ ကားရီးလ်ဟာ ကိတ်ကို "တွန်း"လွန်းတယ်လို့ လူတွေ မြင်ကြတဲ့အတွက် ကိတ်က စိတ်ပျက်ခဲ့ရပါတယ်။ ကားရီးလ်ဟာ သူလိုချင်တဲ့ အရာဆီဘက်ကို သွားရမယ်ဆိုတာ သိတယ်။ လိုချင်တာကိုလည်း ရလေ့ရှိတယ်။ သူဟာ ဘဝမှာ အကောင်းတွေကို ကြိုက်တာမှန်တယ်။ ဒါပေမဲ့ သူနဲ့ မိုက်ကယ်ဟာ ဒါတွေရဖို့ အပြင်းအထန် ကြိုးစားခဲ့ရတာပါ။ သူက ပျော်ပျော် ပါးပါးလည်း နေတတ်တယ်။ သူ့ကိုယ်သူလည်း မြှင့်တင်တတ်တယ်။ ဟာသလုပ်တတ်တယ်။ မိုက်ကယ်ကတော့ စကားနည်းသူဖြစ်တယ်။ သူက စားပွဲထိပ်မှာ အမြဲထိုင်တယ်။ သူ စကားနည်းပေမယ့် သူ့ကလေးတွေက သူတို့အတွေ့ အကြုံတွေ ပြောကြဆိုကြတာကို နားထောင်ရင်း သဘောကျနေတာကို မြင်နိုင်ပါတယ်။

■

တော်ဝင်နန်းတော်ကလည်း ကိတ်နဲ့ဝီလျံရဲ့ ဆက်သွယ်မှုကို သိရှိလာတဲ့အခါ ကိတ်ဆိုတာ မင်းသားနဲ့ ထိုက်တန်တဲ့ မောာဆီ၊ မဟာသွေးတော့ မဟုတ်ဘူး။ ဒါပေမဲ့ ဝီလျံအတွက် ပိုပြီးအရေးကြီးတဲ့ တခြား အရည်အသွေးတွေ ရှိနေကြောင်း သိကြပါတယ်။

ကိတ်ဟာ အခု သူ့နောက်လိုက်နေကြတဲ့ ဓာတ်ပုံသမားတွေအပေါ် ယဉ်ယဉ်ကျေးကျေး ဆက်ဆံတယ်။ ဘယ်တော့မှ ထုတ်မပြောရဆိုတဲ့ တော်ဝင်စည်းမျဉ်းတွေကိုလည်း ချက်ချင်း လက်ခံကျင့်သုံးတယ်။ ပြီးတော့ သူနဲ့ ဝီလျံအကြောင်း၊ သူ့မိသားစုက ဘယ်တုံးကမှ မဆွေးနွေးခဲ့ကြောင်းလည်း ပြောပါတယ်။ ဒိုင်ယာနာရဲ့ ကိုယ်ရေးအတွင်းရေး မှူးဟောင်း ပက်ထရစ်ဂျက်ဖ်ဆင်ကလည်း-

"သူ့အကြောင်း ကျွန်တော်တို့ နည်းနည်းကျဉ်းကျဉ်းပဲ သိရတယ်။ နောက်လည်း ဘယ်တော့မှ သိရမှာ မဟုတ်ပါဘူး။ သူတို့က သူတို့အလုပ် သူတို့လုပ်နေတာ။ သမိုင်းအစဉ်အလာအရ တော်ဝင်များရဲ့ အသိရခက် လျှို့ဝှက်မှု အဆင့်ဟာ အားသာချက်တစ်ရပ်ပဲ။ ကျွန်တော်တို့က ကျွန်တော်တို့လိုချင်တာကို လုပ်ကိုင်ရတာပါ"လို့ ဆိုပါတယ်။ မြို့အင်ဒရူးက ကိတ်ရဲ့ သူငယ်ချင်းတစ်ယောက် အပြောကလည်း ကိတ်ဟာ သူတို့အတွဲဖြစ်သွားတဲ့ စောစောပိုင်းလတွေမှာ ဘယ်တော့မှ မောက်မောက်မာမာ မရှိပါဘူး၊ သူ့ကိုယ်သူလည်း လှတယ်လို့ မထင်ဘူး။ သူက တစ်အား ချိုသာပြီး တစ်အား အရှက်ကြီးတဲ့လူပါ... တဲ့။

ဒိုင်ယာနာတုန်းကလိုပဲ ကိတ်ဟာလည်း အများ အာရုံစိုက်ခံရတဲ့ဘဝကို ရောက်ခဲ့တယ်။ ဒါပေမဲ့ ကိတ်ရဲ့ တော်ဝင်မိသားစုဘဝထဲ ပြောင်းရွှေ့နေရာယူရပုံက ပိုပြီးချောမွေ့ပါတယ်။ ကိတ်ဟာ ဟိုင်းဂရို့ဖ်မှာရော၊ ဘောလ်မိုရယ်လ်မှာရော၊ ဆင်ဒရင်ဟမ်မှာရော၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် ဝီလျံနဲ့အတူနေရမယ်ဆိုရင် ပျော်တာပါပဲ။ သာယာတဲ့ ရာသီဥတု

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ငှက်ပစ်ထွက်ရတာမျိုးကို အလွန်နှစ်သက်ခဲ့တယ်။ ဘောလ်မိုရယ်လ် နယ်မြေထဲမှာ သူနဲ့ဝီလျံတို့ဟာ ငှက်ပစ်ခွင့် ရတယ်။ အဲဒီငှက်ကို စားဖို့အတွက် ပစ်ကြတာပါ။ ဒီအချက်ကို သဘောတူညီချက် ယူထားတာ ဖြစ်ပါတယ်။

ဆင်ဒရင်ဟမ်မှာလည်း "Wood Farm" ဆိုတာ ရှိပါတယ်။ အဲဒီနေရာကို ချားလ်စ် ကိန်းဘရစ်ချ် တက်စဉ်က အသုံးပြုခွင့် ဘုရင်မကြီးက ပေးခဲ့ဖူးတယ်။ အခုလည်း သူ့မြေးဝီလျံကို အသုံးပြုခွင့်ပေးပါတယ်။ အဲဒီမှာ နှစ်ပေါင်း ၁၂၀ ကြာပြီဖြစ်တဲ့ တစ်ထပ်တိုက်ကြီးဟာ ဝေးလံသီခေါင်တဲ့ အရပ်မှာရှိနေတာဖြစ်ပြီး တောင်အထပ်ထပ်နဲ့ ကာရံထားတာပါ။ မျက်စိတစ်ဆုံး တောင်တန်းတွေနဲ့ တိတ်ဆိတ်နေတော့တယ်။ အဲဒီတိုက်ကြီးမှာ နှစ်ယောက်ဝင်ချိုးလို့ရတဲ့ ရေချိုးကန်ကြီး ပါပါတယ်။ ပေါင် ၁၅၀,၀၀၀ အကုန်ခံပြီး ပြင်ထားခဲ့တာ ဝီလျံနဲ့ဟယ်ရီ ငယ်ငယ်ကတည်းကပါ။

ဝီလျံနဲ့ကိတ်တို့ဟာ သောကြာညနေ စာသင်ချိန်ပြီးတာနဲ့ စိန့်အင်ဒရူးကနေ ဘောလ်မိုရယ်လ်ကို ဝီလျံရဲ့ ဘောက်စ်ဝက်ဂွန် ကားအနက်ကြီးနဲ့ မောင်းချခဲ့ကြတယ်။ သူ့အစောင့် အရာအရှိတွေလည်း ပါပါတယ်။ ဒီအိမ်မှာ နေထိုင်ကြတော့မှ နောင် သူယူမယ့် မိန်းကလေးအကြောင်းကို သူ အတွင်းကျကျ သိခဲ့ရတယ်။

ကိတ်ကလည်း ဝီလျံလိုပဲ လမ်းလျှောက်ရတာ ဝါသနာပါတယ်။ ညနေဘက်ဆို ချက်ပြုတ်ကြပြီး ဝိုင်အ တစ်ပုလင်းကို နှစ်ယောက်အတူ သောက်ကြတယ်။ တစ်ခါတစ်ရံမှာတော့ သူတို့ သူငယ်ချင်းတွေလည်း လာကြတယ် အထူးသဖြင့် ကိတ်ရဲ့ညီမ ပီပါနဲ့ မောင်ငယ်ဂျိမ်းစ်တို့ ဖြစ်ပါတယ်။ ဒီနှစ်ယောက်က မစ်ဒယ်လ်တန်မိသားစုမှာ သူများထက် ခေါင်းတစ်လုံးသာနေတာမို့ စနေ၊ တနင်္ဂနွေရက်တွေမှာ ငှက်ပစ်ထွက်ဖို့ ဖိတ်ခံတတ်တယ်။ အဲဒီလို ငှက်ပစ်ထွက်ကြ အခါ ဘယ်သူ့အိတ်ထဲမှာ ငှက် အများဆုံးရလာသလဲဆိုပြီး ပြိုင်ကြတယ်။

၂၀၀၄ ခုနှစ် နွေရာသီ။

ဝီလျံနဲ့ကိတ်တို့ ဇာတ်လမ်းမှာ ပထမဆုံး အရေးကြီးစစ်ဆေးမှုကို ကြုံခဲ့ရတယ်။ သူတို့ ကျောင်းပြီးဖို့ တစ်နှစ် ကျန်တော့တာပါ။ ၂၂ နှစ်အရွယ်ရောက်လာတဲ့ မင်းသားလေးဟာ ချောင်ချောင်ချိချိနေဖို့ လိုလာပါတယ်။ အခုအချိန်အထိ စိန့်အင်ဒရူးကထွက်ရင် ဘာလုပ်ကြမယ်ဆိုတဲ့အကြောင်း မဆွေးနွေးခဲ့ကြသေးပါဘူး။ ဒါပေမဲ့ သူတို့ ကိစ္စက မပြော မရတော့ပါဘူး။

ဝီလျံက အားလပ်ရက်ရတဲ့အခါ သူ့အတွက် စဉ်းစားချိန်ရမယ်လို့ ဆုံးဖြတ်တယ်။ ဒါကြောင့် နွေကျောင်းပိတ် ရက် ရရခြင်း၊ ဂရိကို ယောကျ်ားလေးတွေချည်းပါတဲ့ သင်္ဘောနဲ့ ခရီးထွက်မယ်လို့ စီစဉ်တယ်။ ဒီခရီးမှာ ကိတ် မဖိတ်ဘူး။ ကိတ်ကို မဖိတ်တဲ့အပြင် ဂိုင်းပယ်လီကို တခြားသူငယ်ချင်းတွေနဲ့အတူ ဖိတ်လိုက်တယ်။ ကိတ်နဲ့ဂိုင်း အဆင်မပြေခဲ့ဘူး။ ဂိုင်းဟာ ဒုက္ခပေးတဲ့သူလို့ ကိတ်က ယူဆတယ်။ ဝီလျံငယ်ငယ်က မဂ္ဂဇင်းတွေ ဝီလျံ ဝယ်ပေးသူက ဂိုင်းပဲ။ ဟိုင်းဂရို့ဗ်မှာ သောက်ကြတဲ့အကြောင်း ကိတ်က ကြားဖူးထားတယ်။ ဝီလျံနဲ့ဂိုင်းဟာ သူ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေထဲက တစ်ယောက်ကို ချောကလက်ရေခဲမုန့်နဲ့ သုတ်ခဲ့ဖူးကြောင်း၊ ဝိုင်းကဝီလျံကို စိန်ခေါ်ဖူးကြောင်း လည်း ကိတ်က ကြားထားတယ်။ သူတို့နှစ်ယောက် အရက် အလွန်အကျွံသောက်ပြီး ဘောင်းဘီချွတ် ဒိုင်ဗင်ထိုးကြကြောင်း သေဖြင့် ကြားထားတယ်။

ဘယ်လို ပြဿနာပဲကြားကြား၊ မနီးမဝေးမှာ ဝိုင်းရှိနေတာချည်းမို့ ဝီလျံကိုဝိုင်းနဲ့တွဲမှာ စိတ်ပူတယ်။ ဝိုင်းဟာ သဘောဝန်ထမ်းတွေ ငှားတဲ့အခါ မိန်းမဝန်ထမ်းတွေချည်း ငှားတယ်ဆိုတော့ ကိတ် မအံ့ဩတော့ဘူး။ ဒါပေမဲ့ စိတ် အနှောင့်အယှက် ဖြစ်ခဲ့ရတယ်။ ဒါနဲ့ပဲ ကျောင်းပိတ်ရက်မှာ အထုပ်ပြင်ပြီး သူ့မိသားစုရှိရာ ဘာ့ဂ်ရှိုင်းယားကို ပြန်ခဲ့ တော့တယ်။ ဒီကိစ္စမှာ ဝီလျံကကိတ်ကို အဆက်ဖြတ်ချင်လို့ဆိုတာ အဓိက မဟုတ်ပါဘူး။ ကိတ်က သူတို့ဆက်သွယ်မှုနဲ့ ပတ်သက်ပြီး မေးခွန်းတွေ မေးနေလို့ပါပဲ။ ဝန်ခံချက် တောင်းနေလို့ပါပဲ။ ကိတ်ဟာ ဝီလျံအပေါ် သံသယတွေ ဝင်စပြုလာ ခဲ့ပါတယ်။

အခုလို ဝီလျံဆီက ဝန်ခံကတိတောင်းရတဲ့ အကြောင်းတွေလည်း ရှိနေတယ်။ တစ်ချက်က ဝီလျံမှာ အမေရိကန် လေး "အင်နာစလိုရင်" ရှိနေတာပါ။ အင်နာကို အီဒင်ဘာ့ဂ် တက္ကသိုလ်က သူငယ်ချင်းတွေကတစ်ဆင့် သိခဲ့ရတယ်။ အင်နာက အီဒင်ဘာ့ဂ်တက္ကသိုလ်မှာ တက်နေတာမို့ ဖြစ်ပါတယ်။ အင်နာရဲ့ဖခင်က ဂျော့ချ်စလိုရင်ဖြစ်ပြီး စီးပွားရေး သမားတစ်ဦးပါ။ နက်ရှ်ဗီးလ်ဆိုတဲ့ မိသားစုပိုင်နယ်မြေမှာ သေနတ်ပစ်ရင်း မတော်တဆ ဆုံးပါးသွားခဲ့တယ်။ ဒီအခါ ဝီလျံနဲ့အင်နာတို့ဟာ မိဘဆုံးပါးရတာချင်း တူခဲ့ကြပြီး စာနာနိုင်ခဲ့ကြတယ်။ အင်နာက ဝီလျံ ဂရိမသွားခင် သူ့ရဲ့ တက္ကဆက်ပြည်နယ်ကို လာလည်ဖို့ ဖိတ်ပါတယ်။ ဒီကိစ္စကို ကိတ်က အရမ်း ခံစားသွားရပါတယ်။ ဝီလျံဟာ အမေရိကန် လေးကို စွဲလမ်းသွားမှာပဲလို့ သံသယဝင်ပြီး ခံစားရတာ ဖြစ်ပေမယ့် အင်နာကဝီလျံကို စိတ်ကူးယဉ် စိတ်ဝင်စားခဲ့တာ မဟုတ်ဘဲ သူငယ်ချင်းအဖြစ်ထက် မပိုခဲ့ပါဘူး။

ဝီလျံမှာ အဲဒီ အမေရိကန်မလေးအပြင် အစ္စဘဲလားဆိုတဲ့ ကောင်မလေးလည်း ချယ်လ်ဆီးမှာ ရှိနေတယ်။ ကိတ်က လှသလို၊ အစ္စဘဲလားကလည်း မျက်နှာဖုံးရှင်ရဲ့ ရုပ်သွင်မျိုးနဲ့ပါ။ အဲဒီနွေမှာ ဝီလျံက အစ္စဘဲလားကို တွေ့ဖို့ ချယ်လ်ဆီးကို သွားခဲ့ပါသေးတယ်။ ဒါပေမဲ့ ဝီလျံအဖို့ အခွင့်မသာခဲ့ပါဘူး။ အစ္စဘဲလားက မင်းသားနဲ့ဒိတ်လုပ်ဖို့ စိတ်မပါတဲ့အပြင် စိတ်မဝင်စားဘူးလို့ ကြေညာခဲ့တယ်။

ဒီအတောအတွင်း ကိတ်က ပြင်သစ်ကို နှစ်ပတ်ကြာ အလည်သွားဖို့ လက်ခံလိုက်တယ်။ ပြင်သစ်မှာ ဖားဂထိစ် မိသားစုအိမ်ရှိလို့ စိန့်အင်ဒရူးက သူငယ်ချင်းတွေနဲ့ အတူသွားဖို့ စဉ်းစားတာပါ။ အဲဒီသူငယ်ချင်းတွေကိုတော့ သူနဲ့ ဝီလျံ ကွဲသွားပြီလို့ မပြောခဲ့ဘူး။ ဒါပေမဲ့ သူ စိတ်ဓာတ်ကျနေတာမြင်ပြီး အပေါင်းအသင်းတွေက ခန့်မှန်းနိုင်ခဲ့ကြတယ်။ တစ်ညနေမှာတော့ ကိတ်က သူ့သူငယ်ချင်းတွေကို သူနဲ့ ဝီလျံ ကွဲပြီဆိုတာ ဖွင့်ပြောလိုက်ပါတယ်။ ကိတ်ဟာ ဝီလျံဆီ

the bookhouse we bring your dreams
www.burmeseclassic.com

www.burmeseclassic.com



စာရေးရ ကောင်းမလား၊ ဖုန်းခေါ်ရ ကောင်းမလားဆိုတာ အမျိုးမျိုး စဉ်းစားနေခဲ့တယ်။ အပြန်ပြန် အခြေအတင် အချေ ထုတ်နေခဲ့တယ်။ တစ်ခါမှာတော့ သူငယ်ချင်းတွေနဲ့ ဝိုင်အဖြူသောက်ရင်း အမူးလွန်ပြီး သူ ဘယ်လောက် ကြေကွဲရကြောင်း ဝီလျံကိုလွမ်းကြောင်း ပြောဖြစ်တယ်။ အဲဒီနောက်တော့ ဘယ်တော့မှ ဒီကိစ္စ မပြောတော့ဘူးလို့ သူ့သူငယ်ချင်းတစ်ယောက်ကို ပြောပါတယ်။

အဲဒီနှစ် နိုဝင်ဘာလမှာတော့ စိန့်အင်ဒရူးကို ပြန်ရောက်ကြတယ်။ သူတို့နှစ်ဦးရဲ့ မတူညီနိုင်မှုတွေကိုတော့ ပြန်လည်ရင်ကြားစေ့ကြရဦးမှာပါ။ နွေရာသီတုန်းက သူတို့ ကွဲကွာခဲ့တဲ့ကိစ္စမှာ ဝီလျံဘက်က ကန့်ကွက်မှုရှိလို့ မဟုတ်ပါဘူး။ ဝီလျံကိုယ်တိုင်က တစ်ခုခုကြောင့် လှောင်ပိတ် ချုပ်နှောင်ခံရမှာကို စိုးရိမ်တဲ့ခံစားမှု ဖြစ်လာတာလို့ ဝန်ခံခဲ့ပါတယ်။ နွေရာသီမှာ ကင်နယာနိုင်ငံကို သွားပြီး ဂျက်စီကာကို တွေ့ချင်တာလည်း ပါနေတယ်။ ဒီအချက်က ကိတ်ကို ပိုပြီး နာကျင်စေခဲ့တယ်။ ဝီလျံဟာ သူနဲ့ကိတ် ဆက်ဆံရေးမှာ ယာယီအားဖြင့် မပျော်မရွှင် ဖြစ်နေခဲ့တာလည်း အကြောင်းတစ်ခုပါ။ သူ့ရဲ့ တက္ကသိုလ်နောက်ဆုံးနှစ်မှာ သူနဲ့ကိတ်တို့ ကွဲကွာသွားပြီဆိုတဲ့ အနေအထားကို လိုချင်ခဲ့တာလည်း သူ့ဆန္ဒအစစ်ပါပဲ။

ကိတ်ကတော့ သူ့မိခင်ရဲ့ညွှန်ကြားချက်အရ အလိမ္မာဖက်ပြီး ဝီလျံကို အသက်ရှူပေါက်ပေးခဲ့ပါတယ်။ သူစိတ်ပိုပြီး ဆင်းရဲရတာက သူတို့နှစ်ယောက်က အကြာကြီး အတူတူနေခဲ့ကြပြီးသား ဖြစ်နေလို့ပါပဲ။ ဒီအခါ ကိတ်ဟာ ဝီလျံနဲ့အတူ ဘောလ်မိုရယ်၊ မလိုက်ရတဲ့ စနေ၊ တနင်္ဂနွေနေ့ ရက်အားတွေမှာ သူ့မိဘတွေဆီပဲ ပြန်နေခဲ့တော့တယ်။

ဝီလျံဟာ ခွဲခွာမှုလိုနေတာတော့ သိသာပါတယ်။ ဒါပေမဲ့ အဲဒီနှစ် ခရစ္စမတ်မှာတော့ ပြန်တွဲမိကြတယ်။ ဝီလျံက အစ္စဘဲလားနဲ့ သွားတွေ့တယ် ဆိုတဲ့သတင်း ကိတ် ကြားထားတဲ့အတွက် နောင် အစ္စဘဲလားနဲ့ မဆက်သွယ်ပါဘူး လို့ ဝီလျံဆီက စကားတောင်းတယ်။ ဒီလိုနဲ့ ညှိနှိုင်းလာကြတာ မေလကျတော့ ကိစ္စရပ်တွေကို ဖြည်းဖြည်းစဉ်းစားကြဖို့ သဘောတူခဲ့ကြတယ်။

အဲဒီနှစ် နိုဝင်ဘာမှာ ဝက်ခ်မင်စတာမြို့စားကြီးသမီး လက်ထပ်ပွဲကို ကိတ်ကမတက်ဘဲ ရှောင်နေခဲ့တယ်။ ဒါပေမဲ့ ချားလ်စ်ရဲ့ ၅၆ နှစ်မြောက် မွေးနေ့ပွဲဖိတ်တာကိုတော့ ပျော်ပျော်ပါးပါး လက်ခံခဲ့တယ်။ အဲဒီလမှာပဲ ဟိုင်းဂရိုဗ်မှာ ကျင်းပတာပါ။ ချားလ်စ်ကလည်း ကိတ်ကို ချွေးမအဖြစ် မြင်ပြီးသားပါ။ ဒါကြောင့် ကလော့စတာမှာ ချားလ်စ်ရဲ့ လက်မထပ်မီ အားလပ်ရက်ပွဲလုပ်တော့ ကိတ်ကို ဖိတ်ပြန်တယ်။ ကိတ်ဟာ အဲဒီပွဲမှာ ချားလ်စ်နဲ့အတူ လျှောစီးတဲ့လှေပေါ်မှာ ဓာတ်ပုံ အရိုက်ခံတယ်။ ဝီလျံ၊ ဟယ်ရီအပါအဝင် တခြားသူငယ်ချင်းတွေနဲ့ နေ့လယ်စာစားရင်း ပျော်ရွှင်နေကြပုံကိုလည်း ဓာတ်ပုံအရိုက်ခံခဲ့တယ်။ ဒီခရီးက အမှန်က ယောက်ျားလေးတွေချည်း သွားတဲ့ခရီးပါ။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ ကိတ်ကို ချန်မထားခဲ့ဘူး။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၅၊ ဧပြီ ၉ ရက်မှာ ချားလ်စ်နဲ့ကမီလာတို့ လက်ထပ်ဖို့ ရှိတယ်။ ဒီအခါ ချားလ်စ်က သူ့သားတွေနဲ့အတူ နောက်ဆုံးစကိတ်စီးခြင်းကို လုပ်ချင်တယ်။ ညီအစ်ကို နှစ်ယောက်စလုံးကလည်း သူတို့အဖေကို နောက်ထပ်အိမ်ထောင်ပြုဖို့ သဘောတူခဲ့ကြတယ်။ ဟယ်ရီကဆိုရင် "ကောင်းတယ်… လုပ်ပါ။ ဘာဖြစ်လို့ မလုပ်ရမှာလဲ" လို့တောင် ပြောခဲ့တာပါ။ အခမ်းအနားမှာ ဝီလျံက "သက်သေ" လုပ်ရမယ်။ ကမီလာရဲ့သား တွမ်နဲ့ အတူတူပါ။

ဗြိတိသျှလူထုကလည်း ချားလ်စ်ရဲ့ ကြာရှည်လှပြီဖြစ်သော အမျိုးသမီးကို လက်ခံလာပုံရပါတယ်။ ဆန္ဒစာရင်းကောက်ယူတာမှာ ၆၅ ရာခိုင်နှုန်းက သူတို့ လွတ်လပ်စွာ လက်ထပ်သင့်ကြောင်း ဆန္ဒပြုကြတယ်။ ၁၉၉၈ ကဆိုရင် ၄၀ ရာခိုင်နှုန်းပဲ ဆန္ဒရခဲ့တာပါ။ နန်းတော်ကလည်း ဒီစေ့စပ်သတင်းကို ဖွင့်ပြောဖို့ မျှော်လင့်ထားတယ်။ ဒါပေမဲ့ "အီဗနင်းစတင်းဒက်" သတင်းစာက ဖေဖော်ဝါရီ ၁၀-ရက်မှာ သတင်းထုတ်လိုက်တယ်။ နန်းတော်က တရားဝင်မကြေညာရသေးခင်မှာပါ။ ချားလ်စ်ရဲ့ ဆက်သွယ်ရေးအရာရှိကတော့ လက်ထပ်တဲ့နေ့ မရောက်မချင်း တရားဝင်သတင်းဓာတ်ပုံရိုက်ခွင့် မပေးဘူးလို့ အတည်ပြု ပြောကြားပါတယ်။ သတင်းစာထဲမှာက ချားလ်စ်နဲ့ဒိုင်ယာနာပုံကို သူ့သတို့သမီးအသစ်ပုံနဲ့ ယှဉ်တွဲပြကြခြင်း ဖြစ်တယ်။ ဒါဟာ အားလုံးကို မလိုအပ်ဘဲ ထိခိုက်မှုဖြစ်စေခဲ့တယ်။ အထူးသဖြင့် ဝီလျံနဲ့ဟယ်ရီကိုပါ။

လက်ထပ်ပွဲအစီအစဉ်တွေ လုပ်ရတာလည်း ပြဿနာတွေအများကြီးပါ။ ချားလ်နဲ့ကမီလာက ဝင်ဆာရဲတိုက်မှာ ရိုးရိုးပြည်သူတွေ လက်ထပ်နည်းမျိုးနဲ့ လက်ထပ်ပွဲလုပ်ချင်တယ်။ ဒါပေမဲ့ အဲဒီမှာ လက်ထပ်ပွဲလုပ်ခွင့် ပြုလိုက်ရင် တခြားစုံတွဲတွေလည်း လုပ်ချင်လာလိမ့်မယ်။ ဒါကြောင့် သူတို့ကို ဝင်ဆာရဲတိုက်အစား ဝင်ဆာဂီးလ်ဟောလ်ရှိ စိန့်ဂျော့ချ်ချေပယ်လ်မှာ ဂိုဏ်းအုပ်ဆရာတော် ကင်တာဘရီက လက်ထပ်ပေးဖို့၊ ဧည့်သည်တော် ၇၀၀ ဖိတ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ လက်ထပ်ပွဲအခမ်းအနားကို တာဝန်ယူဧည့်ခံသူက ဘုရင်မကြီးကိုယ်တိုင် ပြုလုပ်ဖို့ဖြစ်တယ်။

သတင်းစာထဲမှာတော့ ကမီလာကို "မြို့တော်သတို့သမီး" လို့ တင်စားခဲ့ကြပြီး ဘုရင်မကြီးအနေနဲ့ ခရစ္စမတ်နောက်ပိုင်းမှာ ချားလ်စ်ကို လက်ထပ်ပေးဖို့ သဘောတူခဲ့ပေမယ့် ပွဲကိုတော့ တက်ပါ့မလားလို့ သံသယရှိခဲ့ကြတယ်။ သတင်းစာတွေက ခေါင်းကြီးစာလုံးနဲ့ အမျိုးမျိုး ဝေဖန်ကြတာမို့ ချားလ်စ်ဟာ သူ့လက်ထပ်ပွဲနေ့ဟာဖြင့် လုံးလုံးကြီး ကျဆုံးတော့မလားလို့ ပူပန်ခဲ့ရစဉ် ကမီလာခမျာလည်း စိတ်ဖိစီးမှုများလွန်းလို့ "ယောဂ" ကျင့်စဉ်နဲ့ ဖြေခဲ့ရတယ်ဆိုပါတယ်။

ဒီအချိန်မှာ ဝီလျံနဲ့ဟယ်ရီကတော့ သူတို့ဖခင်ဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို လုပ်နေခြင်း ဖြစ်တယ်လို့ အသေအချာ ပြောလိုက်ကြပါတယ်။ သူတို့ မိခင်ဆုံးပါးခဲ့တာလည်း ရှစ်နှစ်တောင် ကျော်ခဲ့ပြီပဲ။ သူတို့အနေနဲ့ မိခင်ကို တစ်နေ့မှ မမေ့သေးသော်လည်း ဖခင်ကို ပျော်ရွှင်စေချင်တယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့နှစ်ယောက်စလုံး အဖေနဲ့ကမီလာအတွက် ဝမ်းသာပါတယ်။ အနာဂတ်မှာ သူတို့ကံကောင်းပါစေလို့ ဆန္ဒပြုပါတယ်"လို့ ပူးတွဲပြောခဲ့ကြတယ်။ ဖြစ်ခါစအချိန်မှာ စိတ်ဒုက္ခ ခံစားခဲ့ကြရပေမယ့် သူတို့ဖခင်ဟာ သူ့ဘဝ တစ်လျှောက်လုံး အဖော်ပြုလာခဲ့တဲ့မိန်းမနဲ့ ပိုပြီးပျော်နေတာကို သဘောပေါက်နားလည်ခဲ့ကြတယ်။ ဒါကြောင့် သူတို့ဟာ ကမီလာကို နွေးနွေးထွေးထွေး ဆက်ဆံခဲ့ကြတယ်။ "သူ့ကို အတော်လေး ခင်ပါတယ်"လို့ ဟယ်ရီက ပြောခဲ့ပါသေးတယ်။

အမျိုးမျိုး စိတ်ပူပန်စရာတွေကြားက လက်ထပ်ပွဲဟာ အောင်မြင်ခဲ့ပါတယ်။ တစ်ခုတော့ရှိတယ် ၂၄ နာရီနောက်ကျ သွားခဲ့ရတယ်။ အကြောင်းကတော့ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်II ကွယ်လွန်သွားလို့ပါ။ ဒီအချိန်မှာ ဒေးလီးမေးလ်က ဒါကြောင့်များ တခြားကိစ္စ ပျက်သွားမှာလားလို့ မေးခဲ့ပါသေးတယ်။

ဒါပေမဲ့ ဧပြီ ၉ ရက်၊ စနေနေ့မှာ ဂီးလ်ဟောလ်ထဲကနေ ကမီလာ ထွက်လာတဲ့အခါမှာ လက်ခုပ်သြဘာသံတွေ ပေါ်လာပါတယ်။ သူတို့နောက်ကွယ်မှာ ဒါဟာ အဆိုးရွားဆုံးလို့ ထင်ရတယ်။ ဒီအချိန်မှာ လာရောက်စုရုံးကြတဲ့ ပရိသတ် က အလွန်နည်းလို့ပါ။ ဟိုးအရင်က ချားလ်စ်နဲ့ အပျိုစင်လေးဒိုင်ယာနာ လက်ထပ်အနမ်းပေးတာကို လာကြည့်တဲ့ပရိသတ်နဲ့ စာရင် တစ်စိတ်တစ်ပိုင်းလေးပဲ ရှိတာပါ။ အရင်ကလူတွေဟာ ယူနီယံဂျက်အလံတွေ ယမ်းပြကြတယ်။ ပြုံးနေကြတယ်။ နှုတ်ဆက်ဆုတောင်းကြတယ်။ ကင်မရာတွေ ရိုက်ချက်ရအောင် ဝီလျံကကမီလာကို နမ်းပြတဲ့အခါ ဟယ်ရီနဲ့ သူ့ညီအစ်ကို တွေက စိန့်ဂျော့စ်ချေပယ်လ် ဘုရားကျောင်းကို လျှောက်သွားကြပြီ။ ဒီအချိန်မှာ ရှိန်းတိန်းတိန်း ရုက်စနီးနဲ့ ရယ်စရာလိုလို ဖြစ်နေတဲ့ ချားလ်စ်က လက်ဝှေ့ယမ်းပြနေတဲ့ လူထုဘက် "လက်မ"ထောင်ပြခဲ့တော့တယ်။ အထူးခြားဆုံးကတော့ ဘုရင်မကြီး ပါပဲ။ ဝင်ဆာရဲတိုက်မှာ ကြေညာတယ်။ "အခု... ငါ့သား အိမ်ပြန်လာပြီ။ သူချစ်တဲ့မိန်းမနဲ့၊ အငိုတိတ်သွား ပြီ"တဲ့။ ပထမဆုံးအကြိမ် လူထုရှေ့မှာ ကောင်းချီးပေးခြင်း ဖြစ်ပါတယ်။

အခုဆိုရင် ကမီလာလည်း မိသားစုဝင် ဖြစ်လာခဲ့ပါပြီ။ ၂၀၀၅၊ ဇွန် ၂၃ မှာ ဝီလျံဘွဲ့ယူတော့ ကမီလာက ချားလ်စ်နဲ့အတူ ပါလာပါတယ်။ ဘွဲ့ယူပွဲမှာ အဘွားဖြစ်သူ ဘုရင်မကြီးနဲ့ ဘိုးတော်အီဒင်ဘာ့ဂ် မြို့စားကြီးတို့လည်း တက်ရောက်ခဲ့ပါတယ်။ ဒီပွဲကို ကိတ်ရော၊ ဝီလျံပါ မျှော်လင့်ခဲ့ကြတာ ညီတူညီမျှပါပဲ။ ဒီမတိုင်ခင်ကလည်း ကိတ်ကင်နေဒီ ကလပ်က ကျင်းပတဲ့ နှစ်ပတ်လည်ပွဲတစ်ခုကို အစဉ်အလာအရ တက်ခဲ့ကြပြီးပါပြီ။ အဲဒီပွဲမှာ ကိတ်က အသောက်လွန်သွား လို့ ဖားဂတ်စ်က တွဲထုတ်ပေးခဲ့ရတာပါ။

အခုတော့ သူတို့ ဘွဲ့ယူခန်းမထဲ လျှောက်လှမ်းခဲ့ကြပါပြီ။ နွေရှန်နဲ့ ကြမ်းပြင်ပေါလစ်ရနံ့တို့ သင်းပျံ့နေတဲ့ အခန်းထဲရောက်တော့ အပြုံးချင်းဖလှယ်လိုက်ကြပြီး ကိုယ့်နေရာကိုယ် ထိုင်ကြရပါတယ်။ ကိတ်က ရိုးရိုးစကတ်အင် အနက်ရောင်၊ ဘလောက်စ်အဖြူ၊ ဒေါက်မြင့်ဖိနပ်နဲ့ ဆွဲဆောင်မှုအပြည့် ရှိနေတယ်။ ဝီလျံထိုင်တဲ့အတန်းရဲ့ ရှေ့ ငါးတန်း မြောက်မှာ ထိုင်ရတယ်။ ဝီလျံကတော့ ဘောင်းဘီနဲ့ကုတ်၊ နက်တိုင်အပြည့်ဝတ်ပြီး အနက်ရောင်ဘွဲ့ဝတ်ရုံကြီးက နယ်ရီရောင်

www.burmeseclassic.com

www.burmeseclassic.com



ပိုးစအနားသတ်နဲ့ ခုံညားနေတယ်။ သူ့နာမည်မခေါ်ခင် ၁၀ မိနစ်လောက်မှာ သူ ခုံကထပြီးသွားလိုက်တယ်။ ဘေးက အခန်းကြီးထဲမှာ သူ့လိုပဲ ဘွဲ့ယူမယ့်လူတွေ တန်းစီနေကြတဲ့ဆီကို သွားပေါင်းတာပါ။ ခဏကြာတော့ ဘေးခန်းထဲက ဘွဲ့ယူမယ့်လူတွေ ထွက်လာကြတယ်။ ဒီဘွဲ့နှင်းသဘင်ကို စိတ်ဝင်စားကြတဲ့ မြို့လူထုနဲ့ သတင်းသမားတွေဟာ ဘွဲ့နှင်းသဘင်ကြောင့်ချည်း မဟုတ်ပါဘူး။ တော်ဝင်နန်းတော်က လူတွေလည်း တက်မယ်ဆိုတာကြောင့်ပါ။

ဘုရင်မကြီးက နည်းနည်း နေမကောင်းဖြစ်နေခဲ့တာမို့ ဒီက ၉၀ မိနစ်ကြာ အခမ်းအနားကို နံနက်ပိုင်းအစား၊ ညနေပိုင်းကိုရွှေ့ဖို့ သူအတွင်းရေးမှူးကို မေတ္တာရပ်ခဲ့သေးကြောင်း ဝီလျံကဆိုတယ်။ လန်ဒန်ကနေ စိန့်အင်ဒရူးကို အကြာကြီး လာရမှာ အချိန်ယူရဦးမှာမို့ပါ။ တက္ကသိုလ်ကလည်း ဘုရင်မကြီးကိုယ်တိုင် တက်ရောက်မှာကို သဘောကျပါ တယ်။ သူတို့ တက္ကသိုလ်သမိုင်းအတွက်လည်း ကောင်းပါတယ်။ ဒါပေမယ့် ဒီလိုအချိန်ပြောင်းဖို့ အဆင်သင့် မဖြစ်ပါ ဘူး။ သူတို့ကျောင်းမှာက နံနက်ပိုင်းတစ်ခု၊ ညနေပိုင်းတစ်ခု ဘွဲ့နှင်းသဘင်နှစ်ခုရှိနေတာမို့ အခုလိုပြောင်းဖို့ မဖြစ်နိုင် တော့ပါဘူး။ စိန့်အင်ဒရူးက ဆရာအင်ဒရူးနီးလ်ကလည်း ဒါဟာ အံ့သြစရာ မဟုတ်ပါဘူး။ အဲဒီကာလမှာ ဝီလျံကို သာမန်ကျောင်းသားလို ပြုစုနေတာမို့ နောက်ဆုံးရက်ကျမှ ဘာလို့ပြောင်းပေးရမှာလဲလို့ မှတ်ချက်ချပါတယ်။

ဘုရင်မကြီးဟာ နေမကောင်းဖြစ်နေပေမယ့် ဒါကိုမပြခဲ့ပါဘူး။ သူ့မြေးဝီလျံက အဓိပတိဆီက ဘွဲ့လက်မှတ် ရယူဖို့ ဒူးညွှတ်လိုက်တဲ့အခါ ဘုရင်မကြီးက ပြည့်ပြည့်ဝဝကြီး ပြုံးနေခဲ့ပါတယ်။ အီဒင်ဘာ့ဂ်မြို့စားကြီးနဲ့ လက်ထပ်ပြီးစ ချားလ်စ်ကမီလာ မောင်နှံတို့ကလည်း ဂုဏ်ယူဝင့်ကြွားစွာ ခတ်ပုံတဖျတ်ဖျတ် အရိုက်ခံခဲ့ကြပါတယ်။ ဝီလျံက ပထဝီဘာသာ အဓိကမှာ ၂ ဒသမ ၁ ဂရိတ်ရပြီး ဘွဲ့ယူနိုင်ခဲ့ပါပြီ။

မိနစ် အနည်းငယ်ကြာတဲ့အခါ ကိတ်နာမည်ကို စင်မြင့်ပေါ်တက်ဖို့ ခေါ်ပါတယ်။ ကက်သရင်းမစ်ဒယ်လ်တန်ပါ။ ရရှိတဲ့ဘွဲ့က ပန်းချီသမိုင်း ၂ ဒသမ ၁ ပါ။ ဘွဲ့နှင်းသဘင် ပြီးဆုံးတဲ့အခါ ဒုတိယအဓိပတိ ဒေါက်တာဘရိုင်ယင်လန်းက နိဂုံး ချုပ်စကား ဆိုပါတယ်။ သူ့ မိန့်ခွန်းထဲမှာ-

"မင်းတို့ဟာ ဘဝတစ်လျှောက်လုံးအတွက် သူငယ်ချင်းတွေ ဖွဲ့ပြီးခဲ့ပြီ ဖြစ်နိုင်တယ်။ ဇနီး၊ ခင်ပွန်းတွေလည်း တွေ့ခဲ့ပြီး ဖြစ်နိုင်တယ်။ ဗြိတိန်မှာ ထိပ်တန်းဖြစ်တဲ့ ငါတို့ စိန့်အင်ဒရူးတက္ကသိုလ်ဟာ ကောင်းမြတ်တဲ့ သတင်းကို အသိအမှတ်ပြုခံရပြီး ဖြစ်တယ်။ ဒီတော့ နောက်ထပ် ဆက်လက်ပြီး ပိုမိုကောင်းမြတ်တဲ့သတင်းကို သယ်ဆောင်မယ်လို့ မင်းတို့ကို ယုံကြည်ပါတယ်..." လို့ ထည့်သွင်း ပြောကြားသွားခဲ့ပါတယ်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီလေးဟာ ကလေးဘဝကတည်းက စစ်သား ဝတ်စုံဝတ်ပြီး စစ်သားရုပ်ကလေးတွေနဲ့ ကစားရင်း စစ်ထဲဝင်ဖို့ စိတ်ကူးယဉ်ခဲ့တာပါ။ ဆင်းဟတ်စ် စစ်သင်တန်းကျောင်းမှာ အရာရှိ သင်တန်းသားအဖြစ် လက်ခံလိုက်တဲ့အခါ သူ့စိတ်ကူးအိပ်မက်တွေ အမှန် ဖြစ်လာပါတော့တယ်။ ၁၉၆၀ ကတည်းကစပြီး တွက်ရင် တော်ဝင်မျိုးနွယ်တွေ စစ်တပ်ထဲဝင်တာဟာ ဟယ်ရီ ပထမဆုံး ဖြစ်ပါလိမ့်မယ်။ ၁၉၆၀ တုန်းကတော့ ဘုရင်မကြီးရဲ့ ဝမ်းကွဲမောင် ကင့်မြို့စား မိုက်ကယ် (ပဋ္ဌမမြောက် ဂျော့ဘုရင်ရဲ့ မြေးတော်)ဟာ တော်ဝင်တပ်မတော်ထဲ ဝင်ခဲ့ပါတယ်။ ရိုးရာအစဉ်အလာအရဆိုရင် ဝင်ဆာမျိုးဆက်တွေဟာ တော်ဝင်ရေတပ်မတော်ထဲပဲ ဝင်ခဲ့ကြတာ ပါ။ အီဒင်ဘာ့ဂ် မြို့စားကြီးဆိုရင် ၁၉၃၉ ခုမှာ ကွန်မင်ဒါ ဗိုလ်မှူး ဖြစ်ခဲ့ပြီး ရော့ခ်မြို့စား အင်ဒရူးမင်းသားကတော့ တော်ဝင်ရေ တပ်မတော်မှာ ဂုဏ်ထူးဆောင် ကပ္ပတိန်ရာထူးအထိ ရယူခဲ့ပါတယ်။ ချားလ်စ်လည်း တော်ဝင်လေတပ် လေသူရဲသင်တန်းဆင်းပြီး ရေတပ် မှာပဲ တာဝန်ထမ်းခဲ့တယ်။

ဟယ်ရီက မတ်စ်ဒိုင်ယာဆီကတစ်ဆင့် ဆင်းဟတ်စ် အကြောင်း ကြားခဲ့ပြီးသားပါ။ ဒီဆင်းဟတ်စ်ကျောင်းကို ၁၉၄၇ မှာ စတင်ထူထောင်ခဲ့တာဖြစ်ပြီး ဆောင်ပုဒ်က "ခေါင်းဆောင်ရန်

## အခန်း – ၁၁

## ဆင်းဟတ်စ်သို့ ဝင်ရောက်ခြင်း...

*ဘုရင်မကြီးဟာ ဒူးဆစ်အထိရှည်တဲ့ ကုတ်အင်္ကျီရှည်၊ သားမွေးအနားကွပ် အင်္ကျီကြီးဝတ်ပြီး အကြီးတန်း ဗိုလ်လောင်း တွေကို နှုတ်ဆက်စကားပြောခဲ့တယ်။ စုစုပေါင်း အရာရှိဗိုလ် ၂၁၉ ဦးကို စစ်ဆေးရာမှာ သူ့မြေးရှေ့ရောက်တော့ ခဏရပ်ပြီး..*

the bookhouse
we bring your leisure

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကျွေးပြုပါ'' ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးက လူအများကို သင်တန်းပေးခဲ့ပြီးပါပြီ။ ဆာဝင်စတန်ချာချီနဲ့ ဂျော်ဒန်ဘုရင် ဟူစိန်တို့ဟာလည်း ဒီကောလိပ်ထွက်တွေ ဖြစ်ပါတယ်။ အခုတော့ ၄၈ ပတ် ကြမ်းတမ်းတဲ့ သင်တန်းကို ရယူဖို့ ဟယ်ရီ အခွင့်သာခဲ့ပါပြီ။

ဟယ်ရီက အားလပ်ရက်နားတဲ့နှစ်ကို သူများလို ၁ နှစ်မဟုတ်ဘဲ ၂ နှစ်ယူခဲ့တယ်။ ဒါဟာ ကြိုတင် စီစဉ်ထားတာတော့ မဟုတ်ဘူး။ ဒီအချိန်မှာ သူ အရေးကြီးတဲ့ အလုပ်တွေ လုပ်ဖို့ အဆင်သင့်ဖြစ်လာတယ်။ စစ်သင်တန်းကျောင်းမှာက ပထမ ငါးပတ်ဟာ သူ့ဘဝမှာ အခက်ခဲ ကြမ်းတမ်းဆုံးဖြစ်မယ်လို့ သတိပေးခံထားရတယ်။ သင်တန်းသား ၁၅ ရာနိုင်နှုန်းဟာ ဒီ ငါးပတ်ကို မကျော်နိုင်ဘဲ ကျရှုံးကြရတာပဲ။ ဟယ်ရီအနေနဲ့ ဒီအကြမ်းပတမ်း အရသာကို ဝီလ်ရှိုင်းယားမှာရှိတဲ့ ဝက်စ်ဘရီမှာ လေးရက်တာ မြည်းစမ်းခဲ့ရတယ်။ အဲဒီစမ်းသပ်မှုက အတော် ပြင်းထန်ခက်ခဲပါတယ်။ ဒါပေမဲ့ သူဟာ ''ပုံမှန်ကော်မရှင်အဖွဲ့''ရဲ့ ဝင်ခွင့်စာမေးပွဲကို အောင်မြင်ခဲ့တယ်။

၂၀၀၅၊ ဇန်နဝါရီမှာ ကျောင်းဝင်ရမှာဖြစ်ပေမယ့် ၂၀၀၄၊ အောက်တိုဘာမှာ ကလေးတွေကို ဘောလုံးနည်းပြလုပ်ပေးရင်း ဘယ်ဘက်ဒူးမှာ ဒဏ်ရာရခဲ့လို့ ကျောင်းဝင်ဖို့ လေးလ နောက်ကျသွားခဲ့တယ်။ ၂၀၀၅ ခုနှစ်၊ မေလ ၈ ရက်မှာ သူ မကျစေရဘူးလို့ သူ့ဘာသာ ကတိပြုလိုက်တယ်။ ဆင်းဟတ်စ် ကျောင်းအိုကြီးက သားနားပါတယ်။ ၁၉ ရာစု အဆောက်အအုံကြီးပါ။ စိမ်းလန်းတဲ့ နယ်မြေကေပေါင်း များစွာပါတယ်။ လူတွေ ဖန်တီးထားတဲ့ ရေကန်ကြီးလည်း ရှိတယ်။ အဲဒီ ဆင်းဟတ်စ်ကောလိပ်ကို ဟယ်ရီ ခြေချနိုင်ခဲ့ပါပြီ။

ဟယ်ရီကို သူ့အမေကိုယ်တိုင် ကားမောင်းပြီး ဂုဏ်ယူစွာ လိုက်ပို့ခဲ့ပါတယ်။ ဟယ်ရီက ကျောင်းမှာ ''ကဒက်ဝေးလ်စ်'' (သင်တန်းသား ဝေလမင်းသား) အမည်နဲ့ စာရင်းသွင်းခဲ့ပါတယ်။

ပထမ ငါးပတ်မှာ ဟယ်ရီကို ပင်မ အဆောက်အအုံကြီးအတွင်းမှာပဲ သွားခွင့်ပြုပါတယ်။ ပင်မ အဆောက်အအုံမှာ ကောလိပ်ဟောင်းနဲ့ ကောလိပ်သစ်နှစ်ခုရှိပြီး လေ့ကျင့်ရေးကွင်း ရှိပါတယ်။ ကျောင်းက ကင်ဘာလီမြို့မှာ ရှိတာဖြစ်ပြီး ညဘက် လည်စရာ၊ ပတ်စရာ နည်းတယ်။ အပြင်မှာ ထွက်စားဖို့လည်း ဆိုင်ကောင်းကောင်း မရှိဘူး။ ဒီနေရာက လန်ဒန်ကနေဆိုရင် တောင်ဘက်ကို ၃၄ မိုင်ဝေးတယ်။ အိမ်ပြန်ခွင့်မရဘဲ ကျောင်းမှာပဲ နေရတဲ့အတွက် အားလုံးကို စည်းလုံးစွာ တစ်ပြေးညီ ထားနိုင်တယ်။ ကျောင်းအုပ်ချုပ်သူများနဲ့လည်း ရင်အုပ်မကွာ ဖြစ်စေပါတယ်။

ဟယ်ရီရတဲ့အခန်းက ၉'×၁၀' ဖြစ်ပြီး မျက်နှာသစ်ခွက် ပါတယ်။ အံဆွဲပါတဲ့ စားပွဲတစ်လုံး၊ ဗီရိုတစ်လုံးနဲ့ စာရေးစားပွဲတစ်လုံး ရှိတယ်။ ဟယ်ရီက ဒီကိုမလာခင် ဖိနပ်တိုက်ဆေးဘူးတွေ အများကြီး ဝယ်ခဲ့တယ်။ သူ့စစ်ဖိနပ်တွေကို ပြောင်နေအောင် နေ့တိုင်းတိုက်ဖို့ပါ။ ပြီးတော့ ယူနီဖောင်းတွေကို မီးပူတိုက်ဖို့ မီးပူတိုက်စင်ကလေး တစ်ခုတောင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့ပါသေးတယ်။ တစ်ခါမှ ရုပ်အင်္ကျီ မီးပူမတိုက်ဖူးဘူး။ ဖိနပ်မတိုက်ဖူးသူ ယောကျ်ားလေးတစ်ယောက်အဖို့ အတော်ခက်ရတဲ့ ကိစ္စပါပဲ။

ဟယ်ရီက နေ့စဉ် အရုဏ်မတက်ခင် အိပ်ရာကထတယ်။ နံနက်ရောက်တာနဲ့ ဆာဂျင်ဂလန်စနာဗီးက အခန်းကို လာရောက်စစ်ဆေးတယ်။ သူ့အိပ်ရာကို စစ်တယ်။ အပြာရောင် အိပ်ရာဖုံး သေသပ်မှုရှိမရှိ စစ်တယ်။ ပြီးတော့ သူ့ယူနီဖောင်းကို စနစ်တကျ မီးပူတိုက်ထားခြင်း ရှိမရှိ စစ်တယ်။ သူ့မျက်နှာသစ် (ဘေစင်)ကလည်း သန့်ရပါမယ်။ စစ်အသုံးအဆောင်တွေ သုံးလို့ရအောင် လုပ်ထားရပါမယ်။ အရပ်ဝတ်အဝတ်အစားတွေကို လျှော်ဖွပ်ပြီး သိမ်းထားရမယ်။ အကယ်၍ သူ့အခန်းဟာ အဆင့် စံချိန်မမီဘူးဆိုရင် နောက်ညမှာ ပြန်အစစ်ခံရမှာ ဖြစ်တယ်။ သူဟာ ပေါ့ဂီတတွေနားထောင်ခွင့် မရှိဘူး။ ရေဒီယိုမှန်သမျှ အားလုံး BBC လိုင်း ၄ ကိုပဲ ဖွင့်ရမယ်။ လက်ပ်တော့ပ်နဲ့ လက်ကိုင်ဖုန်းတွေကို သိမ်းထားလိုက်ပြီး ငါးပတ်ကြာမှ ပြန်ထုတ်ပေးတယ်။ အိပ်ခန်းတွေထဲမှာ တယ်လီဗေးရှင်း ကြည့်ခွင့်မရှိဘူး။ ပိုစတာတွေလည်း ကပ်ခွင့်မရှိဘူး။ ဓာတ်ပုံတွေလည်း ချိတ်ခွင့်မပေးဘူး။ နေ့စဉ် သတင်းပို့ရတယ်။ ဘုရားရှိခိုးသွားရမယ့် တနင်္ဂနွေနေ့တွေမှာတောင် ရောက်ရှိကြောင်း သတင်းပို့ကြရတယ်။

ဟယ်ရီဟာ သူ့ကိုယ်သူ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေနိုင်ပြီလို့ သိလာတယ်။ စစ်ရေးလေ့ကျင့်ရတဲ့အခါ ကာယကြံ့ခိုင်ရေး လေ့ကျင့်ရတဲ့အခါ စစ်ဖိနပ်တွေကို ပြောင်လက်ပြီး သူ့ဆရာက သူ့အရိပ်ထင်မထင် လာစစ်တဲ့အခါ အရိပ်ထင်နေအောင် တိုက်ရတဲ့အခါ သူဟာ ရပ်နေရပြီလို့ နိုးကြားလာခဲ့တယ်။ ၂၄ နာရီပတ်လည်လုံးမှာ သူ့ကို စောင့်ရှောက်တဲ့ အရာရှိတွေ ထားပါတယ်။ ဒီကြားထဲမှာ သူဟာ သူများလိုပဲ သာမန်နေချင်တယ်လို့ ပြောပါတယ်။ လူတိုင်းလိုပဲ ဆက်ဆံမှာပါလို့ ကျောင်းက ဗိုလ်မှူးကြီးအင်ဒရူးရစ်ချီက ဟယ်ရီကို အသေအချာ ကတိပေးတယ်။ အရာရှိတစ်ယောက်ရဲ့ အဆင့်အတန်းမရှိတဲ့ သင်တန်းသားတွေကို ကျောင်းကထုတ်ပစ်ဖူးတယ်၊ အခုလည်း ဒီအတိုင်းလုပ်မှာပဲလို့ ပြောပါတယ်။ ဒီကျောင်းမှာ လေးနာရီပဲ အလုပ်လုပ်ပြီး နာရီ ၂၀ အိပ်တဲ့လူတွေ တွေ့ဖူးကြောင်း ဒါကို တချို့က ခက်ခဲတယ်လို့ ယူဆနေကြတယ်၊ ဒါမျိုး ဒီမှာခွင့်မပြုဘူးတဲ့။ ကျောင်းရဲ့ ဗိုလ်မှူးဗင့်ခ်ကလည်း ဟယ်ရီက ကျွန်တော့်ကို 'ဆရာ'လို့ ခေါ်နိုင်းတယ်။ ကျွန်တော်ကလည်း သူ့ကို 'ဆရာ'ခေါ်နိုင်တယ်။ ဒါပေမဲ့ အဓိပ္ပာယ်ရှိတဲ့လူ ဖြစ်ရမယ်... လို့ ပြောခဲ့ပါတယ်။

ခုလို ထင်ပေါ်ကျော်ကြားတဲ့ လူတစ်ယောက် ဆင်းဟတ်စ်ကို ရောက်လာတဲ့အဖြစ်ဟာ သတိထားစရာတွေ မလွှဲမရှောင် ဖြစ်လာတယ်။ ဝင်ဂိတ်တွေမှာ လက်နက်ကိုင်အစောင့်တွေ ထားလာရတယ်။ အဓိက လုံခြုံရေးနိုးကြားမှုတွေ ထားလာရတယ်။ ဗြိတိသျှ သတင်းစာငယ်တစ်စောင်ကတော့၊ သူတို့ရဲ့ သတင်းထောက်တစ်ယောက်ဟာ အဲဒီ အဆောက်အအုံထဲကို ဗုံးအတုတစ်ခုကိုင်ပြီး ဝင်ခဲ့ကြောင်း ရေးပါတယ်။ တော်ဝင်မိသားစုအနီးမှာ ဒီလိုပဲ လုံခြုံရေး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ခပ်ညှံ့ညှံ့တွေ ရှိနေခဲ့တာပါ။ ဝီလျံရဲ့ ၂၁ နှစ်မြောက် မွေးနေ့တုန်းကလည်း ဝန်ထမ်းအတုအယောင်တစ်ဦး ရှိနေခဲ့ပြီး အက်ကင်ဟာမ် နန်းတော်ထဲမှာတောင် ဘုရင်မကြီးရဲ့ အမှုထမ်းတွေထဲမှာ ဝန်ထမ်းယောင်ဆောင်ထားတဲ့ သတင်းထောက်တစ်ယောက် လပေါင်းများစွာ ရှိခဲ့ဖူးပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဟယ်ရီကတော့ စစ်သင်တန်းမှာ သူ့ကိုယ်သူ နှစ်မြှုပ်ထားခဲ့တယ်။ "အတော်လေးတော့ ရုန်းရတယ်။ ဒါပေမဲ့ ကျွန်တော် ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ရွှံ့တွေတောထဲ ပြေးဆင်းရတာကိုလည်း ကျွန်တော် တကယ်ကို သဘောကျတယ်။ သေနတ်ပစ်ရတာလည်း သိပ်သဘောကျတယ်။ ဒါ ကျွန်တော့်အကြိုက်ပဲလေ။ ကျွန်တော် သဘောကျပါတယ်"လို့ ဟယ်ရီက သူ့ပထမ ငါးပတ်အကြောင်း ပြောဆိုခဲ့တယ်။ တကယ်လည်းပဲ အဲဒီခံစားမှုအသစ်နဲ့ သူ့ကိုယ်သူ ယုံကြည်မှုတို့ကို သူ တွေ့ခဲ့ရတာပဲ။ ဟယ်ရီအဖို့ စစ်ဆိုတာ သူ့အောင်မြင်မှုပဲလို့ ယူဆထားတာပါ။ အီတင်မှာတုန်းက စာအရာမှာ သူ နောက်တန်း ရောက်နေခဲ့သလောက် ဆင်းဟတ်စ်မှာတော့ သူက ထိပ်တန်း ရောက်ခဲ့ပါတော့တယ်။

ဟယ်ရီဟာ စစ်သင်တန်း စစ်ရေးပြလေ့ကျင့်ခန်းရဲ့ အခြေခံတွေကိုရော၊ လက်နက်ကိုင်တွယ်နည်းတွေကိုပါ ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်ခဲ့တယ်။ တစ်ခုတော့ ရှိတယ်။ သူက ဒူးမှာ ဒဏ်ရာရခဲ့ဖူးတဲ့အတွက် ကာယလေ့ကျင့်ခန်း လုပ်တဲ့အခါမှာတော့ အတော်လေး စိန်ခေါ်မှုနဲ့ ကြုံရတယ်။ ဆင်းဟတ်စ်မှာရှိတဲ့ အက်ရှ်ဒေါင်းသစ်တောမှာ ငါးရက် လေ့ကျင့်ရေးဆင်းတော့ သူ ဒဏ်ရာရပြီး ပိုးဝင်သွားတဲ့အတွက် ဟတ်စ်ဟိုစပစ်တယ်ဆိုတဲ့ ပုဂ္ဂလိကဆေးရုံကို အပို့ခံရတယ်။ အဲဒီအကြောင်းကြောင့် သူ့ကို နာမည်ပြောင်အဖြစ် "ဆစ်ခ်နုတ်"လို့ ခေါ်ခဲ့ကြတယ်။

ဟယ်ရီက ဝီလျံနဲ့မတူဘူး။ ညစ်ပတ်တယ်။ ပေတီးပေစုတ်နေတယ်။ သပ်သပ်ရပ်ရပ် မရှိဘူး။ ဒါကြောင့် သူ့ဆရာက သူ့ကို တင်းကျပ်တဲ့ အခွင့်အရေးတစ်ခု ပေးခဲ့ရတယ်။ အဲဒါကတော့ သူ့အခန်းကို မဖွင့်ရာဖို့ဘဲ ဖြစ်ပါတယ်။ သူက သူ့ထက်အကြီးတွေနဲ့ တစ်ခါတစ်ခါ အဆင်မပြေ ဖြစ်တတ်ပေမယ့် သူ့အဖော်တွေထဲမှာတော့ ပေါ်ပြူလာဖြစ်တယ်။ သူက ဆေးလိပ်မဖြတ်နိုင်တဲ့အတွက် သူ့အင်္ကျီအောက်မှာ စီးကရက်ကို ဝှက်ထားလေ့ရှိကြောင်း သူ့အတန်းဖော်တစ်ဦးက ပြောပါတယ်။

တကယ်တော့ ဆင်းဟတ်စ်ဟာ ဟယ်ရီအတွက် အကောင်းဆုံး အရာတစ်ခုပါပဲ။ သူဟာ "ဘရီကွန်ဘေလွန်" မှာရှိတဲ့ ဘလက်မောင်းတိန်း တောင်တန်းကိုဖြတ်ပြီး ၂၆ နာရီ ပြေးပွဲကို စံချိန်တင်ပြီး ပြေးနိုင်ခဲ့တယ်။ ဆိုက်ပရပ်စ်မှာ လုပ်တဲ့ လေ့ကျင့်ရေးသင်တန်းတွေမှာလည်း ထိပ်ဆုံးအမှတ်တွေ ရခဲ့တယ်။ သူ့အသက် ၂၁ နှစ်မြောက် မွေးနေ့ကို ကျောင်းက ယမကာအခန်းမှာ ခပ်ကျဉ်းကျဉ်း ကျင်းပတဲ့အခါ သူဟာ ရှေ့တန်းစစ်မျက်နှာမှာ သွားရောက်တိုက်ခိုက်ချင်စိတ် ရှိနေပြီဆိုတာ သိသာစေခဲ့တယ်။ အဲဒီအချိန်ဝန်းကျင်က သူ့ရဲ့ အင်တာဗျူးတစ်ခုမှာ "တခြားယောကျာ်းလေး အများအပြားက အပြင်မှာ တိုင်းပြည်အတွက် တိုက်ပွဲဝင်နေကြတဲ့အချိန်မှာ ကျွန်တော်က ဆင်းဟတ်စ်မှာ သင်တန်းတက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်ပြန်နေဖို့အကြောင်း မရှိဘူး''လို့ ပြောခဲ့ပါတယ်။ အဲဒီစကားတွေက တိုက်ပွဲဝင်စကားတွေပဲ။ အဲဒီစကားတွေကို ဟယ်ရီက အဓိပ္ပာယ်ရှိရှိနဲ့ ပြောခဲ့ခြင်းလည်း ဖြစ်တယ်။ သူဟာ ရင့်ကျက်မှုအသစ်တွေကိုပြရင်း အတိတ်က မှားခဲ့တာတွေကိုလည်း တောင်းပန်တယ်။ ပထမဆုံးအကြိမ်အဖြစ် သူတစ်ခါက နာဇီဝတ်စုံ ဝတ်ခဲ့တာကိုလည်း မကောင်းတဲ့ကိစ္စ ဖြစ်ကြောင်း အဲဒီတုန်းက ကျွန်တော် အတော် ဦးနှောက်မရှိတဲ့လူဘဲ။ အခုတော့ ကျွန်တော် သင်ခန်းစာရပါပြီလို့ ဝန်ခံခဲ့တယ်။

ဟယ်ရီက ဝီလျံကို ရွှတ်နောက်ချင်စိတ်လည်း ရှိခဲ့သေးတယ်။ ဝီလျံလည်း ဆင်းဟတ်စ်ကို လာဖို့ရှိနေတာမို့ပါ။ ဟယ်ရီက သူ့အစ်ကိုကို အလွန်ချစ်ပြီး ခုအချိန်အထိ သူ့ဘဝကို ဝီလျံရဲ့နောက်နားမှာ နေနေခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ ဟယ်ရီက ဒရိုင်ဘာခုံမှာရောက်နေပြီ။ သူ ကျောင်းကထွက်ရင် ဝီလျံကိုတွေ့ဖို့ ကြိုးစားဦးမယ်၊ ဒီအခါ ကွန်မန်ဒိုတန်ဖိုးအရ ဝီလျံက ကျွန်တော့်ကို အလေးပြုနိုင်အောင်ပါ... လို့ ရယ်စရာ ပြောသေးတယ်။ နှစ်တွေ ကြာလာလေ ကျွန်တော်တို့ အချင်းချင်း ပိုပြီးရင်းနှီးလာလေပဲ။ ဘယ်လောက် နီးကပ်လာသလဲဆိုတာ အံ့ဩဖို့တောင် ကောင်းတယ်။ တစ်ယောက်နဲ့တစ်ယောက် နီးရအောင် တမင် ဖန်တီးခဲ့ကြသေးတယ်။ ကျွန်တော်တို့အမေ ဆုံးသွားပြီး ကတည်းက ပိုပြီးနီးကပ်ခဲ့ကြတာ သိသိသာသာကြီးပါ။ ဒီကမ္ဘာမှာ သူဟာ ကျွန်တော် ပြောချင်တာကို ပြောနိုင်တဲ့ တစ်ယောက်တည်းသော လူပါ။ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ထောက်ခံကြတယ်လို့လည်း ဟယ်ရီက ပြောပါတယ်။ မကြာခင်က လုပ်ခဲ့တဲ့ သူ့ဖခင်ရဲ့ လက်ထပ်ပွဲကိစ္စကိုလည်း ထင်မြင်ချက်ပေးရာမှာ ချားလ်စ်ဟာ အိမ်ထောင် ပြုပြီးတဲ့အခါ အများကြီး သက်သက်သာသာ ဖြစ်သွားတယ်လို့ ဆိုပါတယ်။ ပထမဆုံးအကြိမ်အဖြစ် ကမီလာအကြောင်း မေးတဲ့အခါ သူက အံ့ဩစရာကောင်းတဲ့ မိန်းမပါ။ ကျွန်တော်တို့အဖေကို ပျော်အောင်လုပ်ခဲ့တယ်။ ဒါဟာ အရေးအကြီးဆုံးကိစ္စပဲလို့ ပြောတယ်။ ''ကောက်ကျစ်တဲ့မိထွေး''ဆိုတဲ့စိတ်ကူး သူ့မှာမရှိပါဘူး။ ကျွန်တော်တို့ သူ့ကို ကျေးဇူးတင်တယ်။ သူ အနားမှာရှိနေရင် ကျွန်တော်တို့ သိပ်ပျော်ပါတယ်လို့လည်း ထည့်သွင်းပြောသွားခဲ့ပါသေးတယ်။

အဲဒီနှစ် နယူးရီးယားမှာ ဝီလျံဟာ ကိတ်နဲ့အတူ ဆင်ဒရင်ဟမ်ပိုင်မြေထဲရှိ တစ်ထပ်တိုက်လေးမှာ အတူရှိနေခဲ့ကြတယ်။ ခုအခါမှာတော့ ဆင်းဟတ်စ်ရဲ့ စိန်ခေါ်မှုကို ယှဉ်ပြိုင်ဖို့ ဝီလျံရဲ့အလှည့် ရောက်လာခဲ့တယ်။

၂၀၀၆၊ ဇန်နဝါရီ ၈ ရက်မှာ အသက် ၂၃ နှစ်အရွယ် ဝီလျံမင်းသားဟာ သူ့အဖေနဲ့အတူ လုံခြုံရေးအရာရှိ လိုက်ပါပြီး ဆင်းဟတ်စ် စစ်ကောလိပ်ကို ကားမောင်းသွားခဲ့ကြပါတယ်။ ဟယ်ရီ ရောက်သွားတုန်းကလို လုံခြုံရေးပြင်ဆင်ထားခြင်းမရှိဘဲ ဝီလျံရဲ့ လုံခြုံရေးအရာရှိများနဲ့ ကျောင်းကဆရာတွေ အနီးကပ်တိုင်ပင် စီမံလုပ်ကိုင်ခဲ့ကြခြင်းပဲ ဖြစ်တယ်။ ဝီလျံရဲ့ လုံခြုံရေးအရာရှိတွေက ဝီလျံရဲ့ လေ့ကျင့်ရေးကွင်းတိုင်းမှာ အမည်းရောင် ကပ်ထားတဲ့ကားတွေနဲ့ အမြဲလိုက်ပါမှာလည်း ဖြစ်ပါတယ်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဒီကျောင်းကို တက်တဲ့အခါ အနည်းဆုံး ကိတ်နဲ့ တစ်လကျော် မတွေ့ရတော့ဘူးဆိုတာ သိတဲ့အတွက် ဟယ်ရီရဲ့ ညွှန်ကြားချက်အရ ဝီလျံဟာ နယူးရီးယား အခမ်းအနားအပြီး ကိတ်ကို "ကလော်စတာ"ကွင်းဆီ အားလပ်ရက်အဖြစ် ခေါ်သွားခဲ့ပါသေးတယ်။ ကလော်စတာကွင်းဆိုတာ ဆွစ်ဇာလန်က နားနေစခန်း၊ ရေခဲလျှောစီးစခန်းပါ။ အရင် နှစ်နှစ်တုန်းက ဒီနေရာကို ဝီလျံနဲ့ကိတ်တို့ ရောက်စဉ် သူတို့ ဖက်တွယ်တဲ့ပုံကို သတင်းမှာဖော်ပြပြီး သူတို့ဇာတ်လမ်းကို ဖွင့်ချခဲ့ကြတာ ဖြစ်ပါတယ်။ အခုအကြိမ်မှာတော့ ကင်မရာတွေကြားမှာ ရောက်နေတဲ့တိုင် ဆင်ခြင်စရာမလိုတော့ပါဘူး။ နက်ရှိုင်းတဲ့ နှင်းမှုန်တွေကြားမှာ ဝီလျံက ကိတ်ကိုဆွဲပွေ့ပြီး နမ်းလိုက်တယ်။ ဒါဟာ သူချစ်ရမယ့် မိန်းမဆိုတာ သေချာသွားပါပြီ။ ဒီမိန်းမဆိုရင် သူ နေလို့ထိုင်လို့ သာယာတယ်၊ စိတ်ငြိမ်းချမ်းမှုရတယ်ဆိုတာ အသေအချာပါ။ ဒီမိန်းမက သူနဲ့ချိန်းတွေ့ရင် နန်းတော်မှာလည်း သူတို့နှစ်ဦးကို စေ့စပ်ဖို့ရက်ကို ပြက္ခဒိန်မှာ ရှာနေကြပါပြီ။

ဒီလိုကိစ္စမျိုးဟာ နည်းနည်းခက်ခဲမယ်လို့ ထင်ကောင်းထင်နိုင်ပေမယ့် တော်ဝင်မိသားစုအဖို့ကတော့ ဒါဟာ သာမန်ကိစ္စ၊ ပြနေကျကိစ္စပါပဲ။ ဒါမျိုးကို နန်းတော်က လနဲ့နှစ်နဲ့အချိန်ယူပြီး ပြင်ဆင်လေ့ရှိပါတယ်။ ဥပမာ-ဘုရင်မကြီးရဲ့ မိခင် Queen mother ရဲ့ ဈာပနအခမ်းအနားကိုဆိုရင် ၁၉၆၉ ... ကတည်းက စပြီး ပြင်ဆင်ခဲ့ကြတာ ဖြစ်ပါတယ်။

အခု ဝီလျံရဲ့ကိစ္စကိုလည်း နန်းတော်ထဲမှာ ပွင့်ပွင့်လင်းလင်းပဲ ပြောဆိုနေကြတာပါ။ စေ့စပ်ကြောင်းကြေညာချက်ကို နွေဦးလောက်ကျရင် လုပ်ဖြစ်လိမ့်မယ်လို့ ခိုင်လုံတဲ့တစ်နေရာက သတင်းရရှိခဲ့ပါတယ်။ ဒီလိုသတင်းမျိုး ရရှိဖို့ဆိုတာကလည်း လွယ်ပါတယ်။ ဘာမှ ခိုင်ခိုင်မာမာ အစီအစဉ် မလုပ်ရသေးဘူးလို့ ငြင်းဆိုပေမယ့် တစ်ခုခုလုပ်လာတော့မယ် ဆိုတာကတော့ တော်ဝင်အရေး ဝေဖန်သူများ၊ ကမ္ဘာ့သတင်းစာများက ကောက်ယူနိုင်ခဲ့ကြတာပါပဲ။

ဝီလျံကိုယ်တိုင်ကလည်း"လက်ထပ်ခွင့် တောင်းဖို့" မလုပ်ရသေးပါဘူး။ တွဲသာတွဲနေတာပါ။ ဒါပေမဲ့ အတွင်းသိ အားလုံးကတော့ "အချိန်" တစ်ခုပဲ လိုတော့တာပါလို့ ပြောကြပါတယ်။ ကိတ်မစ်ဒယ်လ်တန်ဝီလျံဟာဖြင့် သတို့သားဖြစ်ဖို့ အလားအလာရှိတဲ့လူကို တွေ့သွားပြီဆိုတဲ့အဖြစ်ဟာ ပြေးမလွတ်တော့ပါဘူး။

ကိတ်က ကလဲရင့်စ်ဟောက်စ်မှာ ဝီလျံကို ဂုဏ်ပြုနှုတ်ဆက်ပွဲ ယမကာပါတီတစ်ခုလုပ်ဖို့ စီစဉ်ခဲ့တယ်။ အဲဒီပွဲမှာ သူတို့ နှုတ်ဆက်ကြဖို့ပါ။ ဒီအတိုင်းဆိုရင် သူ့ရဲ့ ၂၄ နှစ်မြောက်မွေးနေ့ပွဲကို ဝီလျံ တက်နိုင်တော့မှာ မဟုတ်ပါဘူး။ ဒီတော့ ကိတ်က ဝီလျံ ဆင်းဟတ်စ် မသွားခင် အနည်းဆုံး ပွဲကလေးတစ်ခုတော့ လုပ်သွားဖို့ သေချာချင်တယ်။ ချည်နှောင်ချင်တယ်။

သူတို့က ဘွဲ့ယူပြီးတဲ့နောက် ပျော်စရာနွေရာသီကို လုပ်ခဲ့ပြီး ဖြစ်နေတယ်။ အဲဒီမှာ ဝီလျံက နယူးဇီလန် သွားရတယ်။ နယူးဇီလန်မှာ ဒုတိယကမ္ဘာစစ်ပြီးဆုံးတဲ့ နှစ် ၆၀ ပြည့်အခမ်းအနားကို ဘုရင်မကြီးကိုယ်စား ဝီလျံက

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်ဖို့ ဖြစ်ပါတယ်။ အဲဒါအပြင် အဲဒီကာလမှာ နယူးဇီလန်ကိုရောက်နေကြတဲ့ ဗြိတိန်က လူကြီးတွေနဲ့လည်း အချိန်ယူဖို့ ဖြစ်ပါတယ်။

အဲဒီနောက် ဝီလျံဟာ ကင်နယာနိုင်ငံမှာ ဂျက်စီကာနဲ့ သွားတွေ့ခဲ့တယ်။ ဒီတစ်ကြိမ်မှာတော့ သူနဲ့အတူ ကိတ်ကို ခေါ်သွားတယ်။ သူက ကိတ်ကို ကင်နယာနိုင်ငံရဲ့ သဘာဝအလှတွေကို မြင်စေချင်တယ်။ ဒါ့အပြင် ဂျက်ကာနဲ့ ပတ်သက်ပြီး စိတ်မပူရအောင် ပြန်လည်အာမခံချက် ပေးချင်တာလည်း ပါပါတယ်။ ကင်နယာမြောက်ပိုင်း၊ မူကိုဂိုဒူးတောင်မှာရှိတဲ့ "ငွေစီ" အငှားခန်းကို တစ်ညပေါင် ၁၅၀၀... ပေးပြီး တည်းခဲ့ကြတယ်။ စိတ်ကူးယဉ် အချစ်အားလပ်ရက်များပါပဲ။ နေ့ခင်းဘက်မှာ ဝီလျံက သားရိုင်း ထိန်းသိမ်းရေးလုပ်ငန်းကို လုပ်တယ်။ ညချမ်းချိန်တွေမှာတော့ သူနဲ့ကိတ်တို့ဟာ ကော့တေးလ် အရက်သောက်ပြီး ညစာစားကြတယ်။ ဘွဲ့ယူအပြီးသွားခဲ့တဲ့ ဒီရက်သတ္တပတ် နှစ်ပတ်ဟာဖြင့် ပျော်စရာအတိနဲ့ ပြီးဆုံးခဲ့တယ်။ နောက်တော့ ဂျက်စီကာရယ်၊ ဝီလျံရဲ့သူငယ်ချင်း သောမတ်ဗင်ရယ်နဲ့ဆုံပြီး တွေ့ခဲ့ကြတယ်။ သူတို့ ပြန်တဲ့အခါ မကြာခင် ပြန်လာပါဦးမယ်လို့ ကတိပေးခဲ့ကြတယ်။

အခုတော့ ဝီလျံက ဆင်းဟတ်စ်ကို သွားရတော့မှာမို့ ကိတ်လည်း သူမိဘတွေ ဝယ်ပေးထားတဲ့ လန်ဒန်က တိုက်ခန်းလေးဆီ ပြောင်းခဲ့တယ်။ လန်ဒန်မှာရှိတဲ့ ပန်းချီပြခန်းတွေဆီ လျှောက်သွားပြီး သူ့ရဲ့ CV (ကိုယ်ရေးအကျဉ်းတွေ) ပို့ခဲ့တယ်။ ဒီအခါ အချိန်ပိုတွေ အများကြီးရခဲ့ပြီး သူ့အနာဂတ်အတွက် စဉ်းစားခွင့်ရခဲ့တယ်။

တစ်ဖက်မှာလည်း ဝီလျံက နောက်တစ်နှစ်လုံးအတွက် အစီအစဉ်ဆွဲပြီးသား ဖြစ်တယ်။ ဒီဗိုရှိုင်းယား နယ်စားကတော်တို့ရဲ့ ဧက ၃၅,၀၀၀ ကျယ် "ဝိခ်ဒီစကြိတ်"မှာ နှစ်ပတ်အလုပ်လုပ်တယ်။ လန်ဒန်၊ စိန့်ဂျိမ်းစ်လမ်းရှိ HSBC ဌာနချုပ်မှာရယ်၊ အင်္ဂလန်ဘဏ်မှာရယ် လုပ်ငန်းအတွေ့အကြုံရဖို့ သုံးပတ်အလုပ်လုပ်တယ်။

နောက်တစ်ခုက ဝီလျံဟာ သူ့အန်ကယ်အင်ဒရူးလိုပဲ ပိုင်းလော့ လေယာဉ်မောင်းသမား လုပ်ချင်တယ်လို့ ဆုံးဖြတ်ထားတာပါ။ ဒါနဲ့ RAF တော်ဝင်လေတပ်မတော်ရဲ့ တောင်ပေါ်ကယ်ဆယ်ရေးအဖွဲ့မှာ နှစ်ပတ် အလုပ်လုပ်ရင်း ဟက်လီကော်ပတာ (ရဟတ်ယာဉ်) မောင်းနည်းနဲ့ တောင်ပေါ်မှာ ကယ်ဆယ်ရေးလုပ်နည်းများကို သင်ယူခဲ့တယ်။ တပ်မတော်မှာ အသက်မွေးဝမ်းကျောင်းလုပ်မယ်လို့ ဆုံးဖြတ်ထားတာမို့ သူက သူ့ညီဟယ်ရီကို စမ်းသပ်ခံ "ပူးကလေး" အဖြစ် ဆင်းဟက်စ်ကို အရင်လွှတ်လိုက်တာလို့ ရယ်စရာ ပြောပါသေးတယ်။

တကယ်လည်း ဆင်းဟတ်စ်ဟာ ဝီလျံ တစ်ခါမှမသိခဲ့ရဖူးတဲ့ အရာပါ။ အဲဒီကျောင်းက ဗိုလ်မှူးကြီးရစ်ကီရဲ့ ပြောကြားချက်အရ ဝီလျံကိုလည်း တခြားသင်တန်းသားများနဲ့တန်းတူ သင်တန်းမှာဖြစ်ပေးကြောင်း သိရပါတယ်။ ဒီကျောင်းမှာ တရားသဖြင့် ဆုံးဖြတ်မယ်။ ဘယ်သူ့ကိုမှ ခြွင်းချက်မထားဘူးလို့ ပြောပါတယ်။ တစ်ခါတလေတော့ ဝီလျံဟာ အထူးအခွင့်အရေး ရတတ်ပါတယ်။ ဥပမာ-ကျောင်းဘောလုံးသင်းမှာ ဥက္ကဋ္ဌဖြစ်ပြီး ကမ္ဘာ့ဖလားဘောလုံးပွဲတို့

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဂျာမနီမှာလုပ်တော့ ဝီလျံက အင်္ဂလန်ကိုအားပေးဖို့ ဂျာမနီကို သွားခွင့်ခဲ့ရတယ်။ ဒီကိစ္စကို တခြားသင်တန်းသားတွေ အလွန်အားကျကြတာပါ။ ဟယ်ရီလည်း ဒီလိုပဲ ခွင့်ရခဲ့ဖူးပါတယ်။ ၂၀၀၅ နွေရာသီမှာ ကာတီးယား အပြည်ပြည်ဆိုင်ရာ ပိုလိုပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ အခွင့်ပေးခဲ့တာပါ။ ဟယ်ရီတစ်ယောက်ဟာ သူ့သူငယ်ချင်းတွေ ဘုရားကျောင်းတက်နေတဲ့ အချိန် သူက ဓူလိုင် နေခြည်အောက်မှာ ရှန်ပိန်နဲ့ နေ့လယ်စာစားနေခဲ့ရတာ ဖြစ်တယ်။ တခြား နာမည်ကျော်တွေနဲ့ VIP မိုးကာတဲထဲမှာ ထွေးလုံးလို့ပါ။ ဒီလို အခွင့်ထူးတွေက ရှားတော့ရှားပါတယ်။ သို့ပေမယ့် သူတို့ သင်တန်းမှာ တခြား ဘယ်မင်းသားမှ ဒီလိုအခွင့်ထူး မရခဲ့ကြပါဘူး။

ဝီလျံက ဆာဂျင်ပေဂျာဆိုင်နီကိုကပ်စ်နဲ့ ဆာဂျင်နသန်အလင်၊ ဂျင်မီပတ်ခ်တို့ရဲ့အောက်မှာ နေရပါတယ်။ အဲဒီ ဆာဂျင်တွေက အိုင်းရစ်ခ်ဂတ်က လူတွေပါ။ ဝီလျံက ပထမ ဂျူဒို ဘာသာရပ်ကို ယူတယ်။ ဒါပေမယ့် သူက ဘယ်သန်တဲ့လူမို့ ဂျူဒိုမှာ တိုးတက်မှု သိပ်မရခဲ့ဘူး။ တခြား လေ့ကျင့်ခန်းတွေ အားလုံးကိုတော့ သူ့ရဲ့ပင်ကို ကျန်းမာရေး ကြံ့ခိုင်မှုကြောင့် ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သူချိလီမှာတုန်းက ကျွမ်းကျင်ခဲ့တဲ့ ယောဂလေ့ကျင့်ခန်းကိုတော့ ဥပေက္ခာပြုလိုက်ရတယ်။ တစ်နေကုန် လှုပ်ရှားရတာတွေနဲ့ အားကုန်သွားလို့ နံနက်မှာ နောက်တစ်မျိုး မလုပ်နိုင်တော့တာပါ။

ဝီလျံဟာ ကိုယ်တွေ ကိုက်ခဲနာကျင်နေတာကို အိပ်ရာဝင်တဲ့အခါ မိနစ်နဲ့အမျှ အနားယူရပါတယ်။ တစ်နေ့ ၁၈ နာရီလုပ်ရတဲ့အတွက်၊ ကာယအားဖြင့် အားကုန်မောပန်းရသလို၊ ဆင်းဟတ်စ်ရဲ့ မရပ်မနား ပင်ပန်းမှုတွေရဲ့ စိန်ခေါ်မှုတွေက ကြီးမားနေတာ တွေ့ရတယ်။ သူအမြဲအားကုန်နေခဲ့ပြီး အိပ်ရာသိမ်းတဲ့အခါမှာတောင် လက်တွေကို ဆုပ်လို့မရဘူးလို့ သူကပြောပါတယ်။ မနက် ၅ နာရီ အခန်းစစ်ဖို့မလာခင် အိပ်ရာဖုံးကို သူ့စည်းကမ်းအတိုင်း ခေါက်ဖို့ ခက်နေခဲ့တာပါ။

နွေဦးရောက်လို့ ဝီလျံက လေ့ကျင့်ရဆဲမှာ ဟယ်ရီက ဘွဲ့ရပါပြီ။ ဟယ်ရီဟာ စစ်ရေးပြအခမ်းအနားအတွက် အပြင်းအထန် လေ့ကျင့်ခဲ့တယ်။ စံပြတပ်သား ဖြစ်လာခဲ့ဖို့ပါ။ ဒါပေမဲ့ ဘွဲ့မယူမီ ရက်အနည်းငယ်အလိုမှာ ဟယ်ရီရဲ့ပုံတွေ သတင်းမှာပါလာတယ်။ အဲဒီသတင်းကတော့ ဟယ်ရီနဲ့ တခြားဗိုလ်လောင်း လေးယောက် မြို့ထဲက နိုက်ကလပ်တစ်ခုမှာ ကခုန်နေတဲ့ပုံနဲ့သတင်းပါ။ ဒါဟာ ကျောင်းရဲ့စည်းကမ်းကို အလုပ်သဘောအရ ဖောက်ဖျက်တာ မဟုတ်ပေမယ့် ကျောင်းနဲ့ သုံးမိုင်ဝေးတဲ့နေရာကို ညဘက်ထွက်သွားတယ်ဆိုတာက ဖောက်ဖျက်တာပါ။ "ညစ်ပတ်တဲ့ ဟယ်ရီ ညအပြင်ဘက်ထွက်တယ်" ဆိုတဲ့စာလုံးနဲ့ တခြား မလုံမလဲလူနှစ်ယောက်တို့ မူးရူးကခုန်နေတဲ့ပုံ ဖြစ်ပါတယ်။ ဒီကိစ္စဟာ ဟယ်ရီဘွဲ့ယူတဲ့အခမ်း အနားကိုတက်ဖို့ တောင်အာဖရိကမှ ထွက်လာမယ့် "ချယ်လ်ဆီး" အတွက် အတော် ကသိကအောက် ဖြစ်သွားစေပါ တော့တယ်။

ကံကောင်းထောက်မစွာ ဧပြီ ၁၂ ဟာ နေသာတဲ့နေ့ဖြစ်ခဲ့ပြီး ဟယ်ရီရဲ့ နေ့ထူးနေ့မြတ်ကို အနှောင့်အယှက် မဖြစ်စေခဲ့ပါဘူး။ သူ့ရဲ့ သေသပ်ပိရိအောင် မီးပူတိုက်ထားတဲ့ဝတ်စုံနဲ့ ဟယ်ရီဟာ ဘယ်လိုကြည့်ကြည့် ဒု-ဗိုလ် (စက္ကင်းလက်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဖတင်နင်) ပီသနေပါတယ်။ သူက Blues and Royals ဆိုတဲ့ ဗြိတိန်ရဲ့ ဒုတိယဝါအရင့်ဆုံး တပ်မှာဝင်ဖို့အလုပ်ရတယ်။ မြင်းတပ်မှာလည်း တစ်စိတ်တစ်ပိုင်းပါဝင်ဖို့ အရည်အချင်း မီတယ်။ ဟယ်ရီ သဘောကျနှစ်သက်သလို၊ သူ့ဘွားတော်ကြီးလည်း သဘောကျလွန်းလို့ ၁၅-နှစ်အတွင်း ပထမအကြိမ်၊ စစ်ရေးပြပွဲကို လာရောက်စစ်ဆေးခဲ့ပါတယ်။

ဟယ်ရီရဲ့ ဗိုလ်သင်တန်းဆင်းပွဲကို ဘုရင်မကြီးအပြင် အီဒင်ဘာ့ဂ်မြို့စားကြီး၊ ချားလ်စ်နဲ့ကမီလာပါ တက်ခဲ့ကြတယ်။ ဒီပွဲမှာ ဝီလျံလည်း ပါရပါတယ်။ ဝီလျံက ကျောင်းဆောင်ဟောင်းကြီးကို ဖြတ်လျှောက်တော့ ဗိုလ်ဖြစ်သွားတဲ့ ညီကို "အလေးပြု"ခဲ့ရပါတယ်။ ဟယ်ရီက သူ့အထိန်းတော်ဟောင်း တစ်ဂျီနဲ့ မတ်စ်ဒိုင်ယာတို့ကိုလည်း ဗိုလ်သင်တန်းဆင်းပွဲတက်ဖို့ ဖိတ်ခဲ့ပါသေးတယ်။

ဘုရင်မကြီးဟာ ဒူးဆစ်အထိရှည်တဲ့ ကုတ်အင်္ကျီရှည်၊ သားမွေးအနားကွပ် အင်္ကျီကြီးဝတ်ပြီး အကြီးတန်းဗိုလ်လောင်းတွေကို နှုတ်ဆက်စကားပြောခဲ့တယ်။ ဒီ စစ်ရေးပြ အခမ်းအနားအတွက် ဖိနပ်တွေ ပြောင်လက်အောင် ရက်ပေါင်းများစွာ တိုက်ချွတ်ခဲ့ကြတာပါ။ စုစုပေါင်း အရာရှိဗိုလ် ၂၁၉ ဦးကို စစ်ဆေးရာမှာ သူ့မြေးရှေ့ရောက်တော့ ခဏရပ်ပြီး ကြယ်သီးတွေ ပြောင်လက်ရဲ့လား၊ ဆံပင်ဖြီးပုံရော နေရာကျရဲ့လားဆိုတာ စစ်ဆေးပါတယ်။ ဟန်ကျပါတယ်။ ဘွားတော်က "ဟင်း"လို့ ပြောသွားတာကို ဟယ်ရီ ခံလိုက်ရပါတယ်။ ဘုရင်မကြီးက ဒီနေ့ဟာ မဟာကိစ္စရပ်ကြီးပဲလို့ အမှတ်ပြုတယ်။ ဒါဟာ အစရဲ့အဆုံးပဲ။ မင်းတို့အားလုံးဟာ မကြာခင်ရက်များမှာ စစ်ဆင်ရေး ထွက်ကြရတော့မယ်။ မင်းတို့ ရွေးချယ်ခဲ့တဲ့အလုပ်မှာ အောင်မြင်ပါစေလို့ ငါဆုတောင်းပါတယ်။ မင်းတို့ အားလုံးကို ငါဂုဏ်ပြုပါတယ် ငါဆုတောင်းပါတယ် ငါယုံကြည်ပါတယ်" လို့... ကောင်းချီးစကား ပြောခဲ့ပါတယ်။

မေဂျာစတီဖင်ဆီးဂရေ့ခ်က ကျောင်းဆောင်ဟောင်းရဲ့ လှေကားထစ်များအထိ မြင်းစီးပြီးရောက်လာတဲ့အခါ ၁၉၂၀...ကတည်းက စတင်ဖြစ်ထွန်းလာခဲ့တဲ့ အစဉ်အလာအတိုင်း ဟယ်ရီနဲ့ သင်တန်းဆင်းဗိုလ်များဟာ အဆောက်အအုံထဲကို အနှေးလျှောက်နည်းနဲ့ ဝင်လာကြပါတယ်။ ဒီအချိန်မှာ ဘင်ခရာအဖွဲ့က တစ်ခဲနက်တီးမှုတ်ပြီး ထရမ်းပက်တွေကလည်း တေးသွားကို သီကျူးကြပါတော့တယ်။

အဲဒီနောက် အဆောက်အအုံထဲမှာ နေ့လယ်စာ စားကြတယ်။ ဂုဏ်ပြုယမကာကို သူငယ်ချင်းတွေနဲ့ သောက်ကြတယ်။ ဟယ်ရီအနေနဲ့က ညနက်တဲ့အထိ မနေနိုင်တော့ပါဘူး။ သူ့ချစ်သူ ချယ်လ်ဆီးနဲ့ ပြန်ဆုံကြဖို့ ရှိနေတယ်။ သူတို့နှစ်ဦးက နှစ်သစ် အားလပ်ရက်ပြီးကတည်းက မတွေ့ခဲ့ကြရတာပါ။

ဟိုက်ရိုးလေဆိပ်ကို ခြေချမိကတည်းက ချယ်လ်ဆီးဟာ ဒီမှာနေတဲ့ရက်အတွင်း မင်းသမီးလို အဆက်ဆံခံရဖို့ ရှင်းနေပါတယ်။ ဟယ်ရီရဲ့စီစဉ်ချက်အရ ချယ်လ်ဆီးဟာ လက်နက်ကိုင်ရဲ နှစ်ဦးနဲ့ တွေ့ရတယ်။ သူတို့က လမ်းကြောင်း

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းခေါ်သွားပြီး လေးယောက်တစ်တွဲ ဝင်ကြရပါတယ်။ ဟယ်ရီ ချယ်လ်ဆီးတို့က မိုလ်သင်တန်းဆင်းပွဲ အခမ်းအနားကို မတက်ဖို့ သဘောတူထားခဲ့ကြပြီးသားပါ။ ည ဘွဲ့နှင်းကပွဲကိုတော့ တက်ဖို့လုပ်ထားတယ်။

ချယ်လ်ဆီးက ပန်းအဖြူတွေ၊ အမွေးဖယောင်းတိုင်တွေ ထွန်းထားတဲ့ ခန်းမကြီးထဲဝင်လာခဲ့တယ်။ ဟယ်ရီက သူ့ချစ်သူ ချောကြောင်းလှကြောင်းတွေ သူ့အပေါင်းအသင်းတွေကို ပြောပြီးသားပါ။ ချယ်လ်ဆီးရဲ့ပုံကို သတင်းစာတွေထဲမှာလည်း မြင်ဖူးကြပါတယ်။ အပြင်မှာတော့ ပိုပြီးလှနေတယ်။ ချယ်လ်ဆီးက ပိုးဝတ်စုံအရှည်ကြီးနဲ့ သားနားလှပနေတယ်။ အိမ်မှာကတည်းက ဒီညနေခင်းဝတ်စုံ အကောင်းဆုံးဖြစ်ဖို့ ဝတ်စုံအမျိုးမျိုး ဝတ်ကြည့်ခဲ့တာပါ။ ဆံပင်ကိုလည်း ဖွားဖွားချထားတယ်။ အဲဒီည ဂျက်ဖ်ဂီတနဲ့ ညှော်ခံတော့ သူတို့က အသံနဲ့ဝေးတဲ့နေရာမှာ က ရင်း ဟယ်ရီက အနမ်းပေးခဲ့တယ်။ ညကောင်းကင်အောက်မှာ ရှန်ပိန်တစ်လှည့်စီမော့၊ စီးကရက်တစ်လိပ်စီသောက်ရင်း လက်ချင်းတွဲလို့ ခန်းမအနီး လမ်းလျှောက်ကြတယ်။ ဒီခန်းမမှာက အခန်းတွေအမျိုးမျိုး၊ အကကြမ်းပြင်တွေ အဆင့်ဆင့်ရှိတာမို့ ကြိုက်သလို လျှောက်သွားနိုင်ကြတယ်။ အဲဒီမှာ ညှော်သည်တွေအနေနဲ့ ဖော်ကာ အရက်အမျိုးမျိုးလည်း သောက်လို့ရတယ်။ စထရော်ဘယ်ရီနဲ့ မတ်ရှ်မယ်လိုကို မြှုပ်ထားတဲ့ ချောကလက်တောင့်တွေ ရှိတယ်။ တခြား အခန်းတစ်ခုမှာက ကြီးမားတဲ့ပိတ်ကားကြီးမှာ ညနေက အခမ်းအနားကို ပြန်ပြနေတယ်။ တစ်လောတုန်းက သူ့ချစ်သူ အပြင်ဘက်မှာ ကနေတဲ့သတင်းကြောင့် စိတ်ခုခဲ့ရတဲ့ ချယ်လ်ဆီးဟာ အခုတော့ အဲဒါတွေကို သတိမရတော့ပါဘူး။ သူတို့ ပျော်ကြတယ်။ ချစ်ကြတယ်။ ပိုပြီးအရေးကြီးတာက အခု... အတူတူ ပြန်တွေ့ကြရလို့ပါပဲ။

ဝီလျံကတော့ ဝိုင်အနီတွေ တစ်ခွက်ပြီးတစ်ခွက် သောက်နေခဲ့တယ်။ ဒီပွဲမှာ ကိတ်မရှိဘူး။ ဟယ်ရီက ညှော်သည် ရှစ်ယောက် ဖိတ်ခွင့်ရတယ်။ ဒီညက ဟယ်ရီနဲ့ချယ်လ်ဆီးတို့ရဲ့ ညဖြစ်တယ်။ ချယ်လ်ဆီးနဲ့ကိတ်က သိပ်အဆင်မပြေဘူး။ ဒီတော့ ဒီပွဲကို ကိတ်ကိုမဖိတ်ဖို့ ချယ်လ်ဆီးက တားခဲ့တာပါပဲ။ ကိတ်မပါတော့ ဝီလျံလည်း နည်းနည်းအထီးကျန် ခံစားရလို့ အရက်တွေပဲ ဖိသောက်ဖြစ်တာပါ။

ညသန်းခေါင်ရောက်တဲ့အခါ ရွေးအစဉ်အလာအရ မီးလုံးမျှားနဲ့ CONGRATUATION ဆိုတဲ့စာလုံး ကောင်းကင်မှာ ပေါ်လာတယ်။ ဟယ်ရီက သူ့ဂျာကင်လက်မောင်းကို ပင့်တင်လိုက်ပြီး...

သူ့ကို ဝေဖန်ခဲ့ကြတာ မှားကြောင်း သူ သက်သေပြလိုက်ပါပြီ။ အခုဆိုရင် သူဟာ မြင်းတပ်မတော်မှာ ရက်ပိုင်းအတွင်း ရတော့မှာဖြစ်တယ်။ အဲဒီမှာ သူ့တပ်ရင်းနဲ့အတူ စစ်ရေးအတွက် ပြင်ဆင်ရတော့မှာပါ။

ဝီလျံနဲ့ဟယ်ရီတို့ဟာ နောက်ညမှာဆက်ပြီး ပွဲကျင်းပခဲ့ကြတယ်။ ဒီညမှာတော့ ကိတ် ပါလာပါပြီ။ ကင်စင်တန်နိုက်ကလပ်မှာ လုပ်တာပါ။ အဲဒီကလပ်မှာ DJ အဖွဲ့က သူတို့အကြိုက်ဆုံး သီချင်းတွေကို တီးပေးကြတယ်။ ကလပ်ပိုင်ရှင် "ဂိုတ်ပါကင်ဆင်"က အစစအရာရာ နေရာတကျရှိမရှိ လျှောက်ကြည့်ပေးတယ်။ ကိတ်က ကလပ်ရဲ့ အမှတ်တံဆိပ်ဖြစ်တဲ့

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကော့တေးလ်တစ်မျိုးကို အော်ဒါမှာထားတာပါ။ အဲဒီကော့တေးလ်က အပြင်းစား ဗော်ကာရယ်၊ လတ်ဆတ်တဲ့ သစ်သီးရည် ရယ်ကို ရောပြီး၊ ရှန့်ပိန်နဲ့ထပ်အုပ်ပြီး ဖန်ပြွန်လေးတွေနဲ့ ညှော့ခံတာဖြစ်ပါတယ်။ နံနက် ၃ နာရီရောက်တဲ့အခါ သူတို့အုပ်စု သောက်ထားတဲ့အရက်ဖိုးဟာ... ပေါင် ၂,၅၀၀ စာရင်း ဖြစ်သွားတယ်။

DJ က နောက်ဆုံးတေးကိုတီးရင်း ပြန့်ဖို့ပြင်တယ်။ ဝီလျံနဲ့ဟယ်ရီတို့ရဲ့ အပျော်က မဆုံးသေးပါဘူး။ ဝီလျံ က ကိတ်နဲ့အတူ အိီစတာပွဲ အားလပ်ရက်သွားဖို့ ရှိနေတယ်။ ဟယ်ရီက မိုဇမ်ဘစ်ကို ချယ်လ်ဆီးနဲ့သွားမှာပါ။ ဒီခရီးဟာ သူ့အဖို့ နောက်ဆုံးရက်အား ဖြစ်နိုင်တယ်။ လန်ဒန်ပြန်ရောက်ရင် မြင်းတပ်မှာ အထူးသင်တန်း ၁၂ ပတ် တက်ရတော့မှာမို့ပါ။ စစ်တန်းလျားဟာ ခရစ်ဘီယံ ပင်လယ်ကွေ့လိုတော့ သာယာမှာ မဟုတ်ဘူး။ ဘာပဲပြောပြော ဟယ်ရီတစ်ယောက်... သင်တန်းဆင်းအရာရှိ ဖြစ်လာခဲ့ပြီ။ သူ့လူတွေနဲ့အတူ စစ်မြေပြင်ကိုထွက်ဖို့ ပြင်ဆင်ထားပြီးပြီ။ ဒါဟာ... သူစိစဉ်ခဲ့တဲ့ အရာလည်း အစစ်အမှန် ဖြစ်ပါပေတယ်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကိတ်ဟာ နန်းတော်ထဲက ပထမတန်းနေရာကို ရောက်လာတဲ့အခါ အစစအရာရာ "စောင့်နေတဲ့မင်းသမီးလေး" အဖြစ် မြင်လာကြရတယ်။ ဝီလျံရဲ့ ဘွဲ့နှင်းသဘင် အခမ်းအနားမှာ သူ့မိဘများဖြစ်ကြတဲ့ မိုက်ကယ်နဲ့ ကားရိုးလ်တို့နဲ့အတူ အခမ်းအနားတက်ရောက်ဖို့ VIP နေရာမှာ ဖိတ်ကြားခံရပါတယ်။ ကိတ် အလွန်စိတ်လှုပ်ရှားခဲ့ရတယ်။ သားနားလှပတဲ့ ကုတ်အင်္ကျီအနီ၊ သားရေလက်အိတ် အနက်ရောင်၊ အနားကျယ်ပြန့်တဲ့ ဦးထုပ်နဲ့ ကိတ်ဟာ စမတ်ကျပြီး ခေတ်မီ ခံ့ညားနေခဲ့တယ်။ ၂၄ နှစ်ဆိုတဲ့ အရွယ်ထက် နည်းနည်းရင့်နေသလိုပဲ။ သူက ဒီပွဲတက်ဝတ်စုံအတွက် ရက်သတ္တပတ်ပေါင်းများစွာ စဉ်းစားကြိုးပမ်းခဲ့ရတာပါ။ တင့်တင့်တယ်တယ်၊ သင့်တင့် လျောက်ပတ်ပြီး နေရာတကျဖြစ်အောင် စဉ်းစားရတာဖြစ်တယ်။ ဒီနေ့ဟာ ဝီလျံရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့အလျောက် ဘွားတော်နဲ့လည်း ဆုံရဖို့ရှိတယ်။ ဒီတော့ ဘုရင်မကြီးရဲ့အမြင်မှာ တင့်တယ်ချင်တယ်။ ဘုရင်မကြီးရဲ့နေရာနဲ့ မလှမ်းမကမ်းမှာလည်း ဖိလ်စ်မင်းသားကြီး၊ ချားလ်စ်နဲ့ကမီလာတို့ ရှိနေမှာပါ။ တခြားဧည့်သည်တွေထဲမှာ ကိတ်က ပေါ်လွင်ချင်တယ်။ တခြားဧည့်သည်တွေက ဒီဇင်ဘာ အအေးဓာတ်ကို ကြံ့ကြံ့ခံဖို့၊ ကုတ်အင်္ကျီအနက်အရှည်ကြီးတွေ ဝတ်လာကြတာဆိုတော့ ကိုယ်က ထူးခြားအောင် ဝတ်ဖို့လိုတယ်။

## အခန်း – ၁၂
## ဝီလျံ၏ ယိမ်းယိုင်မှု

*"အမှန်ပြောရရင် ကျွန်တော်အခုမှ ၂၂ နှစ်ပဲ ရှိသေးတယ်။ ဒီအသက်အရွယ်မှ အိမ်ထောင်ပြုဖို့ဆိုတာ ငယ်လွန်းတယ်။ ကျွန်တော် အသက် ၂၈နှစ်၊ ၃၀ လောက် မရောက်မချင်း အိမ်ထောင်မပြုချင်သေးဘူး"*

**ဝီလျံ**

the bookhouse
we bring you future
www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ထဲမှာ ကိတ်ကိုမြင်တော့ ဝီလျံက ပြုံးပြတယ်။ သူ့ဘွဲ့ယူတာကို လာကြည့်သူတွေထဲမှာ ကိတ်ကို မြင်ရလို့ သူ ဝမ်းသာတယ်။ အရင်လတွေတုန်းက သူတို့မတွေ့ဘဲ နေခဲ့ကြရတာပဲ။ ဒါပေမဲ့ ကိတ်က သူ့ကို ကြီးမားစွာ ဖေးမအားပေးခဲ့ပါတယ်။

သူ့မိခင်ကွယ်လွန်ခဲ့တာ ကိုးနှစ်ကြာပါပြီ။ လွန်ခဲ့တဲ့ကိုးနှစ်က ကားတိုက်မှုကို ကြေကွဲဖွယ်အဖြစ် သတင်းတွေထဲမှာ အခုအပတ်အတွင်း ဖော်ပြခဲ့ကြသေးတယ်။ အခု ဒီနေ့မှာတော့ ဝီလျံရဲ့မျက်နှာမှာ သက်သာမှုရရှိနေတဲ့ အမိပွာယ်နဲ့ ဂုဏ်ယူတဲ့အနေအထားကို မြင်ကြရပါတယ်။

ကိတ်က နေရာထိုင်ခုံယူရင်း "သူ့ယူနီဖောင်းကို ကြိုက်တယ်၊ သိပ်ကို ဆွဲဆောင်မှု ကောင်းတာပဲ"လို့ သူ့မိခင်ကို တိုးတိုးလေး ပြောလိုက်သေးတယ်။ ဝီလျံရဲ့ယူနီဖောင်းက နက်ပြာရောင်ဘောင်းဘီရှည်မှာ ခြေထောက်တစ်လျှောက် အနီရောင်အစင်းနဲ့။ ကော်လာပေါ်မှာ အဖြူရောင် အပွင့်လေးတွေနဲ့။ ခါးပတ်အနီရောင်ပေါ်မှာက အဲဒီနှစ်ရဲ့ အကောင်းဆုံးသင်တန်းသားဆု ဖြစ်တဲ့ တံဆိပ်စာတန်းကို ဂုဏ်ယူစွာ ဝတ်ဆင်ထားတယ်။

ဘင်ခရာအဖွဲ့က "Dncinaq Qeen"တေးသွားကို မြုန်းခနဲ တီးမှုတ်လိုက်တဲ့အခါမှာတော့ ကိတ်ကပြုံးပြီး သူတို့ စိန့်အင်ဒရူးမှာ ဘွဲ့ယူစဉ်ကကို သတိရသွားပါတယ်။ သူတို့နှစ်ယောက်ရဲ့ ဆက်သွယ်မှုဟာ ဘွဲ့ယူပြီးကတည်းကစပြီး ပိုလို့ခိုင်မာလာတာပါ။ ကိတ်ရဲ့မိဘတွေကိုလည်း ဝီလျံက ချစ်ခင်နေပါပြီ။ အခုဆိုရင် ကိတ်ရဲ့"အဆင့်"ဟာ သံသယ ရှိစရာ မလိုတော့ပါဘူး။ လွန်ခဲ့တဲ့ နှစ်ပတ်ကတောင် ဆင်ဒရင်ဟမ် နန်းတော်ထဲကို စနေ၊ တနင်္ဂနွေ အားရက်နားနေရဖို့ အဖိတ်ခံခဲ့ရသေးတာပါ။ အဲဒီပွဲမှာလည်း ဝီလျံက သူ့ကို မျက်ခြည်မပြတ်ရှိခဲ့ပြီး သူက မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်နဲ့ ကျေးလက်သူဆန်ဆန် နေပြခဲ့တယ်။

ဒီတော့ ခုအချိန်မှာ သူတို့ရဲ့ဆက်ဆံရေးဟာ ကျောင်းနေစဉ်ခဏ အပျော်တမ်း ရည်းစားထားတာမျိုး မဟုတ်တော့ပါဘူး။ နန်းတော်ဝန်ထမ်းများကိုယ်တိုင်လည်း ဒီလူလတ်တန်းစားမိန်းကလေးတစ်ယောက်ကို မထိမ့်မြင်ပြုလို့ မရကြတော့ပါဘူး။ ဒီမိန်းကလေးက မင်းသားဝီလျံရဲ့ စိတ်ကူးထဲက မိန်းကလေးလေးအဖြစ် ဖမ်းစားထားခဲ့ပြီ ဖြစ်လို့ပါပဲ။

ဒိုင်ယာနာတုန်းက ကြုံခဲ့ဖူးတဲ့အမှားတွေကို သတိရပြီး အခု ကိတ်နဲ့ကိစ္စမှာ နန်းတော်ရဲ့ဘဝကို မြန်နိုင်သမျှ မြန်မြန်သင်ပေးဖို့ လိုတယ်လို့ အားလုံးက သဘောတူကြတယ်။ ဝီလျံကတော့ လက်ထပ်ခွင့် မတောင်းရသေးတာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သူ့ဘဝမှာ မိန်းကလေးဟာ အရေးပါနေပြီဆိုတာ သေချာတယ်။ ဝီလျံရဲ့ မေတ္တာရပ်ခံချက်အရ ကိတ်ကို မီဒီယာတွေနဲ့ ဆက်ဆံတဲ့အခါ ဘယ်လိုပြုမူရမယ် ညွှန်ကြားပေးကြဖို့လည်း ဆုံးဖြတ်ခဲ့ကြပါတယ်။ ကိတ်နဲ့ဆက်သွယ်နေတဲ့ စောစောပိုင်းကာလတွေမှ ကိတ်အနေနဲ့ သူ့မိခင်ဒိုင်ယာနာတုန်းကလိုမဖြစ်အောင် ဝီလျံကစဉ်းစားခဲ့တယ်။ ကိတ်ကို ချားလ်စ်ရဲ့ သတင်းအဖွဲ့က အကူအညီပေးပါတယ်။ ဒါ့အပြင် ကိတ်ဟာ ဝီလျံနဲ့အတူ ရှိနေတဲ့အခါ ကိတ်အတွက်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင် လုံခြုံရေးအရာရှိကိုလည်း ထားပေးခဲ့ပါတယ်။ ဓာတ်ပုံသမားတွေ သူ့နောက်လိုက်ရင် ဘာလုပ်ရမယ် ဆိုတာကိုလဲ သင်ပေးတယ်။ ပိုလိုကစားပွဲ ကြည့်တဲ့အခါ ဆက်သွယ်ရေးစက် ပေးထားတယ်။ လိုအပ်ရင် အကူအညီပေးနိုင်ဖို့ပါပဲ။ ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ ဝေလမင်းသမီးဟာ ပါပါရာဇီတွေကို ဘယ်လို တုံ့ပြန်ခဲ့သလဲ ဆိုတာလည်း ကြည့်ပြီး သင်ခန်းစာ ယူဖို့ ဖြစ်ပါတယ်။ ကိတ်ရဲ့ သူငယ်ချင်းတွေကတော့ ဒီလိုလုပ်ရတာကို ကိတ်က နည်းနည်းတော့ ကျပ်တယ်လို့ တွေ့ရကြောင်း ပြောပါတယ်။

ကိတ်ရဲ့လက်မှာ လက်စွပ်ရှိနေသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကမ္ဘာပေါ်မှာ ဓာတ်ပုံရိုက်အခံရဆုံး မိန်းမဖြစ်လာခဲ့တယ်။ ဟယ်ရီရဲ့ချစ်သူ ချယ်လ်ဆီးကတော့ အာရုံစိုက်ခံရတာကို မုန်းတယ်။ ကိတ်က ချယ်လ်ဆီးနဲ့ မတူဘူး။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိပုံက အံ့သြစရာကောင်း ကောင်းတယ်။ မှန်ကန်တဲ့အဝတ်အစားမျိုးကို အမြဲတမ်း ဝတ်တတ်တယ်။ အခမ်းအနားနဲ့လိုက်ဖက်တဲ့ အဝတ်မျိုး ရွေးချယ်တတ်တယ်။ မလျော်ကန်တဲ့ ဝတ်စားဆင်ယင်မှုမျိုး မရှိဘူး။ ပြီးတော့ သူ့ကို မီဒီယာသမားများနဲ့ စကားမပြောဖို့လည်း ညွှန်ကြားထားပါတယ်။ စကားမပြောနဲ့ဆိုပေမယ့် ဓာတ်ပုံသမားတွေကို ယဉ်ယဉ်ကျေးကျေး ပြုံးပြဖို့လည်း သင်ထားပေးတယ်။ ဒီတော့ သူက ဓာတ်ပုံသမားတွေကိုလည်း ကောင်းကောင်း ကိုင်တွယ်နိုင်ခဲ့တယ်။

၂၀၀၅၊ ဩဂုတ်လတုန်းက ''ဂတ်ကမ်းဟောက်စ်''မှာ သူ့မိခင်နဲ့အတူ မြင်းပြိုင်ပွဲသွားကြည့်တော့ သတင်းသမားတွေက ကိတ်ကို ဓာတ်ပုံအရိုက်ခံဖို့ ပြောကြတယ်။ ဒီအခါ ကိတ်က ''အခု ကျွန်မ အဲဒီလိုလုပ်လိုက်ရင် စကိတ်စီးတဲ့အခါမှာရော၊ အချိန်တိုင်းမှာပါ လုပ်နေရမှာပေါ့''လို့ ပြောလိုက်တယ်။ ဒါကိုကြည့်ခြင်းဖြင့် သူ ဘယ်လောက်အထိ ''သင်ပြဆုံးမခြင်း'' ခံထားရတယ်ဆိုတာ ထင်ရှားလှပါတယ်။ ''အခုချိန်မှာဆိုရင် ကိတ်ရဲ့ မိုဘိုင်းဖုန်းထဲမှာ အရေးကြီးတဲ့ နံပါတ်တွေကို မှတ်သားပြီးပါပြီ။ တစ်ခါမှာ ဂျာမနီမဂ္ဂဇင်းတစ်စောင်က ကိတ်ကို ဖုန်းဆက်တဲ့အခါ ကိတ်က ဒေသတွင်းရဲ့စခန်းနံပါတ်ခလုတ်ကို နှိပ်လိုက်တယ် ဆိုရင်ပဲ၊ ဒီကိစ္စက ချားလ်စ်ဆီ သတင်းပို့လိုက်တော့ ချားလ်စ်က သူ့ရဲ့ရှေ့နေတွေဖြစ်တဲ့ ''ဟာဘော်တယ်လ်နဲ့ လီးဝစ်''ဆီကို ညွှန်ကြားလိုက်တယ်။ သတင်းဌာနက အယ်ဒီတာတွေဆီ ရှေ့နေတွေက စာထုတ်ဖို့ပါ။ အခု ကိတ်ဟာ သူ့ဘာသာ တသီးတခြားကိစ္စနဲ့ နေနေတာဖြစ်လို့ သူ့ကို ဒီအတိုင်း လွတ်လွတ်လပ်လပ် ထားပေးဖို့ ဖြစ်ပါတယ်။ ခက်တာက ကိတ်ဟာ ဒိုင်ယာနာလိုပဲ လူထုက စိတ်ဝင်စားသူဖြစ်လာတော့ ကိတ်ရဲ့ဓာတ်ပုံကို သတင်းစာတွေမှာ ဖော်ပြရင် တစ်အားရောင်းရတယ်။ လူတွေက ကိတ်အကြောင်း သိချင်နေကြတယ်။ ဒါဟာ ကိတ်အတွက် ပြဿနာ ဖြစ်လာရတာပါပဲ။

ကိတ်အနေနဲ့ ဝီလျံရဲ့ ချစ်သူဖြစ်နေတဲ့အတွက် သူ့အချိန်အများဆုံးကို ဝီလျံအတွက် ပေးထားမယ်လို့ ထင်ရပေမယ့် အဲဒီလို မဟုတ်ပါဘူး။ သူ့မိဘများရဲ့ အရိပ်အောက်မှာ သူ့ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို ထူထောင်ခဲ့ပါတယ်။ မိဘများရဲ့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီမှာ ကလေးဝတ်စုံလုပ်ငန်း ဖြစ်ပါတယ်။ ဝတ်စုံအတွက် အထည်တွေကို မီလန်မှာ သွားဝယ်တယ်။ အဲဒီလို ခဏခဏ ပြေးလွှားရတဲ့အတွက် သူ အကြွေးတင်သွားခဲ့တယ်။ ဒီအခါ ဝီလျံရဲ့သူငယ်ချင်း ဂျိမ်းစ်မာရေးဝဲလ်ရဲ့ ညွှန်ကြားမှုကို တောင်းတယ်။ ဂျိမ်းစ်က အင်တာနက် စီးပွားရေး စွမ်းဆောင်ရှင်ပါ။ အသက် ၂၄ နှစ် အရွယ်ဖြစ်ပေမယ့် သန်းနဲ့ချီပြီး အောင်မြင်နေသူ ဖြစ်တယ်။ ဝီလျံက သူ့ကိုကူညီဖို့ စိတ်ချရတယ်လို့ ယူဆတယ်။ ကင်စင်တန် ဥယျာဉ်မှာ နွေရာသီ တစ်ရက်ပါတီ လုပ်တဲ့အခါ ကိတ်က ဂျိမ်းစ်ကို အကူအညီတောင်းတာပါ။ ဘူဖေးစားဖို့ တန်းစီနေတုန်း ပြောလိုက်တာလို့ ဆိုပါတယ်။ "အလုပ်က အကြွေးတွေတင်နေတယ်။ ကျွန်မက အဖေ့ဆီမှာ ပိုက်ဆံမတောင်းဘဲနဲ့ ကိုယ့်ဘာသာလုပ်နိုင်တယ် ဆိုတာ ပြချင်တယ်" ဒီသဘောထားအမြင်ဟာ ကိတ်ရဲ့ တိုးတက်သောစရိုက်ဖြစ်လာဖို့ ထိုးဖောက်လာတဲ့ အလင်းတန်းပဲ ဖြစ်ပါတယ်။

ခုအချိန်အထိ ကိတ်ဟာ အသက်မွေးလုပ်ငန်း ကျွမ်းကျင်သူမဟုတ်သေးပါ။ ဒါပေမဲ့ မိဘတွေဆီ အကူအညီ မတောင်းဘဲ သူ့ပြဿနာတွေကို အဖြေရဖို့ ရှာဖွေတတ်နေပြီ ဖြစ်ပါတယ်။

အဖြေကတော့ မကြာခင်မှာပဲ ရခဲ့တယ်။ ၂၀၀၆၊ နိုဝင်ဘာလမှာ ကိတ်ဟာ အလှဆင်ပစ္စည်းဝယ်ဖို့ အဝယ်တော် အဖြစ် အလုပ်ရခဲ့တယ်။ အလုပ်ခန့်တဲ့ကုမ္ပဏီက သူ့မိဘများရဲ့ မိတ်ဆွေဖြစ်ပြီး အောင်မြင်တဲ့လုပ်ငန်းရှင် ဖြစ်ပါတယ်။ အဲဒီနှစ် အီစတာပွဲမှာ သူတို့ ဖိမ်ခံအိမ်ကြီးဆီ ဝီလျံနဲ့ကိတ်ကို ဖိတ်ခဲ့ပါသေးတယ်။ ဒီမိသားစုက တစ်ပတ်ကို ပေါင် ၈၀၀၀ ပေးရတဲ့ ကရစ်ဘီယံပင်လယ်ထဲက ကျွန်းမှာ တည်းခို မတတ်နိုင်ဘူးလို့ ဝီလျံက ညည်းလို့ တည်းခိုခကို လျှော့ပေးခဲ့တယ်။ ဒါပေမဲ့ ဝီလျံတို့က စိန့်ဗင်းဆင့်ရှိ ဆေးရုံတစ်ခုမှာ လှူလိုက်ပြီး အပြန်မှာတော့ တောင်ခြေရှိ အိမ်ကလေးကိုပဲ ရွေးချယ်ခဲ့ကြတယ်။ နှစ်ယောက်ခန်း ငါးခန်းပါတဲ့ အဲဒီအိမ်ကလေးရဲ့ ရေကူးကန်က မာကာဂိုနီ ကမ်းခြေက လှိုင်းရိုက်တဲ့ သောင်ပြင်ကို အပေါ်စီးက မြင်နိုင်တာမို့ ပျော်ခဲ့ကြတယ်။

ကုမ္ပဏီမှာ ကိတ် တစ်ပတ် လေးရက် အလုပ်လုပ်ရတာမို့ ရက်အားများများရပြီး ဝီလျံနဲ့အတူ လည်ပတ်နိုင်ခဲ့ တယ်။ ဒီအလုပ်ဟာ သူ့အဖို့ သိပ်ကောင်းပါတယ်။ ဒါပေမဲ့ တချို့ လုပ်ဖော်ကိုင်ဖက်တွေက ကိတ်ကို အဲဒီကုမ္ပဏီက လူတွေက နှိမ်ကြောင်း၊ ဖက်ရှင်ပွဲတစ်ခုပြီးသွားရင် ကိတ်ကို ကြမ်းပြင်တံမြက်စည်း လှည်းခိုင်းကြောင်း၊ ကိတ်ကပြောတယ် လို့ သူငယ်ချင်း အယ်မာက ပြန်ပြောပါတယ်။ ကိတ်ကတော့ ဒီအလုပ်ကိုကြိုက်ပါတယ်။ တစ်နိုင်ငံလုံးအနှံ့ ပြပွဲလုပ်ရတာ ပျော်စရာ ကောင်းတဲ့အပြင် သူ့အတွက် စိတ်ကူးစိတ်သန်းနဲ့ အမြင်သစ်တွေ ရရှိကြောင်းလည်း ပြောပါတယ်။

အဲဒီအလုပ်ထဲမှာ သူဟာ သာမန်လူတစ်ယောက်လို ဆက်ဆံခံရပေမယ့် သူဟာ သာမန်တော့ မဟုတ်ခဲ့ဘူး။ သတင်းမဂ္ဂဇင်းတွေရဲ့ မျက်နှာဖုံးမှာ မကြာခဏ သူ့ဓာတ်ပုံပါနေတာမို့ သာမန်မဟုတ်ဘူးဆိုတာ ပြပြီးသားပါပဲ။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၆ ခုနှစ်၊ မတ်လမှာတော့ ချယ်လ်ကင်ဟမ် ရွှေဖလားအစည်းအဝေးမှာ ကိတ်ဟာ ချားလ်စ်တို့၊ ကမီလာတို့နဲ့ အတူ ဓာတ်ပုံရိုက်ခံခဲ့ရတယ်။ တော်ဝင်မိသားစုများသာ ထိုင်ရတဲ့နေရာမှာပါ။ ကိတ်ဟာ စည်းမျဉ်းအရ ချားလ်စ်နဲ့ ကမီလာတို့ရဲ့ လက်ထပ်ပွဲကို တက်ရောက်ခွင့် မရခဲ့ပေမယ့် ကမီလာရဲ့သမီး လော်ရာပါကာဘောင်း လက်ထပ်တဲ့ပွဲကိုတော့ တက်ခွင့်ရခဲ့ပါတယ်။ ဒီတော့ ကိတ်ဟာ မိသားစုဝင်တစ်ဦးလို ထင်မြင်စရာ ဖြစ်နေခဲ့ပါပြီ။ မေးခွန်းက တစ်ခုပဲ ရှိပါတော့တယ်။ သူတို့နှစ်ယောက် ဘယ်နေ့မှာ ဘုရားကျောင်းထဲက လူလျှောက်လမ်းကလေးထဲမှာ လျှောက်လှမ်းကြလိမ့်မလဲ ဆိုတာပါပဲ။

ကုန်သည်တွေကလည်း ဝီလျံနဲ့ကိတ်ပုံပါတဲ့ ကြွေပန်းကန်တွေအပါအဝင် လက်ထပ်ပွဲအမှတ်တရ ပစ္စည်းတွေကို စတင်ထုတ်လုပ်နေကြပြီ။ သတင်းမီဒီယာတွေကလည်း "သူတို့လက်ထပ်တော့မှာလား၊ မထပ်ဘူးလား" ဆိုတဲ့ မေးခွန်းတွေနဲ့ ကစားနေကြပြီ။ တော်ဝင်လက်ထပ်ပွဲတစ်ခု ဖြစ်မှဖြစ်ပါ့မလားဆိုတဲ့ သံသယကိုဖြစ်နေစေခဲ့ပြီ။ ဒီလို အဆက်မပြတ် ဖြစ်နေတဲ့ ပြဿနာတွေထဲမှာ ကိတ်ကတော့ သက်သက်သာသာပဲ ရှိနေခဲ့သလောက် ဝီလျံမှာတော့ သက်သာမှု လျော့နည်းလာခဲ့ပါတယ်။ လက်ထပ်ပွဲအမှတ်တရ ပစ္စည်းတွေက ထုတ်လုပ်ပြီးကုန်ကြပြီ။ ဒီအချိန်မှာ အတိတ်ရဲ့ပဲ့တင်သံကို ဝီလျံ ကြားနေရတယ်။ ဒိုင်ယာနာက ချားလ်စ်နဲ့လက်ထပ်တော့မယ့် နောက်ဆုံးမိနစ်မှာ ဒိုင်ယာနာ့အစ်မတွေဖြစ်တဲ့ ဆာရာနဲ့ဂျိန်းတို့က ဒိုင်ယာနာကိုပြောကြတယ်။ "ဒိုင်ရေ... နင်တော့ ကံဆိုးပြီ။ နင့်မျက်နှာက လက်ဖက်ရည်စားပွဲက လက်သုတ်ပဝါတွေ အပေါ် ရောက်နေတယ်၊ ဒီတော့ နင် အပစ်ထားခံရတော့မယ်..." တဲ့။

ဝီလျံက သူ့မိဘများ အိမ်ထောင်ရေးဟာ ဖိအားပေးခံခဲ့ရတယ်ဆိုတာ မျက်မြင်ဖြစ်ခဲ့တယ်။ သူ့ဖခင်ဟာ ဒိုင်ယာနာက သင့်တော်တဲ့သတို့သမီးမို့ လက်ထပ်ပေးခဲ့တာဖြစ်ကြောင်း ဝီလျံ သိထားခဲ့တယ်။ ဒီတော့ သူ့အလှည့်ကျရင်... အဲသလိုကြမ္မာမျိုး မဖြစ်ချင်ဘူး။ အဲသလိုဖိအားတွေကို ခေါင်းမငုံ့နိုင်ဘူး။ သူဝန်လေးနေခဲ့တယ်။ လျင်လျင်မြန်မြန် မဆုံးဖြတ်ချင်ဘူး။ သူ့ခံစားချက်တွေကို ရှင်းအောင်လုပ်ပြီးပြီ။ အနားမှာ ဘယ်အစောင့်မှမရှိစဉ် သတင်းသမားတစ်ယောက်ကို သူ လောလောဆယ် လက်ထပ်ဖို့ အစီအစဉ်မရှိကြောင်း ပြောတောင်ပြောခဲ့ပါသေးတယ်။ ကလော်စတာရှိ "ကာဆာ အင်တီကာ" နိုက်ကလပ်။ ဂီတသံက ကျယ်လောင်စွာ မြူးပျံ့နေတယ်။ ဝီလျံက သူ့ညီ ဟယ်ရီရော၊ ကိတ်ကိုပါ အတူခေါ်ပြီး ကလပ်မှာပျော်ကြဖို့ လာခဲ့တယ်။

အချိန်က... ၂၀၀၅၊ ဧပြီလ။

ချားလ်စ်နဲ့ကမီလာ လက်ထပ်ပွဲလုပ်ဖို့ ရက်ပိုင်းအလိုမှာပါ။

ဝီလျံက သတင်းထောက်တစ်ယောက်နဲ့ စကားလက်ခံပြောဖို့ သဘောတူခဲ့တယ်။ သတင်းထောက်က ဝီလျံကို ပထမအင်တာဗျူးမယ်။ ပြီးရင် ကိတ်ကိုလည်း မေးမြန်းမယ်လို့ ရဲဝံ့စွာတောင်းဆိုခဲ့တာပါ။ ဒီအခါ ဝီလျံက... "အမှန်ပြော

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရရင် ကျွန်တော် အခု ၂၂ နှစ်ပဲ ရှိသေးတယ်။ ဒီအရွယ်မှာ လက်ထပ်ဖို့ဆိုတာ သိပ်ငယ်လွန်းသေးတယ်။ အနည်းဆုံး ၂၈ (၃၀ ဖြစ်ချင်ဖြစ်မယ်)လောက် မရောက်မချင်း လက်မထပ်ချင်ဘူး" လို့ပြောခဲ့တယ်။ ဒီကိစ္စဟာ ကိတ်ကို ထိခိုက်စေခဲ့မယ်ဆိုရင် သူ့ညီတော်မောင် ဟယ်ရီက ကြားဝင် ဖြေသိမ့်ပေးဖို့ပါ။

ကိတ်ကလည်း သူဟာ အခြေချဖို့ အလျင်မလိုပါဘူးလို့ ဆိုတယ်။ ဒါပေမဲ့... သူ ဝီလျံကို "စိတ်ချထား" ချင်တယ်။ အခုဆိုရင် ဝီလျံက တပ်ထဲဝင်လိုက်ပြီဆိုတော့ တာဝန်တွေက တင်းကျပ်တယ်၊ ဒီအခါ ကိတ်ရဲ့အနာဂတ်ဟာ မသေချာနိုင်တော့ဘူး။

အခုလို ဝီလျံက မဖြစ်နိုင်သေးကြောင်း ငြင်းဆိုနေတဲ့ကြားကပဲ စေ့စပ်ကြောင်းလမ်းတဲ့ ကြေညာချက်ကတော့ ပျက်မသွားနိုင်ဘူးလို့ ထင်ကြေးပေးနေကြဆဲပဲ။ ၂၀၀၆-ခု၊ ဒီဇင်ဘာလ၊ ဝီလျံ ဆင်းဟတ်စ်စစ်ကောလိပ်ကဆင်းပြီး မကြာခင်မှာ ကိတ်ဟာ နန်းတော်ရဲ့ရိုးရာ ခရစ္စမတ် နေ့လယ်စာစားပွဲကို ဖိတ်ကြားခံခဲ့ရတယ်။ ဒါဟာ လက်မထပ်သေးတဲ့ ချစ်သူမိန်းကလေးတစ်ဦးကို ပထမဆုံးဖိတ်ကြားခြင်းပဲ။ ဒီသတင်းကို "မေးလ်အွန်ဆန်းဒေး" သတင်းစာကရေးတဲ့အခါ ကလဲရင့်စ်ဟောက်စ်က မငြင်းပါဘူး။ သူတို့က ဧည့်သည်တွေနဲ့ ပတ်သက်ပြီး မဆွေးနွေးနိုင်ကြောင်းဘဲ ရိုးရိုးလေး ပြောလိုက်တယ်။ အရင် တစ်နှစ်မှာလည်း ကိတ်ဟာ တော်ဝင်တွေရဲ့ "ဘောက်ဆင်နေ့"ကို တက်ခဲ့သေးတာပဲ။ အဲဒီတုန်းက ဝီလျံ ခရစ္စမတ်လက်ဆောင်အဖြစ်ပေးခဲ့တဲ့ မှန်ပြောင်းကို အကျအနသုံးဖို့ အခွင့်အလမ်းပွင့်ခဲ့တယ်။ ဒီနှစ်ခရစ္စမတ်မှာတော့ သူ့မိဘများနဲ့အတူ ပတ်ရှိုင်းယားရှိ ငှားထားတဲ့အိမ်မှာနေဖို့ စီစဉ်ထားခဲ့တယ်။ ဒါကြောင့် နန်းတော်က ဖိတ်ကြားချက်ကို လက်လျှော့လိုက်ရတော့တယ်။

ဝီလျံလည်း ကိတ်တို့မိသားစု ကျင်းပမယ့်ပွဲကို တက်မယ်လို့ ကတိပေးခဲ့တယ်။ ပွဲနေ့မှာ ကိတ်က ဝီလျံရောက်လာမယ့်အရေးကို စိတ်ဝင်စားစွာ ပျော်ခဲ့တယ်။ ၁၈ ရာစုက အိမ်လေးဟာ နှင်းတွေဝေနေတဲ့ ကျေးလက်မှာရှိတာပါ။ အိမ်ရဲ့ဧည့်ခန်းထဲမှာ ခရစ္စမတ်သစ်ပင်လေးက မိုတ်တုတ်မိုတ်တုတ်နဲ့။ အခန်းတိုင်းမှာ မီးလင်းဖိုတွေကို ဖိုထားတယ်။ အပြင်အဆင်ကတော့ သိပ်ကိုစိတ်ကူးယဉ်ဖို့ ကောင်းနေပါတယ်။

ဒါပေမဲ့... နောက်ဆုံးမိနစ်မှာ ဝီလျံက ခရစ္စမတ်ညမှာ သူ့မိသားစုနဲ့ပဲနေဖို့ ဆုံးဖြတ်လိုက်တယ်။ ကိတ်ကို ပြောတော့ ကိတ်က မျက်ရည်တွေအပြည့်နဲ့ ဝမ်းနည်းသွားတယ်။ ဒီကိစ္စဟာ ဝီလျံအဖို့တော့ ကြီးမားတဲ့ကိစ္စ မဟုတ်ပါဘူး။ ကိတ်အတွက်တော့ အခုလို အစီအစဉ်ဖျက်ခြင်းဟာ နောက်ထပ်အဆိုးတွေ ရောက်လာမယ့်လက္ခဏာလို့ ယူဆလိုက်တယ်။ ဝီလျံက ဒုတိယ အတွေးအခေါ်ရနေတာပါ။ ဒါနဲ့ပဲ အဲဒီနေ့မှာ ကိတ်ဆီမသွားဘဲ သူ့အဖေနဲ့အဘွားကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြလိုက်တယ်။ ကိတ်နဲ့ သူ့အနာဂတ်မှာ ဘယ်လို ခရီးသွားရင်ဖြစ်မလဲဆိုတာ တိုင်ပင်တယ်။ သူ့အဘွားနဲ့ အဖေရောက ဘယ်အရာကိုပဲဖြစ်ဖြစ် အလျင်စလိုမလုပ်ဖို့ ညွှန်ကြားခဲ့ကြတယ်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဇန်နဝါရီ ၉ ရက်မှာ ကိတ် ၂၅ နှစ်ထဲရောက်လာပြီ။ အဲဒီရက်မတိုင်ခင် တစ်ရက်မှာတော့ ဝီလျံက ဝင်ဆာရဲ့ ကွန်ဗာမီတပ် ပြည်တွင်းမြင်းတပ်ရဲ့ Blues and Royals တပ်ရင်းကို ဝင်ခဲ့တယ်။ တာဝန်ထမ်းဆောင်ဖို့ မသွားခင် တစ်ရက်မှာလည်း ဟိုင်းဂရို့ဗ်မှာ တွေ့ဆုံပွဲ ကျင်းပခဲ့ပါသေးတယ်။ ဒါပေမဲ့ ကိတ်ကတော့ စကော့တလန်ကို လာဖို့ ဖယ်ဖျက်ခဲ့တဲ့ ဝီလျံရဲ့ အပြုအမူအပေါ် စိတ်ခံစားရဆဲ ဖြစ်နေတယ်။ သတင်းတွေထဲမှာလည်း စေ့စပ်မယ့်သတင်း ကောလာဟလက ပြန်ပေါ်လာပြန်တယ်။

ကိတ်ရဲ့မွေးနေ့အကြောင်းကို ဒိုင်ယာနာရဲ့ ကိုယ်ပိုင်အတွင်းရေးမှူးဖြစ်ခဲ့တဲ့ ပက်ထရစ်ဂျက်ဖ်ဆင်က ဆောင်းပါး ရေးပြီး သတင်းစာထဲထည့်တယ်။ အဲဒီအထဲမှာ ကိတ်ဟာ တော်ဝင်သတို့သမီးဖြစ်ဖို့ လမ်းပေါ်ရောက်နေပြီလို့ ထည့်ရေး ထားတယ်။ ခေါင်းစဉ်က "နောက် ထပ်လူထုရဲ့ မင်းသမီး"လို့ စာလုံးကြီးနဲ့ဖော်ပြထားတယ်။ ဒီဆောင်းပါးက အတော်ကြီး ဝေဖန်စရာ ဖြစ်လာခဲ့တယ်။ ဒါပေမယ့် သံသယတော့ရှိစရာ မဟုတ်ပါဘူး။ ဝီလျံဟာ ကိတ်ကို သတို့သမီးလုပ်ဖို့ အခြေအနေက နေရာချထားပြီး ဖြစ်နေတယ်။ ကိတ်ရဲ့ ၂၅ နှစ်မြောက်မွေးနေ့မှာ စေ့စပ်ပွဲသတင်း ကြေညာမယ်လို့ ထင်မြင်ခဲ့ကြတယ်။ ဆောင်းပါးကလည်း အတော်လေး ဖွထားတာပါ။

မွေးနေ့နံနက်ရောက်တော့ ကိတ်ရဲ့အိမ်ရှေ့မှာ ဓါတ်ပုံသတင်းသမား ရာနဲ့ချီပြီး လာစခန်းချနေကြတော့တယ်။ "စေ့စပ်ပွဲအကြို ဓာတ်ပုံ"ကို အမိအရရိုက်ကြဖို့ပါ။ ဒါပေမယ့်... ကောလဟာလဟာ အမှန်တရားကို ကျော်မသွားနိုင်ခဲ့ကြဘူး။ ဝီလျံမှာ လက်ထပ်ခွင့်တောင်းဖို့ အစီအစဉ်မရှိဘူး။ ဒီလိုမွေးနေ့မှာ လာရောက် လက်ထပ်ခွင့်တောင်းမယ့်အစား သူ့ရဲ့ ဘားတိုက်ထဲကနေပြီး ဖုန်းပဲ ဆက်ခဲ့ပါတယ်။ တောင်းပန်ခဲ့တယ်။ ကိတ်ရဲ့မွေးနေ့မှာ သတင်းသမားတွေ ခြေရှုပ်ကြတာ ကိုတော့ ဝီလျံက စိတ်ဆိုးတယ်။ အခုအခါမှာ အရာရာထက် လိုအပ်တာက ကိတ်ကို မနှောင့်ယှက်ကြဖို့ပဲလို့ ဝီလျံက ပြောလိုက်ပါတယ်။

ကိတ်လည်း ပထမဆုံးအကြိမ်အဖြစ် စိတ်ပျက်လက်ပျက်နဲ့ အထီးကျန် ခံစားသွားရတယ်။ ဓာတ်ပုံဆရာတွေ ကိုတော့ ထုံးစံအတိုင်း ပြုံးပြရတယ်။ ဒါပေမဲ့ ဖိအားတွေအောက်မှာ ကြေမွတော့မတတ် ဖြစ်နေခဲ့တယ်။ ဒီလို အရေးကြုံလာရင် သူ့မိခင်နဲ့ညီမကို အားကိုးမှီခိုတတ်တဲ့အတိုင်း အခုကိစ္စမှာလည်း မစ်ဒယ်လ်တန်များရဲ့ ဆောင်ပုဒ်အတိုင်း "အံခဲထား၊ အံကြိတ်ထား၊ ကြံ့ကြံ့ခံထား"ဆိုပြီး ကိတ် တကယ် အံခဲနိုင်ခဲ့တယ်။ သူ့အပြုံးကတော့ ပါးပါးလေးပဲ ဖြစ်ခဲ့တယ်။

ခုအချိန်မှာ သူတို့နှစ်ယောက်စလုံးနဲ့ ရင်းနှီးတဲ့လူတွေတောင်မှပဲ သူတို့အချစ်ရေးအပေါ် သံသယဖြစ်လာကြ ရတယ်။ နွေဦးလောက်မှာ လက်ထပ်ပွဲဖြစ်လိမ့်မယ်လို့ ထင်ထားခဲ့တာ အခုတော့ ဖိတ်စာမရိုက်ဖြစ်ဘူး။ ဝီလျံက...

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



နှစ်လခွဲ တင့်ကားသင်တန်း တက်နေရတယ်။ မတ်လမှာ "ဇာမက်" ဆိုတဲ့နေရာကို စကိတ်စီးခရီး သွားဖြစ်သေးပေမယ့် အတူတွေ့ရတဲ့ရက် နည်းလာတယ်။ ဝီလျံက သူ့တာဝန်ဇယားတွေဟာ အားလုံးစီနေပြီးသားတွေမို့ ကိတ်နဲ့တွေ့ဖို့ အချိန် နည်းနည်းပဲရှိမယ်လို့ သတိပေးခဲ့တယ်။ ဒါကို ကိတ်က နားလည်ပါတယ်။ ဒါပေမဲ့ ဝီလျံ လန်ဒန်ပြန်တဲ့အခါ သူ့ဆီ လာမတွေ့ဘဲ ကလပ်ပဲသွားနေတာ သိရတော့ စိတ်ဓာတ်ကျသွားတယ်။

တစ်ခါမှာဆိုရင် "ဆောင်ဂျီကလပ်" မှာ တခြား ကောင်မလေးတစ်ယောက်နဲ့ တစ်ညလုံး အတူနေခဲ့သေးတာ ပါ။ အခုဆိုရင် ဝီလျံဟာ ဟယ်ရီနဲ့အတူ တခြားသူငယ်ချင်းတွေနဲ့ ပျော်နေတယ်။ အာသာ၊ ဗင်၊ ဂျက်စသူတို့နဲ့ ကလပ်မှာ ပျော်နေတာ။ အဲဒါအပြင် "တက်ခ်ရဲပတ်"ဆိုတဲ့ကောင်မလေးနဲ့ ဝီလျံ တွဲကတယ်။ လက်မောင်းချင်း ပွေ့ဖက်ခဲ့ကြတယ်။

မတ်လကုန်ခါနီးတဲ့အခါ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ ပိုပြီးတင်းမာလာတယ်။ ဆောင်ဂျီကလပ်မှာ တခြားကောင်မလေးနဲ့ တွဲခဲ့တာအပြင် အင်နာဖာရီယားဆိုတဲ့ ကောင်မလေးနဲ့ ပွေ့ဖက်နေပုံကိုလည်း ဓာတ်ပုံရိုက်ခံခဲ့ သေးတယ်။ ဒီကောင်မလေးက အသက် ၁၈ နှစ် ဘရာဇီးက ကျောင်းသူလေးပါ။ နိုက်ကလပ်တစ်ခုမှာ ရိုက်ခဲ့တဲ့ပုံအရ ဝီလျံရဲ့လက်က ကောင်မလေးရင်ဘတ်ပေါ်မှာ ရောက်နေတယ်။ အဲဒါအပြင် ဒေသခံကလေးမ "လီဇအေဂါ"နဲ့လည်း တစ်ညလုံးနီးပါး ကနေခဲ့တာ ဓာတ်ပုံသက်သေတွေ အများကြီးရှိတယ်။ အခုတော့ ကိတ်အဖို့ နောက်ဆုံး "ကောက်ရိုး တစ်မျှင်"ပဲ ရှိတော့တယ်။ ဒါနဲ့ကိတ်က ဝီလျံဆီ နောက်ဆုံးညှိနှိုင်းစာ ပို့လိုက်တယ်။ သူ့အပေါ် အရင်ကလို သဘောထား ရှိသေးသလား၊ ဒါမှမဟုတ် ပြတ်တောက်ပြီးဆုံးသွားပြီလား ဖြေရမယ်။ ကိတ်ဟာ အရှုံးလုပ်တာတော့ မခံနိုင်တော့ဘူး။ မတ်လကုန်မှာ ချယ်လ်ကင်ဟမ်ပြေးပွဲကို သူတို့နှစ်ယောက်လုံး တက်ကြတဲ့အခါ သူတို့ခန္ဓာကိုယ်အနေအထားကိုကြည့်ရင် ပေါ်လွင်နေပါတယ်။ ဝီလျံက ကိတ် ရှေ့ခြေလှမ်းများစွာခွာပြီး လမ်းလျှောက်တော့ လက်တွေကို အင်္ကျီအိတ်ထဲနှစ်ထားပြီး ခေါင်းငုံ့လို့။ အလေးအနက် စဉ်းစားနေပုံပါပဲ။ ခုအချိန်မှာ နှစ်ယောက်လုံး သဘောပေါက်သွားပြီ။ သူတို့နှစ်ယောက်ရဲ့ ဆက်သွယ်ရေး ပြီးသွားလို့ပါပဲ။ ဒီအခါ ကိတ်ရဲ့ နောက်ဆုံးညှိနှိုင်း သတိပေးချက်ကို ဝီလျံက ပြန်ပြီးထိုးနှက်လိုက်တယ်။ ပြတ်ပြီ... လို့ ဝီလျံက ကိတ်ကို ကိုယ်တိုင်ပြောပါတယ်။ ဒီတော့ အီစတာ အားလပ်ရက်အပြီးမှာ သူတို့ခွဲခွာကြဖို့ သဘောတူလိုက်ကြတယ်။ ဒါ... ဒုတိယအကြိမ် ကွဲခြင်းပဲ။

ကိတ်က သူ့မိသားစုနဲ့အတူ အိမ်မှာ ရည်းစားကွဲဝေဒနာ ခံစားနေရစဉ် ဝီလျံကတော့ သူ့ရဲ့"လွတ်လပ်ရေး"ကို လန်ဒန်က "မာဟီကီ"ဘားမှာ ကျင်းပနေခဲ့တယ်။ ခုတစ်လော ဝီလျံရော ဟယ်ရီပါ ဒီနှစ်ထပ်ရှိတဲ့ဘားမှာ ပျော်နေကြတယ်။ အထဲမှာ ဝါးနံရံတွေနဲ့၊ သစ်သားစားပွဲဝိုင်းတွေနဲ့၊ မျက်နှာကြက်ပန်ကာတွေနဲ့၊ ခြင်းတောင်းပုံ ကုလားထိုင်တွေနဲ့ ဒီကဘားကို စီးပွားရေးစွမ်းဆောင်ရှင် ပီယာအဒမ်နဲ့ နစ်ဟောက်စ်တို့က ဦးစီးလုပ်ကိုင်နေတာ ဖြစ်တယ်။ ဆောင်ဂျီကလပ်က ဈေးကြီးဖြစ်ပြီး

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီသလို၊ မာယီကီက ခေတ်နောက်ကျပြီး ပျော်စရာကောင်းတယ်။ ပိုက်ဆံတော့ များများသုံးနိုင်ရတယ်။ သစ်သားဇွန်းနဲ့ လာချတဲ့အထဲမှာ ဘရန်ဒီ၊ ပီချ်လစ်ကာ၊ သံပရာ၊ သကြားနဲ့ ရှန်ပိန်ရောထားတာကို ပေါင် ၁၀၀ ပေးရတာပါ။

ဝီလျံကို သူ့အမေနဲ့ မနှိုင်းယှဉ်ဖို့ပြောရတာ ခဲယဉ်းပါတယ်။ နှိုင်းယှဉ်ရမှာပါပဲ။ ဝီလျံဟာ စိတ်ကြိုက်မိန်းမကို များယွင်းတဲ့ကာလမှာ တွေ့ခဲ့တာများလား။ နန်းတော်ကလည်း တကယ်စိုးရိမ်နေတယ်။ ကိတ်ဟာ ကမီလာဖြစ်သွားမလား။

ဝီလျံက ပါတီတွေတက်ပြီး ပျော်ပါးနေတဲ့အချိန်မှာ ကိတ်ဟာ အီဒင်ဘာ့ဂ်မြို့စားကြီးဆီက အားပေးစကားတစ်ခု ကို ရရှိခဲ့တယ်။ ခုအချိန်မှာ စိတ်ဝမ်းကွဲပြီး လူချင်းမတွေ့ကြရပေမယ့် ဝီလျံဟာ အချိန်တစ်ခုမှာ၊ အချိန်တန်တဲ့တစ်နေ့မှာ ကိတ်ကို လက်စွပ်တစ်ကွင်းပေးမှာပါ... လို့ အီဒင်ဘာ့ဂ်မြို့စားကြီးက အားပေးတာပါ။ ဒီအားပေးစကားကို ကိတ် အလွန်ပဲ တန်ဖိုးထားခဲ့ရတယ်။

ဘယ်သူတွေ ဘယ်လိုပဲပြောပြော၊ နောက်ဆုံးမှာတော့ ကိတ်ဟာ လွမ်းဆွေးမနေတော့ပါဘူး။ သူ့လို လူလတ်တန်းစားတစ်ယောက်က မင်းသားနဲ့တွဲရသလားလို့ ကဲ့ရဲ့ကြသူတွေကိုလည်း ဂရုမစိုက်တော့ပါဘူး။ အဲဒီလိုစိတ်ဓာတ်ကျနေမယ့်အစား ရဲရင့်တဲ့မျက်နှာကို ဆင်လိုက်တယ်။ ပေါင်အထိပေါ်တဲ့အဝတ်ကို ဝတ်ပြီး ပါတီတက်တော့တာပါပဲ။ ကိတ်က ဝီလျံကို သတင်းမက်ဆေ့ချ် ပို့လိုက်သေးတယ်။ "မင်း... ဘာကိုဆုံးရှုံးသွားတယ်ဆိုတာ ကြည့်လိုက်"တဲ့ (Look what you're m issimg) ဒီသတင်းပို့ချက်က အတော်ရှင်းပါပေတယ်။

အရင်ကလည်း ဝီလျံရဲ့အပေါင်းအသင်း တချို့က ကိတ်ကို နှစ်သိမ့်ခဲ့ကြပါသေးတယ်။ ကိတ်က "ဆောင်ကျီ" ကလပ်ကိုသွားတာမှာ ရောက်ရှိနေတဲ့ ဝီလျံသူငယ်ချင်းတွေက နှုတ်ဆက်ကြပါတယ်။ တချို့လည်း တီးတိုးစကားဆိုကြတယ်။ ကိတ်ရဲ့အမေ လေယာဉ်အကူလုပ်စဉ်က... ကိုးကားရတဲ့ စကားတစ်ခုရှိပါတယ်။ "တံခါးပေါက်များကို လူကိုယ်တိုင် ဖွင့်ရပါသည်" ဆိုတာပါ။ ဒီစကားကို ကိတ်က သတိရတယ်။ အခုဆိုရင် သူတို့ဝိုင်းလာကြပါပြီ။ ဂိုင်းပယ်လီ...ကို ဆိုရင် ဝီလျံကို မကောင်းတဲ့အကျင့်တွေရအောင် လွှမ်းမိုးခဲ့တဲ့လူလို့ ထင်ခဲ့ပေမယ့်၊ ခုတော့ ရင်းနှီးတဲ့သူငယ်ချင်း ဖြစ်လာတယ်။ အရင် သူတို့အတူတူ အားလပ်ရက်နေစဉ်က သူတို့ တည်းခိုအိမ်ရှေ့မြက်ခင်းမှာ ဂိုင်းနဲ့ဝီလျံတို့ မော်တာတပ်စက်ဘီးစီးရင် ကိတ်က မကြိုက်ဘူး။ လူမြင်ကွင်းမှာ ဒီလိုမလုပ်ရဘူး ယူဆတယ်။ စားသောက်ဆိုင်တစ်ဆိုင် ဝင်ရင်လည်း သူတို့ယူတဲ့စားပွဲဟာ လူသူလေးပါးကွယ်ရာ ဟုတ်မဟုတ် ကိတ်က အမြဲစစ်ဆေးတတ်တယ်။ ဒီလို စရိုက်မတူကြပေမယ့် ဂိုင်းအနေနဲ့က ကိတ်ဟာဝီလျံအတွက် ကောင်းတယ်လို့ အသိအမှတ်ပြုထားပါတယ်။ သူက ဝီလျံအကြောင်း ကောင်းကောင်း သိတယ်။ ဒါကြောင့် ဝီလျံကို ခဏလောက်လွှတ်ထားလိုက်ဖို့ အကြံပေးတယ်။ ဒါဟာ ပညာပါသော နှစ်သိမ့်အားပေးမှုလို့ ဆိုရပါမယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကိတ်လည်း သူ့အချိန်တွေကို ပရောဂျက်တစ်ခုမှာ နှစ်မြှုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ သူရင်းနှီးတဲ့သူငယ်ချင်း အလီရှာဖောက်ခ်ပစ်… ဆိုတာ မာလ်ဘိုရှိကပါ။ အဲဒီသူငယ်ချင်းက "ညီအစ်မများ" ဆိုတဲ့ အဖွဲ့လေးတစ်ဖွဲ့ မိန်းကလေးချည်း ၂၁-ယောက်ဖွဲ့ပြီး ပရဟိတလုပ်ငန်းများအတွက် ရန်ပုံငွေရှာဖို့ လှေကြီးတစ်စီးနဲ့ ဒိုမာရေလက်ကြား ကနေ "ကက်ပ်ဂရစ်ခ်နီ" အထိ ကိုယ်တိုင်လှော်သွားကြဖို့ စီစဉ်ထားတယ်။ ဒီပရောဂျက်ဟာ ကိတ်အဖို့ တကယ်လိုအပ် ပါတယ်။ ကိတ်နဲ့နီးစပ်လာတဲ့ အယ်မာက ပြောပြဖူးတယ်။ "ကိတ်က အရမ်းစိတ်ဓာတ်ကျနေတယ်။ အခုသင်တန်းဟာ သူ့အတွက် ကုထုံးပဲလို့ ထင်တယ်" တဲ့။ ဆက်လက်ပြီး ပြောခဲ့တာက…

"ကိတ်က ဝီလျံကို အမြဲတမ်း ဦးထိပ်ထားခဲ့ပါတယ်။ အခုတော့ သူကိုယ်တိုင်အတွက် ဒါဟာ အခွင့်အရေးပဲ ကျွန်မလည်း သူ့ကို ကြိုဆိုပါတယ်။ ဒါပေမယ့် ဒီအဖွဲ့ထဲဝင်ရင် တခြားလူတွေလုပ်သလို လုပ်ရလိမ့်မယ်။ အဲဒီပရောဂျက်ထဲမှာ မနက် ၆း၃၀ အိပ်ရာက ထရတယ်၊ ကာယလေ့ကျင့်ခန်းလုပ်ရတယ်၊ ညနေမှာ တစ်ခါလုပ်ရတယ်။ ကိတ်က ကာယ လေ့ကျင့်ခန်းလုပ်ဖို့ အားကစားခန်းမမှာ ထိပ်ဆုံးက ရောက်နေလေ့ရှိတယ်။ အဲဒီမှာ သူကိုယ်အလေးချိန် အများကြီး ကျသွားတယ်။ ကျွန်မတို့က ချိစ်ဝိစ်မှာရှိတဲ့ မြစ်ထဲမှာ လှေလှော်လေ့ကျင့်ရတယ်။ ကိတ်လည်း တခြားလူတွေနည်းတူ လှော်တက်ကိုင်ပြီး လှေလှော်သင်ရတယ်။ သူက အကောင်းဆုံးလှေလှော်သမား ဖြစ်လာပြီး၊ ပူပေါင်းဆောင်ရွက်မှုလည်း တကယ် အမှန်ရှိပါတယ်"တဲ့။

နောက်တော့ ဝီလျံနဲ့ ကိတ်တို့ဟာ အပြင်လူမသိအောင် ပြန်လည်းရင်ကြားစေ့မှု လုပ်ခဲ့ကြတယ်။ အယ်မာက ထပ်ပြောပါတယ်။

"ကိတ်က ဝီလျံနဲ့ တစ်ချိန်လုံး အဆက်မပြတ်ပါဘူး။ သင်တန်းပြီးဆုံးတဲ့အချိန်မှာ သူတို့နှစ်ယောက် ပြန်ပြီး အဆင်ပြေသွားခဲ့တယ်။ သူက ပြိုင်ပွဲကနေ ထွက်ချင်ခဲ့တာပါတဲ့။ ဝီလျံကလည်း ဒီအတိုင်းပဲ လိုချင်ခဲ့တာပါ။ ဒါပေမဲ့ ကိစ္စအရပ်ရပ်က မီဒီယာမှာ ပြပွဲဖြစ်နေခဲ့တယ်။ ကလဲရင့်စ်ဟောက်စ်ရဲ့ဖိအားတွေကလည်း အဲဒီကထွက်ဖို့ ဖိအားပေး ခံခဲ့ရတယ်လို့ ကိတ်က ပြောပြတယ်။ ထွက်ရတယ်ဆိုတာ ရက်စရာပဲ။ ကိတ်ဟာ ဘယ်လိုလူဆိုတာ ကမ္ဘာကိုပြ အခွင့်အရေး တစ်ခုကတော့ အခုပရောဂျက်ပဲ… လို့လည်း ပြောပါတယ်"တဲ့။

ပြဿနာက ကိတ်ဟာ လူသိရှင်ကြား ဖြစ်နေခဲ့ခြင်းပါ။

ပရောဂျက်အတွက် သင်တန်းတက်တော့လည်း ဓာတ်ပုံရိုက်ခံခဲ့ရတယ်။ "ဟဲလို"မဂ္ဂဇင်းမျက်နှာဖုံးမှာ ဖော် ခံရတယ်။ နောက်တော့ ကိတ်လည်း မီဒီယာရဲ့ ထိုးဖောက်ကျူးကျော်မှုကို မခံနိုင်တော့လို့ ချားလ်စ်ရဲ့ရှေ့နေတွေ အကူအညီ တောင်းရတယ်။ အခုဆိုရင် ကိတ်ဟာ မဂ္ဂဇင်းမျက်နှာဖုံးမယ်ဖြစ်နေပြီး ကံဆိုးတဲ့အလှည့် ရောက်နေတယ်။ ဒေး မေရားက ဆောင်းပါးရှင် စူးကာရီးက… "တောင်ပံပါတဲ့ မိန်းမကြောင့် ကျွန်တော့်မှာ အတော် ဦးနှောက်ခြောက်နေတ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ပထမ ဝမ်းနည်းငိုကြွေးပြတယ်။ နောက်တော့ သတင်းမီဒီယာကို အာရုံဖမ်းစားတယ်။ သတင်းကို ချနင်းပြီး သူ့ဆီ စုပြုံလာအောင် လုပ်တယ်။ တော်ဝင်နန်းတော်ရဲ့ အနာဂတ်သတို့သမီးအဖြစ် ဆွဲဆောင်တယ်။ အခုတော့... လူသိရှင်ကြားမှုရဲ့ အောက်ဆီဂျင်နဲ့ မောင်းနှင်နေပြီလို့ ထင်ရပါတယ်...''

ဒေးလီးမေးလ်ရားရဲ့ နန်းတော်သတင်းထောက်ကလည်း...

''ကလဲရင့်ဟောက်ဝစ်ဟာ ညီအစ်မများအဖွဲ့အနေနဲ့ ပါပါရာဇီတွေကို သံလိုက်နဲ့ဆွဲနေတဲ့အဖွဲ့ ဖြစ်လာတာကို မသက်မသာ ကြည့်နေရကြောင်း...''ရေးသားပြန်တယ်။

ဩဂုတ်လမှာ ကိတ်က အေးအေးဆေးဆေး ပြန်နေတယ်။ အဲဒီအချိန်မှာ သူနဲ့ဝီလျံတို့ လျှို့ဝှက်စွာ ပြန်လည်တွေ့ဆုံနေကြပြီဖြစ်တယ်။ ဝီလျံက သူတပ်ထဲမှာကျင်းပတဲ့ ''စိတ်ကူးယဉ် စိတ်တိုင်းကျဝတ်ဆင်ရတဲ့ပါတီ'' လုပ်တော့ ကိတ်ကို ဖိတ်ခဲ့တယ်။ ဒီတော့ သူတို့ ပြန်လည်ပေါင်းစည်းသွားကြပြီဆိုတာ ထင်ရှားသွားတယ်။ အဲဒီပွဲမှာ ဝီလျံက ဘောင်းဘီတို အပျံစားနဲ့၊ ရှပ်အင်္ကျီမှာ ''မယားရိုက်သူ''စာတန်းနဲ့၊ ရဲတွေဆောင်းတဲ့ ဆိုင်ကယ်ဦးထုပ်ကို ဆောင်းလို့။ တစ်ညလုံး ကိတ်နောက်လိုက်နေခဲ့တာ ''လမ်းပျောက်တဲ့ကောင်း ခွေးလေးလိုပဲ''တဲ့။ ကိတ်ကတော့ သင်တန်းက သင်ပေးခဲ့လို့ ကျော့ရှင်း ဖျတ်လတ်နေတယ်။ အဝတ်အစားကို သူနာပြုလို ဝတ်တယ်။ အပြောင်အပျက်သူနာပြုမျိုးပါ။ ဒီညရဲ့ရည်ရွယ်ချက်က ''ဖရိတ်ကင်လူပြက်'' ဖြစ်တာမို့ပါ။

မျက်နှာကြက်ကနေ အရုပ်အမျိုးမျိုး လေမှုတ်ပုံသွင်းထားတာတွေက ယိမ်းကနေကြဆဲ။ စိတ်လှုပ်ရှားချင်စရာ ဝတ်ဆင်ထားကြတဲ့ စားပွဲထိုးကောင်မလေးတွေက ကောက်တေးလ်အပြင်းစားတွေကို လက်ကမ်းနေခဲ့တယ်။ အပြင်ဘက်မှာက ဧည့်သည်တွေဟာ ကစားနည်းအမျိုးမျိုးနဲ့ ပျော်ရွှင်နေကြတယ်။ ဒီအချိန်မှာ ဝီလျံနဲ့ကိတ်ကတော့ ကပွဲကြမ်းပြင်က ခွာတော့ဘူး။ သူတို့နှစ်ယောက်က လက်တွဲမပြုတ်နိုင်ကြဘူးလို့တောင် ဧည့်သည်တစ်ယောက်က ပြန်ပြောပါတယ်။ ဝီလျံက လူတွေ ကြည့်နေတာကို ဂရုမစိုက်တော့ဘူး။ ညသန်းခေါင်လောက်ကျတော့ စပြီးနမ်းတော့တယ်။ ဒီအခါ သူ့သူငယ်ချင်းတွေက သူတို့နှစ်ယောက် အခန်းတစ်ခန်း လိုအပ်နေပြီလို့ နောက်ကြတယ်။ မကြာခင်မှာတော့ ဝီလျံက ကိတ်ကို သူ့အိပ်ခန်းဆီ ခေါ်သွားပါတော့တယ်။

၂၀၀၇၊ ဇွန် ၂၄ မှာ''မေးလ်အွန်ဆန်းဒေး''က ဝီလျံနဲ့ကိတ်တို့ ပြန်ပြီး ပေါင်းစည်းသွားကြပြီလို့ နန်းတော်ဝန်ထမ်း တစ်ယောက်က မှန်ကန်ကြောင်း ပြောတယ်ဆိုတဲ့သတင်းကို ဖော်ပြခဲ့တယ်။ အဲဒီ စနေ၊ တနင်္ဂနွေမှာ ဂိုင်းပယ်လီတို့၊ ဒွမ်တို့က ပိုလိုကလပ်မှာ ပျော်ကြဆဲ၊ ဝီလျံနဲ့ကိတ်က အဲဒီကလပ်ကိုလာဖို့ဟာ မလာကြတော့ဘဲ ဟိုင်းဂရိုဗ်ကိုပဲ သွားခဲ့ကြတယ်။ အခုဆိုရင် သူတို့ပြန်ပြီး သင့်မြတ်သွားကြပါပြီ။ ဒီတစ်ခါတော့ တစ်သက်လုံးအတွက်ပါပဲ။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အဲဒီညဟာ ဇွန်လရဲ့ အင်္ဂါညတစ်ည ဖြစ်ပါတယ်။ ကင်စင်တန်တောင်ပိုင်းရှိ "ဆောင်ဂျီနိုက်ကလပ်မှာ"မှာ အလှအပများစုဝေးပြီး စိတ်လှုပ်ရှား ပျော်ရွှင်မှုတွေအထိ ရှိခဲ့တယ်။ ကလပ်ရဲ့ နာမည်ကျော် ဧည့်ခံစရိတ် ကုန်ကျခံသူတစ်ဦးဟာ ကလပ်ရဲ့ လှေကားထစ်များကိုဆင်းပြီး သီးသန့် VIP ခန်းထဲ ခပ်သုတ်သုတ် ဝင်သွားတယ်။ ကပွဲခန်းမပေါ်ရှိ အကအဖွဲ့က ဆံပင်လေးတွေ ခါယမ်းလိုက်ပြီး ဝင်လာတဲ့ နာမည်ကြီးပုဂ္ဂိုလ်ဆီကို တစ်ခုခု လှမ်းပြောလိုက်တယ်။ ကလပ်ရဲ့ DJ အဖွဲ့ကလည်း သူတို့အကြိုက်ဆုံး At Night တေးသွားကို တီးခတ်လိုက်ကြတယ်။ ကလပ်ရဲ့ မန်နေဂျာဖြစ်တဲ့ ပါကင်ဆင်စမစ်က ဒီနာမည်ကြီးပုဂ္ဂိုလ် မလာခင် လေးမှာပဲ အားလုံး ပြင်ဆင်ထားခဲ့တယ်။ စမစ်ဟာ ဝီလျံနဲ့ဟယ်ရီကို နှစ်ပေါင်းများစွာကတည်းက သိကျွမ်းခဲ့သူဖြစ်တယ်။ ဝီလျံရဲ့ သူငယ်ချင်းများဖြစ်တဲ့ ဝမ်းကွဲမောင်နှမများ အပါအဝင် တော်ဝင် မင်းသားလေးများကို ဂရုစိုက်ပြုစုသူအဖြစ် နာမည်ရထားသူလည်း ဖြစ်တယ်။ ဟယ်ရီရဲ့အကြိုက်ဆုံး ဗော်ကာနဲ့ ကျွဲရိုင်းအနီဘူးတွေ ရယ်၊ ဒွန်ပီရင်နွန် ရှန်ပိန်တွေရယ်ကလည်း စတီးလ်ချိုင့်ထဲမှာ ရေခဲနဲ့စိမ်ပြီး အသင့်ဖြစ်နေကြရပြီ။

## အခန်း - ၁၃
## ဆောင်ဂျီသူများ

*"ကြည့်ပါ၊ သို့သော် မထိပါနဲ့။*
*ထိပါ၊ သို့သော် မမြည်းပါနဲ့။*
*မြည်းပါ၊ သို့သော် မျိုမချပါနဲ့။*
*စည်းကမ်းတွေ ပျက်ကုန်ပြီ။*
*ဆောင်ဂျီ..."*

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သူမလာခင်လေးမှာ လုံခြုံရေးအရာရှိတွေက အခန်းကို ရှင်းလင်းထားခဲ့ကြပြီးသားပါ။ အပြင်က မမြင်ရတဲ့စားပွဲနေရာထိုင်ခုံတွေကိုလည်း ယူခဲ့ကြပြီးသားပါ။ ဒီစားပွဲမှာ အရာရှိတွေက 'ကုတ်'အရှိရှည် သောက်လေ့ရှိကြတယ်။

မင်းသားလေးက ဂျင်းဘောင်းဘီနဲ့၊ လည်ပင်းပေါ်ရှပ်အင်္ကျီနဲ့ (ဆောင်းနေကျ ဘေ့စ်ဘောလ်ဦးထုပ်ကိုတော့ သူများတွေလိုပဲ ချွတ်ခိုင်းလို့ မဆောင်းရဘဲနဲ့) ဆိုဖာတစ်လုံးပေါ် ခုန်တက်လိုက်တယ်။ သူ့မျက်နှာက စိတ်လှုပ်ရှားမှုနဲ့ တင်းနေတယ်။ လက်ထဲမှာ ပေါင် ၁၈၀ တန်တဲ့ ဗော်ကာခွက်ကို သူ့ခေါင်းက ဆံပင်နီနီတွေနားရောက်အောင် မြှောက်လိုက်ရင်... "ပါတီပွဲ နွှဲကြစို့" လို့ အသံကုန်အော်လိုက်တယ်။

အဲဒီမင်းသားကတော့ ဟယ်ရီပါပဲ။

"ဒီမင်းသားလေးတွေ ဒီကလပ်ကိုလာကြတဲ့ အကြောင်းရင်းက သူတို့ယုံကြည်တဲ့ ပတ်ဝန်းကျင်မှာ သူတို့စိတ်အေးလက်အေး နေထိုင်နိုင်ခွင့်ရကြလို့ပါ။ ဆောင်ဂျီက အိမ်တွင်းပါတီပွဲနဲ့ တူတယ်။ မင်းသားလေးတွေဟာ ဒီကလပ်မှာ သူတို့ကိုယ်ပိုင် အရက်ငှဲ့ပေးသူတွေကိုတောင် ခေါ်လာတတ်ကြတယ်။ သူ့လူနဲ့သူဆိုတော့ သူတို့ကိုပြုစုဖို့ ပိုပြီးအဆင်ပြေတာကိုး။ အဲဒီညမှာVIP အခန်းနဲ့ကပ်ရက် စားပွဲနံပါတ် ၁၁၊ ၁၂၊ ၁၃ ကိုတောင် ရှင်းထားပါတယ်။ တော်ဝင်များရဲ့ပါတီကို အနှောင့်အယှက် မဖြစ်အောင်လို့ပါ။ အထူးသဖြင့် ဒီညမှာ ဟယ်ရီက ချယ်လ်ဆီးနဲ့မဟုတ်ဘဲ တခြားကောင်မလေးနဲ့ တွဲလာမှာမို့ပါပဲ။ ချယ်လ်ဆီးက တောင်အာဖရိကမှာ သူ့ရဲ့ ဖိုင်နယ်စာမေးပွဲအတွက် ကြိုးစားနေတာဖြစ်တယ်။

ဒီည ဟယ်ရီနဲ့ဒိတ်လုပ်ထားတဲ့ ကောင်မလေးက TV ပရင်ဆင်တာ "နာတာလီပင်ခမ်" ဆိုတဲ့ မိန်းမလှလေးပါ။ အသက် ၂၉ နှစ် ရှိပါပြီ။ သူတို့က ၂၀၀၁ ခုကတည်းက တွေ့ခဲ့ကြတာဖြစ်ပြီး အဲဒီအချိန်က သူ့ချစ်သူ အင်္ဂလန်ရပ်ဘီဘောလုံးအသင်းခေါင်းဆောင် "မက်ဒေါဆင်"က မိတ်ဆက်ပေးခဲ့တာပါ။ နာတာလီရဲ့ အားကစားဗဟုသုတနဲ့ ယောကျ်ားတစ်ယောက်လောက် သောက်နိုင်တဲ့ အရည်အချင်းကြောင့် သူတို့ရင်နှီးခဲ့ကြတယ်။ အဲဒီတုန်းက မက်က မိတ်ဆက်ပေးပြီးတဲ့နောက် ဟယ်ရီကို ကလင့်ဝုဒ်ဝပ်ရဲ့ဇနီးနဲ့အတူ စောင့်ရှောက်ပေးခဲ့ကြကြောင်း၊ အမှန်က စောင့်ရှောက်ပေးဖို့မလိုကြောင်း၊ ဟယ်ရီဟာ သာမန်လူနဲ့ အလွန်တူကြောင်း စသဖြင့် နာတာလီက ပြန်ပြောပြပါတယ်။

အဲဒီကစပြီး ဟယ်ရီနဲ့နာတာလီတို့ အဆက်အသွယ် ရှိခဲ့ကြတယ်။ တစ်ယောက်ဆီတစ်ယောက် အီးမေးလ်တွေ ပို့ခဲ့ကြတယ်။ နာတာလီက နော်တီဟမ်တက္ကသိုလ်မှာရှိတဲ့ ကျောင်းဆောင်မှာ ပဲပေါင်မုန့်တွေဖုတ်ပြီး ညစာချက်နေခဲ့စဉ် ဟယ်ရီဆီက အီးမေးလ်လာတော့ သူ့အဆောင်သူတွေက မယုံနိုင်ကြဘူး။ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာမှာ ဟယ်ရီက နာတာလီဆီ ခရစ္စမတ်လက်ဆောင်အဖြစ် ကြိုးတစ်ကုံး ပေးပို့ခဲ့တယ်လို့လည်း သတင်းထွက်တယ်။ အသက်ချင်း ခြောက်နှစ်ကွာပေမယ့် ဟယ်ရီကနာတာလီကို စိတ်ကူးယဉ်ခဲ့တယ်လို့လည်း ထင်ခဲ့ကြတယ်။ နာတာလီကတော့ သူဟာ ဟယ်ရီနဲ့ အလွန်သင့်မြတ်ခဲ့ပြီး ပျော်ရွှင်မှု အများအပြားရခဲ့ကြောင်းနဲ့ ဒါထက်မပိုပါဘူးလို့ ပြောပါတယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နာတာလီက ရှေ့နေ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးရဲ့သမီး ဖြစ်တယ်။ မျှော်မှန်းချက်ကြီးတယ်။ ကြည့်ကောင်းတဲ့ ရုပ်ရည်ရှိတယ်။ ပျော်ပျော်နေတတ်တယ်။ သူ့အကျိုးအတွက် ဟယ်ရီနဲ့ပေါင်းရတာကို ဖက်တွယ်တယ်။ ဒီညတော့ သူတို့ ပါတီလုပ်ကြတယ်။ ရှန်ပိန်တန်ခိုးနဲ့ VIP ခန်းမှာ တစ်ချိန်လုံး ကခဲ့ကြတယ်။ နိုက်ကလပ်ပိတ်ချိန်ရောက်တဲ့အခါ ဟယ်ရီက ပါတီကို မတ်စ်ဒိုင်ယာရဲ့အိမ်မှာ ဆက်လုပ်ဖို့ အကြံပြုတယ်။ မာ့စ်ဒိုင်ယာက သူ့မြေအောက်ခန်းကို ဟယ်ရီရဲ့ အပေါင်းအသင်းများအတွက် ပါတီဆက်လုပ်ဖို့ ခွင့်ပြုတယ်။ ဒီအခါ ကားထဲမှာ နာရီပေါင်းများစွာ ထိုင်စောင့်နေခဲ့ရတဲ့ လုံခြုံရေးအရာရှိတွေအဖို့ ထင်တိုင်းကြဲတော့တာပါပဲ။ သောက်စရာတွေက လွတ်လွတ်လပ်လပ် ဒလဟောရနေတယ်။ မိန်းမလှလေးတွေကလည်း အမြဲ ဖြည့်ပေးနေကြတယ်။

တစ်ညလုံး ပျော်ပါးကြပြီး နံနက် ၅ နာရီမှာတော့ နာတာလီ အိပ်ချင်ပြီ။ ဟယ်ရီက နာတာလီကို စောင့်နေတဲ့ သူ့ကားဆီ တွဲခေါ်သွားတဲ့အခါ နာတာလီ ယိုင်နေပြီ။ ၈နာရီလုံးလုံး သောက်ခဲ့တာကိုး။ ကားနားရောက်တော့ နာတာလီက နှုတ်ဆက်အနမ်း တောင်းတယ်။ ဟယ်ရီက "ဒီမှာတော့ မနမ်းဘူး" ဆိုပြီး အောက်ဘက်လှေကားထစ်များဆီ ဆွဲခေါ်သွားတယ်။ စက္ကန့်ပိုင်းအတွင်း ပြန်ရောက်လာကြတယ်။ သူတို့ရဲ့ ညဦးနက်ပိုင်းကိစ္စတွေကို မှန်ပြောင်းရှည်တွေ မသိဘူးလို့ ထင်နေတယ်။ နောက်နေ့သတင်းစာမှာ ဒီသတင်းဓာတ်ပုံက ပါလာတော့ ဟယ်ရီဟာ တောင်အာဖရိကရှိ ချယ်လ်ဆီးကို ဖုန်းခေါ်ရတော့တယ်။ ဒါဟာ... သူ့ကိုယ်သူ ဖြေရှင်းရတာ ပထမအကြိမ် မဟုတ်တော့ပါဘူး။

မေလ... ၂၀၀၅... ခု။

ဟယ်ရီဟာ... အိမ်တော်စောင့်မြင်းတပ်မှာ မွမ်းမံသင်တန်း တစ်လတက်ရတယ်။ ဒီသင်တန်းမှာက ဆင်းဟတ်စ်လို မတင်းကျပ်ဘူး။ အချိန်ပိုတွေရတယ်။ ဒါကြောင့် သောကြာနေ့ညဆို လန်ဒန်ကိုပြန်တယ်။ ဆောင်ဂျီကလပ်ကို ပြေးတယ်။ အဲဒီမှာ VIP လို အပြုစုခံရတာကို မက်မောတယ်။ ဒီကလပ်မှာက ဝီလျံလိုပဲ အချိန်မရွေး သောက်ခွင့်ရတယ်။ မရေမတွက်နိုင်တဲ့ မိန်းမငယ်ငယ် ချောချောတွေနဲ့ ပြုစုတယ်။ ဒီနေ့ဟာ ချယ်လ်ဆီးအဖို့တော့ "တောင်းပန်ခံနေရတဲ့" လတွေပါပဲ။

တစ်ခါမှာလည်း ၃၄ နှစ်အရွယ်၊ ကလေးနှစ်ယောက်အမေ ကက်သရင်းဒေဗီနဲ့ ဖူးဟမ်မှာ ဟောက်စ်ပါတီ လုပ်တယ်။ ဒေဗီက... ကျွန်မဖြင့် စကားတောင် မပြောနိုင်တော့ဘူး။ နံရံမှာ ကပ်မိနေတာ။ မင်းသားက ကျွန်မကို ကြမ်းပြင်ပေါ်က မြှောက်ချီပြီး ချစ်စရာအနမ်းကို ပေးတော့၊ ကျွန်မ မှင်တက်မိသွားခဲ့တယ်လို့ ဆိုပါတယ်။ ဒီစကားကို ဒေဗီက "မေးလ်အွန်ဆန်းဒေး" ကို ပြောလိုက်တော့ သတင်းထဲပါလာတယ်။

ဒီလို ဟယ်ရီရဲ့ အချစ်ခံရတာ မစ္စဒေဗီတစ်ယောက်တည်း မဟုတ်ပါဘူး။ အဲဒီလိုင်းထဲမှာ လူသိများတဲ့ "ပေါ်ချ်သရီး" ကောင်မလေးနဲ့ တွဲကရင်း ကောင်မလေးရဲ့နှုတ်ခမ်းကို နမ်းပါတယ်လို့ ကောင်မလေးက ထုတ်ပြောတယ်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ချယ်လ်ဆီးကို မျက်ရည်ကျစေတဲ့ ပုံပြင်တွေပါပဲ။ ချယ်လ်ဆီးမှာ တယ်လီဖုန်းဆက်ရလွန်းလို့ ဖုန်းဘီလ်တွေလည်း အကြီးအကျယ် တက်ခဲ့ရကြောင်း၊ သူဟာ ဟယ်ရီနဲ့ ချစ်ခဲ့တာကြာပြီဖြစ်ပြီး ဟယ်ရီရဲ့ မတည်ငြိမ်မှုများကြောင့် အမြဲ စိတ်သောကရောက်ခဲ့ရကြောင်း သူ့သူငယ်ချင်း "ကာစတင်ရော်ဂျာ"ကို ရင်ဖွင့်ခဲ့တယ်။

ဟယ်ရီကတော့ ဟိုင်းဂရို့ဖ်မှာ တစ်ခန်းတည်း နေခွင့်ရသူဟာ ချယ်လ်ဆီး တစ်ယောက်တည်းပါ... လို့ အသေအချာ ပြောခဲ့ပါတယ်။ သူ့ အရာရှိရိပ်သာအခန်းကနေ ၁၅ မိနစ် ကားမောင်းရင် ရောက်နိုင်တဲ့ အိပ်ခန်း လေးခန်းပါ အိမ်တစ်လုံးကိုလည်း သူတို့ လွတ်လွတ်လပ်လပ် နေလို့ရအောင် ငှားခဲ့ကြသေးတယ်။

အဲသလို သူ့ရဲ့မတည်ငြိမ်မှုတွေက သူတို့အချစ်ရေးကို ဖိအားပေးလာခဲ့ရာက နောက်နွေရာသီမှာတော့ မခွဲနိုင်ခွာရက် ဖြစ်သွားခဲ့ကြတယ်။ သူတို့အတူ လန်ဒန်သွားပြီး သူငယ်ချင်းတွေနဲ့ ဆုံတယ်။ သူတို့အကြိုက်ဆုံး နိုက်ကလပ်တွေမှာ အချိန်ဖြုန်းကြတယ်။ ဇူလိုင်မှာတော့ ကာတီးယား အပြည်ပြည်ဆိုင်ရာနေ့ကို တက်ကြတယ်။ အဲဒီမှာ အထူးစည့်သည်တော်တွေကို ပေါင် ၂၀၀ နဲ့ ချားလ်စ်ရဲ့အသင်းအတွက် ပိုလိုပွဲ ကြည့်ခွင့်ပြုတယ်။

ဟယ်ရီက ချယ်လ်ဆီးကို မခွာခဲ့ပါဘူး။

သူ သင်တန်းမှာ အောင်မှတ်ရပြီးတဲ့အခါ ပွဲလေးတစ်ပွဲလုပ်ပါသေးတယ်။ ဟယ်ရီက လက်တစ်ဖက်မှာ ဒီးကရက်၊ နောက်တစ်ဖက်မှာ ဖော်ဂါကိုကိုင်ပြီး မိန်းမလှတွေကြားမှာ ပျော်နေတယ်။ ဒီအချိန်မှာတော့ ချယ်လ်ဆီးလည်း အနားမှာရှိတယ်။ ချယ်လ်ဆီးက ချည်ဖွန်အင်္ကျီပခုံးပေါ်ကို ဝတ်လို့။ တစ်ချိန်မှာတော့ သူတို့နှစ်ယောက် လူအုပ်ထဲကပျောက်သွားပြီး ဟော့ဒေါ့ သွားစားကြသေးတယ်။

ဟယ်ရီက အနားမှာချယ်လ်ဆီးရှိနေရင် ပိုပြီးငြိမ်တယ်။ ဒီလို သူ့အပေါ်မှာ အကောင်းဘက်က လွှမ်းမိုးနိုင်ခြင်းကို ခင်ဖြစ်တဲ့ ချားလ်စ်က သတိထားမိတယ်။ အဲဒီနှစ် သူ့အိမ်ကိုပြန်တဲ့အခါ ချယ်လ်ဆီး ယုံကြည်မှုရှိလာတယ်။ သူတို့ ဆိုးဆက်နိုင်မှာပါ။ ပြီးတော့ သူတို့နှစ်ဦး ကျိတ်ကြံထားတာ ရှိသေးတယ်။ အဲဒါကတော့ ချယ်လ်ဆီးက ဗြိတိန်ကို ပြောင်းလာဖို့ပါ။ ဗြိတိန်မှာ ဘွဲ့လွန်ဆက်တက်ဖို့ ဖြစ်တယ်။ ဒီလိုလုပ်ရင်း သူ ဟယ်ရီကိုစောင့်မယ်လို့ ကတိပြုလိုက်တယ်။ ဒီအချိန်မှာ ဟယ်ရီ မဟုတ်တာတွေလုပ်မှာကို သူ မပူရတော့ပါဘူး။ ဟယ်ရီရဲ့ လုံခြုံရေးအရာရှိတွေ အကြံပေးချက်အရ ချားလ်စ်လည်း "ဆောင်ကျီ"နဲ့ ကင်းကင်းနေကြဖို့ ဝီလျံနဲ့ဟယ်ရီကို ပြောရပါတော့တယ်။ သူတို့နှစ်ယောက်ရဲ့ သတင်းတွေက သတင်းစာမှာပါတာ များလွန်းနေပြီ။ သူတို့ သိုသိုသိပ်သိပ်နေကြဖို့ လိုတယ်။ ဘုရင်မကြီးနဲ့ မြို့စားကြီးတို့ကလည်း မြေးသားလေးတွေရဲ့ ညဉ့်နက်ဇာတ်လမ်းတွေ လူသိများနေတာမို့ သတိထားဖို့ ပြောလာတယ်။ သူတို့ကို "ဘုန်းကြီး"တွေလို နေရမယ်လို့ မဆိုလိုပေမယ့် သူတို့ဟာ လူထုရဲ့မြင်ကွင်းမှာ ရှိနေလေတော့ ဆင်ခြင်ဖို့လိုလာတယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီရဲ့ စစ်သင်တန်းက အောက်တိုဘာလမှာ ပြီးဆုံးတော့မှာဖြစ်လို့ အခုဆိုရင် ဟယ်ရီဟာ အရေးကြီးတဲ့ အလုပ်တွေ လုပ်ရဦးမှာဖြစ်တယ်။ အိမ်တော်စောင့်မြင်းတပ်ဟာ နိုင်ငံတော်ကိစ္စတွေမှာ မင်းခမ်းမင်းနားလုပ်တဲ့အရာအဖြစ် အများဆုံး သိထားကြတာဖြစ်ပေမယ့် ဟယ်ရီရော၊ ဝီလျံပါ ဒီအိမ်တော်စောင့်မြင်းတပ်ကို စိတ်ဝင်စားရခြင်းရဲ့ အဓိက အချက်က ရှေ့တန်း စူးစမ်းလေ့လာရေးလုပ်ငန်း လုပ်ရလို့ဖြစ်တယ်။ အခုသင်တန်းမှာ ဟယ်ရီ သင်ယူနေတာက စစ်နယ်မြေ တစ်ခုမှာ လူ ၁၂ ယောက်ကို ဦးဆောင်ပြီး တစ်ဖက်ရန်သူရဲ့ အနေအထားကို ထောက်လှမ်းဖို့ ဖြစ်တယ်။

ဩဂုတ်လ အလယ်ရက်များ... ။

အီရတ်နဲ့ အာဖဂန်နစ္စတန်တို့ဟာ စစ်တိုက်ရမယ့်ပစ်မှတ်တွေ ဖြစ်နိုင်တယ်။ ဒီအခါ ဟယ်ရီအတွက် အဲဒီရှေ့တန်းကို သွားဖို့ အခွင့်အရေးရှိလာတယ်။ ဟယ်ရီဟာ အာဖဂန်နစ္စတန်မှာရှိတဲ့ တပ်ရင်းဆီသွားရောက်ဖို့ မျှော်လင့်နေတယ်။ ပြင်ဆင်တယ်။ ကာကွယ်ရေးဝန်ကြီးဌာနကလည်း ကြေညာချက် ထုတ်တယ်။ အာဖဂန်နစ္စတန်မှာ ရန်သူအနေအထား ထောက်လှမ်းတဲ့တပ် လိုအပ်နေကြောင်း၊ ဒီတော့ Blues and Royals က ဒီအချိန်မှာ သွားရောက်နိုင်ကြောင်း ဒါပေမဲ့ လောလောဆယ် တပ်က နွေဦးကျမှ တပ်လဲရမှာဖြစ်ကြောင်း။ ဟယ်ရီရဲ့တပ်ကလည်း မင်းသားလေးကို စစ်မြေပြင်ပို့ဖို့ဆိုတာ အိပ်မက်ဆိုးကြီးဖြစ်ကြောင်း ပြောဆိုပြီး သတင်းစာတွေမှာလည်း ဟယ်ရီနဲ့ သူ့လူတွေကို ဘယ်မှာ တာဝန်ချမလဲဆိုတာ ရေးနေကြတယ်။

ဟယ်ရီရဲ့ကံကြမ္မာကို ဆုံးဖြတ်ဖို့ မလွှဲမရှောင်သာ တာဝန်ရှိသူကတော့ စစ်အကြီးအမှူး ဗိုလ်ချုပ်ဆာရစ်ချတ် ဒယ်နတ် ဖြစ်ပါတယ်။ ဟယ်ရီကို စစ်မြေပြင်ပို့လိုက်ခြင်းဟာ အမှန်တကယ် စွန့်စားမှုကြီးပဲ။ သောင်းကျန်းသူတွေဘက်က ဟယ်ရီကို ပစ်မှတ်ထားကြလိမ့်မယ်။ အာဖဂန်မှာရှိတဲ့ "တာလီဘန်"တွေက ဟယ်ရီ့သွေးကို ဆာလောင်နေကြမှာအမှန် ဝက်ဘ်ဆိုဒ်ထဲက အစွန်းရောက်သမားတွေကလည်း ဟယ်ရီကိုခေါင်းဖြတ်ပေးရင် ဘယ်လောက်ပေးမယ်ဆိုပြီး တင်နေကြ

တာလီဘန်တွေကစပြီး တိုက်ခိုက်လာကြတယ်။ ငါးလအတွင်းမှာ ဗြိတိသျှစစ်သည် ၄၁ ဦး သေဆုံးခဲ့ရတာ ဟယ်ရီဟာ နောက်ထပ် အဆုံးအရှုံးဖြစ်သွားမှာကို စိုးရိမ်နေကြရတယ်။ ကမ္ဘာပေါ်မှာ အာဖဂန်တောင်ပိုင်းဟာ အန္တရာယ်အများ ဆုံး ဖြစ်နေတယ်။ ဒီတော့ ဗြိတိသျှနန်းတော်ရဲ့ တတိယနေရာရှိနေတဲ့ လူအတွက် နေရာမဖြစ်သင့်ဘူး။

*အကယ်၍ ကင်ဒါပာမှာပဲ ဟယ်ရီနေရတယ်ဆိုရင်တောင် သူဟာ နေ့စဉ် ဒုံးကျည်နဲ့ တိုက်တာကိုခံရ* ရှိတယ်။ အိမ်တော်စောင့်မြင်းတပ်သား ၁၀၀ ဟာ အဲဒီနွေဦးမှာပဲ စစ်မြေပြင်မှာ တာဝန်ကျခဲ့တာမှာ တပ်သားတစ်ဦး သေဆုံးခဲ့ပြီး၊ ငါးဦး ပြင်းထန်စွာ ဒဏ်ရာရခဲ့တယ်။ သူတို့စီးလာတဲ့ ယာဉ်ကလည်း မူဆာကွာလာအနီးမှာ မြေပြင်မိုင်း ခဲ့တယ်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဒယ်နတ်ရဲ့ အဆုံးအဖြတ်ကို ပေါ့ပေါ့တန်တန် လုပ်လို့မဖြစ်ဘူး။ အဆိုးဆုံးအရာဖြစ်သွားခဲ့ရင် တော်ဝင်မိသားစုတင်မက တစ်ကမ္ဘာလုံးအတွက်ပါ စိတ်မကောင်းစရာတွေ ဖြစ်ရလိမ့်မယ်။ ဒါပေမဲ့ ဝီလျံနဲ့ဟယ်ရီကို ဆင်းဟတ်စ်လွှတ်ဖို့အတွက် ပြည်သူတွေရဲ့ အခွန်တော်ငွေတွေ ပေါင်ထောင်ပေါင်းများစွာ သုံးခဲ့တာဟာ ဘာအတွက်လဲ။ သူတို့သင်တန်းမှာ လေ့ကျင့်ထားတာတွေကို လက်တွေ့လုပ်ခွင့် ဘယ်တော့မှ မရကြရတော့ဘူးလား။

ဒီအခါ တပ်မတော်ရဲ့ အကြီးအကဲလည်းဖြစ်၊ ဟယ်ရီရဲ့ ဗိုလ်မှူးလည်းဖြစ်တဲ့ ဘုရင်မကြီးဟာ ဟယ်ရီကို စစ်ထွက်ဖို့ ကာကွယ်ရေးဝန်ကြီးဌာနက ဆုံးဖြတ်နိုင်အောင် ထောက်ခံလိုက်ပါတယ်။

"ဘုရင်မကြီးဟာ ကျွန်တော် စစ်မြေပြင်သွားဖို့ သိပ်လိုလားပါတယ်"လို့ ဟယ်ရီက ပြန်ပြောပြပါတယ်။ ဘုရင်မကြီးဟာ မြေးတော်ရဲ့ လုပ်ဆောင်ချက်အတွက် အလွန်ဂုဏ်ယူတယ်။ မြေးတော်ရဲ့ ခက်ခဲတဲ့တာဝန်ဟာ အလဟဿ မဖြစ်နိုင်ဘူးလို့လည်း ယုံကြည်တယ်။

ဟယ်ရီအနေနဲ့ သူ့ခံစားချက်တွေကို ရှင်းရှင်းလင်းလင်း ဖြစ်အောင်လုပ်ဖို့ ခက်နေတယ်။ သူ စစ်မြေပြင်ဆီ မသွားဘူးဆိုရင် သူ့ယူနီဖောင်းကို လွှတ်ပစ်ရမလို ဖြစ်နေတယ်။ သူ့ဦးလေး အင်ဒရူးဆိုရင် တော်ဝင်မိသားစုထဲက တိုက်ပွဲဖြစ်နေတဲ့နေရာကို နောက်ဆုံးလွှတ်ခံရသူဖြစ်ပြီး အခုလိုပဲ သူ့ခံစားချက်ကို BBC မှာ ၁၉၉၁ က ဖွင့်ပြောခဲ့ဖူးတယ်။ "ကျွန်တော်သာ ဖောက်ကလင်ကို မသွားဘူးဆိုရင် ရေတပ်မှာ ကျွန်တော် ရထားတဲ့ရာထူးဟာ ကာကွယ်နိုင်တဲ့အရာ မဖြစ်တော့ဘဲ နေမှာပေါ့"

ဟယ်ရီဟာ ဗြိတိန်ရဲ့ ဝေးလံသီခေါင်တဲ့ နေရာတွေမှာ စစ်ပွဲအတွက် သင်တန်းတွေ ရက်သတ္တပတ်ပေါင်းများစွာ အသုံးပြုခဲ့ရတာပါ။ သူ့ရဲ့သင်တန်းဆရာရဲ့ အပြောအရ ဟယ်ရီဟာ ခေါင်းဆောင်ကောင်းတစ်ယောက်လို့ ဆိုပါတယ်။

"သူက ခရစ္စမတ်အပြီးမှာ လေ့ကျင့်ရေးတွေ အများကြီးဆင်းခဲ့တယ်။ လက်နက်ကြီးပစ်တာရော၊ လက်နက်ငယ်ပစ်တာတွေရော၊ ရှေ့တန်းမှာ သုံးရမယ့်နည်းတွေ လေ့ကျင့်ခဲ့တယ်။ သူဟာ အမိန့်ပေးသူ ခေါင်းဆောင်နေရာမှာ တော်တယ်။ သူ့ခန္ဓာကိုယ်ကလည်း ကြံ့ခိုင်ပြီး ယုံကြည်စိတ်ချရတယ်။ စစ်သားတွေနဲ့လည်း လိုက်လျောညီထွေ နေတတ်တယ်။ ဟယ်ရီက ဖောက်ခွဲရေးနဲ့မိုင်းတွေ သုံးနည်းလည်း သင်ခဲ့တယ်။ ပေါက်ကွဲမှုကြားမှာ ရောက်နေရင် ဘာလုပ်ရမယ်ဆိုတာလဲ လေ့ကျင့်ခဲ့ပြီးပြီ။ သူက ထိန်းသိမ်းနိုင်တယ်။ သူ့လူတွေကို လုံခြုံအောင် ဦးဆောင်နိုင်တယ်။ နောက်ပြီး… သူဟာသူ သွားဖို့ပြင်ဆင်နေတဲ့ အရပ်ဒေသရဲ့ ဘာသာစကားနဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကိုလည်း သင်တန်းတက်ခဲ့ပြီးပြီ"

ဟယ်ရီက အန္တရာယ်ထဲရောက်တဲ့အခါ သူ့ကိုယ်တိုင်ရော၊ သူ့လူတွေကိုရော ဘယ်လို ဖောက်ထွက်မလဲဆိုတဲ့ သင်တန်းကို အကြိုက်ဆုံးပါ။ ချုံခိုတိုက်ခိုက်ခံရရင် ဘယ်လိုပြန်တိုက်မလဲဆိုတဲ့ သင်တန်းကိုလည်း သူ့နှစ်သက်တယ်။ သူက လက်ပစ်ဗုံးနဲ့တွေ့ရင်တောင် ခြေထောက်နဲ့ ကန်ထုတ်ပစ်နိုင်ခဲ့တာပါ။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇၊ ဖေဖော်ဝါရီလ ၂၁ မှာ၊ သူ မျှော်လင့်နေတဲ့သတင်းကို ရခဲ့တယ်။ အဲဒီနေ့မှာ အီရတ်ကို တာဝန်နဲ့ ခြောက်လသွားရမယ်။ ကာကွယ်ရေးဝန်ကြီးဌာန ကလဲရင့်ဟောက်စ်ရဲ့ အတည်ပြုချက်အရ ကြေညာချက် ထုတ်ပြန်လိုက်တယ်။

"မင်းသားဟယ်ရီသည် အိမ်တော်စောင့် မြင်းတပ်တပ်ရင်း၏ A စက္ကွာဒမ်မှ တပ်စုတစ်စုကို ဦးဆောင်လျက် အီရတ်သို့ တပ်ဖြန့်တာဝန်ယူရန် ကျွန်ုပ်တို့ ယနေ့အတည်ပြုလိုက်သည်။ အီရတ်တွင်နေစဉ်အခါ မင်းသား ကွန်နက်ဝေးလ်သည် သာမန်တပ်စုမှူး ရာထူးအဖြစ် လူ ၁၂ ဦးကို ဦးဆောင်လျက် ယာဉ်တစ်စီးလျှင် သုံးဦးပါသည့် ယာဉ်များကို သုံးရန် ဖြစ်သည်။ ယင်းအား တာဝန်ချခြင်းသည် စစ်ရေးအရအဖြစ်ပြီး တော်ဝင်အိမ်တော်မှ အကြံဉာဏ်ရယူခဲ့ပြီး ဖြစ်ကြောင်း..."

နောက်ဆုံးတော့ ဟယ်ရီ စစ်ထွက်ခဲ့ရပါပြီ။

အခုလို ရှေ့တန်းစစ်မျက်နှာကို တာဝန်ထမ်းဆောင်ဖို့လာခြင်းဟာ တော်ဝင်အဆင့်မြင့်များထဲမှ ပထမဆုံးအကြိမ်ဖြစ်တယ်။ မင်းသားအင်ဒရူးက ဖောက်ကလင်ကျွန်း စစ်ပွဲကို ၂၅ နှစ်စောပြီး သွားခဲ့ဖူးပါတယ်။ ဟယ်ရီကတော့ ပျော်ရွှင်မှုများဖြင့် ရွှင်လန်းသွားရပါတယ်။ ဧပြီလကုန်မှာ သူဟာ စစ်ထွက် နှုတ်ဆက်ပွဲလုပ်မှာမို့ တောင်အာဖရိကမှ ချယ်လ်ဆီး ရောက်လာပါတယ်။ အဲဒီညကတော့ ဟယ်ရီဟာ အကောင်းဆုံးပြုမူသူ ဖြစ်ခဲ့တယ်။ လွန်ခဲ့တဲ့ တစ်လကဆိုရင် ဖခင်ဖြစ်သူတားတဲ့ကြားက ညကလပ်ကို ဆောင်ဂျီမှာ တက်ခဲ့သေးတယ်။ ဆောင်ဂျီရဲ့ နာမည်ကျော်ကော့တေးလ်ကို နာတာလီနဲ့ အတူသောက်ပြီး ဓာတ်ပုံသမားတွေကို ထိုးမလို့လုပ်ရင်း ခြေချော်လဲခဲ့သေးတယ်။ အရုပ်ဆိုးစွာ အဆုံးသတ်ခဲ့ရတယ်။ အခု စစ်ထွက် နှုတ်ဆက်ပွဲမှာတော့ စစ်သွေးတွေဝင်နေတာ မြင်ရတယ်။ ညသန်းခေါင်မှာ ချယ်လ်ဆီးနဲ့အတူ ပါတီက ထွက်သွားခဲ့တယ်။ ပါတီမှာကျန်ခဲ့သူက ဝီလျံပါ။ သူက သူ့သူငယ်ချင်း "ဟိုးလီဘာရမ်ဆမ်"နဲ့အတူ နံနက်စောစောအထိ ကနေခဲ့တယ်။

ဟယ်ရီ စိတ်ဓာတ်တွေတက်နေတာ အချိန်တိုတိုလေးပါ။ ဘာ့ကြောင့်လဲဆိုတော့ မကြာခင်မှာပဲ ဗိုလ်ချုပ်ဒယ်နတ်က ကြေညာချက်ထုတ်တယ်။ အသက် ၂၂ နှစ်အရွယ် ဟယ်ရီဟာ အီရတ်ကိုသွားလို့ မဖြစ်တော့ဘူးတဲ့။ အကြောင်းကတော့ အန္တရာယ် အလွန်များနေလို့ပါ။ မကြာခင်ရက်များကပဲ ဘုရင်မရဲ့တပ်မတော်မှ ယာဉ်ဟာ သဲကန္တာရထဲမှာ မထိန်းနိုင်ဖြစ်ပြီး တပ်သားတွေ သေဆုံးခဲ့ရလို့ပါ။ ဒါ့အပြင် မင်းသားဟယ်ရီအတွက် ခြိမ်းခြောက်မှုတွေလည်း ရှိနေကြောင်း မကြာခင်ကမှ အီရတ်ကပြန်လာတဲ့ ဗိုလ်ချုပ်ဒယ်နတ်က ဆိုပါတယ်။ ဒီခြိမ်းခြောက်မှုဟာ ဟယ်ရီတင်မကဘဲ အနားကလူတွေကိုပါ ပြနေတာမို့ ဒီလို စွန့်စားမှုကို လက်ခံနိုင်ဖွယ် မရှိဘူး။ ကျွန်တော်ကတော့ ရှောင်ချင်တယ်လို့ ဗိုလ်ချုပ်က သူ့သဘောထားကို ပြောပါတယ်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီကို စစ်ထောက်လှမ်းရေးထက် သဲကန္တာရထဲမှာ တပ်ကူအဖြစ် ထောက်ပံ့ဖို့ ဆုံးဖြတ်ခဲ့ပြီးသားပါ။ အဲဒီမှာဆိုရင် သူနဲ့ သူ့လူတွေကို ပိုပြီး မြင်သာမယ်။ သူ့ထက်ကြီးတဲ့ တပ်တောင် ခံခဲ့ရတာပဲ။ ဒါနဲ့... ဟယ်ရီတို့ကို ဘယ်ပို့မလဲဆိုတာ သတင်းလောကမှာ အမျိုးမျိုး ကြံဆနေခဲ့ကြတယ်။

ကာကွယ်ရေးဝန်ကြီးဌာနကလည်း အီရန်က ဟယ်ရီကိုဖမ်းပြီး တိတ်တဆိတ်ခေါ်သွားဖို့ အစီအစဉ်ရှိနေတယ်လို့ ကြားကြတယ်။ အီရန်ဘက်က အယ်လ်ဆာဒတ်ကဆိုရင် ဂါဒီးယန်းသတင်းစာကို ပြောပါတယ်။ "ကျုပ်တို့ ရည်ရွယ်ချက်တစ်ခုက ဟယ်ရီကိုဖမ်းဖို့ပဲ။ ဗြိတိန်မှာ ကျုပ်တို့လူတွေ ရှိတယ်။ သူ ဘယ်တော့ရောက်မယ်ဆိုတာ သတင်းပေးကြလိမ့်မယ်"တဲ့။

ကာကွယ်ရေးဝန်ကြီးဌာနကတော့ မစွန့်စားဖို့ ဆုံးဖြတ်တယ်။ ဒီအကြောင်း ဟယ်ရီကို သူ့အတွင်းရေးမှူးက ပြောပြတဲ့အခါ ဟယ်ရီက ရဲရင့်တဲ့မျက်နှာထားနဲ့ သူ မကျေနပ်တာကို ပြခဲ့တယ်။ ကလဲရင့်စ်ဟောက်စ်ကလည်း ဟယ်ရီက မကျေနပ်တာမှန်ကြောင်း ဒါပေမဲ့ ဗိုလ်ချုပ်ဒယ်နတ်ရဲ့ ဆုံးဖြတ်ချက်ကို နားလည်လက်ခံကြောင်း ပြောပါတယ်။

ဟယ်ရီရဲ့ စစ်မှုထမ်းဘဝမှာ ဒါဟာ အခက်ဆုံးဖြစ်နေပြီ။ ဒါမျိုး ထပ်မဖြစ်ဘူးလို့လည်း အာမမခံနိုင်ဘူး။ သူက အရုပ်စစ်သားလေး မဖြစ်ချင်ဘူး။ လူထုရဲ့ငွေကို စစ်သင်တန်းမှာ ဖြုန်းခဲ့တာလို့ အပြောမခံချင်ဘူး။ ဒီလိုပဲ ရုံးထဲမှာသာ ထိုင်နေရမယ်ဆိုရင် သူ တပ်ထဲကထွက်ပြီး သူ့ဘဝအတွက် တခြားထိုက်တန်တာ လုပ်မယ်လို့ စဉ်းစားတယ်။ ဟယ်ရီက "လီဆိုသို"မှာ ကလေးတွေကိုကူညီဖို့ ရန်ပုံငွေ ထူထောင်ထားပြီးပြီ။ အကယ်၍ စစ်တပ်မှာ သူ နေရာတစ်နေရာ မရနိုင်ဘူးဆိုရင် တခြားမှာ သင့်တော်တဲ့နေရာ ရှာရလိမ့်မယ်။ အခုအချိန်အထိ သူ့ဘဝဟာ ကလေးလေးသာသာပဲ ရှိသေးတယ်လို့ စွပ်စွဲမှုတွေကြားမှာ နေခဲ့ရတာပါ။ တပ်မတော်ထဲဝင်ခြင်းဖြင့် သူဟာ အများစွပ်စွဲသလို မဟုတ်ဘူး။ သူဟာ ခွန်အားရှိတယ်၊ သူဟာ အများကြီး လုပ်နိုင်တယ်ဆိုတာ ပြချင်တယ်။

ခုအတိုင်းဆိုတော့ ဟယ်ရီ တစ်အားစိတ်ဓာတ်ကျသွားတယ်လို့ သူ့သူငယ်ချင်းတွေက ပြောပါတယ်။ ဟယ်ရီ စိတ်ညစ်သွားတယ်ဆိုတာ ချဲ့ကားပြောခြင်း မဟုတ်ပါဘူးတဲ့။ သူ့သင်တန်းဆရာတစ်ဦးကဆိုရင် "ဟယ်ရီ အရမ်း စိတ်အနှောင့်အယှက်ဖြစ်သွားပြီ"လို့ ပြောပြပါတယ်။

"သူ့ရဲဘော်တွေက သူမပါဘဲ စစ်မြေပြင်ကို ထွက်သွားကြပြီ။ သူက လပေါင်းများစွာ သူ့အဖွဲ့နဲ့စစ်ထွက်ဖို့ ပြင်ဆင်နေခဲ့တာပါ။ သူဟာ သူ့ရဲဘော်တွေနဲ့ အချိန်အများကြီးယူခဲ့ပြီး ၁၀၀ရာခိုင်နှုန်း မျှော်မှန်းခဲ့တာဖြစ်တယ်။ သူတို့ တပ်ထွက်တာကို ကြည့်ဖို့ဆိုတာ ဟယ်ရီရဲ့ အခက်ခဲဆုံးအလုပ်ပဲ။ သူ အကြာကြီး သင်တန်းတက်ခဲ့ရတယ်။ ခုတော့ သူသွားဖို့ သင်တန်းတက်ခဲ့တဲ့ဆီ သွားခွင့်မရဘူး။ ကျွန်တော်တို့လည်း သူ့အတွက် စိတ်မကောင်း ဖြစ်ကြရတယ်။ သူ့ရဲဘော်တွေနဲ့အတူ အီရတ်ကို မသွားရတဲ့အတွက် သူ့ရဲဘော်တွေ ကျဆုံးအောင် လုပ်မိပြီလို့ သူ ခံစားရတယ်။ သူက

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲဘော်တွေကို သူ့တပ်သားတွေလို့ မြင်ထားတာ။ သူတို့အတွက် ကြီးမားတဲ့တာဝန်ရှိတယ်လို့ မြင်ထားတာပါ''
သူ့သူငယ်ချင်းတစ်ဦးကလည်း-

''ဟယ်ရီ၊ ဒီလောက် စိတ်ဓာတ်ကျတာမျိုး တစ်ခါမှမမြင်ဖူးဘူး''လို့ ပြောပါတယ်။ သူ့စကားတွေထဲမှာ သူ သင်တန်းတက်ခဲ့သမျှ အချည်းနှီးပဲလို့ ခံစားရကြောင်း သိရတယ်။ ငါ စစ်မြေကိုမသွားရရင် စစ်ယူနီဖောင်းကို လဲပစ်တော့မယ်လို့လည်း ဆိုတယ်။ သူ့အနီးမှာ သူ့ကို အားပေးဖို့ အဆင်သင့်ရှိနေသူကတော့ သူ့အစ်ကို ဝီလျံပါ။ ဒါပေမဲ့ သူလည်း နည်းနည်းလေးပဲ နှစ်သိမ့်နိုင်တယ်။ သူပါ ဒီလိုကံကြမ္မာမျိုး တွေ့ရဦးမယ်ဆိုတာ သိနေတယ်။ ဝီလျံက နန်းပလ္လင်အတွက် ဒုတိယနေရာမှာရှိတဲ့လူမို့ သူနဲ့ တန်းတူအရာရှိတွေ စစ်မြေပြင်သွားတဲ့အခါ သူက အိမ်ကပဲ ကြည့်နေရတော့မယ်လို့ သဘောပေါက်လာခဲ့တယ်။

ဟယ်ရီလည်း D တပ်စုကို ဝင်ခဲ့ရတယ်။ အဲဒီမှာ သူ့အစ်ကိုလည်း ရှိနေတယ်။ အဲဒီက သူ့အထက်အရာရှိတွေက သူ စစ်မြေပြင်သွားရဖို့ အခွင့်အရေးကို သူတို့ရအောင် လုပ်မယ်လို့ အာမခံကြတယ်။ ဒီအတောအတွင်းမှာတော့ ငြိမ်ငြိမ်လေးထိုင်နေဖို့ ပြောကြတယ်။

ဒီအခါ ဟယ်ရီရဲ့ ပုန်ကန်စိတ်ကလေးဟာ ပြန်ပြီးပေါ်လာပြန်တယ်။ သူ စစ်မထွက်ရရင် ပါတီသွားမယ် ဆိုပြီး သူ့အကြိုက် နိုက်ကလပ်တွေဆီ ခြေဦးပြန်လှည့်ပါတော့တယ်။ ဒီလို သူ စိတ်ဝင်စားမှု ဆုံးရှုံးနေပြီဆိုတာ သိတဲ့ အတွက် သူ့ကို ကနေဒါပို့ဖို့ ဆုံးဖြတ်ကြတယ်။ ဗိုလ်ချုပ်ဒယ်နတ်က သူ လေကြောင်းထိန်းသိမ်းရေးသင်တန်း တက်ရမယ် လို့ ဆွေးနွေးတယ်။ အဲဒီလိုဆိုရင် သူ့ရှေ့တန်းထွက်ဖို့ အလွယ်ဆုံးနည်း ဖြစ်သွားမယ်။ ဒါနဲ့ပဲ မေလမှာ အယ်လ်ဘာတာ၊ ဗြိတိသျှတပ်မတော် သင်တန်းတက်ရတယ်။ သင်တန်းက သုံးလပါ။ ဒါပေမဲ့ ရောက်ပြီး ရက်ပိုင်းမှာပဲ ဒေသသတင်း စာမျက်နှာဖုံးမှာ ကလပ်က စားပွဲထိုးကောင်မလေးနဲ့ တွဲနေတဲ့ဓာတ်ပုံ ပါလာတယ်။ သူက ညဥ့်နက်ပိုင်း ဘားဆိုင်ကို သွားခဲ့တာဖြစ်ပြီး သက်တော်စောင့်နှစ်ယောက်နဲ့ တပ်ထဲကရဲဘော်တွေ ပါပါတယ်။ ရမ်နဲ့ကုတ် သောက်ပြီးတဲ့အခါ ၂၂ နှစ်အရွယ် စားပွဲထိုးကောင်မလေးနဲ့ စကားလက်ဆုံကျသွားတယ်။ ကောင်မလေးက ''ဟယ်ရီဟာ သိပ်ကိုဖွတ်နိုင်တာပဲ၊ ကျွန်မကို လှတယ်လို့ပြောတယ်။ သူ့မှာ ရည်းစားရှိကြောင်း တစ်ခွန်းမှမဟဘူး''လို့ ဆိုတယ်။

ခုအချိန်မှာ မေးခွန်းမေးလာသူက ချယ်လ်ဆီးတင် မဟုတ်တော့ပါဘူး။ ဟယ်ရီရဲ့လူတွေက အီရတ်မှာ စစ်တိုက်နေဆဲ၊ နန်းပလ္လင်ရဲ့ တတိယနေရာကလူက ကမ္ဘာကြီးကို ဂရုမစိုက်ဘဲ ကောင်မလေးတွေနဲ့ စကားပြောနေရသလား လို့ ထင်ကြပြီ။ သူ ထွက်မလာနိုင်တာကို ခွင့်လွှတ်နိုင်ပေမယ့် အာဖဂန်နစ္စတန်မှာ ဗြိတိသျှစစ်သည်တွေ သေဆုံးသူ စာရင်း ၆၀ ပြည့်တဲ့အချိန်မှာ ဟယ်ရီက 'အသုံးမကျတဲ့အမူ'ပြနေတယ်။ သူ့ဘွားတော် တစ်ခါက အချင်းချင်း မှတ်ချက် ချခဲ့ဖူးသလို၊ တစ်ခါတလေ ဟယ်ရီမှာ ယေဘုယျအသိ၊ လူတိုင်းသိတဲ့အသိ မရှိဘူး ဆိုသလိုပါပဲ။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဩဂုတ်လဆန်းတဲ့အခါ ဟယ်ရီဟာ ကနေဒါကနေ အိမ်ပြန်ရောက်လာတယ်။ အာဖဂန်နစ္စတန်ကို စေလွှတ်ရေးနဲ့ ပတ်သက်ပြီး မတင်မကျဖြစ်ခဲ့တာတွေလည်း နောက်ဆုံးတော့ ငြိမ်းအေးသွားခဲ့ပါပြီ။ ဘုရင်မကြီး၊ ချားလ်စ်၊ ဟယ်ရီရဲ့ အတွင်းရေးမှူးနဲ့ ဗိုလ်ချုပ်ဆာရစ်ချတ်ဒယ်နတ်တို့ဟာ ဟယ်ရီ့ကို ရှေ့တန်းပို့ရေးဖြစ်နိုင်ခြေကို လျှို့ဝှက်ဆွေးနွေးခဲ့ကြတာ ခုတော့ ဗိုလ်ချုပ်လည်း အများကြီး သက်သာရာရသွားပါပြီ။

ခုအခါမှာ ဝီလျံနဲ့ဟယ်ရီတို့ဟာ သူတို့မာမီ ကွယ်လွန်ခြင်း ၁၀နှစ်မြောက်ပွဲကိုပြုလုပ်ဖို့ စီစဉ်နေကြတယ်။ အရင် ဒီဇင်ဘာတုန်းကတည်းက အောက်မေ့ဖွယ်အခမ်းအနားနဲ့ ပွဲလုပ်ဖို့ သူတို့စဉ်းစားခဲ့တာပါ။ အခု ဇူလိုင်ရောက်တော့မှပဲ၊ ခုနစ်လကြာ သေသေချာချာ အစီအစဉ်လုပ်ပြီးမှပဲ ဒီပွဲလုပ်ဖြစ်ပါတော့တယ်။

ဒိုင်ယာနာရဲ့ ၄၆ နှစ်မွေးနေ့ကတည်းက ဒီပွဲလုပ်ဖို့ ဝီလျံနဲ့ ဟယ်ရီက စဉ်းစားခဲ့တာဖြစ်ပြီး ကွယ်လွန်ခြင်း ၁၀ နှစ်မြောက် အခမ်းအနားလည်း ဖြစ်စေချင်ခဲ့တာပါ။ ဒီပွဲကို သူတို့မိခင်ရဲ့ပုံရိပ် ပေါ်စေချင်တယ်။ သူတို့မိခင် ဖြစ်စေချင်တာမျိုး တင်ဆက်ချင်တယ်။ ဒီတော့ ကွယ်လွန်ခြင်းကို အောက်မေ့ဖွယ် ဘုရားရှိခိုးကျောင်းမှာလုပ်ရုံနဲ့ မလုံလောက်တော့ဘူး။ ဒီပွဲကြီးကို ဒိုင်ယာနာရဲ့

## အခန်း – ၁၄
## မာမီကို တမ်းတခြင်း

*ဝီလျံက ၂၅နှစ်ဖြစ်လာတဲ့အခါ သူ့မိခင်ရဲ့ "သေတမ်းစာ" အရ ပေါင်ငွေ ၆ ဒသမ ၅ သန်းရဖို့ ရှိလာတယ်။ အမှန်က ပေါင် ၁၂ သန်းတန်တဲ့ ဒိုင်ယာနာရဲ့မြေကို သားလေးတွေ အသက် ၃၀ ရောက်မှ ခံစားဖို့ဖြစ်တယ်*

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့မှာလည်း လုပ်ချင်တယ်။ ခွန်အားအပြည့်၊ ပျော်ရွှင်မှုအပြည့် ရှိစေချင်တယ်။ ဒိုင်ယာနာကလည်း ဒီလိုပဲ ဖြစ်စေချင်တယ် ဆိုတာ သူသိပါတယ်။ ဒီပွဲဟာ ဒိုင်ယာနာအဖို့ တစ်သက်လုံးရခဲ့ဖူးတဲ့လက်ဆောင်ထဲမှာ အကောင်းဆုံး လက်ဆောင် ဖြစ်စေချင်တယ်လို့ ဝီလျံက ပြောပါတယ်။

အခုဆိုရင် ဒိုင်ယာနာကွယ်လွန်ခဲ့တာ ၁၀နှစ်ရှိတော့မယ်။ ဒါပေမဲ့ ဒိုင်ယာနာကို သတိရနေကြဆဲပဲ။ မင်းသား တွေတင်မက ကမ္ဘာကပါ သတိရကြတာပါ။ ကမ္ဘာက ဒိုင်ယာနာကို ချစ်မြတ်နိုးကြတယ်။ သတင်းစာတွေကလည်း ဒိုင်ယာနာရဲ့ ဘဝအသေးစိတ်ကို ပြန်လည်ဖော်ပြနေကြဆဲပါ။

အခုလို လူထုကမမေ့ဘူးဆိုတာ သူတို့မိခင်ရဲ့ ဘဝအစိတ်အပိုင်း သေးသေးလေးပါလို့ ဟယ်ရီက ပြောပါတယ်။ ဟယ်ရီတို့အနေနဲ့ကတော့ သူတို့မိခင်ကို ကင်မရာတွေမပါဘဲ "မာမီအဖြစ်မျှသာ" သတိရချင်ကြတယ်။ ကင်စင်တန် နန်းတော်ထဲက ဧည့်ခန်းမှာ မိုက်ကယ်ဂျက်ဆင်လာတုန်းက ဖိနပ်မပါတဲ့ခြေထောက်နဲ့ ဒိုင်ယာနာကပြခဲ့ပုံတွေ ပေါက်ကရ ပြက်လုံးတွေနဲ့ သူတို့ကို ရယ်အောင်လုပ်ခဲ့ပုံတွေ... ဒါမျိုးတွေကို အမှတ်ရချင်တာပါတဲ့။

ခုအချိန်အထိ သူတို့အမေအတွက် အမှတ်တရပွဲကျင်းပဖို့ သူတို့ အခွင့်အလမ်းနည်းနည်းပဲ ရခဲ့သေးတာပါ။ အမှတ်တရလုပ်ဖို့ စီစဉ်ဖူးပါတယ်။ ဒါပေမဲ့ ဟိုက်ပတ်ခ်ပန်းခြံမှာ ပေါင် သုံးသန်းတန် ရေပန်းတစ်ခုပဲ။ ဒိုင်ယာနာ ကွယ်လွန်ပြီး ခုနစ်နှစ်မှာ လုပ်ပေးခဲ့တယ်။ ဒါဟာ သိမ်ငယ်လှတယ်။ မလုံလောက်ပါဘူး။

ဒါနဲ့ ဝီလျံ ဟယ်ရီတို့ဟာ သူတို့အဖေနဲ့ပေါင်းပြီး ဘုရင်မကြီးနဲ့ အီဒင်ဘာ့ဂ်မြို့စားကြီးတို့က ဖွင့်ပွဲကိုဖွင့်ပေး လုပ်ခဲ့တယ်။ ဒါပေမဲ့ ရေပန်းက... အငြင်းပွားစရာ ဖြစ်ခဲ့တယ်။ ဒါကို ဒိုင်ယာနာအမှတ်တရ ကျင်းပရေးကော်မီတီက သင့်တင့်လျောက်ပတ်တယ်လို့ မထင်ကြဘူး။ ကော်မတီဝင်တွေက "ဝေလမင်းသမီး အမှတ်တရရန်ပုံငွေ" ကောက်ခဲ့ ကြတာမို့ ဒီလိုပန်းခြံထဲမှာ ရေပန်းလေးလုပ်တာနဲ့တင် မကျေနပ်နိုင်ကြတာပါ။

အမှန်က ဒိုင်ယာနာကိုယ်တိုင် ပြောခဲ့ဖူးပါတယ်။ သူက သူ့"ရုပ်တု"လုပ်တာမျိုးလည်း မလိုချင်ပါဘူး သူ့နာမည်နဲ့ ဆေးရုံဆောက်တာမျိုး စတဲ့အရာတွေကိုလည်း မလိုချင်ပါဘူးတဲ့။ ဒီနေရာမှာ စပင်ဆာမိသားစုရဲ့ သဘော ထားနဲ့ နိုင်ငံကထားတဲ့သဘောထား ကွဲလွဲခဲ့ကြတယ်။ လူထုအနေနဲ့ကတော့ တစ်နေရာဖြစ်စေချင်တယ်။ သူတို့လည်း သွားလို့ရမယ်။ သူတို့ကလေးတွေကိုလည်း ခေါ်သွားလို့ ရရမယ်။ အဲသလိုဖြစ်စေချင်တယ်။ ဒါပေမဲ့ ရေပန်းကတော့ အဲဒီလို ဖြစ်မလာခဲ့ဘူး။

ရေပန်းဟာ သစ်ရွက်ကြွေတွေနဲ့ မြုပ်နေခဲ့တယ်။ လုံခြုံရေးအရဆိုပြီး ခြံခတ်လိုက်လို့ပါ။ မကြာခင်မှာ ဖြစ်စေချင်တဲ့ လှပထူးဆန်းသော ရေပန်း ဖြစ်ရမယ့်အစား လုံးဝပိတ်ထားရတဲ့ဘဝ ရောက်သွားခဲ့တယ်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ဝီလျံက ၂၅ နှစ်ဖြစ်လာတဲ့အခါ သူ့မိခင်ရဲ့ "သေတမ်းစာ" အရ ပေါင်ငွေ ၆ ဒသမ ၅ သန်းရဖို့ ရှိလာတယ်။ ဒိုင်ယာနာဆုံးပြီး သုံးလ ကြာတဲ့အခါ ဟိုက်ကုတ်ကနေပြီး သေတမ်းစာကို ပြုပြင်ပေးခဲ့တယ်။ သားတွေကို ကာကွယ်ဖို့ပါ။ အမှန်က ပေါင် ၁၂ သန်းတန်တဲ့ ဒိုင်ယာနာရဲ့မြေကို သားလေးတွေ အသက် ၃၀ ရောက်မှ ခံစားဖို့ဖြစ်တယ်။ အခုတော့ ၁၂ သန်း မဟုတ်တော့ဘဲ တန်ဖိုးရဲ့ "အတိုး" ကို အမွေလွှဲအပ်ခံရသူတို့နဲ့ မတိုင်ပင်ဘဲ... ရရှိမှာဖြစ်တယ်။ အဲဒါအပြင် ဝီလျံနဲ့ဟယ်ရီဟာ ဒိုင်ယာနာနဲ့ "တရားဝင်ပစ္စည်း ရပိုင်ခွင့်" ကိုလည်း ဆက်ခံရမှာ ဖြစ်တယ်။ ဒီရန်ပုံငွေရဲ့အလုပ်ကို ဝီလျံက ချီကျူးပါတယ်။ ဒါ့အပြင်... အရေးကြီးတဲ့ လှုပ်ရှားမှုတစ်ခုကိုလည်းလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ အထူးသဖြင့် နန်းတော်တွင်းမှာလည်း ဒိုင်ယာနာရဲ့နာမည်ဟာ အပေါစားဖြစ်သွားပြီး စီးပွားရေးဆန်လွန်းသွားတယ်လို့ ခံစားခဲ့ကြတယ်။

ဒိုင်ယာနာရဲ့အစ်မ "ဆာရာ" နဲ့ "ပေါလ်ဘာရယ်လ်" တို့က "ဖလော်ရာ" ကုမ္ပဏီကို သူတို့ကုန်ပစ္စည်းထုတ်တဲ့ အထုပ်တွေပေါ်မှာ ဒိုင်ယာနာရဲ့ "လက်မှတ်" ကို သုံးခွင့်ပြုခဲ့တယ်။ ဒီကိစ္စကို ဒိုင်ယာနာရဲ့မိခင်ရော၊ အားလုံးက ဆန့်ကျင်ကြပါရက်နဲ့ ဆာရာက သဘောတူကြောင်း လက်မှတ်ထိုးခဲ့တာလို့ မိခင်ကိုယ်တိုင် အသက်ရှိစဉ်က ပြောခဲ့ပါတယ်။ ဒိုင်ယာနာရဲ့နာမည်က တန်ခိုးကြီးဆဲပါ။ ဒီတော့ ဝီလျံနဲ့ဟယ်ရီတို့အနေနဲ့ သူတို့မိခင်ရဲ့ "အမွေ" ကို ကာကွယ်ရမယ် ဆိုတာ သဘောပေါက်နိုင်ကြပါတယ်။

ဒါကြောင့် ဝီလျံနဲ့ဟယ်ရီက သူတို့မိခင်ရဲ့ ရုပ်ပုံလွှာကို ပြန်လည် ပေါ်လွင်အောင်လုပ်ဖို့ အမှတ်တရအခမ်းအနားနဲ့ ပွဲလုပ်ဖို့ အခွင့်အလမ်းရယူခဲ့ကြတာ ဖြစ်တယ်။ ဒါဟာ သူတို့ညီအစ်ကို ပူးတွဲပြီးလုပ်ခွင့်ရတဲ့ အရေးအကြီးဆုံး စီမံကိန်းကြီး လည်း ဖြစ်တယ်။ "ပွဲ" ကိုတော့ ဝင်ဘလေ အားကစားရုံမှာ ကျင်းပမှာဖြစ်ပြီး အနုပညာရှင် ၂၃ ဦး ပါဝင်ကြမှာပါ။ BBC ကနေ တစ်ကမ္ဘာလုံးကို အသံလွှင့်မှာလည်း ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၂၂ နှစ်က ငယ်ရွယ်ဖျတ်လတ်တဲ့ ဒိုင်ယာနာဟာ ဒူရန်-ဒူရန်တီးဝိုင်းနဲ့ ကခဲ့တာပါ။ အခု အဲဒီတီးဝိုင်း ကိုပဲ တီးခိုင်းမယ်။ ဒိုင်ယာနာအတွက် အဲဒီတီးဝိုင်းက အဆိုတော်တွေနဲ့ တခြားလူတွေ စုပေါင်းပြီး အဲဒီသီချင်းကိုပဲ ဆိုကြဖို့ပါ။ အဲဒီဆိုမယ့်လူတွေထဲမှာ- တွမ်ဂျုံးစ်၊ ရော့စတီးဝပ်၊ စူပါထရင့်ပ်၊ လီလီအာလမ်၊ ဂျိုးစ်စတုံးနဲ့ ကိတ်သတ်တို့ ပါဝင်ပါတယ်။

ဒီအခမ်းအနားဟာ တော်ဝင် လူငယ်များအတွက်ပဲ ဖြစ်ရမယ်လို့ ဝီလျံနဲ့ဟယ်ရီက စောစောကတည်းက ဆုံးဖြတ်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ ဒိုင်ယာနာရဲ့ မိသားစုဝင်တွေကို ဖိတ်တဲ့အခါမှာ သူတို့အဘိုးကိုတောင် မဖိတ်ခဲ့ပါဘူး။ ခုအချိန်မှာ မင်းသားလေးတွေအနေနဲ့ ကိုယ်ပိုင်ရုံးခန်း မရှိသေးပေမယ့် ဒီအစီအစဉ်ကိုကူညီဖို့ နန်းတော်မှာ အမှုထမ်းအဖွဲ့ တစ်ဖွဲ့ ရှိပါတယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၂၀၀၂ တုန်းက ဘုရင်မကြီးရဲ့ ရွှေရတုကျင်းပစဉ်က ပါဝင်ဆောင်ရွက်ခဲ့တဲ့ "ဆာမယ်ကိုလန်ရိုစ်" က ဒီပွဲမှာ အကြီးအကဲအဖြစ် တာဝန်ယူပါတယ်။ သူနဲ့အတူ မင်းသားလေးများရဲ့အတွင်းရေးမှူး "ဂျော်ဖရီ မက်သရူး" လည်း ပါဝင်ကူညီတယ်။ သူတို့ရဲ့ ပုဂ္ဂလိကအတွင်းရေးမှူး "ဟယ်လင် အက်စပရေး" ကလည်း ကြီးကြပ်သူအဖြစ် ပါခဲ့ပါတယ်။

ဂီတနဲ့ ဖျော်ဖြေရေးအတွက် အဓိကညွှန်ကြားသူတွေအဖြစ် နီကိုလပ်စ်ကိုလီရစ်ချ်၊ အပြည်ပြည်ဆိုင်ရာ ဟိုတယ်များအဖွဲ့က ဟင်ဒီကော့စ်လက်၊ ဗြိတိသျှလေကြောင်းမှ ဝီလီဝေါလ်၊ ယူနီဗာဆယ်မြူးဇစ်မှ ဥက္ကဋ္ဌလူစီဂရိန်း၊ အမျိုးသားဓာတ်ရုံမှ နီကိုလပ်စ်ဟိုက်တာ၊ ချားလ်စ်မင်းသားရဲ့ လူမှုရေးရန်ပုံငွေအဖွဲ့မှ ဆာတွမ်ရှီဘဲတို့ပါဝင်ပြီး မင်းသားလေးများရဲ့ အဒေါ် လေဒီဆာရာ မက်ကောကိုဒေးလ်လည်း ပါဝင်လုပ်ကိုင်ပေးခဲ့ပါတယ်။

ဓာတ်ရုံမှမန်နေဂျာဖြစ်တဲ့ အင်ဒရူးလွိုက်ဝက်ဘာကလည်း ပါဝင်ပတ်သက်ပေးခဲ့ပါတယ်။ ဒီလိုနဲ့ နှစ်ဆန်းတဲ့အခါ အစီအစဉ်တွေအားလုံး သူ့ဟာနဲ့သူ သွားနေကြပြီ ဖြစ်ပါတယ်။ ဝီလျံနဲ့ဟယ်ရီတို့ကို ပန်းချင်းယှဉ်ပြီး အဆင့်တိုင်းမှာ စီစဉ်ပေးသူကတော့ ဂျေမီလော်သာပင်ကာတင် ဖြစ်ပါတယ်။ သူက တစ်ပြည်လုံးအနှံ့သွားပြီး အစီအစဉ်အသေးစိတ်ကို အမြဲပြောင်းပြီး မင်းသားလေးတွေ အတည်ပြုဖို့ တင်ပြခဲ့တာပါ။

"ဝီလျံက အလွန် ကိုင်တွယ်တတ်ပါတယ်။ သူ အစည်းအဝေးတွေကို တက်တက်ကြွကြွ ရောက်လာပြီး အချိန်အဟုန်လည်း ကောင်းတယ်။ သူ့မှာ ကျွမ်းကျင်မှုတွေကလည်း ကြီးမားတယ်။ လုပ်နည်းကိုင်နည်းကလည်း ထူးခြားတယ်။ သူတစ်ယောက်ယောက်နဲ့ ထပ်ပြီး ဆွေးနွေးချင်တယ်ဆိုရင် အစည်းအဝေးကို ပြီးဆုံးစေလိုက်တယ်။ အားလုံးကို အချိန်ပေးတဲ့ အတွက် ကျေးဇူးတင်ကြောင်း ပြောတယ်။ အဲဒီလိုမပြောခင် သူ စကားပြောချင်သေးတဲ့လူကို ခဏနေခဲ့နိုင်မလားလို့ ပြောတာပါ။ သူက အလုပ်ကို ပြီးအောင်လုပ်တတ်တယ်။ သူ ကိုင်တွယ်သွားတာနဲ့ ပတ်သက်ပြီး အားလုံးစိတ်ချမ်းသာ ကြရပါတယ်" လို့ နန်းတော်အမှုထမ်းက ပြန်ပြောခဲ့ဖူးပါတယ်။

ပွဲလုပ်မယ့်အချိန် နီးလာတဲ့အခါမှာ အပြည်ပြည်ဆိုင်ရာ အင်တာဗျူးတစ်ခုပေးဖို့သင့်ပြီလို့ ဆုံးဖြတ်ကြတယ်။ သူတို့မိခင်က အမေရိကန်ပြည်ထောင်စုမှာ လူကြိုက်များခဲ့တာမို့ အမေရိကန်ရဲ့အကြီးဆုံး နံနက်ခင်းအစီအစဉ်ဖြစ်တဲ့ "ယနေ့ အင်ဘီစီ" ကို တွေ့ဆုံခွင့်ပေးလိုက်ပါတယ်။

ဒီပွဲမတိုင်ခင် တစ်နှစ်ကတော့ ဝီလျံနဲ့ဟယ်ရီဟာ ဗြိတိသျှရုပ်မြင်သံကြားမှာ သူတို့ဖခင်နဲ့အတူ အင်တာဗျူး လုပ်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ချားလ်စ်ရဲ့ "ပရင့်ထရပ်စ်" ရန်ပုံငွေ အနှစ် ၃၀ ပြည့် အခမ်းအနားအတွက် လုပ်တာပါ။ သူတို့ညီအစ်ကိုဟာ သူတို့ဖခင် နဘေးတစ်ဖက်စီမှာထိုင်ပြီး ဒီလူမှုကူညီရေးလုပ်ငန်းအကြောင်း ပြောခဲ့ကြတာ ဖြစ်ပါတယ်။ အခုအကြိမ်လာတော့ သူတို့က အဓိက ဖြစ်နေပါပြီ။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က အင်တာဗျူးဟာ သိပ်ကိုရိုးသားဖြူစင်ပြီး နှစ်သက်စရာကောင်းပါတယ်။ သူတို့မိခင် မျှော်လင့်ထားသလိုပဲ သူတို့ ဖြစ်လာကြပါပြီ။ သူတို့က တကယ်ကို "သာမန်"ပါပဲ။ သူတို့အဖြေက ဖြောင့်ပါတယ်။ သူတို့မှာ ချစ်သူတွေ ရှိတယ်။ သူတို့ကို အဆင့်အတန်း အမည်နာမအရ အာရုံစိုက်လာကြတဲ့ သတင်းသမားတွေကို မုန်းတယ်။ သူတို့ရဲ့ နေ့စဉ်ဘဝထဲကို ကျူးကျော်လာတဲ့အတွက် မသက်မသာ ဖြစ်တယ်။ အကယ်၍ သူတို့သာ မင်းသားလေးတွေအဖြစ် မွေးမလာခဲ့ရင် ဝီလျံက ဟယ်လီကော်ပတာ ပိုင်းလော့ လေယာဉ်မောင်းသမား ဖြစ်ချင်တာ၊ ကုလသမဂ္ဂမှာ ဖြစ်ချင်ဖြစ်မယ်... လို့ ဆိုတယ်။ ဟယ်ရီကလည်း အာဖရိကမှာ လမ်းညွှန်သူဖြစ်ချင်တာလို့ ပြောပါတယ်။ ဟယ်ရီက သူတို့ကို တကယ် သိတဲ့လူတွေမှသာ သူတို့ကို နားလည်နိုင်ကြတယ်လို့လည်း ပြောပါတယ်။ ကိတ်မစ်ဒယ်လ်တန်အကြောင်းလည်း အမေးခံရသေးတယ်။ ဝီလျံက ကြိုတင် သင်ပေးတာခံထားရတဲ့အတိုင်း ဘာမှမပြောဘူး။ ဒီအခမ်းအနားကို ကိတ် လာမလာ သူ အတည်ပြုဖို့ ပြင်ဆင်မထားခဲ့ဘူးလို့ဘဲ ဖြေခဲ့ပါတယ်။

ကလဲရင့်စ်ဟောက်စ်ရဲ့ဧည့်ခန်း၊ နို့နှစ်ရောင်ဆိုဖာတွေပေါ်မှာ ချီဒိုနဲ့ လယ်ဟိုက်ရှပ်အင်္ကျီလေးတွေ ဝတ်ထားတဲ့ ညီအစ်ကိုနှစ်ယောက်ဟာ မေးခွန်းတွေကို တစ်လှည့်စီဖြေခဲ့ကြတယ်။ ကင်မရာတွေရှေ့မှာ သူတို့ဟာ အေးအေးဆေးဆေးနဲ့ သက်သက်သာသာ ရှိခဲ့ကြတယ်။ တစ်ယောက်အဖြေကို တစ်ယောက်ကထောက်ပေး၊ ဖြည့်ပေးခဲ့ကြတယ်။ မကြာခင် ကျရောက်မယ့် ကပွဲမှာ ဟယ်ရီက ဘယ်နေရာမှာမှ မပါဘူးဆိုတော့ ဟာသနှောပြီး ရယ်ခဲ့ကြသေးတယ်။ ဝီလျံကတော့ တောက်ပတဲ့စိတ်ကူးတွေ အများကြီး ပြောပြနိုင်ခဲ့တယ်။ သူတို့ရဲ့ ကိုယ်ပိုင်ငွေကြေးနဲ့ နွေးထွေးမှုက စိတ်ဝင်စားသူမိတ်ဆွေအများကြီးကို ရယူနိုင်ခဲ့ကြပါတယ်။

ဝီလျံနဲ့ဟယ်ရီတို့ဟာ ဒိုင်ယာနာသေဆုံးခြင်းနဲ့ ပတ်သက်ပြီး ပထမဆုံးအကြိမ် ထုတ်ပြောကြခြင်းဖြစ်ပြီး မိခင်မရှိတော့တဲ့ ဘဝမှာ သူတို့ ဘယ်လို ရုန်းကန်ရင်ဆိုင်ခဲ့ကြရကြောင်းကိုလည်း ဖွင့်ဟခဲ့ကြတယ်။ ဟယ်ရီကဆိုရင် သိပ်ကို ပွင့်ပွင့်လင်းလင်းနဲ့ သူ့မိခင်အကြောင်း ပြောပါတယ်။ ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက် ညက "ပွန်ဒီအယ်လ်မာ" လိုဏ်ခေါင်းထဲမှာ ဖြစ်ခဲ့တဲ့အဖြစ်အပျက်နဲ့ ပတ်သက်ပြီး သူ ဘယ်လောက် ချောက်ချားတုန်လှုပ်ခဲ့ရတယ်ဆိုတာ ပြောပါတယ်။

"ကျွန်တော့်အတွက် ပုဂ္ဂလိကအနေနဲ့ပြောရရင် အဲဒီညက... အဲဒီလိုဏ်ခေါင်းထဲမှာ ဖြစ်ပျက်ခဲ့တာကို ဘယ်သူမှ မသိနိုင်ကြပါဘူး။ လူတွေလည်းပဲ အဲဒီအကြောင်း တစ်ချိန်လုံး သတိရနေကြမယ်လို့ ကျွန်တော် အသေအချာ သိနေပါတယ်။ ကျွန်တော်ဟာ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်တော့မှ အံ့ဩလို့ဆုံးမှာမဟုတ်ဘူး" ဒီအခါ ဝီလျံက ဆက်ပြောပါတယ်။

"အဲဒီကိစ္စပြီးကတည်းက ကျွန်တော်တို့ အမြဲပဲတွေးနေခဲ့ကြတယ်။ ဒီကိစ္စကိုမတွေးဘဲ ကုန်ဆုံးသွားတဲ့နေ့မရှိပါဘူး။ ကျွန်တော်တို့အဖို့ ဒါဟာ အရှည်ကြာကြီးပါပဲ" ဟယ်ရီကတော့ သူ့မိခင် ကွယ်လွန်ပြီးကတည်းက မိခင်ရဲ့ပုံရိပ်ကို

the bookhouse
we bring you stars
www.burmeseclassic.com

www.burmeseclassic.com



အဆက်မပြတ် အတိုက်အခိုက် ခံနေခဲ့ရတဲ့အတွက် သူ့မှာ စိတ်ဒဏ်ရာတွေရခဲ့ကြောင်း၊ သူတို့ဘဝမှာ ဒီကြေကွဲဖွယ်ဖြစ်ရပ်ကြီးဟာ ဘယ်တော့မှ မေ့ပျောက်သွားမှာ မဟုတ်ကြောင်းနဲ့ သူ့ရဲ့ဝမ်းနည်းမှုတွေကို ပြောပါတယ်။

"ဒီကိစ္စဟာ အတော်ထူးဆန်းပါတယ်။ ဘာကြောင့်လဲဆိုတော့ မာမီ ကွယ်လွန်သွားတဲ့အခါ အားလုံးတိတ်ဆိတ်သွားခဲ့တယ်။ ဒီလိုတိတ်ဆိတ်ခြင်းမျိုး တစ်ခါမှမရှိဖူးပါဘူး။ တစ်ခါမှလည်း ငြိမ်းငြိမ်းချမ်းချမ်း မနေခဲ့ရဘူး။ မာမီ့မျက်နှာဟာ တစ်ချိန်လုံး စာမျက်နှာတွေပေါ်မှာ ပြန့်ကျဲနေခဲ့တယ်။ ၁၀ နှစ်လုံးလုံး အဲဒီမှာပဲ ရှိနေခဲ့တယ်လို့ ကျွန်တော် ပုဂ္ဂလိက ခံစားရပါတယ်။ သူဟာ ကျွန်တော်တို့ နှစ်ယောက်စလုံးကိုရော၊ လူထုကိုပါ အဆက်မပြတ် သတိရနေစေခဲ့တယ်။ ဒါဟာ ကြာရှည်နေခဲ့ပါပြီ... အချိန်ဟာ ပြင်းထန်နက်ရှိုင်းတဲ့ အနာတွေကိုကုစားနိုင်တယ် ဆိုပေမယ့် သူတို့မိခင်ကို ရုတ်တရက် လူသိရှင်ကြား ဆုံးရှုံးခံလိုက်ကြရတဲ့ သားတွေရဲ့ အမာရွတ်ကိုတော့ နက်ရှိုင်းစွာ ကျန်ရစ်စေပါတယ်"

တော်ဝင်မိသားစုရဲ့ ဖန်အိမ်ထဲမှာ ရွှေငါးလေးတွေလို နေရတဲ့ဘဝကို သူတို့ ဘယ်လိုများ တုံ့ပြန်ပါသလဲလို့ မေးတဲ့အခါ ဟယ်ရီ ဒီလိုဖြေတယ်။

"ကျွန်တော်တို့မှာ တစ်စုံတစ်ရာ သတ်မှတ်ထားတဲ့ တာဝန်တွေရှိတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ သီးခြားဘဝမှာ တခြားဘဝအစိတ်အပိုင်းတွေမှာတော့ တတ်နိုင်သမျှ သာမန်ပဲဖြစ်ချင်တယ်။ မှန်ပါတယ်။ ဒါပေမယ့် တစ်စုံတစ်ရာ အတိုင်းအတာအထိ လေးစားစရာ ရှိနေတဲ့အတွက် ကျွန်တော်တို့ဟာ ဘယ်တော့မှ သာမန် မဖြစ်နိုင်ပါဘူး..."

၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁ ရက်။

ဝင်ဘလေ အားကစားရုံသစ်ကြီးမှာ ဆာအယ်လ်တန်ဂျွန်က စင်မြင့်ပေါ် တက်ရောက်နေရာယူပြီး ဝီလျံနဲ့ ဟယ်ရီကို ပွဲထုတ်လိုက်တဲ့အခါမှာ ပရိသတ် ၆၃၀၀၀ ရဲ့ လက်ခုပ်သြဘာသံတွေဟာ မိုးချုန်းသံလို ဆူညံသွားခဲ့တယ်။ သူတို့နှစ်ယောက်စလုံးဟာ စိတ်လှုပ်ရှားနေခဲ့ကြကြောင်း ဝန်ခံပါတယ်။ ဒါပေမဲ့ D... ဆိုတဲ့စာလုံးကို တောက်ပစွာ ဖော်ထားတဲ့ ဧရာမမြင်ကွင်းကျယ် နောက်ခံကားချပ်ရှေ့ ရောက်တဲ့အခါမှာတော့ ဟယ်ရီက ယုံကြည်စိတ်အပြည့်နဲ့ "ဟဲလို... ဝင်ဘလေ..."လို့ ပရိသတ်ကို အော်ဟစ်နှုတ်ဆက်လိုက်ပါတယ်။ ပြီးတော့ သူက ဝီလျံဘက်လှည့်ပြီး... ပြည့်ပြည့်ဝဝ ပြုံးပြလိုက်တယ်။

အဲဒီနေ့မှာ ရာသီဥတုကလည်း သာယာနေတယ်။ အယ်လ်တန်ဂျွန်က ပွဲကိုဖွင့်ပေးတယ်။ သူပဲ ပိတ်ပေးတယ်။ အနက်ရောင်ယွန်းအုပ်ထားတဲ့ ကြီးမားသောစန္ဒရားကြီးကို တီးပြီး "Candle in the Wind"သီချင်းကို ဆိုပါတယ်။ ဒိုင်ယာနာ့ရှာပနတ္တနုန်းကလည်း သူပဲ ဒီသီချင်းကို ဆိုခဲ့တာပါ။ တေးသွားက ဝမ်းနည်းခြင်းအသွင်မဟုတ်ဘဲ ဂုဏ်ပြုချီးမြှင့်မှု

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အသွင်ကို ဆောင်ပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်က ဝမ်းနည်းကြေကွဲမှုတွေဟာ အဝေးမှာ ကျန်ခဲ့ပါပြီ။ နောက်ထပ် မငိုကြွေးစေရဘူး။ ခုအချိန်ဟာ ပျော်ရွှင်ကြရမယ့် အချိန်ဖြစ်တယ်။ ဒါပေမဲ့... ဒိုင်ယာနာရဲ့ စိတ်ကြိုက်ဓာတ်ပုံဆရာ မာရီယိုတက်တီဒို ရိုက်ယူခဲ့တဲ့ ဒိုင်ယာနာ့အဖြူအမည်း ဓာတ်ပုံကြီးက စင်မြင့်ပေါ်ကိုဖြတ်ပြီး ရွှေလျားပုံ့လွင့်လာတဲ့အတွက် စိတ်ခံစားမှုတွေကို ဒိုင်ယာနာက ဆွဲခေါ်နေဆဲပဲဆိုရင်... မမှားပါဘူး။

တောင်ဝင်တွေရဲ့ နေရာထိုင်ခုံတန်းကို ကင်မရာတွေက ချိန်လိုက်တဲ့အခါ ဝီလျံ၊ ဟယ်ရီကို သူ့ဆွေမျိုးသူငယ်ချင်း များဖြစ်ကြတဲ့ ဘီထရစ်မင်းသမီး၊ အူဂျင်နီမင်းသမီး၊ ပီတာ၊ ဇာရာဖိလ်စ်၊ အားလ်စပင်ဆာရဲ့ သမီးများဖြစ်တဲ့ ကစ်တီ၊ အယ်လီဇာ၊ ကက်ရာစသူတို့ဟာ ဂုဏ်ယူဝင့်ကြွားစွာ ဝန်းရံနေတာ မြင်ကြရတယ်။

တစ်ချက်မှာတော့ ဝီလျံက သူ့လက်ကိုမြှောက်ပြီး တင်ပါးတွေကို ဟိုဖက်ဒီဖက် ရမ်းလိုက်တဲ့အခါ သူ့ညီတော် မောင်က လက်နဲ့ လှမ်းရိုက်လိုက်တယ်။ ကိတ်ကတော့ အဖြူရောင်ဝတ်စုံနဲ့ပါ။ ဝီလျံတို့ထိုင်တဲ့ ခုံတန်းရဲ့နောက်ဘက် နှစ်တန်းကျော်မှာ ထိုင်တယ်။ ဝီလျံကို မျက်လုံးချင်းမဆုံမိအောင် ဂရုထားနေတယ်။ စိတ်ဝင်တစား ကြည့်နေကြတဲ့ ပရိသတ်ကတော့ ကိတ် သီချင်းဆိုတဲ့ပုံကို ကောင်းကောင်း အကဲခတ်နိုင်ပါတယ်။ ကိတ်သက်ရဲ့ "Back for Good သီချင်းကို ဆိုကြတာပါ။ အမှန်တော့ ကိတ်ဟာ ပွဲမတိုင်ခင် ရက်အတော်ကြာကတည်းက ကလဲရင့်စ်ဟောက်စ်ရဲ့ မီးဖို ဆောင်မှာထိုင်ပြီး ပွဲအတွက် နောက်ဆုံးအစီအစဉ်တွေကို ကူညီနေခဲ့တာပါ။ ဝီလျံရဲ့ မိန့်ခွန်းပြောမယ့် အချက်အလက်တွေကို ကတ်ပြားတွေပေါ်မှာရေးပြီး ဗလေဇာကုတ်အိတ်ထဲမှာ ထားဖို့လည်း ကူညီခဲ့တာပါ။ သူတို့ ပြန်လည်သင့်မြတ်သွားကြပြီ ဆိုတဲ့ သတင်းပြီးကတည်းက အခုအကြိမ်ဟာ လူထုရှေ့မှာ အတူတကွ ပထမဆုံး ပြန်မြင်ရတဲ့အကြိမ် ဖြစ်တယ်။ ဒါပေမဲ့ ကိတ်က ဒီနေ့ကို ဝီလျံနဲ့ဟယ်ရီရဲ့နေ့ပဲ ဖြစ်စေချင်တယ်။ ဒါကြောင့် ပွဲမှာ နေရာယူတဲ့အခါ သူ့မောင်ဖြစ်သူ ဂျိမ်းစ်နဲ့ပဲ အတူထိုင်ခဲ့တာပါ။

ချယ်လ်ဆီးကလည်း တောင်အာဖရိက၊ ကိပ်တောင်းကနေ လေယာဉ်ပျံနဲ့ ရောက်လာတယ်။ ပထမတန်းခုံ ဟယ်ရီရဲ့ ညာဘက်ဘေးမှာ ထိုင်တယ်။ ချယ်လ်ဆီးက အနက်ရောင်ဝတ်စုံနဲ့ လှပနေပြီး ဆံပင်ကို အပြောင်သိမ်းပြီး ပိုနီတေးလ် ချည်ထားတယ်။ သူတို့ အတူကခဲ့ကြရာက ရှိုးပွဲပြီးသွားတဲ့အခါ VIP ပါတီမှာ မခွဲနိုင်မခွာရက် ဖြစ်ခဲ့ကြတယ်။

နန်းတော်အမှုထမ်းများအနေနဲ့ ခုလို ညဦးနက်ပါတီလုပ်တာဟာ ဒိုင်ယာနာကွယ်လွန်ခြင်း နှစ်ပတ်လည်အခမ်း အနားအတွက် မှားယွင်းတဲ့အမိပ္ပာယ်တွေ ဖြစ်စေမယ်ဆိုတာ သိပေမယ့် ဝီလျံနဲ့ဟယ်ရီက အခမ်းအနားမှာ ပါဝင်ကူညီခဲ့သူတွေ ကို ကျေးဇူးတင်တဲ့အတွက် ပါတီပေးချင်ကြတယ်။ ဒီပွဲကိုစီစဉ်သူနဲ့ နိုက်ကလပ်ပိုင်ရှင်ဖြစ်သူ မာ့စ်ဖူးလာကတော့ ဒါဟာ သူတို့အနေနဲ့... ကျေးဇူးတင်ကြောင်း ပြောဖို့သာဖြစ်တယ်လို့ ဆိုပါတယ်။ ဝီလျံနဲ့ဟယ်ရီတို့က ညဦးပါတီဆက်လုပ် မယ်လို့ ဖိတ်တဲ့အခါ လူတွေက စိတ်ပျက်သွားခဲ့ကြတယ်။ ဒါပေမဲ့ မင်းသားလေးတွေက ရင်းနှီးတဲ့လူနဲ့ ခပ်လျှို့လျှို့လေးပဲ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်ကြလို့ အားလုံးကလည်း လက်ခံကြတယ်။ ကလေးတွေကလည်း ထူးထူးခြားခြား ကျေးဇူးတင်ကြပါတယ်။ ညဥ့်ပါတီမစခင် စားပွဲထိုးအားလုံးနဲ့ မီးဖိုဆောင်ဝန်ထမ်းတွေကိုလည်း ကျေးဇူးစကား ပြောခဲ့ကြသေးတယ်လို့ ဖူးလာက ဆိုပါတယ်။

ဝီလျံနဲ့ဟယ်ရီလည်း အကောင်းဆုံး ပြုမူနိုင်ခဲ့ကြပါတယ်။ ဟယ်ရီတစ်ယောက်ကတော့ ချယ်လ်ဆီးနဲ့အတူ ခဏလေး ပျောက်သွားခဲ့သေးတယ်။ ဝီလျံနဲ့ဟယ်ရီတို့ဟာ ပွဲလုပ်လို့ရန်ပုံငွေရလာရင် သူတို့ရဲ့ လူမှုရေးရန်ပုံငွေထဲကို ထည့်လှူရှိတဲ့အတိုင်း၊ ရရှိတဲ့ပေါင် တစ်သန်းကို ၈-ပုံပုံပြီး လူမှုရေးရန်ပုံငွေထဲ ထည့်ခဲ့ကြတယ်။

ဩဂုတ်လ ၃၁-ရက်မှာတော့ ဝယ်လင်တန်တပ်ထဲက ဘုရားကျောင်းမှာ နာရီနဲ့ချီပြီးကြာတဲ့ အောက်မေ့ဖွယ် အခမ်းအနားကို လုပ်ခဲ့ပါတယ်။ ဒီအခမ်းအနားကတော့ ပိုပြီးငြိမ်သက်ခဲ့တယ်။ ရိုးရိုးလေးပဲ ဆုတောင်းခဲ့ကြတယ်။ ဒိုင်ယာနာတစ်ယောက် ငြိမ်းချမ်းစွာ အနားယူနိုင်ပါစေ... လို့ ဆုတောင်းခဲ့ကြတယ်။ ဘက်ကင်ဟမ် နန်းတော်နဲ့ ခဲတစ်ပစ် လောက်ဝေးတဲ့ နေရာမှာလည်း ဖယောင်းတိုင်မီးထွန်းပြီး အခမ်းအနားပြုလုပ်ခဲ့တယ်။ ၁၉၈၁ ခုနှစ်က လူထုရှေ့မှာ လသာဆောင်ပေါ် ချားလ်စ်က ဒိုင်ယာနာကို အနမ်းပေးခဲ့တဲ့ နေရာပါပဲ။ လန်ဒန်မှ သင်းအုပ်ဆရာတော်ကလည်း ဝီလျံနဲ့ ဟယ်ရီတို့ရဲ့ သူတို့မိခင် နားနေပါစေလို့ ဆုတောင်းမှုကို ပဲ့တင်ခဲ့ပါသေးတယ်။

ပါရီမြို့တော်မှာတော့ ပွန်ဒီအယ်လ်မာ လိုဏ်ခေါင်းအထက်မှာ ပန်းပွင့်တွေ ပင်လယ်တမျှ လာရောက်ချခဲ့ကြတယ်။ ကင်စင်တန် နန်းတော်အဝင်ဝမှာလည်း ပန်းတွေ၊ ကတ်ပြားတွေ၊ ကဗျာတွေကို လူထုကလာပြီး ချိတ်ဆွဲခဲ့ကြတယ်။ ဒါ့အပြင်... ဒိုင်ယာနာ ငယ်စဉ်ကနေခဲ့တဲ့ နေရာဖြစ်ပြီး နောက်ဆုံးနားနေရာဖြစ်တဲ့ "အယ်လ်ထရော့" မှာလည်း ပန်းတွေ လာချခဲ့ကြတယ်။

ဒိုင်ယာနာရဲ့ အိမ်ထောင်သည်ဘဝမှာ အများဆုံး ပြဿနာဖြစ်ခဲ့ရသလိုပဲ အခုပွဲအခမ်းအနားမှာလည်း "ကမီလာ" ဆိုတဲ့ အရိပ်တစ်ခုဟာ အခမ်းအနားမှာ ထင်လာခဲ့ပြန်တယ်။ ဒီအခမ်းအနားကို ကမီလာ တက်မယ်ဆိုတဲ့ သတင်း ထွက်လာတယ်။ ကမီလာကိုယ်တိုင်က မတက်ချင်ပါဘူး။ ဝေးဝေးပဲ ရှောင်ချင်တာပါ။ ဒါပေမဲ့ ချားလ်စ်က ကမီလာရှိ ရမယ်လို့ ဆိုလာတယ်။ ဒီအခါ ဒိုင်ယာနာရဲ့ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်ပြီး မသေခင်လေးမှာ ဒိုင်ယာနာနဲ့အတူ ၁၀ ရက်နေခဲ့တဲ့ "ရိုစာမော့ခ်တင်"က မေးလ်အွန်ဆန်းဒေးမှာ ကန့်ကွက်တဲ့ဆောင်းပါး ရေးတယ်။ "ဒီလိုအခမ်းအနားမျိုးဟာ ခွင့်လွှတ်မှုကိုပြရတယ်ဆိုတာ ကျွန်မသိပါတယ်။ ဒါပေမဲ့... ကမီလာ တက်ရောက်မှုကိုတော့ မသင့်တော်ဘူးလို့ ကျွန်မ ခံစားရတယ်"တဲ့။

အခုလို အဝေဖန်ခံရတဲ့အခါ ကမီလာလည်း မျက်ရည်ကျတယ်လို့ ဆိုကြပါတယ်။ ဒါပေမဲ့ ချားလ်စ်ကာ ခေါင်းမာနေတယ်။ ဒါဟာ သူကြင်ရာတော်ပေါင်းရဲ့ကိစ္စ ဖြစ်နေတဲ့အတွက် သူ့ပုဂ္ဂလိက အကြံပေးပုဂ္ဂိုလ် ဆာစ်တီဗိကို

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာအမှုထမ်းတွေ ကမီလာကို တက်ရောက်ဖို့ ပြောခိုင်းခဲ့တယ်။ ဝီလျံနဲ့ဟယ်ရီကလည်းပဲ သူတို့မိထွေးကို ဖိတ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ပွဲလုပ်မယ့်ရက် နီးလာတာနဲ့အမျှ ကမီလာဟာ ကြောက်စရာကောင်းတဲ့ ဖိအားတွေကို တွေ့ရတယ်။ ချားလ်စ်နဲ့ နေ့စဥ်အငြင်းအခုံ ဖြစ်ကြရတယ်။ အခုဆိုရင် ချားလ်စ်နဲ့ ကမီလာတို့ လက်ထပ်ပြီးတာ နှစ်နှစ်ပဲ ရှိသေးတယ်။ လူထုက သူတို့ အနာဂတ်မိဖုရား ဖြစ်လာမယ့်လူကို ဖက်တွယ်ချင်စိတ် မရှိသေးပါဘူး။ ကမီလာကို သံသယရှိနေဆဲ၊ အဆိုးမြင်နေဆဲပါ။

ဝီလျံနဲ့ဟယ်ရီလည်း ပွဲဟာ အငြင်းအခုံတွေရဲ့ အရိပ်လွှမ်းမှာကို စိတ်ပျက်ကြတယ်။ ကမီလာ တက်လာရင် ပရိသတ်က ရှုံ့သွားမှာကို စိုးရိမ်လာကြတယ်။ နောက်ဆုံးတော့ ဘုရင်မကြီးကိုယ်တိုင် ကြားဝင်ခဲ့ရတယ်။ ကမီလာ ရှောင်နေဖို့ ခွင့်ပြုလိုက်တယ်။ ကမီလာက သူ့ကိုယ်ရေးကိုယ်တာကိစ္စအဖြစ် ကြေညာချက်တစ်ခု ထုတ်ပါသေးတယ်။ "ကျွန်မ ဒီပွဲကို တက်ရောက်ရင် ပွဲလုပ်ရခြင်းရဲ့ ရည်ရွယ်ချက် လမ်းလွဲသွားနိုင်တယ်လို့ ကျွန်မ ယုံကြည်တယ်။ ဒီပွဲက ဒိုင်ယာနာရဲ့ဘဝနဲ့ ဆုတောင်းပွဲကိုသာ ဦးတည်ရမှာ ဖြစ်တယ်"တဲ့။

ဆုတောင်းပွဲမှာ ဝီလျံက ဘုရင်မကြီးနားကပ်ပြီး ထိုင်တယ်။ ဘုရင်မကြီးက တောက်ပခမ်းနားတဲ့ ခရမ်းရောင် ဝတ်စုံ ဝတ်ထားတယ်။ ဝီလျံက စိန့်ပေါလ်ရဲ့ အဆိုအမိန့်စာတစ်ပိုဒ်ကို ဖတ်ပြဖို့ ရွေးထားတယ်။ ဟယ်ရီက ချီးကျူးစကား ပြောမှာဖြစ်တယ်။ သူတို့က မိသားစုနဲ့ မိတ်ဆွေ ၅၀၀ ဖိတ်ထားတယ်။ ကင်စင်တန်နန်းတော်က သူ့မိခင်ရဲ့ အမှုထမ်းဟောင်းတွေ အပါအဝင်ဖြစ်တယ်။ ဒိုင်ယာနာရဲ့စားဖိုမှူး မာဗင်ဝိုင်ရှယ်လီနဲ့ ခရစ်ဘာဘာ။ အတွင်းရေးမှူးဟောင်း ဗစ်တိုးရီးယားမက်ဟမ်တို့ကိုလည်း ဖိတ်ခဲ့တယ်။ ဒိုင်ယာနာဦးဆောင်ခဲ့တဲ့ လူမှုရေးအဖွဲ့များမှ ကိုယ်စားလှယ်တွေလည်းပဲ ဝတ်ပြုဖို့ လာကြပါတယ်။ ဒါ့အပြင် လက်ရှိဝန်ကြီးချုပ်နဲ့ ဝန်ကြီးချုပ်ဟောင်းတို့လည်း တက်ကြပါတယ်။ ရှိုးပွဲနဲ့ ဖျော်ဖြေရေးလောကမှ လူတွေကိုလည်း ဖိတ်ကြားခဲ့ပါတယ်။ အဲဒီလူတွေအပြင် ဒိုင်ယာနာ ခေါင်းကိုင်မိခင် လုပ်ပေးခဲ့ရတဲ့ ကလေး ၁၂ ယောက်၊ သူ့ကိုယ်တိုင်ရဲ့ ခေါင်းကိုင်မိဘများ၊ လက်ထပ်စဥ်က ပါဝင်ခဲ့ကြတဲ့ အပျိုရံ လူပျိုရံကလေးလေးများပါ ဖိတ်ကြားလို့ ရောက်ရှိခဲ့ကြတယ်။ ဒိုင်ယာနာရဲ့ အရင်စားပွဲထိုးဟောင်း ပေါလ်ဘာရယ်ကိုတော့ ဒိုင်ယာနာရဲ့ပစ္စည်းတချို့ ပျောက်ဆုံးနေမှုနဲ့ ပတ်သက်ပြီး စုံစမ်းခံနေရတဲ့အတွက် မဖိတ်ပါဘူး။ ဒါ့အပြင် မိုဟာမက်အယ်လ်ဖေးယဒ်ကိုလည်း မဖိတ်ပါဘူး။ ဒါပေမဲ့ သူတို့မိခင်နဲ့အတူ စိန့်ထရိုပက်ဇ် သင်္ဘောနဲ့ နွေရာသီတစ်ခုမှာ ခရီးသွားခဲ့ရတဲ့ ဖေးယဒ်သမီး "ကမီလာ"ကိုတော့ ဖိတ်ခဲ့ပါတယ်။ ဝီလျံနဲ့ဟယ်ရီက အဲဒီကမီလာ (ဒိုးဒီရဲ့ ညီမလေး)ကို စာရေးပြီး ဖိတ်ခဲ့တာပါ။

နောက်ပိုင်း ကမီလာနဲ့ တွေ့တဲ့အခါ မေးကြည့်တော့ ဒီလိုဖြေပါတယ်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း အုံ့သြသွားခဲ့တယ်။ ကျွန်မတို့မိသားစုမှာ ကျွန်မတစ်ယောက်တည်းကိုပဲ ဖိတ်တာပါ။ ဟုတ်တာပေါ့။ ကျွန်မအဖေကို သူတို့ ဘယ်ဖိတ်ပါ့မလဲ။ ဒီနေ့အထိ သူတို့ ဘာကြောင့်ဖိတ်သလဲ မသိပါဘူး။ သွားရမှာ သိပ်ကို လန့်နေခဲ့တယ်။ ဒိုးဒီနဲ့ဒိုင်ယာနာ ဆုံးပြီးကတည်းက ဝီလျံနဲ့ တစ်ခါမှ စကားမပြောခဲ့ရသေးပါဘူး။ သူတို့နဲ့ပြောရ၊ ဆက်သွယ်ရမှာ စိတ်ညစ်ကြတယ်။ မဆက်သွယ်ဖို့လည်း ပြောကြတယ်။ အဲဒီနေ့ကစပြီး အကုန်အဆက်အသွယ် ပြတ်ခဲ့တာပဲ။ ကျွန်မ အဲဒီအခမ်းအနားသွားပြီး ဝီလျံနဲ့ ဟယ်ရီကို တွေ့ရမယ်လို့ မထင်ခဲ့ဘူး။ ကျွန်မမှာ အယ်လ်တွန်နဲ့ ဒေးဗစ်ဖားနစ်တို့ ရှိတယ်။ သူတို့မပါရင် သွားရဲမှာ မဟုတ်ဘူး။ ဝီလျံနဲ့ဟယ်ရီကို ကျွန်မ စကားပြောနှုတ်ဆက်ခဲ့ပါတယ်။ သူတို့ကလည်း လာရောက်တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောခဲ့ကြတယ်။ ကျွန်မ သူတို့နဲ့ အများကြီး စကားပြောချင်ပါတယ်။ ဒါပေမဲ့ ဒီအချိန်၊ ဒီနေရာမှာ မဖြစ်ဘူး။ အဲဒီနေ့မှာ ကျွန်မတို့ နှစ်ဖက်စလုံးက ချစ်တဲ့သူတွေ ဆုံးရှုံးခဲ့ရတာပဲ။ ကျွန်မတို့ဘဝတွေ တစ်စစီ အဆုတ်ခံခဲ့ရတာပဲ။ ကျွန်မက အစ်ကိုဆုံးခဲ့တယ်။ အဲဒီနေ့အကြောင်း ပြောနိုင်ဖို့ နှစ်တွေ အကြာကြီးညောင်းခဲ့တယ်။ အဲဒီကြေကွဲမှုဟာ မိသားစုနှစ်ခုစလုံးကို ဖျက်ဆီးခဲ့တာပါပဲ။ ကျွန်မအဖို့ ကျွန်မရဲ့မိသားစုကို ကိုယ်စားပြုဖို့ အရေးကြီးတယ်လို့ ယူဆပါတယ်။ သူတို့ ဖိတ်တာခံရလို့ ဂုဏ်ယူပါတယ်။ ဝမ်းသာပါတယ်"

အားလုံးလိုပဲ ဟယ်ရီ ချီးမြှင့်စကားပြောတဲ့အခါ ကမီလာလည်း မျက်ရည်လည်ခဲ့ရပါတယ်။ ဟယ်ရီက သူ့မိခင်အကြောင်းပြောရာမှာ သူ့မိခင်ဟာ တုနှိုင်းမရတဲ့ ဘဝချစ်သူ၊ ရယ်ရွှင်တတ်သူ၊ ပျော်တတ်သူ၊ ခပ်ရူးနှမ်းနှမ်းနေတတ်သူ ဖြစ်တယ်လို့ ဆိုပါတယ်။ သူ့မိခင်ဟာ သူတို့ရဲ့အုပ်ထိန်းသူ၊ မိတ်ဆွေနဲ့ ကာကွယ်စောင့်ရှောက်သူလည်း ဖြစ်ပါတယ်တဲ့။ သူဟာ ကျွန်တော်တို့ကို ချစ်ဖို့ ဘယ်တော့မှ မနှောင့်နှေးသူပါ။ ချစ်ကြောင်းမပြောဘဲလည်း မနေဘူး။ မလုပ်ပြဘဲလည်း မရှိပါဘူးတဲ့။ သူ့ရဲ့ လူထုလုပ်ငန်းတွေအတွက် သူ့ကို အမြဲ သတိရနေကြမှာပါ။ မီဒီယာရဲ့နောက်ကွယ်မှာ ကျွန်တော်တို့အတွက်တော့ သူချစ်တဲ့ သားလေးနှစ်ယောက်အတွက်တော့ သူဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးမိခင်ပါပဲလို့လည်း ပြောသွားခဲ့ပါတယ်။

ဒါ့အပြင် ဆက်ပြောတာက-

"ဒါကို ကျွန်တော်တို့ပြောရပါမယ်။ မပြောရဘူးလား။ ကျွန်တော်တို့ သူ့ကိုဆုံးရှုံးခဲ့ရတယ်။ ရိုးသားစွာပြောရရင် သူဟာ ကျွန်တော်တို့နဲ့ တခြားလူတွေကို ပျော်အောင်လုပ်ပေးခဲ့တယ်။ ဒီနည်းနဲ့ သူ့ကို သတိရနိုင်ပါတယ်"

ဟယ်ရီရဲ့နှုတ်ခမ်းတွေ တုန်ခါနေခဲ့တယ်။ ဒါပေမဲ့ သူ ခံစားနေရတဲ့အချိန်မှာပဲ သူ့ကိုယ်သူ ထိန်းနိုင်ခဲ့ပါတယ်။ သူ့နှလုံးသားခံစားမှုဟာ ဒိုင်ယာနာရဲ့အခေါင်းမှာ သူ့လက်ရေးနဲ့ တစ်လုံးတည်း ရေးခဲ့တဲ့ "မာမီ"ဆိုတဲ့စကားလုံးလိုပဲ ထိရှနေပါတယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီ စကားပြောပြီးလို့ ပြန်ထိုင်ဖို့ လှည့်တဲ့အခါ ဧပင်ဆာမိသားစုထိုင်နေတဲ့ ခုံတန်းဆီ လျှောက်သွားပြီး အဲဒီမိသားစုနဲ့ ပူးပေါင်းလိုက်ပါတယ်။ ဒိုင်ယာနာ့ ရှာပနေပြီးကတည်းက မိသားစုနှစ်စု ဝေးမဆုံးအကြိမ် အတွေ့ထိုင်ဖြစ်တာပါ။ ရှာပနတုန်းကဆိုရင် အားလ်စပင်ဆာက ခံစားချက်နဲ့ ခါးခါးသီးသီး စကားတွေပြောခဲ့တာ ဖြစ်ပါတယ်။ "ဒိုင်ယာနာ့ဟာ သူ့မှော်ဆန်တဲ့တံဆိပ်ကို သယ်ဆောင်ဖို့ တော်ဝင်ခေါင်းစဉ်တပ်စရာ မလိုတော့ပါဘူး" လို့ ပြောခဲ့တာပါ။ သူက သူ့အစ်မကို ကာကွယ်တာ။ ဒါကို လူထုက ဩဘာပေးတော့ ဝင်ဆာတွေကို တိုက်ခိုက်တာလို့ မြင်စေခဲ့တယ်။ အဲဒီကတည်းက မိသားစုနှစ်စု စကားမပြောခဲ့ကြတာပါ။ ဒီနေ့တော့ အနာအတော်များများ အသားတက်လာခဲ့ကြပါပြီ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇၊ နိုဝင်ဘာ ၉ ရက်။ သောကြာနေ့ည ၁၁:၃၀ နာရီဖြစ်ပါတယ်။ ''အမီကာ''နိုက်ကလပ်က တာဝန်ရှိသူရဲ့ မိုဘိုင်းဖုန်းထဲကို ပြန်လည်လန်းဆန်းနေတဲ့ မင်းသားဟယ်ရီရဲ့ အသံဝင်လာတယ်။ ''ကျုပ်တို့ အခုပဲ ညစာစားပွဲပြီးသွားတယ်။ ခင်ဗျားတို့ဆီမှာ ပါတီလာလုပ်ချင်တယ်။ အခု လာနေပြီ... ''

''အမီကာနိုက်ကလပ်''ဆိုတာ အသစ်ပြန်လည်မွမ်းမံထားတဲ့ ကလပ်ဖြစ်ပြီး၊ လန်ဒန်အနောက်ပိုင်း၊ ကင်စင်တန် လမ်းမကြီးပေါ်မှာ တည်ရှိပါတယ်။ ဒီကလပ်မှာ အထူးကဒ်ပြား ကိုင်ဆောင်သူများသာ ဝင်ရောက်ခွင့်ရှိတဲ့ VIP ခန်း တစ်ခန်းရှိတယ်။ ဝင်ဆာကနေ မိုင် ၂၀ ပဲ ဝေးတာမို့ ဝင်ဆာမှာပြန်နေရတဲ့ ဟယ်ရီဟာ ဒီကလပ်မှာ ပုံမှန်ဖောက်သည် ဖြစ်လာပါတော့တယ်။ ကော့တေးလ် တစ်ခွက် ၁၅ ပေါင်ကို တတ်နိုင်တဲ့ ချယ်လ်ဆီးလူငယ်တစ်စုနဲ့ အတူတူလာကြတာ ဖြစ်တယ်။

ဟယ်ရီက ဓာတ်ပုံဆရာတစ်ယောက်ကို ခုန်အုပ်ထိုးနှက်ခဲ့တဲ့ ကာလကစပြီး ဆောင်ဂျီးကလပ်ကို သွားရောက်ခွင့် မရှိတော့ပါဘူး။ အခုဆိုရင် ဒီကလပ်မှာ ဟယ်ရီဟာ သီးသန့်ကားရပ်နားတဲ့ ကားရုံရှိတယ်။ အဲဒီကားရုံက ကလပ်အောက်ထဲမှာပါ။ အဲဒီကနေ ကော်ရစ်ဒါတစ်လျှောက် အထဲဝင်ရုံပါပဲ။ ဘယ်ဓာတ်ပုံဆရာကမှ ဒီမှာ ဟယ်ရီရှိနေကြောင်း မသိတော့ပါဘူး။

**အခန်း – ၁၅**

**စစ်ထွက်ပြီ...**

*ဟယ်ရီတစ်ယောက် အာဖဂန်တွေပတ်တဲ့ လည်စည်းကြီး ပတ်ပြီး စစ်တပ်ကထုတ်ပေးတဲ့ ခေါင်းဆောင်း ဦးထုပ်ဆောင်းလို့ ဖုမီလီမီတာ ခြောက်လုံးပြူးခါးချိတ်လျှက်နဲ့ လျှောက်သွားနေတာကို ဒါဟာ မင်းသားဟယ်ရီပဲလို့ ဘယ်သူမှ မမှတ်မိကြဘူး။*

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဒီVIP ခန်းထဲမှာ ဝန်ထမ်းတွေအပြည့်အစုံ၊ ရှန့်ပိန်ဘားကောင်တာနဲ့ နံရံမှာလည်း ခမ်းနားတဲ့ ခရမ်းရောင်နံရံကပ်စက္ကူတွေ ကပ်ထားတယ်။ ဟယ်ရီက အဲဒီ့ အခန်းထဲမဝင်ဘူး။ အဲဒီအခန်းအစား ကလပ်ရဲ့ ပင်မခန်းမကြီးမှာပဲ ထိုင်တယ်။ ဒီနေရာက လှောင်အိမ်ထဲမှာ အမူအရာလုပ်ပြကြတဲ့ မလုံ့တလုံကချေသည်တွေကို ကောင်းကောင်းမြင်ရလို့ပဲ ဖြစ်တယ်။ ဒီနေရာမှာထိုင်ဖို့ ပေါင် ၁,၅၀၀ ပေးရတယ်။ ပေးနိုင်ရင် ဘယ်သူမဆို ထိုင်ခွင့်ရှိတယ်။ ဒါပေမဲ့ ဟယ်ရီအတွက်တော့ ဒီထိုင်ခကို အပို မပေးရပါဘူး။ ဘီလ်ရှင်းတဲ့အခါ အမြဲပဲ ဒီအတွက် ထည့်မထားကြဘူး။

ဟယ်ရီဟာ ကလပ်ထဲဝင်လာတဲ့အခါ ဘေ့စ်ဘောကစားတဲ့အချိန် ဆောင်းတဲ့ဦးထုပ်ကို ရှေ့ငိုက်ပြီး ဆောင်းလာတယ်။ သူ့မျက်နှာကို ကွယ်ထားတယ်။ သားရေအနက်ရောင် ထိုင်ခုံမှာထိုင်ချတယ်။ အဲဒီအချိန်မှာ သူ့အတွက် ရေခဲတင်ထားတဲ့ ဗော်ဂါက အဆင်သင့်ရှိနေတော့တယ်။ စားပွဲပေါ်မှာ အရက်အမျိုးမျိုး တင်ထားပေမယ့် ဟယ်ရီက အဲဒီအရက်တွေကို စိတ်မဝင်စားဘူး။ စားပွဲထိုးကောင်မလေးကို လှမ်းခေါ်ပြီး ဗော်ဂါ ၆ ခွက် မှာလိုက်တယ်။ ဟယ်ရီနဲ့အပေါင်းအသင်းများ လာမယ်ဆိုတာကို သိထားလို့ ဟယ်ရီ စားပွဲကို "ထရီနီဒတ်ကျွန်းသူ... ခရစ္စတီးနား"က ရောက်လာတယ်။ သူ့ကိုနှုတ်ဆက်ဖို့ ဟယ်ရီ မတ်တတ်ရပ်လိုက်တယ်။

ဒီကလပ်ကို နောက်ဆုံးအကြိမ် ရောက်လာတုန်းကတော့ ဟယ်ရီ့ချစ်သူ ချယ်လ်ဆီးလည်း ပါပါတယ်။ အဲဒီတုန်းက ချယ်လ်ဆီးက လန်ဒန်ကို ဥပဒေဘွဲ့လွန်တက်ဖို့ လာတာပါ။ သူတို့ပြန်တွေ့တဲ့အခါ သာမန်ပုလင်းထက် နှစ်ဆကြီးတဲ့ ဝိုင်ပုလင်းကြီးနှစ်လုံးကို သောက်ပြီး ကားရုံနားက စကြိုမှာ နှစ်ယောက်အတူ စီးကရက်သောက်ကြတယ်။ ပြန်တဲ့အခါ ဟယ်ရီက ရယ်ရယ်မောမောနဲ့ ဘီလ်ပေါင် ၂,၀၀၀ ရှင်းလိုက်ရတယ်။

ဒီတစ်ညတော့ ချယ်လ်ဆီး မပါဘူး။ သူ့ငယ်ချင်း အာသာလန့်ဒွန်ရယ်၊ (အာသာက ဆန်းဒေးတိုင်း လူချမ်းသာစာရင်းမှာ အငယ်ဆုံးပါ။) နောက်ပြီး အာသာရဲ့အတွဲ ရှားလော့ကိုဝင်ရယ် ပါပါတယ်။ ဟယ်ရီဟာ သူ့စားပွဲနားကို မျှော်လင့်တကြီးဝဲလာကြတဲ့ လှပျို့ဖြူတွေကို စိတ်မဝင်စားဘူး။ အကြောင်းကတော့ ခရစ္စတီးနားရှိလို့ပါပဲ။ ခရစ္စတီးနားကို ဟယ်ရီက ဆောင်ကျီကလပ်မှာတုန်းကတည်းက သိကျွမ်းခဲ့တာ ဖြစ်ပါတယ်။ ခရစ္စတီးနားက VIP စားပွဲမှာ စောင့်နေကျဖြစ်ပြီး ဟယ်ရီနဲ့ ခင်မင်ရင်းစွဲရှိခဲ့သူပါ။ လွန်ခဲ့တဲ့နှစ်ပတ်က ဟယ်ရီဟာ ခရစ္စတီးရဲ့ဖုန်းနံပါတ်ကို လုံခြုံအောင်လုပ်ပြီး ရှုစမ်းနေခဲ့တယ်။ ဒီအခါ သူတို့သူငယ်ချင်းတွေကြားမှာ သူတို့နှစ်ယောက် ရင်းနှီးနေပြီ။ ကလဲရင့်စ်ကိုတောင် ဟယ်ရီနဲ့အတူ သွားနေပြီဆိုတဲ့ ကောလာဟလတွေ ထွက်လာတယ်။ ဒီသတင်းဟာ ထရီနီဒက်က မိဘများဆီ ရောက်သွားပြီး ဒါဟုတ်မဟုတ် စုံစမ်းခဲ့ကြတယ်။ ခရစ္စတီးနားကတော့ သစ္စာရှိစွာနဲ့ ဒီဆက်သွယ်မှုကို ဆွေးနွေးဖို့ငြင်းခဲ့တယ်။

ဒီသတင်းက ချယ်လ်ဆီးဆီကိုလည်း မရောက်ဘဲ မနေခဲ့ပါဘူး။ ချယ်လ်ဆီး စိတ်ဆိုးပြီး ဟယ်ရီကို အဆက်သွယ်ဖြတ်ကြောင်း ပြောလိုက်တယ်။ ချယ်လ်ဆီးဟာ ဟယ်ရီရဲ့ မငြိမ်သက်တဲ့စိတ်ကြောင့်ချည်း မဟုတ်ဘဲ အခုတက်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



လိဒ် တက္ကသိုလ်မှာလည်း မပျော်ဘူး။ အိမ်လွမ်းနာလည်း ဖြစ်နေတယ်။ သူလန်ဒန် ဟိသ်ရိုးလေဆိပ် ရောက်လာကတည်းက အဆင်မပြေခဲ့တာပါ။ လေဆိပ်ကို တစ်နာရီနီးပါး နောက်ကျရောက်လာတော့ ဟယ်ရီက အိပ်ရာကထလာတဲ့ပုံနဲ့ ခတ်ပုံ သမားတွေ ဝိုင်းလာတာကို ဒေါသတကြီး ဆဲရေးခဲ့တယ်။

ချယ်လ်ဆီးလည်း သူ့ဟာသူပဲ သူငယ်ချင်းတစ်စုနဲ့ လန်ဒန်အနောက်ဖျား "ဂျိုးကလပ်"မှာ ပွဲလုပ်ခဲ့တယ်။ မလုံ့တလုံ အဝတ်ဝတ်တယ်။ ရင်းနှီးတဲ့ မိန်းကလေးသူငယ်ချင်းတွေဝိုင်းပြီး ရှန့်ပိန်ခွက်ကိုမြှောက်ရင်း... "ပြီးသွားပြီ" လို့ ကြေညာလိုက်တယ်။ "သူက မကြိုးပမ်းဘူး။ ဒီတော့ ငါလည်း ငါ့အတွက် ကိုယ်ပိုင်လူလိုအပ်တယ်"လို့ ချယ်လ်ဆီး က ပြောခဲ့တယ်။ သူ့ကိုထပ်ပြီးယုံဖို့ မဖြစ်တော့ဘူးလို့လည်း ပြောပါတယ်။ အဲဒီသူငယ်ချင်းတွေထဲမှာ သူ့ အရင်းနှီးဆုံး သူငယ်ချင်း "ဘာဘယ်လ်"လည်း ပါတယ်။ ချယ်လ်ဆီးက သူ ဟယ်ရီနဲ့ပြတ်ကြောင်းပြောတော့ ဘာဘယ်လ်က သူ့ကို နှစ်သိမ့်တဲ့အနေနဲ့ လာပြီးဖက်တယ်။ ဒီအခါ ဘေးက သူငယ်ချင်းတွေလည်း ခေါင်းညိတ်ရင်း ချယ်လ်ဆီးတစ်ယောက် မှန်ကန်တဲ့ ဆုံးဖြတ်ချက်ချလိုက်ပြီလို့ သဘောတူခဲ့ကြတယ်။ ဟယ်ရီက ချယ်လ်ဆီးကို လက်မလွှတ်ချင်ဘူး။ ဒါပေမဲ့ ချယ်လ်ဆီးက အာဖရိကကို ခရစ္စမတ်ကျောင်းပိတ်ရက်ပြန်ဖို့ ဆုံးဖြတ်ပြီးသွားပြီ။ ကင်နာယာမှာပဲ အားလပ်ရက် နားတော့ မယ်လို့ စီစဉ်လိုက်တယ်။

အမှန်ပြောရရင် ချယ်လ်ဆီးဟာ သူ့မိသားစုကိုရော၊ သူ့ဘဝကိုပါ စတေးခဲ့တာပါ။ အားလုံးကိုစွန့်လွှတ်ပြီး လန်ဒန်က လိဒ်တက္ကသိုလ်ကို လာခဲ့တာ။ ဒီတက္ကသိုလ်က သူ့အဖို့ ခြောက်သွေ့ ငြီးငွေ့စရာညဖြစ်နေတယ်။ အဲဒီတက္ကသိုလ်မှာ ရှိစဉ် ပထမနှစ်ဝက်တစ်ခုလုံးမှာ ချယ်လ်ဆီးက မြို့ရဲ့အညံ့စားရပ်ကွက်လေးမှာ နေခဲ့တာဖြစ်ပြီး မြေညီထပ် အခန်းလေးရဲ့ ရှေ့မှာ ညစ်ပတ်စုတ်ပြတ်တဲ့ကွင်း ရှိနေတာဟာ ကိပ်တောင်းက ပေါင် သုံးသိန်းခွဲတန် မှန်တွေတပ်ထားတဲ့ ကမ်းခြေအိမ် လေးနဲ့ ကွာချင်တိုင်းကွာနေခဲ့တယ်။ ဒီနေရာဟာ သိပ်မြင်သာလွန်းတယ်လို့ ဟယ်ရီရဲ့ လုံခြုံရေးအရာရှိတွေက ပြောပေမယ့် ချယ်လ်ဆီးကတော့ ဒါဟာ ကျောင်းသူတစ်ယောက်ရဲ့ နေထိုင်ပုံပဲလို့ ပြောပါတယ်။ ဟယ်ရီလာတွေ့ရင်တော့ တခြားနေရာ၊ မိတ်ဆွေအိမ်မှာတွေ့ဖို့ အစီပွာယ်ရပါတယ်။

တကယ်မှာတော့... စိတ်ကူးယဉ်ခဲ့တာတွေနဲ့ အဝေးကြီးပါ။ ဟယ်ရီက ပြောင်းလဲသွားခဲ့ပြီ။ အဲဒီ အောက်တိုဘာမှာဖြစ်တဲ့ ချယ်လ်ဆီးရဲ့ ၂၂ နှစ်မြောက်မွေးနေ့ကို ဟယ်ရီလာဖို့ ပျက်ကွက်ခဲ့တယ်။ မွေးနေ့လာမယ့်အစား ဟယ်ရီက ပါရီကိုလေယာဉ်နဲ့သွားပြီး အင်္ဂလန်နဲ့ တောင်အာဖရိက ဘောလုံးကမ္ဘာဖလားပွဲကို သွားကြည့်ခဲ့တယ်။ အဲဒီမှာ သူ မရပ်မနား သောက်နေခဲ့တယ်။ လွန်ခဲ့တဲ့နှစ်နဲ့တော့ ကွာခြားခဲ့ပြီ။ မနှစ်ကဆိုရင် ဟယ်ရီက ကိပ်တောင်းကို လေယာဉ်နဲ့သွားပြီး ချယ်လ်စီးရဲ့ ၂၁ နှစ်မြောက်မွေးနေ့ကို ကျင်းပခဲ့တာပါ။ အဲဒီညက ဦးတည်ချက်က "၂၀ ကျော်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



နှစ်များ အော်သံ'' ဖြစ်တယ်။ ပွဲတစ်ဝက်မှာ ဟယ်ရီက သူ့ရုပ်အင်္ကျီကို ချွတ်ပစ်လိုက်ပြီး အထဲက တီရှပ်မှာရေးထားတဲ့ စာကို မြင်အောင်ပြခဲ့တယ်။ စာရဲ့အဓိပ္ပာယ်အရ... ချယ်လ်ဆီးဟာ ဟယ်ရီရဲ့ချစ်သူဆိုတာ ရှင်းရှင်းလင်းလင်း ဖြစ်စေခဲ့တယ်။

ထူးဆန်းတာက... အခုဆိုရင် သူတို့ နိုင်ငံတစ်နိုင်ငံထဲမှာ နေနေကြတယ်။ ဒါပေမဲ့... ဆက်ဆံရေးက စိတ်ဆင်းရဲစရာ ဖြစ်နေပြီ။ ချယ်လ်ဆီးဟာ လိဒ်တက္ကသိုလ်မှာ အထီးကျန်ခံစားနေရတယ်။ ချယ်လ်ဆီးဟာ ကိတ်မစ်ဒယ်လ်တန်နဲ့ မရင်းနှီးပေမယ့် မင်းသားတစ်ယောက်နဲ့တွဲရတာ ဘယ်လောက် ဖိအားများတယ်ဆိုတာ ကိတ် နားလည်သလို၊ နားလည်နိုင်သူဟာ ချယ်လ်ဆီးတစ်ယောက်ပဲ ရှိပါတယ်။ ဒီလိုအခြေအနေမျိုး ရောက်ရှိခဲ့တဲ့ ကိတ်ရဲ့အဖြစ်ဟာ လပိုင်းပဲ ရှိပါသေးတယ်။ တခြား အရာရာလိုပါပဲ။ ဝီလျံနဲ့ဟယ်ရီတို့ရဲ့ အချစ်ဟာ အတူတူပါပဲ။ ဒီတော့ ဒီအတိုင်းပဲ ထားလိုက်ပါလို့ ကိတ်က နှစ်သိမ့်တယ်။ ယောကျ်ားတွေဟာ... ယောကျ်ားပါပဲ။ သူ မတည်ကြည်ဘူး၊ ပွေတယ်ဆိုရင်... မျက်ကွယ်ပြုထားလိုက်ပါ။ သူ မင်းကိုချစ်ပါတယ်။ မင်းဆီ ပြန်လာမှာပါလို့ နှစ်သိမ့်ခဲ့တယ်။ ကိတ်ပြောတာ မှန်ပါလိမ့်မယ်။ ဒါပေမဲ့ ချယ်လ်ဆီး နားထဲမဝင်ဘူး။ ချယ်လ်ဆီးက အရူးမဟုတ်ဘူး။ အာဖရိကမှာဆိုရင် ချယ်လ်ဆီးဆိုတာ အလှဆုံးနဲ့ အတောက်ပဆုံး၊ အချမ်းသာဆုံး မိန်းကလေးပဲ။ ချယ်လ်ဆီးမှာ ယောကျ်ားမရှားဘူး။ ဒီတော့ ဟယ်ရီလည်း ဖင်ဘာအွေက မိတ်ဆွေဟောင်း ဘရက်လီကို စိတ်ပူလာတယ်။ ဘရက်လီက ချယ်လ်ဆီးနဲ့ နီးကပ်တယ်။ ထွေထွေထူးထူးချစ်သူတွေ မဟုတ်ကြပေမယ့် ''မိကျောင်းဖမ်းဝါသနာပါတဲ့ လူချော၊ ကျောင်းသား''အဖြစ် စိုးရိမ်လာတယ်။

ဒါပေမဲ့... အမှန်က ဟယ်ရီစိုးရိမ်ဖို့ မရှိပါဘူး။ ချယ်လ်ဆီးက သူ့ကိုမြတ်နိုးပါတယ်။ သူ့ကိုယ်သူ ထိန်းလာခဲ့တာပါ။ ဟယ်ရီဟာ သူ့အချစ်ဦးပါ။ အခုဖြစ်တာ ခဏပဲ။ မကြာခဏ ကွဲကြတဲ့အဖြစ်ပါ။ မကြာခင်ရက်များမှာ သူတို့ ပြန်ခေါ်ခဲ့ကြတယ်။ အခု သူတို့ ပြန်ခေါ်ကြတဲ့အချိန်ကတော့ ပိုပြီးတိုတောင်းတယ်။ ပိုပြီးလည်း ကြင်နာကြရတယ်။ ဘာကြောင့်ဆို... ဟယ်ရီက အာဖဂန်နစ္စတန်ကို တာဝန်ကျသွားလို့ပါပဲ။

ဒါဟာ...ဟယ်ရီ စောင့်နေခဲ့တဲ့အချိန်ပါ။

အီရတ်ကို စစ်ထွက်ဖို့ အရေးမသာခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်ဆာရစ်ချတ်ဒယ်နတ်ဟာ ဟယ်ရီကို ရှေ့တန်းပို့ဖို့ စဉ်းစားခဲ့တယ်။ အခုတော့ နည်းလမ်းတစ်ခု တွေ့သွားပါပြီ။

ဒီကိစ္စအတွက် ဟယ်ရီရဲ့မိသားစုရယ်၊ ကာကွယ်ရေးဝန်ကြီးဌာနက လူနည်းနည်းရယ်၊ ဝန်ကြီးချုပ်ဂေါ်ဒင်ဘရောင်းရယ်ပဲ သိရှိခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့... သတင်းလောကမှာတော့ ဟယ်ရီတစ်ယောက် အာဖဂန်နစ္စတန်ကို သွားရတော့မယ်ဆိုတာ တီးတိုးပြောဆိုနေကြပြီ။ ပယ်ဒီဟာဗာဆန်က မသေချာတဲ့သတင်းတွေ မရေးဖို့ သတင်းအဖွဲ့အစည်းတွေကို သတိပေးထားပေမယ့် ဗိုလ်ချုပ်ဒယ်နတ်ကတော့ အလုပ်ဖြစ်ချင်တယ်ဆိုရင် ဒီလျှို့ဝှက်သတင်းကို ဖလိဒ်လမ်း သတင်းရုံးက သိထားရမယ်လို့ ယူဆတယ်။ မင်းသားအင်ဒရူး ဖောက်ကလင်ကျွန်းမှာ တိုက်ခဲ့တုန်းကဆိုရင် D ...

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သတိပေးချက်ဆိုပြီး ထုတ်ပြန်ခဲ့သေးတာပါ။ မင်းသားနဲ့ပတ်သက်တဲ့ တာဝန်တွေကိုရေးဖို့ ပိတ်ထားခြင်းကိစ္စတစ်ခု ဖြစ်တယ်။ ဒီနည်းနဲ့ အဲဒီကိစ္စဟာ အောင်မြင်ခဲ့တယ်။ ဒီတော့ ဟယ်ရီရဲ့ကိစ္စမှာလည်း ဒီလိုပဲဖြစ်ရမယ်။ ဟယ်ရီဆိုတာ ဗြိတိသျှမီဒီယာရဲ့ လှုပ်လှုပ်ရှားရှားဖြစ်စေတဲ့လူ မဟုတ်ဘူး။ သူတို့က ဟယ်ရီတစ်ယောက် နိုက်ကလပ်တွေမှာ ဖြစ်ချင်တိုင်း ဖြစ်နေတယ် ဆိုတာကို ဓာတ်ပုံ ရိုက်ပြချင်ကြတယ်။ ဟယ်ရီက သူ့မိခင်သေဆုံးရတာဟာ ဓာတ်ပုံဆရာတွေမှာ တစ်စိတ်တစ်ပိုင်း တာဝန်ရှိတယ်လို့ ယူဆတုန်းပါ။ ခုအချိန်မှာတော့ သူတို့ကိုယုံဖို့ကလွဲပြီး ရွေးစရာလမ်း မရှိဘူး။ ဒါကြောင့်... ဗိုလ်ချုပ်ဒယ်နတ်ဟာ ပယ်ဒီဟာဗာဆန်နဲ့အတူ သတင်းဌာနက လက်ရွေးစင်အဖွဲ့ဝင်တချို့ကို ကလဲရင့်စ်ဟောက်စ်ဆီ ဖိတ်ကြားပြီး၊ အလွတ်တမ်း စည်းဝေးခဲ့တယ်။ နောက်ဆုံး ဟယ်ရီ စစ်မြေပြင်မှာ တာဝန်ကျကြောင်းသတင်းကို မှောင်ချ ထားဖို့ သဘောတူခဲ့ကြပါတယ်။ ဟယ်ရီ ဗြိတိသျှမြေကို ပြန်မရောက်မချင်း သတင်းမပေါက်ကြားဖို့ အယ်ဒီတာတိုင်း ကတိပေးကြရတယ်။ ဒါပေမဲ့... ပေးရတာတစ်ခုတော့ ရှိပါတယ်။ သတင်းသမားတွေ ပါဝင်လုပ်ဆောင်ရတဲ့အတွက် တောင်းဆိုကြတာကတော့ ဟယ်ရီ မထွက်ခွာခင်မှာ ဟယ်ရီနဲ့ အင်တာဗျူးခွင့်ပါပဲ။ ပြီးတော့ ဟယ်ရီ စစ်မြေပြင်မှာရှိစဉ်နဲ့ အိမ်ပြန်ရောက်တဲ့အခါ သူတို့နဲ့ အဆက်အသွယ်ရချင်ကြတယ် ဆိုတာပါ။ ဒါကို... ဟယ်ရီက သဘောတူခဲ့ပါတယ်။

လျှို့ဝှက်သတင်းစာရှင်းလင်းပွဲအတွက် ကလဲရင့်ဟောက်စ်ကို ပုံနှိပ်မီဒီယာမှတစ်ဦးနဲ့ အသံလွှင့်သမားတစ်ဦးပဲ ဖိတ်ပါတယ်။ ဟယ်ရီက ပြောကြားရာမှာ သူသွားတော့က သူစစ်ထွက်ရတော့မယ် ဆိုတာကို ပြောပြကြောင်း ဖွင့်ပြောတယ်။ ဘုရင်မကြီးနဲ့ ချားလ်စ်တို့ဟာ ဗိုလ်ချုပ်ဒယ်နတ်နဲ့အတူ နှစ်နာရီကြာ စဉ်းစားခဲ့ကြတာဖြစ်ပြီး၊ နောက်ဆုံးမှ ဟယ်ရီကို စစ်မြေပြင်လွှတ်ဖို့ ဆုံးဖြတ်ခဲ့ကြောင်း အဘွားကပြောပါတယ်။ ကျွန်တော် အာဖဂန်နစ္စတန်ကို သွားရမယ်တဲ့၊ ဒါဟာဖြစ်သင့်တဲ့ နည်းလမ်းပါပဲလို့လည်း ဟယ်ရီကဆိုတယ်။ သတင်းစာရှင်းလင်းပွဲမှာ ဟယ်ရီက အရပ်ဝတ်ကို ဝတ်ထားတယ်။ နောက်နေ့ဆိုရင် သူ "ကင်ဒါဟာ"ကို လေယာဉ်နဲ့ သွားရတော့မှာပါ။ မသွားခင် အင်တာဗျူးလုပ်မယ့်ကိစ္စမှာ စောစောကတည်းက မေးခွန်းတွေအတွက် လမ်းညွှန်သင်ကြားပြီးသား ဖြစ်တယ်။ ဟယ်ရီဟာ သူ့ကိုယ်သူယုံကြည်ပြီး အံ့သြစရာ ကောင်းလောက်အောင် သက်သက်သာသာ အနေအထားမှာ ရှိနေခဲ့တယ်။ သူ့ရှေ့မှာရှိနေတဲ့ တာဝန်နဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှု အလျှင်းမရှိဘူး။

သူဟာ တစ်လတာ တော်ဝင်လေတပ်မတော်မှာ လေကြောင်းထိန်းသိမ်းသူ သင်တန်းကိုတက်ခဲ့ရတယ်။ ရှော့ခ်ရှိုင်း ယားပြည်နယ် မြောက်ပိုင်းမှာရှိတဲ့ ဒီသင်တန်းမှာ ရန်သူပစ်မှတ်ဆီ လေကြောင်းနဲ့ထောက်ပံ့ဖို့ လေယာဉ်နဲ့ဆင်းရမှု ကိစ္စ ပါဝင်ပါတယ်။ အာဖဂန်နစ္စတန်ရောက်ရင်တော့ ဘယ်လို တာဝန်ယူရမလဲ ဆိုတာ သူ အတိအကျ မသိရသေးဘူး။ "ဘာမှ ရှင်းရှင်းလင်းလင်း မသိရသေးဘူး။ အာဖဂန်နစ္စတန်ကို စစ်ဆင်ရေးသွားတဲ့လူတိုင်း အမျိုးမျိုးကြုံရမှာပဲ။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ကျွန်တော်က TACP ကို သွားရမှာပါ။ အဲဒါက လေကြောင်းထိန်းချုပ်ရေးအဖွဲ့ ဖြစ်တယ်။ ဒီအဖွဲ့က တော်ဝင်လေတပ်မတော်နဲ့ ဂျက်လေယာဉ်တွေကို ချိတ်ဆက်ထားတယ်။ ဆင်းရမယ့်နေရာတွေကို ဆပ်ပလိုင်းလုပ်ရတယ်၊ ပြောပေးရတယ် စသဖြင့်ပါပဲ။ ကျွန်တော် ဘာလုပ်ရမယ်ဆိုတဲ့ အသေးစိတ်ကိုတော့ မသိရသေးဘူး''လို့ ဟယ်ရီက ဖြေပါတယ်။

အရိုးရှင်းဆုံးပြောရရင် အဲဒါက လေကြောင်းလမ်းထိန်းချုပ်ရေးပါ။ လေယာဉ်တွေကို လမ်းညွှန်ရမယ်။ ဗုံးသယ်သွားတဲ့ အမြန်ဂျက်လေယာဉ်တွေ၊ ကင်းထောက်လေယာဉ်တွေကနေ ပုံမှန်တပ်ချထားတဲ့ဆီသွားဖို့၊ ထောက်ပံ့ရေးပစ္စည်းချဖို့တွေကို လမ်းညွှန်ရမယ်။ ဟယ်ရီက အိမ်တော်စောင့်မြင်းတပ်က အရာရှိ ဒုတိယဗိုလ်မှူးကြီး အက်ဒ်ဝပ် စမစ်အော့စ်ဘိုန်း လက်အောက်မှာ အလုပ်လုပ်ရတာပါ။ ဒီဗိုလ်မှူးကြီးက ဗိုလ်မှူးဒယ်နတ်နဲ့ အနီးကပ်ဆွေးနွေးပြီး ဟယ်ရီကို ရှေ့တန်းပို့ဖို့ စီစဉ်ခဲ့တာဖြစ်တယ်။ ဒီတာဝန်က သူ သင်တန်းတက်ခဲ့ရတဲ့ ရန်သူ ရှာဖွေထောက်လှမ်းရေးနဲ့ မတူပါဘူး။ ဒါပေမဲ့ ဟယ်ရီက ကောင်းကောင်းကြီး ပြင်ဆင်ထားခဲ့တယ်။

''ကျွန်တော်ဖြင့် ဒါမျိုး စစ်တပ်ထဲမှာ လုပ်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးခဲ့မိဘူး။ ဒါအတွက် လေ့ကျင့်ထားခဲ့ပါတယ်။ ဟိသ်ရိုးလေဆိပ်မှာ ဒါမျိုး တစ်ရက်မှ မလုပ်ဖူးပါဘူး။ ဒါပေမဲ့ စစ်တပ်က လေကြောင်းလမ်းထိန်းချုပ်မှု ပေးနိုင်တဲ့ အတိုင်းအတာအထိ ကျွန်တော် သင်တန်းတက်ခဲ့ပြီးပါပြီ''

အခုဆိုရင် သူ သိပ်ကို ကျေနပ်ပျော်ရွှင်သွားပြီဆိုတာ ဖုံးကွယ်စရာ မရှိတော့ပါဘူး။ သူ ကြီးမားတဲ့သက်သာမှု၊ ကျေနပ်မှု ခံစားရတယ်လို့လည်း သူ ဝန်ခံပါတယ်။

''စိတ်နည်းနည်း လှုပ်ရှားတယ်။ နည်းနည်းလေးပေါ့... ဟူး... နောက်ဆုံးတော့ ကျွန်တော် စစ်ထဲဝင်ရင် လုပ်ချင်ခဲ့တဲ့ စစ်သားအလုပ်ကို တကယ်လုပ်ခွင့်ရပါပြီ''

အဲဒီနောက် သူ အရင်တစ်ခေါက် ဧပြီလမှာ သူ့ရဲဘော်တွေ စစ်ထွက်ကြတဲ့အခါ သူ့ကို မလွှတ်တဲ့အတွက် စိတ်အကြီးအကျယ် ပျက်ခဲ့ရတာကို ပထမဆုံးအကြိမ် လူသိရှင်ကြား ထုတ်ပြောလိုက်ပါတယ်။

''အဲဒီကိစ္စဟာ... သိပ်ကို ခက်ပါတယ်။ ကျွန်တော် တွေးမိတယ်၊ ကျွန်တော် စစ်မြေပြင် ထွက်ခွင့်မရတာဟာ အဓိက အကြောင်းရင်းက ကျွန်တော်ဖြစ်နေလို့ပါပဲ''

သူ့ကို မင်းသားဖြစ်ရတဲ့အပေါ် မင်းသားမဖြစ်ချင်ဘူးလားလို့ မေးတဲ့အခါမှာတော့... ''ဖြစ်ချင်ပါတယ်။ အတော်ကြီးကို ဖြစ်ချင်ပါတယ်။ တကယ်ပါ''လို့ ဖြေပါတယ်။

တပ်ထဲမှာ သူ့အနာဂတ် အမြဲထားမှာလားလို့ မေးတဲ့အခါ... ဒီလိုပြောပါတယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



''ထွက်တယ်ဆိုတဲ့စကားကို ကျွန်တော် မသုံးနိုင်ဘူး။ ဒီကိစ္စဟာ ကျွန်တော် ခံစားတာက... အကယ်၍ လူအများအပြားကို ဒုက္ခဖြစ်စေတယ်ဆိုရင် ကျွန်တော် ခေါင်းငုံ့ပြီးထွက်မယ်။ အဲဒါဟာ ကျွန်တော် စဉ်းစားထားတာပါ။ တချိန်တည်းမှာပဲ ဒါကို ကျွန်တော်ဖြစ်ချင်စိတ် ပြင်းပြခဲ့တယ်။ အခွင့်အလမ်း မျှော်လင့်ခဲ့တယ်။ ခုတော့ ကံကောင်းစွာ ဖြစ်လာခဲ့ပါပြီ''

အာဖဂန်နစ္စတန်ဆိုတာ ''ကြီးမြတ်တဲ့ အပန်းဖြေစခန်း''မဟုတ်ဘူးဆိုတာ ဟယ်ရီ သိပါတယ်။

''ကျွန်တော်က အလုပ်ကို လက်တွေ့လုပ်ချင်တာပါ။ လူတိုင်းကို မဖြစ်မနေ ကူညီချင်တယ်။ ကျွန်တော် တတ်နိုင်သလောက် လုပ်ချင်တယ်''

လို့လည်း ဆိုပါတယ်။ ဆက်လက်ပြီး တော်ဝင်တို့ရဲ့ အစဉ်အလာအတိုင်း စစ်တပ်ထဲမှာ ဝင်ရောက်အမှုထမ်းခြင်းကို ဆက်ခံတာလည်း ဖြစ်တယ်။ ဘုရင်မကြီးရဲ့ ခမည်းတော် ဆဋ္ဌမမြောက် ဂျော့ဘုရင်ဟာ အသက် ၂၀ မှာ တော်ဝင်ရေတပ်ထဲမှာ ဒု-ဗိုလ်အဖြစ် ''ဂျပ်လန်စစ်ပွဲ''ကို ဝင်တိုက်ခဲ့တယ်။ ၁၉၁၆ မေလမှာ ဖြစ်ပါတယ်။

ဘုရင်မကြီးကိုယ်တိုင်လည်း ဒုတိယကမ္ဘာစစ်ပြီးတဲ့အထိ အမျိုးသမီး အကူတပ်ထဲမှာ ပါဝင်အမှုထမ်းခဲ့တာပါ။ တပ်ထဲမှာ အချိန်ပြည့် တာဝန်ထမ်းခဲ့တဲ့ ပထမဆုံး တော်ဝင်အမျိုးသမီး ဖြစ်ပါတယ်။ ဘုရင်မကြီးရဲ့ ကြင်ရာတော် အီဒင်ဘာ့ဂ် မြို့စားကြီးဆိုရင်လည်း ၁၉၃၉ မှ ၁၉၅၂ အထိ တော်ဝင်ရေတပ်ထဲကနေ ဒုတိယကမ္ဘာစစ်ကို မင်တာဝင် စစ်ပွဲမှာ တိုက်ခဲ့တယ်။ အဲဒီမှာ အပစ်ခံနေရတဲ့ စစ်သင်္ဘောတွေက မီးထိုးပြီးရှာရတဲ့ အလုပ်ကို မြို့စားကြီးက ညွှန်ကြားခဲ့တာပါ။ တစ်ခါ ၁၉၈၂ မှာ အင်ဒရူးမင်းသားဟာ တော်ဝင်ရေတပ်နဲ့အတူ အဝေးမှာ နှစ်ပေါင်း ၂၀ အမှုထမ်းခဲ့တယ်။ ဟယ်လီကော်ပတာမှာ ဒု-လေယာဉ်မှူးအဖြစ် ကင်းပင်လယ်မှာ ပျံသန်းခဲ့တယ်။ ထောက်ပံ့ရေးတာဝန်တွေကို ဖောက်ကလင်စစ်ပွဲမှာ တာဝန်ယူခဲ့တယ်။ ချားလ်စ်လည်းပဲ မိုင်းရှင်းတဲ့ဗိုလ်အဖြစ် အင်္ဂလိပ်ရေလက်ကြားမှာ ဝေ့ဝဲနေတဲ့ ဆိုဗီယက်စစ်သင်္ဘောကို အောင်မြင်စွာ ထောက်လှမ်းနိုင်ခဲ့တယ်။ အမှန်တော့ မကြာသေးခင်က ဝက်စ်ဆက်စ်နယ်စား တစ်ဦးပဲ။ တော်ဝင်ရေတပ်ကွန်မန်ဒိုသင်တန်းကျပြီး မအောင်မြင်ခဲ့တာပါ။ ခုအချိန်မှာတော့ ဘုရင်မကြီးနဲ့ တိုင်းပြည်အတွက် တိုက်နိုင်တယ်ဆိုတာ သက်သေပြဖို့ ဟယ်ရီရဲ့အလှည့် ရောက်လာပါပြီ။

■

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာ (၁၄)ရက်။

အောက်စ်ဖို့ရှိုင်းယားရှိ တော်ဝင်လေတပ်နယ်မြေမှာ ခါးခါးသီးသီး အေးနေတယ်။ ဒီလေယာဉ်ကွင်းဟာ လွန်ခဲ့တဲ့ ဆယ်နှစ်က ဟယ်ရီရဲ့မိခင် နောက်ဆုံးအိမ်ပြန်ဖို့ လေကြောင်းကနေ ရောက်ရှိခဲ့တဲ့ ကွင်းပါပဲ။ ဟယ်ရီဟာ တိုက်ခိုက်သားတဲ့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လေအေးကိုခံဖို့ အနွေးဆုံး စိတ်ခွန်အားနဲ့ အမြန်လျှောက်လာခဲ့တယ်။C-17 RAF Globe master III ဆိုတဲ့ ကုန်တင်လေယာဉ်ပေါ် တက်လှမ်းလိုက်တယ်။ သူ့စစ်ကျောပိုးအိတ်က တောင့်တင်းပြည့်ကျပ်နေပြီး ၅၅ ပေါင်လေးတယ်။ အဲဒီအိတ်ထဲမှာ လေးလစာ လိုအပ်ပစ္စည်းတွေ သူ ထည့်ထားတယ်။ အဲဒီပစ္စည်းတွေထဲမှာက ရေဒီယိုအသေးလေးတစ်လုံး၊ ရာသီမရွေးအိပ်လို့ရတဲ့ အိပ်ယာလိပ်၊ ဖောင်းပွအောင်လုပ်လို့ရတဲ့ လေအိပ်ရာ၊ မျက်လုံးကို အကာအကွယ်ပေးနိုင်တဲ့မျက်မှန်၊ နေရောင်ခံတဲ့ခရင်(မ်)လိမ်းဆေး၊ လက်နက်တွေပေါ်မှာ သဲကပ်နေရင် သုတ်ပစ်နိုင်တဲ့ ဘရပ်ရှ်တို့နဲ့အတူ သူ့အကြိုက်ဆုံး ''ဟာရီဆို'' ဂျယ်လီသကြားလုံးတွေလည်း ပါပါတယ်။

သူ့ခြောက်လုံးပြူးနဲ့ SA 80 A2... ရိုင်ဖယ်သေနတ်ကိုတော့ လက်နက်ထည့်တဲ့အိတ်ထဲမှာ သပ်သပ်ထည့်ထားတယ်။ ဒါကိုတော့ သူ မြေပြင်ပေါ်ရောက်ရောက်ချင်း ပေးမှာဖြစ်တယ်။ သူ့ခါးမှာက Help for Heroes တံဆိပ်အနီနဲ့အပြာရောင်ကို ပတ်ထားတယ်။

အခု သူစီးမယ့်လေယာဉ်ဟာ သာမန်လေယာဉ် မဟုတ်ဘူး... ။ လေယာဉ်က အကြီးကြီးဖြစ်ပြီး တင့်ကားတွေ၊ ဟယ်လီကော့ပတာတွေကို သယ်နိုင်တဲ့လေယာဉ် ဖြစ်တယ်။ အထဲမှာ လူထိုင်ဖို့ ထိုင်ခုံတွေမပါဘူး။ ဘေးနံရံကနေ ဆွဲချလို့ရတဲ့ တန်းလျားပါတယ်။ အဲဒီတန်းလျားမှာ စစ်သားတွေ ထိုင်လို့ရတယ်။ သူတို့ဟာ ဒီနေကင်ဒါဟာကို ၁၁နာရီကြာ စီးနင်းလိုက်ပါကြရမှာ ဖြစ်ပါတယ်။ လေယာဉ်ကမငြိမ်ဘူး။ လှုပ်ရှားတုန်ခါမှု များတယ်။ စီးရတာ သက်သောင့်သက်သာ မဖြစ်ဘူး။ ဟယ်ရီက လေယာဉ်တက်ပြီဆိုတာနဲ့ သူ့အိပ်ရာလိပ်ကို ကြမ်းပြင်ပေါ် ဖြန့်ခင်းလိုက်ပြီး... အိပ်ပျော်အောင် ကြိုးစားတယ်။ မြေပြင်ပေါ်ဆင်းရင်တော့ ခေါင်းဆောင်းဦးထုပ်နဲ့ ကျည်ကာအင်္ကျီဝတ်ဖို့ ညွှန်ကြားခံခဲ့ရတယ်။ သူ့ယူနီဖောင်းက ရင်ဘတ်မှာ 'Blues and Royals' သိမ်းငှက်တံဆိပ်ပါတယ်။ ဒါ့အပြင် သူ့ရဲ့တပ်သားနံပါတ် WA 4673 A... ဆိုတာ ပါပါတယ်။

သူတို့ လေယာဉ်ပေါ်က မြေပြင်ကို ဆင်းကြတဲ့အခါ ၄၈ နာရီ နားခွင့်ရပါတယ်။ ဒါက ရာသီဥတုမတူတဲ့ နေရာမှာ နေသားမကျသေးလို့ နေနိုင်အောင် အနားပေးတာ ဖြစ်ပါတယ်။ အဲဒီ ၄၈ နာရီ ပြီးရင်တော့ စစ်ဆင်ရေးစခန်းဖြစ်တဲ့ ''ချီနွတ်''ကို လေယာဉ်နဲ့ပျံရမှာပါ။ အဲဒီစခန်းက''ဟီးလ်မင်းနယ်''အလယ်ပိုင်းမှာရှိပြီး ဖုန်ထူတဲ့ဒေသပါ။ မြေပေါ်မှာ အန္တရာယ်အများဆုံး နေရာအဖြစ် ယူဆထားကြတဲ့နေရာပါပဲ။ ဒီအခြေစိုက်စခန်းက ဘောလုံးကွင်း လေးခုစာလောက် ကျယ်ပါတယ်။ နေလို့ထိုင်လို့ အတော် မသက်သာတဲ့နေရာဖြစ်ပြီး သဲတွေ၊ ကျောက်ခဲရစ်တွေ ထည့်ထားတဲ့ ကွန်တိန်နာတွေနဲ့ အကာအကွယ်ယူထားတယ်။

ဟယ်ရီနေရတဲ့နေရာက ရှေ့တန်းသဲကန္တာရမြို့လေးဖြစ်တဲ့ ''ဂမ်ဆာ''နဲ့ ခုနစ်မိုင်ကွာတယ်။ အရင်က စီးပွားရေးမြို့ဖြစ်ခဲ့ပေမယ့် အခုအခါမှာ ပျက်စီးဟောင်းနွမ်းတဲ့ လမ်းတွေပဲ တွေ့ရတော့တယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီရဲ့နာမည်က "ကောနက်ဝေးလ်စ်"ပါ။ သူ့ကို အိမ်ကမထွက်ခင် ကောင်းကောင်း ဩဝါဒပေးခဲ့ပြီးပါပြီ။ အခုဆိုရင် ကောနက်ဝေးလ်စ်ဟာ အာဖဂန်နစ္စတန်မှာ စစ်မှုထမ်းနေတဲ့ ဗြိတိသျှစစ်သား ၃၀,၀၀၀ အနက် တစ်ယောက်အပါဝင် ဖြစ်ခဲ့ပါပြီ။ ၂၀၀၁ ခုနှစ် အမေရိကန်ပြည်ထောင်စု ဦးဆောင်တဲ့ ကျူးကျော်ရေးစစ်မှာ ပထမတော့ ဗြိတိသျှတို့က မြို့တော် "ကဘူးလ်"ကို လုံခြုံရေးယူဖို့ ကူညီခဲ့တာဖြစ်တယ်။ ၂၀၀၆ မှာမှ အာဖဂန်နစ္စတန်တောင်ပိုင်း ဟီးလ်မင်းနယ်ကို ရွှေ့ခဲ့တာပါ။ ပထမတုန်းကတော့ ဒီနေရာ တာလီဘန်တို့ရဲ့အဓိက အချက်အချာမှာ အာဖဂန်အစိုးရချုပ်ကိုင်မှုကို တိုးချဲ့နိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတယ်။ ဒါပေမဲ့ မဟာမိတ်တပ်များဟာ တင်းမာတဲ့ခုခံမှုနဲ့ ရင်ဆိုင်ခဲ့ရပြီး နှစ်အတော်ကြာ သွေးချောင်းစီးတိုက်ပွဲတွေ ဆင်နွှဲခဲ့ကြရတယ်။ အခု ဟယ်ရီရောက်သွားတဲ့ အချိန်မှာဆိုရင် ဗြိတိသျှစစ်သည်ပေါင်း ၈၉ ဦး သေဆုံးခဲ့ရပြီး ရာပေါင်းများစွာ ဒဏ်ရာရခဲ့ကြတယ်။ ၆၃ ယောက်က တာလီဘန်တွေနဲ့ ရင်ဆိုင်တိုက်နေရဆဲ ဖြစ်တယ်။

ဟယ်ရီ နောက်ဆုံးသင်တန်းပေး စစ်ဆေးခံရမယ့် နေရာက အာဖဂန်နစ္စတန်ရဲ့ သဲပြင်ပေါ်က စစ်တလင်း ဖြစ်နေပါတယ်။ ကောင်းကင်မှာရှိတဲ့ လေယာဉ်မှူးတွေအတွက် သူ့အမည်က Widow Six Seven ဖြစ်တယ်။ သူက ကောင်းကင်မှာ ပျံနေတဲ့လေယာဉ်တွေကို အနီးကပ်ကြည့်ရင်း ရေဒီယိုဆက်သွယ်မှု အချက်ပြရတယ်။ ရန်သူတွေကို တော့ ပိုပြီး အနီးကပ်ကြည့်ရပါတယ်။ သူ အခု တာဝန်ကျနေတဲ့နေရာက စစ်ဆင်ရေး ရှေ့တန်းစခန်းဝန်းကျင်မှာပါ။ တင်းကျပ်တဲ့စစ်ဒေသ ဖြစ်ပါတယ်။ သူ့တာဝန်က မြေပြင်မှာရှိတဲ့ တာလီဘန်တွေကို စစ်ဆေးထောက်လှမ်းဖို့ဖြစ်ပြီး ရန်သူပစ်မှတ်ကို ရှင်းလင်းအောင်ကြည့်ပေးဖို့ ဖြစ်တယ်။ နာရီပေါင်းများစွာ မြေပုံတွေကြည့်ခြင်း၊ ပုံရိပ်တွေရှာဖွေခြင်း၊ ရန်သူ့အနေအထားကို ဗီဒီယိုမှတ်တမ်းယူခြင်း၊ အစစအရာရာ အသေးစိတ်အခြေအနေကို စာရင်းပြုစုခြင်း၊ အတည်ပြုခြင်း၊ တာလီဘန်တို့ရဲ့နေရာကို ထောက်ပြခြင်းတွေ လုပ်ရပါတယ်။ သူ့လေကြောင်းနယ်နိမိတ်ထဲကို ဝင်ဖို့အတွက် မဟာမိတ် လေယာဉ်တွေလည်း သူ့ခွင့်ပြုချက်ကို ယူဖို့လိုပါတယ်။ မကြာမီရက်များမှာ သူ့ရဲ့ပထမဆုံး လေကြောင်းတိုက်ပွဲမှာ ပါဝင်ဆင်နွှဲရတော့မှာ ဖြစ်ပါတယ်။

ရှေ့တန်းစစ်ဆင်ရေး အခြေစိုက်စခန်းရဲ့ အခန်းထဲမှာ ဟယ်ရီဟာ ကွန်ပျူတာမှာကြည့်ပြီး ပြောင်းလဲတိုးတက် နေတဲ့ လှုပ်ရှားမှုမှန်သမျှကို အနီးကပ်ကြည့်ရတယ်။ တာလီဘန် တီဗီထဲကို ကူးထည့်ပေးတယ်။ တာလီဘန်တွေ နားထောင် မိတဲ့အခါ ထွက်လာကြတယ်။ လှည့်စားတာပါ... လို့ ဟယ်ရီက ရှင်းပြပါတယ်။ သူ့တာဝန်က အသံလွှင့်ပေးဖို့ပါ။ တစ်ရက်ကြိုလွှင့်တာ ဖြစ်ချင်ဖြစ်မယ်။ စစ်ပွဲနေ့မှ ဖြစ်ချင်ဖြစ်မယ်။ သူနဲ့အတူ ဒေးဗစ်ဘက်စ်တာဆိုတဲ့ အသက် ၂၈ နှစ်အရွယ် အရင်က တင့်ကားမောင်းသူ ရဲဘော်လေးတို့ တာဝန်ကျတယ်။ အဲဒီရဲဘော်ကလည်း အိမ်တော်စောင့်တပ်မှာ သူနဲ့အတူ သင်တန်းတက်ခဲ့တာပါ။ သူဟာ မကြာခင်မှာပဲ ဒီရဲဘော်ရဲ့လေးစားမှုကို ရရှိခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သူက တကယ်ကို နှိမ့်ချတဲ့လူပဲ။ အမှန်ပြောရရင် သူ့ကို ဘယ်သူကမှ ထီးနန်းမှာ တတိယနေရာရောက်နေတဲ့ လူလို့ မထင်ကြဘူးလို့ ကျွန်တော်ထင်တယ်။ သူ့မှာ တခြားအရာရှိတွေလိုပဲ မျက်နှာပေး တန်ဖိုးရှိတယ်။ ခန္ဓာကိုယ်လည်း ကြံ့ခိုင်တောင့်တင်းတယ်။ သူ့အရင် တာဝန်ကျသူဆီက တာဝန်လွှဲယူလိုက်တဲ့ ပထမကြိမ်မှာပဲ သူက နေရာတကျဖြစ်နေခဲ့ တယ်။ သူ့ကိုယ်သူ တကယ်ကို ယုံကြည်မှုအပြည့် ရှိတယ်။ ဒီမှာ သူ အတော်နေခဲ့ဖူးသလို ထင်ရတယ်။ သူ စကားပြောနေတဲ့ လေယာဉ်မှူးတွေနဲ့လည်း ပြေလည်ချောမွေ့နေတယ်။ သူတို့ စကားပြောနေတဲ့လူဟာ ဘယ်သူမှန်းသိသွားရင် အဲဒီ လေယာဉ်မှူးတွေ အတော်ကို အံ့အားသင့်သွားမယ်ဆိုတာ သေချာတယ်" လို့ ရဲဘော်ကဆိုပါတယ်။

ဟယ်ရီရဲ့ ပင်ကို လိုက်လိုက်လျောလျောနေတတ်တဲ့ စရိုက်ရယ်၊ ပျော်ပျော်နေတတ်တဲ့ အကျင့်ရယ်ကြောင့် မကြာခင်မှာပဲ သူ့ရဲဘော်ရဲဘက်တွေရဲ့ ခင်မင်မှု၊ ယုံကြည်မှုကို ရရှိသွားခဲ့တယ်။ တိုက်ပွဲမရှိတဲ့အချိန်၊ ခြိမ်းခြောက်မှုမရှိတဲ့ အခါမျိုးဆိုရင် သူဟာ ရေဒီယိုဆက်သွယ်ရေးကနေ ပိုင်းလော့စ်တွေနဲ့ သူတို့အိမ်အကြောင်း၊ မိသားစုအကြောင်း စပ်မိစပ် ရာ ပြောဆိုနေတတ်တယ်။ "အဲလို စကားစမြည် ပြောနေရတာဟာ သက်သောင့်သက်သာရှိပြီး ကောင်းပါတယ်။ တစ်ခုခု အခက်အခဲဖြစ်လာပြီ ဆိုတာသိရင် ကိုယ်လုပ်စရာရှိတာ လုပ်နိုင်တာပဲ" လို့ ဟယ်ရီက ပြောပါတယ်။ ဟယ်ရီက အထူးသဖြင့် လေယာဉ်မှူးထဲမှာ "မီရှဲလ်တော့ပ်ကင်း" ကို သဘောကျတယ်။ အမျိုးသမီးလေယာဉ်မှူးပါ။ မီရှဲလ်က သူ လေယာဉ်ကနေ မြင်ရတဲ့ရှုခင်းကို တရစပ် ပြောပြတတ်တယ်။ သူက အပေါ်စီးကနေကြည့်တော့ နှင်းတွေဖုံးနေတဲ့ တောင်တန်းတွေမြင်ရကြောင်း ပြောတဲ့အခါ ဟယ်ရီက အဲဒီနေရာမှာ စကိတ်စီးဖို့ အကောင်းဆုံးပဲလို့ ပြန်ပြောတော့ မီရှဲလ်က ရယ်တယ်။ တကယ်ပါပဲ။ ဘယ်လေယာဉ်မှူးမှ အခု သူတို့နဲ့ စကားပြောနေတဲ့ Widow Six Seven ဆိုတာ မင်းသားဟယ်ရီမှန်း မသိကြပါဘူး။ သူ့ရဲ့ အင်္ဂလိပ်စကားလေသံက အမျိုးသမီးလေယာဉ်မှူးတွေကြားမှာ ရေပန်းစားတာကို သိကြပေမယ့် ဟယ်ရီလို့တော့ မသိကြဘူး။ ဟယ်ရီရဲ့ဆရာ ဗိုလ်မှူးအင်ဒီဒင်းမော့ကဆိုရင် "မင်း... အဲဒီအမျိုးသမီးနဲ့ ကြာကြာစကားပြောရင်း ညလိုက်ရင် အခန်းတစ်ခန်း ရှာရလိမ့်မယ်" လို့ ဟာသပြောတာကို ဟယ်ရီပြန်ပြောပုံက- "အဲဒါ...မိုင်အမြင့်ကြီးမှာရှိတဲ့ ကလပ်လားဟင်" တဲ့။

နောက်တော့ ဟယ်ရီတို့ သဲကန္တာရစစ်စခန်းရဲ့ ခေါင်းဆောင်ပြောင်းသွားတယ်။ အသက် ၂၇ နှစ်အရွယ် ကပ္ပတိန်ဒစ်ကင်လိုင်းဗိုဒ်ပါ။ သူက...ဝီလျံနဲ့ဟယ်ရီတို့ရဲ့ "လုဒ်ဂရိုဗ်" မှာ ကျောင်းတက်ခဲ့တဲ့လူ ဖြစ်နေတယ်။ ဟယ်ရီကို တွေ့လိုက်ရတော့ ကပ္ပတိန်က သိပ်အံ့သြသွားပါတယ်။ "ကောင်းပါတယ် ဒီမှာနေရတာ သူ သဘောကျနေတယ်လို့ ကျွန်တော်ထင်တယ်။ သူက...သီးသန့်နေရတာ ကြိုက်တယ်။ ဒီမှာ သူ့ကိုလိုက်နေတဲ့ ပါပါရာဇီမရှိဘူး။ ဒီကွင်းထဲမှာ သူ့ကို စောင့်ကြပ်ရတဲ့ လုံခြုံရေးအရာရှိလည်း မလိုဘူး။ သူက သူ့ရဲဘော်တွေနဲ့ပဲ ပျော်နေတယ်။ အားရင် ဘောလုံးကစားမယ်။ ဒါမှမဟုတ် မီးဖိုနားမှာ ပိုင်းထိုင်ရင်း ပေါက်ကရဇာတ်လမ်းတွေ ပြောမယ်။ သူပျော်တယ်" လို့ ကပ္ပတိန်ကဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခရစ္စမတ်နေ့ မရောက်ခင်လ (ဒီဇင်ဘာ ၂၄) မှာတော့ ဟယ်ရီက သူ့ကို ပါကစ္စတန်နယ်စပ်မှာရှိတဲ့ ရှေ့တန်းစစ်စခန်းကိုပို့ဖို့ တောင်းဆိုတယ်။ အဲဒီစခန်းက ဂမ်ဆာနယ်၊ ဒေလီ ရှေ့တန်းစခန်းပါ။ ဒေလီဆိုတာ အရင်က တိုက်တာအိမ်ခြေနဲ့ ခံ့ညားခဲ့ပေမယ့်၊ အခုအခါ ဗုံးဒဏ်ကြောင့် အကြွင်းအကျန်ဖြစ်နေပြီ။ ဒီမြို့ရဲ့လမ်းမကြီးက ဗြိတိသျှတို့ရဲ့ ရှေ့တန်းဖြစ်တယ်။ အခု ဟယ်ရီရောက်နေတဲ့စခန်းနဲ့ ရန်သူနယ်မြေဟာ ကိုက် ၅၀၀ ပဲ ဝေးတယ်။ ရန်သူမြေထဲမှာတော့ လူသူမရှိတော့ဘဲ အရင်က လယ်ယာတွေဖြစ်ပုံရပြီး ပစ်ထားခဲ့တဲ့ အရိုင်းတောဖြစ်နေတယ်။ ဒီနေရာမှာ နေ့စဉ်တိုက်ပွဲတွေရှိတယ်။ အနီးဆုံးဆေးရုံက ဟယ်လီကော်ပတာနဲ့သွားရင် မိနစ် ၃၀ ကြာတယ်။ ဒီနေရာမှာ အခြေအနေဆိုးပေမယ့် ဟယ်ရီ ပျော်ပိုက်ပါတယ်။ အဲဒီမှာရှိတဲ့ရဲဘော်တွေက အရာရှိတွေနဲ့မတူဘဲ သာမန်လူတွေလိုပဲ နေကြတယ်။ ပြဿနာတွေပြောကြ၊ အတွေးတွေဖလှယ်ကြနဲ့ ပျော်စရာကောင်းပါတယ်လို့ ဟယ်ရီကဆိုပါတယ်။

ဂမ်ဆာတစ္ဆေမြို့ထဲမှာ ဟယ်ရီက အိမ်နဲ့ပိုပြီး ဝေးနေတယ်လို့ မခံစားရပါဘူး။ US ကြယ်နဲ့အစင်းပါတဲ့ ဘေ့စ်ဘောဦးထုပ်ကိုဆောင်းပြီး "မကောင်းတဲ့လူတွေအတွက် မကောင်းတာလုပ်တယ်" ဆိုတဲ့ ကြွေးကြော်သံ စာတန်းနဲ့ ဆိုတော့ သူ့ကို ထင်းထင်းကြီးမြင်ကြရတယ်။ လူအားလုံးထဲမှာ သိသိသာသာ မှတ်မိစေပါတယ်။ သူ့အသားအရေက နေလောင်ထားပြီ။ သူ့ဆံပင်နီနီတွေမှာ သဲတွေဖုံးနေပြီ။ သူက မော်တာမဖောက်နိုင်တဲ့ အဆောက်အအုံလေးထဲမှာ ခုတင်ကျဉ်းကျဉ်းလေးပေါ် ခြင်ထောင်တစ်လုံးထောင်ပြီး အိပ်ရတယ်။ မော်တာအခွံနဲ့လုပ်ထားတဲ့ သော့ခတ်အံဆွဲလေးရှိတယ်။ တင့်ကားပုံတွေ ပန်းထိုးထားတဲ့ ကော်ဇောကြမ်းတစ်ခု ရှိတယ်။ အားလုံးနဲ့ကန်းတူ ရာရှင်အစားအသောက်ရတယ်။ တစ်နေ့မှာ သောက်ရေတစ်ပုလင်း ရတယ်။ အဲဒါ သောက်လို့ကုန်သွားရင် ရေသန့်ကုန်ပြီ။ စားစရာအနေနဲ့က ကြက်နဲ့မဆလာငရုတ်ရယ်။ ပြောင်းဖူး အမဲသားရယ်ပဲ ရတယ်။ ဟယ်ရီဟာ သူ့အကြိုက်ဆုံး အစားတွေကို လွမ်းနေခဲ့တယ်။ ဒီမှာ သူရတဲ့ ဇိမ်ခံအစာကတော့ "ဟာရီဘို" သကြားလုံးနဲ့ တောင်အာဖရိကမှလာတဲ့ အသားခြောက်ပဲရှိတယ်။ အသားခြောက်ကို ချယ်လ်ဆီးက စာတိုက်ကပို့ပေးတာပါ။

ဒီမှာ ရေနွေးနဲ့ရေချိုးလို့ မရဘူး။ သဲတွေ၊ ဖုန်တွေ ပေလွန်းလို့ ရေချိုးချင်ရင် ရေခဲမတတ် အေးနေတဲ့ရေပဲ ချိုးရတယ်။ မုတ်ဆိတ်မွေးရိတ်တာကို သုံးရက်တစ်ခါပဲရိတ်ဖို့ ကြပ်မတ်ထားတယ်။ မုတ်ဆိတ်ရိတ်ချတဲ့ ခွက်ကတော့ တခြားမဟုတ်ပါဘူး။ ဒုံးကျည်တွေရဲ့အဖုံး၊ လုံးဝိုင်းနေတဲ့ အဖျားပိုင်းတွေပါ။ ဟယ်ရီကပြန်ပြောတာမှာ... "ဒေလီက ထူးဆန်းတယ်။ ကျွန်တော်က ဒီမှာ ခရစ္စမတ်ပွဲကို ဒီနယ်သားတွေနဲ့လုပ်ဖို့ အရာရှိကို တောင်းဆိုခဲ့တယ်။ သူတို့ထဲက တချို့နဲ့ အင်္ဂလန်မှာ လေ့ကျင့်ရေးဆင်းဖူးလို့ပါ။ ဒီမှာ အားလုံး စောင့်ရှောက်ခံကြရပါတယ်။ အစားအသောက်ကလည်း ကောင်း၊ ဆိတ်သားဟင်း၊ ကြက်သားဟင်းတွေ..." လို့ ဆိုပါတယ်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဟာ ခရစ္စမတ်နေ့ကို ဗုံးဒဏ်ခံနေရတဲ့မြို့လေးမှာ သူငယ်ချင်းအသစ်တွေနဲ့ ဂိမ်းစ်ကစားရင်း ကုန်ဆုံးစေခဲ့ရတယ်။ ဒီခရစ္စမတ်က ပုံစံကျတဲ့ခရစ္စမတ် မဟုတ်ဘူး။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ်လို့ သူကဆိုတယ်။

အင်္ဂလန်ကအိမ်မှာတော့ သတင်းသမားတွေကလည်း ကတိအတိုင်း ဟယ်ရီ စစ်ထွက်တဲ့အကြောင်း ဖွင့်မပြောကြဘူး။ ဆင်ဒရင်ဟမ်နန်းတော်မှာ ဟယ်ရီမရှိရတဲ့ အကြောင်းရင်းအမှန်ကိုတော့ သိတဲ့လူ နည်းနည်းလေးပဲ ရှိတယ်။ ဘုရင်မကြီးက ထုံးတမ်းစဉ်လာအရ ခရစ္စမတ်နေ့ မိန့်ခွန်းပြောတဲ့အခါ အာဖဂန်နစ္စတန်က စစ်သားတိုင်း ဘေးကင်းစွာ အိမ်ပြန်လာနိုင်ကြပါစေလို့ ဆုတောင်းသွားခဲ့တယ်။ ဘုရင်မကြီးနဲ့ တော်ဝင်မိသားစုဟာ ခရစ္စမတ်ကာလအတွင်း ရှေ့တန်းမှာ ရောက်နေတဲ့ သားသမီးများအတွက် မိဘတိုင်းက စိုးရိမ်သလို၊ စိုးရိမ်နေကြရတယ် ဆိုတာကိုတော့ လူနည်းနည်းပဲ သိတာပါ။ တော်ဝင်မိသားစုက ဝိုင်ခွက်ကိုမြှောက်ပြီး ပွဲတက်ဖို့ ပျက်ကွက်နေကြတဲ့ လူတွေအတွက် ဆုတောင်းတဲ့အခါ သူတို့အားလုံး ဟယ်ရီကို သတိရကြတယ်။ သူ မသွားခင်တုန်းကလုပ်ခဲ့တဲ့ ပဟေဠိလေးတစ်ခု ရှိတယ်။ အဲဒါကတော့ ဒီဇင်ဘာ ၂၀ နေ့မှာမွေးတဲ့ သားလေးအမည်၊ မိဘတွေက အက်ဒ်ဝပ်နဲ့ဆိုပြီး အဲဒီပဟေဠိကို ဖြေရမှာပါ။ အခု ခရစ္စမတ်နေ့နေ့လယ်စာစားပွဲမှာ ဆုရသူကို ဆုနဲ့အတူ ငွေလည်းပူးတွဲပေးဖို့ ဖြစ်တယ်။ ကလေးအမည်က "အဲလ်ဘတ်အာချီဘော" ဆိုတဲ့ အဖြေမှန်ကိုပြောပြီး ဆုရသွားသူက တခြားမဟုတ်ပါဘူး။ မင်းသားဟယ်ရီ ဖြစ်နေတယ်။ ဒါပေမဲ့ ဒီဆုငွေကိုတော့ သူတို့ အိမ်ပြန်ရောက်မှပေးဖို့ ဆုံးဖြတ်ပြီး အိုးလေးထဲမှာ ထားခဲ့ကြတော့တယ်။

ဟယ်ရီတစ်ယောက် အာဖဂန်တွေပတ်တဲ့ လည်စည်းကြီးပတ်ပြီး စစ်တပ်ကထုတ်ပေးတဲ့ ခေါင်းဆောင်းဦးထုပ်ဆောင်းလို့၊ ၉ မီလီမီတာ ခြောက်လုံးပြူး ခါးချိတ်လျက်နဲ့ လျှောက်သွားနေတာကို ဒါဟာ မင်းသားဟယ်ရီပဲလို့ ဘယ်သူမှ မမှတ်မိကြဘူး။ ကုလားအုပ်စီးပြီး ယိမ်းယိမ်းယိုင်ယိုင်ဖြစ်နေတဲ့ အာဖဂန်လူငယ်လေး တစ်ယောက်ဆိုရင် ဟယ်ရီကိုမြင်တော့ နောက်တစ်ခါ ထပ်မကြည့်ပါဘူး။ အခုဆိုရင် ဟယ်ရီအိမ်ဟာ ကားဟောင်းကြီးတစ်စီးပါ။ အထဲမှာ စစ်သားတွေ ရက်အတော်ကြာ သုံးဆောင်နိုင်တဲ့ပစ္စည်းတွေ ရှိနေတယ်။ မတွေးထင်နိုင်လောက်အောင် ဆင်းရဲကျပ်တည်းပါတယ်။ သူတို့ဟာ ရေချိုးတည်ချင်ရင် အနောက်တံခါးမှာတပ်ထားတဲ့ ဘွိုင်လာနဲ့တည်ရတယ်။ လျှပ်စစ်အားကိုတော့ ကားဟောင်းကြီးရဲ့ စက်ကရပါတယ်။ လက်ဖက်ရည်နဲ့ ကော်ဖီက အရသာမရှိဘူး။ ဒါပေမဲ့ အပူချိန် ၁၀ ဒီဂရီအောက် ရောက်သွားတဲ့အခါ သောက်စရာ ပူပူလေးရတာကိုပဲ ကျေးဇူးတင်ကြရတာပါ။

ညဆိုရင် ဟယ်ရီနဲ့ သူ့လူတွေဟာ ကားနဲ့ဆက်ထားတဲ့ တာပေါ်လင်အမိုးအောက်မှာ အိပ်ကြရတယ်။ မွေ့ရာတွေ၊ ဘာတွေ မရှိဘူး။ သူ့အရိုးတွေက ကားကြမ်းပြင်ကို သွားထိနေတယ်။ သူလည်း ပြာနှမ်းသွားရတော့တယ်။ သူက အိမ်က ဆိုဖာကြီးမှာ ပြန်ထိုင်ချင်စိတ် ပေါက်ခဲ့ပေမယ့် စစ်သားတွေရဲ့ ကြမ်းတမ်းတဲ့ဘဝတွေကို သူ ကြိုက်ပါတယ်။ မင်းသားဖြစ်ရတာထက် စစ်သားဖြစ်ရတာကို သူ ပိုပြီးနှစ်သက်တယ်။ အနီးအနားဝန်းကျင်မှာ လျှောက်သွားတဲ့အခါ

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



အာဖဂန်အမျိုးသားရဲတွေက သူ့ကို ဘယ်သူလဲဆိုတဲ့ သဲလွန်စလေးတစ်စတောင် မရကြဘူး။ သူတို့မသိကြဘူး။ ဒါက အတော်ထူးဆန်းနေတယ်လို့ ဟယ်ရီက ယူဆတယ်။ အခုထိ သူဟာ သူ့မျက်နှာကို လူမမြင်အောင် သတိထားနေမိသေးပေမယ့် အဲဒီမှာ အရပ်သားမှ မရှိဘဲ။ ပြောရရင် လူမရှိတဲ့အရပ်ဘဲလို့ ဟယ်ရီက သူနဲ့အတူ ရွှေ့တန်းကို လိုက်ပါခဲ့တဲ့ သတင်းစာအဖွဲ့ကလူကို ပြောပြခဲ့ပါတယ်။

ဟယ်ရီ ရေမချိုးရလည်း စိတ်မပူပါဘူး။ အရက်နဲ့ နိုက်ကလပ်မရှိလည်း စိတ်မညစ်ဘူး။ မော်တာပိုက်တွေကို မြေကြီးထဲနှစ်ပြီး အဲဒီမှာ အပေါ့သွားရတာကိုတောင် စိတ်မညစ်ပါဘူး။ အိတ်ထဲမှာ ပြုတ်ပြီးစားရတဲ့ အစားအသောက်တွေက လွဲရင် စစ်မြေပြင်မှာ သူ မကြိုက်တာ သိပ်မရှိပါဘူး။ ငါ ဘာကိုလိုချင်နေသလဲလို့ သူ့ဟာသူမေးတဲ့အခါ ဘာမှမလိုဘူးလို့ အဖြေရတယ်။ တကယ်ကို သူ ဘာကိုမှမတမ်းတပါဘူး။

"အမှန်ပြောရရင် ကျွန်တော် ဘာကိုလွမ်းနေတယ်ဆိုတာ လုံးဝမသိဘူး။ ဂီတလား။ ကျွန်တော်တို့မှာ ဂီတနားထောင်လို့ ရနေတာပဲ။ မီးအလင်းရောင်လည်း ရှိနေတယ်။ စားစရာလည်း ရှိနေတယ်။ အရက်မပါဘဲ သောက်စရာတွေ ရှိနေတယ်။

နောက်တစ်ခု . . .

ဒီမှာ အပေါင်းအသင်းတွေနဲ့ နေရတာ ပျော်စရာကြီးပဲ။

ကျွန်တော် အခု အပြင်မှာ ရောက်နေပြီ။

အမှန်မှာ ရေမချိုးရတာ လေးရက်ရှိပြီ။ အဝတ်တွေမလျှော်ရတာ တစ်ပတ်ကြာပြီ။ အားလုံးဟာ သာမန်ပဲ။ ဒါဟာ ကျွန်တော် အမြဲလိုချင်တဲ့ သာမန်ပုံစံပါပဲ။

စစ်မြေပြင်မှာ နေရတာဟာ အန္တရာယ်များပေမယ့် ဘဝဆိုတာ ဒီလိုပဲ၊ ဒုက္ခတွေရှိစမြဲပါ"

ဟယ်ရီဟာ အားလပ်ချိန်ရရင် မဂ္ဂဇင်းတွေဖတ်တယ်။ အဲဒီမဂ္ဂဇင်းတွေက သူဟာ လူကြိုက်များကြောင်း အာမခံချက် ပေးကြတယ်။ သူဟာ သူ့ဘဝကို ပြန်ပြီးစဉ်းစားဖို့လည်း အချိန်ရလာခဲ့တယ်။ သူ့အတွေးတွေဟာ သူ့မိခင်ဆီ ပြန်ရောက်သွားကြကြောင်း သူ ဝန်ခံပါတယ်။ အကြိမ်ပေါင်းများစွာပဲ သူ သူ့မိခင်ကို သတိရပါတယ်။ ဒါပေမဲ့ သူက အတိတ်မှာနစ်မြုပ်ဖို့ သူ့ကိုယ်သူ ခွင့်မပြုဘူး။

"ဒါက ဒီလိုပဲ ဖြစ်နေတာပဲလေလို့ တွေးပါတယ်။ ဒီမှာလည်း မိဘဆုံးခဲ့တဲ့လူတွေ ရှိနေတာပဲ။ အမေက ငါ့အတွက် ဂုဏ်ယူမှာပါလို့ မျှော်လင့်တယ်။ ပြီးတော့ ကျွန်တော် ခပ်တုံးတုံးကိစ္စတွေ လုပ်မိတဲ့အခါ ဥပမာ- ညာဘက်သွားရမှာကို ဘယ်ဘက်သွားမိတဲ့အခါမျိုးမှာ အမေဟာ ကျွန်တော့်ကိုငုံ့ကြည့်ပြီး ခပ်သာသာ ရယ်နေမှာပါ။ ဝီလျံကလည်း ကျွန်တော့်ဆီ စာရေးပါတယ်။ ကျွန်တော့်အတွက် မာမီ ဘယ်လောက်ဂုဏ်ယူနေမယ် ဆိုတဲ့အကြောင်းပါ"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



စစ်မြေပြင်ရောက် လူတိုင်းလိုပဲ၊ သူလည်း စာရောက်ဖို့ မျှော်ပါတယ်။ စာတွေက နှစ်ပတ်လောက်မှ ရောက်တတ်ပြီး ဒီထက်လည်း ပိုနောက်ကျတတ်ပါသေးတယ်။ သူ့အဖေ ပေးပို့လိုက်တဲ့ "ခရစ္စမတ်ကတ်ပြား"ကို ဖေဖော်ဝါရီကျမှ ရတာပါ။ ဒီကြားထဲ အချိန်ပိုနေသေးရင် သူ့အဖော်အရာရှိတွေနဲ့ ပိုကာကစားတယ်။ ဒါမှမဟုတ် အိမ်သားသုံးစက္ကူတို့နဲ့ လုပ်ထားတဲ့ ဘောလုံးနဲ့ ဟိုကန်ဒီကန်ကစားရတယ်။ အပတ်စဉ်အပတ်တိုင်းမှာတော့ လူတိုင်းလိုပဲ ဂြိုဟ်တုဖုန်း နာရီဝက် သုံးခွင့်ရပါတယ်။ ဒီလို တစ်အား အဖိုးတန်တဲ့အချိန်လေးမှာ ဟယ်ရီဟာ သူ့အိမ်က မိသားစုဆီဆက်ပြီး စကားပြောတယ်။ သူတို့စခန်းရဲ့ သီးသန့်အခန်း ထောင့်ထဲမှာ အချက်ပြမီး လင်းလိုက် မှိတ်လိုက်ဖြစ်နေတဲ့နေရာကနေ ချယ်လ်ဆီးဆီကိုလည်း သူ ဆက်ပါတယ်။ ချယ်လ်ဆီးက သူ ဘယ်လိုနေထိုင်ကြောင်း အဆက်မပြတ် ပြောတတ်တယ်။ သူ့ကျောင်းသူအခန်းလေးထဲမှာ ညစာစားပွဲတွေ လုပ်တဲ့အကြောင်း ပြောတဲ့အခါ ဟယ်ရီ ရယ်ရတယ်။

ချယ်လ်ဆီးက စကား အဆက်မပြတ်ပြောပြီးရင် နောက်ဆုံး ငိုတတ်တယ်။ သူက သူ့ချစ်သူရဲ့ အသက်အန္တရာယ်ကို အလွန်အမင်း စိုးရိမ်နေတယ်။ ဟယ်ရီဆီ နေ့တိုင်းစာတွေလည်း ရေးတယ်။ သူတို့က ဖုန်းဆက်ရုံမက "Facebook" အင်တာနက်လည်း သုံးကြတယ်။ ဟယ်ရီက သူ့ကိုသူ Spike Wells ဆိုတဲ့အမည် သုံးတယ်။ သူရေးတဲ့အထဲမှာ-

"ဒီမှာတော့ သောက်ရမ်းကို အေးတာပဲ။ ရှူးမတတ် ချမ်းတယ်။ မင်းအတွက် အချစ်တွေ အများကြီး ပေးလိုက်တယ်။ မင်းအတွက် ကံဆိုးဖို့ကတော့ မကြာခင် တို့တွေကြမယ် ဟီး...ဟီး ... နောက်မှ..." နောက်တစ်စောင်မှာတော့ သူက "ချီဒါ"ဆိုတဲ့ ကောင်မလေးဆီလည်း လွမ်းကြောင်း ပြောပါသေးတယ်။ သူတို့ဒုက္ခတွေက နောက်မှာကျန်ခဲ့ပါပြီ။ သူတို့ ပြန်လည်ဆုံတွေ့ကြဖို့ အတွေးက ဟယ်ရီကို ရှင်သန်စေပါတယ်။ ဟယ်ရီရဲ့အိတ်ကပ်ထဲမှာ ချယ်လ်ဆီး ဓာတ်ပုံကို ဆောင်ထားတယ်။ သူ့မိတ်ဆွေအရာရှိကို သူ့မှာ သိပ်လှတဲ့ တောင်အာဖရိက ရည်းစားလေးရှိကြောင်း ဂုဏ်ယူစွာပြောတယ်လို့ ဆိုတယ်။ တွေ့ချင်လှပြီလို့လည်း ပြောတယ်။ ဟယ်ရီအတွက် ကံဆိုးချင်တော့ အဲဒီတွေ့ဆုံရက်ဟာ... သူ မျှော်လင့်ထားတာထက် ပိုပြီးမြန်နိုင်ပါတယ်။

■

ကောနက်ဝေးလ်စ်ဟာ ဖန်သားပြင်ကို စိုက်ကြည့်နေတယ်။ မျက်လုံးတွေကို မမှိတ်မိအောင် အာရုံစိုက်ထားတယ်။ သူ မအိပ်ခဲ့ရတာ ၇၂ နာရီရှိပြီ။ သူ တာလီဘန်ရုပ်မြင်သံကြားကို ဆက်တိုက်ကြည့်နေခဲ့တာ ဖြစ်တယ်။ သူ့နဖူးပြင်မှာတော့ ချွေးပေါက်တွေဟာ ပုတီးလုံးတွေလို စီတန်းနေကြပြီ။ အဲဒီညဟာ နှစ်သစ်ကူးမယ့် အကြိုညပါ။ အခုကိစ္စဟာ Widow six seven ရဲ့ တန်ဖိုးကို သက်သေပြရမယ့် အခွင့်အလမ်းပဲ ဖြစ်တယ်။ သူ့စစ်ဆင်ရေးနယ်ပယ်ထဲမှာ "တာလီဘန်

www.burmeseclassic.com

www.burmeseclassic.com



တိုက်လေယာဉ်'' လို့ထင်ရတဲ့ လေယာဉ်တစ်စီး ကွန်ပျူတာမှာ ပေါ်နေတယ်။ လေယာဉ်က မော်ဒယ်မြင့်တဲ့အစားဖြစ်ပြီး အဝေးထိန်းစနစ်နဲ့ပျံသန်းနေတဲ့ သူလျှိုလေယာဉ်ပဲ။ ဟယ်ရီဟာ ဒီလေယာဉ်တွေကို သူ့ရှာဖွေရေး ကင်မရာနဲ့ရော၊ အပူခံပုံရိပ်ထင် ကိရိယာတွေနဲ့ရော ၃ ညလုံးလုံး ရှာနေခဲ့တာဖြစ်ပြီး အခုမြင်နေရတာဟာ တာလီဘန်ပဲလား၊ အရပ်သားလေယာဉ်လား ဆိုတာ ကြည့်နေတာပါ။ သူ့ခေါင်းထဲမှာ တခြား ဘာမှမရှိတော့ဘူး။ သူမှားလို့ မဖြစ်ဘူး။ ပစ်မှတ်တွေဟာ မှန်ရမယ်။ တိုက်ခိုက်ဖို့မပြောနိုင်ခင်မှာ မဟာမိတ်တပ်များအတွက် ခြိမ်းခြောက်မှု ဖြစ်သွားနိုင်တယ်။ သူ့ရဲ့ မသိစိတ်ထဲကနေ သူထင်တာ မှန်ကြောင်းသိလိုက်ရတယ်။ မှန်တယ်။ ဒါဟာ တာလီဘန်တွေပဲ။ ခုအချိန်ဟာ တိုက်ရမယ့်အချိန်ပဲ။ သေချာအောင် သူ ညဉ့်သန်းခေါင်အထိ စောင့်ကြည့်တယ်။ နောက်နေ့နံနက် ၁၀း၀၀ နာရီမှာတော့ သူ သံသယရှိခဲ့တာဟာ မှန်သွားကြောင်း တွေ့ရတယ်။ ရန်သူက ဗြိတိသျှတို့ရဲ့ ရှေ့တန်းလေ့လာရေးစခန်းကို စပြီးပစ်ပါတော့တယ်။

နာရီပိုင်းအတွင်းမှာပဲ ဗြိတိသျှတို့ရဲ့ ဒေလီရှေ့တန်းစစ်ဆင်ရေး အခြေစိုက်စခန်းဟာ အပြင်းအထန် တိုက်ခိုက်တာခံရတယ်။ ဟယ်ရီလည်း လေကြောင်းတိုက်ခိုက်ရေးကို ခေါ်ရတော့တယ်။ ဒါဟာ သင်တန်းမှာသင်ခဲ့ရတဲ့ အလုပ်ပဲ။ စက္ကန့်ပိုင်းအတွင်း သူဟာ စစ်လေယာဉ် F-15 နှစ်စင်းကို ညွှန်ကြားဖို့ တာဝန်ကျတယ်။ ဒီစစ်လေယာဉ်တွေမှာ ၅၀၀ ပေါင် ဗုံးတွေပါတယ်။ အဲဒီလေယာဉ်တွေဟာ သူ့ရဲ့''ရေဒါ''ထဲမှာ ပစ်မှတ်နဲ့ ၆ မိုင်ကွာနေတာ မြင်ရတယ်။ ဒီအခါ ဟယ်ရီလည်း သူတို့ကို ညွှန်ကြားရပါတယ်။ ပိုင်းလော့တွေက''in Got'' ဆိုတဲ့စကား ပြောလာတယ်။ ဒါဟာ တိုက်ဖို့အသင့်ပဲဆိုတဲ့ အဓိပ္ပာယ်ပါ။

ဟယ်ရီဟာ နဖူးပေါ်က ချွေးဒီးဒီး ကျလာတယ်။ ဒီအချိန်မှာပဲ ''Cleared hot''ဆိုတဲ့အချက်ကို ပြလိုက်တယ်။ ဒီအချက်ပြမှုက တိုက်ဖို့အခွင့်ပေးခြင်း ဖြစ်တယ်။ စက္ကန့်ပိုင်းအတွင်းမှာတော့ လေယာဉ်တွေက သူတို့ရဲ့တိုက်ခိုက်ရေးပစ္စည်းတွေကို ပစ်ချလိုက်တာမှာ မြေကြီးတုန်ခါသွားရတဲ့ ပေါက်ကွဲသံတွေ ပေါ်လာပါတော့တယ်။ တာလီဘန်တွေရဲ့ ခံတပ်အဆောက်အအုံကို ရက်ပေါင်းများစွာ သူ စောင့်ကြည့်ခဲ့တာမို့ ပစ်မှတ်ကမလွဲပါဘူး။ ဗုံးကြဲလိုက်တဲ့ ပတ်ဝန်းကျင်မှာ တာလီဘန် ၁၅ ယောက်လောက်ဟာ သူတို့ပုန်းအောင်းနေရာကနေ ထွက်လာကြတယ်။ ဒါဟာ အတော်လှုပ်ရှားဖွယ်၊ ချောက်ချားဖွယ် ဖြစ်တယ်။ ဒါပေမဲ့ နောက်ထပ် ဘာဆက်လုပ်ရမယ် ဆိုတာ ဟယ်ရီ သင်ခဲ့ပြီးသားပဲ။ သူက ဂျက်လေယာဉ်တွေ ခေါ်လိုက်တယ်။ ပြီးတော့ ပူးပေါင်းတိုက်ခိုက်ရမယ့်နေရာကို ခွဲခြားပြလိုက်တယ်။ ခဏအကြာမှာ တတိယမြောက်ဗုံး ပေါက်ကွဲသွားပြီး ချက်ချင်းမှာပဲ ရှိသမျှလူတွေ ငြိမ်သက် သေဆုံးသွားကြတော့တယ်။

ဒါဟာ ဟယ်ရီရဲ့ ပထမဆုံးတိုက်ပွဲဖြစ်ပြီး၊ ပြီးပြည့်စုံတဲ့ အောင်မြင်မှုကိုလည်း ရရှိခဲ့တယ်။ ဒါပေမဲ့ ဒါဟာအစပဲ ရှိပါသေးတယ်။ နောက်ရက်တွေမှာ တိုက်ပွဲတွေကြုံရဦးမှာ ဖြစ်တယ်။ ဇန်နဝါရီ ၂ ရက်နေ့မှာတော့ ဒေလီရှေ့တန်း

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



စခန်းနဲ့ မဝေးလှတဲ့နေရာမှာ တစ်ပတ်တိုက်ပွဲဝင်ရတယ်။ သူ့အကြီးအကဲဖြစ်တဲ့ မေဂျာမာစ်ဖီးလ်ဖို့ဒ်က အဲဒီနေရာကို "အန္တရာယ်အများဆုံးနေရာ"လို့ ပြောပါတယ်။ တာလီဘန်တို့နဲ့ ကိုက် ၅၀၀ ပဲ ကွာတဲ့နေရာကို ဟယ်ရီရောက်နေတာပါ။ အဲဒီအချိန်မှာပဲ တာလီဘန် ၂၀ လောက်ဟာ ဟယ်ရီတို့ဆီ ရွေ့လျားလာနေတာကို မြင်ရတယ်။ တော်ဝင် ဂါခါရိုင်ဖယ်တပ်က ဟယ်ရီနဲ့အတူ ရှိနေတာပါ။ ရန်သူတွေကို ရင်ဆိုင်မြင်ရတယ်ဆိုရင်ပဲ ဟယ်ရီတို့တပ်က ရန်သူတွေကို ဒုံးကျည်နဲ့ လှမ်းပစ်တယ်။ ဒါပေမဲ့ ရန်သူတွေက နောက်မဆုတ်ဘူး။ ရှေ့တက်လာကြတယ်။ ဟယ်ရီလည်း ၅၀ မီလီမီတာ စက်သေနတ်ကို ပထမဆုံးအကြိမ် ပစ်ဖူးတာပါ"လို့ မိနစ် ၃၀ ကြာတိုက်ပွဲအပြီးမှာ ဟယ်ရီက ပြောခဲ့ပါတယ်။ အဲဒီတိုက်ပွဲမှာ သူတို့ အနိုင်ရခဲ့ကြတယ်။ နေရာက တာလီဘန်ချုပ်ကိုင်ထားတဲ့ နယ်မြေမို့ အလွန်အန္တရာယ်များတဲ့ ရှေ့တန်းနေရာပါ။ ဒေသတစ်ခုလုံး ကန္တာရဖြစ်နေပြီး အိမ်ဝင်းတွေထဲမှာ အိမ်ခေါင်မိုးတစ်ခုမှ မရှိတော့ဘူး။ ရှေးဟောင်းမြို့ပျက်ကြီးလို ဖြစ်နေပြီး စစ်ဒဏ်ကြောင့် မီးလောင်ပျက်စီးခဲ့တဲ့ အပျက်အစီးတွေပဲ ကျန်ပါတော့တယ်။ သူက ဗီဒီယိုကင်မရာနဲ့ အားလုံးကို မှတ်တမ်းတင်ခဲ့လို့ သူ့ရဲ့ ဒိုင်ယာရီသဖွယ်လည်း ရှိနေခဲ့ပါတယ်။

ကမ္ဘာတစ်ဖက်ခြမ်းမှာတော့ ဟယ်ရီတစ်ယောက် အာဖဂန်နစ္စတန် ရှေ့တန်းစစ်မြေပြင်မှာ တိုက်နေတယ်ဆိုတဲ့ ကောလာဟလသတင်းဟာ ကြီးထွားလာနေတယ်။ ဒီသတင်းက ဩစတြေးလျမဂ္ဂဇင်း "နယူးအိုင်ဒီယာ"ကနေ ပွင့်ထွက်ခဲ့တာပါ။ ဒီမဂ္ဂဇင်းက ဟယ်ရီရဲ့ စစ်မြေပြင်ရောက်သတင်းကို ဖွင့်မရေးဖို့ သဘောတူညီချက်ကို ဥပေက္ခာပြုခဲ့တယ်။ ဒီသတင်းကို ကလဲရင့် ဟောက်စ်ကရော၊ ကာကွယ်ရေးဝန်ကြီးဌာနကပါ ကန့်ကွက်ခြင်းမပြုပါဘူး။ ကံကောင်းချင်တော့ နောက်ဆက်တွဲသတင်းတွေ ထွက်မလာခဲ့ဘူး။ ဒါပေမဲ့ ဗိုလ်ချုပ်ဆာရစ်ချတ်ဒယ်နတ်ဟာ ဟယ်ရီရဲ့ လုံခြုံမှုအတွက် တာဝန်ရှိနေတယ်။ ဒါနဲ့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ သူ့ကို အာဖဂန်နစ္စတန် အရောက်ပို့ပေးခဲ့တဲ့ SAS စစ်သား ခြောက်ယောက်ဟာ၊ ရှေ့တန်းစခန်း (အီဒင်ဘာ့ခ်)ဆီ ပျံသန်းခဲ့ကြရတယ်။ ဟယ်ရီက အဲဒီစခန်းမှာ ရက်အတော်ကြာ စခန်းချနေခဲ့တာ ဖြစ်ပါတယ်။

အီဒင်ဘာ့ခ်စခန်းက တာလီဘန်တို့ရဲ့ ဗဟိုချက်နဲ့ လေးမိုင်ပဲ ကွာတော့တာပါ။ အဲဒီကိုသွားတဲ့ လမ်းကြောင်းမှာလည်း မိုင်းဗုံးတွေ ထူထပ်စွာချထားတယ်။ မူစာကွာလာဆိုတဲ့မြို့နဲ့ နီးပြီး ဒီမြို့ကို စစ်ဆင်ရေးလုပ်ခဲ့ရတာမှာ ဗြိတိသျှနဲ့ အမေရိကန်တပ်ဖွဲ့တွေက ပြန်လည်သိမ်းယူနိုင်ခဲ့တာ နှစ်ပတ်ပဲ ရှိသေးတယ်။ ဒေသခံတွေဟာ ကြောက်ရွံ့ထိတ်လန့်စွာ နေနေကြရတာ ဖြစ်တယ်။ တာလီဘန်တွေက မြို့ကို ဖျက်ဆီးပစ်ခဲ့ကြတယ်။ အိမ်တွေကို မီးရှို့ပစ်ခဲ့တယ်။ သီးနှံစိုက်ခင်းနဲ့ တိရစ္ဆာန်တွေကို ဖျက်ဆီးပစ်ခဲ့တယ်။

ဟယ်ရီက တာလီဘန်တွေ ပြန်စုနေကြတယ်လို့ သံသယရှိတဲ့ "ကာရစ်စ် ဒီဘာဘာ"ဆိုတဲ့ ရွာလေးဆီ ပြန် တိုက်ယူဖို့ သွားခဲ့ရတယ်။ ဒါ့အပြင် သူ ဘယ်တုန်းကမှ မလုပ်ခဲ့တဲ့ ပုဂ္ဂလိက ကြေကွဲစရာအဖြစ်နဲ့လည်း ကြုံခဲ့ရတယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် သူဟာ ဘယ်တော့မှ စိတ်မကူးခဲ့ဖူးတဲ့ အဝေးတစ်နေရာကို လာခဲ့ရပြီး တစ်ရက်မှာဆိုရင် တာလီဘန်တို့ ထောင်ထားတဲ့ မြေမြုပ်မိုင်းကိုနင်းမိဖို့ နည်းနည်းပဲလိုတော့တယ်။ တစ်ခါမှာလည်း ရှေ့တန်း အီဒင်ဘာ့ခ်ဆေးခန်းစခန်းဆီ ဒဏ်ရာရစစ်သားတွေကို လေယာဉ်နဲ့သွားပို့တာမှာ ရော့ကက်-ဒုံးပျံနဲ့တိုက်တာ ခံခဲ့ရတယ်။ ကိုက် ၅၀ အကွာမှာတင် ဒုံးကျည်တွေ ပေါက်ကွဲခဲ့ကြတယ်။ သူ ဘေးမသီရန်မခဘဲ လွတ်မြောက်ခဲ့ပါတယ်။

ရှေ့တန်းနဲ့အဝေးမှာရှိတဲ့ အမေရိကန် "ဘလော့ဂ်"မက်တ်ဒရပ်ချ်ဆိုသူက နယူးအိုင်ဒီယာ မဂ္ဂဇင်းမှာပါတဲ့ ဟယ်ရီအကြောင်းကို သူ့ဝက်ဘ်ဆိုဒ်မှာ တင်လိုက်တယ်။ ဒီတော့ ဒီသတင်းဟာ တစ်ကမ္ဘာလုံးကို တောမီးပမာ ပျံ့နှံ့သွားခဲ့တယ်။ ဟယ်ရီတစ်ယောက် ရေဒီယိုဂျူတီကျနေတဲ့ ဖေဖော်ဝါရီ ၂၉-ရက်မှာ သူ့ကို ဖုံးကွယ်ထားတာ လွင့်သွားပြီဆိုတဲ့ ပထမဆုံးသတင်း ရောက်လာတယ်။ လန်ဒန်မှာလည်း ကာကွယ်ရေးဝန်ကြီးဌာနက အကြီးအကဲနဲ့ ဗိုလ်ချုပ်ဒယ်နတ်တို့ အစည်းအဝေး လုပ်ကြရတယ်။ အဲဒီနေ့ မွန်းလွဲပိုင်းမှာ ဟယ်ရီကို ပြန်ဆွဲထုတ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ သူ့ကို အာဖဂန်နစ္စတန်မှာထားဖို့ဆိုတာ အလွန်အမင်း စွန့်စားရာကျလိမ့်မယ်၊ အထူးသဖြင့် တာလီဘန် ဗဟိုချက်မှာဆိုတော့ ဟယ်ရီဟာ သူတို့အတွက် "ဆုလာဘ်" ဖြစ်သွားနိုင်တယ်။

ကောနက်ဝေးလ်ခ်အဖို့ ထုချေလွှာ တင်ခွင့်မရှိပါ။ သူ့ကို ရိုးရိုးလေးပဲပြောတယ်။ အထုပ်ပြင်၊ ကင့်ပ်ဘေးစ်ရှင်းကို သွားရမယ်။ သူဟာ သူ့ရဲဘော်ရဲဘက်တွေကို နှုတ်ဆက်ဖို့ မိနစ်အနည်းငယ်ပဲ အချိန်ရတယ်။ သူ့ရဲဘော်တွေလည်း အတော် စိတ်ပျက်သွားကြတယ်။ သူတို့က ဟယ်ရီကို ခင်မင်ကြတယ်။ အားကိုးကြတယ်။ အဲဒီမှာပဲဆက်ပြီး အတူရှိစေချင်ကြတယ်လို့ ဟယ်ရီက ပြန်ပြောပါတယ်။

ဟယ်ရီဟာ လန်ဒန်ရဲ့ တော်ဝင်လေတပ်ဆိပ်ကိုရောက်ပြီး လေယာဉ်ကဆင်းလာတော့ ပြုံးမပြပါဘူး။ တော်ဝင်လေတပ်မတော်ရဲ့ ကြယ်သုံးပွင့် လူစီးလေယာဉ်က မတ်လ ၁ ရက်၊ စနေနေ့၊ နံနက် ၁၁း၂၀ တီတီမှာ အင်္ဂလန်လေဆိပ်ကို ရောက်ပါတယ်။ နေရောင်ခြည်ထဲမှာ သူ့ရဲ့မုတ်ဆိတ်မွေးတွေက တောက်ပနေတယ်။ ရာသီဥတုဒဏ်ကြောင့် ကြမ်းတမ်းနေတဲ့ အသားအရေပေါ်မှာ သဲကန္တာရဖုန်တွေက နေရာယူနေကြဆဲ ဖြစ်တယ်။ သူ့စစ်ဝတ်စုံက ညစ်ပတ်ပေရေနေတယ်။ သူ ရေမချိုးခဲ့ရဘူး။ ချက်မစားခဲ့ရဘူး။ အမြန်ဆုံးပြန်ခဲ့ရတယ်။ အောက်စ်ဖို့ရှိုင်းယားမှာရှိတဲ့ တော်ဝင်လေတပ်ဆီ တပ်သား ၁၆၀ နဲ့ လေယာဉ်စီးပြီး ရောက်လာခဲ့တာပါ။ အဲဒီလူတွေထဲမှာ တော်ဝင်ရေတပ်မတော်က ကွန်မန်ဒို-၄၀ထဲက ဒဏ်ရာပြင်းထန်တဲ့ စစ်သားနှစ်ဦးပါတယ်။

လေဆိပ်မှာ သူ့ဖခင် လာကြိုနေတယ်။ သူ့သား ဘေးကင်းစွာ ပြန်ရောက်မှပဲ စိတ်အေးသွားရကြောင်း ချားလ်စ်က သတင်းထောက်တွေကို ပြောတယ်။ ကြိုနေပါတယ်။ ဟယ်ရီကတော့ ဒါဟာ အိမ်ပြန်တာလို့မမြင်ဘူး။ ရှက်စရာကိစ္စပဲလို့ ဆိုပါတယ်။ "ဒါသဖြစ်တယ်လို့ပြောရင် စကားအသုံးမှားနိုင်တယ်။ ဒါပေမဲ့ ကျွန်တော် နည်းနည်း

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ဘူး။ ကျွန်တော်က စစ်ကိုပြီးဆုံးတဲ့အထိ တိုက်ပြီး ကျွန်တော့်ရဲဘော်တွေနဲ့အတူ ပြန်ဖို့တွေးထားတာ''လို့လည်း ဆက်ပြောတယ်။

မီဒီယာနဲ့ အမြဲတမ်း ကတောက်ကဆဖြစ်ခဲ့တဲ့ လူငယ်တစ်ယောက်အဖို့ အခုကိစ္စမှာလည်း သတင်းသမားတွေကို စိတ်ဆိုးတယ်။ ''ကျွန်တော်တို့နဲ့မတိုင်ပင်ဘဲ ဒီသတင်းထည့်လိုက်တဲ့ နိုင်ငံခြားဝက်ဘ်ဆိုဒ်တွေကို တစ်အား မကျေမနပ်ဖြစ်တယ်။ ဒါဟာ ဗြိတိန် ပုံနှိပ်မီဒီယာနဲ့ အသံလွှင့်မီဒီယာတို့ မြင့်မြင့်မားမား တာဝန်ယူထားတာနဲ့ ဆန့်ကျင်နေတယ်'' လို့လည်း ဟယ်ရီက ဆိုပါတယ်။

ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းကတော့ ''သူ ပေးခဲ့တဲ့ ထင်ရှားတဲ့အမှုတော်ထမ်းကိစ္စကို ဗြိတိန်တစ်နိုင်ငံလုံးက ဂုဏ်ယူနေကြမှာပါ''လို့ ပြောခဲ့တယ်။ အခုလို ဟယ်ရီကို စစ်မြေပြင်ရှေ့တန်းပို့ခြင်းဟာ တပ်မတော်အတွက် အောင်ပွဲပဲ။ အရင် အီရတ်ကိုပို့ဖို့ ပျက်ကွက်ခဲ့ခြင်းကို သရေဆည်ခဲ့တာပါ။

မေလ ၅ ရက်နေ့၊ နှစ်လကြာတဲ့အခါ ဗိုလ်ဝေးလ်စ်ဟာ သဲကန္တာရထဲကလူလို ဝတ်ဆင်ပြီး၊ သူ့အဒေါ် အဲန်းမင်းသမီးဆီက အမှုထမ်းကောင်းတံဆိပ်ကို ရယူခဲ့ပါတယ်။ သူ့အဒေါ် အဲန်းမင်းသမီး Blues and Royals မှာ ဗိုလ်မှူးဖြစ်နေတာပါ။ အဲဒီအခမ်းအနားမှာ ဝေလမင်းသားအနား ထိုင်နေသူကတော့ ချယ်လ်ဆီးပါပဲ။ ချယ်လ်ဆီးကို ပထမဆုံးအကြိမ် တရားဝင် ဖိတ်ကြားခြင်းဖြစ်ပြီး ချယ်လ်ဆီးကလည်း အဲဒီလို အခမ်းအနားတက်ရတာကို သဘောကျနေခဲ့တယ်။ ဝေလမင်းသားက အိမ်တော်စောင့် မြင်းတပ်ဝတ်စုံနဲ့၊ ရေတပ်လည်စည်းကို ဝတ်ဆင်ထားတယ်။

ဟယ်ရီက သူ့အနေနဲ့ ရှေ့တန်းကို အတတ်နိုင်ဆုံး မြန်မြန်ပြန်သွားချင်ကြောင်း ရှင်းအောင်ပြောခဲ့တယ်။

''ကျွန်တော် ဝင်ဆာမှာ ထိုင်မနေချင်ဘူး။ အင်္ဂလန်ကိုလည်း သိပ်မကြိုက်ပါဘူး။ ခင်ဗျား သိပါတယ်။ အဲဒီသတင်းစာတွေ သူတို့ရေးတဲ့ ''ချေးထုပ်တွေ''နဲ့ ဝေးဝေးနေရတာ ကောင်းတယ်''လို့လည်း သူက ပြောခဲ့ပါသေးတယ်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အိပ်ခုတင် အကြီးစားပေါ်ကနေ ကိုတ်မစ်ဒယ်လ်တန်ဟာ ကမ်းခြေကို ရိုက်ပုတ်လာတဲ့ ပင်လယ်လှိုင်းသံကို ကြားနေရတယ်။ အဲဒီအချိန်က နေ့လယ်ဖြစ်လို့ အပြင်မှာထွက်ထိုင်ဖို့ မသင့်တော်လောက်အောင် ပူလွန်းနေသေးတာက တစ်ကြောင်း၊ ကျွန်းပေါ်မှာ ပိုးကောင်တွေ အုပ်လိုက်ကျနေတာက တစ်ကြောင်းမို့ သူတို့စုံတွဲဟာ သူတို့ရဲ့ ဇိမ်ခံဘန်ဂလိုထဲမှာပဲ အရိပ်ခိုနေခဲ့ကြတယ်။ ဒီလိုအထဲမှာ ဝင်နေရတာကို ဝီလျံရော၊ ကိတ်ရော မညည်းညူကြပါဘူး။

အချိန်က ဩဂုတ်လနှောင်းပိုင်း ၂၀၀၇-ခုနှစ်ပါ။

နွေဦးတုန်းက သူတို့နှစ်ယောက် အဆက်ဖြတ်ခဲ့ကြပြီးတဲ့နောက် အခု ပြန်တွေ့ကြတာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဝီလျံက အခု သူတို့ရောက်နေတဲ့ ကြယ်ငါးပွင့်အဆင့် ဒက်စ်ရို့ချက်စ်ကျွန်းအပန်းဖြေစခန်းက ဘန်ဂလိုလေးကို ငှားထားခဲ့တာပါ။ ဒီ ဘန်ဂလိုလေးတွေကနေ အပြင်ဘက်ကိုကြည့်ရင် စိမ်းပြာနေတဲ့ အိန္ဒိယသမုဒ္ဒရာကြီးကို မြင်နိုင်ပါတယ်။ ဒီကျွန်းကို "နိဗ္ဗာန်ဘုံကျွန်း" လို့လည်း ခေါ်ပါတယ်။ လူဦးရေ "၅၀" ပဲရှိပြီး ကျွန်းရဲ့အလျားက သုံးမိုင်ရှည်တာမို့ လုံးဝ လွတ်မြောက်နယ်မြေပါပဲ။ တစ်ခုတော့ ရှိတယ်။ သူတို့ကို သူလျှိုလုပ် ထောက်လှမ်းမယ့်လူ မရှိအောင်တော့ လုပ်ဖို့လိုပါတယ်။ ဒါကြောင့် သူတို့စုံတွဲဟာ ဒီဘန်ဂလိုကို

## အခန်း - ၁၆

## ညီအစ်ကိုချင်း... တွဲဖက်မိပြီ...

*ဝီလျံတစ်ယောက် တော်ဝင်တပ်မတော်ရဲ့ယာဉ်ကို တကျွမ်းလို အသုံးပြုတဲ့အတွက် ဝေဖန်ခံရတာ အခု ပထမဆုံး အကြိမ်မဟုတ်ပါဘူး။ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာတုန်းက တော်ဝင်လေတပ်မတော်တောင်ကြားမှာရှိစဉ် ဝီလ်ရှိုင်းယားကို ဘွတ်ဖိနပ်ဝတ်ဖို့ ပျံသန်းခဲ့သေးတာပါ။*

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဝင်တည်းခိုဖို့ ငှားတဲ့အခါ သူတို့နာမည်တွေကို "မာတင်နဲ့ ရိုစ်မေရီမစ်ဒယ်လ်တန်" လို့ ပေးခဲ့ကြရတယ်။ အသားရောင်တွေ နီညိုလာအောင် နေဆာလှုံရင်း ပျော်ရွှင်စွာ အချိန်ဖြုန်းကြတယ်။ ရေတိမ်တိမ်မှာ လှေလှော်ကြတယ်။ အသက်ရှူပြွန်တပ်ပြီး ရေကူးကြတယ်။ နံနက်စာမစားခင် သန္တာကျောက်တန်းနားက ရေကူးကန်မှာ ရေကူးပြိုင်ကြသေး တယ်။

ညဘက်ဆိုရင် ဘန်ဂလိုဝန်ထမ်းတွေက သဲသောင်ပြင်ပေါ်မှာ စားပွဲလေးတစ်လုံး သူတို့နှစ်ယောက်အတွက် ချပေးတယ်။ စားပွဲကို လိုင်နင်စားပွဲခင်း ခင်းထားတယ်။ ငွေဓား၊ ငွေခက်ရင်းတွေ၊ ကျောက်သလင်းဖန်ခွက်တွေနဲ့ အပြည့်အစုံ ချထားတယ်။ အဲဒီစားပွဲမှာ သူတို့နှစ်ယောက်က လတ်လတ်ဆတ်ဆတ် ငါးကင်တွေ၊ ရေခဲစိမ်ဝိုင်ပုလင်းပေါင်း များစွာနဲ့ ပျော်ရွှင်ခဲ့ကြတယ်။ အခု သူတို့ နှစ်ယောက်တည်းပဲ ရှိတယ်။ အချိန်တွေလည်း အများကြီးရတယ်။ ပြောစရာ တွေလည်း အများကြီးပဲ။ လွန်ခဲ့တဲ့ဖွန်လမှာ ပြန်လည်ပေါင်းစည်းမိခဲ့ကြပြီး ဝီလျံနဲ့ကိတ်တို့ဟာ အတော်ကြီးကို သိုသို သိပ်သိပ်နေခဲ့ကြတယ်။ ဒိုင်ယာနာရဲ့ ၁၀ နှစ်မြောက် အောက်မေ့ဖွယ် ကပွဲအခမ်းအနားကို "ဝင်ဘလေအားကစားရုံ" မှာ ကျင်းပတုန်းကလည်း ကိတ်ကဝီလျံနဲ့ ခပ်လှမ်းလှမ်း နှစ်တန်းကျော်မှာ ထိုင်ခဲ့တာပါ။

အဲဒီကိစ္စအတွက် ဂတ်စ်ဘုရားကျောင်းမှာ ဝတ်ပြုပွဲလုပ်တော့လည်း ကိတ်က မတက်ခဲ့ပါဘူး။ ဒါပေမဲ့ ကလဲရင့်စ်ဟောက်စ်ရဲ့ တံခါးတွေနောက်ကွယ်မှာတော့ အတတ်နိုင်ဆုံး မကြာမကြာ တွေ့ခဲ့ကြတယ်။ ဝီလျံအနေနဲ့ ကိတ်ကို အဆက်ဖြတ်လိုက်တာဟာ မှားတယ်လို့ ရက်ပိုင်းအတွင်းမှာပဲ သဘောပေါက်ခဲ့တာမို့ ပြန်တောင်းပန်တဲ့အခါ ရက်သတ္တပတ် အတော်ကြာမှ ကိတ်ကလက်ခံခဲ့တာ ဖြစ်တယ်။ ကိတ်လည်း ကွဲကွာသွားတဲ့အချိန်အတွင်း အတော်ကြီးကို ခံစားခဲ့ရတယ်လို့ သူ့သူငယ်ချင်း အယ်မာက ပြောပါတယ်။

"သူ့ဘဝမှာ ဝီလျံဟာ သူ့အချစ် သူ့ဘဝပါပဲ။ ဒါပေမဲ့ သူတို့က လူထုမျက်စိအောက်မှာ အမြဲရှိနေတဲ့အတွက် ဆက်သွယ်ရတာ သိပ်ခက်တယ်လို့ ကိတ်ကဝန်ခံပါတယ်" တဲ့။ အခု ပြန်ပေါင်းစည်းမိတဲ့အခါ အဖြေထုတ်ဖို့ အကြောင်း အရာတွေ အများကြီးရှိကြောင်းလည်း ပြောခဲ့တယ်လို့ ဆိုတယ်။

ကိတ်အနေနဲ့လည်း ဝီလျံဆီက အာမခံချက် လိုချင်တာအမှန်ပဲ။ သူတို့တွဲလာခဲ့တာ ခြောက်နှစ်ရှိပြီ။ တစ်ချိန်မှာ တော့ သူတို့အနာဂတ်ကို ဆွေးနွေးကြရလိမ့်မယ်ဆိုတာ နှစ်ဦးစလုံးသိပါတယ်။ လူငယ်တစ်ယောက်အနေနဲ့ အနာဂတ်ကို စိုးရိမ်နေရတဲ့ ဝီလျံအဖို့ ဒီကိစ္စက မလွယ်ပါဘူး။ အခု ဒီနိဗ္ဗာန်ဘုံကျွန်းမှာတော့ သူတို့ ဒီကိစ္စကို အေးအေးဆေးဆေး ဆွေးနွေးဖို့ အကောင်းဆုံးနေရာပါပဲ။

လရောင်က ထိန်ထိန်သာနေတယ်။ သူတို့အရိပ်တွေက သဲသောင်ကမ်းခြေမှာ အရိပ်ထင်နေတယ်။ ဒီအချိန်မှာ ဝီလျံက အာမခံချက်ပေးလိုက်တယ်။ ကိတ်ဟာ သူ့အတွက် တစ်ဦးတည်းသောသူပါပဲတဲ့။ အခု ပထမဆုံးအကြိမ်အဖြစ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ရေးကိစ္စ ဆွေးနွေးဖြစ်ခဲ့ကြတယ်။ ဝီလျံကလည်း သူ့အဖေဆီက ရထားတဲ့အမွေအဖြစ် "ဝန်ခံရေးကြောက်ရွံ့စိတ်" ကြောင့် သူသာ ကိတ်ကို အာမခံချက်တချို့ မပေးရင် ကိတ်ကို လက်လွှတ်ဆုံးရှုံးရလိမ့်မယ်ဆိုတာ သိနေတယ်။

အဲဒီအချိန်ကတော့ သူတို့လက်ထပ်ဖို့ သဘောမတူခဲ့ကြသေးပါဘူး။ ဝီလျံက ကိတ်ဟာ သူ့ရဲ့တစ်ဦးတည်းသော သူဖြစ်တယ်လို့ ပြောပြီး ဒါပေမဲ့ သူ့အနေနဲ့ အိမ်ထောင်ပြုဖို့ အဆင်သင့် မဖြစ်သေးဘူးလို့လည်း ပြောခဲ့ပါတယ်။ သူ ကတိပေးပါတယ်။ ကိတ်ကို သူ ဒုက္ခရောက်အောင် မလုပ်ပါဘူးလို့ အပြန်အလှန်အနေနဲ့ ကိတ်ကလည်း ဝီလျံ လက်ထ နိုင်တဲ့အချိန်အထိ စောင့်ပါ့မယ်လို့ ကတိပေးခဲ့တယ်။

ပြဿနာက ဝီလျံဟာ သူ့အသက်မွေးဝမ်းကျောင်း အလုပ်နဲ့ပတ်သက်ပြီး စဉ်းစားစရာရှိနေတယ်။ ကိတ်က သူ့ဆီက အာမခံချက် လိုအပ်သလို၊ ကိတ်အနေနဲ့လည်း သူနဲ့ လက်ထပ်လိုက်ရင် ဖြစ်ပေါ်လာမယ့် အရာအားလုံး နားလည်ဖို့လိုတယ်။ ဝီလျံက "တာဝန်"ကို အမြဲတမ်း ပထမနေရာ ထားတယ်။ ကိတ်က သူ့ကိုချစ်တယ်ဆိုတာ သူ သိပါတယ်။ ဒါပေမဲ့ တော်ဝင်ဖြစ်နေတဲ့အတွက် စွန့်လွှတ်စွန့်စားရတာတွေ ရှိနေတယ်။ ဝီလျံက တော်ဝင်လေတပ်မတော် နဲ့ တော်ဝင်ရေတပ်မှာ ၆-လ အမှုထမ်းရတော့မှာပါ။ ဒါတွေက မလွဲမသွေ ဖြစ်လာမှာတွေပဲ။ အခု လောလောဆယ်တော့ သူတို့ အတူရှိနေကြတယ်။ ဒီည သူတို့ ဆွေးနွေးခဲ့ကြတာတွေက အနေအထား ကောင်းစေခဲ့ပါတယ်။

ဟယ်ရီက အာဖဂန်နစ္စတန်က ပြန်လာတဲ့အခါ ဘယ်နေရာကိုမှ တာဝန်မကျသေးတဲ့အချိန်၊ ဝီလျံကိုတော့ စီမံချက်ချပြီးခဲ့ပါပြီ။ စက်တင်ဘာမှာ တပ်မှူးအဖြစ် ဘွဲ့ရခဲ့ပြီးလို့ အခုအခါ စစ်နယ်မြေဆီ တပ်ဖြန့်တာဝန်ချဖို့ အဆ အချင်းပြည့်မီသွားပြီ။ ဝင်ဆာမှာရှိတဲ့ "ကွန်ဘာမီရီ"အဆောင် (ဘားတိုက်)မှာ အိမ်တော်စောင့် မြင်းတပ် D အဖွဲ့ တာဝန်ချထားခြင်း ခံရတယ်။ သူက လူ ၁၂ ယောက်ကို ဦးဆောင်ရပြီး သူရယ်၊ တပ်ကြပ်တစ်ယောက်ရယ်၊ တပ်သား နှစ်ယောက်ရယ်၊ နောက်ရဲဘော် ရှစ်ယောက်ရယ် ဖြစ်ပါတယ်။ သူတို့အဖွဲ့ကို တော်ဝင်တပ်မတော်သားများအဖြစ် ပုံ နိုင်ပါပြီ။ သူ့ဖခင်ကတော့ သူတို့ကို "ကွန်ဘက်ဝမ်ဘက်"လို့ ချစ်စနိုးခေါ်ပါတယ်။ ဒါပေမဲ့ သူဟာ ဘယ်လော တော်တဲ့စစ်သားပဲ ဖြစ်ပါစေ၊ ဟယ်ရီလိုတော့ တိုက်နိုင်မှာ မဟုတ်ဘူးဆိုတာ ဝီလျံက သိပါတယ်။ ဆင်းဟတ်စ် မသွားခင်ကတည်းက စစ်မြေပြင်ထွက်ဖို့ ရည်ရွယ်ချက်ရှိပေမယ့် ဟယ်ရီလောက်တော့ တိုက်နိုင်လိမ့်မယ်လို့ မထင်ခဲ့ဘူ

"ကျွန်တော် နောက်ဆုံး လုပ်ချင်တဲ့အလုပ်က နွေးနေအောင် အကာအကွယ်ပေးနိုင်မယ့်ဟာ သိုးမွေးချည် နဲ့ ပတ်လို့ပဲဖြစ်ဖြစ် လုပ်ချင်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော် စစ်ထဲဝင်မယ်ဆိုရင် ကျွန်တော့်ရဲဘော်တွေသွား နေရာမှန်သမျှ သွားချင်လို့ပဲ။ သူတို့လုပ်တဲ့ အလုပ်မှန်သမျှ လုပ်ချင်လို့ပဲ။ ကျွန်တော့်ကို အဖိုးတန်လို့ ဆိုပြီးပဲဖြစ် ဘာကြောင့်ပဲဖြစ်ဖြစ် နောက်တန်းမှာ ချန်ထားခဲ့တာ မခံချင်ဘူး။ အဲဒါ... ကျွန်တော် နောက်ဆုံးလိုချင်တဲ့ဟာပဲ။ အ နောက်မှာ နေခဲ့ရမယ့်အဖြစ်ဟာ အသိမ်ငယ်ဆုံးပဲ။ အဲဒီလို နေရမယ်ဆိုရင် ကျွန်တော် စိတ်ပျက်မှာပဲ။ ဒီလူတွေ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်ပြီး ဒုက္ခခံ အလုပ်လုပ်နေတုန်း ကျွန်တော်က နေခဲ့ရတယ်ဆိုတာ အရုပ်ဆိုးပါလိမ့်မယ်''

ဒိုင်ယာနာအတွက် ကျင်းပတဲ့ ကပွဲမတိုင်ခင် NBC နဲ့ အင်တာဗျူးလုပ်ရတယ်။ အဲဒီအင်တာဗျူးမှာ သူ့အနာဂတ် စစ်ထဲဝင်မယ့်ကိစ္စကိုမေးတော့ ''ကျွန်တော်က သင်တန်းတွေတက်ပြီးမှ ဟုတ်ကဲ့၊ ကျွန်တော်က သိပ်ကို အရေးပါတဲ့လူမို့ ကျွန်တော် စစ်မြေပြင် မသွားတော့ပါဘူးလို့ ပြောရမှာလား။ စစ်သင်တန်းတက်ခဲ့တာ အဓိပ္ပာယ် ရှိပါတော့မလား''လို့ ဖြေခဲ့တယ်။

ဒါပေမဲ့ ဝီလျံကို ဘယ်တော့မှ ရှေ့တန်းကိုမပို့နိုင်ဘူး ဆိုတာကိုတော့ ညွှန်ကြားခံထားရတယ်။ သူ့တပ်ဖွဲ့ကို အာဖဂန်နစ္စတန် ခြောက်လ ပို့လိုက်တဲ့အခါ ဝီလျံကျန်ခဲ့ပါတယ်။ ဟယ်ရီတုန်းကလိုပဲ သူ စိတ်မချမ်းမသာ ဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ ''ဗိုလ်ဝေးလ်စ်''က ရဲရင့်တဲ့မျက်နှာပေးကို ဆင်ထားခဲ့တယ်။ ကောင်းမွန်တဲ့ အကြောင်းပြချက်တွေကြောင့် ကျွန်တော့်ကို အာဖဂန်နစ္စတန်မပို့တာပါလို့ ပြောခဲ့တယ်။ တော်ဝင်လေတပ်မတော်ထဲ ဝင်ဖို့ကိုတော့ နှစ်သစ်ကူးတဲ့အထိ မစောင့်နိုင်ခဲ့ဘူး။ ဟိုး ငယ်ငယ်ကလေးဘဝတုန်းက သူနဲ့ဟယ်ရီကို သူတို့ဖခင်ရဲ့ ဟယ်လီကော်ပတာ မောင်းသူထိုင်ခုံမှာ ထိုင်ဖို့ ခွင့်ပြုတဲ့အခါကတည်းက ဝီလျံက လေယာဉ်မောင်းချင်နေခဲ့တာပါ။

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်။

သူ လင်ကွန်းရှိုင်းယားရှိ ခရန်းဝဲလ် တော်ဝင်လေတပ်မတော်ကို ရောက်သွားတဲ့အချိန်မှာ ရေခဲမတတ် အေးနေတယ်။ ဝီလျံက ဆောလ်မိုရဲလ်မှာ နှစ်သစ်ကူးအားလပ်ရက်ကို ကိတ်နဲ့အတူခံစားပြီး ပြန်လာတဲ့အခါ သူတို့ ပြန်လည်ဆုံတွေ့ဖို့ ဘယ်လောက် ကြာဦးမယ်ဆိုတာ ဘယ်သူမှမသိကြပါဘူး။ ကမ္ဘာပေါ်မှာ သက်တမ်းအရင့်ဆုံးဖြစ်တဲ့ လေကြောင်းကောလိပ်ကလည်း ဆင်းဟတ်စ်နဲ့ ခပ်ဆင်ဆင်ပါပဲ။ ပြင်ပနိုင်ငံတွေက အထင်ကြီးကြတယ်။ ပြည်တွင်းမှာလည်း လက်တွေ့ကျတယ်။ ဒီအခြေစိုက်စခန်းမှာ သူ့မှုနဲ့သူ ကျင့်သုံးနေရာမှာ ပညာရေးဖြည့်တင်းမှု အသီးသီးရှိတယ်၊ အားကစားရုံ ရှိတယ်၊ ရေကူးကန်လည်း ရှိတယ်။ ကျောင်းဆောင်တွေအနေနဲ့လည်း ပြည့်စုံတယ်။ အဲဒီအဆောင်တွေထဲက အဆင့် ၂ အဆောက်အအုံဖြစ်တဲ့ ''ယော့ခ်ဟောက်စ်''မှာ ဝီလျံနေရတယ်။ ဒီအဆောင်ကို ''ယော့စ်ဟောက်စ်''လို့ နာမည်ပေးတာကိုက သူ့ဘေးတော် အဲလ်ဘတ်မင်းသား (ယော့ခ်မြို့စား) နောက်ပိုင်း ဆဋ္ဌမမြောက်ဂျော့ဘုရင် ဖြစ်မယ့်လူကို ဒီစခန်းမှာ ၁၉၁၈ က ဗိုလ်မှူးခန့်ခဲ့လို့ပါ။ ဝီလျံရဲ့အခန်းက ၁၅ ပေပတ်လည်ရှိတယ်။ တစ်ယောက်အိပ် ခုတင်တစ်လုံး၊ ဗီရိုတစ်လုံး၊ ရေချိုးခန်း အသေးတစ်ခန်း ပါရှိပါတယ်။ အနီးဆုံးမြို့ဖြစ်တဲ့ ''စလီဖို့ဒ်''နဲ့ ငါးမိုင်ကွာတယ်။ ခရန်းဝဲလ်ကျေးရွာလေးကိုတော့ ခဏလောက် လမ်းလျှောက်ရင် ရောက်နိုင်ပါတယ်။ ပတ်ဝန်းကျင်တစ်ခွင်လုံးကတော့ လင်ကွန်းရှိုင်းယား အွင်းပြင်ကျေးတောပါပဲ။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဝီလျံရဲ့အလုပ်က နံနက် ၈ နာရီမှာစပြီး ညနေ ၅း၃၀ မှာ ပြီးတယ်။ အလုပ်ပြီးရင် ကြိုက်တာလုပ်နိုင်တယ် သူ့ဖခင်ကလည်း ဒီစခန်းမှာပဲ လေယာဉ်မောင်းဖို့ သင်တန်းတက်ခဲ့တာမို့ ဒီရောက်ရင် အပေါင်းအသင်းနဲ့နေဖို့ အချိန်တော့ နည်းလိမ့်မယ်လို့ သတိပေးခဲ့သေးတယ်။ ချားလ်စ်က ၁၉၇၁၊ ဩဂုတ်လ ၂၀ ရက်မှာ၊ လေယာဉ်မောင်း လက်ဖတင်နှင် ဗိုလ်အဖြစ် ဘွဲ့ရခဲ့တာပါ။ ဝီလျံ စာသင်ခန်းဘက်လျှောက်ရင် ကောလိပ်ခန်းမကြီးနံရံမှာ သူ့ဖခင်ရဲ့ပုံတူကို ချိတ်ထားတာ မြင်ရတော့ မပြုံးဘဲမနေနိုင်ပါဘူး။ သူ့ဖခင်ပြောတာ မှန်ပါတယ်။ သင်ရတဲ့သင်ခန်းစာတွေက ခက်ပါတယ်။ ဝီလျံဟာ အားတဲ့အချိန်တိုင်းမှာ လေ့လာကျက်မှတ်ရတဲ့အပြင် သင်တန်းလေ့ကျင့်ဖို့ အရာရှိတိုင်းကို ပေးထားတဲ့ လေယာဉ်ပျံသန် ရေးအတွက် လေ့ကျင့်ရတဲ့စားပွဲမှာလည်း စွဲမြဲရပါတယ်။ တခြား အရာရှိလောင်းတွေနဲ့ မတူတာက သူတို့က စစ်ဆင်ရေ လေယာဉ်မှူးဖြစ်ဖို့ အနည်းဆုံး သုံးနှစ်သင်တန်းတက်ရတာဖြစ်ပြီး ဝီလျံအတွက်ကိုတော့ ဖြတ်လမ်းနဲ့ အထူးပြင်ဆင်ပေး တာပါ။

သူ့ကို စစ်ဆင်ရေး လေယာဉ်မှူးအဖြစ် သင်ပေးမှာမဟုတ်တဲ့အတွက် သူ့သင်ရိုးကို တချို့အပိုင်းတွေ ဖြတ်ပစ်ရကြောင်း သင်တန်းဆရာက ပြောခဲ့ပါတယ်။

ဝီလျံကတော့ သူ ကလေးဘဝကတည်းက အိပ်မက်မက်ခဲ့ရတဲ့ လေယာဉ်မောင်းသင်ဖို့ကိစ္စကို ဖြစ်နိုင်ခြင်းရှိ သဘောမပေါက်ခဲ့ဘူး။ တော်ဝင်လေတပ်မတော်မှာ လေယာဉ်မောင်းရတာက ကောင်းမွန်ပြည့်စုံတဲ့ မျက်စိအမြင်ရှိရပါတယ် ဝီလျံက မျက်စိအနီးမှုန်တယ်။ ဒါဟာ ပြဿနာဖြစ်နိုင်တယ်။ ဒါပေမဲ့ သူက အိမ်တော်စောင့်မြင်းတပ်မှာ အမှုထ နေတဲ့ အရာရှိဖြစ်နေပြီးသားမို့ သူ့ကို တော်ဝင်လေတပ်မတော်က လက်ခံခဲ့တာပါ။ လူတိုင်းနည်းတူ ဗိုလ်ရွေးအဖွဲ့ တက်ရောက်ပြီး ဆေးစစ်တဲ့အခါ သူ အရင်တပ်နေတဲ့ မျက်မှန်ကို တပ်ခွင့်မပေးဘဲ သတ်မှတ်ထားတဲ့မျက်မှန်ကို တပ် အမိန့်ပေးခဲ့တယ်။ ဒီမျက်မှန်တွေက ဆွဲဆောင်မှုမရှိဘူး။ ဒါပေမဲ့ နှစ်ပတ်ကြာတဲ့အခါမှာတော့ ဒီမျက်မှန်ကိုပဲ စကိတ်စီး အတွက် ယူသွားခဲ့ကြောင်း အရာရှိတစ်ဦးက ပြောပြပါတယ်။

ဝီလျံဟာ Grob 115 E ရဲ့ ထိန်းချုပ်တဲ့ ကိရိယာတွေကို ကိုင်တွယ်ရတဲ့အခါ အသက်ဝဝရှူပြီး နောက်ဆုံး စစ်ဆေးမှုကို လုပ်တယ်။ သူက သင်တန်းဆရာနဲ့ လေယာဉ်အငယ်စား ပျံသန်းနည်းကို သင်ခဲ့ရပြီး ထောက်ခံချက်ရခဲ့ ဖြစ်ပါတယ်။ ဒီလေယာဉ်အငယ်စားကို တော်ဝင်လေတပ်မှာ အစပထမ တစ်ယောက်တည်း မောင်းရတဲ့အခါ သုံးပါတယ် နောက်ပိုင်း ဝီလျံက ဟာသ ပြောပါသေးတယ်။ ဘယ်လိုလူကများ ၄၇ အသက်နဲ့ လေယာဉ်တစ်စီးကို ယုံကြည်သ ဆိုတာ ဘုရားသခင် သိသွားတယ်တဲ့။

အဲဒီလို တစ်ယောက်တည်း မောင်းရတဲ့လေယာဉ်ကို စတင်မောင်းပြီး ဘေးကင်းစွာ ပြန်ရောက်လာတဲ့ သူက ဟာသပြောတာပါ။ ဒီလိုမောင်းနည်းမျိုး ဒီသင်တန်းမှာ လေ့ကျင့်ပြီးတဲ့အခါကျမှ ခရန်းဝဲလ်ကနေ နှစ်နာရီလောင်းရ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ယော့ခ်ရှိုင်းယားလင်တင် လေတပ်မတော်ဆီ အပို့ခံရပါတယ်။ အဲဒီမှာတော့ ပိုပြီးကြီးတဲ့လေယာဉ်ကို အမောင်းသင်ရတယ်။ သူ ဆင်ထားခဲ့တဲ့အတိုင်း ဒီကာလမှာ ကိတ်အတွက် အချိန်နည်းနည်းပဲ ပေးနိုင်ပါတော့တယ်။ မတ်လရောက်မှ "ကလော်စတာ"ကို စကိတ်စီးဖို့ တစ်ပတ် ပျံသန်းနိုင်ခဲ့ကြတယ်။ ကိတ်အနေနဲ့ သူချစ်သူကို တွေ့ရတဲ့အချိန် နည်းလာပေမယ့် အရင်ကလို ညဉ့်နက်ကလပ်တွေသွားပြီး အချိန်ဖြုန်းတဲ့အလုပ်ကို ဝီလျံ မလုပ်နိုင်တော့ဘူး။ ဒီသင်တန်းမှာက ပိုင်းလော့တွေဟာ လေယာဉ်မောင်းဖို့ တာဝန်ရှိရင် ၁၀ နာရီကြိုပြီး အရက်မသောက်ဘဲ နေရမယ်ဆိုတဲ့ စည်းမျဉ်းရှိတယ်။ ဒီတော့ ဝီလျံဟာ တစ်ရက်မှာနှစ်ပတ်ပဲ ကန့်သတ်သောက်ပြီး တချို့ရက်တွေမှာ လုံးဝ အရက်မသောက်ဖြစ်တော့ပါဘူး။ ကြာသပတေးညလိုမျိုးမှာမှ သူနဲ့ သင်တန်းအတူတက်တဲ့ အရာရှိတွေဟာ အနီးအနားက "ဝယ်လင်ဆင် မြို့စားကြီး" ဆိုင်မှာ စောစောလေးသောက်ပြီး ငါးနဲ့ ညလယ်စာ စားဖြစ်ကြတယ်။

စနေ၊ တနင်္ဂနွေ အများစုမှာတော့ ကိတ်ကိုတွေ့ဖို့ အိမ်ပြန်လေ့ရှိတယ်။ ကိတ်ကလည်း လန်ဒန်ကနေ ခရန်းဝဲလ်အထိ အကြာကြီး ကားမောင်းသွားဖို့ စိတ်ကူးမယဉ်နိုင်ခဲ့ပါဘူး။ ဒါ့အပြင် ဝီလျံမှာက သီးသန့်အချိန်နည်းနည်းပဲရတယ်။ သူ အိမ်ပြန်တဲ့အခါ လန်ဒန်ရောက်ဖို့ နာရီဝက်ပဲလိုတော့တယ် ဆိုတဲ့အခါ ဝီလျံက သူ့မှာပါတဲ့ လက်ကိုင်ဖုန်းနဲ့ သူအိမ်ရောက်တော့မယ်ဆိုတာ အကြောင်းကြားလေ့ ရှိတယ်။ ကိတ်က ကလဲရင့်စ်ဟောက်စ်ထဲ လွတ်လပ်စွာ ဝင်ထွက်ခွင့်ရနေတာမို့ ဝီလျံ အကြောင်းကြားလိုက်ရင်ပဲ ရေနွေးချိုးဖို့ ဆွဲချထားတယ်။ မီးဖိုပေါ်မှာ ညစာပြင်ထားတယ်။ ကိတ်က မိခင်နီးပါး သူ့အပေါ် ပြုစုပါတယ်လို့ လူငယ်တစ်ယောက်က မှတ်ချက်ချတယ်။ ဝီလျံက အိမ်ပြန်ရောက်ရင် အားတွေ ကုန်နေပြီ။ ညစာစားပြီးတာနဲ့ ရုပ်ရှင် အတူကြည့်တယ်။ ရုပ်ရှင်မပြီးခင် အိပ်ပျော်သွားတာ များပါတယ်။ တစ်ခါတလေတော့ ဝီလျံနဲ့ ဟယ်ရီတို့ဟာ သူတို့ရဲ့ သီးခြားအဆောင်မှာ ပျော်ပွဲရေး လုပ်တတ်ကြတယ်။ ကိတ်က ဖက်ရှင်ကျတဲ့ နံရံကပ်စက္ကူတွေ ကပ်ပေးတယ်။ အခန်းပိုတစ်ခုမှာ အားကစားရုံအစားသုံးဖို့၊ စက်ဘီးစီးတဲ့ စက်ကလေးဝယ်ဖို့ သူတို့ကို တိုက်တွန်းခဲ့တယ်။

စနေ၊ တနင်္ဂနွေ ပိတ်ရက်တွေမှာ အင်္ဂလိပ်ရိုးရာ အစားအစာတွေချက်ပြီး စားကြတယ်။ ကိတ်က အချဉ်ရည်ညှစ်နေရင် ဝီလျံက အာလူးတွေပြုတ်တယ်။ ထောပတ်များများမသုံးဖို့ တင်းကျပ်စွာ ညွှန်ကြားချက်ရှိတယ်။ ဟယ်ရီ အနားမှာရှိနေရင်တော့ ဟယ်ရီက အရက်သောက်တဲ့တာဝန်ပဲ အမြဲထမ်းဆောင်လေ့ ရှိပါတယ်။ သူတို့ တက္ကသိုလ်ရက်များ ပြီးသွားကတည်းက အခုလို အိမ်ထဲမှာ ချက်ပြုတ်စားသောက်ကြတာဟာ အခုဆိုရင် အနီးကပ်ဆုံး၊ အရင်းနှီးဆုံး ဖြစ်လာခဲ့တယ်။ အခုလို တစ်ယောက်နဲ့တစ်ယောက် အတူရှိနေကြတဲ့အတွက် ဘယ်လောက်ပျော်ကြသလဲဆိုတာ သူငယ်ချင်းတွေက အမှတ်တရပြုကြတယ်။ ဘယ်သူမှကြည့်မနေဘူး ထင်တဲ့အခါ ဝီလျံက ကိတ်ကို အနမ်းပေးတတ်တယ်။ ကိတ်က ဝီလျံကို တခြားလူတွေထက်ပိုပြီး နားလည်အောင် သင်ယူလာတဲ့အချိန်မှာ ဝီလျံက ကိတ်စကားပြောရင် ဝါကျကို

the bookhouse we bring you future
www.burmeseclassic.com

www.burmeseclassic.com



အဆုံးသတ်ပေးတတ်တဲ့ အလေ့အကျင့် ရရှိလာခဲ့ပါပြီ။ ကိတ်က ဒေ့ဗ်သည်တွေကို ဝီလျံအနေနဲ့ ဘယ်တော့ပြန်စေချင်သလဲ ဆိုတာ ပြောနိုင်တယ်။ ဝီလျံက ပါတီသွားချင်စိတ်ပေါက်နေရင် အပြင်ထွက်ပြီး ဂျက်ဒယ်နီယယ်ဆိုင်သွားဖို့ ကိတ်က နားလည်လာတယ်။ ဟယ်ရီ ပြန်ရောက်နေရင်တော့ ညဥ့်နက်တဲ့အထိ နေတတ်ကြတယ်။ သူတို့ဖခင်နဲ့ အဘိုးအဘွားများက လန်ဒန်ရှိ သူတို့ချစ်တဲ့ကလပ်တွေကို ရှောင်ဖို့ပြောနေရပါပြီ။ ဟယ်ရီဆိုရင် အာဖဂန်နစ္စတန်က ပြန်ရောက်ကတည်းက အယ်လ်ကိုင်ဒါတို့ရဲ့ ဝက်ဘ်ဆိုဒ်တွေမှာ ခြိမ်းခြောက်မှုများစွာကို ရရှိနေခဲ့တယ်။ ဝီလျံကိုလည်း ဆောင်ဂျီကလပ်ကနေ ဝေးဝေးရှောင်ဖို့ သတိပေးခဲ့ရတယ်။ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလတုန်းက ဝီလျံနဲ့ကိတ်တို့ ဆောင်ဂျီကလပ်ထဲဝင်ပြီး ပြန်ဖို့လုပ်တဲ့အခါ အနှောင့်အယှက်တွေ ပေးကြတယ်။ သူတို့ ကွဲကွာခဲ့တဲ့နောက်ပိုင်း ဒီတစ်ခါဟာ ပထမအကြိမ် လူထုကြားထဲ ရောက်တာပါ။ ဝိုင်းလာတဲ့ ဓာတ်ပုံသမားတွေကြားက တိုးထွက်တော့ ကလပ်အရှေ့မှာ ပါပါရာဇီတွေ ၅၀ လောက် စုရုံးနေကြတာ မြင်ရတယ်။ အားလုံးက သူတို့ကို ဓာတ်ပုံရိုက်ချင်ကြတာချည်းပဲ။ ကိတ်ဆိုရင် ကင်မရာ တစ်လုံးနဲ့ ရိုက်မိမလိုဖြစ်ခဲ့ရတယ်။ စောင့်နေတဲ့ ရိန်းရိုဗာကားထဲ အပြေးဝင်ရင်း ခိုက်မိသွားတာပါ။ ဒီအခါ ဝီလျံနဲ့ သူ့ လုံခြုံရေး အရာရှိတွေဟာ သတင်းသမားတွေနဲ့ ကတောက်ကဆဖြစ်ရပြန်တယ်။ ဝီလျံက ဟေးလူတွေ...လာကြလေ ကားထဲ ဝင်ရအောင်လို့ အော်တယ်။ ဓာတ်ပုံသမားတစ်ယောက်က ကားရဲ့ဘယ်ဘက်က မှန်ကိုဆွဲထားတယ်။ ကားမောင်းထွက် တဲ့အထိ တွယ်လိုက်တုန်း။ တခြားလူတွေက မော်တော်ဆိုင်ကယ်တွေနဲ့ နောက်ကလိုက်တယ်။ ဝီလျံလည်း ဒေါပွသွား တယ်။ သူ့မိခင်ကို သေသည်အထိ လိုက်ခဲ့ကြတဲ့အဖြစ်ဟာ အခုထိ ဖြစ်နေတုန်းပဲလို့ အထူး စိတ်ပျက်သွားခဲ့တယ်။

''အီးဗနင်းစတင်းဒက်''သတင်းစာမှာ သူတို့စုံတွဲ ဓာတ်ပုံပါလာတဲ့အခါ ရေးသားထားတဲ့စာက ''ဆောင်ဂျီညနေ ပြန်လာပြန်ပြီ'' တဲ့။ ကလဲရင့်စ်ပေဟောက်စ် ဝန်ထမ်းတစ်ဦးက ထုံးစံအတိုင်း မကျေမနပ်ဖြစ်တယ်။ သတင်းသမားတွေဟာ နားလည်မှုမရှိဘူး၊ အဲဒီအပတ်မှာပဲ ပါရီက ပါပါရာဇီတွေ ကျူးကျော်လို့ ဒိုင်ယာနာသေရတာလို့ ညည်းကြတယ်။ ဒီတော့ မင်းသားလေးတွေ အပြင်ထွက်တိုင်း ဒီလို အန္တရာယ်တွေ့နေရမယ် ဆိုတဲ့သဘော ဖြစ်လာတယ်။ ဘုရင်မကြီး ကလည်း သဘောမကျဘူး။ ပထမအကြိမ် မဟုတ်တဲ့မေးခွန်းကို ဘုရင်မကြီးက မေးတယ်။ သူ့မြေးတွေနဲ့ သူတို့ ရည်စားတွေဟာ ဘာဖြစ်လို့ ဒီလို သတင်းကြီးတဲ့ကိစ္စ ထူထောင်နေကြတာလဲ။ သူ့မြေးတွေဟာ သူတို့ကို အာရုံစိုက်ပြီး ဓာတ်ပုံရိုက်ခံရမယ့်နေရာကို ဘာ့ကြောင့် သွားချင်နေကြတာလဲ ဆိုတာ ဘုရင်မကြီး နားမလည်နိုင်ဘူး။ နောက်တော့ ဖီးလစ်မင်းသားကြီးက ဝီလျံနဲ့ဟယ်ရီကို ဆောင်ဂျီကနေ နည်းနည်းဝေးဝေးနေကြဖို့ ပြောခဲ့ရတယ်။

၂၀၀၈ ခုနှစ်၊ ဧပြီ ၁၁ ရက်မှာ ဝီလျံက တော်ဝင်လေတပ်မတော် လေယာဉ်မှူးအဖြစ် အရည်အချင်းပြည့်မှီ အကြောင်း၊ အခမ်းအနားကို စနစ်တကျ ကျင်းပခဲ့ပါတယ်။ ဝီလျံက သတင်းကောင်းကို သူ့ဘွားတော်ဆီ ဖုန်းနဲ့ပြောကြောင်း

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကြားတယ်။ ပြီးနောက်မှာ ဟယ်ရီဆီဖုန်းဆက်ပြီး အဲဒီ စနေ၊ တနင်္ဂနွေ အားလပ်ရက်မှာတော့ သူတို့ ညီဝမ်းကွဲပီတာဖီးလစ်ရဲ့ (ယောက်ျားတွေချည်းပါတဲ့ ပါတီ) ကျင်းပမယ့် ''ရိုက်ကျွန်း''ကို သွားဖို့ စီစဉ်ထားကြောင်း ပြောပြလိုက်တယ်။ သူ့ဖခင် ချားလ်စ်၊ အဘိုးဖြစ်သူ မင်းသားကြီး ဖီးလစ်၊ ဘေးတော် ဆဌမမြောက် ဂျော့ဘုရင်တို့နည်းတူ၊ ဝီလျံလည်းပဲ ကိုယ်ပိုင်တောင်ပံတွေ ရရှိခဲ့ပါပြီ။

သင်တန်းဆင်း အခမ်းအနားကို ခရန်းဝဲလ်မှာရှိတဲ့ တော်ဝင်တပ်မတော်လေဆိပ်မှာပဲ ကျင်းပဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ အကြောင်းရင်းကတော့ သတင်းသမားတွေနဲ့ ပြဿနာမဖြစ်အောင်လို့ပါ။

သတင်းသမားတွေက ကိတ်ကိုလည်း စိတ်ဝင်စားကြတယ်။ ဒီအခမ်းအနားကို ကိတ်တက်ဖို့လည်း ရှိတာမို့ သတင်းသမားကို ရှောင်ချင်ကြတယ်။

ဝေလမင်းသား ချားလ်စ်က လေတပ်အကြီးအကဲအနေနဲ့ တော်ဝင်လေတပ်မတော်ရဲ့ အမြင့်မားဆုံး၊ အကောင်းဆုံး ပျံသန်းနိုင်ခြင်း အထိမ်းအမှတ်တံဆိပ်ကို သူ့သားကြီးရဲ့ ယူနီဖောင်းမှာ တပ်ဆင်ချိတ်တွယ်ပေးရပါတယ်။ ချားလ်စ်က ပြည့်ပြည့်ဝဝကြီးပြုံးရင်း သူ့သားကို လက်ဆွဲနှုတ်ဆက်တယ်။ ထိုနည်းတူပဲ အီဒင်ဘာ့ခ် မြို့စားကြီးကလည်း ၁၉၇၁ ခုနှစ်မှာ သူ့သားကြီးချားလ်စ် ဘွဲ့ယူတုန်းက ပြုလုပ်ခဲ့တာပါ။ ကိတ်ကတော့ စစ်ဝတ်စုံဆန်ဆန်၊ နို့နှစ်ရောင်ကုတ်အင်္ကျီနဲ့ သူ့အမှတ်အသားဖြစ်တဲ့ အနက်ရောင် ဒူးအထိမြင့်တဲ့ ဘွတ်ဖိနပ်ကိုဝတ်ဆင်ပြီး ပရိသတ်ထဲမှာပဲ ဝီလျံရဲ့အတွင်းရေးမှူး ''ဂျေမီလိုသာပင်ကာတင်''ရယ်၊ ကွန်းဝဲလ်မြို့စားမင်းသမီး (ကမီလာ) ရယ်နဲ့အတူ ထိုင်ခဲ့တယ်။ လွန်ခဲ့တဲ့နှစ် နှစ်ကလည်း ဆင်းဟတ်စ်မှာ ဝီလျံဘွဲ့ယူတော့၊ ဒီလိုပဲ ကိတ်က ကြည့်ခဲ့တာပါ။ အခုတော့ ဝီလျံဟာ ''လေယာဉ်မှူး အရာရှိ ဝေးလ်စ်'' ဖြစ်သွားပါပြီ။

တော်ဝင်လေတပ်မတော်မှာ လုံခြုံရေးတွေ စမ်းသပ်ပြီးတဲ့အခါ ဝီလျံက ''ရိုက်ကျွန်း''မှာရှိတဲ့ အရပ်သား လေယာဉ်ကွင်းကို ပျံသန်းမှာဖြစ်တယ်။ ဒီပျံသန်းမှုက နှစ်နာရီကြာမှာဖြစ်ပြီး ဒီခရီးပျံသန်းခွင့်ကို သူ့အထက်က အရာရှိတွေက ထောက်ခံချက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီနံနက်မှာ မိုးရွာတာတွေလည်း ရှင်းသွားခဲ့ပါပြီ။ လန်ဒန်တောင်ပိုင်းဆီ ခပ်နိမ့်နိမ့်ပျံသန်းဖို့ အခြေအနေက ကောင်းမွန်နေတယ်။ ဝီလျံက အရပ်သားလေယာဉ်တွေ ရှုပ်ယှက်ခတ်နေတဲ့ကြားက မြို့တော်လန်ဒန်ရဲ့ အရှေ့ပိုင်းကို ဦးတည်မောင်းနှင်ခဲ့တယ်။ သူ့ရဲ့ပထမဆုံး မြေပြင်ဆင်းသက်ခြင်းက မြင်ကွင်းထဲ ရောက်လာပါပြီ။ လန်ဒန်ရဲ့ အရှေ့တောင်မှာရှိတဲ့ ''ပူးလ်ဝစ်ဘားတိုက်''မှာဆင်းဖို့ ကွင်းကို ရှင်းလင်းထားပြီးဖြစ်တယ်။ အဲဒီကွင်းမှာ ဟယ်ရီက သူ့ကို စောင့်နေမှာလည်း ဖြစ်တယ်။ လေယာဉ်ပေါ်ကို ဟယ်ရီတက်လာပြီးတဲ့နောက် ဝီလျံဟာ အင်္ဂလန်တောင်ပိုင်းကို တစ်နာရီကြာ ဖြတ်ကျော်ရမှာပါ။ သူတို့ညီအစ်ကိုဟာ မြေပြင်က ရှုပ်ထွေးနေတဲ့ ယာဉ်ကြောကို

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



မြင်ကြရတယ်။ ညနေ ၄ နာရီမှာတော့ 'ရိုက်ကျွန်း'ရဲ့ 'ဘင်းဘရစ်လေဆိပ်'ကို ဆင်းမိကြပါပြီ။ အဲဒီမှာ သူတို့အရက်ဆိုင်ထိုင်ဖို့ အချိန်တွေ အများကြီးရမယ်။ တကယ်လို့သာ ဒီနေရာကို လန်ဒန်ကနေ ကားမောင်းလာမယ်ဆိုရင် ခုအချိန်မှာ လန်ဒန်မြောက်ပိုင်းမှာပဲ ရှိကြဦးမှာပါ။

သူတို့ရဲ့ ဝမ်းကွဲအစ်ကိုအကြောင်းက စိတ်ဝင်စားစရာ ကောင်းပါတယ်။ သူက အသက် ၂၉ နှစ်ရှိပြီ။ သူနဲ့ သူ့သူငယ်ချင်းတွေ ပြုလုပ်မယ့် ဒီပွဲက သတင်းသမားတွေအတွက် ရေးစရာဖြစ်လာခဲ့တယ်။ "တော်ဝင်တို့ရဲ့ ယောကျ်ားပါတီခံစားမှု" ဆိုပြီး 'ဆန်း'သတင်းစာ မျက်နှာဖုံးမှာ ပါလာတယ်။ "မေးရား" ကတော့ "ဝီလျံရဲ့ ယောကျ်ားချည်းပါတီ အပျော်ခရီး" ဆိုပြီး ရေးတယ်။ ဝီလျံလေယာဉ်နဲ့ ပျံသန်းလာတဲ့အတွက် ကုန်ကျစရိတ်တွေကို တွက်ပြပြီး သာသာထိုးထိုး ပြောလာတယ်။ ဒီခရီးအတွက် တော်ဝင်လေတပ်မတော်က ခွင့်ပြုပြီးဖြစ်တယ်။ ဝီလျံရဲ့ အရည်အသွေးအသစ်များကို စမ်းသပ်တဲ့လေ့ကျင့်မှုဖြစ်လို့ တရားဝင်သင်တန်းအဖြစ် သတ်မှတ်ပြီးသား ဖြစ်တယ်။ ဒါပေမဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ခုက ဝီလျံကို ဘာဖြစ်လို့ ပေါင် ၁၀ သန်းတန်တဲ့ ဟယ်လီကော်ပတာကို ပုဂ္ဂလိက သုံးခွင့်ပြုတာလဲ၊ အာဖဂန်နစ္စတန်မှာ လေယာဉ်တွေ ပြတ်နေတုန်း ဒီလိုလုပ်ရသလား... လို့ မေးခွန်းတွေ မေးလာကြတော့တယ်။

သူတို့သိထားတာက ဒီပျံသန်းမှုဟာ လောင်စာဆီ ပေါင် ၁၅၀၀၀ ဖိုး ကုန်တယ်။ ပြုပြင်ထိန်းသိမ်းရေးစရိတ်နဲ့ လူအင်အားတွေ ကုန်တယ်။ ဒါတွေအားလုံးဟာ ဝီလျံနဲ့ဟယ်ရီကိုပဲ အကျိုးပြုတယ်။ တခြား ဘယ်သူကိုမှ အကျိုးမပြုဘူးလို့ပဲ ဖြစ်ပါတယ်။ ဝီလျံနဲ့ဟယ်ရီတို့က ရိုက်ကျွန်းကို ပါတီတက်ဖို့ သက်သက်နဲ့ အသုံးပြုခဲ့ကြတာပဲ လို့ ဝေဖန်ကြတယ်။ လစ်ဘရယ်ဒီမိုကရက်ပါတီက ပြောခွင့်ရသူကဆိုရင် ဒါဟာ အရေးကြီးတဲ့ ကုန်ကျစရိတ်တွေဖြစ်တယ်။ လေယာဉ်ကို ပါတီတက်ဖို့ တက္ကစီလို အသုံးပြုသွားတာကို လူထုက ကျေနပ်မှာမဟုတ်ဘူးလို့ ပြောတယ်။

ဒီပြဿနာမှာ ကလဲရင့်စ်ဟောက်စ်က ငြင်းချက်မထုတ်ပါဘူး။ ဝေဖန်မှုလည်း မပြုပါဘူး။ ဝီလျံက ဆင်ဒရင်ဟမ်ကိုရော၊ ဟိုင်းဂရို့ဗ်ကိုရော၊ ဘက်စ်ရှိုင်းယားမှာရှိတဲ့ သူ့ကောင်မလေးအိမ်ဆီကိုပါ ချင်းနွတ်ဟယ်လီကော်ပတာနဲ့ သွားခဲ့တာပါ။

ကိတ်မိဘတွေကတော့ သူတို့အိမ်ကို ဝီလျံမင်းသားက ဟယ်လီကော်ပတာနဲ့လာတာကို သဘောကျနေကြတယ်။ ဝီလျံက တော်ဝင်လေတပ်ရှိတဲ့ ဟမ်ရှိုင်းယားကနေ မစ်ဒယ်လ်တန် မိသားစုဆီ အနီးကွင်းထဲ တက်လိုက်၊ ဆင်းလိုက် လေ့ကျင့်တာကို ကြည့်ပြီး သဘောကျနေကြတာပါ။ အခုတော့ ချင်းနွတ်လေယာဉ်တွေကို ဝီလျံမောင်းနေတာ လူကြီးတွေက ဘာဖြစ်လို့ ခွင့်ပြုနေတာလဲလို့ မေးလာကြတယ်။ ဝီလျံမောင်းနှင်ခဲ့တဲ့ ခရီးတွေထဲမှာ လေယာဉ်မှူးနှစ်ဦး၊ လေကြောင်းပြ တစ်ဦးနဲ့ ဝန်ချိန်ကျွမ်းကျင်သူတစ်ဦး အမြဲပါခဲ့တယ်။ သူ့ကောင်မလေးဆီ သွားဖို့ရယ်၊ ဖခင်ဆီသွားဖို့ရယ်၊ ရိုက်ကျွန်း

www.burmeseclassic.com



သွားဖို့ရယ်တွေကို ဝီလျံက တောင်းခံခဲ့တာဖြစ်ပြီး ခွင့်ပြုချက်လည်း ရခဲ့ပြီးသားတွေ ဖြစ်တယ်။ ချင်းနွတ်ဟယ်လီကော်ပတာ သင်ရိုးမှာ လုပ်ပိုင်ခွင့် အပ်နှင်းထားတဲ့ အရေးကြီးသင်တန်းတွေလည်း ဖြစ်တယ်။ အီရတ်နဲ့ အာဖဂန်နစ္စတန်မှာ ကြီးလေးတဲ့ စစ်ဆင်ရေး တာဝန်ယူမှုတွေအတွက် ဘယ်လောက် လေ့ကျင့်ရမယ်ဆိုတာ ကျုပ်တို့ သဘောပေါက်တယ် လို့လည်း တော်ဝင်လေတပ်မှ အကြီးတန်းတစ်ဦးက ပြောပါတယ်။

ဝီလျံတစ်ယောက် တော်ဝင်တပ်မတော်ရဲ့ယာဉ်ကို တက္ကစီလို အသုံးပြုတဲ့အတွက် ဝေဖန်ခံရတာ အခု ပထမဆုံး အကြိမ်မဟုတ်ပါဘူး။ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာတုန်းက တော်ဝင်လေတပ်မတော် တောင်ကြားမှာရှိစဉ် ဝီလ်ရှိုင်းယားကို ဘွတ်ဖိနပ်ဝတ်ဖို့ ပျံသန်းခဲ့သေးတာပါ။ အခုတော့ သူ့ရဲ့ ချင်းနွတ်လေယာဉ်ပျံသန်းမှုတွေဟာ သူ အလွန်ဂုဏ်ယူတဲ့ စစ်ရေးဆိုင်ရာ မှတ်တိုင်တွေကို အရိပ်ထင်စေခဲ့ပါတော့တယ်။

ဒီအချိန်မှာ တော်ဝင်လေတပ်မတော်က ဝီလျံကို အာဖဂန်နစ္စတန်ပို့ဖို့ အချိန်တန်ပြီလို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ၂၀၀၈ ခုနှစ်၊ ဧပြီ ၂၆ ရက်မှာ၊ ဝီလျံက ကင်ဒါဟာမြေပြင်ကို ရောက်ခဲ့တယ်။

နာရီ ၃၀ ပျံသန်းရတဲ့ ဒီခရီးကို ထိပ်တန်း လျှို့ဝှက်ချက်အဖြစ်ထားခဲ့ပြီး ဝီလျံ ဗြိတိန်ကို ပြန်ရောက်မှပဲ သိကြရပါတယ်။ ဒေးလီးမေးလ်မှာ "ဝီလျံ… စစ်နယ်မြေကို ပျံသန်းပြီ" (ကျားပါတီ ပါတီမဟုတ်) ဆိုပြီး စာလုံးကြီးနဲ့ ဖော်ပြကြတယ်။ ဒီသတင်းက ဝီလျံ ဗြိတိန်ကိုပြန်ရောက်ပြီး ၂ ရက်ကြာမှ ပါလာတာပါ။ ဒါဟာ သိပ်တော့ထူးဆန်း လှတယ် မဟုတ်ပါဘူး။ ဝီလျံက C-17 ဂလုပ်မာစတာ လေယာဉ်ကိုမောင်းဖို့ အရည်အချင်း မရှိသေးဘူး။ ဒါပေမဲ့ သူက မောင်းတယ်။ ၁၁ နာရီကြာ လေယာဉ်မောင်းပြီး ကင်ဒါဟာမှာ သုံးနာရီကြာ တော်ဝင်လေတပ်ကလူတွေနဲ့ အစည်းအဝေးထိုင်ခဲ့တယ်။ အခု သူ ရောက်နေတဲ့နေရာက ဟယ်ရီ တာဝန်ထမ်းဆောင်နေတဲ့ နေရာလောက် ရန်သူနယ်မြေနား မဟုတ်ပေမယ့် ဒီနေရာမှာလည်း အန္တရာယ်များတာပါပဲ။ အဲဒီလ စောစောပိုင်းကပဲ ဗြိတိသျှစစ်သားနှစ်ဦး ဒီအခြေစိုက် စခန်းမှာ အသတ်ခံခဲ့ရသေးတယ်။ ဝီလျံရဲ့ဆရာ ဗိုလ်မှူးအဲလက်စ်လည်း ၂၀၀၇ တုန်းက လမ်းဘေးမိုင်းထိပြီး ကျဆုံး ခဲ့ရတယ်။ အာဖဂန်နစ္စတန်နယ်မြေမှာ ဗြိတိသျှအဓိကတပ်ဟာ ကင်ဒါဟာမို့ တာလီဘန်တို့ရဲ့ အဓိကပစ်မှတ်ဖြစ်နေတာပါ။

ဒီလို အန္တရာယ်ရှိတယ် ဆိုတာသိပေမယ့် ကလဲရင့်စ်ဟောက်စ်က ဝီလျံကို အာဖဂန်ပို့မယ့် ဆုံးဖြတ်ချက်ကို မကန့်ကွက်ပါဘူး။ ဝီလျံဟာ တပ်ရဲ့ကိစ္စကို သီအိုရီသဘောတရားအဖြစ် အများကြီးသင်ခဲ့ပြီးပြီ။ အခု တကယ်လက်တွေ့ ကျကျမြင်တွေ့ဖို့ အရေးကြီးတယ်လို့ ပြောခဲ့ပါတယ်။ နောက်တစ်ခုက စစ်နယ်မြေမှာ တော်ဝင်လေတပ်ရဲ့ အလုပ်ကို ကျေကျေလည်လည် နားလည်အောင် လေ့လာဖို့လည်း လိုအပ်လို့ ဒီခရီးကို လွှတ်တာဖြစ်ပါတယ်။ ဝီလျံက ကာတာမှာ လည်း တော်ဝင်လေတပ်က ပုဂ္ဂိုလ်တွေနဲ့ တွေ့ခဲ့ပါသေးတယ်။ နောက်ဆုံးတော့ ဝီလျံအနေနဲ့ သူလည်း အာဖဂန်နစ္စတန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖူးပါတယ်လို့ ပြောနိုင်သွားပါပြီ။

ဧပြီ ၂၈ မှာ သူ အိမ်ပြန်ရောက်တယ်။ ဒါပေမဲ့ အိမ်မှာလည်း ကြာကြာမနေပါဘူး။ တော်ဝင်လေတပ်မှာ သူ့တာဝန်တွေကို လက်စသတ်ပြီးတဲ့အခါ တော်ဝင်ရေတပ်ကိုသွားဖို့ ပြင်ဆင်ရပါတော့တယ်။ သူသွားရမယ့်ရေတပ်က ခရစ်ဘီယံမှာ တပ်စွဲထားတဲ့ "အိုင်ရင်းဂျူ"ပါ။

ကိတ်က "ဂျီစော" ကနေ အလုပ်ထွက်ထားတယ်။ ဒါပေမဲ့ ဝီလျံနဲ့ နီးနီးနေခွင့်မရဘဲ လန်ဒန်မှာပဲ ကျန်ရစ်ရတယ်။ တစ်ယောက်တည်း ငြီးငွေ့စွာ အထီးကျန်ခံစားရတယ်။ အခု ရေတပ်ထဲဝင်ပြီဆိုတော့ ပင်လယ်ရပ်ခြားမှာ ဒီတစ်နှစ်လုံးလုံးလိုပဲ ကြာတော့မယ်ဆိုတာ ကိတ် သိပါတယ်။ သတင်းသမားတွေကလည်း ကိတ်ကို သနားကရုဏာ သက်လာကြတယ်။ ကိတ်ဟာ ဝီလျံက လက်ထပ်ခွင့်တောင်းအောင် စောင့်ရုံပဲလုပ်ခဲ့ပြီး တခြား ဘာမှမလုပ်ခဲ့ဘူးလို့ သတိထားမိလာကြတယ်။

အခုတော့ ကိတ်ဟာ 'ဝိတ်တီကေတီ'' (စောင့်နေတဲ့ကိတ်)လို့ ဗြိတိသျှသတင်းလောကရဲ့ အခေါ်ခံနေရပြီ။ ဒီကိစ္စအတွက် ကိတ်အလွန် စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်။ ဘာလုပ်ရမယ်ဆိုတာလဲ မသိဘူး။ ခုအချိန်ထိ ကိတ်ဟာ အယ်ဒီတာအာဘော်ခန်းမှာ ပြောစရာဆိုစရာ အကြောင်းအရာပဲ ဖြစ်နေခဲ့ရတယ်။ တစ်ခု အသက်ရှူပေါက်ရခဲ့တာကတော့ ဝင်ဆာအိမ်တော်က သူ့ကို ဂရုတစိုက်ရှိလို့ပါ။ ဒါ့အပြင် အဲဒီအိမ်တော်မှာ သူ့ကို သတိထားမိနေတဲ့ လူတစ်ယောက်လည်း ရှိနေပါတယ်။

အဲဒီလူကတော့ တခြား မဟုတ်ပါဘူး။ ဘုရင်မကြီး ကိုယ်တိုင်ပါပဲ။ ကိတ်က ဝီလျံရဲ့ကိုယ်စား ပီတာဖိလစ်ရဲ့ ကယ်လီတို့ လက်ထပ်ပွဲကို တက်ခဲ့တဲ့အချိန်ကစပြီး ကိတ်ကို စိတ်ဝင်စားခဲ့တာပါ။ ကင်နယာမှာကျင်းပမယ့် ဂျက်စီကာခရစ်ရဲ့ မင်္ဂလာပွဲဖိတ်စာရတုန်းကလည်း ဝီလျံကကိတ်ကို သူ့ကိုယ်စား တက်ရောက်ပေးဖို့ ပြောတဲ့အခါ ကိတ်က သဘောထား ခဲ့တယ်။ ဒါတွေကိုကြည့်ရင် ကိတ်ဟာ တော်ဝင်မိသားစုပတ်ဝန်းကျင်မှာ ဘယ်လောက် မြင့်မြင့်မားမား အသိအမှတ်ပြု ခံရသလဲဆိုတာ ပြသခဲ့တာပါပဲ။ ကိတ်ဟာ သားနားတဲ့ဦးထုပ်အနက်ကြီးနဲ့ ကုတ်အင်္ကျီအနက်ပဲဝတ်ပြီး ချားလ်စ်၊ ကမီလာ အပြင် တခြားမိသားစုများကြားမှာပါ ပျော်ပျော်ရွှင်ရွှင်၊ အေးအေးသက်သာနဲ့ သူ့ကိုယ်သူ ယုံကြည်မှုအပြည့် ရှိနေခဲ့တယ်။

ဒီမင်္ဂလာဆောင်ကို အသုံးပြုပြီး ဟယ်ရီကလည်း သူ့ရဲ့ချယ်လ်ဆီးကို ဘုရင်မကြီးရဲ့ထုံးစံနဲ့အညီ မိတ်ဆက် ပေးခဲ့တယ်။ ဟယ်ရီ ရှေ့တန်းက ပြန်လာပြီးနောက်မှာ သူတို့စုံတွဲလည်း ပိုပြီးခိုင်မြဲလာကြပုံ ပေါ်ပါတယ်။ အဲဒီမတ်လမှာ သူတို့နှစ်ဦးဟာ ဘော့စ်ဝါနာမှာရှိတဲ့ "အိုကာဗင်ဂိုမြစ်ဝကျွန်းပေါ်" ဒေသ၊ လှေအိမ်လေးထဲ ချစ်အားလပ်ရက်များ ပျော်ရွှင်ခဲ့ကြတယ်။ ဟယ်ရီက သူ့ရဲ့အာဖရိကနွယ်ဖွား ချစ်သူလေးဟာ ရှေ့နေဖြစ်ချင်ကြောင်း သူ့ဘွားတော်ကို ပြောပြ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပါသေးတယ်။

ဒါပေမဲ့ ဘုရင်မကြီး စိတ်ဝင်စားတာက ကိတ်ကိုပါ။ ဒွန်လမှာ ဝီလျံက တော်ဝင်သူရဲကောင်းအဖွဲ့ဝင်အဖြစ် ကျမ်းသစ္စာဆိုတဲ့အခါ ကိတ်က ဘေးဘက်ခုံတန်းကနေ စောင့်ကြည့်နေခဲ့တယ်။ ဝီလျံက ရှေးရိုး ငှက်ကုလားအုတ်မွေး ပါတဲ့ သူရဲကောင်း ဦးထုပ်ဆောင်းပြီး သူ့ခြေထောက်မှာ ပတ်လို့ ကာစယ်ဟီးလ်ကနေ ဘုရားကျောင်းဝတ်ပြုပွဲဆီ တန်းစီလမ်းလျှောက်လာတဲ့အခါ ကိတ်က ဟယ်ရီနဲ့အတူ ဂယ်လီလီပို့ချ်ကနေ ဝမ်းသာအားရ ကြည့်ရှုအားပေးနေခဲ့တယ်။ အခုလို ရှေးရိုးရာပွဲမှာ ကိတ်ရဲ့အသွင်သဏ္ဌာန်ကို မြင်ရတော့ စေ့စပ်ပွဲဖြစ်တော့မယ်လို့ တွေးခဲ့ကြတယ်။

ဝီလျံနဲ့ကိတ်တို့ဟာ ထုံးတမ်းစဉ်လာအရ ပြုလုပ်တဲ့ပွဲတွေမှာ အကြိမ်အတော်များများ တွေ့ခဲ့ကြပေမယ့် ဘုရင်မကြီးအနေနဲ့ကတော့ သူ့မြေးလေးကို ညှို့ယူထားတဲ့ ကောင်မလေးအကြောင်း နည်းနည်းပဲသိရသေးတယ်။ ဘုရင်မကြီးဟာ ကိတ်နဲ့နှစ်ယောက်ချင်း တစ်ခါမှ မတွေ့ခဲ့ရသေးပါဘူး။ ဘုရင်မကြီးသဘောထားက စေ့စပ်ပွဲ မကြေညာခင်မှာ ကိတ်အနေနဲ့ အလုပ်တစ်ခုခုရှိဖို့ လိုတယ်။ ကိုယ်ပိုင်ရပ်တည်မှု တစ်ခုရှိရမယ်လို့ ယူဆတယ်။ ဘုရင်မကြီးနဲ့ နီးစပ်တဲ့ ပုဂ္ဂိုလ်တစ်ဦးက ပြောတာမှာ "ကိတ်က တကယ်တမ်း ဘာအလုပ်လုပ်သလဲ"လို့ ဘုရင်မကြီးကမေးကြောင်း ဒီမေးခွန်း ဟာ တရားမျှတကြောင်း ပြောပါတယ်။

၂၀၀၇ ခုနှစ်က ဂျီဓောကုမ္ပဏီမှာ အလှဆင်ပစ္စည်း အဝယ်တော်အလုပ်ကို စွန့်ပစ်ခဲ့ပြီးကတည်းက ကိတ်ဟာ ပရော်ဖက်ရှင်နယ် ဓာတ်ပုံသမားလုပ်ဖို့ စိတ်ကူးယဉ်ခဲ့တယ်။ သူ့မိဘများရဲ့ ပါတီပွဲဆက် လုပ်ငန်းမှာလည်း အွန်လိုင်း တာဝန်ယူပြီး အလုပ်ရှုပ်နေခဲ့တယ်။ ဒီအလုပ်က ဘွဲ့ကောင်းကောင်းတစ်ခုရထားတဲ့ တောက်ပတဲ့ မိန်းကလေးတစ်ယောက် အဖို့ ငြီးငွေ့စရာ ဖြစ်နေတယ်။ ၂၀၀၇ ခုမှာတော့ လန်ဒန်က ဘလူးဘတ်မှာ ပန်းချီပြပွဲတစ်ခုလုပ်တော့ သူ ကူညီခဲ့တယ်။ ကိတ်မှာ အလုပ်ရှာဖို့မရှားပါဘူး။ အလုပ်ပေးချင်တဲ့လူ ပေါပါတယ်။ အမေရိကန်ဖက်ရှင်ဆိုင်တစ်ခုဖြစ်တဲ့ "ရာ့ဖ်လော်ရင်" ကလည်း ကိတ်ကို သူတို့ရဲ့ အထူးတာဝန်ရှိသူအဖြစ် ခန့်ချင်ကြတယ်။ ဒါပေမဲ့ အလုပ်တွေကို ကျကျနနမလုပ်ဖြစ်ဘူး။ ဒီအလုပ်တွေကို အချိန်ပေးရတာများလွန်းတယ်လို့ ဝီလျံက ယူဆတယ်။ ကိတ်အဖို့ ကံဆိုးတာက ဒီလို အလုပ်အတည်တကျ မလုပ်တာကို၊ ကိတ်ဟာ အားလပ်ရက်တွေ အရှည်ကြီး ယူနေတယ်လို့ သတင်းစာတွေက ယူဆသွားခဲ့ကြတယ်။ ကိတ်ဟာ ဝီလျံနဲ့အတူ ဘော်လ်မိုရဲလ်မှာ မနေရင် "မတ်စ်တစ်" မှာ စကိတ်သွားစီးနေခဲ့ကြတယ်။ ဒီတော့ သတင်းစာတွေက ကိတ်ကို "မတ်စ်တစ်ဘုရင်မ"လို့ ခေါ်ကြပြန်တာပါ။

ဒီဘွဲ့ကို အရင်က မာဂရက်မင်းသမီး ရခဲ့တာပါ။ ဒီလို စကိတ်ပဲစီးနေတာမျိုးကို ဘုရင်မကြီးက သဘောမကျဘူး။ ဘုရင်မကြီးကိုယ်တိုင်တောင် သူ့အသက်အရွယ်နဲ့မမျှ အလုပ်တွေ ကြိုးစားလုပ်တုန်း ဖြစ်ပါတယ်။ ဒီတော့ နောင်အနာဂတ်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



မှာ တော်ဝင်မိသားစုဝင် ဖြစ်လာမယ့်လူဟာ အချိန်ပြည့်အလုပ် မလုပ်ဘူးဆိုတာကို ဘုရင်မကြီး လက်မခံနိုင်ဘူး။

တစ်ကမ္ဘာလုံးက ဝီလျံနဲ့ကိတ်ရဲ့ စေ့စပ်ပွဲ ကြေညာတော့မယ်လို့ ထင်နေတဲ့အချိန်မှာ ဘုရင်မကြီးကတော့ ကိတ်အနေနဲ့ အသက်မွေးမှု အလုပ်တစ်ခုခုမှာ အခြေမကျမချင်း၊ စေ့စပ်ပွဲကြေညာမှုကို ရွှေ့ဆိုင်းထားရမယ်လို့ ယုံကြည်နေတယ်။ ဘုရင်မကြီးရဲ့ အယူအဆက အကယ်၍ ကိတ်ဟာ နောင်တစ်ချိန်မှာ ဝီလျံရဲ့ လက်တွဲဖော်လုပ်မယ်ဆိုရင် သင့်တင့်လျောက်ပတ်ပြီး ကောင်းမွန်တဲ့အလုပ်တစ်ခု လိုအပ်တယ်။ ကြယ်ငါးပွင့် အပန်းဖြေစခန်းတွေဆီ တစ်ခုပြီးတစ်ခု ပြောင်းပြီး လူးလာကူးခပ်နေတာဟာ မိဖုရားအဖြစ်ရည်ရွယ်ထားဖို့ ဖြစ်နိုင်တဲ့ အမျိုးသမီးငယ်တစ်ယောက်ရဲ့ ကြိုတင်ပြင်ဆင်မှု မဟုတ်ဘူးလို့ ပြောကြောင်း နန်းတော်သတင်းတစ်ခုက ဆိုပါတယ်။

ဒီအဆောင် ''မေးလ်အွန်ဆန်းဒေး''၊ ၂၀၀၈၊ ဇွန် (၁) ရက်နေ့ထုတ်မှာ ပါလာတဲ့အခါ တော်ဝင် ဆလော်ဂါတွေက အင်တာနက်ထဲကနေ ကိတ်ထံကို ဒီရေ ဘယ်လိုတိုးလာပြီဆိုတာ ဝေဖန်တင်ပြလာကြတယ်။ ကိတ်လည်း ဘုရင်မကြီးရဲ့ ဝေဖန်မှုကြောင့် အတော်ထိရှသွားခဲ့တယ်။ ဒါပေမဲ့ ကလဲရင့်စ်ဟောက်စ်ကနေတော့ ပြန်လည်မတုံ့ပြန်ဖို့နဲ့ ဒီကိစ္စဟာ ပြီးသွားမှာပါလို့ ကိတ်ကို ညွှန်ကြားခဲ့တယ်။ ကိတ်က သူတို့ရဲ့ ညွှန်ကြားချက်ကို ဥပေက္ခာပြုပြီး ''ဟဲလို'' မဂ္ဂဇင်းထဲကနေရေးဖို့ သူငယ်ချင်းတစ်ယောက်ကို လမ်းညွှန်တယ်။ ကိတ်ဟာ သူ့မိဘပိုင်တဲ့ “Party Pieces” ကုမ္ပဏီမှာ အချိန်ပြည့် အလုပ်လုပ်နေကြောင်း ရေးပေးဖို့ပါ။ နောက်တော့ ကိတ်ရဲ့ အဖြူအမည်းဓာတ်ပုံဟာ ကုမ္ပဏီရဲ့ဝက်ဘ်ဆိုဒ်မှာ ပေါ်လာခဲ့တယ်။ ဒါပေမဲ့ ဒါက ရှေ့တစ်လှမ်း တိုးလွန်းရာကျတယ်လို့ ထင်ကြတယ်။ ရက်ပိုင်းအတွင်းပဲ ဓာတ်ပုံကို ဝက်ဘ်ဆိုဒ်ထဲက ဖယ်ထုတ်လိုက်တယ်။

နောက်တော့ ဘုရင်မကြီးက ကိတ်ဟာ ကရုဏာလုပ်ငန်းတစ်ခုမှာ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်ကြောင်း တည်ငြိမ်စွာ ပြောလာတယ်။ ဒါနဲ့ စက်တင်ဘာကျတော့ ကိတ်တစ်ယောက် ''စတားလိုက်''ဆိုတဲ့ နာမကျန်း ကလေးသူငယ်ပြုစုရေးအဖွဲ့မှာ ပါဝင်လာခဲ့ရပါတော့တယ်။ ဝီလျံက အားပေးပါတယ်။ ကိတ်အနေနဲ့ လူထုမျက်စိရှေ့မှာ ဖိအားပေးခံနေရတာကို ဝီလျံက နားလည်တယ်။ ကိတ်ဟာ ပစ်မှတ်ထားရတဲ့လူ ဖြစ်နေတာကိုလည်း စိတ်ပျက်ရတယ်။ အရင်တစ်ခါ ကိတ်က ဂျီစောမှာ အလုပ်လုပ်တော့ ဝီလျံက သူ့အပေါင်းအသင်းတွေကို ကိတ်ဟာ နောက်ဆုံးမှာ မှန်ကန်တဲ့လောကထဲမှာ အလုပ်လုပ်နေပြီလို့ ပြောဖူးပါတယ်။

ကိတ်အနေနဲ့ သာမန်အလုပ်တစ်ခုမှာမြဲဖို့ ခက်ခဲကြောင်းကိုလည်း ဝီလျံက နားလည်ပါတယ်။ ကိတ်က သူ့နောက်မှာရပ်နေဖို့ ရွေးချယ်ခဲ့လို့ချည်း မဟုတ်ပါဘူး။ ဒီလိုရွေးချယ်ခဲ့လို့ အလုပ်ကို အချိန်ပြည့် မလုပ်နိုင်တော့တာ မဟုတ်ပါဘူးလို့ သူ သဘောပေါက်တယ်။ ကိတ်ရဲ့မိခင်ကလည်း မိတ်ဆွေတွေကို ''မဖြစ်နိုင်တဲ့ အနေအထားပဲ''လို့ ပြောပါသေးတယ်။ ဒီအတောအတွင်း ကိတ်ဟာ သတင်းစာထဲ မပါရအောင် နည်းအမျိုးမျိုးသုံးပြီး လုပ်ခဲ့ရတယ်။

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ဝီလျံတစ်ယောက်ကတော့ တော်ဝင်တပ်မတော်ထဲဝင်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်တဲ့ လေယာဉ်မှူးဖြစ်အောင် လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒီသတင်းကို ၂၀၀၈၊ စက်တင်ဘာ ၁၅ မှာ တရားဝင်ကြေညာပါတယ်။ နန်းတော်အပါအဝင် လူတိုင်း အံ့အားသင့်သွားကြတယ်။ ဝီလျံက နွေတုန်းက တော်ဝင်ရေတပ်မှာ အမှုထမ်းခဲ့တာပါ။ ပင်လယ်ကွေ့ကိုသွားဖို့ အတားအဆီး ခံခဲ့ရတယ်။ ဒါပေမဲ့ HMA Iron Duke ဆိုတဲ့ သင်္ဘောမှာတာဝန်ကျပြီး ခရစ်ဘီယံပင်လယ်၊ ဘာဘာဒိုစ် အရှေ့မြောက်မှာ ကိုကင်း သန်း၄၀ (ပေါင်)ဖိုး ဖမ်းဆီးနိုင်ခဲ့တယ်။ အဲဒီကပြန်လာရင် အိမ်တော်စောင့်မြင်းတပ်မှာပဲ အမှုထမ်းလိမ့်မယ်လို့ ယူဆခဲ့ကြပေမယ့် ဝီလျံက နောက်တစ်မျိုး စိတ်ကူးခဲ့တယ်။ "ကျွန်တော် တော်ဝင်လေတပ်မတော်မှာ အလုပ်လုပ်တုန်းက လေယာဉ်မောင်းရတာကို ကျွန်တော် ဘယ်လောက်ကြိုက်တယ်ဆိုတာ သဘောပေါက်ခဲ့တယ်။ ဒီတော့ ရှာဖွေကယ်ဆယ်ရေး အလုပ်မှာဝင်ရင်း စစ်ရေးအရ အမှုထမ်းခြင်းအဖြစ် အပြည့်စုံဆုံး အခွင့်အလမ်းပဲ"လို့ ဝီလျံက ပြောပါတယ်။ ဒီတစ်ခါ ဗြိတိသျှသတင်းလောကလူများက ဝီလျံကို "ရာထူးအရ အရေးပါပေမယ့် တာဝန်မရှိတဲ့လူ မဖြစ်ချင်ဘူး"ရယ်လို့ တံဆိပ်ကပ်လိုက်ကြပါတယ်။

အခုဆို တော်ဝင်လေတပ်မတော်မှာ အမှုထမ်းလိုက်ခြင်းဖြင့် တခြားအလုပ်တာဝန် အချိန်ပြည့်ယူခြင်းကို အနည်းဆုံး ငါးနှစ် ရွှေ့ဆိုင်းလိုက်တဲ့ အဓိပ္ပာယ်ဖြစ်သွားတယ်။ ကလဲရင့်စ်ဟောက်စ်ကတော့ ဝီလျံကို ကရုဏာလုပ်ငန်းတွေမှာပဲလုပ်ဖို့ တိုက်တွန်းချင်ကြတယ်။ ဒါပေမဲ့ ဒီကိစ္စက စစ်ရေးဆိုင်ရာ အသက်မွေးလုပ်ငန်းဖြစ်ပြီး သူ ကာလကြာမြင့်စွာ တောင့်တခဲ့တဲ့အလုပ် ဖြစ်တယ်။ ဒါကြောင့် ဒီဆုံးဖြတ်ချက်မှန်တယ်လို့ သူကယူဆတယ်။ အခုအထိ ဝီလျံကို ရှေ့တန်း မသွားရဘူးလို့ စည်းမျဉ်းလုပ်ထားတာပါ။ ဝီလျံအနေနဲ့ ဒီကယ်ဆယ်ရေးလေယာဉ်မောင်းတဲ့ အလုပ်ကတော့ ရှေ့တန်းကို တစ်လှမ်းပိုနီးတာပဲ။ ကျွန်တော့်အမြင်က ဟယ်ရီ လုပ်လို့ရတယ်ဆိုရင် ကျွန်တော်လည်း လုပ်နိုင်ရမယ်။ ဒါမဖြစ်နိုင်ဘူးလို့ ပြောနိုင်တယ်။ ဒါပေမဲ့ အခွင့်အရေး မျှော်လင့်ချက် ရှိပါသေးတယ်... လို့ ဝီလျံက ဆိုပါတယ်။

အခုလို စစ်ထဲဝင်နေတာတွေနဲ့ ပတ်သက်ပြီး သူ့ကိုဝေဖန်ကြမယ်ဆိုတာ ဝီလျံ ကောင်းကောင်းသဘောပေါက်တယ်။ တချို့ကဆိုရင် ဝီလျံရေတပ်မှာ တာဝန်ထမ်းတာကို သဘောမကျဘူး။ ဒါဟာ ဝင်ဆာရဲ့အမှတ်တံဆိပ်ကို မြှင့်တင်ဖို့ ဝီလျံကို လူထုဆီ ရောင်းစားနေတာပဲလို့တောင် ပြောပါတယ်။ ဝင်ဆာကလူတွေဟာ စစ်တပ်ထဲဝင်ဖို့ မလိုဘူးလို့ ယူဆကြတယ်။ ဒါကို ဝီလျံက သဘောမတူပါဘူး။ စစ်တပ်ထဲမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ဖို့ သူ ကတိပြုကြောင်း သက်သေပြတဲ့ အခွင့်အရေးပဲလို့ ယူဆပါတယ်။ အလုပ်က စွန့်စားရတဲ့အလုပ် ဖြစ်တယ်။ နန်းတော်ကလည်း ဒါဟာ အန္တရာယ်ရှိကြောင်း သိပါတယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ဝီလျံဟာ နှစ်သစ်ကူးချိန်လောက်မှာ သင်တန်းတက်ရပ်တော့မယ်။ ခရစ်ဘီယံက ပြန်လာပြီးတဲ့နောက် အထူးတပ်ရင်းနဲ့ ဆက်သွယ်ရပါမယ်။ အဓိပ္ပာယ်ကတော့ သူဟာ ကြည်းတပ်ထဲမှာ Blues and Royals က ဗိုလ်အဆင့်ကနေ တပ်မတော်လေတပ်မှာ လေယာဉ်မှူးအရာရှိအဖြစ် ကူးပြောင်းတာဝန်ယူခြင်းပဲ ဖြစ်ပါတယ်။ ဝီလျံက သူ့ကိုယ်သူ သံသယမရှိပါဘူး။ လူတွေကို ကယ်ဆယ်ရတယ်ဆိုတာ သူလုပ်ချင်တဲ့ အလုပ်ပဲ။ ထိုက်တန်တဲ့အလုပ်ပဲ။ သူစစ်ပွဲတွေမှာ အမှုမထမ်းရတော့ဘူး ဆိုခြင်းအတွက် ဒီကယ်ဆယ်ရေးအလုပ်က လျော်ကြေးပေးတယ်လို့ တစ်နည်းအားဖြင့် မှတ်ယူရပါတယ်။

ဒီဆုံးဖြတ်ချက်ချနိုင်ဖို့အတွက် ကိတ်နဲ့လည်း အကြိတ်အနယ် ညှိနှိုင်းရပါတယ်။ ကိတ်လည်းပဲ အများနည်းတူပဲ ဝီလျံရဲ့ စစ်ထဲဝင်မယ့် ကြေညာချက်ကြောင့် အံ့အားသင့်ခဲ့ရတယ်။ စစ်သားတစ်ယောက်ရဲ့ ချစ်သူဘဝဆိုတာကို ကိတ် မမျှော်လင့်ခဲ့ဘူး။ ဝီလျံအဖို့ ဒါဟာ အသက်မွေးမှု လုပ်ငန်းအသစ်တစ်ခုရဲ့အစ ဖြစ်တယ်။ ကိတ်အတွက်ကတော့ အကြာကြီးစောင့်ရဦးမယ့် အဓိပ္ပာယ်ပဲ။

ဝီလျံဟာ နောက်ဆုံးအကြိမ်အဖြစ် အလုပ်ကို ဦးစားပေးခဲ့ပါပြီ။ သူတို့ ကွဲကွာကြရပြီ။ ဝီလျံက ကိတ်ကို ပြောပါတယ်။ အခု ဒီတစ်ခါမှာ သူတို့ ရှင်သန်နိုင်မယ်ဆိုရင် ဘယ်အရာကိုမဆို ရှင်သန်စေနိုင်မယ်တဲ့။ ကိတ်ကတော့ ဒီရိုးချက် နိမ့်ဖွာန်ဘုံကျွန်းမှာ သူတို့ပြုခဲ့တဲ့သစ္စာဟာ သူတို့နှစ်ယောက်ကို မြဲစေဖို့ ခိုင်မာပါစေ… လို့ပဲ မျှော်လင့်ရပါတော့တယ်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ ငွေခက်ရင်း၊ ငွေဇွန်းတွေ ထိခတ်သံက တလွင်လွင် ဖြစ်နေတယ်။ ထမင်းစားခန်းကြီးရဲ့ စားပွဲမှာတော့ မင်းဆွေမင်းမျိုး မင်းစိုးရာဇာနွယ်ဖွား လူငယ် ၁၅ ဦးဟာ ညနေခင်း ဝတ်စုံတွေဝတ်လို့ လည်စည်းတွေဆင်လို့ သောက်ပွဲကျင်းပနေကြတယ်။ ဒီညစာစားပွဲကို ဧည့်ခံသူကတော့ "အာသာလင်တန်" ဖြစ်ပြီး သူက ဗိုလ်မှူးချုပ်တင်မ်လင်တန်ရဲ့ တစ်ဦးတည်းသောသား၊ အမွေ ပေါင်သန်း ၂၀၀ ရရှိထားသူပါ။ သူက အရာရာကို စတိုင်နဲ့ လုပ်ချင်တယ်။ အထူးသဖြင့် တော်ဝင်နွယ်ဖွားတွေကို ဖျော်ဖြေဖို့ကြုံလာရင် အလွန်ပျော်မွေ့သူ ဖြစ်တယ်။

ဧည့်ခံပွဲကို ဝီလျံနဲ့ဟယ်ရီ ရောက်လာတယ်။ ဒီအုပ်စုထဲမှာ ဝီလျံတို့ရဲ့ အရင်းနှီးဆုံးသူငယ်ချင်း ဂိုင်းပယ်လီ၊ ဂျာကိုဘီ၊ အက်စ်ထရစ်စသဖြင့် ပါတဲ့အပြင် ကီတ်ကလည်း သူ့ညီမ "ပီပါ" နဲ့အတူ တက်ရောက်ပါတယ်။ ချယ်လ်ဆီးကတော့ ဒီပွဲမှာ မလာနိုင်ဘူး။ ညစာစားပွဲက အောင်မြင်ပါတယ်။ အမဲသားစတူးက အားလုံးကို ပူနွေးစေခဲ့ပြီး ပန်းသီးစိတ်ကလေးတွေလည်း ကျွေးတယ်။

ဝီလျံက ခရစ်ဘီယံက ပြန်ရောက်ခါစပဲ ရှိပါသေးတယ်။ အဲဒီမှာ ရက်သတ္တပတ် ငါးပတ်လုံးလုံး သင်တန်းတက်ခဲ့ပြီး အခုသူငယ်ချင်း ဂိုင်းပယ်လီနဲ့ အလေးအနက် ဆွေးနွေးနေတယ်။

## အခန်း - ၁၇
## အနာဂတ်၏မင်းသားများ

*သူတို့နှစ်ယောက်စလုံး မော်တော်ဆိုင်ကယ် အမောင်းတော်သူတွေအဖြစ် ဆောင်ရွက်နိုင်ခဲ့တယ်။ ဝီလျံက ဟွန်ဒါ CRC ဘလက်ဘာ့ဒ်ကို အိမ်မှာစီးပြီး ဟယ်ရီက ထရိုင်ဖန့် ပေါင် ၈,၀၀၀ တန် ဆိုင်ကယ်ပိုင်တယ်။*

the bookhouse
we bring you values

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပွဲမှာ နောက်ဆုံးအသုတ်ဖြစ်တဲ့ အစားအစာကို ကျွေးပြီးတဲ့အခါ ဂိုင်းရဲ့ချစ်သူ စူစန်နာဝါရင်က ဂရင်းပီယာနို စန္ဒရားကြီးကို တီးပါတယ်။ စူစန်နာရဲ့အဘိုးက "ဟာနာဆွန်" မြို့စားဖြစ်ပြီး ဘုရင်မကြီးနဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေလည်း ဖြစ်တယ်။ စန္ဒရားနဲ့ ဖျော်ဖြေပြီးတဲ့အခါ အိမ်ရှင်မစ္စလင်တန်က အိပ်ရာဝင်တော့မယ်လို့ ကြေညာတယ်။ နံနက်လင်း ၈ နာရီကျရင် "ဂရိတ်ဟောလ်"ထဲကို ကြွပြီး နံနက်စာစားကြဖို့အဆုံး သတိပေး နှုတ်ဆက်သွားတယ်။ သူတို့က အမဲလိုက်သွားကြမှာမို့ မသွားခင် ပူပူနွေးနွေး တစ်ခုခုစားသွားဖို့ လိုလို့ပါ။

သူငယ်ချင်းတစ်စုလည်း အပေါ်ထပ်က ဂိမ်းစ်ကစားတဲ့အခန်းမှာ နားကြတယ်။ အဲဒီမှာ ဟယ်ရီက "ဒိုင်" လုပ်နေတယ်။ တချို့က စနူကာ ကစားကြတယ်။ ဝီလျံကတော့ ဖော်ကာပုလင်းတွေနဲ့ သူငယ်ချင်းတွေကို လျှောက်ထည့်ပေးရင်း အလုပ်ရှုပ်နေတယ်။ အက်စ်ထရစ်ဆီရောက်တော့ "သောက်ချလိုက်"လို့ အမိန့်ပေးပြီး ပုလင်းထဲက အရက်ကို အက်စ်ထရစ် ပါးစပ်ထဲ တိုက်ရိုက်လောင်းထည့်တာမှာ အက်စ်ထရစ်က ပါးစပ်ကို ဟာပေးလိုက်တယ်။

ဒီအချိန်မှာ ကိတ်လည်းနားဖို့ အိပ်ရာဝင်သွားတယ်။ ဝီလျံက ကိတ်ဆီ သွားတွဲဖို့ အလျှင်မလိုပါဘူး။ အာသာရဲ့ ဘားထဲမှာပဲ သူငယ်ချင်းတွေကို သူကြုံတွေ့ခဲ့ရတဲ့ ပင်လယ်ရပ်ခြား စွန့်စားခန်းတွေအကြောင်း ပုံပြင်သဖွယ် ပြောနေတယ်။ အခု ဝီလျံက သိပ်ကို စိတ်အားထက်သန်နေပြီး သွက်လက်နေတယ်။ ဝီလျံကိုကြည့်ပြီး ဟယ်ရီလည်း ပျော်နေတယ်။ ညဉ့်သန်းခေါင်ရောက်လာတော့ ဂိုင်းပယ်လီက ဂိမ်းစ်အသစ်တစ်ခု ကစားဖို့ အချိန်ရောက်ပြီလို့ ကြေညာ တယ်။ ဝီလျံရဲ့ ခည့်သည်အမျိုးသမီးတစ်ယောက်ကို လက်ညှိုးညွှန်ပြီး "ခင်ဗျားတို့ တစ်ယောက်အဝတ်အစား တစ်ယောက် လဲဝတ်ရမယ်။ နာရီဝက် နေရမယ်"လို့ ပြောလိုက်တယ်။ အားလုံး ပျော်နေကြရော။

နံနက်ရောက်တော့ အားလုံး နေမကောင်းဖြစ်ကြတာ မဆန်းပါဘူး။ ဒါပေမဲ့ ကိတ်ကတော့ နေမကောင်း မဖြစ်ပါဘူး။ ပိုတောင် နေကောင်းလာသေးတယ်။ သူနဲ့ဝီလျံက အစောဆုံးအိပ်ရာက ထကြတယ်။ ဝီလျံက သူတို့ အမဲပစ်မသွားခင် ကိတ်ကို ဒရယ်လိုက်တဲ့ဆီ ခေါ်သွားမယ်လို့ ကတိပေးခဲ့တာမို့ ကိတ်က စိတ်ဝင်စားနေတယ်။ ဒီဒရယ်လိုက် လိုက်တဲ့ကိစ္စကို ကိတ်က ၂၀၀၇၊ အောက်တိုဘာကတည်းက ဘောလ်မိုရဲလ်မြေမှာ ချားလ်စ်နဲ့ သင်ယူခဲ့ပြီးသားပါ။ ကိတ်က သေနတ်ပစ်တော်တယ်လို့လည်း သက်သေပြနိုင်ခဲ့တယ်။ သူဟာ ငြိမ်းချမ်းခြင်းနဲ့ ဆိတ်ငြိမ်ခြင်းကို နှစ်သက်တယ်။ အဲဒီနယ်မြေမှာ ဝီလျံနဲ့အတူ ပျော်ခဲ့တယ်။ သူတို့ ကွဲကွာနေခဲ့ရာက အခုတော့ ရက်သတ္တပတ်အတော်ကြာအောင် နေခဲ့ကြပါတယ်။

■

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



ဟယ်ရီက ခရစ္စမတ်ရက်များမှာ မိသားစုနဲ့အတူ ဆင်ဒရင်ဟမ်နန်းတော်မှာ နေခဲ့ပြီး "ဘောက်ဆင်နေ့" (လက်ဖွဲ့ပွဲနေ့)မှာ နိဗ္ဗာန်ကျွန်းကို လေယာဉ်နဲ့သွားခဲ့တယ်။ အဲဒီကမ်းခြေမှာ တစ်ညကို ပေါင် ၁,၀၀၀ ပေးရတဲ့ အိမ်ကလေး ငှားခဲ့တယ်။ ချယ်လ်ဆီးအပါအဝင် မိဘများဖြစ်တဲ့ ချားလ်စ်နဲ့ ဘီဗာလီ၊ မောင်ငယ်ရှမ်းတို့လည်း အတူပါခဲ့ကြတယ်။ ချယ်လ်ဆီးနဲ့ဟယ်ရီက မကြာမီက အငြင်းအခုံဖြစ်ခဲ့ပြီး မိဘတွေနဲ့အတူ လာခြင်းက ဖိအားတချို့ကို လျှော့စေခဲ့ပါတယ်။

ချယ်လ်ဆီးက လိဒ်တက္ကသိုလ်မှာ နောက်ဆုံးနှစ် စာမေးပွဲအတွက် အပြင်းအထန် ကြိုးစားခဲ့ရပြီး တစ်ယောက်နဲ့တစ်ယောက် သိပ်မတွေ့ခဲ့ကြရဘူး။ ဇွန်လမှာ ဘွဲ့ရတော့ လန်ဒန်မှာနေဖို့ ဆုံးဖြတ်ခဲ့တယ်။ လန်ဒန်က ထိပ်တန်းဥပဒေအဖွဲ့ကြီးမှာ ရှေ့နေသင်တန်းသူအဖြစ် အလုပ်ရခဲ့တယ်။ ချယ်လ်ဆီးက ကုမ္ပဏီမှာ ခရစ္စမတ်မတိုင်မီ နှစ်ပတ်အလုပ်လုပ်ခဲ့ပြီး ဒီအလုပ်ကနေ ကြီးမားတဲ့အခွင့်အလမ်းတွေ ရခဲ့ပါတယ်။ အလုပ်အဆင်ပြေပေမယ့် ပြဿနာက ဟယ်ရီနဲ့ သိပ်အဆင်မပြေခဲ့ခြင်းပါပဲ။ ခရစ္စမတ်ရက်မှာ ကိပ်တောင်းပြန်တော့ သူသူငယ်ချင်း ကာစတင်ရော်ဂျာကို ရင်ဖွင့်ခဲ့သေးတယ်။ သူ့အနေနဲ့ ဟယ်ရီကိုထိန်းလို့နိုင်ပါ့မလား ဆိုတာ သံသယရှိနေကြောင်း ရင်ဖွင့်တာပါ။ အခုတော့ ကိုးရက်ကြာ အားလပ်ရက်ကို ချယ်လ်ဆီးမိသားစုနဲ့ နေခွင့်ရခဲ့ပြီး အနာဂတ်အရေးကို ပြောဆိုနိုင်ခဲ့ကြတယ်။

ဟယ်ရီ အာဖဂန်နစ္စတန်က ပြန်ရောက်ပြီးကတည်းက သူတို့နှစ်ယောက် အတွေ့ရနည်းခဲ့တယ်။ ၂၀၀၈၊ ဧပြီလမှာ ဟယ်ရီက "လီဆိုသို"ကို Blues and Royals အဖွဲ့ဝင် ၂၀ နဲ့အတူ လေယာဉ်နဲ့သွားခဲ့တယ်။ အဲဒီမှာ ကလေးတွေအတွက် ကျောင်းတစ်ကျောင်းဆောက်ဖို့ ဖြစ်တယ်။ အဲဒီနောက် အောက်တိုဘာလရောက်တော့ ကနေဒါမှာ တစ်လသင်တန်း တက်ရတယ်။ အဲဒီနောက် ချယ်လ်ဆီးက အံဆုံးနုတ်ဖို့ ဆေးရုံတက်ရတာနဲ့ အိမ်ကိုပြေးခဲ့ရသေးတယ်။ အဲဒီလမကုန်ခင်မှာပဲ အာဖရိကကို ဝီလျံနဲ့အတူ သွားရတယ်။ အကြောင်းကတော့ မိုင် ၁,၀၀၀ မော်တော်ဆိုင်ကယ် လက်ဆင့်ကမ်းစီးပွဲကို တောင်ပိုင်းကမ်းခြေ "ပို့အက်ဒ်ဝပ်"ကနေ "ပို့အဲလစ်ဇဘက်" အထိ ပါဝင်ဆင်နွှဲဖို့ ဖြစ်တယ်။ စုစုပေါင်း ရှစ်ရက်ကြာ မောင်းရတာပါ။ တစ်နေ့ကို မိုင် ၁၀၀ ကျော်၊ အပူချိန်က ၁၀၀ ဒီဂရီကျော်မို့ အများကြီးပင်ပန်းခံရပါတယ်။ ဒီလို စွန့်စားရတာမျိုး၊ ကရုဏာလုပ်ငန်းလုပ်ရတာမျိုးကို ညီအစ်ကိုနှစ်ယောက် အတူလုပ်ရတာဟာ ပြီးပြည့်စုံတဲ့ အခွင့်အရေးပါပဲ။ ဒီလိုလုပ်ရတဲ့အကြိမ် နည်းပါတယ်။ ကျွန်တော်တို့ဟာ ဘယ်တော့မှ အတူတူအလုပ်မလုပ်ခဲ့ရဘူး။ တစ်ချိန်တည်းမှာ တစ်မျိုးစီ လုပ်နေခဲ့ကြရတယ်လို့ ဟယ်ရီကဆိုပါတယ်။

သူတို့ နှစ်ယောက်စလုံး မော်တော်ဆိုင်ကယ် အမောင်းတော်သူတွေအဖြစ် ဆောင်ရွက်နိုင်ခဲ့တယ်။ ဝီလျံက ဟွန်ဒါ CRC ဘလက်ဘာ့ဒ်ကို အိမ်မှာစီးပြီး ဟယ်ရီက ထရိုင်ဖန့် ပေါင် ၈,၀၀၀ တန် ဆိုင်ကယ်ပိုင်တယ်။ ကျေးလက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မြေကို ဖြတ်စီးရတာ မလွယ်ဘူး၊ ဆိုင်ကယ်မှောက်မလို့ ခဏခဏကြုံရတယ်။ ကျွန်တော်တို့အားလုံး ဘယ်သူလိမ့်ကျ မလဲဆိုတာ လျှို့ဝှက်အလောင်းအစား လုပ်ခဲ့ကြသေးတယ်လို့ ဟယ်ရီကပြောတယ်။ ဒီပွဲဟာ အရင်နှစ်က ပွဲလုပ်ပြီး ကတည်းက ပထမအကြိမ် ညီအစ်ကိုပူးတွဲလုပ်တဲ့ပွဲ ဖြစ်တယ်။ ချေးသံရွှဲရွှဲနဲ့ ပင်ပန်းတဲ့ကိစ္စဖြစ်ပေမယ့် သူတို့အနေနဲ့ ဒီပွဲကနေ ရန်ပုံငွေပေါင် သုံးသိန်းရခဲ့လို့ တောင်အာဖရိကမှာ ကလေးသူငယ်များအတွက် ရန်ပုံငွေပေးနိုင်ခဲ့ကြတယ်။

ခရစ္စမတ်မှာ ဟယ်ရီအိမ်ပြန်ခဲ့ပြီး မကြာခင် နောက်တစ်နေ့တက်ဖို့ ဟယ်လီကော်ပတာ တိုက်ပွဲလေယာဉ်မှူး သင်တန်းတက်ရပါတယ်။ ၂၀၀၉၊ ဇန်နဝါရီလ ၁၉ မှာ ဟမ်ရှိုင်းယားနယ်၊ မစ်ဒဲလ်ဝေါလက်ဌာနချုပ်ရှိ လေယာဉ်သင်တန်း ပါ။ ဒီမတိုင်မီ တိမ်ဖုံးခံခဲ့ရပါသေးတယ်။ ဖြစ်ပုံက လွန်ခဲ့တဲ့သုံးနှစ်က ဆင်းဟတ်စ်တက်တုန်း သူငယ်ချင်းတွေနဲ့ အပျော်အပြက်လုပ်ခဲ့တဲ့ ဗီဒီယိုက အတင်းအဖျင်းသတင်းစာဆီ ရောက်သွားတယ်။

ဟယ်ရီက သူ့လက်ကိုင် ကင်မရာလေးနဲ့ ရုပ်ရှင်ရိုက်ထားတယ်။ သူ့လုပ်ဖော်ကိုင်ဖက်တွေ ဆိုက်ပရပ်စ်သွားဖို့ လေဆိပ်မှာစောင့်ရင်း အိပ်ပျော်နေတဲ့ပုံတွေကိုလည်း ရုပ်ရှင်ရိုက်တယ်။ အသံလည်း ပါတယ်။ ဒီအပျော်တမ်းရိုက်တဲ့ ဗီဒီယိုခွေကို "နယူးစ်အော့ဖ်သည်ဝေါလ်"က အပြည့်အစုံ ဖော်ပြလိုက်တယ်။ ဒီအခွေထဲမှာ ဟယ်ရီက အာရပ်တွေကို ပြောတဲ့ ဗန်းစကားတွေပါတယ်။ တစ်နေရာမှာတော့ သူ့ဘွားတော်ဆီ ဖုန်းပြောဟန်ဆောင်တဲ့ အခန်းတောင်ပါတယ်။ သူက ရယ်ရယ်မောမောနဲ့ နောက်ရွှတ်နေတာပါ။

အခုဆိုရင် ဟယ်ရီတစ်ယောက် စိတ်ကူးယဉ်ဝတ်စုံဝတ်ပြီး ပါတီကျင်းပတဲ့ပွဲမှာ နာဇီလိုဝတ်ပြီးတက်ခဲ့ချိန်ဟာ လေးနှစ်တောင် ကြာခဲ့ပါပြီ။ အခုတော့ သူဟာ နောက်ထပ်ပြိုင်ပွဲအလယ်မှာ ရောက်နေပါတယ်။ ပါကစ္စတန်စစ်တပ်က သူ့ရဲဘော်ရဲဘက် "အာမက်"ရဲ့ အဆိုအရ၊ ဟယ်ရီဟာ ဥပဒေစည်းကမ်း ဖောက်ပြန်ခြင်း မပြုလုပ်ပါဘူးတဲ့။ ဒါပေမဲ့ ကလဲရင့်စ်ဟောက်စ်က သူ့ကိုတောင်းပန်ဖို့ ညွှန်ကြားဆဲဖြစ်တယ်။ အရင်ကလုပ်ခဲ့တဲ့ ဇာတ်လမ်းဟာ သတင်းဟောင်း အဖြစ် သိနေကြဆဲဖြစ်တယ်။ နောက်နှစ်ရက်မှာတော့ ဝေလမင်းသားလည်းပဲ သူမိတ်ဆွေ ပိုလိုကလပ်အသင်းသား အိန္ဒိယကုန်သည်တစ်ယောက်ကို "လူမည်းလေး"လို့ ခေါ်ဖူးကြောင်း ဖွင့်ချကြတယ်။ ဟယ်ရီလည်း ပိုပြီးသိသင့်တာပါ။ ဒါပေမဲ့ သတင်းစာတွေကတော့ ဟယ်ရီဟာ တကယ့်ရာဇဝတ်မှုကို မကျူးလွန်ခဲ့ဖူးလို့ ကောက်ချက်ချပါတယ်။

ဘုရင်မကြီးကိုယ်တိုင်လည်း သဘောပေါက်ပါတယ်။ မင်းသားလေးနှစ်ပါးအနက် ဟယ်ရီက ပိုပြီးဒုက္ခ လေ့ရှိတယ်ဆိုတာ သိထားပြီးသားပါ။ တယ်လီဖုန်းထဲမှာတောင် သူ့မြေးလေးရဲ့ အစအနောက်ကို ခံရတတ်ပါတယ်။ ခရစ္စမတ် နှုတ်ခွန်းဆက်စကားကို နောက်ရွှတ်နေလို့ အဆင့်ရှိတဲ့အသံ မက်ဆေ့ချ်သုံးဖို့ ညွှန်ကြားလိုက်ရသေးတယ်။

ခုအခါမှာတော့ ဟယ်ရီဟာ ပြေးပွဲတွေကို ကျော်လွန်ခဲ့ပါပြီ။ သူ အလုပ်လုပ်ဖို့ ကျကျနန အစီအစဉ်ဆွဲ ထားခဲ့ပါပြီ။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



သူ လေယာဉ်မောင်းသမားလိုင်စင်ခံ့မှာ ထိုင်ခွင့်ရဖို့အတွက် ၁၈ လသင်တန်းတက်ရပြီး အတန်းထဲမှာ အရေးကြီးတဲ့ ကျူတိုရီယယ်လ်ကို လေးပတ်တက်ခဲ့ရတယ်။ စစ်တပ်ထဲမှာလည်း ဝင်ထားရတဲ့အတွက် သူ့ကိုယ်သူ နှစ်ပိုင်းခွဲပြီး တော်ဝင်လေတပ်မတော် (ခရန်းဝဲလ်)နဲ့ တပ်မတော်လေတပ် (ဘတ်စ်စတင်ဟက်လ်) တို့မှာ တက်ရတယ်။ သူ့အစ်ကိုလိုပဲ လေယာဉ်မောင်းသမားတစ်ယောက် ဖြစ်လာဖို့ဆိုတာ အလွန်ကြိုးစားရတယ်လို့ ဟယ်ရီ နားလည်လာခဲ့တယ်။ အရက် မသောက်ရ။ ချစ်သူမိန်းကလေးတွေအတွက် အချိန်များများ မပေးနိုင်ဆိုတာတွေ ရှိလာတယ်။ တစ်လကို ပေါင် ၁၅၀ ပေးရတဲ့အခန်းလေးကို ငှားနေခဲ့ရတယ်။ အခန်းထဲမှာ တစ်ယောက်အိပ်ခုတင်လေးပဲ ရှိတယ်။ နံနက် ၉ နာရီကစပြီး ညနေ ၅း၃၀ အထိ အတန်းတက်ရတယ်။ ပင်ပန်းပေမယ့် ဟယ်ရီက စာတွေကို (သီအိုရီတွေကို) ကြိုးစားမှတ်ယူပါတယ်။ အရာရှိတစ်ဦးရဲ့မှတ်ချက်အရ "ဝီလျံက တိတိကျကျ၊ ကောင်းကောင်းမွန်မွန် သင်တတ်တယ်။ ဟယ်ရီကတော့ နည်းပညာ ပိုင်းမှာ ပိုပြီးကြိုးစားတာ မြင်ရတယ်"လို့ ဆိုပါတယ်။

နောက်ပိုင်းမှာ ဟယ်ရီက ဝန်ခံခဲ့တယ်။ "လေယာဉ်မောင်းရတာ သိပ်ကို ထူးဆန်းတဲ့အရာပဲ။ ခက်ခဲပေမယ့် ဒီအလုပ်ကို ကျွန်တော် မလုပ်နိုင်ဘူးရယ်လို့ မရှိပါဘူးဆိုတာ စိတ်ထဲမှာ အမြဲရှိပါတယ်" တကယ်တော့ ဒီလေယာဉ် မောင်းတဲ့ကိစ္စက သိပ်အရေးကြီးတဲ့ဟာပဲ။ ခက်ခက်ခဲခဲ ဖြစ်လိမ့်မယ်ဆိုတာ ကျွန်တော် သိထားပါတယ်။ ဒါပေမဲ့ ဒီလောက်ခက်လိမ့်မယ်လို့ မထင်ခဲ့ဘူး၊ ကျွန်တော့်အနေနဲ့ ဟယ်လီကော်ပတာ မောင်းတာကို ကျွမ်းကျင်မှုရှိတယ်လို့ မျှော်လင့်ထားတယ်။ ဒါပေမဲ့ စာမေးပွဲတွေ၊ တခြားဟာတွေ အများကြီးရှိသေးတယ်။ ကျွန်တော် သချာမရဘူး။ ကျောင်းထွက်လာကတည်းက ပစ်ချထားခဲ့တာပဲ"လို့ ဟယ်ရီကပြောပါတယ်။

အခု လေယာဉ်မောင်းသင်တဲ့အခါ ဟယ်ရီ စတင်သင်ယူရတာက "Firefly" လို့ခေါ်တဲ့ လေယာဉ်အသေးစား လေးပါ။ ပထမတော့ သူ့စိတ်ကို တိုက်လေယာဉ် ဟယ်လီကော်ပတာ မောင်းရဖို့လို့ ထားလိုက်တယ်။ သူ့အနေနဲ့ ဦးနှောက်ထဲမှာ လုပ်နိုင်စွမ်းအား ရှိမရှိလည်း မသိဘူး။ တိုက်လေယာဉ်မောင်းဖို့ ပြင်ဆင်နေမှန်းလည်း မသိဘူး။ နောက်မှ သဘောပေါက်သွားခဲ့တယ်။

ကိတ်က သူ့မင်းသားလေးဟာ လေယာဉ်မောင်းတဲ့အလုပ်ကို စွဲမြဲနေစဉ် စောင့်နေရမှာပဲလို့ ပြင်ဆင်ခဲ့ပေမယ့် ချယ်လ်ဆီးကတော့ ဒီလိုမဟုတ်ပါဘူး။ သူက တစ်ယောက်တည်း အထီးကျန်ဖြစ်ပြီး အိမ်လွမ်းနေခဲ့တယ်။ သူ စိုးရိမ် ခဲ့တဲ့အတိုင်း သူတို့ ဆက်ဆံရေးက အေးစက်လာပြန်တယ်။ ဒါနဲ့ သူက ဟယ်ရီကို အဆက်အသွယ်ဖြတ်ကြောင်း ပြောပြီး သူ့မွေးနေ့မှာ လက်ဆောင်ပေးခဲ့တဲ့ အပြာရောင် "တိုပက်စ်" လက်စွပ်ကို သူ့လက်မှာဝတ်ထားရာက ချွတ်ပစ် ခဲ့တယ်။ ဒါ့အပြင် ဟယ်ရီကို စိတ်ဆိုးအောင်လုပ်ပါသေးတယ်။ အဲဒါကတော့ အင်တာနက် "ဖေ့စ်ဘုတ်" ထဲမှာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဆက်ဆံရေးက တစ်ဦးတည်းမဟုတ်"လို့ ရေးလိုက်ခြင်းပါ။ ဟယ်ရီဖြင့် ချယ်လ်ဆီး ဒီလို လူသိရှင်ကြားရေးတာကို မယုံနိုင်အောင်ပါဘဲ။ ဒီအကြောင်း "မေးလ်အွန်ဆန်းဒေး"မှာ ပါလာပြန်တော့ ဟယ်ရီ စိတ်လည်းဆိုးတယ်။ စိတ်လည်း ပျက်သွားတယ်။ သူ့အဖေကိုရှင်းပြဖို့ အခွင့်အရေးတောင် မရခဲ့ဘူး။ ချယ်လ်ဆီးသူငယ်ချင်းတွေကတော့ "ချယ်လ်ဆီး ဟာ ဟယ်ရီ ရည်းစားဖြစ်ရတာနဲ့ပဲ ငြီးငွေ့စရာဖြစ်သွားပြီ"လို့ ပြောကြတယ်။

ချယ်လ်ဆီးက အမျိုးမျိုးကြိုးပမ်းခဲ့ပေမယ့်၊ ဟယ်ရီက မကြိုးပမ်းဘူး။ ချယ်လ်ဆီးက ဟယ်ရီကို တစ်ဦးတည်း မူပိုင်လိုချင်တယ်။ မင်းသားရဲ့ရည်းစားဆိုရုံ မလိုချင်ဘူး။ ဟယ်ရီရဲ့အလုပ်ကို ပြည့်ပြည့်ဝဝ လေးစားပါတယ်။ ဒါပေမဲ့ အတူတူနေဖို့ အချိန်မရဘူး။ ဒီအခါ အမြဲတမ်း ဒုတိယနေရာမှာပဲ ရှိနေတာကို စိတ်ပျက်သွားတယ်။

နောက်ရက်သတ္တပတ်အနည်းငယ်မှာ ဟယ်ရီတစ်ယောက် နိုက်ကလပ်တစ်ခုမှာ "နာတာလီပင်ခန်"နဲ့အတူ ဓာတ်ပုံပါလာတယ်။ ချယ်လ်ဆီးလည်း စိတ်ပျက်ရတယ်။ ဟယ်ရီရဲ့ပုံပန်း၊ မျက်လုံးနဲ့ ဆံပင်နီနီတွေကြောင့် ဟယ်ရီဟာ မိန်းကလေးတွေ မပြတ်ဘူးလို့ ဆိုနိုင်ပါတယ်။ သူ့ကို မြတ်နိုးတဲ့မိန်းကလေး ပေါတယ်။ ပဲရစ်ဟီလ်တန်ဆိုတဲ့ ကောင်မလေးက အပြင်ထွက်ဖို့ ချိန်းဆိုနေတဲ့အချိန်မှာပဲ ဟယ်ရီက ဩစတြေးလျသူ အဆိုတော် နာတာလီအမ်ဘရုပ်လီယားနဲ့ ဖုန်းနံပါတ်တွေ တိတ်တဆိတ် အလဲအလှယ်လုပ်နေတာပါ။ သူတို့နှစ်ယောက်ကို သူငယ်ချင်း ဆပ်ဘရမ်ဆင်က အဆိုတော်ရဲ့ ၃၄ နှစ်မြောက် မွေးနေ့မှာ မိတ်ဆက်ပေးခဲ့တာဖြစ်ပြီး အဲဒီပွဲမှာ စိတ်ကြိုက်အဝတ်အစား ဝတ်လာဖို့ရှိတဲ့အတွက် ဟယ်ရီက တပ်ကြပ်တစ်ယောက်လို ဝတ်လာခဲ့တယ်။ အဲဒီညမှာပဲ နာတာလီနဲ့ ငြိသွားခဲ့ရာက ညဥ့်နက်ဖုန်းတွေ ပြောဖြစ်ခဲ့ကြတယ်။ ခုအချိန်မှာ ဟယ်ရီက ပါတီတွေ ပြန်တက်နေတယ်။ မင်းစိုးရာဇာ အသိုက်အဝန်းက လူငယ်ယောကျ်ားလေး၊ မိန်းကလေး တွေ တက်ကြတဲ့ပွဲတွေမှာ ဟယ်ရီက သူ့ရုပ်ကိုမမှတ်မိစေတဲ့ အဝတ်အစားမျိုး ဝတ်တယ်။ အဲဒီလို ပါတီတွေ တက် ခဲ့တဲ့အတွက် ဖေဖော်ဝါရီလမှာဖြေရတဲ့ သီအိုရီစာမေးပွဲ ကျပါတော့တယ်။

ဒီကိစ္စက ချားလ်စ်ဆီ ရောက်လာပြီ။ ဒါမျိုး အီတင်ကျောင်းမှာလည်း ဖြစ်ခဲ့ဖူးပြီ။ သူ့သားဟာ စာမေးပွဲအောင်ဖို့ ဘယ်လောက် အာရုံစိုက်ဖို့လိုတယ်ဆိုတာ ချားလ်စ်က သိပါတယ်။ ဒါကြောင့် ဟယ်ရီကို ကျူရှင်အပိုပေးပြီး ဒုတိယ အကြိမ် ပြန်ဖြေခိုင်းရတယ်။ နောက်ဆုံးကျမှပဲ ဟယ်ရီဟာ Firefly လေယာဉ်ကို တစ်ယောက်တည်းမောင်းခွင့် အရည်အချင်း ပြည့်မီသွားပါတော့တယ်။

အဲဒီလို သူ့လေယာဉ်မောင်းသင်တန်းမှာ၊ တိုးတက်မှုတွေ ရနေတဲ့အချိန်မှာ သူ့ဘဝဟာ ပိုပြီးပရမ်းပတာ ဖြစ်လာတယ်။ မတ်လထဲရောက်တော့ သတင်းစာတွေက သူ့ကို "အက်စ်ထရစ်ဟားဘို" ဆိုတဲ့ မိန်းကလေးနဲ့အကြောင်း ရေးကြတယ်။ ဒီမိန်းကလေးက အသက် ၂၇ နှစ် ဘရစ်ခ်တိုတက္ကသိုလ်က ဘွဲ့ရထားတယ်၊ ပြီးတော့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ချယ်လ်ဆီးရဲ့ သူငယ်ချင်းလည်း ဖြစ်နေတယ်။ လှတယ်၊ မျက်လုံးပြာလေးနဲ့။ ပြီးတော့ အပျိုလူလွတ်။ ဟယ်ရီလိုပဲ ဆိုရှယ်ကျတယ်။ သူနဲ့သူ့အစ်မဟာ ဂိုင်းပယ်လီရဲ့ သူငယ်ချင်းတွေပါ။ အဲဒါအပြင် အာသာလင်တန်ရဲ့ အမဲလိုက်အဖွဲ့ သေနတ်ပစ်ပျော်ပွဲစား ဖိတ်တော့လည်း သူပါတယ်။ အဲဒီအချိန်မှာ ဟယ်ရီနဲ့ချယ်လ်ဆီးက စိတ်ဆိုးနေတဲ့အချိန်ဖြစ်တယ်။ ကလဲရင့်စ်ဟောက်စ်ရဲ့ အနောက်ဘက်ဂိတ်ထဲကို နံနက် ၃း၀၀ နာရီမှာ ဟယ်ရီရဲ့ကားဝင်လာတော့ အက်စ်ထရစ်က ကားနောက်ခန်းမှာ ပါလာတယ်။ ဓာတ်ပုံအရိုက်ခံရတယ်။ ဒါဟာ သတင်းသမားတွေအဖို့ ဟယ်ရီနဲ့အက်စ်ထရစ်တို့ကို အတွဲဖြစ်ကြောင်း အတည်ပြုလိုက်တာပါပဲ။ ဒါပေမဲ့ တကယ်က သူတို့ဟာ အဲဒီညက တစ်ခန်းစီမှာ အိပ်ခဲ့ကြတာပါ။ သူက သူ့ကိုယ်သူ ဘာမှမသိတော့ဘဲ ဟယ်ရီရဲ့အိပ်ရာမှာ သတိလစ်နေခဲ့ပြီး ဟယ်ရီက အခန်းလွတ်မှာ သွားအိပ်ခဲ့တာ ဖြစ်တယ်။ သူ နိုးလာတော့ ကိတ်နဲ့ဝီလျံက တံခါးဝမှာ မတ်တတ်ရပ်ရင်း လက်ဖက်ရည်တစ်ခွက်ကမ်းနေတာ တွေ့ရတယ်။ ကိတ်က မျက်လုံးတွေ တောက်ပလို့။ ဝီလျံကရယ်နေတယ်။ အက်စ်ထရစ်ကတော့ သူ့ကို မြေမျိုလိုက်တာပဲ ခံချင်နေခဲ့ပါတော့တယ်။

တကယ်တမ်း ဟယ်ရီ သဘောကျသွားသူက TV တင်ဆက်သူ ကာရိုလင်းဖလက်ပါ။ သူတို့ကို မိတ်ဆက်ပေးသူက ပိုကာပြိုင်ပွဲမှာလာခဲ့တဲ့ နာတာလီပင်ခန်ပဲ ဖြစ်ပါတယ်။ မကြာခင်မှာ လန်ဒန်က မတ်စ်ဒိုင်ယာရဲ့အခန်းကနေ ထွက်လာတဲ့ပုံ အရိုက်ခံရပြန်တယ်။ ဒါပေမဲ့ ဟယ်ရီက ချယ်လ်ဆီးကို ချစ်နေဆဲပါ။ ချယ်လ်ဆီးက ၃၃ နှစ်ရှိယ် ဒန်ဖိလ်စ်ဆင်ဆိုသူနဲ့ ဆက်နေပြီး အတော်အလေးအနက် ရှိပုံရနေတယ်။ ဒီအခါ ဟယ်ရီတစ်ယောက် ဒေါသူပုန်ထခဲ့ပါတော့တယ်။

လွန်ခဲ့တဲ့ ဖေဖော်ဝါရီလ ချစ်သူများနေ့တုန်းက ချယ်လ်ဆီးဟာ ကတ်ပြားတွေ အများကြီးရခဲ့ပြီး “Crocodile Dundee” ဆိုတဲ့ ရုပ်ရှင်ကော်ပီတစ်ခုလည်း ရခဲ့တယ်။ သူက ဟယ်ရီကိုသံသယဝင်တယ်။ ဟယ်ရီက ချယ်လ်ဆီးရဲ့ သူငယ်ချင်းဟောင်း ဂျာဘူကို အမြဲတမ်း မနာလိုဖြစ်နေခဲ့တာ ချယ်လ်ဆီးက သိထားတယ်။ ဖေ့စ်ဘုတ်ထဲမှာ ဂျာဘူက မိကျောင်းအသေတစ်ကောင်ကို ပခုံးကခါးအထိ ပတ်ထားတဲ့ပုံ ပါတယ်။ ဟယ်ရီက ဂျာဘူကို မနာလိုဖြစ်နေတာမို့ ဒီမိကျောင်း ရုပ်ရှင်ကားလက်ဆောင် (စာတိုက်ကတစ်ဆင့်) ရတော့ အော်ပြီးရယ်လိုက်တယ်။ လက်ဆောင်မှာ ပို့သူနာမည် မပါပေမယ့် ချယ်လ်ဆီးကသိလို့ ဟယ်ရီ့ဆီ ဖုန်းဆက်လိုက်တဲ့အခါ ဟယ်ရီက အဲဒီလက်ဆောင် သူနဲ့မဆိုင်ဘူးလို့ ပြောတယ်။ ချယ်လ်ဆီးက ရယ်နေတယ်။ သူက ဒီလိုပဲပြောမှာပေါ့လို့ ပြောရင်း ရယ်နေခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ စကားပြန်ပြောဖြစ်ခဲ့ကြတယ်။

မေလမှာ ဟယ်ရီ လေယာဉ်အသေးလေး မောင်းနှင်ခြင်း အောင်မြင်ခဲ့ပြီး စကြီးရား ဟယ်လီကော်ပတာအမောင်း သင်ဖို့ တော်ဝင်လေတပ်မတော် ဟယ်လီကော်ပတာမောင်း သင်တန်းကျောင်း (ရှော်ဘူရီ)ကို သွားရတယ်။ အဲဒီမှာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဝီလျံရှိနေတယ်။ အဲဒီမှာ အောင်လက်မှတ် ရသွားခဲ့ပေမယ့် တော်ဝင်နန်းတော်ရဲ့ သဘောထားမှာ ဝီလျံနဲ့ဟယ်ရီကို စစ်တပ်အဖွဲ့ဝင်အဖြစ် အမြင်မခံသင့်ဘူးလို့ ဆိုပါတယ်။

ဝီလျံနဲ့ဟယ်ရီတို့က "Court Circular" စာစောင်ထဲမှာ ပုံမှန်ဖော်ပြခံနေရပါပြီ။ ဒီစာစောင်က တော်ဝင်မိသားစုရဲ့ လူထုအတွက် လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်တာ ဖြစ်တယ်။ ၂၀၀၉၊ ဇန်နဝါရီမှာတော့ ဘုရင်မကြီးက ဝီလျံနဲ့ဟယ်ရီအတွက် စိန့်ဂျိမ်းစ်နန်းတော်ဝင်းထဲမှာ ကိုယ်ပိုင်ရုံး ခန်းထူထောင်ပေးခဲ့တယ်။ ချားလ်စ်ကို ဆိုရင် ၁၉၆၉ ခု၊ အသက် ၂၀ အရွယ်မှာ ကိုယ်ပိုင်ရုံးခန်း လုပ်ပေးခဲ့တာပါ။ အခု ဝီလျံနဲ့ဟယ်ရီကို ကိုယ်ပိုင်ရုံးခန်း လုပ်ပေးဖို့ ဆုံးဖြတ်ခြင်းဟာ သူတို့အနေနဲ့ လူထုကြားထဲ ဖြည်းဖြည်းချင်း တိုးဝင်ဖို့အတွက် အရေးကြီးတဲ့အစိတ်အပိုင်း ဖြစ်ပါတယ်။ ဒီလို ရုံးခန်းရရှိခြင်းဟာ သူတို့ဖခင်က ဒီရုံးခန်းတည်ထောင်တဲ့ ကုန်ကျငွေကို ကျခံပေးပါတယ်။ ဝီလျံနဲ့ ဟယ်ရီတို့ဟာ ကိုယ်ပိုင်ရုံးဝန်ထမ်းတွေ ထားခွင့်ရှိပြီး ကိုယ်ပိုင်အတွင်းရေးမှူး ဂျေမီ၊ ကိုယ်ရေးကိုယ်တာ အတွင်းရေးမှူး ဟယ်လင်အက်စပရေး တို့ပါဝင်ပြီး ဟယ်ရီကို အာဖဂန်နစ္စတန်သွားဖို့ အရေးမှာကူညီခဲ့ပြီး ခရီးမှာ အတူလိုက်ပါခဲ့တဲ့ "မိဂယ်လ်ဟက်" ကိုလည်း ဟယ်ရီရဲ့အကြံပြုချက်အရ ခန့်ထားခဲ့တယ်။ အခုဆိုရင် ဝီလျံနဲ့ဟယ်ရီတို့ဟာ သူတို့ဝန်ထမ်းတွေကို ကိုယ်တိုင်ညွှန်ကြားနိုင်ကြပြီ။ ဒါ့အပြင် ဘုရင်မကြီးရဲ့ သဘောထားအရ အရင် အမေရိကန်ပြည်ထောင်စု ဆိုင်ရာ ဗြိတိသျှသံအမတ် ဆာဒေးဗစ်မန်းနင်းကို အချိန်ပိုင်း အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်ခဲ့ပါတယ်။

ဝီလျံနဲ့ဟယ်ရီတို့ရဲ့ လုပ်ငန်းတွေက သက်တော့ မသက်သာပါဘူး။ ဝီလျံဆိုရင် အင်္ဂလိပ်ကျောင်းများ ရေကူးအသင်းဥက္ကဋ္ဌ၊ အင်္ဂလန်နဲ့ ဝေလနယ်တောင်တန်းများ ကယ်ဆယ်ရေးဥက္ကဋ္ဌ၊ စကင်းလ်ဖို့ဒ်၊ HMS မဟာမိတ်ကွန် ဆာဗေးရှင်း၊ တပ်စိတ်ထရပ်စ်၊ တော်ဝင် မားစ်ဒင်ဆေးရုံတို့မှာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရပါတယ်။ အရင် သူတို့မိခင် နားထားခဲ့ရတဲ့ လုပ်ငန်းတွေဖြစ်တဲ့ အိမ်ခြေမဲ့ကလေးများ ရန်ပုံငွေအဖွဲ့မှာလည်း ပါရပါတယ်။ ဒါ့အပြင် ဘောလုံးအသင်း ဥက္ကဋ္ဌ လက်နဲ့ပစ်ကစားရတဲ့ ဘောလုံးအဖွဲ့ ဒု-ဥက္ကဋ္ဌ၊ နောက် မကြာခင်ကမှ လက်ခံခဲ့ရတဲ့ ဗြိတိသျှ ရုပ်ရှင်နဲ့ရုပ်မြင်သံကြား ကျောင်းမှာ ဥက္ကဋ္ဌရာထူးများ ဖြစ်ပါတယ်။

ဟယ်ရီကလည်း ဒိုလန်ဆမ်ဂူး၊ မက်ပ်အက်ရှင်၊ ဝဲလ်ချိုင်းတို့မှာ တော်ဝင်ထဲက ပထမဆုံးဥက္ကဋ္ဌ ဖြစ်လာတယ်။ အင်္ဂလန်လက်ပစ်ဘောလုံးအဖွဲ့မှာလည်း ဒုတိယဥက္ကဋ္ဌ တာဝန်ယူရတယ်။ ဟယ်ရီတစ်ယောက်ဟာ အင်္ဂလန်ရဲ့ နှင်းဆီ တစ်ပွင့် ဖြစ်လာပါပြီ။

ဒါပေမဲ့ ဒီလောက် များပြားလှတဲ့ တာဝန်တွေကြားက သူတို့ညီအစ်ကိုဟာ ဝေဖန်ခံနေရပါသေးတယ်။ [illegible] ဖေဖော်ဝါရီလ ၂၃ နေ့ထုတ် TV အစီအစဉ် "Dispatches" မှာ သူတို့ကို အပျင်းဖက်တယ်လို့ စွပ်စွဲပါတယ်။ ဝီလျံ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ၂၀၀၇ အတွင်း တော်ဝင်လုပ်ငန်း ၁၄ ခုပဲ လုပ်တယ်လို့ အပြစ်တင်တယ်။ အဲဒီအချိန်မှာ ဝီလျံက စစ်ထဲမှာ တာဝန်ထမ်းနေတာပါ။ အဲဒီအထဲက ငါးခုက လက်ပစ်ဘောလုံး၊ သို့မဟုတ် ဘောလုံးပွဲနဲ့ ဆက်ထားတာပါ။ ဝေဖန်မှုက ထောက်ပြတာမှာ ချားလ်စ် အဲဒီအရွယ်က ရေတပ်မှာ တာဝန်ထမ်းနေရက်နဲ့ပဲ တစ်နှစ်မှာ တော်ဝင်လုပ်ငန်း ၈၄ ခုလောက် လုပ်နိုင်ခဲ့ကြောင်း ဆိုပါတယ်။ ဝီလျံလည်း ဒေါသဖြစ်သွားရတယ်။ ၂၀၀၈မှာ သူနဲ့ဟယ်ရီဟာ လုပ်ငန်း ၆၀ နီးပါးကို စစ်ထဲအချိန်ပြည့် အမှုထမ်းရင်းနဲ့ လုပ်ခဲ့တာပါ။ နန်းတော်က အကြီးတန်းဝန်ထမ်းတစ်ယောက်က "ဘုရင်မကြီးရဲ့ အင်အားအဖွဲ့ဝင်တွေထဲမှာ ဘယ်သူမှ လူပျင်းလို့ မသတ်မှတ်နိုင်ဘူး၊ ဒီလိုဝေဖန်တာ မှားတယ်။ ဝီလျံမင်းသားကို စော်ကားခြင်း ဖြစ်တယ်။ သူလည်း တတ်နိုင်သမျှလုပ်နေတာပဲ"လို့ ပြောပါတယ်။ ဝီလျံက သူ့ဘွားတော်ကို သူ့အတွက် ကရုဏာလုပ်ငန်းတွေ တိုးချဲ့ပေးဖို့ ပြောခဲ့တယ်။ သူ့အပေါင်းအသင်းတွေကိုတော့ သူနဲ့အတူ တာဝန်ခွဲယူမယ့်လူရှိရင် ကောင်းမှာပဲလို့ ဆိုခဲ့ပါတယ်။

ဟယ်ရီကိုလည်း စိတ်ပါဝင်စားမှု ထူထောင်ပြီး အလုပ်လုပ်တဲ့ တော်ဝင်တစ်ဦးဖြစ်ဖို့ ဘုရင်မကြီးက သူ့မြေးကို မေလထဲမှာ နယူးယောက်ကို သွားခွင့်ပေးပါတယ်။ ဟယ်ရီလည်း ပိုလိုပြိုင်ပွဲတစ်ခု ဖိတ်ကြားခံရပြီး ရန်ပုံငွေရှာဖို့ စိတ်ကူးရသွားတယ်။ ဝီလျံရော၊ ဟယ်ရီပါ ပိုလိုပြိုင်ပွဲကို ပုံမှန်ကစားဖို့ စွန့်လွှတ်ခဲ့ရတယ်။ အချိန်မရလို့ပါ။ အခုတော့ ရန်ပုံငွေ ရှာမယ့်ပွဲမို့ ဝင်ပြိုင်ဖို့ စိတ်ပါခဲ့ကြတယ်။ ၁၉၃၀ စီးပွားရေးကျဆင်းမှုအလယ်မှာ ဘုရင်မကြီးဟာ သူ့ကိုယ်ပိုင်ငွေနဲ့ ပေါင် ၂၅,၀၀၀ တန်ခရီးကိုသုံးဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါဟာ ဘုရင်မကြီးရဲ့ မဟာကရုဏာပဲလို့ ဂျေမီကပြောပါတယ်။

ဟယ်ရီလည်း မေလ ၂၉ မှာ ဂျွန်အက်ဖ်ကနေဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်သွားတယ်။ အဲဒီက "သုညနယ်မြေ" ဆီကို သွားရောက်ပြီး စက်တင်ဘာ ၁၁ မှာ မိသားစုတွေပျောက်ဆုံးခဲ့ရတဲ့ လူတွေအတွက် "ဗြိတိသျှ အောက်မေ့ဖွယ်ပန်းခြံ"မှာ သစ်ပင်စိုက်ခဲ့တယ်။ သူ ရောက်သွားတဲ့အခါ "ဟယ်ရီ၊ ငါ့ကို... လက်ထပ်ပါ" ဆိုတဲ့အော်သံ တွေ ညံသွားခဲ့တယ်။ ဟယ်ရီက အမေရိကကို ဆုပ်ကိုင်နိုင်ခဲ့ပါပြီ။ "သိပ်ချောတာပဲ"ဆိုတဲ့ အော်သံတွေ၊ "ဝီလျံထက် ပိုပြီးဆွဲဆောင်မှုရှိတယ်၊ သူ့ဆံပင်နီနီကို ချစ်လိုက်တာ" ဆိုတဲ့အသံတွေ ပေါ်လာခဲ့တယ်။ ဒီခရီးက အမေရိကန် သတင်း လောကမှာ ကြီးမားစွာ စိတ်ဝင်စားခြင်း ခံခဲ့ရတယ်။ အမေရိကန်သတင်းသမားတွေက သူ့အကြောင်း သိချင်ကြတယ်။

သူမရောက်ခင်က "တိုင်းမ်"မဂ္ဂဇင်းက "ကြာရှည်သော အရက်ညများ"လို့ ရေးခဲ့ပြီး နယူးယောက်ဒေးလီ နယူးစ်ကတော့ "ပါတီပွဲများလုပ်ပုံ"ကို ပြန်ပြောခဲ့ကြတယ်။ CBS က ဆိုရင် ဟယ်ရီ အမေရိက အလည်လာတော့ ဘယ်မှာသောက်မလဲလို့ မေးခဲ့တယ်။ သူ သောက်လို့ မရပါဘူး။ သူ့ကို ကောင်းကောင်းမွန်မွန်ပြုမူဖို့ သတိပေးခဲ့ပြီးသားပါ။ နိုက်ကလပ် မသွားရဖို့လည်း ပြောခဲ့တာပါ။ ဟယ်ရီကလည်း သူ့ဘွားတော် သိက္ခာကျအောင် မလုပ်ဖို့ ဆုံးဖြတ်ထားခဲ့ ပါတယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီက "ဟာလမ်"ဆိုတဲ့ ကလေးများရိပ်သာကို ရောက်တဲ့အခါ အဲဒီမှာရှိတဲ့ စစ်ပြန်များရဲ့ဇာတ်လမ်းတွေ ကြားရပြီး စိတ်ထိခိုက်ခဲ့ရတယ်။ ဒီ "ဟာလမ်"ကလေးရိပ်သာကလည်း သူ့မိခင်ရှိစဉ်က AIDS ရောဂါသည်တွေကို လိုက်လံအားပေးတဲ့အခါ နာမည်ကြီး ရိပ်သာတစ်ခုပါပဲ။ အဲဒီခရီးမှာ ပါဝင် ယှဉ်ပြိုင်ကစားတဲ့အတွက် ဟယ်ရီ့အနေနဲ့ ရန်ပုံငွေပေါင် ၁၀၀,၀၀၀ ရရှိနိုင်ခဲ့တယ်။ အမေရိကန်လူထုဟာ ဒိုင်ယာနာ ဆုံးပြီးကတည်းက ဗြိတိသျှတော်ဝင်မိသားစုကို ဘယ်လောက် ချစ်ခင်မြတ်နိုးကြောင်း ပြလိုက်တာပါပဲ။ ဒီခရီးကြောင့် ဗြိတိသျှဘုရင်မကြီးအတွက် ပညာသားပါပါ ဂုဏ်သိက္ခာ မြှင့်တင်ပေးနိုင်ခဲ့တော့တယ်။

ဒီခရီးကြောင့် ဝင်ဆာနန်းတော်ရဲ့တန်ဖိုးကို ပင်လယ်ရပ်ခြား တိုင်းတစ်ပါးမှာ မင်းသားလေးနှစ်ပါးက ဘယ်လောက် မြှင့်တင်နိုင်ခဲ့တယ် ဆိုတာကိုလဲ ရှင်းရှင်းမြင်ခဲ့ကြရတယ်။ ခုအချိန်မှာဆိုရင် ဝီလျံက အသက် ၂၆ နှစ် ရောက်လာပြီး ဟယ်ရီက ၂၄ နှစ်ပါ။ ဘုရင်မကြီးဆိုရင် ဝီလျံအရွယ်မှာ နန်းပလ္လင်ကို ရယူခဲ့ပြီးပြီ။ ချားလ်စ်နဲ့ ဒိုင်ယာနာတို့လည်း လက်ထပ်ပြီးကြပြီ။ သူတို့ရဲ့ လူထုကြား အခန်းကဏ္ဍတွေမှာ ကောင်းစွာ ထူထောင်နိုင်ခဲ့ကြပြီ။ ဒီတော့ ဒီအရွယ်ကို ရောက်နေပြီဖြစ်တဲ့ ဝီလျံနဲ့ဟယ်ရီတို့လည်းပဲ ဒီထက်မြင့်မားတဲ့ကဏ္ဍကို ဖော်ဆောင်သင့်ပြီလို့ နန်းတော် အဆင့်မြင့်မိသားစုဝင်တွေက ယူဆကြတယ်။ ချားလ်စ်ကိုယ်တိုင်ကလည်း ၂၀၀၈ မှာ အလုပ်အလုပ်ဆုံး တော်ဝင်နွယ်ဖွားအဖြစ် ကြေညာခံခဲ့ရတာမို့ သူ့သားတွေ လူထုကြား အလုပ်လုပ်တာကို သဘောကျပါတယ်။ အရင်ကတော့ ကလေးတွေကို ငယ်သေးတယ်ဆိုပြီး ကာကွယ်ချင်ခဲ့ပေမယ့် အခုတော့ ကြီးလာကြပြီမို့ လူထုအမြင်မှာ သူတို့ရဲ့အပြုအမူ ကို မြင့်မားအောင်လုပ်ဖို့ လိုလာပြီလို့ ယူဆခဲ့တယ်။

ဝီလျံနဲ့ဟယ်ရီတို့ကလည်း သူတို့ ကိုယ်ပိုင်အချိန်မှာ သီးခြားရပ်ခွင့်ရရှိဖို့ သူတို့အလုပ်လုပ်တဲ့ ကိစ္စတွေကို မီဒီယာတွက် လမ်းဖွင့်ပေးပါတယ်။ ၂၀၀၉၊ ဇွန်လမှာ သူတို့နှစ်ယောက်တွဲပြီး အင်တာဗျူးခွင့်ကို ရှားရှားပါးပါး ပေးခဲ့ ကြတယ်။ နေရာက တော်ဝင်လေတပ်မတော်ရှိတဲ့ "ရှောက်ဘူရီ"မှာပါ။ အဲဒီစခန်းနဲ့ကပ်လျက် တစ်ထပ်တိုက်လေးကို သူတို့ညီအစ်ကိုငှားပြီး အတူတူနေကြတာ ဖြစ်ပါတယ်။ သူတို့ မျှော်လင့်ခဲ့သလိုပဲ အဲဒီမှာ တကယ်ကို သာမန်ဘဝအဖြစ် နေခွင့်ရခဲ့ကြတယ်။ ၂၄ နာရီ အကာအကွယ်ပေးတဲ့ လုပ်နေကျ အစောင့်တွေကလွဲရင် သာမန်ပါပဲ။ သူတို့က အိမ်ဝေယျာဝစ္စ တွေကို သူတို့ဘာသာ လုပ်တယ်။ သူတို့ရှပ်အင်္ကျီတွေ သူတို့ကိုယ်တိုင် မီးပူတိုက်တယ်။ ရုပ်မြင်သံကြားအင်တာဗျူး ရိုက်တော့ သူတို့အချင်းချင်း ရွှတ်နောက်နေကြသေးတယ်။

ဝီလျံကပြောတယ်။ ကျွန်တော်က စားစရာတွေ ချက်တယ်။ သူ့ကိုကျွေးတယ်၊ သူ ကောင်းကောင်း အလုပ်လုပ် တယ်လို့ ထင်ပါတယ်တဲ့။ ဒါက ရွှံ့ပြီးပြောတာပါ။ ဟယ်ရီက အဆေးအကြောလည်း တော်ပါတယ်။ ဒါပေမဲ့ အဲဒါတွေ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အများဆုံး လက်ဆေးကန့်ထဲ ထားပစ်ခဲ့တာ။ နံနက် ကျွန်တော် ပြန်လာတော့ အကုန် ကျွန်တော်ဆေးရတယ်။ သူ့နောက်ကနေ ကျွန်တော် သန့်ရှင်းရေး လုပ်ပေးနေရတယ်။ သူကတော့ တစ်ချိန်လုံး "တခေါခေါ" နဲ့အိပ်နေတာ၊ ကျွန်တော့်မှာ တစ်ညလုံး မအိပ်ရဘူးလို့ ဝီလျံက ရယ်စရာပြောတော့ ဟယ်ရီက ဘုရားရေ… ဒီလိုဆိုတော့ ကျွန်တော်တို့ တစ်အိပ်ရာတည်း အတူအိပ်တယ်လို့ ထင်ကုန်လိမ့်မယ်။ ကျွန်တော်တို့က ညီအစ်ကိုပါ။ သမီးရည်းစား မဟုတ်ပါဘူးလို့ နောက်နေပြန်တယ်။ ပြီးတော့မှ အတည်ပြောပုံက ဒါဟာ ကျွန်တော်တို့အတူနေရတာ ပထမဆုံးနဲ့ နောက်ဆုံးဖြစ်နိုင်တယ် ဆိုတာပါပဲ။ ဝီလျံကလည်း အလေးအနက် ထပ်ပြောတယ်။ ဒီလိုနေခဲ့ရတဲ့အချိန်ဟာ စိတ်လှုပ်ရှားဖွယ် အတွေ့အကြုံတစ်ခုကို ပေးခဲ့ပါတယ်တဲ့။ ဒီပြောဆိုချက်တွေဟာ သတင်းစာရှင်းလင်းပွဲကို စိုးရိမ်နေတဲ့ သူတို့ဖခင်အတွက် အလေးမှုငိုရှိုက်သံ ဖြစ်ခဲ့ပါတယ်။

အရွှတ်အနောက်တွေအပြင် သူတို့က သူတို့လုပ်ချင်တဲ့ အလေးအနက်ကိစ္စတွေကိုလည်း ပြောခဲ့ကြပါတယ်။ ဟယ်ရီကဆိုရင် သူ ရှေ့တန်းစစ်မြေပြင်ကို ပြန်သွားချင်ကြောင်း ပြောတယ်။ အာဖဂန်နစ္စတန်ကို ပြန်ထွက်ရမယ်ဆိုရင် သိပ်ကို ထူးထူးခြားခြား ဖြစ်မှာပဲ။ ကျွန်တော် အလုပ်ချင်ဆုံးကတော့ ဟယ်လီကော်ပတာနဲ့လုပ်ရတဲ့ အခွင့်အရေးပါ…တဲ့။ Lynx လေယာဉ်ကို သဘောကျကြောင်း၊ ဒီသင်တန်းစကတည်းက ဒါကိုကြိုက်ခဲ့ကြောင်း၊ ဒါက စိန်ခေါ်မှုရှိတယ်လို့ ယူဆကြောင်းလည်း ပြောတယ်။ ဝီလျံကလည်း သူ အာဖဂန်နစ္စတန်ကို ပြန်သွားဖို့ မျှော်လင့်နေကြောင်း ပြောတယ်။ ကျွန်တော် စစ်ထဲဝင်ခဲ့တာဟာ အကာအကွယ်ခံရဖို့ မဟုတ်ဘူး။ သီးခြားဆက်ဆံခံရဖို့ မဟုတ်ဘူး။ ကျွန်တော် နားလည်လက်ခံထားတာက တကယ်လို့ အဲဒီရှေ့တန်းသွားတဲ့ကိစ္စကို ဟယ်ရီ လုပ်နိုင်ခွင့်ရှိတယ်ဆိုရင် ကျွန်တော်လည်း လုပ်ခွင့်ရှိရမှာပဲလို့ အလေးအနက်ဆိုပါတယ်။ ဒါဟာ ဝီလျံရဲ့ ထိုးထွင်းသိမြင်တဲ့ အမြင်ပါပဲ။ တချို့က ဝီလျံ အခုလိုရှေ့တန်းသွားဖို့ မျှော်လင့်နေတာဟာ အချည်းနှီးပဲလို့ မြင်ကြပေမယ့် အများစုကတော့ တိုင်းပြည်အတွက် တိုက်ပွဲဝင်ချင်တဲ့ဆန္ဒကို လေးစားခဲ့ကြပါတယ်။

အချိန်တိုတိုအတွင်းမှာ ကရုဏာလုပ်ငန်းတွေ အများအပြား လုပ်စရာရှိနေပေမယ့် ဝီလျံနဲ့ဟယ်ရီတို့ကတော့ စစ်တပ်ထဲနေခြင်းကသာ ပိုပြီးပိုပြီး ထိရောက်လိမ့်မယ်လို့ ယူဆကြတယ်။ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလမှာ ဝီလျံမင်းသားနဲ့ ဟယ်ရီမင်းသားဖောင်ဒေးရှင်းကို တစ်စင် ချမှတ်ခဲ့ကြတယ်။ ချားလ်စ်က တော်ဝင်ရေတပ်ကရတဲ့ လစာငွေ ပေါင် ၇,၅၀၀ နဲ့ "Prince's Trust" ရန်ပုံငွေကို ဖန်တီးခဲ့တယ်။ ဝီလျံနဲ့ဟယ်ရီတို့လည်းပဲ သူတို့ကိုယ်ပိုင် ကရုဏာလုပ်ငန်းကို ထူထောင်ချင်ကြတယ်။ ဒါကြောင့် ၂၀၀၆ ခုမှာ "Princes' Charities Forun" ဆိုတဲ့ ကရုဏာရန်ပုံငွေကို ထူထောင်လိုက်ကြတယ်။ သူတို့ဟာ အသင်းအဖွဲ့အပေါင်း နှစ်ဆယ်ကျော်မှာ ဥက္ကဋ္ဌ၊ ခေါင်းဆောင်ရာထူးကို မျှဝေပြီး ယူထားကြ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီအဖွဲ့တွေက နောင်အခါ ခွင့်ပြုငွေတွေရရှိကြမှာ ဖြစ်တယ်။ ဝီလျံက ဒီလို ကရုဏာလုပ်ငန်းတွေ လုပ်ချင်စိတ်ကို သူတို့မိဘတွေဆီက ရရှိခဲ့တာဖြစ်ကြောင်း ကြီးမားတဲ့ အခွင့်ထူးခံရမှုတွေဟာ လုံးလုံးလျားလျား တာဝန်ယူမှုအဖြစ် ပြန်လည်ပေးဆပ်ရမှာဖြစ်ကြောင်း ပြောပါတယ်။ သူတို့နှစ်ယောက်ဟာ ဖောင်ဒေးရှင်းကို သူတို့ကိုယ်ပိုင်ငွေထဲက ဂဏန်းခြောက်လုံးနဲ့ စတင်လိုက်ကြတာပါ။ အဲဒါ ရန်ပုံငွေရဲ့ သုံးပုံတစ်ပုံကိုတော့ စစ်တပ်ထဲထည့်ရမယ်လို့လည်း ဆုံးဖြတ်ခဲ့ကြတယ်။ ခုလို စစ်တပ်ကို ဦးထပ်ထားခြင်းအတွက် ဘုရင်မကြီးက အပြည့်အဝ ထောက်ခံတယ်။ သူ့ရဲ့ယုံကြည်မှု အားထားရသူ အမှုထမ်းဟောင်းတချို့ကို ဝီလျံတို့အသင်းမှာ ခန့်အပ်ခဲ့တယ်။

သူတို့ မိဘနှစ်ပါးရဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေက သူတို့နှစ်ဦးဆီမှာ ရစ်ပတ်ထားတာ သေချာပါတယ်။ မေလ ရောက်တဲ့အခါ သူတို့နှစ်ဦးဟာ သူတို့ဖခင်နဲ့အတူ ဒလိုင်းလားမားနဲ့တွဲပြီး ရာသီဥတုကိစ္စအတွက် အာရုံဆွဲဆောင်ဖို့ သစ်တောစိမ်းလန်းရေးစီမံကိန်း ၉၀ စက္ကန့်ကြော်ငြာကို ရိုက်ပေးခဲ့ကြတယ်။ ကျွန်တော်တို့က မိခင်ဖခင်တို့လုပ်ခဲ့တဲ့ လူမှုရေးလုပ်ငန်းတွေကို ဆက်လက်လုပ်တဲ့အပြင် ပိုပြီးကောင်းအောင် ကြိုးစားနေတာပါလို့ ဝီလျံကဆိုပါတယ်။ ကျွန်တော်က မိဘတွေရဲ့အဖွဲ့ထဲမှာ ပါတာတော့ မဟုတ်ဘူး။ ကျွန်တော့်ကိုယ်ကျွန်တော် ခွေးနေတာပါ။ ကျွန်တော် လုပ်နိုင်သလောက် လုပ်တာပါ။ ကျွန်တော့်အဘွားက သိပ်ကိုအားပေးပါတယ်။ ကျွန်တော့်အဘွားက ထူးခြားတဲ့အလုပ်တွေ လုပ်ခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါဟာ တတိယနည်းလမ်းလို့တော့ မပြောလိုပါဘူး။ ကိုယ်ပိုင်နည်းလမ်းကို ရှာဖို့ ကြိုးစားနေတာပါလို့လည်း ဆက်ပြောခဲ့ပါတယ်။

သူတို့နှစ်ယောက် တွဲလုပ်တဲ့အခါ ဘယ်လောက် အောင်မြင်တယ်ဆိုတာလဲ သူတို့မြင်လာခဲ့ကြတယ်။ ကျွန်တော်တို့ ဖောင်ဒေးရှင်းမှာ လာရောက်ကူညီကြတဲ့သူတွေနဲ့ အတူတွဲလုပ်တဲ့အခါ ပိုပြီးကြာရှည်ခိုင်မြဲတာကို မြင်ရတယ် လို့လည်း ဝီလျံက ဆိုတယ်။ သူတို့မိခင်အတွက် အမှတ်တရပွဲကလည်း ကြီးမားတဲ့အောင်မြင်မှုကို ရရှိစေခဲ့တယ်။ ၂၀၀၈ မှာ City Salute ပွဲဆိုပြီး စင်တင်တဲ့အခါ ရန်ပုံငွေတစ်သန်း ရရှိခဲ့တယ်။ ဒီငွေတွေကို ကြည်း၊ ရေ၊ လေ မိသားစုအသင်းနဲ့ ထိခိုက်ဒဏ်ရာရသူများအတွက် ပေးလှူခဲ့တယ်။

အဲဒီနှစ်ထဲမှာပဲ ဝီလျံက အင်္ဂလန်ရဲ့ တတိယအမြင့်ဆုံး တောင်လေ့လာရေးကို အိမ်ခြေယာခြေမဲ့ လူထုတစ်အုပ်နဲ့ တက်ခဲ့တယ်။ ဒီကိစ္စက သူ့ရဲ့ တောင်ပေါ်ကယ်ဆယ်ရေးလုပ်ငန်းနဲ့လည်း တွဲနေတာမို့ အောင်မြင်ခဲ့တယ်။ ဒီလိုလူတွေနဲ့ သူက ဆက်ဆံချင်ကြောင်း၊ သူတို့မှာ ထူးခြားတဲ့စရိုက်တွေ ရှိကြောင်း၊ သူတို့အဖို့ အခွင့်အလမ်းရယ်၊ မျှော်လင့်ချက်ရယ်၊ ယုံကြည်ချက်ရယ် ရှိဖို့ပဲလိုကြောင်း ဝီလျံကပြောပါတယ်။

သူတို့မိခင် ဒိုင်ယာနာဟာလည်း ဒီလိုပဲ ကိုယ်ချင်းစာစိတ်ရှိကြောင်း ဒိုင်ယာနာရဲ့မိတ်ဆွေ ဗီဗီနီပါရီက ခု ပြောပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်ယာနာက AIDS ကရုဏာလုပ်ငန်းတွေနဲ့ ပတ်သက်ခဲ့တယ်။ ဒါကို သူ မညည်းမညူခဲ့ဘူး။ ဝီလျံနဲ့ ဟယ်ရီလည်း သူတို့မိခင်နဲ့တူတယ်လို့ ထင်ပါတယ်။ ဒိုင်ယာနာဆိုရင် လူမှုရေးအတားအဆီးတွေ အားလုံးကို ကျော်လွှားခဲ့တယ်။ ဝီလျံနဲ့ဟယ်ရီလည်း ဒီအတိုင်းပါပဲ။ လူတွေကို တန်းတူပေါင်းတယ်။ အခက်အခဲအလုပ်တွေကို လုပ်ချင်ကြတယ်။ AIDS ရောဂါသည်တွေနဲ့ထိရင် ကူးစက်နိုင်တယ်လို့ ထင်တဲ့အချိန်မှာ ဒိုင်ယာနာဟာ ရောဂါသည်တွေကို ပွေ့ဖက်ခဲ့တယ်။ သူတို့လည်း ဒီအတိုင်းပါပဲ။ ဟယ်ရီက သူ့အမေရဲ့အမွေကို ရခဲ့တယ်။ အာဖရိကမှာ တွေ့ခဲ့ရပြီးပြီ"

ဝီလျံအနေနဲ့ အာဖရိကကို သဘောကျပေမယ့် ကရုဏာလုပ်ငန်းအရ သွားမယ်ဆိုရင် အာဖရိကဆိုတာက ဟယ်ရီရဲ့နယ်မြေ ဖြစ်နေတယ်။ ဒီတော့ ၂၀၀၉ ခု၊ မတ်လမှာ ဟယ်ရီက "ဆင်တီဘယ်လ်"အဖွဲ့ရဲ့ တတိယနှစ်ပတ်လည်နေ့ အခမ်းအနားမှာ နိုင်ငံရေးနဲ့ပတ်သက်ပြီး လူထုကို မိန့်ခွန်းပြောခဲ့ရတယ်။

"စီစီယိုမင်းသားနဲ့ ကျွန်တော်တို့နှစ်ယောက်ပေါင်းပြီး ဒီ ဆင်တီဘယ်လ်အဖွဲ့ကို ထူထောင်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ မိခင်များကို အမှတ်တရအဖြစ် ထူထောင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မိခင်များဟာ မမောနိုင် မပန်းနိုင် အလုပ်လုပ်ခဲ့ကြတယ်။ အခု ကျွန်တော်တို့လည်း ကိုယ်ပိုင်နည်းလမ်းနဲ့ သူတို့ရဲ့ကြီးမြတ်တဲ့ နမူနာကို လိုက်လျှောက်ကြတာပါ။ ကျွန်တော်တို့ မကူညီရင် သူတို့ဒုက္ခတွေဟာ ကြီးမားပြီး သူတို့ လူ့အဖွဲ့အစည်းတစ်ခုလုံး ချေမှုန်းခံရလိမ့်မယ်"

ဟယ်ရီရဲ့မိန့်ခွန်းဟာ စိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်နေပြီး သုံးစွဲတဲ့စကားလုံးတွေကလည်း သူ့ကိုယ်ပိုင်စကားလုံးတွေ ဖြစ်ပါတယ်။ ဒီကရုဏာလုပ်ငန်းဟာ ရန်ပုံငွေ မလုံလောက်လို့ ပိတ်ပစ်ရတော့မယ့် အနေအထားမှာ ကွန်ဆာဗေးတစ်ပါတီရဲ့ အချမ်းသာဆုံး အကျိုးဆောင် "လော့ဒ်အက်ရှ်ကရော့ဖ်"က ပေါင် ၂၅၀,၀၀၀ လှူခဲ့တဲ့အတွက် ကယ်ဆယ်နိုင်ခဲ့ခြင်း ဖြစ်တယ်။ ဒီအခါ ဟယ်ရီရဲ့ မေတ္တာရပ်ခံချက်အရ စိန့်ဂျိမ်းစ်ရှိ ဟယ်ရီတို့ရဲ့ သီးသန့်ရုံးခန်းကို ရွှေ့လာခဲ့ပြီး အဖွဲ့ရဲ့ အမှုဆောင်ချုပ် ကက်ချ်မာတင်ကို ခေါ်လာခဲ့တာပါ။

သူတို့မိခင်လိုပဲ ဝီလျံရော၊ ဟယ်ရီပါ နာမည်ကြီးဖို့ မလိုလားကြပါဘူး။ ဒီအဖွဲ့ရဲ့ နှစ်ဝက်အစည်းအဝေးမှာ ဝီလျံ ရှင်းပြပုံကလည်း ရှင်းလင်းပြတ်သားပါတယ်။ လူသိများတဲ့ ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ လူတွေကို လက်ဆွဲနှုတ်ဆက်ဖို့ အချိန်နဲ့နေရာ ရှိပါလိမ့်မယ်။ ဒါပေမဲ့ အမှန်တကယ် အလုပ်လုပ်ဖို့ကျတော့ အများကြီးလုပ်ရမယ်လို့ ကျွန်တော် ထင်တယ်။ ဒီအခမ်းအနားတစ်ခုကို ရောက်လာတယ်။ ဖွင့်ပွဲလုပ်တယ်။ ဒီလိုလုပ်ဖို့လည်း အကြောင်းပြချက် ခိုင်လုံတယ်။ ကျွန်တော့်ကို မှားတယ်လို့ မထင်ပါနဲ့နော်။ ဒါပေမဲ့ အဲဒီလို လုပ်ရုံနဲ့မပြီးဘူး။ တခြားအရာတွေကို ယူလာရဦးမှာပါ။ လို့ ဝီလျံက ပြောခဲ့ပါတယ်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ဝီလျံက သူ့ရဲ့ ၂၇ နှစ်မြောက်မွေးနေ့မှာ အရင် ရာဇဝတ်ဂိုဏ်းသားဟောင်းတွေနဲ့ တွေ့ဆုံခဲ့တဲ့ အပြင် ခရစ္စမတ်မတိုင်ခင်လေးမှာတော့ လန်ဒန်လမ်းမတွေအကြောင်း နားလည်ဖို့ လမ်းမတွေပေါ်မှာ အိပ်ခဲ့တာဖြစ်တယ်။ အဲဒီအချိန်မှာ အအေးဓာတ်က ရေခဲအမှတ်အောက်မှာပါ။

"ဒီကိစ္စကို လေးလေးနက်နက် နားလည်ပါမှ လမ်းမတွေပေါ်က ဒုက္ခဆင်းရဲမှုတွေကို ကျွန်တော်တို့ ကူညီနိုင်မယ်လို့ မျှော်လင့်တယ်" တစ်ညတည်း အိပ်တာနဲ့တောင် ဒီလောက်ဒုက္ခဖြစ်တာမို့ ညတွေညတွေတိုင်း လန်ဒန်လမ်းမတွေမှာ အိပ်နေရတဲ့ လူတွေရဲ့ဒုက္ခကို ဘယ်လိုနေမလဲလို့ တွေးလို့တောင် မရဘူးလို့ ဝီလျံက ဆိုခဲ့တယ်။ ဒီကိစ္စကို ဒိုင်ယာနာများသိရင် အတိုင်းထက်အလွန် ဂုဏ်ယူမှာပဲလို့ ဒိုင်ယာနာမိတ်ဆွေ ဗီဗီနီပါရီက ပြောပါသေးတယ်။

"ဒိုင်ယာနာက အိမ်ခြေယာခြေမဲ့တွေနဲ့ ပတ်သက်ပြီး သူလုပ်ရတဲ့အလုပ်မှာ အလွန် ကရုဏာကြီးတယ်။ ဝီလျံလည်း အတူတူပဲ။ ဝီလျံ အခုလို လမ်းမပေါ်အိပ်တာဟာ အံ့ဩစရာပဲ။ လုပ်နိုင်တာကိုလည်း အတော်ထူးဆန်းတယ်လို့ ပြောရမယ်။ ဒီကိစ္စကို ဒိုင်ယာနာသိရင် သဘောကျမှာပဲ။ ဝီလျံနဲ့ဟယ်ရီက ဒိုင်ယာနာနဲ့စာရင် ခေါင်းဆောင်လုပ်ဖို့ ရွေးချယ်ခွင့် ပိုပြီးရကြပါတယ်။ ဒိုင်ယာနာက နန်းတော်ရဲ့ညွှန်ကြားမှုအောက်မှာပဲ နှစ်ပေါင်းများစွာနေရပြီး ကရုဏာလုပ်ငန်းကို ဘဝမှာ နောက်ကျမှပဲ လုပ်နိုင်ခဲ့တာပါ။ ကလေးတွေကတော့ သူတို့လုပ်ချင်တဲ့ ကရုဏာလုပ်ငန်းကို သူတို့ဘာသာ ရွေးချယ်ပြီး ကောက်လုပ်နိုင်ကြတယ်။ ဒိုင်ယာနာက သူ့ကိုယ်သူ အပြင်လူလို ခံစားရကြောင်း၊ ရှန်းကန်နေတဲ့လူတွေကို အသိအမှတ်ပြု ရှာဖွေကြောင်း မကြာခဏ ပြောဖူးတယ်။ ဝီလျံနဲ့ဟယ်ရီလည်း ဒီအတိုင်းပါပဲ"

လန်ဒန်ရှိ မိဘမဲ့ကလေးများရိပ်သာမှာ ၂၀၀၉ ခုနှစ်၊ မတ်လမှာ ကျရောက်တဲ့ "မိခင်နေ့" ကျင်းပတော့ ဝီလျံက အဲဒီက ကလေးတွေနဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်အောင် သူ့ဘဝရဲ့ အနာကြည်းဆုံး အတွေ့အကြုံလို့ ပြောပြသွားခဲ့တယ်။ "မင်းတို့ဘဝမှာ "မာမီ"ဆိုတဲ့ စကားလုံးကို ဘယ်တော့မှ မပြောရတော့ဘူးဆိုတာ သေးသေးလို့ထင်မယ်။ ဒါပေမဲ့ ငါအပါအဝင် လူအများအပြားအတွက် အဲဒီစကားလုံးဟာ အခေါင်းသက်သက်ပဲ။ သတိရစရာတွေကို ဆင့်ခေါ်လိုက်တဲ့ စကားလုံးပဲ"

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



## အခန်း – ၁၈

## နောက်ကွယ်မှ ဘုရင်…

*“ဘုရင်စနစ် ဆိုတာရှိဖို့ လိုအပ်ပါတယ်။ ဒါဟာ အလွန့်အလွန် အရေးကြီးတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါဟာ တည်မြဲခြင်းရဲ့ ပုံသဏ္ဌာန်တစ်ခု ဖြစ်တယ်။ ဒါကို ဆက်လက်ရှိနိုင်မယ်လို့ မျှော်လင့်တယ်”*

*ဝီလျံ၊ ၂၁-နှစ်မြောက် မွေးနေ့*

အချိန်က ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် ဖြစ်တယ်။

ကိတ် မစ်ဒယ်လ်တန်ဟာ မီးဖိုဆောင်ထဲက စားပွဲမှာ တနင်္ဂနွေထုတ် သတင်းစာကို ထိတ်လန့်တကြား လှန်နေတယ်။ မစ်ဒယ်လ်တန် မိသားစုတစ်စုလုံးလည်း စိုးရိမ်ထိတ်လန့်စိတ်တွေ ပြည့်နေတယ်။ ကိတ်ရဲ့မိခင် ကားရိုးလ်က နောက်ထပ်လက်ဖက်ရည်တစ်အိုးဖျော်ဖို့ ရေနွေးတည်ဆဲ၊ ကိတ်ကတော့ သတင်းစာမျက်နှာဖုံးကို မျက်လုံးစိုက်ပြီး ငိုင်ကြည့်နေတယ်။ ‘နယူးစ်အော့ဖ် သဝေါလ်’’မှာ စာလုံးကြီးနဲ့ရေးထားတာက ‘‘ဝီးလ်ကို ငါက Fxxxer လို့ ခေါ်လိုက်တယ်’’တဲ့။ စာတန်းအောက်မှာတော့ ကိတ်ရဲ့ ဦးလေး ဂယ်ရီဂိုးလ်စမစ်ရဲ့ အဖြူအမည်းဓာတ်ပုံကြီးပါ။ လက်ထဲမှာလည်း ယူရိုတစ်ရာတန် ငွေစက္ကူကိုင်လို့၊ ကိုကင်းရှူဖို့ ပြင်ဆင်နေတယ်။ နောက်တစ်ကြောင်းမှာတော့ ‘‘ဝီလျံကို အပန်းဖြေဖို့ သူ့စံအိမ်ကိုဖိတ်ပြီး ကိုကင်းနဲ့ဧည့်ခံတဲ့ သူဌေးကြီးက ကြွားဝါနေပုံ…’’ လို့ ရေးထားပြန်တယ်။

ဂယ်ရီဂိုးလ်စမစ်ဟာ ရုပ်ဖျက်ထားတဲ့ သတင်းသမားနှစ်ယောက်ကို ပညာမဲ့စွာ ဖိတ်ထားခဲ့တာပါ။ သူ့စံအိမ်က ပေါင်ငါးသန်းတန်တယ်။ အဲဒီကိုဖိတ်ပြီး သူ့တူမ ကိတ်နဲ့ တော်ဝင်မင်းသားတို့အကြောင်းကို အကုန်ပြောတော့တာပဲ။ ဝီလျံသွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရာမှန်သမျှ လုံခြုံရေးအရာရှိတွေ လိုက်ရတာမို့ ဒီစံအိမ်ကိုသွားတော့ အရာရှိတွေ စိတ်ပူပန်ခဲ့ကြရတယ်။ ဝီလျံနဲ့ ကိတ်က ဒီစံအိမ်ကို ဧည့်သည်အဖြစ် ရောက်လာခဲ့ကြတယ်။ မစ္စတာဂိုးလ်စမစ်က သူ့စံအိမ်အပြင်နံရံမှာ သူ့အမည်ကို ရွှေနဲ့ထွင်းပြီး ကပ်ထားတာပါ။ သူက ဝီလျံတို့ ရောက်လာတဲ့အခါ ဝီးလ်... ယူ Fxxxer လို့ နှုတ်ဆက်ကြောင်း၊ ငါ့အိမ်မှာ ဖန်နဲ့လုပ်ထားတဲ့ ပီရမစ်တွေ အများကြီးရှိတယ်။ ဘောလုံးလေးတွေနဲ့ ပစ်ကစားတယ်။ ငါ့မှာ ဒါမျိုးတွေ အများကြီးလို့ ပြောကြောင်း သူကပြန်ပြောတယ်။

ကိတ်ဟာ သူဖတ်နေတာကို မယုံနိုင်အောင် ဖြစ်ရတယ်။ သူ့ဦးလေးက ကိတ်နဲ့ဝီလျံတို့ လက်ထပ်တော့မယ့် အကြောင်း၊ ဒီနှစ်ကုန်ရင် လက်ထပ်ပွဲလုပ်မယ့်အကြောင်း မင်းသားကြီးဖီးလစ်က ကိတ်ကို သေနတ်ပစ်သင်ပေးကြောင်း၊ ခရစ္စမတ်တစ်နှစ်မှာ ဝီလျံမရှိဘဲနဲ့ ကိတ်ကို အဖိတ်ခံရကြောင်း ပြောတဲ့အပြင် သူ့ကျွန်းကိုလာလည်တဲ့ ဧည့်သည်တွေကို သူက မူးယစ်ဆေး၊ ဘရာဇီးကောင်မလေးတွေနဲ့ ဧည့်ခံနိုင်ကြောင်း ကြွားဝါထားတယ်။

မစ်ဒယ်လ်တန်မိသားစုအနေနဲ့ ဂယ်ရီဟာ မိသားစုထဲက သိုးမည်းတစ်ကောင်ဆိုတာ သိပြီးသားပါ။ ဒါပေမဲ့ ဒီလောက်ဒုက္ခပေးမယ်လို့ မထင်ခဲ့ဘူး။ တစ်ခါတုန်းက ကိတ်ရဲ့မောင် ဂျိမ်းစ်တစ်ယောက်၊ ၂၁ နှစ်မြောက် မွေးနေ့မှာ အရက်မူးပြီး လမ်းပေါ် အပေါ့စွန့်နေပုံကို ဓာတ်ပုံရိုက်ခံခဲ့ရတာထက် အခုဟာက အများကြီး ပိုဆိုးပါတယ်။ ကံကောင်း တာက အဲဒီဂျိမ်းစ်ရဲ့ပုံက ဩစတြေးလျထုတ်မဂ္ဂဇင်းမှာပဲ ပါခဲ့လို့ တော်သေးတာပါ။

ဒီနံနက်မှာ ကိတ်ဆီကို ဖုန်းမက်ဆေ့ချ်တွေ အများကြီး ဝင်လာတယ်။ ဝီလျံကလည်း ဖုန်းဆက်တယ်။ စိတ်မ ပြောတယ်၊ ချားလ်စ်တောင်မှပဲ ကိတ်ကိုဖုန်းဆက်ပြီး ဒါဟာ ဘာမှအရေးမကြီးကြောင်း လက်ဖက်ရည်ပန်းကန်ထဲမှာတိုက်တဲ့ မုန်တိုင်းလေးပါ၊ မကြာခင်ပြီးသွားမှာပါလို့ အားပေးခဲ့တယ်။ ကိတ်ကတော့ ချားလ်စ်ဟာ ဒီသတင်းကို ဖတ်မယ်လို့ မထင်ဘူး။ ချားလ်စ်က အများအားဖြင့် သတင်းစာတွေကို မကြိုက်ဘူး။ Week မဂ္ဂဇင်းတစ်စောင်ပဲ ခေတ်ကြီးအကြောင်း သိရအောင် ဖတ်တာပါ။ အိမ်အပေါ်ထပ်မှာတော့ ကိတ်ဖခင်က အထုပ်ပြင်နေပြီ။ သူတို့မိသားစု လူတွေကြားနေ မဖြစ်တော့ဘူး။ သီးသန့်တစ်နေရာ လိုနေပြီ။ ဒီမီဒီယာတွေ၊ ဓာတ်ပုံပါပါရာဇီတွေနဲ့ ဝေးတဲ့နေရာကတော့ သူတို့ရဲ့မိတ် "မတ်စ်တစ်"ကျွန်းပါပဲ။ သူတို့မိသားစုက အမြဲတမ်း မခွဲမခွာ နေလေ့ရှိကြတာပါ။ အခုလည်း မိသားစုအလိုက် ကျွန်းကို လေယာဉ်နဲ့ သွားလိုက်ကြတယ်။ ရော်ဘင်ဆင်က သူတို့အတွက် အိမ်ငှားပေးပါတယ်။ မစ်ဒယ်လ်တန်မိသား လည်း ကျေးဇူးတင်လွှာ လက်ခံကြတယ်။ နှစ်ပတ်ကြာရင်တော့ ကိတ်ကပြန်ရမယ်။ သူတို့ သူငယ်ချင်း နီကို မင်္ဂလာပွဲကို ဝီလျံနဲ့အတူ လက်တွဲပြီး တက်ရမှာပါ။ သတင်းစာထဲပါတဲ့ ကိစ္စလည်း ချားလ်စ်ပြောခဲ့သလိုပဲ၊ နောက် ပြီးသွားတာပါပဲ။ ဒါပေမဲ့ ကိတ်နဲ့ဝီလျံ မင်္ဂလာပွဲကိစ္စကတော့ အားလုံး ရေခဲနေဆဲပါ။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဝီလျံက တော်ဝင်လေတပ်မတော်မှာ ၁၈ လ သင်တန်းတက်ဖို့ လက်မှတ်ထိုးထားတယ်။ မင်္ဂလာဆောင်အတွက် တွေးဖို့တောင် အချိန်မရှိပါဘူး။ အဲဒီနှစ် အားလပ်ရက်များမှာတော့ ပြင်သစ်နိုင်ငံ၊ အဲလ်ပ်တောင်တန်းမှာ ကိတ်ရော၊ ကိတ်မိဘများပါ အတူစကိတ်စီးရင်း ကုန်ဆုံးခဲ့တယ်။ နှစ်သစ်မှာလည်း ဖခင်ဖြစ်သူရဲ့ စကော့တလန်အိမ်တော် ဘာ့စ်ဟောလ်ကို ကိတ်နဲ့အတူသွားဖို့ ရှိနေတယ်။ ဒီအကြိမ်ဟာ သူတို့နှစ်ယောက်ကို ပထမဆုံးအကြိမ်အဖြစ် ချားလ်စ်နဲ့ ကမီလာက သူတို့စံအိမ်ကို ဖိတ်တာပါ။ ဒီလိုဖိတ်ခံရတဲ့အတွက် ကိတ်က ချားလ်စ်တို့အိမ်မှာ နေရတာကို ကိုယ့်အိမ်မှာ နေရသလိုပဲ ခံစားခဲ့ရတယ်။ အဲဒီမှာ ကမီလာက သူ့အနေနဲ့ လေးလံတဲ့ ခန်းဆီးဟောင်းကြီးတွေကို အလွန်မုန်းပေမယ့် ဘုရင်မကြီးရဲ့အကြိုက်မို့ ချားလ်စ်က လဲဖို့ငြင်းတဲ့အကြောင်း ပြောတဲ့အခါ ကိတ်ဟာ မျက်ရည်ထွက်တဲ့အထိ ရယ်ခဲ့တယ်လို့ ဝန်ထမ်းတစ်ယောက်က ပြောပါတယ်။

ချားလ်စ်နဲ့ဝီလျံတို့ သေနတ်ပစ်ထွက်တဲ့အခါ ကိတ်က အတူလိုက်တယ်။ ညဘက်ရောက်တော့ လေးယောက် အတူ ညစာစားကြတယ်။ ဒီကိစ္စဟာ ဝီလျံအနေနဲ့ ကိတ်ကို အလေးအနက်ထားကြောင်း ပြခဲ့တာပဲ ဖြစ်ပါတယ်။ ခုအချိန်မှာတော့ ဝီလျံရဲ့ဦးတည်ချက်ဟာ သင်တန်းကိစ္စပါပဲ။ သူက အင်ဂျင်တစ်လုံးတည်းနဲ့ ပျံသန်းရတဲ့ လေယာဉ်ပျံခြင်းကို အောင်မြင်ခဲ့ပြီး အခုအခါ အင်ဂျင်နှစ်လုံးတပ်လေယာဉ်တွေကို မောင်းနိုင်ဖို့ လေ့ကျင့်နေတယ်။ ဟယ်လီကော်ပတာ လေယာဉ်မှူးဖြစ်ဖို့ လုပ်နေတာပါ။

ဝီလျံဟာ ရှောဘူရီမှာရှိတဲ့ တော်ဝင်လေတပ်မှာပဲ အခြေချနေရပြီး စနေ၊ တနင်္ဂနွေ ပိတ်ရက်အများစုမှာ ကိတ်နဲ့ တွေ့ခွင့်ရခဲ့တယ်။ ဒီလိုအချိန်မှာ ကိတ်က အနေရအထိုင်ရ ခက်နေတယ်။ သူ့အချိန်တွေကို လန်ဒန်ကအခန်းနဲ့ ဘာ့စ် ရှိုင်းယားက မိဘတွေဆီ တစ်လှည့်စီနေရတယ်။ ဝီလျံကလည်း သူ့ကို သိုသိုသိပ်သိပ်နေဖို့ ပြောထားတယ်။ သူတို့ "ဆောင်ကျီး"ကလပ်က ထွက်ခဲ့ပြီးကတည်းကပါ။ ဒီတော့ ကိတ်ကလည်း ခုတစ်လော အပြင် သိပ်မထွက်ပါဘူး။ တက္ကသိုလ်တုန်းက သူငယ်ချင်းတွေနဲ့လည်း အဆက်အသွယ် ပြတ်နေတယ်။ သူငယ်ချင်းအများစုက လက်ထပ်ကုန်ကြပြီ။ ကိတ်နဲ့ဝီလျံက သူများမင်္ဂလာပွဲတွေကိုတောင် မတက်နိုင်ကြဘူး။ ဝီလျံက မင်္ဂလာပွဲကို သူတို့မသိတဲ့လူတွေ အများကြီး လာကြမှာလို့ ပြောတယ်။ ကိတ်ကတော့ သူငယ်ချင်းတွေက မင်းတို့ကော ဘယ်တော့လက်ထပ်မှာလဲလို့ အမေးခံရမှာကို ကြောက်နေတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အဲဒီနွေမှာတော့ ကိတ် စိတ်ဓာတ်တက်လာမယ်။ "ဟားရှောခ်" ဖက်ရှင်ဆိုင်မှာ အလုပ်နေရာ အလွတ်ရှိကြောင်း အဆက်အသွယ်ရခဲ့တယ်။ ကိတ်က ဖက်ရှင်အလုပ်ကို အမြဲကြိုက်ခဲ့သူပဲ။ ဒီတော့ အခုရမယ့် အခွင့်အရေးကို စိတ်ဝင်စားတယ်။ ကိတ်က ဒီဆိုင်မှာ ဝယ်နေကျ ဖောက်သည်ဖြစ်လို့၊ ဥက္ကဋ္ဌက ကိတ်ကို အလုပ်ပေးဖို့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးရကြောင်း သိရတယ်။ ဒါပေမဲ့ ဒီစတိုးပိုင်ရှင်က တခြားမဟုတ်ပါဘူး။ မိုဟာမက်အယ်လ်ဖေးယဒ်ပါ။ သူက ဒီစတိုးဆိုင် အောက်ဆုံးထပ်မှာ သူ့သားဒိုးဒီနဲ့ ဒိုင်ယာနာအတွက် နေရာဖန်တီးပေးခဲ့သူပဲ။ ဒါနဲ့ပဲ ကိတ်ဟာ ဒီကိစ္စ ဒုက္ခဖြစ်နိုင်တယ်ဆိုပြီး မလုပ်ဖြစ်တော့ပါဘူး။

နောက်တော့ သူ့မိဘပိုင်ကုမ္ပဏီ Party Pieces မှာပဲ အတတ်နိုင်ဆုံး အလုပ်ကြိုးစားလုပ်ပြီး စတားလိုက် ကလေးများ ရန်ပုံငွေအတွက် ငွေစုခဲ့တယ်။ ၂၀၀၉၊ စက်တင်ဘာမှာတော့ အဖွဲ့ရဲ့ညစာစားပွဲကို ညှိနှိုင်းပွဲကျင်းပသူအဖြစ် ဆောင်ရွက်နိုင်ခဲ့တယ်။ ဒီပွဲကို ဝီလျံ လာတက်ပါတယ်။ ဒီပွဲဟာ သူတို့နှစ်ယောက်အတူ တွဲတက်ရတဲ့ အကောင်းဆုံးပွဲပါပဲ။ ကိတ်က သူ့အဆင့်နဲ့ ကိုယ်ပိုင်ဂုဏ်နဲ့ ကျင်းပတဲ့ပွဲမို့ပါ။ ဒါပေမဲ့ သူနဲ့ဝီလျံကို ဓာတ်ပုံတွဲရိုက်ခွင့်တော့ မပေးခဲ့ဘူး။

အဖွဲ့ရဲ့ဓာတ်ပုံဆရာ ဒိုမိနီအိုနီးက ခုလိုပြောပါတယ်။

"မင်းသားများရုံးမှ စာတစ်စောင် ကျွန်တော် ရခဲ့တယ်။ အကယ်၍ အဲဒီညစာစားပွဲမှာ ကျွန်တော်ရှိနေရင် ကိတ်တက်မှာ မဟုတ်ဘူးတဲ့။ သူ့ကို ရိုလာစကိတ်စီးပွဲမှာ ဓာတ်ပုံရိုက်ခဲ့ဖူးတယ်။ ဓာတ်ပုံက မျက်နှာဖုံးမှာပါလာလို့ သူ စိတ်ပျက်သွားတယ်။ ကျွန်တော်က သူ့ကိုရော၊ ဝီလျံနဲ့ဟယ်ရီတို့ကိုရော လူမှုရေးပွဲလမ်းတွေ အများကြီး ဓာတ်ပုံ ရိုက်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အခု ပြောင်းလဲသွားပြီလေ။ မနှစ်ကစပြီး တင်းကျပ်ခဲ့တယ်။ ဒါဟာ သူတို့လက်ထပ်ပွဲ အတွက် ပြင်ဆင်တာများလားလို့ ကျွန်တော်ထင်ခဲ့တယ်။ ပြဿနာက သူတို့နဲ့ပတ်သက်ပြီး လူထုအမြင်မှာ မကောင်းတဲ့ အထင်အမြင် မဖြစ်စေချင်တာဘဲ ဖြစ်မယ်ထင်တယ်။ ကိတ်က အရင်က ဆောင်ကျီကလပ်ကနေ ထွက်လာရင် ပြုံးပဲ ပြတယ်။ ဒါထက် ပိုမလုပ်ဘူး။ ဝီလျံနဲ့ဟယ်ရီလည်း အတော် ကြီးပြင်းလာကြပြီ။ နိုက်ကလပ်ထဲက ထွက်လာတာ မမြင်ရတော့ဘူး"

ဒါဟာ ဝီလျံနဲ့ဟယ်ရီက ကင်မရာတွေကို တားဆီးလို့ချည်း မဟုတ်ပါဘူး။ ပထမဆုံးအကြိမ်အဖြစ် ဘုရင်မ ကြီးက ပါပါရာဇီတွေကို ဂရုစိုက်လာခဲ့တာ ဖြစ်တယ်။ ခရစ္စမတ်မတိုင်ခင်မှာ သတင်းစာပဋိပက္ခ ညှိနှိုင်းရေးကော်မရှင်နဲ့ တွေ့ခဲ့တယ်။ ပုဂ္ဂလိက လွတ်လပ်ခွင့်ရှေ့နေနဲ့ တွေ့တယ်။ အဲဒီပုဂ္ဂိုလ်တွေနဲ့ ဆွေးနွေးပြီး မိမိရဲ့မိသားစုနဲ့တကွ မိတ်ဆွေတွေကို အကာအကွယ်ရယူဖို့ ပြောခဲ့တယ်။ နှစ်စဉ်နှစ်တိုင်း ပါပါရာဇီတွေဟာ ဆင်ဒရင်ဟမ်နန်းတော်ကို လျှပ်ခတ်အောင်လုပ်ခဲ့ တယ်။ ဒါကို အခုနှစ်မှာ ရပ်စေချင်တယ်။ ဘုရင်မကြီးရဲ့စကားကို ဝီလျံ၊ ဟယ်ရီနဲ့ချားလ်စ်တို့က ထောက်ခံကြတယ်။ အကယ်၍ သတင်းစာတွေက မိသားစုရဲ့ သီးသန့်ကိစ္စတွေကို သတင်းစာတွေက ဖော်ပြရင် အရေးယူဖို့ ဖြစ်ပါတယ်။ "သူတို့အနေနဲ့ နေ့စဉ်ကိုယ်ပိုင်လှုပ်ရှားမှုကိစ္စတွေ လုပ်တဲ့အခါ သီးခြားလွတ်လပ်လုံခြုံတဲ့ အခွင့်အရေးရှိတယ်လို့ တော်ဝင် မိသားစုဝင်များက ခံစားကြတယ်"လို့ ပယ်ဒီဟာဗင်ဆင်က ဆိုပါတယ်။ လူထုအနေနဲ့ သူတို့ ဘာလုပ်မယ်ဆိုတာ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားကြတာကို သူတို့နားလည်ကြောင်း၊ ဒါပေမဲ့ ပုဂ္ဂလိကလှုပ်ရှားမှုတွေကို ဓာတ်ပုံရိုက်တဲ့အထိတော့ မချဲ့ထွင်သင့်ကြောင်းလည်း ပြောပါတယ်။

အခုလို ဘုရင်မကြီးက ပြောလိုက်တဲ့အတွက် ခရစ္စမတ်ရောက်တဲ့အခါ သူတို့ကျင်းပတဲ့ ရိုးရာဘောက်ဆင်ပွဲကို ဓာတ်ပုံဆရာတွေ ရောက်မလာကြတော့ပါဘူး။ ဒါပေမဲ့ ခရစ္စမတ် အားရက်အစီအစဉ်ကိုတော့ စိတ်ဝင်စားမှု ကြီးမားနေသေးတယ်။ ခရစ္စမတ်နေ့ ကိတ်မိသားစု အားလပ်ရက်မှာ တင်းနစ်ကစားတဲ့ပုံကို ရိုက်ကြတယ်။ ဗြိတိသျှသတင်းစာတွေက မထည့်ရဲကြဘူး။ ဂျာမန်သတင်းစာတစ်စောင်ကတော့ ထည့်လိုက်တယ်။ ဒီအခါ ကိတ်က ဘုရင်မကြီးရဲ့ ဝတ်လုံ ဟာဘိုတယ်နဲ့ လူးဝစ္စကို သူ့ကိုယ်စား အရေးယူပေးဖို့ ညွှန်ကြားခဲ့တယ်။ မတ်လရောက်တော့ 'လွတ်လပ်လုံခြုံမှု သီးသန့်ရှိရေး'ကို ကျူးကျော်မှုနဲ့ ပေါင် ၁၀,၀၀၀ လျော်ကြေးရတယ်လို့ သိရပါတယ်။ ဒါဟာ ကိတ်နဲ့ တော်ဝင်မိသားစုရဲ့ အောင်ပွဲဖြစ်သလို၊ ကမ္ဘာ့မီဒီယာလောကကို သတိပေးလိုက်ခြင်းလည်း ဖြစ်ပါတယ်။

■

ရိုန်းချ်ရိုဗာကားကြီးက ကလဲရင်းစ်ဟောက်စ်ဂိတ်ကနေ အရှိန်နဲ့မောင်းထွက်လိုက်တဲ့အခါ ချယ်လ်ဆီးဒေဗီက နောက်ခုံမှာ စောင်ခြုံပြီးပုန်းလိုက်တယ်။ ဒါပေမဲ့ အပြင်မှာ ဓာတ်ပုံဆရာတွေ မရှိပါဘူး။ အခု ညဥ့်နက်ပွဲတွေ့ဆုံမှုကို အကျအန စီစဉ်ခဲ့တာဖြစ်တယ်။ နန်းတော်ထဲမှာ ဟယ်ရီက ညစာနဲ့၊ ဝိုင်တစ်ပုလင်းနဲ့ စောင့်နေခဲ့တာပါ။ အချိန်က ဩဂုတ်လအစောပိုင်း။ ချယ်လ်ဆီးက ပေါ်တူဂီကို အားလပ်ရက်သွားပြီး ပြန်လာလို့ နားနေတဲ့အချိန်။ သူ့ ဖေ့စ်ဘုတ်ထဲက ပုံတွေကိုကြည့်ရင်၊ ဒီနှစ်ပတ်ဟာ အတော် ပျော်ခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။

အထူးသဖြင့် ရေကူးကန်နားမှာ နိုက်ကလပ်ပိုင်ရှင် ဒိုမီနီရိုဲ့စ်နဲ့အတူ ထိုင်နေတဲ့ဓာတ်ပုံက ဟယ်ရီရဲ့စိတ်ကို 'ခိုက်'သွားစေခဲ့တယ်။ လန်ဒန်ပြန်ရောက်တဲ့အခါ ဟယ်ရီဆီက အီးမေးလ်တွေ၊ စာတွေ ရောက်လာတယ်။ အမှန်တော့ ချစ်သူများနေ့ကတည်းက သူတို့ ပြန်ပြီးဆက်ခဲ့ကြတာပါ။ ဒါပေမဲ့ အတူပြန်တွဲကြပြီလို့ သတင်းမကြားရဘူး။ ချယ်လ်ဆီးက ကွဲကွာခဲ့တဲ့ရက်တွေမှာ ကြေကွဲခဲ့ရပေမယ့် ခွဲနေဖို့လည်းလိုတယ်ဆိုတာ သူသိကြောင်း ပြောတယ်လို့ သူငယ်ချင်းတစ်ဦးက ဆိုတယ်။ ပထမတော့ ဟယ်ရီရဲ့ချစ်သူ ဖြစ်ရတာကို သဘောကျတယ်။ နောက်တော့ စိတ်ညစ်လာ ရတယ်။ သူက သီးခြားနေတတ်သူဖြစ်တယ်။ ကင်မရာတွေ တစ်ချိန်လုံး သူ့နောက်လိုက်နေတာကို မုန်းတယ်။ ဟယ်ရီက ပြန်တွဲရအောင်လို့ အကြိမ်ပေါင်းများစွာ တောင်းပန်ခဲ့တယ်။ ချယ်လ်ဆီးကို ကွဲရတာဟာ သူ့ဘဝမှာ အကောင်းဆုံးအရာကို ဆုံးရှုံးရခြင်းပဲလို့ ပြောတယ်။ ဒါပေမဲ့ ချယ်လ်ဆီး တင်းနေခဲ့တယ်။ အခုတော့ အဓိပ္ပာယ်မရှိတဲ့ ပျံသန်းမှုတွေနဲ့ပဲ ကုန်ဆုံးခဲ့ရတဲ့ နွေရာသီ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ တစ်ယောက်ကိုတစ်ယောက် လွမ်းတယ်ဆိုတာ သဘောပေါက်ခဲ့ကြတယ်။ လပေါင်းများစွာအတွင်း ဒီတစ်ညပဲ ဒီမှာနေခဲ့တာပါ။

ဟယ်ရီရဲ့ ၂၅ နှစ်မြောက် မွေးနေ့မှာ သူတို့ပြန်တွဲဖြစ်တယ်။ ကင်းရဒ်က ရပ်ဖဲလ်နီကိုကလပ်မှာ ဒင်နာလုပ်တာပါ။ ချယ်လ်ဆီးက ဒင်နာအတွက် ချက်ပြုတ်ပြီး ကလပ်ထဲကို လူမမြင်အောင် ဝင်ခဲ့ကြတယ်။ ကျွဲရိုင်းအနီရောင် ဖော်ကာသောက်ပြီး တွဲကခဲ့ပြီးမှ တခြားစီ ခွဲထွက်ခဲ့ကြတယ်။ အောက်တိုဘာမှာတော့ လျှို့ဝှက်ချက် ပွင့်သွားခဲ့တယ်။ ဟယ်ရီနဲ့ချယ်လ်ဆီးတို့ လန်ဒန်အနောက်ပိုင်းရှိ ဘိချ်ဘက်ကယ်ဘေဘီလွန် စားသောက်ဆိုင်မှာ ဓာတ်ပုံရိုက်ခံခဲ့ရတယ်။ ဟယ်ရီက ဟယ်လီကော်ပတာသင်တန်း နောက်ဆုံးအပိုင်းအောင်ခဲ့ပြီ။ အခုအောင်ပွဲခံတဲ့အနေနဲ့ ဒီဆိုင်က သီးသန့်အခန်းမှာ မာတနီ၊ ဖော်ကာ၊ ရှန်ပိန်၊ သစ်သီးတွေစားရင်း သူတို့အနာဂတ်ကို ဆွေးနွေးခဲ့ကြတယ်။ ချယ်လ်ဆီးက သူ့ရဲ့ဝတ်လုံအလုပ်အတွက် သင်တန်းကိုရွှေ့ဆိုင်းဖို့ ဆုံးဖြတ်တယ်။ ဒီတော့မှ သူ တစ်နှစ်အနားရမယ်။ ဒါမှ သူတို့ ပြန်ပြီးနီးစပ်အောင်ပါ။ ဟယ်ရီက ကွယ်လွန်သူမိခင်ထံမှ အမွေ ၆ဒသမ၅ သန်း (ပေါင်) ရခဲ့ပြီ။ အသက် ၂၅ နှစ်ပြည့်လို့ပါ။ ဒီအခါ ဟယ်ရီက သူငယ်ချင်းတစ်စုကို ကျွေးမွေးတယ်။ နာတာလီပင်ခန် အပါအဝင်ပါ။ ဒါကို ချယ်လ်ဆီးက မကန့်ကွက်ဘူး။ သူက အခုဟယ်ရီပေးခဲ့တဲ့ တိုပက်စ်လက်စွပ်ကို ပြန်ဝတ်နေပြီ။ ဒီတစ်ကြိမ်တော့ ကောင်းကောင်းနေကြမယ်လို့ သိထားလို့ပါပဲ။

■

၂၀၀၉ ခု၊ နွေမှာ တော်ဝင်မိသားစုရဲ့ နှစ်နှစ်တစ်ကြိမ် ကျင်းပတဲ့အစည်းအဝေးကို ဘော်မိုရဲလ်မှာ ပြုလုပ်ပါတယ်။ ဒီအစည်းအဝေးကို ၁၉၉၄ကစပြီး လော့ဒ်ချိန်ဘာလိန်က စတင်ခဲ့တာပါ။ ဒီအတွင်း အစည်းအဝေးမှာ ဘုရင်မကြီး ဖီးလစ်၊ ချားလ်စ်နဲ့ ပုဂ္ဂလိကအတွင်းရေးမှူးများ ပါဝင်ရပါတယ်။ ဒါပေမယ့် ဖီးလစ်ရဲ့ပြောကြားချက်နဲ့ မင်းသမီးအန်း မင်းသားအင်ဒရူးတို့လည်း တက်ခွင့်ရတယ်။ မင်္ဂလာပွဲကိစ္စများ၊ လူထုထံသွားရောက်ဖို့ကိစ္စများဟာ အစည်းအဝေး အစီအစဉ်မှာ ပုံမှန်ပါနေကျဖြစ်တယ်။

ဘုရင်မကြီးနဲ့ ဖီးလစ်မင်းသားကြီးတို့က မိသားစုအရေး၊ လူငယ်မျိုးဆက်အရေး အနာဂတ်ကို အာရုံစိုက်လေ့ရှိကြတယ်။ ဖိလစ်က ထုံးတမ်းစဉ်လာအတိုင်း ကော်မတီဥက္ကဋ္ဌ လုပ်ပါတယ်။ အစည်းအဝေးမှာ အမြဲပဲ နှစ်ပိုင်းပါတယ်။ အဆောတလျင်လုပ်ရမယ့်ကိစ္စနဲ့ ရေရှည်လုပ်ရမယ့်ကိစ္စပါ။ ချားလ်စ်က အတတ်နိုင်ဆုံး မဆွေးနွေးဘဲ နေတတ်တယ်လို့ ဆိုပါတယ်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဝီလျံက ဒီအစည်းအဝေးကို တက်ခဲ့ရတာ ကြာပါပြီ။ အခုတော့ ဟယ်ရီလည်း တက်ခွင့်ရပြီ။ ဟယ်ရီက "အရန်လူ"ပါ။ ဒါပေမဲ့ ဝီလျံက သူ့ညီကို သူ ဘယ်လောက်အားထားတယ်ဆိုတာ ပေါ်လွင်အောင် လုပ်တတ်တယ်။ ဘုရင်မကြီးကလည်း ဝင်ဆာအိမ်တော်ရဲ့ အနာဂတ်မှာ ဟယ်ရီဟာ အရေးပါကြောင်း အသိအမှတ်ပြုပါတယ်။ ဒီတစ်ပတ် အစည်းအဝေးမှာတော့ မကြာမီသွားရမယ့် ပင်လယ်ရပ်ခြား တွေ့ဆုံပွဲတွေအတွက် ဆွေးနွေးဖို့ဖြစ်တယ်။ နိုင်ငံခြားရေးရုံးက မှတ်သားထားတဲ့ ခရီးစဉ်တွေက နယူးဇီလန်၊ ဩစတြေးလျ၊ ဘာမူဒါနဲ့ ကနေဒါတို့ဖြစ်ပြီး အတော်ကြာပါလိမ့်မယ်။ ဘုရင်မကြီးက ၈၃ နှစ်ရှိပြီ။ မနှစ်ကပဲ ပင်လယ်ရပ်ခြားခရီး နှစ်ခုအပါအဝင် တရားဝင်ကိစ္စ ၄၀၀ လုပ်ခဲ့တယ်။ မင်းသားကြီးက ၈၈ နှစ်ဖြစ်ပြီး သိပ်မတောင့်တင်းတော့ဘူး။ ၂၀၀၈ ကပဲ ရင်ဘတ်မကောင်းလို့ ဆေးရုံနှစ်ပတ်တက်ခဲ့ရတယ်။ အရှေ့အလယ်ပိုင်းကို ဖေဖော်ဝါရီမှာ သွားဖို့ကိစ္စကိုလည်း ဘုရင်မကြီးက ဖျက်ခဲ့ရတယ်။ သူ့မှာ တာဝန်တွေ ပိနေတယ်။

၂၀၀၉၊ နိုဝင်ဘာလမှာ ကနေဒါသွားဖို့အတွက်ကိုတော့ ချားလ်စ်နဲ့ကမီလာသွားဖို့ သဘောတူခဲ့ပြီးပြီ။ ဒီလို ချားလ်စ်မရှိတဲ့အခါ အောက်မေ့ဖွယ် တနင်္ဂနွေနေ့မှာ ဖခင်ကိုယ်စား ဟယ်ရီကပန်းခွေချရမယ်။ ဒါဟာ အထူးသင့်တော်ပါတယ်။ ဟယ်ရီက တစ်နှစ်နီးပါး ရှေ့တန်းမှာ တာဝန်ထမ်းခဲ့လို့ပါပဲ။

နိုဝင်ဘာလအကုန်မှာတော့ ဘာမူဒါမှာကျင်းပမယ့် ဒီကျွန်းရဲ့ အခြေကျမှု နှစ် ၄၀၀ ပြည့် အခမ်းအနားကို ဘုရင်မကြီးနဲ့ဖီးလစ်တို့သွားဖို့ ဘုရင်မကြီးက ဆုံးဖြတ်ထားတယ်။ နှစ်ဆန်းမှာသွားရမယ့် နယူးဇီလန်နဲ့ဩစတြေးလျ ခရီးအတွက် မဆုံးဖြတ်ရသေးဘူး။ ဒီအခါ ဒီခရီးကို ဝီလျံသွားသင့်ကြောင်း အကြံပြုဖို့ အခွင့်သာသွားတယ်။ နိုင်ငံခြားရေးရုံးက အပြည့်အဝထောက်ခံတယ်။ ဝီလျံ သဘောထားကရော။ သူ ၂၀၀၅ ခုနှစ်၊ အင်ဒရူးက ပြီးတဲ့အခါ အဲဒီကိုသွားခဲ့ဖူးတယ်။ အခု ပြန်သွားဖို့ စိတ်ဝင်စားပါတယ်။ တော်ဝင်လေတပ်မတော်ရဲ့ အမှုထမ်းဖို့ ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားကြတယ်။ သူ ရှောဘူရီကဆင်းပြီး ဝေလနယ်ကို မသွားခင် ကြားကာလရှိတယ်။ သွားလို့ဖြစ်မယ်။

အောက်တိုဘာမှာ အစီအစဉ် နေရာတကျလုပ်ပြီးပါပြီ။ ကလဲရင့်စ်ဟောက်စ်က ဒီခရီးစဉ်ကို လျှို့ဝှက်ထားဖို့ သတိထားပါတယ်။ ဘုရင်မကြီးကိုယ်စား မင်းသားဝီလျံကို လွှတ်ရတဲ့ကိစ္စမို့ အထူးဂရုစိုက်ရပါလိမ့်မယ်။ အစီအစဉ်တွေက အတော်ရှုပ်ထွေးနေတယ်။ မင်းသားကြီး ဖီးလစ်က ၈၀ ပြည့်မွေးနေ့ပြီးကတည်းက လူထုလုပ်ငန်းတွေ ရပ်ထားတယ်။ ဘုရင်မကြီးကော ဒီလိုပဲလုပ်မလား၊ စဉ်းစားစရာပါ။ သူ့ကိုယ်စားလွှတ်ဖို့ကိစ္စမှာ သူ့သားသမီးတွေရှိရက်နဲ့ ဝီလျံကို လွှတ်တာဟာ အလွန်ထူးခြားနေတယ်။ ဒါဟာ ဝီလျံကို လုပ်ငန်းတစ်ခုလုံးလွှဲဖို့ စတင်ခြင်းလား။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



မေးလ်အွန်ဆန်းဒေးက ဒီခရီးကိစ္စ ဖွင့်ရေးတဲ့အခါ ကလဲရင့်စ်ဟောက်စ်က ဝေဖန်ဖို့မလုပ်ပါဘူး။ ဒါဟာ ထိရှလွန်းရာကျလို့ပါ။ ဝီလျံကတော့ ဇူလိုင်ကတည်းက ဩစတြေးလျခရီးသွား တိုးရစ်ကို ပြောလိုက်ပြီးပြီ။ မဲဘုန်းက လာတဲ့ ၁၅ နှစ်အရွယ် ကမီလာဒိုးလ်ကို ငါလည်း အဲဒီလို မကြာခင်လာမယ်လို့ ပြောလိုက်တာပါ။

နန်းတော်က ဒီနိုင်ငံတော်ခရီးကို အတည်ပြုလိုက်တဲ့အခါ ဝီလျံကို ဘယ်လိုကြိုမလဲဆိုတာ နယူးဇီလန်ကရော၊ ဩစတြေးလျကပါ အတော် မဝေခွဲနိုင်ဖြစ်သွားကြတယ်။ လူထုဆန္ဒ ကောက်ယူကြရာမှာ နယူးဇီလန်သား ၄၀ရာခိုင်နှုန်းနဲ့ ဩစတြေးလျသား ၆၀ရာခိုင်နှုန်းတို့က ရီပတ်ဗလီကန်စနစ်ကို ကြိုက်ကြကြောင်း သိရပါတယ်။ ဒါ့အပြင် ဒေသအတွင်း သတင်းများ အရ ဝီလျံရဲ့လုံခြုံရေးအတွက် ပေါင် ၈၈,၀၀၀ အကုန်ခံရတယ်လို့လည်း ဆိုကြတယ်။ ဝီလျံရဲ့ ရပ်တည်ချက်ဟာ စစ်ဆေးခြင်းတစ်မျိုးပါပဲ။ ချားလ်စ်နဲ့ကမီလာတို့ ကနေဒါသွားတဲ့အခါ လက်ခံမှုက လုံး၀ နွေးထွေးမှုမရခဲ့ဘူး။ ကမီလာက ယုန်မွေးအစစ်အင်္ကျီရှည်ကြီး ဝတ်ထားတဲ့အတွက် ဝေဖန်ခံခဲ့ရတယ်။ အဲဒီနိုင်ငံရှိ ရှေးအကျဆုံး အင်္ဂလိပ်အခြေချစခန်းကို သွားတဲ့အခါမှာဆိုရင် လူ ၅၀ ပဲ ကြိုကြတာကို တွေ့ခဲ့ရတယ်။ တုပ်ကွေး ဖြစ်နေကြလို့ပါဆိုပေမယ့် ကနေဒါက လူများက ကမီလာကို အနာဂတ်မိဖုရားအဖြစ် ထွေးပိုက်ချင်စိတ် မရှိသေးတာလို့ ဆိုနိုင်ပါတယ်။

အခုလို ကနေဒါမှာဖြစ်ခဲ့တော့ နယူးဇီလန်နဲ့ ဩစတြေးလျခရီးမှာလည်း ဧကရာဇ်စနစ်ကို မလိုမလား ဖြစ်နိုင်ခြေရှိတယ်လို့ ဘုရင်မကြီးက စဉ်းစားတယ်။ ဘုရင်မကြီးကိုယ်စား ဝီလျံကို လွှတ်သင့်မသင့် စဉ်းစားပါတယ်။ လူထု စင်မြင့်ပေါ် ဝီလျံကို လွှတ်ရတဲ့ကိစ္စဟာ မမြင်နိုင်တဲ့မြင်ကွင်းထဲ အစီကခြေလှမ်းလည်း ဖြစ်နေတယ်။ ဘုရင်မကြီးအနေနဲ့ လူထုလုပ်ငန်းတွေဆီ ကိုယ်တိုင် မသွားနိုင်တော့တဲ့အချိန်မှာ ကိုယ်စားလွှတ်ဖို့အတွက်က ချားလ်စ်နဲ့ဝီလျံကိုပဲ သူက သုံးချင်တယ်လို့ သိရတယ်။ အခုလို ကိုယ်စားလွှတ်ဖို့ ဝီလျံကိုရွေးပြီးသား ဖြစ်နေတာရယ်၊ ဟယ်ရီနဲ့ တခြားလူတွေက ၂၀၁၂ မှာ လုပ်ရမယ့် ဘုရင်မကြီးရဲ့ စိန်ရတုအခမ်းအနားမှာ ပါဝင်ကြဖို့ ရှိတာရယ်ကြောင့် ဒီခရီးအတွက် ဒီအတိုင်းပဲ ထားလိုက်ရတယ်။ ဘုရင်မကြီးကတော့ စိန်ရတုနဲ့ပတ်သက်ပြီး ဝန်ထုပ်ဝန်ပိုးမများကြနဲ့လို့ အတိုချုပ်ပြောကြောင်း သိရပါတယ်။

ဒီဇင်ဘာလရောက်တဲ့အခါ ဝီလျံနဲ့ဟယ်ရီကို ဘုရင်မကြီးကိုယ်စား လူထုလုပ်ငန်းတွေဆီ လွှတ်မယ်ဆိုတဲ့ လျှို့ဝှက်သတင်း၊ မေးလ်အွန်ဆန်းဒေးက ရေးတယ်။ နောက်နှစ်ကစပြီး ဝီလျံမင်းသားဟာ ရုံးလုပ်ငန်းအလုပ်တွေမှာ အချိန်အများကြီး သုံးရလိမ့်မယ် မျှော်လင့်ရကြောင်း ရေးတယ်။ နောက်တစ်ပိုဒ်မှာလည်း ဝီလျံနဲ့ဟယ်ရီတို့ဟာ ဘုရင်မကြီး ကိုယ်စား တာဝန်ယူမှု တိုးပွားလာလိမ့်မယ်လို့ ရေးပါတယ်။ ဒီအထောက်အထားတွေကို သတင်းလွှတ်လပ်မှု ဥပဒေအရ ချားလ်စ်နဲ့ဝီလျံတို့ရဲ့ ကိုယ်ပိုင်ရုံးခန်းများက ရရှိတာဖြစ်တယ်။ အရေးကြီးတဲ့အပိုင်းတွေကိုတော့ ထုတ်မရေးပါဘူး မှောင်ချထားပါသေးတယ်။ ဒါပေမဲ့ မေးလ်အွန်ဆန်းဒေးကတော့ သတင်းတွေကို မဖြတ်မတောက်ဘဲ ရခဲ့တယ်ပါ။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် ဘတ်ကင်ဟမ်နန်းတော်မှာ အာဏာလွှဲပြောင်းမှု စနေပြီလို့ ပထမဆုံးမြင်သာနေခဲ့ပါပြီ။ ဝီလျံကိုလည်း "နောက်ကွယ်မှဘုရင်"လို့ မှတ်ယူနေကြပါပြီ။ တချို့ကဆိုရင် ဘုရင်မကြီး ကွယ်လွန်တဲ့အခါ သရဖူဟာ မျိုးဆက်တစ်ခုကိုကျော်ပြီး ဝီလျံကိုပဲ တိုက်ရိုက်ပေးလိမ့်မယ်လို့ ဝေဖန်နေကြတယ်။ ဒါပေမဲ့ ဒီကိစ္စကို နန်းတော်ကငြင်းပါတယ်။ ဘုရင်မကြီးက တာဝန်တွေ လျှော့ဖို့မရှိဘူး၊ ဝီလျံကို သူ့နေရာပေးဖို့ အစီအစဉ်မရှိဘူးလို့ ပြောပါတယ်။ ဝီလျံရဲ့သတင်းအရာရှိကလည်း ဝီလျံမင်းသားဟာ နောက်ကွယ်က ဘုရင်မဟုတ်ကြောင်း၊ မကြာခင်နှစ်တွေမှာ စစ်ကိုပဲ အာရုံပြုမှာဖြစ်ကြောင်း၊ ကရုဏာလုပ်ငန်းတွေကို ဦးဆောင်ရာမှာ နည်းနည်းပဲ တိုးမြှင့်မှာဖြစ်ကြောင်း ရှင်းပြတယ်။ ဆောင်းပါးကတော့ "မီးမရှိဘဲ မီးခိုးမထွက်ဘူး"လို့ပဲ ဝီလျံနဲ့ဟယ်ရီတို့ ဘုရင်မကြီးကိုယ်စား တာဝန်ယူရမယ့်ကိစ္စဟာ အဖြူအမည်း ကွဲပြားထင်ရှားနေပါပြီ။

ဝီလျံလည်းပဲ သူ့ဟာသူ စိတ်ပူနေခဲ့ပါတယ်။ အရင်ကဆိုရင် သူဟာ တော်ဝင်ဘုရင်တို့ရဲ့ တာဝန်ယူရတဲ့ဘဝကို အဆောတလျင် မလိုချင်ဘူးလို့ ရှင်းရှင်းပြောခဲ့တာပဲ။ "ကျွန်တော် ဒါကိုလုပ်ဖို့၊ အတွန်းခံရဖို့ ရှိတယ်။ ဒါပေမဲ့ ကျွန်တော် ခေါင်းမာချင်ရင် မာလို့ရတာပဲလို့ အင်ဒရူးတက္ကသိုလ် နောက်ဆုံးနှစ်မှာ ပြောခဲ့ဖူးတယ်။ ကျွန်တော်က သေသေချာချာ မစဉ်းစားဘဲ တစ်ခုခုကို အပြေးအလွှား မလုပ်ချင်တဲ့လူပါ။ ကျွန်တော် ဘယ်တော့မှမလုပ်ချင်ဘူးလို့ မပြောပါဘူး။ ကျွန်တော် ဝန်လေးနေတာပါ။ ကျွန်တော် အခု ငယ်ပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အလွန်နက်နဲတဲ့ အဆုံးတစ်ခုစီ ကျွန်တော့်ကိုယ်ကျွန်တော် မပစ်ချနိုင်သေးဘူး"

သူဟာ ခြောက်နှစ်လောက် စဉ်းစားဝေဖန်ခဲ့ဟန် တူပါတယ်။ ဒါပေမဲ့ အခုလည်း ဒီအတိုင်းပါပဲ။ သူ့အနေနဲ့ ဖခင်ကို ခုန်ပျံကျော်လွှားဖို့ကို စိတ်မဝင်စားပါဘူး။ သူ ဘုရင်လုပ်ရမယ်ဆိုရင်လည်း ဖခင်ကပဲ အရင်လုပ်စေချင်တယ်။ ပြီးတော့ လောလောဆယ် သူ စိတ်ဝင်စားတာက အသက်ကယ်ရတဲ့ ကယ်ဆယ်ရေးလေယာဉ်မှူးပါ။ ဒါဟာ သူ့ရဲ့အိပ်မက်ပဲ ဖြစ်တယ်။ ဒါကို သူ လက်မလျှော့နိုင်ဘူး။ ဒါ့အပြင် သူ့မှာလည်း သူ့ကိုယ်ပိုင် ကရုဏာလုပ်ငန်းတွေအတွက် အချိန်ဇယား ပြည့်နေတာပါ။ သူ့အနေနဲ့ သူ့ဘွားတော်ရဲ့ မေတ္တာရပ်ခံချက်အရ ဘွားတော်ကိုယ်စား သွားရောက်ရမှာကို သဘောကျပါတယ်။ ငြင်းဖို့လည်း အဆင့်မရှိပါဘူး။ ဒါပေမဲ့ ဖခြိုးဖြတ်ရတဲ့ တော်ဝင်အလုပ်အတွက် သူ အချိန်ပြည့်လုပ်ဖို့တော့ အဆင်သင့် မရှိသေးပါဘူး။

■

နယူးဇီလန်လေကြောင်းက အစီအစဉ်အတိုင်း အော့ကလန်ပြေးလမ်းပေါ် ဆင်းသက်လိုက်ပါပြီ။ ဝီလျံမင်းသားက လက်ထဲကသတင်းစာကို လိပ်လိုက်ပြီး သက်ပြင်းတစ်ချက် လေးလေးနက်နက် ရှူလိုက်ပါတယ်။ သူ ဆိုက်ရောက်မယ့်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမတိုင်ခင် ရေးထားတာတွေက အယ်ဒီတာအာဘော် ဝေဖန်ချက်တွေ၊ မျှော်လင့်ချက်တွေ၊ ထူးခြားမှုတွေ၊ အဆိုးမြင်တွေနဲ့ မျှမျှတတရှိပါတယ်။ ဆန်းဒေးစတားတိုင်းမ်စ်က ရေးသားတာမှာ ကေရာဇ်စနစ်ကို ပုပ်သိုးနေပုံ၊ ချားလ်စ်ဆိုရင် သူ့ဇနီး ငယ်ငယ်လေးကို အိမ်ထောင်ကျခါစကစပြီး လှည့်ဖြားသစ္စာမဲ့ခဲ့ပုံတွေကို ရေးထားတယ်။ ဒါကိုဖတ်ရတဲ့အတွက် ဝီလျံ စိတ်ဓာတ်ကျမသွားပါဘူး။ ဒါပေမဲ့ သူ မောသွားတယ်။ ခုအချိန်ဟာ ရော်ဘူရီက သူ ဘွဲ့ယူပြီးလာခဲ့တာ ၄ ဧနာရီပဲ ရှိပါသေးတယ်။ အဲဒီမှာ သူ ဟယ်လီကော်ပတာမောင်းနှင်တဲ့ အောင်လက်မှတ်ယူတော့ ကိတ်က သူ့ကို ထောက်ကူဖို့ ရောက်နေခဲ့တယ်။ အခုတော့ ကမ္ဘာ့ဟိုဘက်ခြမ်းကို ရောက်နေခဲ့ပြီ။ ခရီးက ငါးရက်ခရီးပါ။ အစစ သူ သင်ယူရပါဦးမယ်။

ဝီလျံအနေနဲ့က ဒီခရီးကို အတတ်နိုင်ဆုံး သာမန်ရိုးရိုးလေး ဖြစ်စေချင်တယ်။ ဝတ်စုံကျကျနနဝတ်ဖို့မလိုတဲ့ သူ့ စိတ်ကြိုက် လည်ဟိုက်ရှပ်အင်္ကျီနဲ့ နေချင်တယ်။ နိုင်ငံတော်ညစာစားပွဲနဲ့ ညှော်ခံမှာကိုလည်း သူ မလိုချင်ဘူး။ အဲဒီလို ညှော်ခံပွဲအစား အသားကင်နဲ့ ဘီယာဘူးတွေကိုပဲ သူ အာရုံထားတာပါ။

နိုင်ငံတော်ခရီးက အော့ကလန်မှာ စပြီးအောင်မြင်ခဲ့ပါတယ်။ အဲဒီမှာ ဝီလျံက အဒေင်ပတ်ခ် အားကစားရုံမှာ All Blacks တွေနဲ့ တွေ့ဆုံခဲ့တယ်။ အဲဒီနောက် ဝန်ကြီးချုပ်ဂျွန်ကေးနဲ့အတူ ဘီယာနဲ့ အသားလွှာစားသောက်တယ်။ နောက်နေ့မှာတော့ ဝယ်လင်တန်မှာပါ။ အဲဒီမှာ ပေါင် ၃၆ သန်းတန်တဲ့ တရားရုံးချုပ်အသစ်ကြီးထဲမှာ လျှောက်ကြည့်ရတယ်။ လူနှစ်ထောင်ကျော် သူ့ကိုလာတွေ့ကြတော့ သူ မျှော်လင့်ထားတာထက် များနေတယ်။ သူ့ကို ကြိုဆိုတဲ့လူတွေနဲ့ လက်ချ နှုတ်ဆက်ကြ၊ စကားစမြည် ပြောကြတဲ့အခါ ဒိုင်ယာနာကို သတိမရဘဲ မနေနိုင်ကြဘူး။ ၁၉၈၃ တုန်းက ဝေလမင်းသားနဲ့အတူ လတ်ဆတ်သောမျက်နှာနဲ့ သတို့သမီးလေးဟာ အခုလိုပဲ နယူးဇီလန်ကိုရောက်လာတာပါ။ အဲဒီတုန်းက ဝီလျံလေးကို ရင်ခွင်ပိုက်ကလေးလေးအဖြစ် ခေါ်လာခဲ့ကြတာ မမေ့နိုင်ကြဘူး။ အဲဒီကလေးလေးက အခု လူကြီးကြီးဖြစ်လာခဲ့ပြီး သူ့မိခင်ရဲ့ ကိုယ်ချင်းစာနာစိတ်ကို အမွေရခဲ့တာလည်း ထင်ရှားလှပါတယ်။ ဒါပေမဲ့ ဝီလျံကပြောပါတယ်။ ကျွန်တော်ဟာ မိခင်ရဲ့အဆင့်အနီးကို ရောက်ပြီလို့ မပြောနိုင်ပါဘူးတဲ့။ ဝယ်လင်တန်ရှိ ကလေးဆေးရုံမှာ ပြောခဲ့တာပါ။

ဝီလျံက ဆံပင်ပါးတဲ့အတွက် သူ့အဖေနဲ့ ပိုပြီးတူပါတယ်။ ဒါပေမဲ့ သူ ဥပမိရုပ်နဲ့ နွေးထွေးမှုတွေက အောင်မြင်လက္ခဏာတွေပါပဲ။ သူ့မှာ ဖခင်ရဲ့ နူးညံ့သိမ်မွေ့မှုတွေ အားလုံးရှိတယ်။ အဆင်မသင့်တဲ့ အချိန်မျိုးမှာ ဘယ်လို ဆက်ဆံရမယ်ဆိုတာ သိတယ်။ ဆစ်ဒနီမှာဆင်းပြီး လူထုရိပ်သာတစ်ခုကို ဝင်တဲ့အခါ ခြောက်နှစ်အရွယ်သမီးလေး တစ်ယောက်က ဝီလျံရဲ့မာမီဆုံးပြီဆိုတာ ဟုတ်သလားလို့ မေးမယ်။ ဟုတ်ပါတယ်၊ မာမီဆုံးသွားခဲ့ပါပြီလို့ ပြောရင်း ကလေးမလေးအလိုမီအောင်ကုန်းလိုက်ပြီးမှ အဲဒါ သိပ်ဝမ်းနည်းစရာပဲလို့ ပြောလိုက်ပါတယ်။

ဩစတြေးလျသတင်းဌာနများကတော့ ဝီလျံဟာ ယေဘုယျဆန်တယ်လို့ မှတ်ချက်ချကြတယ်။ တစ်ခါတလေမှာသာ ဝေဖန်စရာဖြစ်တာက လွဲရင်ပေါ့။ ဝန်ကြီးချုပ်ကီဗင်ရဒ်ရှေ့မှာ ရက်ပ်အဆိုတော်လေးဦးနဲ့ စကားပြောတဲ့

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဝီလျံက ''ဂီတရဲ့အရသာကြောင့် သေးတောင်ထွက်ကျတယ်''လို့ သုံးနှုန်းလိုက်တယ်။ ဒီ ''ဗန်းစကား၊ အရပ်သုံးစကား'' ကို တချို့က လွန်တယ်လို့ မြင်ကြတယ်။ ဒီလို အမှားမျိုး ပြောမိတဲ့ကြားကပဲ ဝီလျံကို မနှစ်သက်သူထက် ချစ်ခင်သူက ပိုများခဲ့ပါတယ်။ ရီဗတ်ဗလီကန်လှုပ်ရှားရေးအဖွဲ့ အတွင်းရေးမှူး မိုက်စ်စမစ်ကတောင် စကားပြောကောင်းသူပဲလို့ ဝီလျံကို မှတ်ချက်ပေးခဲ့ပါတယ်။

မဲဘုန်းက အစိုးရအိမ်တော်ကို ခရီးအဆုံးမှာရောက်တဲ့အခါ မိန်းမပရိသတ်ဘေးထဲ နစ်နေခဲ့ရတော့တယ်။ သူရောက်တော့ မိန်းမတစ်ယောက်က မေ့လဲကျသွားခဲ့တဲ့အထိပါပဲ။ သူ့အဖေတုန်းကလိုပဲ ဝီလျံဟာ အကြိမ်ပေါင်းများစွာ မိန်းမတွေ နမ်းတာခံရတယ်။ အဲဒီမိန်းမငယ်တွေက လက်ဝှေ့ယမ်းပြီး ''ဝီးလ်ကို ချစ်တယ်''လို့ အော်ကြတယ်။ အသက်ခပ်ကြီးကြီး အမျိုးသမီးတစ်ဦးက ဝီလျံအနေနဲ့ ဘယ်အချိန်မှာ ကိတ်ကိုလက်ထပ်ဖို့ စီစဉ်ထားပါသလဲလို့ မေးတဲ့အခါ ဝီလျံက ရှက်စနိုးနဲ့ ကျွန်တော်ပြောနေကျအတိုင်း စောင့်ကြည့်ကြပါလို့ပဲ ဖြေတယ်။ ဒါဟာ နောက်သလိုလိုနဲ့ ဖြေတဲ့အဖြေပါ။ သူ့ပရိသတ်ကိုရော၊ သတင်းစာတွေကိုပါ စောင့်စေချင်လို့ ပြောတာလည်းဖြစ်တယ်။

ဟာရီလ်ဆန်းသတင်းစာလေးက ရှေ့မျက်နှာမှာ ဖော်ပြတဲ့အခါ ''မာဗီ ဂုဏ်ယူနေမှာပါ''လို့ စာလုံးကြီး တပ်ခဲ့တယ်။ စိန့်ဂျိမ်းစ်နန်းတော် ပြန်ရောက်တဲ့အခါမှာလည်း အမှုထမ်းသက်ကြီးသူတစ်ဦးက ဒီခရီးနဲ့ပတ်သက်ပြီး အားလုံးကျေနပ်ဝမ်းသာကြကြောင်း၊ ပြန်သိရတဲ့ကိစ္စတွေအားလုံး အပေါင်းလက္ခဏာဖြစ်ကြောင်း၊ ဝီလျံ သူလုပ်ရမယ့် အရာကို လုပ်ခဲ့ကြောင်း၊ အဖြစ်နိုင်ဆုံး လူများများကို တွေ့ခဲ့ကြောင်း၊ လူတွေက ကျွန်တော်တို့ မျှော်လင့်ထားတာထက် သူ့ကို နွေးထွေးခဲ့ကြကြောင်း ပြောပါတယ်။

ဘက်ကင်ဟမ်နန်းတော်မှာ ဒီခရီးကြောင့် အကြီးအကျယ် ပျော်ရွှင်ခဲ့ရသလို၊ ပြဿနာလည်း ရှိလာတယ်။ ဝီလျံဟာ သူ့အဖေကို ခဏလေးနဲ့ ကျော်တက်လေမလား။ ကိတ်နဲ့တွဲပြီး ဒီတော်ဝင်စုံတွဲဟာ နောက်ကွယ်ဘဝကနေ ကျော်လွန်သွားမလား။ ချားလ်စ်က နောက်တက်မယ့်ဘုရင်ဖြစ်ပေမယ့် ပရိသတ်ဟာ ကမီလာကို မိဖုရားအဖြစ် လက်ခံဖို့ လိုသေးတယ်။ ပြီးတော့ ချားလ်စ်ရဲ့ အရင်ကလုပ်ခဲ့တဲ့ အမှားတွေကိုလည်း အပြည့်အဝ ခွင့်မလွှတ်ကြသေးဘူး။ အခု ဆိုရင် ချားလ်စ်က ၆၁ နှစ်ရှိပြီ။ သူ ဘယ်လောက်ပြောင်းလဲနိုင်မှာလဲ။ ဒိုင်ယာနာဆုံးတာ ၁၃ နှစ်ရှိနေပြီ၊ သူ့ကို သတိရနေကြဆဲ ဖြစ်တယ်။ သူ့သားတွေချည်း သတိရတာ မဟုတ်ပါဘူး။ ပရိသတ်ကလည်း လွမ်းဆဲဖြစ်တယ်။

ကလေးတွေ ကြီးလာတဲ့အခါ သူတို့ ကိုယ်ပိုင်ဘဝကို တော်ဝင်နယ်နိမိတ်ထဲကနေ ရှန်းထွက်နေကြတယ်။ နယူးဇီလန်နဲ့ဩစတြေးလျမှာ ဝီလျံ အသက်ရှူချောင်ခဲ့တယ်။ ဘုရင်မကြီး မျှော်လင့်ထားတဲ့အတိုင်း ဖြစ်ခဲ့တယ်။ ဝီလျံက ငယ်မူငယ်သွေးရှိတယ်၊ ခင်မင်ချင်ဖွယ် ကောင်းတယ်၊ ချစ်စရာကောင်းတယ်၊ သူ့အဖေထက် အများကြီး ဆွဲဆောင်မှု

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လို့ အများက ဆိုကြတယ်။ သူ့ရပ်တည်ချက်နဲ့ စကားလုံးတွေက အနာဂတ်ကို ပွင့်စေတယ်။ ချားလ်စ် က အိုလွန်းသွားပြီ။ ဝီလျံက သူ့အနာဂတ်ကို တွေးနေတဲ့လူငယ် ဖြစ်တယ်။ သူ့အသက်မွေးဝမ်းကျောင်း အလုပ်ကို တွေးနေတယ်။ သူ့တာဝန်ရှိမှုတွေကို တွေးနေတယ်။ ဘယ်လိုလွတ်လပ်မှုမျိုး ဆုပ်ကိုင်နိုင်မလဲဆိုတာကို တွေးနေတယ်။ သူ့အိမ်ထောင်ရေးကိုလည်း တွေးနေနိုင်တယ်။ သူဟာ သူ့ ရေရှည်ချစ်သူအကြောင်း ဩစတြေးလျမှာပြောသလို ဘယ်တုန်းကမှ ပွင့်ပွင့်လင်းလင်း မပြောခဲ့ပါဘူး။ အမှန်က သူဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှက်သလို၊ နောက်သလို ပြောနေပေမယ့် တကယ်ကို သူ အတိအကျ မပြောနိုင်တာပါ။

ဇန်နဝါရီလနှောင်းပိုင်း သူ ဩစတြေးလျက ပြန်လာတဲ့အခါ ဝေလနယ်မှာ ရှစ်လကြာမယ့် ပင်လယ်ဘုရင် စစ်ဆင်ရေးယာဉ်ပျံ သင်တန်းတက်ရတယ်။ ရက်သတ္တပေါင်းများစွာ တော်ဝင်ရေတပ်မတော်ရဲ့လေဆိပ်မှာ ပင်လယ်ဘုရင် သင်ရိုးတက်ရပြီး အောင်မြင်ခဲ့တယ်။ မတ်လမှာ အောင်မြင်ပြီး ဧပြီလမှာ ကလဲရင့်စ်ဟောက်စ်က ဝီလျံကို သင်တန်းပြီးမယ့် စက်တင်ဘာလမှာ တော်ဝင်လေတပ်မတော်တောင်ကြားမှာ တာဝန်ပေးမယ့်အကြောင်း အတည်ပြုလိုက်တယ်။ တော်ဝင်လေတပ်မတော်တောင်ကြားက ဝီလျံရဲ့ ပထမဦးစားပေး ရွေးချယ်မှုပါ။ ဗြိတိန်မှာ ရှာဖွေကယ်ဆယ်ရေးယာဉ်စခန်း အားလုံး ခြောက်ခုရှိတယ်။ စက်တင်ဘာလမှာ သင်တန်းအောင်မြင်ပြီး နိုဝင်ဘာလကျရင် နံပါတ် ၂၂ တပ်ရင်းမှာ အပြည့်အဝ အရည်အချင်းမီတဲ့ လေယာဉ်မှူးအဖြစ်၊ ပင်လယ်ဘုရင် 3A ဟယ်လီကော်ပတာ မောင်းဖို့ဆိုတာ သူ့အိမ်မက်ပါပဲ။

ဇွန်လအတွင်း တောင်အာဖရိကရှိ ကမ္ဘာ့ဖလားပွဲမှာ အင်္ဂလန်ကိုယ်စားပြုပြီး ဥက္ကဋ္ဌလုပ်ခဲ့တယ်။ နောက်အစီအစဉ်က ဘော့စ်ဝါနာကို ရန်ပုံငွေတိုးမြှင့်ရေးအတွက် သွားရမယ်။ ပြီးရင် လီဆိုသိုနယ်ကို ဟယ်ရီနဲ့အတူ သွားရဦးမယ်။ ကိတ်အဖို့တော့ ဘာမှမတတ်နိုင်ဘူး။ စောင့်ရုံပါပဲ။ ခရစ္စမတ်မတိုင်ခင်မှာ ကိတ်ရဲ့မိခင်က ဝီလျံ လက်ထပ်ခွင့်မတောင်းသေးဘဲ နှောင့်နှေးနေတာနဲ့ပတ်သက်ပြီး အသံထွက်လာတယ်။ (ကိတ်မိခင်ရဲ့ မိုဘိုင်းဖုန်းမှာ ဝီလျံရဲ့ဓာတ်ပုံ ထားရှိတယ်လို့ ပြောကြတယ်။) သတင်းတစ်ခုရဲ့ အဆိုအရ ကားရိုလ်ဟာ သူ့သမီးနဲ့ပတ်သက်ပြီး "ရေကုန်ကူးရသလို" ခံစားရတယ်လို့ ပြောပါတယ်။ ဝီလျံကို သူ့မိသားစုကို အသိပေးဖို့လည်း ဖိအားပေးခဲ့တယ်။ ဝီလျံကလည်း သူတို့ကိစ္စဟာ လမ်းကြောင်းပေါ်မှာရှိနေကြောင်း၊ မကြာခင် စေ့စပ်လိမ့်မယ်ဖြစ်ကြောင်း ပြောခဲ့တယ်။ လောလောဆယ်တော့ ကားရိုးလ်က နောက်နည်းနည်း ဆုတ်ခဲ့ရတယ်။

ကိတ်အနေနဲ့ကလည်း ဝီလျံက သူ့ကိုပဲ တစ်ဦးတည်းဆိုတာ အာမခံခဲ့ပြီးပြီ။ ခေါင်းမာတဲ့မင်းသားက သူ့အလျင်စလို လက်ထပ်မှာမဟုတ်ဘူး ဆိုတာလည်း ရှင်းအောင်ပြောခဲ့ပြီးပြီ။ ငါ့ဘဝမှာ ငါထိန်းချုပ်နိုင်တဲ့

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တယ်လို့လည်း တစ်ခါကပြောခဲ့ပြီးပြီ။ ငါသဘောမတူရင် တစ်ယောက်ယောက် ပြောတာ၊ တွန်းတာကို ငါလုပ်မှာ မဟုတ်ဘူးလို့လည်း ပြောခဲ့ပြီးပါပြီ။

ချားလ်စ်ကိုယ်တိုင်လည်း ဝီလျံကို အလျင်စလို မဆုံးဖြတ်ဖို့ ပြောခဲ့တာပါ။ နယူးဇီလန်နဲ့ ဩစတြေးလျ မသွားခင် ဝီလျံကို ကောင်းကောင်းနေဖို့ ပြောပါတယ်။ အဓိပ္ပာယ်က ကိုယ့်ဟာကိုယ် ပျော်အောင်နေဖို့ပါ။ ချားလ်စ်က ကိတ်ကို သဘောကျပါတယ်။ ကိတ်ဟာ ဝီလျံရဲ့ အလေးအနက်ထားပြီး ရေရှည်တွဲတဲ့ ချစ်သူဆိုတာလည်း သိပါတယ်။ ဒါပေမဲ့ ဘယ်တော့လက်ထပ်မှာလဲ ဆိုတာကတော့ ဝီလျံသဘောပါပဲ။ အခု လောလောဆယ်မှာတော့ ထေဝါးမှုတွေ အဖျားတက်နေကြဆဲပါ။

ရင်းနှီးတဲ့သူငယ်ချင်းတွေ အပြောကတော့ သူတို့ဟာ သစ္စာနိုင်မြဲနေကြတယ်။ ပိုပြီးခိုင်မာအောင် လုပ်နေကြတယ်။ အမြဲ အဆက်အသွယ်ရှိတယ်။ လက်ရှိအချိန်ကို ပျော်ပျော်နေနေကြတယ်လို့ ဆိုပါတယ်။ အတွင်းသိလူများ အနေနဲ့ မကြာခင် နှစ်မကုန်ခင်လောက်မှာ တော်ဝင်စေ့စပ်ပွဲ လုပ်လိမ့်မယ်လို့ ယုံကြည်နေကြတယ်။ ၂၀၁၀၊ မတ်လတုန်းက ကို့ချီဗယ် စကိတ်စီးစခန်းကို သွားတုန်းက ဝီလျံနဲ့ကိတ်တို့ရဲ့ နေပုံထိုင်ပုံကိုကြည့်ရင်တော့ မကြာတော့ဘူးလို့ မြင်နေကြတယ်။ အရင်နှစ်တုန်းကလည်း ဝီလျံဟာ ပြင်သစ်နိုင်ငံ၊ အဲလ်ပ်တောင်တန်း စကိတ်စခန်းကို ကိတ်မိဘများနဲ့အတူ သွားခဲ့သေးတယ်။ ကိတ်တို့ မိသားစုကြားမှာ ဝီလျံဟာ ချမ်းမြေ့ပျော်ရွှင်ခဲ့ပြီး ကိတ်ရဲ့ဖခင်ကို "ဒက်"လို့ ခေါ်ကြောင်း ပြောကြတယ်။ ဝီလျံနဲ့ကိတ်တို့ ရေခဲလျှောစီးဝတ်စုံအနီရောင် ဆင်တူဝတ်လို့ ရေခဲပြင် ကားပြိုင်ခဲ့ကြတာကို ဓာတ်ပုံရိုက်ခံခဲ့ကြသေးတယ်။ ဒါအပြင် မြို့ထဲက စားသောက်ဆိုင်သွားပြီး ညစာအတူစားကြကြောင်းလည်း သိကြရတယ်။

အဲဒီ အားလပ်ရက်က ပေါ့ပေါ့ပါးပါးလေးဖြစ်ပြီး ကိတ်တို့မိသားစုကလည်း သာမန်လိုပဲ နေကြတာမို့ ဝီလျံ ကြိုက်နှစ်သက်တဲ့ပုံစံ ဖြစ်နေတာပါ။ မိဘတွေက သူ့ကို အထူးပျော်ရွှင်အောင် ထားကြတယ်။ အဲဒီအချိန်မှာ ဝီလျံနဲ့ ကိတ်တို့ တကယ်ပျော်ခဲ့ကြရပါတယ်။ အစစအရာရာဟာ စီစဉ်ထားတဲ့အတိုင်း ဖြစ်သွားမယ်ဆိုရင် ဝီလျံပြောဖူးတဲ့ ၂၈ နှစ်မတိုင်ခင် အိမ်ထောင်မပြုချင်ဘူးဆိုတဲ့အတိုင်း အခု ၂၈ နှစ်ပြည့်ပြီမို့ အိမ်ထောင်ပြုချိန်ရောက်နေပြီ။ ကိတ်ကလည်း သူ့ဘဝကို အိမ်ရှင်မအဖြစ်ပဲ မြှုပ်နှံမယ့်သဘော ရှိနေတယ်။ ဒါဟာ အနာဂတ်ဝေလမင်းသားနဲ့ မင်းသမီးအတွက် ပိုပြီး မသင့်တော်ပါလား။ ဝီလျံက ကျွန်းပေါ်မှာ တစ်ထပ်တိုက်လေးတစ်လုံးကို ငှားထားခဲ့ပြီးပြီ။ အဲဒီတိုက်ကလေးက သူတို့ရဲ့ ပထမအိမ်ထောင်ဦး နေအိမ်လေး ဖြစ်နိုင်တယ်။ ကိတ်က သူ့ဆီက ဘာမျှော်လင့်တယ်ဆိုတာ သိတယ်။ သိတဲ့အတိုင်းလည်း ပြုမူပါတယ်။ သူက ဝီလျံကို လေးလေးနက်နက် ချစ်တယ်။ အိမ်ထောင်ပြုပြီး ပထမနှစ်တွေမှာ ဝီလျံ တာဝန်ကျတဲ့ တော်ဝင်လေတပ်စခန်းမှာ လိုက်နေရလို့ မိသားစုနဲ့ ဝေးရမယ်ဆိုလည်း သူကလိုက်သွားမှာပါ။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ သေချာတယ်။ ဝီလျံက ကိတ်ကို လက်ထပ်ဖို့ပြောတဲ့အခါမှာ နန်းတော်ကလည်း လုပ်ပေးမှာပါ။ ဒီတော့ စိန့်ဂျိမ်းစ်နန်းတော်မှာ ၂၀၁၁၊ ၂၀၁၂ ထဲကျရင်တော့ တော်ဝင်လက်ထပ်ပွဲတစ်ပွဲ ဖြစ်လာပါလိမ့်မယ်။ ဝီလျံနဲ့ ကိတ်တို့က နိုင်ငံတော်လက်ထပ်ပွဲသဘင်ကြီး မလုပ်လိုကြပါဘူး။ ဒါပေမဲ့ ဘုရင်မကြီးက လက်ထပ်မင်္ဂလာပွဲတွေကို နှစ်သက်တတ်တယ်။ အစစအရာရာ သူပဲ ပါဝင်ညွှန်ကြားမှာ သေချာတယ်လို့ ဘုရင်မကြီးရဲ့ မိတ်ဆွေတစ်ယောက်က ဝေဖန်ပါတယ်။ ဝီလျံအနေနဲ့ လက်ထပ်ဖို့နေရာကို သူ့မိဘတွေလုပ်ခဲ့သလို၊ စိန့်ပေါလ်ဘုရားကျောင်းမှာပဲလုပ်ဖို့ ရွေးမလား၊ ဒါမှမဟုတ် သူ့မိခင် နောက်ဆုံးခေါင်းချခဲ့တဲ့ ဝက်စ်မင်စတာ အဘေးဘုရားကျောင်းကိုပဲ ရွေးမလား၊ ဒါမှမဟုတ် ဝင်ဆာထဲက စိန်ဂျော့ချ်ဘုရားကျောင်းကိုပဲ ရွေးမလား။ ဘယ်လိုပဲရွေးရွေး၊ မင်္ဂလာပွဲကတော့ ကြီးကျယ်ခမ်းနားမှာ သေချာတယ်။ ကိတ်ဟာလည်း ဒိုင်ယာနာလိုပဲ မင်းသမီးတစ်ဦး ဖြစ်လာတဲ့နေ့ကစပြီး စင်မြင့်အလယ်မှာ တင့်တယ်လာမှာပါ။

တော်ဝင် လက်ထပ်မင်္ဂလာအခမ်းအနားများဟာ လူထုပရိသတ်အတွက်တော့ နတ်သမီးပုံပြင်တွေလိုပဲ ရှုမြင်ကြစမြဲ ဖြစ်ပါတယ်။ တကယ်တော့ အဲဒီပွဲတွေက အချိန်ယူရတယ်။ အစီအစဉ်အချိန်ဇယား ဆွဲရတယ်။ တိကျရပါတယ်။ နန်းတော်ဝန်ထမ်းတချို့က ဘုရင်မကြီးရဲ့ စိန်ရတုအခမ်းအနားက အရင်ဖြစ်လိမ့်မယ်လို့ ထင်ကြတယ်။ ဒါပေမဲ့ ဝီလျံက ၃၀ ပြည့်တော့မယ်။ သူပြောခဲ့တဲ့စကားက ကျော်ကြားပြီးသား။ အခု အဲဒီအသက် ရောက်လာပြီမို့ သူ့လက်ထပ်ပွဲ အရင်ကျမယ်လို့လည်း ထင်ကြတယ်။ ဘုရင်မကြီးက သူ့စိန်ရတုနဲ့ လက်ထပ်ပွဲကို တွဲလုပ်ကောင်းလုပ်နိုင်သေးတယ်။ အများစုကတော့ ၂၀၁၁ ဖြစ်နိုင်တယ်လို့ ယူဆကြပါတယ်။

"ကျွန်တော့်အမြင်ကတော့ ၂၀၁၁ အစောဆုံးရက်တွေ ဖြစ်နိုင်တယ်။ အဲဒီကိစ္စက တော်ဝင်မိသားစုအတွက် ကြီးမားတဲ့အရေးကိစ္စပဲ။ ဝီလျံနဲ့ကိတ်တို့ တွဲခဲ့ကြတာကြာပြီမို့ နောက်ဆုတ်ဖို့ နောက်ကျသွားပြီ။ တကယ်လို့ သူ တခြားတစ်ယောက်ယောက်ကို ရှာမယ်ဆိုရင် ပိုးရပန်းရမယ့်ကာလ အကြာကြီးကြာဦးမယ်။ သူက ကိတ်ကို အကြာကြီး ပေါင်းလာတာ။ တော်ဝင်တို့ရဲ့ အစဉ်အလာကလည်း မိန်းမတစ်ယောက်ကို ရစ်နှောင်မိရင် ဒီမိန်းမနဲ့ပဲနေကြမြဲပါ။ ချားလ်စ် ကိုကြည့်ပါ။ သူ ကမီလာကို နှစ်ပေါင်း ၃၀ လုံးလုံး သိလာခဲ့တာ။ ဒီကိစ္စက အလေ့အကျင့်မဟုတ်ပါဘူး။ သူတို့ကို အတွင်းရော အပြင်ပါသိတဲ့မိန်းမတွေဟာ သူတို့အတွက် အေးချမ်းသာယာတဲ့ နယ်မြေပဲ"လို့ ဒစ်ကီအာဘီတာက ဆိုတယ်။

ဒါပေမဲ့ အားလုံးဟာ ဝီလျံအပေါ်မှာပဲ တည်တာပါ။ သူက ရှင်းရှင်းပြောပြီးသား။ သူ့အလုပ်ကိုပဲ သူ ပထမ ဦးစားပေးနေရာမှာထားမယ်လို့ ကိတ်ကို ကတိမပေးခင်ကတည်းက ပြောခဲ့တာပဲ။ သူ့လူတွေကလည်း ဒါကို သဘောတူ ကြပါတယ်။ ဝီလျံဟာ ကိတ်ကို လက်မထပ်ခင် သူ့ကိုယ်ပိုင်အခွင့်အရေးနဲ့ လူထုကြည်ညိုတဲ့လူဖြစ်အောင် ထူထောင်အောင် ဖြစ်စေချင်ကြတယ်။ ကိတ်ကလည်း ဒိုင်ယာနာလိုပဲ တောက်ပလင်းလက်လာနေပြီ။ လောလောဆယ်တော့ ကိတ်ဟာ

the bookhouse
we drive your future

www.burmeseclassic.com

www.burmeseclassic.com



သိုသိုသိပ်သိပ်နဲ့ အလိမ္မာဖက်ပြီးနေသင့်တယ်။ ဝီလျံက အတိတ်က သင်ခန်းစာရခဲ့ပြီးပြီ။ သူ့ဖခင်ဟာ နန်းစောင့်မင်းသား အဖြစ် ဘယ်လောက်ကြာနေခဲ့ပြီလဲ။ ဒါကြောင့် ဝီလျံက တော်ဝင်လေတပ်မှာ အသက်မွေးဝမ်းကျောင်းတစ်ခု လုပ်ချင်တာပါ။ သူက တာဝန်ကြောင့် လုပ်ရခြင်းထက် အကြောင်းရှိလို့ လုပ်ရတာကို လိုချင်တယ်။ လုပ်သင့်လို့ လုပ်ရတာကို လိုချင်တယ်။ လေတပ်ထဲဝင်မယ်ဆိုတာ သူ "သာမန်လူဘဝ"ကို လိုချင်တာလည်း ပါပါတယ်။ လေတပ်မတော်အနေနဲ့ ဝီလျံကို သင်တန်းပေးခဲ့ရတာ ပေါင်တစ်သန်းလောက် အရင်းစိုက်ခဲ့ရတာမို့ ဒါကို ထိုက်တန်စေချင်တယ်။ အနည်းဆုံး သုံးနှစ်တော့ အမှုထမ်းမယ်လို့ မျှော်လင့်ကြတယ်။

ဝင်ဆာက ဘုရင်မကြီးရော၊ သူ့ဖခင်တို့ပါ ကျန်းမာရေးကောင်းကြတဲ့အတွက် ဝီလျံဘုရင်လုပ်မယ်ဆိုလည်း ကြာဦးမှာမို့ ဝီလျံအနေနဲ့ အလုပ်လုပ်မယ်ဆိုတာ အကြောင်းပြချက် ခိုင်လုံနေတယ်။ သူ့အိပ်မက်က "ပင်လယ်ဘုရင်" လေယာဉ်ဟယ်လီကော်ပတာ မောင်းပြီး ကယ်ဆယ်ရေးသမားအစစ် ဖြစ်ဖို့ပါပဲ။ သူ့မိန်းကလေးအနေနဲ့ကတော့ "စောင့်နေတဲ့ ကေတီ" ဆိုတဲ့ နာမည်ကို မုန်းကောင်းမုန်းပါလိမ့်မယ်။ ဒါပေမဲ့ ကိတ်ဟာ သိပ်ကြာကြာစောင့်ရတော့မှာ မဟုတ်ပါဘူး။

တော်ဝင်အန္တယ်ဖြစ်လာရင် နန်းတော်ထဲ မွေးဖွားလာတာပဲဖြစ်ဖြစ်၊ ထိမ်းမြားလို့ ရောက်လာတာပဲဖြစ်ဖြစ် တစ်ပိုင်းအားဖြင့် စောင့်ရတဲ့ကစားနည်းကို ကစားကြရသူချည်းပါပဲ။ ချားလ်စ်ဆိုရင် ဝေလမင်းသား အသက်အကြီးဆုံး ဖြစ်နေပြီ။ စောင့်ရတာကြာပြီ။ ဆက်လည်း စောင့်ရဦးမယ်။ ဘုရင်မကြီးက ကျန်းမာနေတယ်။ နောက်ထပ် ဆယ်စုနှစ် တစ်ခုတော့ ပလ္လင်ပေါ်ရှိနေဦးမှာပါ။ အဲဒီတော့ ချားလ်စ်က ဘယ်လိုအုပ်ချုပ်နိုင်ပါတော့မလဲ။ အခုပဲ သူ့မင်းသားရန်ပုံငွေ အဖွဲ့နဲ့ အလုပ်လုပ်ရတာ ပင်ပန်းလှပြီ။ ဗြိတိသျှစိုက်ပျိုးရေးနဲ့ ရှေးရိုးယာခင်းစနစ်တို့နဲ့ ပတ်သက်ပြီး သူပြောခဲ့တာတွေ မှန်ကန်ကြောင်း သက်သေပြခဲ့ပြီးပြီ။ ဒါပေမဲ့ သူဟာ သူနဲ့မဆိုင်တဲ့ နိုင်ငံရေးကိစ္စတွေမှာပါတာ၊ စီမံကိန်းလျှောက်လွှာ တွေမှာ ဝင်ရောက် စွက်ဖက်တာတွေအတွက် နာမည်ထွက်နေတယ်။ သူက အလွန် စာရေးတဲ့လူပါ။ သူရေးတဲ့စာတွေ၊ ဒိုင်ယာရီတွေ၊ ပြီးတော့ နိုင်ငံရေးသမားအုပ်စုတစ်စုကို ရေးတဲ့စာတွေ၊ သူလွှမ်းမိုးလို့ရတဲ့ မိတ်ဆွေတွေဆီ ရေးတဲ့စာတွေ အားလုံးဟာ တော်ဝင်မိသားစုအတွက် အငြင်းပွားစရာတွေ ဖြစ်လာခဲ့တယ်။ အထူးသဖြင့် "ဟောင်ကောင်"ကို လွှဲပေး ရတဲ့ကိစ္စမှာ တရုတ်တွေကို သူ ထောက်ပြခဲ့တာမျိုးပါ။

ချားလ်စ်ဟာ ဘုရင်ဖြစ်ဖို့ သင့်မသင့်ဆိုတာကိုတော့ နိုင်ငံတွင်းမှာ ခွဲခြားရဦးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒါက သူ့ကိစ္စပါပဲ။ နောက်တစ်ခုက ဝီလျံပါ။ ဧကရာဇ်စနစ်ကိုထားရှိဖို့ ဝေဖန်သုံးသပ်ကြရပါဦးမယ်။ ဟယ်ရီ တစ်ခါက ပြောဖူးတယ်။ ကမ္ဘာကြီးက ပြောင်းလဲနေတယ်။ အားလုံးသိကြတဲ့အတိုင်းပဲ။ ဒီတော့ ကျွန်တော်တို့လည်း ကမ္ဘာကြီးနဲ့အတူ ပြောင်းရမယ်တဲ့။ သူ့ ယုံကြည်ချက်က ထိရှတယ်။ သူ့ဘိုးဘွားတွေနဲ့ ဆန့်ကျင်ရမယ်ဆိုရင်တော့ နောက်ဆုံး ဝီလျံနဲ့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဟယ်ရီဟာ ရပ်တည်မှုကွဲသွားမှာ သေချာတယ်။ သူတို့နှစ်ယောက်ဟာ အေးချင်း ယှဉ်တွဲနေတယ်ဆိုရင် ရင်းနှီးမှု၊ တွယ်တာမှုရှိကြတယ်။ သူတို့ဖခင်ကတော့ မောင်နှမတွေနဲ့ ဘယ်တော့မှမရင်းနှီးဘူး။ သံယောဇဉ်မရှိကြဘူး။ ဟယ်ရီက "နန်းရန်"ဆိုတာထက် ပိုဖြစ်ချင်တယ်။ တရားဝင်အလုပ်တွေ ပိုလုပ်ချင်တယ်။ ဝီလျံ ဩစတြေးလျက ပြန်လာပြီး ရက်အတော်ကြာမှာ ဟယ်ရီတစ်ကိုယ်တည်း ဘာဘာဒိုစ်ကို ဒုတိယတစ်ကိုယ်တော်ခရီးအဖြစ် သွားတဲ့အခါ ကောင်းကောင်း လုပ်ပြခဲ့တယ်။ သူနဲ့ဝီလျံနဲ့ တာဝန်ခွဲဝေယူချင်စိတ်ဟာ သူတို့နှစ်ယောက်စလုံး အကျိုးအတွက်ပါ။ ပရိသတ်တစ်ယောက် အမြင်နဲ့ပြောရရင် ချားလ်စ်က ဘုရင်ဖြစ်မှာပါပဲ။ ဒါပေမဲ့ တော်ဝင်မိသားစုရဲ့ အောင်မြင်မှုအတွက် အဓိကလူက ဝီလျံပါ။

ဘောလ်မိုရဲလ် ဝရန်တာမှာ တောက်တက်တောက်တက်နဲ့ သွားခဲ့တဲ့လူကလေး၊ ကစားစရာတွေ ပစ်ပေါက်နေတဲ့ ကလေးလေး၊ ကျောင်းလှေကားထစ်မှာ လူသစ်အဖြစ် စိတ်ပူပန်နေတဲ့ ကျောင်းသားသစ်ကလေး၊ မခံမရပ်နိုင်ဖွယ် ဆုံးရှုံးမှုကြီးနဲ့ ကြုံခဲ့ရပြီး ဂုဏ်သိက္ခာနဲ့ သယ်ဆောင်လာတဲ့ လူကလေး၊ နှလုံးသားအတော်များများကို အနိုင်ရခဲ့ပြီး တချို့ကို ခွဲချေပစ်ခဲ့တဲ့ လူကလေး၊ အဲဒီလူကလေးဟာ… အခု… လူကြီးဖြစ်လာခဲ့ပြီ။ အဲဒီလူဟာ သူ့ပခုံးပေါ်မှာ မတွေးနိုင်လောက်အောင် ကြီးမားတဲ့ဝန်တွေကို သယ်ယူထမ်းပိုးနေပါပြီ။ ဒါပေမဲ့ သူက ဒါတွေကို တစ်ယောက်တည်း မထမ်းပါဘူး။ သူ့ဘဝအများဆုံးနဲ့ တစ်လျှောက်လုံးမှာ သူ့ဘဝကိုရော၊ တော်ဝင်မိသားစုကိုပါ ပံ့ဖော်တဲ့အခါမှာ သူ့ဘေးမှာ ဟယ်ရီ ရှိနေခဲ့ပါတယ်။

လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကတည်းက သူ့ဘွားတော်ဆီက ရယူခဲ့တဲ့ သွန်သင်မှုတွေကို ဟယ်ရီက ခေတ်မီအောင် လုပ်တယ်။ ပိုပြီး ချောမွေ့အောင်လုပ်တယ်။ မဲဘုန်း၊ အစိုးရအိမ်တော်မှာ သူပြသခဲ့တဲ့ မျက်နှာပေးအမူအရာက အဲဒီ အရာအားလုံးကို ဖွင့်လှစ်ခဲ့တာပါပဲ။ အမှန်က အဲဒါဟာ စကားလုံးနဲ့ ပြောလို့မရတဲ့ ခံစားမှုတွေဖြစ်ပါတယ်။ သူ့ရှေ့မှာ ရှိတဲ့တာဝန်ကို သူ သိတယ်။ အဲဒီတာဝန်အတွက် ဖြည်းဖြည်းချင်း သူ့ကိုယ်သူ ပြင်ဆင်တယ်။

ဟယ်ရီရဲ့အနာဂတ်ကတော့ သိပ်မသေချာပါဘူး။ သူ့အခန်းကဏ္ဍကို အတိအကျပြောလို့ မရနိုင်ဘူး။ တစ်ခါတစ်ခါ လွတ်လပ်လွန်းပြီး ဒုက္ခဖြစ်တာလည်း ကြုံနိုင်တယ်။ လောလောဆယ်မှာတော့ ဝီလျံက နောက်ကွယ်က ဘုရင်ဖြစ်ပြီး ဟယ်ရီက စစ်သား၊ ယုံကြည်စိတ်ပြင်းသူ ညီလေးပါ။ သူတို့နှစ်ဦးစလုံး အခုရှိနေတဲ့နေရာမှာ ပျော်နေကြပါတယ်။

တစ်ချိန်တုန်းက သူတို့ဟာ အမွေခံနဲ့ အရန် ဖြစ်ခဲ့တယ်။ အခုအခါမှာတော့ ဝီလျံနဲ့ဟယ်ရီဟာ ဝင်ဆာအိမ်တော်ရဲ့ တန်ဖိုးအကြီးဆုံးနဲ့ တန်ခိုးအကြီးဆုံးအရာတွေ ဖြစ်နေပါတော့တယ်။

■

www.burmeseclassic.com

www.burmeseclassic.com

the bookhouse
we bring your future
အမှတ် ၈ စီ၊ နှီကောဇရိပ်သာ၊ အမှတ် ၇-ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၅၀၀-၈၇၂၇




စာမူခွင့်ပြုချက်အမှတ်
၄၀၀ ၀၆/၇ ၁၁၁၁

www.burmeseclassic.com

# THE REAL LIVES® REAL STORIES

## သာမန်ထက် ပိုမိုထူးခြားတဲ့ စိတ်ဝင်စားဖွယ် ဘဝဖြတ်သန်းမှုအတွေ့အကြုံများနဲ့ အမှန်တကယ် ဖြစ်ရပ်စာမူများအလိုရှိ သည်။

ကျွန်တော်တို့တင်ဆက်နေတဲ့ Real Lives, Real Stories (ဖေဖော်ဝါရီ-ဧပြီ-ဇွန်-ဩဂုတ်-အောက်တိုဘာ-ဒီဇင်ဘာ) စာအုပ်စီးရီးအတွက် သာမန်ထက်ပိုမို ထူးခြားတဲ့စိတ်ဝင်စားဖွယ် ဘဝဖြတ်သန်းမှု အတွေ့အကြုံများနဲ့ ဖြစ်ရပ်မှန်စာမူများ အလိုရှိပါတယ်။ သင့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်ခဲ့တဲ့ ဒါမှမဟုတ် ဖြစ်ပျက်နေတဲ့ စိတ်ဝင်စားဖွယ် ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေကို ဖေါ်ထုတ်ပြီး ရေးသားပေးပို့နိုင်ပါတယ်။

BURMESE CLASSIC

ကျွန်တော်တို့လိုချင်တာက

(၁) အမှန်တကယ်ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေပဲ ဖြစ်ရမယ်။ (၂) သာမန်ထက်လဲ ထူးခြားပြီး စိတ်ဝင် စားဖွယ် ဖြစ်ရမယ်။ (၃) ရသမြောက် ရေးဖွဲ့တင်ပြ နိုင်ရမယ်။ (၄) အတွေးအခေါ်တွေ ပါရမယ်၊ ရှန်းကန် ဖြတ်သန်းနေတဲ့ဘဝတွေနဲ့ စိတ်ခံစားမှုတွေ ထင်ဟပ်မှု ရှိရမယ်။ (၅) ဟာသဘဲဖြစ်စေ၊ ဂန္တီရပဲဖြစ်စေ၊ ဝိဉာဉ်လောကပဲဖြစ်စေ၊ ရှေ့နေလောက၊ ကားသမား လောကထဲကဖြစ်စေ၊ အကျဉ်းထောင်တွင်းက စိတ်ဝင်စားဖွယ်အကြောင်းပဲဖြစ်စေ၊ ဘာပဲဖြစ်စေ ဖြစ်ရပ်မှန်ဖြစ်ဖို့ပဲ လိုအပ်ပါတယ်။ (၆) ဖြစ်ရပ်မှန်ဖြစ်ကြောင်း ဝန်ခံချက်တော့ ပါရှိရမယ်။ (၇) ရွေးချယ်မှုမခံရတဲ့ စာမူများကို ပြန်လည်ပေးပို့မှာ မဟုတ်ပါ။

## စာမရေးတတ်ပေမယ့် သင့်မှာသာမန်ထက် ထူးခြားတဲ့ အတွေ့အကြုံတွေ ရှိနေတယ်ဆိုရင်လဲ

သင့်မှာပြောပြစရာ သာမန်ထက်ထူးခြားတဲ့ စိတ်ဝင်စားဖွယ်ဖြစ်ရပ်တွေ၊ အတွေ့အကြုံဆန်းတွေ၊ ရယ်စရာ ဟာသတွေရှိနေတယ်ဆိုရင် ကျွန်တော်တို့ကိုပြောပြဖို့ စိတ်ဝင်စားတယ်ဆိုရင် ကျွန်တော်တို့ထံ ဆက်သွယ်နိုင်ပါတယ်။

## ကျွန်တော်တို့နှင့်အတူ လက်တွဲဆောင်ရွက်လိုတဲ့ တက်ကြွဖြတ်လတ်တဲ့ လူငယ်စာရေးဆရာများ ဆက်သွယ်ပါ။

လိုအပ်တာက

(၁) စာဖတ်ဝါသနာပါသူဖြစ်ရမည်။ (၂) အခြေခံ သတင်းအမြင်လည်းရှိရမယ်။ (၃) အင်တာဗျူးမေးခွန်းများကိုလည်း တည်ဆောက်နိုင် ရမယ်။ (၄) ဒါ့အပြင် ရသမြောက်စာမူကိုလည်း ရေး[illegible] နိုင်ရမယ်။ (၅) ကျွန်တော်တို့သတ်မှတ်ပေးမယ့် assignm[illegible] အင်တာဗျူးများကို တွေ့ဆုံမေးမြန်းပြီး ရသမြောက်စာမူအဖြ[illegible] ပြောင်းလဲတင်ဆက်နိုင်သူလည်း ဖြစ်ရမယ်။ (၆) မိမိကိုယ်တိုင် ရေးဖွဲ့ထားတဲ့ ရသမြောက် အမှန်တကယ် ဖြစ်ရပ်စာမူတစ်ပုဒ်[illegible] အတူ (ဆက်သွယ်ရန်လိပ်စာအပြည့်အစုံဖြင့်) ကျွန်တော်တို့[illegible] ပေးပို့ပြီး ဆက်သွယ်ပါ။

---

### ဆက်သွယ်ရန်လိပ်စာ

- အမှတ် ၈၆၊ နိကောရိပ်သာလမ်း၊ အမှတ် ၇ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
- အမှတ် ပိုင်၊ သုခဝတီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဆီဒိုးနားဟိုတယ်ဘေး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

the bookhouse
၀၉ ၅၀၀ ၈၂၂၇
၀၉ ၅၀၁ ၀၈၅၁

### အသေးစိတ်သိချင်ရင်


၀၉-၅၀၀-၈၇၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com




စာမူခွင့်ပြုချက်အမှတ် - ၅၀၀ ဖွဗ်၃ ဝ၈၁၁




စာမူခွင့်ပြုချက်အမှတ် - ၃၁၀ ဇွန် ဝ၅၁၁

www.burmeseclassic.com

www.burmeseclassic.com

■ "သမ္မတကည်းမင့် ဟိုတယ်ခန်းရှိတဲ့ တစ်ထပ်လုံးကို ကျွန်တော်တို့ ပိတ်ထားလိုက်တယ်။ အထပ်က သိပ်ကျယ်ပြန့်လွန်းနေမယ်ဆိုရင် သမ္မတရှိနေမယ့်အပိုင်းကို လုံခြုံရေးစည်းချလိုက်ပြီး ကန့်သတ်ထားလိုက်တယ်။ အဲဒီနေရာတာ အိမ်ဖြူတော်လိုပဲ လုံခြုံစိတ်ချရအောင် လုပ်ရတယ်" ဟု အေးဂျင့်တစ်ဦးက ပြောသည်။

■ ဟိုတယ်များတွင် စိတ်မချရဆုံးအရာမှာ ဓာတ်လှေကားဖြစ်သည်ဟု ဆိုရိုးစကားရှိသည်။ သမ္မတစီးနင်းလိုက်ပါ လာစဉ် ဓာတ်လှေကားသည် လမ်းတစ်ဝက်တွင် ရပ်နေ၍မဖြစ်။ ထို့ကြောင့် ဓာတ်လှေကား ကုမ္ပဏီမှ ဝန်ထမ်းကို အခပေးငှားရမ်းလျက် သမ္မတရှိနေစဉ် ကာလတွင် ၂၄ နာရီပတ်လုံး တာဝန်ချထားသည်။

■ အိမ်ဖြူတော်လုံခြုံရေးအတွက် အနံ့ခံခွေးများကို အသုံးပြုသည်။ အိမ်ဖြူတော်၏ ခွေးတပ်စိတ်ဟူ၍ ရှိသည်။ ခွေးအများစုမှာ ဘယ်ဂျီယန်ခွေး (Belgian Malinois) များဖြစ်သည်။ အိမ်ဖြူတော် အနောက်တောင်ဂိတ်မှ ဝင်ရောက်လာသည့်ကားများကို စစ်ဆေးရန် ခွေးများသည် ဆေးဖြူသုတ်ထားသည့် ကွန်ကရစ်တုံးပေါ်တွင် စောင့်နေရသည်။ ၎င်းတို့၏ဖဝါးများ ပူမနေစေရန် နွေရာသီတွင် ကွန်ကရစ်တုံးကို အအေးဓာတ် ပေးထားရသည်။ ခွေးတစ်ကောင်သည် တစ်ရက်လျှင် ကားအစင်းတစ်ရာကျော်ကို စစ်ဆေးရသည်။

စာမူခွင့်ပြုချက်အမှတ် - ၄၀၀ ၆၅၀ ၀၅၁၁




BURMESE CLASSIC

■ မလေးရှားနိုင်ငံ၏အောင်မြင်မှုမှာ စကားလုံးလေးလုံးပေါ် မူတည်နေသည်။ ယင်းစကားလုံးမှာ မဟာသီယာ ဖြစ်သည်။

■ 'အနာဂတ်မျှော်မှန်းချက်' ကို ၂၀၂၀တွင် ချမှတ်ထားရာ၌ မဟာဗျူဟာ ၉ချက် ပါဝင်၏။ ဤ ၂၀၂၀ မျှော်မှန်းချက်တွင် အဓိကဖောင်းချထားသည်မှာ စီးပွားရေးဖြစ်၏။ ရှင်းရှင်းပြောရလျှင် ဂျီဒီပီသည် ဆယ်နှစ်လျှင် နှစ်ဆမျှအထိ တိုးရမည်။

■ 'နှစ်ဆယ်၊ နှစ်ဆယ်ဆိုတဲ့ စကားလုံးက မလေးလိုတော့ ဒွါပူလာ–ဒွါပူလာပေါ့၊ တရုတ်လို အားလင်း–အားလင်း၊ ဒီနေ့ခွဲက လူတိုင်းမှတ်မိတဲ့ နေ့ခွဲပဲ။ ဒါကြောင့် ဒီစိတ်ကူးကို အရအမိဆုပ်ကိုင်ပြီး ကျွန်တော်တို့ ပြည်သူတွေရဲ့ အိပ်မက်ကို လောင်စာ ထပ်ထိုးပေးရမယ်' ဟု ဆို၏။




www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၁၀ ၂၁၅ ၀၉၁၁

www.burmeseclassic.com




စာမူခွင့်ပြုချက်အမှတ် - ၅၀၁ ၀၂၉ ၀၈၁၁




စာမူခွင့်ပြုချက်အမှတ် - ၅၀၀ [illegible] ၀၆၁၀

www.burmeseclassic.com

www.burmeseclassic.com




စာမူခွင့်ပြုချက်အမှတ် - ၄၀၁ ဝ၆၅ ဝ၁၁၁






BURMESE CLASSIC

စာမူခွင့်ပြုချက်အမှတ် - ၅၀၁ ၂၄၄ ၁၀၁၁

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com







volume 4
၂၀၀၀
ဩဂုတ်လ ၁၀ရက်နေ့
ထုတ်ပြီ

www.burmeseclassic.com

www.burmeseclassic.com

volume 6 | december 2011

# REAL LIVES REAL STORIES

testimony · story · lives · people · passion · stories

စာရေးဆရာမောင်ပေါ်ထွန်း၏
ငါ့ဘဝ၊ ငါ့သာဘုရင်၊ ငါ့သာသခင်နှင့်
ဘဝခရီးလမ်းကို ပုံစံအမျိုးမျိုးဖြင့်
ဖြတ်သန်းနေသူများ

volume 6
၂၀၁၁ ဒီဇင်ဘာလ ၃၁ရက် **ထွက်မည်**

■ အိပ်ချ်အိုင်ဗီ ဝဲဂယက်ထဲက အသက်ခုနစ်ဆယ်ကျော် အဘိုးအို (သို့မဟုတ်)ခင်ကာပူမှာ ရောဂါဝယ်ယူခဲ့သူ ■ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဥမင်ဥမင်တော်တိုက်အတွင်းသို့ အမှတ်မထင် ရောက်ရှိခဲ့သူနှင့် ဂေါပကအဖွဲ့၏ ပြောဆိုချက်များ ဒုတိယပိုင်း ■ မရမ်းချောင်းက ခပ်ချောချော အရာကြီးရောဂါသည် လဲ့လဲ့ဝင်းနှင့်တွေ့ဆုံခြင်း ■ ပန်းထိမ် ပညာသည်မှ ကာယဗလမောင်ဖြစ်လာသူ မောင်ဗမာအောင်ဆွေနိုင် ■ "မင်း နေ့ရှိသာဖုရှိ ခံရမှာလား••မင်းကအမှတ်အများဆုံးမနဲ့ ပထမရတယ်•• ဒါနိုင်ငံတော်ရဲ့ ထိပ်ဆုံးက ပေးတဲ့တာဝန်ကွ"ဆိုတဲ့ ညွှန်ကြားရေးမှူးချုပ်ရဲ့မိန့်ကြားမှုကြောင့်သာ ဦးနောက်နှင့်အာရုံကြောဆိုင်ရာ အထူးကုဆရာဝန်ကြီးဖြစ်လာသူ ဒေါက်တာစောဆိုင်မွန်သာ၏ လေ့လာတွေ့ရှိမှုများဆောင်း•• ■ ကိုသစ်မင်းအတွက် (money) ဘိုးတော်အတွက် "ရေ" ဆိုတဲ့ထူးဆန်းသည့်-မင်းသားကြီးကျော်ဟိန်းနှင့် ရုပ်ရှင်သီချင်းတစ်ပုဒ်၏ အသံသွင်းဇာတ်လမ်း ■ ဘယ်ဖက် နားထဲက သွေးတွေဆင်းလာပြီး မကြာခင်မှာ အနက်ရောင်အရည်တွေ ဖျက်လိုက်တဲ့ ထပ်ကျလာခဲ့တယ်ဆိုတဲ့ •• ကလေးအရွယ်ကတည်းက နာစ်ဒီအထင်ကွယ်ပျောက်ခဲ့သူ ကိုစောဘောင်းကြည် ■ အမိုက်ပုံမှိုလို့ ဘဝရှိတာလား ဘဝကအမိုက်ပုံလား အမိုက်ပုံထဲ အမှိုက်ရှင်သန်နေသူမိသားစု ■ မြန်မာငွေကျပ် သိန်းကိုးဆယ်နှင့်ညီမျှသော အမေရိကန်ဒေါ်လာများ ပျောက်ဆုံးသွားသူ တိုးရစ်(စ)နစ်ဦး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com